http://www.cherrythitsar.org

3/7/2001

# ခင်နှင်းယု

# ဇီဝရိုးစံအိမ်

စာရေးသူကိုယ်တိုင်
မကွယ်လွန်မီစုစည်းစီစဉ်ခဲ့သော
လက်ရွေးစင်အတွေးရသဆောင်းပါးစု

စိတ်ကူးချိုချိုအနုပညာ

(၈၅) ၁၆၄–လမ်း၊

တာမွေ၊ ရန်ကုန်။

ဖုန်း – ၇၂၆၆၂၄

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

စိတ်ကူးချိုချို

# ဗိဝဗိုးစံအိမ်

## လက်ရွေးစင်အတွေးဆောင်းပါးစာစု

ခင်နှင်းယု

၂၀၀၃ ခုနှစ် စက်တင်ဘာလ

http://www.cherrythitsar.org


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၉၉ / ၂၀၀၃(၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၇၁/၂၀၀၃ (၇) |

| | |
|---|---|
| မျက်နှာဖုံး | **m.s.o** |
| စာအုပ်ချုပ် | ကိုမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ပြည်လမ်း၊ ကမာရွတ်<br>ရန်ကုန်။ |
| ကျေးဇူးမှတ်တမ်း | ဆရာအောင်ဝေး၊ ဆရာလေးကိုတင် |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | စက်တင်ဘာလ၊ ၂၀၀၃ |
| တန်ဖိုး | ၁၀၀၀ ကျပ် |

http://www.cherrythitsar.org



ဆရာမကြီးဒေါ်ခင်နှင်းယု ငယ်စဉ်က

## ခင်နှင်းယု (၁၉၂၅ - ၂၀၀၃)

၁၉၂၅ - အစိုးရကျောင်းဆရာကြီး ဦးဘ၊ ဒေါ်သိန်းတင်တို့မှ ဝါးခယ်မမြို့၌ စက်တင်ဘာလ ၇ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့။ မွေးချင်း ခုနစ်ယောက်အနက် ငါးယောက်မြောက်ဖြစ်ခဲ့။ အမည်ရင်း ဒေါ်ခင်စု။

၁၉၃၀ - ဝါးခယ်မမြို့ ဦးဘိုးထင် မြန်မာစာသင်အလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့။

၁၉၄၀ - ဝါးခယ်မမြို့ ဦးဘိုကြီး မြန်မာစာအထက်တန်းကျောင်းတွင် ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းပညာသင်ခဲ့။

၁၉၄၂ - ဂျပန်ခေတ် ဆယ်တန်းအောင်မြင်။ ဂျပန်ခေတ် ဝါးခယ်မမြို့နယ် အာရှလူငယ်အစည်းအရုံးတွင် အမျိုးသမီးဌာန အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့။

၁၉၄၆ - ဖ-ဆ-ပ-လ သတင်းနှင့် ဝါဒဖြန့်ချိရေးဌာနတွင် လက်ထောက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့။

၁၉၄၇ - ယင်းဌာနတွင် တွဲဖက်အတွင်းရေးမှူးဖြစ်လာပြီး ဖ-ဆ-ပ-လ သတင်းစဉ်တွင် တာဝန်ခံအယ်ဒီတာအဖြစ် ထမ်းရွက်ခဲ့။ **ခင်နှင်းယု** ကလောင်အမည်ဖြင့် ပထမဆုံးရေးသားသော "အရိုင်း" ဝတ္ထု "စာပေဒေသာ"တွင် ဖော်ပြခဲ့။

၁၉၄၈ - တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်။ ထိုနှစ်တွင်ပင် ဦးနု၏ အတွင်းရေးအတွင်းဝန်အဖြစ် စတင်လုပ်ကိုင်။ ဦးနုနှင့် မောင်နှမတစ်ဝမ်းကွဲတော်ခဲ့။ မြန်မာပြည်လွတ်လပ်ရေး အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် "အချို"ကလောင်အမည်ဖြင့် ရေးသားသောဝတ္ထုတိုသည် တတိယဆု ရရှိခဲ့။

၁၉၅၀ - ဗိုလ်ကြီးကျော်သောင်းနှင့် လက်ထပ်ခဲ့။

၁၉၅၂ - "နွေနှောင်းရွက်ကျန်" ဝတ္ထုရှည် ရှုမဝမဂ္ဂဇင်းတွင် ပထမဦးဆုံးပုံနှိပ်ဖော်ပြခဲ့။

http://www.cherrythitsar.org

၁၉၅၃ - မြဝတီမဂ္ဂဇင်း ဝတ္ထုဆောင်းပါး၊ စာပေပြိုင်ပွဲတွင် စာဖတ်ပရိသတ်ဆန္ဒအရ ထိုနှစ်အတွက် ပထမဆုကို "သရဖူ" ဝတ္ထုရှည်ဖြင့် ရယူခဲ့။

၁၉၅၆ - သက်ကြီးတက္ကသိုလ်တွင် ပညာဆက်လက်လေ့လာပြီး ထိုနှစ်တွင် ဒိုင်အေအောင်ခဲ့။

၁၉၅၉ - ဦးနု၏ အတွင်းရေး အတွင်းဝန်ရာထူးမှ နုတ်ထွက်၍ ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်သင်ခဲ့။

၁၉၆၁ - "ကြေးမုံရိပ်သွင် ဝတ္ထုတိုပေါင်းချုပ်" ဖြင့် စာပေဗိမာန် တစ်ထောင်ဆုရခဲ့။ အင်္ဂလိပ်ဘာသာ စာစီစာကုံး၊ ခေတ်သစ် အနောက်တိုင်း သမိုင်း၊ မြန်မာဝေါဟာရနှင့် အနုစာပေ၊ ကမ္ဘာ့အရေးဖျားသမိုင်း ဘာသာတွဲဖြင့် ဘီအေဘွဲ့ ရယူခဲ့။

၁၉၆၂ - ကိုင်ရိုင်မြို့တွင် ကျင်းပသော အာရှ၊ အာဖရိက စာရေးဆရာများညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့။

၁၉၇၀ - ခင်ပွန်းသည် ဒုတိယဗိုလ်မှူးကြီးကျော်သောင်း ကွယ်လွန်ခဲ့။

၁၉၇၀-၇၅ ထိုနှစ်များ (၁၅ နှစ်လုံးလုံး) ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့သာယာခြင်းကင်းမဲ့ခဲ့။ ချစ်သောသူများနှင့် အဖန်တလဲလဲ ကွေကွင်းရသော ဆင်းရဲဒုက္ခကို ခံစားရင်းမှ မဟာစည်သာသနာ့ရိပ်သာတွင် ပြန်လည် တရားအားထုတ်ရင်း "ပွဲတွေ့ အမြတ်တရား" ဘာသာရေးစာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့။

၁၉၇၅ - ကျန်းမာရေး အလွန်ဆိုးရွားသောကြောင့် ဆေးရုံမှ ဆေးကုသမှုခံယူပြီးနောက် ချမ်းမြေ့ရိပ်သာတွင်နေရင်း ဝေယျာဝစ္စလုပ်ခဲ့။ တစ်နှစ်ခန့် အနားယူပြီးမှ ပေဖူးလွှာမဂ္ဂဇင်းတွင် ဝတ္ထုများ ပြန်လည်ရေးသားခဲ့။ ပထမဆုံး ပြန်ရေးသားသောဝတ္ထုမှာ "တစ်ထောင့်ငါးရာည၏ အိပ်မက်များ" ဖြစ်ပြီး ပေဖူးလွှာ၊ ကလျာ၊ ရင်ခုန်ပွင့်၊ စံပယ်ဖြူ၊ လုံမလေး၊ ချယ်ရီ၊ မိုးဝေ မဂ္ဂဇင်းများတွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ ရေးသားခဲ့။

၁၉၉၅ - ကလျာမဂ္ဂဇင်းတွင် "မြကြာဖြူ" အခန်းဆက်ဝတ္ထုရှည်ကြီးရေးသားခဲ့။ ထိုနှစ်အတွက် "မြကြာဖြူ" ဖြင့် အမျိုးသားစာပေ (ဝတ္ထုရှည်)ဆုရခဲ့။

စာဆို၏ (၁၉၇၀ ခုနှစ် မတိုင်မီ ဝတ္ထုများထဲမှ) ရုပ်ရှင်ရိုက်ဖြစ်သော ဝတ္ထုများမှာ-

(၁) နဂါးငွေ့တန်း (ညပန်းချီ)ဟု အမည်ပြောင်း။ (၂) မွေး။ (၃) ယောက်ျားတို့အကြောင်း။ (၄) စိမ်းသင့်မှစိမ်း။ (၅) ပန်းပန်လျက်ပါ (ယင်းဇာတ်ကားမှ ၂၅ ပတ်ကျော် ပြသရ၍ ရုံတင်စံချိန်ချိုးခဲ့)။ (၆) မိုးကျော်သူ။ (၇) သခွတ်ပန်း။ (၈) ယဉ်မင်းပိုက်။

http://www.cherrythitsar.org

စာဆို၏ (၁၉၇၅ ခုနှစ်တဝိုက် ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ကူးခဲ့ရသော ဝတ္ထုများမှာ-

ရုပ်ရှင် - (၁) ပန်းပန်လျက်ပါ ။ (၂) မွေး။ (၃) သခွတ်ပန်း။ (၄) အောင်မြင်သောနေ့။ (၅) သရဖူ။

ဗီဒီယို - (၁) နွားတစ်ထောင်။ (၂) တစ်ထောင့်ငါးရာည၏ အိပ်မက်များ။ (၃) ပန်းများကိုပွင့်စေသူ။ (၄) လမင်းကြီးသာစမ်းပါ။

စာဆို၏ အကြိမ်ကြိမ်ပြန်လည်ပုံနှိပ်ရသော ဝတ္ထုများမှာ-

(၁) မွေး (၁၀ ကြိမ်)။ (၂) ထိပ်စုဖုရား မဟိုင်း (၅ ကြိမ်)။ (၃) လမင်းကြီးသာစမ်းပါ (၃ ကြိမ်)။ (၆) သပြေ (၂ကြိမ်)။ (၇) မိုးကျော်သူ (၅ ကြိမ်)။ (၈) သခွတ်ပန်း (၅ ကြိမ်)။ (၉) အောင်မြင်သောနေ့ (၃ ကြိမ်)။ (၁၀) ယဉ်မင်းပိုက် (၂ ကြိမ်)။ (၁၁) ရေချိုတွင်း (၂ ကြိမ်)။ (၁၂) မယ်အသည်းအိမ် (၂ ကြိမ်)။ (၁၃) ဦးဆောက်ပန်း (၂ ကြိမ်)။

၂၀၀၃ - ဇန်နဝါရီလ (၂၁) ရက် (အင်္ဂါနေ့) နံနက် (၈း၃၀) နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သည်။

# ဇီဝဖိုး၏ စံအိမ်

(စာရေးသူ၏ အမှာစာ)

မိုးရိပ် လေရိပ်ကို ငှက်များသည် လူတို့ထက် အသိစောသည်။ ငှက်များ သိုက်ဖွဲ့စောသည်ကိုမြင်လျှင် မိုးဦးစောစောကျမည်ဟု လူကြီးများက ပြောကြသည်။

အမှန်လည်း မိုး၏အရိပ်အယောင်ကိုမှ မမြင်ရခင် ကျီးတို့သည် သစ်ကိုင်းခြောက်များကို ကိုက်ချီစုဆောင်းကြသည်။ စာလေးများကတော့ မြက်ရိုင်းခြောက်များ၊ သစ်ကိုင်းပျော့ပျော့သေးသေးလေးများ၊ တစ်ခါတစ်ရံ သွပ်နန်းကြိုးအသေးလေးများကို ကိုက်ချီစုဆောင်းကြသည်။

သူတို့၏ သဘာဝအသိဖြင့် ရောက်လာတော့မည့် မိုးရာသီအတွက် သူတို့သိုက်မြုံကို စောစောစီးစီး ပြင်ဆင်ဆောက်လုပ်ကြသည်မှာ လူထက် ဝီရိယကောင်းသည်ဟု ဆိုရမည်။

ကျီးနှင့် ငှက်ကြီးများအသိုက်သည် သစ်ကိုင်းခြောက်အကြီးများ၊ အရှည်များနှင့် ဖွဲ့ရ၍ ထိုးထိုးထောင်ထောင် မညီညာ၊ လူ့မျက်စိဖြင့် မသေမသပ် ရှိသော်လည်း သူတို့မိသားစုအတွက် လုံလောက်သော မှီခိုရာအိမ်လေးဖြစ်သည်။

စာလေးများကတော့ များသောအားဖြင့် မြက်ပင်ခြောက်များ၊ ကောက်ရိုးများကို သွယ်လှယ်ယှက်တင်၍ သိုက်အိမ်ဆောက်ကြသည်။ သူတို့သည် ငှက်ကြီးများထက် လက်ရာသေသပ်သူများဆိုလောက်အောင် အသိုက်ကို ဆောက်ကြ

http://www.cherrythitsar.org



သည်။ ဝင်စရာ ထွက်စရာ အပေါက်နှင့်၊ နေစရာအခန်းနှင့် အကျအန သစ်ကိုင်းများတွင် တွဲလောင်းကျနေသော စာသိုက်များကို ဖွဲ့ကြသည်။

သို့သော် လူတို့ဆိုစကားရှိသည်။ ရှုပ်ပွနေသော ဆံပင်နှင့် အိမ်အပြင်အဆင်တို့ကိုမြင်လျှင် ...

"နင့်ဟာ စာဘူးတောင်းသိုက်ကျနေတာပဲ"ဟု စာဘူးတောင်းသိုက်ကို ရှုတ်ချသည့်အနေနှင့် လူတို့စကားသုံးကြသည်။

သို့သော် စာဘူးတောင်းသိုက်လေးများ အပင်မှာတွဲလွဲချိတ်နေပုံမှာ လှပပါသည်။

သူတို့ခိုလှုံဖို့အတွက် ငှက်တွေ သိုက်အိမ်ဖွဲ့ ဆောက်လုပ်ကြခြင်းဖြစ်သည်။

ဇီဝဇိုးခေါ် ပျံလွှားငှက်လေးများကတော့ တစ်ဘာသာ။ ဇီဝဇိုးငှက်များ သိုက်အိမ်ဖွဲ့ပုံက ဆန်းပါသည်။ သူတို့က များသောအားဖြင့် ပင်လယ်ပြင်ရှိ ကျွန်းများပေါ်မှ ကျောက်ဆောင်များပေါ်မှာ သိုက်အိမ်ဖွဲ့ကြသည်။ ပင်လယ်တစ်ဝိုက်တွင်လည်း သွားလာကျက်စားကြသည်။

သူတို့အစာရှာရာမှ ပြန်ရောက်လျှင် သူတို့နေထိုင်ရာ ကျောက်ဆောင်ကျောက်ကမ်းပါးရှိ ကျောက်တောင်ခေါင်းမှာ အစာကို အန်ချကာ အသိုက်လုပ်ကြသည်။ တချို့မှာလည်း အန်ရင်း သူတို့အန်ဖတ်မှာ သွေးပါလာတတ်သည်။

ဇီဝဇိုးငှက်များ၏ အသိုက်ကတော့ သူတို့ခိုလှုံနေထိုင်ဖို့ ဆောက်လုပ်သော်လည်း လူတို့က သူတို့အသိုက်ကို ခွာယူ၍ ဆေးအဖြစ် သုံးစွဲကြသည်။

ငှက်သိုက်ကို အားဆေးများတွင် ထည့်သွင်းသုံး၍ တချို့ကတော့ ကြက်စွပ်ပြုတ်မှာ ငှက်သိုက်ထည့်ကာ အားအင်ချို့တဲ့သော လူမမာနှင့် လူအိုများကို ကျွေးကြသည်။

မြိတ်က အိမ်တစ်အိမ်တွင် ဇီဝဇိုးခေါ် ပျံလွှားငှက်လေးများ အသိုက်ဖွဲ့ပုံကို မြင်ခဲ့ဖူးပါသည်။ ဝင်လိုက် ထွက်လိုက်နှင့် သူတို့မှာ ပင်ပန်းလိုက်သည့်ဖြစ်ခြင်း။ ရှာဖွေရရှိ၍ စားထားသော အစာကို ပြန်လည်အန်ထုတ်၍ ငှက်သိုက်ပြုကြသည်။

ကျွန်မ ဇီဝဇိုးငှက်လေးများအကြောင်းကို ကိုယ်တိုင်မြင်၍တစ်ကြောင်း၊ စာပေဗိမာန်ထုတ်စာအုပ်မှ ဖတ်၍ သူတို့အကြောင်းကို အခြေခံကာ ရှုမဝမဂ္ဂဇင်းမှာ စာရေးဆရာများအကြောင်းကို ရေးခဲ့ပါသည်။

ငှက်ကလေးတို့ ပမာဏအားဖြင့် ငယ်ကြသည်။ ပင်ပန်းကြီးစွာ ရှာဖွေ

ရသော အစာကိုမှ အန်ထုတ်၍ အသိုက်လုပ်ရသည်။ ဒီအသိုက်ကို လူတို့ကယူကာ အားဆေးအဖြစ် အသုံးပြုကြသည်။

ကျွန်မရင်ထဲမှာလည်း စာရေးဆရာများကို ဇီဝဇိုးငှက်ကလေးများလို ထင်သည်။ သူတို့ကို ဘယ်သူမှ စေခိုင်းသည်မဟုတ်၊ ကိုယ့်အတိုင်းအတာနှင့်ကိုယ် စာပေဗဟုသုတကို လေ့လာဖတ်ရှုကြသည်။ စာပေနယ်မှာ ကျက်စားခဲ့သည် ဆိုရမည်။ ပြီးတော့ ရှာဖွေသမျှ စာပေဗဟုသုတကို သူတို့နှလုံးသားမှ အန်ထုတ်ခါ စာဖတ်ပရိသတ်ကို ပေးကြသည်။ သူတို့စာပေသည် စာဖတ်သူအတွက် အားဆေးဖြစ်ပါသည်။ ဇီဝဇိုးငှက်လေးများလိုပင် တချို့စာရေးဆရာများ သူတို့နှလုံးသားမှ စာပေများကို အန်ထုတ်၍ ကျန်းမာရေးကိုမှ ဂရုမစိုက်၊ စိုက်လိုက်မတ်တတ် သူတို့စာပေကိုသာ ဖောက်ချ အားသွန်ပြုစုရင်း ကွယ်လွန်သွားကြသည်။

ယခုလည်း ကျွန်မသည် ကျွန်မ ဖွဲ့နွဲ့ခဲ့ပါသော စာပေသိုက်ကို စာဖတ်ပရိသတ်ထံသို့ ပို့လိုက်ပါသည်။ ကျွန်မသည် ဆောင်းပါးအရေးနည်း၍ ဝတ္ထုအရေးများပါသည်။ ဝတ္ထုတို၊ မဂ္ဂဇင်းဝတ္ထုရှည်ပေါင်းချုပ်များ၊ လုံးချင်းဝတ္ထုများ စာဖတ်ပရိသတ်လက်သို့ စုစုစည်းစည်း ရောက်ခဲ့ပါသော်လည်း ဆောင်းပါးကတော့ ကျိုးတိုးကျဲတဲ။ မဂ္ဂဇင်းများမှာသာ တစ်ခါတစ်ရံပါရှိတတ်သည်။

ယခု "စိတ်ကူးချိုချို အနုပညာ" စာပေတိုက်မှ ကျွန်မဆောင်းပါးများကို စုစည်း၍ ဖော်ပြလိုပါသည်ဆို၍ ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလိုက်ပါသည်။

ကျွန်မဆောင်းပါးများသည် ကျီးနှင့် ငှက်ကြီးများအသိုက်လို သစ်ကိုင်းတွေ ထိုးထိုးထောင်ထောင်နှင့် မသေမသပ်၊ အကျည်းတန်တာလည်းပါမည်၊ စာသူငယ်အိမ်လို သေသပ်တော့မလိုနှင့် ရှုပ်ရှုပ်ပွပွလည်းပါမည်။

ဥပမာ...ကိုင်ရိုတွင်ကျင်းပသော အာရှ အာဖရိက စာရေးဆရာကွန်ဖရင့်အကြောင်းကို ဟိုတုန်းက ခံစားချက်ဖြင့် 'နိုင်းမြစ်ပေါ်မှ ဆည်းဆာချိန်'ဟူ၍ ကျွန်မ ဆောင်းပါးရေးခဲ့သည်။ ယခု ဖတ်ကြည့်တော့ ထိုဆောင်းပါးသည် ညနေဆည်းဆာချိန်လိုပင် ဝိုးတဝါးနိုင်လှသည်။

ကျွန်မဆိုလိုသည်က "သူတို့တင်လာသောအဆို၏ ခေါင်းစဉ်တွင် အမေရိကန် ခေါင်းဆောင်သော နယ်ချဲ့ဝါဒကို ဆန့်ကျင်ရမည်"ဆိုသော ဝါကျတွင် အမေရိကန်ဆိုသောစကားလုံးကို ဖြုတ်စေချင်သည်။ နယ်ချဲ့ဝါဒဆိုလျှင် ဘယ်သူခေါင်းဆောင် ခေါင်းဆောင် အရှေ့ကလာသည်ဖြစ်စေ၊ အနောက်က လာသည်

ဖြစ်စေ ဘယ်ပုံစံနှင့်လာလာ နယ်ချဲ့ဝါဒကို ဆန့်ကျင်ရမည်ပဲဖြစ်သည်။ ကျွန်မဆိုလိုချင်သောသဘောမှာ ဤဆောင်းပါးတွင် မေးမိုန်သလိုရှိနေသည်။

အမှန်တော့ ကျွန်မတို့ တိုင်းပြည်၏ ကြားနေရေး နိုင်ငံခြားရေးမူဝါဒအရ နိုင်ငံကြီးငယ်များနှင့် ပဋိပက္ခမဖြစ်လိုပါ။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတို့နှင့် အဆင်ပြေအောင် ဆက်ဆံရမည်။ အကယ်၍ တစ်စုံတစ်ရာ နိုင်ငံတစ်ခုခုနှင့် ပြဿနာဖြစ်လာရင်တောင်မှ စာရေးဆရာအလုပ်သည် "ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှု ပပျောက်အောင်" အရှည်ချစ်ကြည်ရေးတည်တံ့အောင် ရေးသားရမည်မှာ စာရေးဆရာ၏ တာဝန်ဖြစ်သည်။

တရုတ်နီသမ္မတနိုင်ငံတော် ပေါ်ပေါက်လာပြီးနောက် တရုတ်နီနှင့် အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မပြေမလည်ဖြစ်နေသည်ကို ပြေလည်အောင် ပထမဆုံးလုပ်ခဲ့သူမှာ မြန်မာ ဖြစ်သည်။

မြန်မာက "တရုတ်တို့သည် ကမ္ဘာတွင် ပထမဆုံး ယဉ်ကျေးမှုအစောဆုံး ရရှိသူများဖြစ်၍ သူတို့ယဉ်ကျေးမှုများကို ကမ္ဘာသူကမ္ဘာသားများအား ဖြန့်ချိပေးဝေခြင်းဖြင့် ကျေးဇူးပြုခဲ့သူများဖြစ်သည်။

အမေရိကန်တို့သည်လည်း မိမိတို့တိုင်းပြည်ကြီးပွားတိုးတက်လာသည်နှင့်အမျှ ဆင်းရဲမွဲတေသောနိုင်ငံများကို ငွေကြေးထောက်ပံ့ကူညီသော သဒ္ဓါတရားရှိသူတို့ ဖြစ်ကြသည်။

ဒီလိုတိုင်းပြည်ကြီးနှစ်ပြည် တစ်ယောက်နဲ့တစ်ယောက် မကြည့်ချင်လောက်အောင် ရန်စောင်အမုန်းပွားနေတာကို မမြင်လိုပါဘူး" ဟု ၁၉၅၄၊ ဒီဇင်ဘာလတွင် မြန်မာက ပီကင်းမြို့တော်တွင်ကျင်းပသော ဝန်ကြီးချုပ် ချောင်အင်လေး၏ ညစာစားပွဲမှာ ပြောခဲ့သည်။

ဒီစကားကိုကြည့်ခြင်းဖြင့် မြန်မာသည် ကမ္ဘာနှင့်ချီလျှင် သေးငယ်သောနိုင်ငံဖြစ်သော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အရှေ့တောင်အာရှပြဿနာများ ပြေလည်ရေးအတွက် တရုတ်နီနှင့် အမေရိကန်တို့ ချစ်ကြည်ရေးကို ပထမဆုံးဆောင်ရွက်ခဲ့သူဖြစ်သည်။ တရုတ်နီသည် မြန်မာတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်၍ ပို၍အကျွမ်းဝင်သည်။

ဒုတိယ တရုတ်နီနှင့်ပြေလည်မှုဖြစ်မည်ဟု သဘောပေါက်သူမှာ ကစ်ဆင်ဂျာဖြစ်၍ တတိယအမေရိကန်တရုတ်နီချစ်ကြည်ရေးအဖြစ် တရုတ်နီသို့ ကိုယ်တိုင်သွားရောက်လည်ပတ်သူမှာ အမေရိကန်သမ္မတနစ်ဆင် ဖြစ်သည်။

http://www.cherrythitsar.org



ပြီးတော့ မြန်မာနိုင်ငံသည် "ဝါဒချင်းမတူသော်လည်း အတူလက်တွဲ နေနိုင်ရေး"ဘန်ဒေါင်းညီလာခံ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခဲ့သော တိုင်းပြည်များအနက် တစ်နိုင်ငံဖြစ်ခဲ့သည်။

ဤကဲ့သို့သော မြန်မာပြည်၏ မူဝါဒကို အခြေခံကာ အာရှ အာဖရိက စာရေးဆရာ ညီလာခံတွင် ကျွန်မ 'အမေရိကန်ခေါင်းဆောင်သော' ဟူသော စကားလုံးကိုဖြုတ်စေလိုခြင်းဖြစ်သည်။ ကျွန်မကို အစိုးရက စေလွှတ်ခြင်းမဟုတ်၊ သို့သော် စာရေးဆရာဟူသည် ဖြစ်ပေါ်လာသောအခြေအနေပေါ်တွင် မိမိဘယ် နေရာမှာ ရပ်တည်ရမည်ကိုသိရမည်။ အခြေအနေအရ ဆုံးဖြတ်ရမည်ပဲ ဖြစ် သည်။ ဒီဆုံးဖြတ်ချက်ဖြင့် ကျွန်မပြောခဲ့ခြင်းဖြစ်သည်။

သို့သော် ကျွန်မ ရေးခဲ့သော 'နိုင်းမြစ်ပေါ်မှ ဆည်းဆာချိန်'ဆောင်းပါးမှာ ဆိုလိုချက်မပေါ်၊ ဝိုးတဝါးဖြစ်နေသည်ဟု ထင်ပါသည်။

စာဖတ်သူအနေနှင့် ကျွန်မဆောင်းပါးများကို ဖတ်ရာတွင် ကြည်ကြည် လင်လင်ရော၊ ဝိုးတဝါးအမြင်ရော ခံစားရမည်ဖြစ်သည်။ ကျွန်မအနေနှင့်ကတော့ ဤဆောင်းပါးများကို ကြိုးပမ်းအားထုတ်ရာတွင် ဇီဝဖိုးငှက်ငယ်၏ အသိုက်မြုံ လုပ်သော ဝီရိယထက်တော့ မလျော့ပါ။

ဗွေအဏ္ဏဝါပြင်ကို ဇီဝဖိုးငှက် အစာရှာသလို ကျွန်မ တတ်နိုင်သလောက် ရှာဖွေစုဆောင်း၍ ရသမျှ ကျွန်မရင်မှအန်ထုတ်ကာ စာဖတ်ပရိသတ်ကို ပေးလိုက် ပါသည်။

ငှက်သိုက်စားရသလို ပရိသတ်မှာ အားရှိစေချင်တာကတော့ ကျွန်မ၏ စေတနာပင်ဖြစ်သည်။

ကျွန်မနှင့် ရေးဖော်ရေးဖက် စာရေးဆရာများမှာလည်း ဤလိုအားထုတ်မှုနှင့် ဤလိုစေတနာရှိသည်ကို ကျွန်မ ယုံကြည်ပါသည်။

ကျွန်မတို့စုဆောင်းရသမျှ စာပေကို အန်ထုတ်ရင်း နှလုံးကွဲ၍ သေပွဲဝင်ရ ပါစေ၊ စာဖတ်ပရိသတ်မှာ ကျွန်မတို့စာပေကြောင့် အင်အားရှိလျှင် ကျေနပ်ပါပြီ။

ဤစေတနာဖြင့် **"ဇီဝဖိုး၏စံအိမ်"**အမည်နှင့် ကျွန်မ၏ ဆောင်းပါးပေါင်း ချုပ်ကို စာဖတ်ပရိသတ်အား ပေးအပ်ပါသတည်း။

**ချမ်းမြေ့ရွှင်လန်းပါစေ။**

**ခင်နှင်းယု**

**၃–၇–၂၀၀၁**

http://www.cherrythitsar.org

# စာအုပ်နှင့်ပတ်သက်၍

ဆရာမကြီး မကွယ်လွန်မီက စုစည်းစီစဉ်ခဲ့သော ဤစာအုပ်ကို ဆရာမကြီး ကွယ်လွန်ပြီး ( ) လ အကြာတွင် ထုတ်ဝေဖြန့်ချိဖြစ်ပါပြီ။ အမှတ်တရသဖွယ် ဖြစ်သွားရသဖြင့် စာအုပ်တိုက်အနေဖြင့် ဝမ်းသာဝမ်းနည်းတော့ ဖြစ်ရပါသည်။

ပြန့်ကျဲနေသော ဆောင်းပါးပေါင်း ၂၆ စုစည်းမိရာတွင် စာပေရေးရာ အတွေးအမြင်များဖြစ်သော ဆောင်းပါး ၁၀ ပုဒ်ကို အပိုင်း (က)၊ နိုင်ငံရေးနှင့် ဆက်စပ်သော အတွေးအမြင်များကို အပိုင်း(ခ)၊ လူမှုရေး ကိုယ်ကျင့်တရားနှင့်ဆက်စပ်သော ဘဝအမြင်များကို အပိုင်း (ဂ)၊ သံသရာနှင့် ဆက်စပ်သော ဘဝအမြင်များကို အပိုင်း (ဃ) ဟု အပိုင်း လေးပိုင်းခွဲ၍ စီစဉ်ပါသည်။

ဤစာအုပ်အတွက် စာမူများ စုစည်းရှာဖွေပေးသော ဆရာလေးကိုတင်နှင့် ကူညီဆောင်ရွက်ပေးသော ဆရာအောင်ဝေးတို့အား ကျေးဇူးတင်ပါသည်။

ဆရာမကြီး ရောက်လေရာဘဝ ရှင်လန်းချမ်းမြေ့ရနိုင်ပါစေ။

**(စိတ်ကူးချိုချို)**

http://www.cherrythitsar.org

# မာတိကာ

## (က)


| | | |
|---|---|---|
| ၁။ | ပန်းကလေးများကြောင့် | ၁၃ |
| ၂။ | မွှေးတည့်လေ | ၂၁ |
| ၃။ | စာပေဗိမာန်ဆုနှင့် သူ့အာဘော် | ၂၉ |
| ၄။ | နိုင်းမြစ်ပေါ်က ဆည်းဆာချိန် | ၃၅ |
| ၅။ | ခယောင်းတောမှ ရတ်ခြည်းထ၍ | ၄၇ |
| ၆။ | ဇီဝစိုး | ၇၉ |
| ၇။ | စာပေမြို့တော်ဟောင်း | ၉၁ |
| ၈။ | ဘယ်သူ့များထိမလဲ | ၁၀၁ |
| ၉။ | ကျေးဇူးစကားဆိုပါသည် | ၁၀၉ |
| ၁၀။ | အုတ်ကြားမြက်၊ စိန်ပန်းနီနှင့် ဦးဖေမောင်တင် | ၁၁၉ |


## (ခ)


| | | |
|---|---|---|
| ၁၁။ | ဘကြီးမှိုင်းနှင့် စောင်းတော်ရှင် | ၁၆၃ |
| ၁၂။ | ဘုတလင်သား | ၁၇၁ |
| ၁၃။ | ပျော်မိတယ်၊ သနားမိတယ် | ၁၈၁ |
| ၁၄။ | ပုထုဇဉ်တို့၏ အရိုင်းမြေ | ၁၈၇ |
| ၁၅။ | ပွင့်ဆဲ ကြွေဆဲ ဘဝလမ်းထဲ | ၁၉၉ |
| ၁၆။ | ဘာတွေများခဲ့သလဲ | ၂၀၉ |

## (ဂ)


| | | |
|---|---|---|
| ၁၇။ | ရွှေထုတ်သည့်မြပုဝါ | ၂၂၁ |
| ၁၈။ | ဣန္ဒြေတံခါး | ၂၂၉ |
| ၁၉။ | မယားပြိုင် | ၂၃၉ |
| ၂၀။ | မယားကြီး | ၂၄၉ |
| ၂၁။ | ယမကာမြစ် | ၂၅၉ |
| ၂၂။ | မုဆိုးကြီးနှင့် ရသေ့ကြီး | ၂၇၁ |


## (ဃ)


| | | |
|---|---|---|
| ၂၃။ | ဖြစ်ချင်တာလည်း မဖြစ်ရပါ | ၂၇၉ |
| ၂၄။ | အချစ်နှင့်ကြွေးမြီ | ၂၉၃ |
| ၂၅။ | ဘဝ၏ညများ | ၃၀၁ |
| ၂၆။ | ချမ်းမြေ့ပါစေသော | ၃၀၉ |

http://www.cherrythitsar.org

# ပန်းကလေးများကြောင့်

ဥပစာအထက်တန်းတွင် ပညာသင်ရစဉ်က ဦးပုညဝတ္ထုပေါင်းချုပ်ကို စာမေးပွဲအောင်ရုံမျှ ဖတ်ရှုလေ့လာခဲ့ပေသည်။ စာမေးပွဲအောင်ပြီးလျှင် ကျောင်းသုံးစာအုပ်များကို များသောအားဖြင့် မေ့မေ့လျော့လျော့ပင်ထားလိုက်၏။ နောက်တစ်တန်းဖြစ်သော ဝိဇ္ဇာအောက်တန်းအတွက် စာအုပ်သစ်များကိုသာ စိတ်ပါဝင်စား၍ နေမိသည်။

များသောအားဖြင့် ကျောင်းသားတိုင်းသည် ထိုကဲ့သို့ပင်ဖြစ်တတ်၏။

မရွှေဇင်သည်လည်း သူ့စာအုပ်ဟောင်းများကို တစ်ခန်းရပ် သိမ်းဆည်းကာ စာအုပ်သစ်များကိုသာ လိုက်လံရှာဖွေစုဆောင်းမိ၏။

သို့သော် ရင်ထဲတွင် စာအုပ်ဟောင်းများကို သိမ်းဆည်းချိန်၌ ဝေဒနာတစ်ခုကို ခံစားနေသလိုဖြစ်၏။ ထိုဝေဒနာက လွမ်းဆွတ်ခြင်းပင်ဖြစ်ပေသည်။

ဦးပုညဝတ္ထုပေါင်းချုပ်ကို ကိုင်လိုက်လျှင် ရင်ထဲတွင် လွမ်းသည့်ရောဂါသည်ပေါ့၍သွား၏။ ဝတ္ထုတွေထဲမှ ဆဒ္ဒန်ဆင်မင်းကို ဖတ်လိုက်ရလျှင် နှစ်လည်းနှစ်သိမ့်၏၊ ရင်ထဲမှာလည်း နာကျင်ခြင်း၊ ယူကျုံးမရခြင်းနှင့် အသည်းနာခြင်းဟူသော ဝေဒနာများကို ခံစားရ၏။ ထိုဝေဒနာများ ခံစားရသည်ကို စိတ်က မကြောက်ရွံ့ပေ။ ဒီလိုခံစားပြီးမှ ကျေနပ်နှစ်သိမ့်၍သွားသည်မှာ စာရေးသူ ဦးပုည၏ အတတ်ပညာတစ်ရပ်ပေပဲလားဟု တွေးထင်မိပေသည်။

http://www.cherrythitsar.org



သုတေသီပညာရှင်တို့သည်လည်းကောင်း၊ လက်ရှိ မြန်မာပညာရှိတို့သည် လည်းကောင်း ဆဒ္ဒန်ဆင်မင်းဝတ္ထုကို အကောင်းဆုံး၊ အရသာအရှိဆုံးဝတ္ထုဟူ၍ ဆုံးဖြတ်ချင်မှ ဆုံးဖြတ်ကြပေလိမ့်မည်။

မရွှေဇင်အဖို့တွင် ထိုဝတ္ထုကို ပြန်၍ဖတ်တိုင်း ဝတ္ထု၏ နောက်ကြောင်းတွင် ဘာတွေများရှိနေမလဲ၊ ထိုဝတ္ထုကိုရေးသားစဉ် ဦးပုည၏စိတ်သည် ဘယ်လိုများ ခံစားနေရပါသလဲ၊ ထိုဝတ္ထုရေးသားစဉ် ဦးပုညတို့ခေတ်သည် ဘယ်လိုများ နေပါလိမ့်ဟူ၍ တွေးတွေးနေရသည်မှာ အရသာတစ်ခုပင်ဖြစ်တော့သည်။

မရွှေဇင်က စွဲမြဲစွာယုံကြည်နေသည်မှာ စာရေးသူတို့ အသည်းနှလုံး မည်သည် များသောအားဖြင့် ခေတ်၏ အရောင်ပြန်ဟပ်ခြင်းကို ခံရစမြဲဖြစ်၏။ သူတို့၏လက်ရာများကို လေ့လာလျှင် ထိုခေတ်၏ အခြေအနေကို တစ်ပိုင်းတစ်စ တွေ့ရှိနိုင်မည်ဖြစ်သည်ဟု ယူဆ၏။

မင်းတုန်းမင်းတရားကြီးအား ထိုဝတ္ထုကို ဆက်သွင်းစဉ် အချိန်အခါက အကြောင်းအရာ တစ်ရပ်ရပ်သည် ဦးပုညအသည်းနှလုံးတွင် အရောင်ပြန်ဟပ်၍ မနေပါလျှင် ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် ထိုမျှကောင်းမည်မဟုတ်ပေ။

ပထမဆုံးတွင် သုတေသီနှင့် ပညာရှင်တို့သည် ထိုဝတ္ထုကိုဖတ်ပြီး စကား လုံး နိုင်နင်းပုံကို ချီးကျူးကြမည်ဖြစ်၏။ သူ့စကားလုံးများသည် ပြေပြစ်ကျစ်လျစ် သည်၊ လှပသည်၊ သူ့နေရာနှင့်သူ နိုင်နင်းအောင်သုံးနိုင်သည်တို့ထက် အရသာ ရှိသည်ဟူ၍ ဆိုလျှင် ပို၍မှန်ပေမည်။ တချို့နေရာများ၌ ရင်ထဲတွင် နင့်၍ နင့်၍ သွားပေသည်။

ဥပမာဆိုလျှင် သောနုတ္တိုရ်သည် ဆဒ္ဒန်ဆင်မင်းရှေ့မှောက်၌ အပြစ်ရောက်၍ နေသော်လည်း သူ့ကိုယ်သူကာကွယ်လိုပုံ၊ သုဘဒ္ဒါမိဖုရားအပေါ်၌ အပြစ်ပုံချလိုပုံ နေရာတို့တွင် . . .

"အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက၊ မြမရှား၊ စိန်မရှား၊ အလွှန်ပင်များ သည်ကို နားလေးလေဟန်၊ ဆင်စွယ်မှ ပန်လိုသည်၊ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကို နားဝယ်လက်မခံ၊ ညှီစော်နံသည်ဟု ရွံရှာသတဲ့ဘုရား" ဟူ၍ စာဖတ်သူက ဒီမိဖုရားကြီးနှယ် အဖြစ်သည်း သည်းလွန်းသည်ဟူ၍ သုဘဒ္ဒါကို ချဉ်သွားအောင် စကားလုံးများသုံး၍ထားပေသည်။

ထိုစကားလုံးများတွင်သာမက သောနုတ္တိုရ်သည် သူ့တစ်ယောက်တည်း အပေါ် အပြစ်မပုံပါရန် ရှေ့နေဟန်ပါပါ လျှောက်လဲသွားပုံကိုလည်း စာဖတ်သူတို့

http://www.cherrythitsar.org



သဘောကျပေလိမ့်မည်။

"အစွယ်လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူက ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက်သားအနက်တွင်မှ ကံကွက်ကျား၍၊ ငမိုက်သားမုဆိုးလေ၊ နင်ချည်းပင် သေစေတော့ဟု၊ ငွေတောင်ကြီးအဟန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော်အားသတ်လျှင် သေရပါလိမ့်မည်"

ဤနေရာတွင် ဦးပုညသည် သူ၏ သောနုတ္တိုရ်အား လိမ္မာပါးနပ်သော တရားခံတစ်ယောက်အဖြစ် ဖန်ဆင်း၍ထားပေသည်။ စကားလုံးများထဲတွင် တခြား ပြစ်မှုကျူးလွန်သူတို့၏ အပြစ်များကို ဖော်ရင်းမှ သူ့အတွက် လွတ်အောင် အသနားခံပုံမှာလည်း စကားအရာ လိမ္မာပါးနပ်လှပေသည်။

ဆဒ္ဒန်ဆင်မင်းသည် အစွယ်ကို ပိုင်းဖြတ်ပြီးချိန်၌ မုဆိုးသို့မှာလိုက်သော စကားတို့သည် အသည်းဆတ်ဆတ်ခါ နာစရာကောင်း၏။ သုဘဒ္ဒါသည် စွယ်တော်ကို ရင်ခွင်ပိုက်၍ ဆင်မင်းမှာသမျှစကား ကြားရချိန်တွင် ရင်ကွဲနာကျလောက်အောင် မချိတရိဝေဒနာ ခံစားရလောက်အောင်ပင် အစွမ်းထက်လှ၏။ ဘယ်လိုမှ အဆက်အသွယ်မရှိသော ရိုးရိုးစာဖတ်သူတွင်ပင် ရင်ထဲတွင် နာ၍လာလေသည်။

"ငွေတောင်ကြီးအသွင်၊ ခင်မလင်ကို၊ အရှင်လတ်လတ်၊ သင်စေ၍ သတ်ခဲ့ပြီ၊ အစွယ်တော်မြတ်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုလည်း၊ ၎င်းဆင်ကြီး မသေခင် ဖြတ်လှီး၍၊ သွေးစီးသံထွက်၊ နာကျင်စွာနှိပ်စက်၍၊ အသက်ဆုံးစေခဲ့ပါပြီ။ ဤစွယ်စုံကို ရွှေဘုံသူ့မှန်ကူ၊ သုံးရက်တော်မူသေးလျှင်၊ ရန်သူ၏ အစွယ်ကို ရွှေလက်ဝယ်သပါမည်"

ထိုနေရာတွင် သူ ဝေဒနာ မချိတရိခံစားနေရာမှ စွယ်တော်ကို ဖြတ်ပေးလိုက်ကြောင်း၊ တစ်ခါက သုဘဒ္ဒါ၏ချစ်လင် ဖြစ်ခဲ့ဖူးသူက ထိုမျှပြင်းစွာ ဝေဒနာခံစား၍ ပေးလိုက်သော စွယ်တော်ကို သုံးရက်သေးလျှင် သုံးပါဟု ဆဒ္ဒန်ဆင်မင်းသည် မချိစွာနှင့် ပြောလိုက်၏။

"မောင်မင်းသခင်၊ မုန်းပင်စိုက်ပျိုး၊ ပြေချိန်တန်၍မှ မပြေနိုင် ငြိုးတတ်သည့်၊ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးကို ငါမှာတိုင်းပြောပါလေ"

သုဘဒ္ဒါကို ဖွဲ့၍ခေါ်လိုက်သည့် စကားလုံးများသည် ရိုးရိုးရှင်းရှင်းနှင့် နာကြည်းဟန်ကိုပြ၏။ 'မုဆိုးတစ်ပိုင်း–မိန်းမရိုင်းကြီး'ဟူ၍ သုဘဒ္ဒါကို ခေါ်လိုက်သော စကားလုံးက သုဘဒ္ဒါ၏ အကျင့်စာရိတ္တ စိတ်နေစိတ်ထားကို

http://www.cherrythitsar.org



အဓိပ္ပာယ်ကြွယ်ဝစွာ ဖော်ပြပြီးဖြစ်လေသည်။

"ငါ ဆဒ္ဒန်ဆင်သည်၊ မြေတွင်လုံးလုံး၊ မြားချက်နှင့်ဆုံးပါပြီ၊ ရွှေသုံးရံခြယ်၊ ကြာရိပ်လယ်မှာ၊ ရယ်ကာ မောကာ၊ မျက်နှာငွေလ၊ ရှင်ပပနှင့် ခင်မဝမ်းမြောက်ပါလေတော့"

ထို့နောက်ဆုံးစကားလုံးများက သုဘဒ္ဒါ၏ အသည်းနှလုံးအား မြားသဏ္ဍာန်ပစ်ဝင်၍ စူးဟန်တူပေသည်။ ထိုစကားလုံးများ ကြားပြီးပြီးချင်း အသည်းနှလုံးပြိုက်ပြိုက်ကြွေကာ ရင်ကွဲနာကျ၍ မရဏာပွဲဝင်ရတော့သည်။

ဤအကြောင်းများသည် ဆဒ္ဒန်ဆင်မင်းဝတ္ထု ဘာကြောင့် ကောင်းသနည်းဟု ဆရာတစ်ယောက်ကမေးလျှင် စာသင်သားအနေနှင့် စကားလုံးရွေးချယ်ပုံများကို ဖြေဆိုမည်ဖြစ်၏။ စာမေးပွဲဖြေလျှင်လည်း အကိုးအကားပြရန် မူရင်းစာပိုဒ်များကို ထုတ်နုတ်ကျက်မှတ်၍ ဖြေဆိုရမည်ဖြစ်၏။

သို့သော် စာသင်ခန်းမှထွက်၍ အပြင်လောကသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဆဒ္ဒန်ဆင်မင်းဝတ္ထုအပေါ်တွင် အမြင်သည် မရွှေဇင်အတွက် တစ်မျိုးပြောင်းလဲခဲ့၏။ ဘယ်လိုပင်ဖြစ်စေ စာသင်ခန်းတွင် ဆရာ၏ အတွေးအခေါ်၊ ဆရာ၏ဝေဖန်ချက်သည် မရွှေဇင်တို့၏ခေါင်းအား လွှမ်းမိုးမြဲဖြစ်၏။

စာသင်ခန်းမှ ထွက်သောအခါမှပင် မရွှေဇင်တို့သည် ပင်ကိုဉာဏ်ဖြင့် တွေးခေါ်၍ လာကြလေသည်။ ထိုသောအခါ ဆဒ္ဒန်ဆင်မင်းဝတ္ထု၏ 'အသက်'ကို လိုက်၍ရှာတတ်လာ၏။ ပင်ကိုဉာဏ်က ချဲ့၍ တွေးလာ၏။ ဤဆောင်းပါး၏ အစက ရေးခဲ့သလိုပင် ဆဒ္ဒန်ဆင်မင်းဝတ္ထု ရေးချိန်ခေတ်ကိုလည်း တွေး၍လာ၏။ ရည်ရွယ်ချက်ကိုလည်း စူးစမ်း၍လာလေသည်။

ထိုမှ ရင်ကွဲစရာကောင်းသည်၊ မချိစရာကောင်းသည်၊ အသည်းနာစရာကောင်းသည်ဟု မှတ်တမ်းတင်ရမည့် ထိုဝတ္ထု၏ ပင်ကိုအကြောင်းက ဘာမှ မဖြစ်လောက်သည့် အကြောင်းလေးဖြစ်၏။

"ဆင်မင်းလည်း၊ အင်ကြင်းပန်းပင်ကို၊ ငွေစင်မကိုဋ်၊ ဦးကင်းဖြင့် ဝှေ့ခိုက်၍၊ ပြိုက်ပြိုက်ကျကြွေ၊ ရွှေနီဖလံ ဝတ်ဆံဝတ်မှုံ၊ အထုံအခိုး၊ ဝန်းကျင်ဖြိုးမျှ၊ ပန်းမိုးရွာစေတော်မူသတည်း။ ထိုအခါ၊ စူဠသုဘဒ္ဒါမိဖုရား၏ကိုယ်ထက်၌ သစ်ခြောက် သစ်ခက်၊ ပုရွက်ပဆုပ်၊ ခါချဉ်ထုပ်တို့သည် လူပ်တိုင်းကြွေလာကုန်၏။ မဟာသုဘဒ္ဒါမိဖုရား၏ အပေါ်၌ကား ပုံကြီးနံ့လျှား၊ ရွှေမျက်ပါးကို တစ်ပါးစီလွှာ၍ လေညာက လွင့်သကဲ့သို့၊ ပန်းပွင့်ပန်းငုံ၊ ပန်းဝတ်မှုံတို့သည်

http://www.cherrythitsar.org



စုပုံကြွေကျလာလေသတည်း”

ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် ဤနေရာသည် ပင်မဖြစ်ခဲ့၏။ ဆဒ္ဒန်ဆင်မင်းကမူ အမှတ်မထင် ဦးကင်းဖြင့်တေ့တိုက်၍ အင်ကြင်းပင်စည်ပင်ခက်များမှ အင်ကြင်းပန်းတို့ကို ကြဲဝေသွန်းဖြန့်လိုက်ခြင်းဖြစ်၏။ လေညာနှင့် လေအောက်ဖြစ်၍ အကြောင်းမသင့်ဘဲ စူဠသုဘဒ္ဒါအပေါ်သို့ ခါချဉ်ထုပ်ကျသည့်အကြောင်းက ဆဒ္ဒန်ဆင်မင်းဝတ္ထုကို အသည်းကွဲမတတ် အရသာပေါ်အောင် ဖန်ဆင်းလိုက်၏။

ဆင်မင်းကတော့ ဖြစ်မှ ဖြစ်စေတော့ဟူ၍ စေတနာမရှိရိုးအမှန်ပင်ဖြစ်၏။ ထိုမျှကိစ္စလောက်သည်လည်း သေလောက်အောင် ရန်ငြိုးမဖွဲ့ရာ။ ‘ရန်ငြိုး’ဖွဲ့ပေလိမ့်မည်ဟူ၍လည်း ဆဒ္ဒန်ဆင်မင်းသည် သံသယမရှိခဲ့ပေ။

သို့သော် ငြိုးသူ၊ တေးထားသူ စူဠသုဘဒ္ဒါအဖို့တွင်မူ လက်စားချေရန် ရန်ငြိုးတစ်ချက် အသည်းနှလုံးတွင် ဖွဲ့ပြီးဖြစ်ပေသည်။ ဒုတိယတစ်ချက်တွင်လည်း ပဒုမ္မာကြာပန်းကို ဝေသည့်နေရာ၌ ဆဒ္ဒန်ဆင်မင်းသည် အမှတ်မထင်ပင် ကြွင်းကျန်သော ပဒုမ္မာကြာဝတ်ဆံတို့ကို စူဠသုဘဒ္ဒါမိဖုရားအား ပေးဝေလိုက်၏။

ဆဒ္ဒန်ဆင်မင်းအတွက်ကမူ ‘အမှတ်မထင်’ပင် ဖြစ်၏။ စူဠသုဘဒ္ဒါအတွက်ကမူ ဒုတိယရန်ငြိုးဖွဲ့လောက်အောင်ပင် ရင်ထဲတွင် နာကြည်းဖွယ် ဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင် မဟုတ်ပါလော။

ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းလုပ်ကျွေး၍ ဆဒ္ဒန်ဆင်မင်း၏စွယ်တော် ဖြတ်ယူနိုင်သည့်ဘဝ ရပါစေသားဟူ၍ပင် ဆုတောင်းသည်အထိ ရန်ငြိုးကြီးခဲ့ရသည်။

ဤနေရာ၌ ဆဒ္ဒန်ဆင်မင်းအနေနှင့်ကြည့်လျှင် ပန်းလေးဝေသည့်ကိစ္စ မဖြစ်လောက်ဟူ၍ ဆင်မင်းသည် သဘောထားမည်ဖြစ်၏။ “ငါ့အား ရန်ငြိုးထားပေလိမ့်မည်” ဟူ၍လည်း တွေးထင်မိဟန်မတူပေ။ မဟာသုဘဒ္ဒါမှာ အကြီးဖြစ်၍ ဦးစားပေးခြင်း ဖြစ်ချင်လည်း ဖြစ်ပေလိမ့်မည်။

ဝတ္ထုကိုဖတ်ရင်း ဖတ်ရင်းနှင့် ဦးပုညသည် တစ်စုံတစ်ဦးအား သတိပေးလို၍ပင်လော၊ သူ၏ ရေမြေ့ရှင်ဖြစ်သော မင်းတုန်းမင်းတရားကြီးကိုပင် ရည်ရွယ်လေသလောဟူ၍ အတွေးပွားစရာ မရွှေဇင်ခေါင်းထဲတွင် များ၍လာလေသည်။

“ရေမြေ့ရှင်မင်းကြီး၊ အရှင်မင်းကြီးကမူ အမှုကိစ္စတို့၌ အမှတ်မထင် သဘောထားစင်ကြယ်စွာ ကြီးသူကို ကြီးသည့်အလျောက်၊ ငယ်သူကို ငယ်သည့် အလျောက် ခွဲဝေပေးကမ်း ဝေခြမ်းသော်လည်း မကျေနပ်သူ အငြိုးဖွဲ့လိုသူမှာ ဘာ မဟုတ်သည့် အကြောင်းကိုပင် အကောက်ဉာဏ်ဆင်၍ အရှင်မင်းကြီးအား

http://www.cherrythitsar.org



ကြီးစွာသော ရန်ငြိုးဖွဲ့ပေသည်”ဟူ၍ ရေမြေ့ရှင်ဘုရင်မင်းမြတ်အား သွယ်ဝိုက်သောနည်းဖြင့် သတိပေးလို၍ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ရေးလေသလားဟု တွေးထင်စရာရှိသည်။

“မိဖုရားသုဘဒ္ဒါသည်၊ အိုင်သာဆဒ္ဒန်၊ ဤရေကန်တွင်၊ ညာရံမဟာ၊ သုဘဒ္ဒါနှင့်၊ ဝဲယာခြွေရံ၊ စံသည့်ကာလ၊ ဒေါသအပြစ်၊ မဖြစ်မမြောက်၊ မမုန်းလောက်သည်ကို၊ အဆောက်အဦ၊ အပြစ်ကြီးယူပြီးလျှင်၊ ငြူစူမျက်ဝင့်၊ ငါချစ်လင်ကို၊ သင်မိဖုရား သတ်ဖြတ်နိုင်အားပေသည်’

ဆဒ္ဒန်ဆင်မင်းဆိုသည့် အထက်ပါစကားကို ဖတ်ရင်း “ဘာမဟုတ်သည့် ရန်ငြိုးက လူတစ်ယောက်ယောက်ကို သတ်ပစ်လိုက်လျှင်”ဟူသော အတွေးသည် မရွှေဇင်ရင်ထဲတွင် တဒိတ်ဒိတ်နှင့် ခုန်လာ၏။ ဦးပုညသည်လည်း သူ့ခေတ်တွင် ထိုကဲ့သို့ဖြစ်တတ်သော အခြေအနေများ ပေါ်၍လားမသိ၊ သတိရှိရန်သော်လည်းကောင်း၊ ဖြစ်မိလျှင် ရင်ကွဲမတတ် ယူကျုံးမရစရာ ဖြစ်တတ်သည်ကိုလည်းကောင်း ရည်ညွှန်းလို၍ ထိုမျှပေါ်လွင်အောင် အသက်ပါစွာ ဖွဲ့နွဲ့ခဲ့နိုင်ခြင်းဖြစ်ပေလိမ့်မည်။

အပြင်ရန်သည် ထင်ရှားစွာ မြင်နိုင်၍ ရင်ဆိုင်တိုက်ခိုက်ရပြီးမှ အားမတန်လျှင် ရှုံးရသော်လည်း အတွင်းရန်ကမူ တစ်ချက်အငိုက်မိရုံနှင့် အသက်ပါရသည်ကိုပင် ရည်ရွယ်လေသလော။

သုဘဒ္ဒါသည် တစ်ခါက ဆဒ္ဒန်ဆင်မင်း၏ ချစ်စွာသောမိဖုရား ဖြစ်ခဲ့၏။ အတူတကွ သေအတူ ရှင်မကွဲ ဆင်တို့အပေါ်တွင် အုပ်ချုပ်လာခဲ့သူများဖြစ်၏။

ဆဒ္ဒန်ဆင်မင်းအား လက်စားချေ သတ်ပြီးချိန်တွင် စူဠသုဘဒ္ဒါသည် ဟိုစဉ်က နေခဲ့ထိုင်ခဲ့ပုံ၊ အတူတကွ ကယုကယင် ချစ်တုံ့တင်ခဲ့ပုံများကို တွေးမိပြီး ရင်ကွဲနာကျ သေရပြန်၏။

နောက်ဆုံးတွင် အသတ်ခံရသူ ဆဒ္ဒန်ဆင်မင်းလည်း သေရ၏၊သတ်သူ စူဠသုဘဒ္ဒါသည်လည်း မရှုမလှသေရပြန်၏။

ကုသိုလ်အမှုဆိုသည်မှာ ပြုသူအား အပြုခံရသူက ခွင့်လွှတ်သည်ပင် ဖြစ်ဦးတော့ ကံအကြောင်းတရားက လက်စားချေကာ အပြစ်ပေးတတ်ပေသည်မှာ ဓမ္မတာပင်ဖြစ်သည်ဟု သင်ခန်းစာပြလို၍လော။

ဝတ္ထု၏အစတွင်မူ ဦးပုညသည် ‘ဆုတောင်းမလွဲရန်’ တရားနာပရိသတ်

http://www.cherrythitsar.org



အား သြဝါဒပေးလို၍ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဟောသည်ဟု စကားချီးတွင်ဆို၏။ ကျောင်းအမှောင်ရိပ်က လွတ်လာသော မရွှေဇင်ကမူ...

ပန်းအဝေမတတ်၍ ဆဒ္ဒန်ဆင်မင်းသော်မှ အသတ်ခံရသေးလျှင် နန်းအဝေမတတ်သည်ကြောင့် သူ၏ ဘုရင်မင်းမြတ်ကြီး ဒုက္ခရောက်မည်ကို စိုးရိမ်သောကြောင့် သတိပေး ရေးသားသည်ဟု ထင်မြင်မိပေသည်။

**[မြဝတီမဂ္ဂဇင်း၊ စင်တင်ဘာလ၊ ၁၉၅၆ ခုနှစ်]**

# မွေးတည့်လေ

ဝတ္ထုတစ်ပုဒ်အား ရုပ်ရှင်ရိုက်ရန် ရောင်းချမည်ကြံတိုင်း ကျွန်မစိတ်ထဲတွင် သမီးမိန်းကလေးအား အိမ်ထောင်ချရမည့်အချိန်တွင် ဖြစ်လာသော ပူပန်သောက မျိုး ရောက်ခဲ့ရသည်။

ဝတ္ထုရေးပြီး ထွက်လာချိန်တွင် သမီးကို မွေးဖွားပြီး အရွယ်ရောက်လာ သလိုပင် တိုင်းပြည်က ကြိုက်သည်ဆိုသောအခါ ဝမ်းမြောက်၏၊ ရွှင်လန်း၏၊ ရင်အေး၏။

ကိုယ့်သမီးကတော့ ချောပြီး လှပြီး လူကြိုက်များပြီး ဖြစ်လေသည်။

ထိုသမီးကို လက်ထပ်ထိမ်းမြားရန်အတွက် လာရောက်တောင်းဆိုသော အချိန်တွင်မူ ရင်ထဲမှာ အမျိုးမျိုးတွေးရပြန်တော့သည်။ "လာရောက်တောင်း ခံသော သတို့သားသည် သမီးအပေါ်မှာမှ သစ္စာရှိပါမည်လော။ သမီးကို ထိုက်သင့်သော အခြေအနေမှာ ထားနိုင်ပါမည်လော၊ သူ့လက်ထဲရောက်ပါမှ သမီးလေးကို ထင်သလိုချယ်လှယ်လိုက်မှဖြင့် "စသော အတွေးများမှာ မိခင် တစ်ယောက် နှလုံးသားကို အထူးပင် ယောက်ယက်ခတ် ပူပန်စေပေသည်။

ထိုကဲ့သို့ပင် ဝတ္ထုကို ရုပ်ရှင်ရိုက်ရန် ရောင်းမည်ကြံတိုင်း "ငါ့ဝတ္ထုကို အောင်မြင်အောင်ကြိုးစားပြီး ရိုက်မည့်သူတွေမှ ဟုတ်ပါမည်လား။ ဝတ္ထုနှင့် လျော်ညီစွာ ခမ်းနားမှု၊ သေသပ် သပ်ရပ်မှု၊ လိုအပ်သော သဘာဝတ္ထုကျမှုတို့၌ ပြည့်စုံအောင် ငွေကုန်ကြေးကျခံ၍ ရိုက်နိုင်သော ကုမ္ပဏီမှ ဖြစ်ပါမည်လော၊ ဝတ္ထုကိုဝယ်ပြီးကာမှ ထင်သလိုရိုက်ထုတ်လိုက်ပါလျှင် အစရှိသော အတွေးများ

http://www.cherrythitsar.org



သည် ကျွန်မရင်ထဲတွင် လှိုင်းကြွသလို ပြည့်သိပ်၍ လာတတ်၏။

တချို့ကမူ "ကိုယ့်ဝတ္ထုကို ဘယ်လိုမှ ထိခိုက်သည်မဟုတ်၊ ရုပ်ရှင်မစွံလျှင် ကုမ္ပဏီပိုင်ရှင်သာ ထိခိုက်သည်ဖြစ်၍ ပူစရာမလို"ဟု ဆို၏။ ကျွန်မသဘောတွင်မူ ထိုသို့မယူဆပါပေ။ ကိုယ့်ဝတ္ထုနှင့်ပတ်သက်သမျှ စာပေထုတ်ဝေသူရော၊ ရုပ်ရှင်ရိုက်ကူးသူ ပိုင်ရှင်ရော အောင်မြင်စေလိုပေသည်။

'မွေး'ဝတ္ထုကို ရုပ်ရှင်ရိုက်ရန် ရောင်းချမည်ကြံစဉ်က ခဲမှန်ဖူးသော စာသူငယ်လို ကြောက်နေသည်။ ကျွန်မ၏ ပထမဆုံးဝတ္ထု 'နဂါးငွေ့တန်း'ကို ဒါရိုက်တာ စိန်လှအောင်က လာဝယ်၏။ ကျွန်မသည် စိန်လှအောင်အပေါ် ယုံကြည်ချက်နှင့် ရောင်းချလိုက်၏။ စာချုပ်တွင် စိန်လှအောင်သည် ကျွန်မအား အခွင့်အရေးအတော်များများပေး၏။ "ရိုက်နေစဉ်သော်လည်းကောင်း၊ ရုံတင်စဉ်သော်လည်းကောင်း၊ တစ်စုံတစ်ရာ ကျွန်မ မကြိုက်နှစ်သက်ပါက တားမြစ်ပိတ်ပင်နိုင်ရုံမက တရားဥပဒေအရပါ အရေးယူပါရန်" ခွင့်ပေးထားလေသည်။

သို့သော် 'နဂါးငွေ့တန်း'ကို 'ညပန်းချီ'ဟူသော အမည်သို့ပြောင်း၍ ရိုက်ကတည်းက ကျွန်မဝတ္ထုသည် ရေတိမ်နစ်မည်ကို ကျွန်မ သတိပြုမိ၏။

စိန်လှအောင်က ဝတ္ထုကို ရုပ်ရှင်ရိုက်ပြီးလျှင် ကျွန်မထင်သလို ဝေဖန်ပါရန် ပြောသည်။ ကျွန်မသည် ဝေဖန်လိုစိတ်လည်းမရှိတော့။ တရားဥပဒေတွေဘာတွေနှင့်လည်း စကားမဆိုချင်ပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာရုပ်ရှင်ကုမ္ပဏီတို့၏ လူမကျွမ်းကျင်မှု၊ စက်ပစ္စည်းမလုံလောက်မှု၊ ငွေအင်အားမတောင့်တင်းမှုတို့ကို ကျွန်မသိရှိပြီးဖြစ်သောကြောင့်တည်း။

အကယ်၍သာ 'နဂါးငွေ့တန်း'ကို ရိုက်သူသည် ဟောလိဝုဒ်မှ ကုမ္ပဏီတစ်ခုခုသာ ဖြစ်ခဲ့ပါမူ ကျွန်မဝတ္ထုဇာတ်လမ်းအား ဖျက်ဆီးသူများအနေနှင့် ကျွန်မ တရားစွဲမည်ဖြစ်၏။ ယခုတော့ ကျွန်မဝတ္ထုကိုပင် ခိုးမချဘဲ တခမ်းတနားသိက္ခာရှိရှိ ဝယ်ယူရိုက်ကူးသည်ကိုပင် ကျွန်မက ဒါရိုက်တာ စိန်လှအောင်နှင့် ဒါရိုက်တာ ချစ်မောင်တို့ကို ကျေးဇူးတင်ရပေသေးသည်။

'မွေး'သည် ရုပ်ရှင်အဖြစ်ရောက်ရခြင်းမှာ မထင်ဘဲနှင့်ဖြစ်ရခြင်းဖြစ်၏။

စုံထောက်မဂ္ဂဇင်းမှ ကိုစောလင်းနှင့်ဆက်သွယ်၍ ဒါရိုက်တာ ဦးချစ်ခင်က 'သရဖူ'ဝတ္ထုကို ရုပ်ရှင်ရိုက်ရန် လာဝယ်သည်။ ဦးချစ်ခင်အပေါ်တွင် 'ဖြေလျော့ခွေ'ဝတ္ထု ရိုက်စဉ်ကတည်းက ကျွန်မခင်ပွန်းသည်သည် လေးစားပြီးဖြစ်သည်။ ကျွန်မစိတ်ထဲတွင်လည်း ဒေသစွဲရှိသည် ဆိုရပေမည်။ ဦးချစ်ခင်မှာ ဝါးခယ်မ

http://www.cherrythitsar.org



သားဖြစ်၍ ယုံကြည်စိတ်ချမိသည်။

'သရဖူ'အား ရုပ်ရှင်ရိုက်ရန် စရန်ငွေ တစ်ထောင်ပေး၍ ကျန်ငွေကို ကန်တော့ပွဲပေးသည့်နေ့ အကုန်ပေးချေရန် ကတိပြုသွား၏။ ထိုနေ့တွင်ပင် 'မွေး'ဝတ္ထုကို ရှုမဝတိုက်မှ ထုတ်ဝေသည့်အတွက် လက်ဆောင်အဖြစ် ဦးချစ်ခင်အား တစ်အုပ် လက်ဆောင်ပါးလိုက်ပါသည်။

'မွေး'သည် ပင်ရင်း မြဝတီမဂ္ဂဇင်းဝတ္ထုရှည်ဖြစ်သော်လည်း လုံးချင်းအဖြစ် ထုတ်သူမှာ ရှုမဝဦးကျော်ဖြစ်သည်။

နောက်နေ့တွင် ဦးချစ်ခင်နှင့် ပြည်တော်အေးရုပ်ရှင်ပိုင်ရှင် ဒေါ်ညွှန့်ညွှန့်တို့ ရောက်လာ၍ 'မွေး'ကို ရုပ်ရှင်ရိုက်ရန် ရောင်းချဖို့ စကားဆိုလာသည်။

ကျွန်မရင်ထဲတွင် တဒိတ်ဒိတ်နှင့်ဖြစ်သွားသည်။ 'သရဖူ'တုန်းကမပူ၊ 'မွေး'ကို ဘာကြောင့် ရင်ပူရသနည်းဟု ဆိုစရာရှိသည်။ မွေးသည် ဇာတ်လမ်း ဇာတ်အိမ် ကျယ်လွန်းလှသည်။ 'နဂါးငွေ့တန်း'လိုလည်းမသွက်၊ **Emotion** ခေါ် စိတ်ဖြင့် ခံစားမှုများ အလွန်များသောဝတ္ထုဖြစ်သည်။ စကားလုံးကို စာဖတ်ပရိသတ်က စွဲကြောင်း ဝေဖန်သောစာများမှ ကျွန်မသိရ၏။ ဝတ္ထုတစ်ပုဒ်သည် စာပေအနေနှင့် ပရိသတ်စွဲတိုင်း ရုပ်ရှင်အနေနှင့် လူကြိုက်များ အောင်မြင်နိုင်မည်ဟု မဆိုနိုင်ပေ။

'မွေး'ဝတ္ထု၌ စကားလုံးလှပုံများ၊ အဖွဲ့အနွဲ့များသည် 'လာလုလုငေး' ခြေဖျားကို မမီပေ။ 'လာလုလုငေး'သည် ကျွန်မ၏ဆရာ တင့်တယ်၏ အဖွဲ့အနွဲ့ အလွန်ကောင်းသော ပြည်သူကြိုက်ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့၏။ သို့သော် ရုပ်ရှင်အဖြစ် မစွံပေ။

ထို့ကြောင့် 'မွေး'ကို ရောင်းရမည့်ဆဲဆဲအခါတွင် ရင်တမမနှင့် ဖြစ်နေခြင်းဖြစ်၏။ ကျွန်မ၏ခင်ပွန်းသည်ကမူ 'ဦးချစ်ခင် တစ်မျက်နှာကို တစ်ရွာထင်၍'ရောင်းချရန်ကို တယ်လီဖုန်းနှင့် ကျွန်မအား ခွင့်ပြုလိုက်၏။

ကျွန်မစိတ်ထဲတွင်လည်း ပိုင်ရှင်က ဝယ်ရဲ၍ ဒါရိုက်တာကတောင် ရိုက်ရဲသေးသည်။ ငါက ကြောက်နေစရာမဟုတ်ဟု ကိုယ့်စိတ်ကို တင်းလိုက်ရ၏။ ဝတ္ထုမှာ ဇာတ်အိမ်ကျယ်သည်။ **(Action)** ခေါ် ရုပ်လှုပ်ရှားမှုထက် **(Emotion)** ခေါ် စိတ်လှုပ်ရှားမှုက များသည်မှာ သူတို့ မသိသည်မှမဟုတ်ဘဲဟု ကိုယ့်စိတ်ကို ဖြေရ၏။ မွေးမှာ ဝတ္ထုအနေနှင့် ရှုမဝဦးကျော်၏ ဝါဒဖြန့်မှုကြောင့် ပရိသတ်လက်သို့ အတော်ရောက်နေပေပြီ။

http://www.cherrythitsar.org



ရိုက်ပြီဟုဆိုကတည်းက 'မွေး'သည် ယိုးဒယားကနေတော့သည်။ ဖြစ်လိုက်ရသည့် အနှောင့်အယှက်၊ တွေ့လိုက်ရသည့် အခက်အခဲ။ ပြောစရာမရှိတော့ပေ။ မြင့်မြင့်ခင်ရော၊ ဦးကျော်ဆွေနှင့် ဦးထွန်းဝေပါ ဂရုတစိုက်အချိန်ပေးသည့်ကြားကပင် အဆင်မပြေသောအဖြစ်များ အများကြီးတွေ့ရသည်။ ဦးချစ်ခင်တို့က ရုပ်ရှင်ရိုက်တိုင်း ခင်နှင်းယုကိုယ်တိုင်လာကြည့်ပါဆို၍ လိုက်ကြည့်တိုင်း ကျွန်မ စိတ်မောရ၍ ပြန်လာခဲ့ရ၏။

ဦးချစ်ခင်ကလည်း သူလိုချင်သော တိကျသည့် အခမ်းအနား တကယ့်ရှုမြင်ကွင်းများ မရက မရိုက်လိုသောကြောင့် ပိုင်ရှင်ကလည်း အတော်ကြိုးစားပေးရပေသည်။ အရပ်ကူပါ လူထပ်ပါနှင့် အပေါင်းအသင်း မိတ်ဆွေသင်္ဂဟကောင်းမှုကြောင့် အိန္ဒိယအခန်းကိုလည်း တကယ်အစစ် သွားရောက်ရိုက်ကူးနိုင်ခဲ့ပေသည်။

'မွေး'သည် နှစ်နှစ်ကြာမှ ရုပ်ရှင်ကားတစ်ခုအဖြစ် ပိတ်ကားပေါ်သို့ရောက်လာရလေသည်။

ပိတ်ကားပေါ်သို့ ချောမောစွာ ရောက်လာရခြင်းမဟုတ်၊ ရုပ်ရှင်ရုံသပိတ်နှင့်တိုးနေပြန်တော့သည်။

ကုမ္ပဏီပိုင်ရှင်လည်း ရင်တမမနှင့် မျက်လုံးပြူးနေသည်။ ပြူးရပေမည်။ ထုတ်လုပ်သူအနေနှင့် ငွေရင်း နှစ်သိန်းကျော် သုံးသိန်းနီးပါးမှာ တော်ရုံတန်ရုံနှင့်စွန့်စားရဲခြင်းမဟုတ်ပေ။

ဖတ်ဖတ်မောနေပြီဖြစ်သော ထုတ်လုပ်ရေးတာဝန်ခံ ငြိမ်းကမူ...

"ယုရေ၊ အသံလေးသာပိုကောင်းလိုက်ရင် 'မွေး'အတွက် ဘာမှ ပူစရာမရှိဘူး"ဟု ရုံမတင်ခင် ကျွန်မကို လာပြော၏။

ဦးချစ်ခင်ကလည်း **'Technique'**စက်ကိရိယာအတတ်ပညာနဲ့ ပတ်သက်ပြီး တစ်ခုသာ "ကျွန်တော် မွေးကို အားမရဘူး"ဟု ရုံမတင်ခင်က ဆို၏။

ကုမ္ပဏီပိုင်ရှင်ခမျာမူ သပိတ်ကိစ္စနှင့် မျက်လုံးပြူးနေရဆဲပင်ဖြစ်၏။ မွေး ရုပ်ရှင်ကားသည် ကျွန်မရေးသော 'မွေး'ဇာတ်ကောင်လိုပင် အနှောင့်အယှက်အဖျက်အဆီး ဒုက္ခ သုက္ခများလှချည်ကလားဟု ကျွန်မဘာသာတွေးမိ၏။

ချက်ချင်းပင် ကျွန်မသည် ကျွန်မလုပ်နေကျအလုပ်တစ်ခုကို သတိသွားရ၏။ မည်သူမှ စကားမပြောဘဲ အဓိဋ္ဌာန်ဥပုသ် ရက်ရှည်ယူလိုက်၏။

'မွေးဖြစ်နေသောအခက်အခဲများ လုံးဝကင်းစင်ပါစေသတည်း'ဟု အဓိဋ္ဌာန်

http://www.cherrythitsar.org



ပြုလိုက်သည်။

ဥပုသ်ထွက်သောနေ့တွင်မူ ကိုကြီးက စကားဆိုလာသည်။ "သပိတ်လည်း ရက်ရွှေ့သွားကြပြီ၊ မွေးလည်း ချောချောမောမောပဲ ရုံတင်နိုင်ပြီ။ ကြိုတင်ပြီး လက်မှတ်ဝယ် **Booking** လုပ်တာပဲ သုံးသောင်းကျော်သွားပြီ"ဟု ဆို၏။

မည်သူ၏ ကြိုးစားမှုကြောင့် မည်သို့ဖြစ်သည်ဟုတော့ ကျွန်မ မသိပေ။ ကျွန်မရင်ထဲတွင်မူ အဓိဋ္ဌာန်ဥပုသ် သီလတန်ခိုးကို ပြင်းထန်စွာ ပိုမိုယုံကြည်သွားလေသည်။

မွေးကား ရုံပေါ်ရောက်လေပြီ။

"ဟင်...ဘယ်လိုကြီးလဲ၊ အားမရလိုက်တာ"

"မွေးက ရှည်လိုက်တာ"

"မွေးကလည်း ဝတ္ထုလို အစေ့အငှမရိုက်တော့ ဆတ်တင့်င့်နဲ့ ရိုက်ထားသမျှ တစ်နေ့ နှစ်ပွဲနဲ့ အကုန်ပြဖို့ကောင်းတယ်"

"ဝတ္ထုလိုလည်းမဟုတ်ဘူး"

"ကျွန်တော်ကတော့ ဘာပဲပြောပြော ဒီ ကျော်ဆွေ၊ ထွန်းဝေ၊ မြင့်မြင့်ခင်ဆိုတဲ့ ဇာတ်ကောင်သုံးယောက်ကို ခွင်ကျအောင်ကိုင်ရဲတဲ့ ဦးချစ်ခင်ကို အချီးကျူးဆုံးပဲ"

စာရေးဆရာတစ်ယောက်ကမူ...

"မြန်မာဇာတ်ကားတွေမှာ ဇေယျာဟာ ဆရာဝန်ဘဆွေအခန်း ဝင်ရိုက်တယ်ဆိုပါတော့၊ ဇေယျာဆိုတာပျောက်ပြီး ဆရာဝန်ဘဆွေလို့ ပရိသတ်မှာ မကျန်ရစ်ခဲ့ဘူး။ ဆရာဝန်ဘဆွေကသာ ဇေယျာလို့ကျန်ရစ်ခဲ့တယ်။ 'မွေး'ရဲ့ထူးခြားချက်က ကျော်ဆွေဆိုတာ ပျောက်ပြီး 'အတွတ်'အနေနဲ့ ကျန်ရစ်ခဲ့တယ်။ ထွန်းဝေပျောက်ပြီး 'ကိုကိုနိုင်'ဟာ ပရိသတ်ပါးစပ်မှာ ကျန်ရစ်ခဲ့သလို မြင့်မြင့်ခင်ပျောက်ပြီး 'မွေး'သာကျန်ရစ်ခဲ့တယ်။ အဲဒီသုံးယောက်ရဲ့ အောင်မြင်မှုပဲ"

"တစ်မျိုးတော့ တစ်မျိုးကြီးပဲဗျ၊ ဒါပေမဲ့ ကျွန်တော် မွေးကိုကြည့်တာ နှစ်ခါရှိသွားပြီ" ကျောင်းက ကျူတာတစ်ယောက်က ဆို၏။

အဆောင်မှူးတစ်ယောက်ကမူ...

"မွေးကိုကြည့်ပြီး ကျွန်တော် 'အတွတ်'သိပ်ဖြစ်ချင်တာပဲ"ဟု ပြောပြန်သည်။

"ကျွန်မကတော့ အတွတ် စကားတိုးတိုးပြောတာ သဘောကျလို့ ပြန်

http://www.cherrythitsar.org



ကြည့်တာ သုံးခါရှိပြီ”ဟု ကျောင်းသူတစ်ယောက်ကဆို၏။

ဝန်ကြီးကတော်တစ်ယောက်ကမူ “အဲဒီအတွတ်က သဘာဝကျလွန်းပြီး စကားတိုးတိုးပြောတာ လွန်သွားတော့ ဘာမှမကြားရဘူး။ ဒီဇာတ်ကားမှာ အသံဖျက်နေတယ်”ဟု ဆို၏။

ပါလီမန်အတွင်းဝန်တစ်ယောက်ကမူ “အားလုံးခြုံပြီး ကျွန်တော်တော့ သဘောကျတယ်။ အသံနည်းနည်းလိုတယ်၊ အတွတ်က နောက်ဆုံး သူ့အချစ်ကို ဖွင့်ပြောတာ သဘောမကျဘူး”ဆို၏။

ကျွန်မအနေနှင့်မူ ထိုကဲ့သို့ ဝေဖန်သည်ကို သဘောကျသည်။ ကျွန်မ ဇာတ်ကောင်အတွက်ကို အသက်သွင်းစဉ်ကတည်းက သူသည် အချိန်ကိုမတွက် တတ်သူတစ်ယောက်အနေနှင့် အသက်သွင်းထားရာ ယခုနေရာတွင် နှေးနှေး ကွေးကွေး လုပ်ရမည့်နေရာတွင် မြန်မြန်ထက်ထက် လုပ်လိုက်မိသော အမှားက အတွတ်အား နောက်ဆုံး ပစ်ရိုက်လိုက်ခြင်းဖြစ်သည်။ ပွဲကြည့်ပရိသတ်က ကျွန်မလိုချင်သလို မြင်သွားသည်ကို ကျွန်မ သိပ်ဝမ်းသာ၏။

“ကျွန်တော်တို့ကတော့ ဘွဲ့နှင်းသဘင်ခန်းမနောက်မှာ မွေးကို ကိုကိုနိုင် ရည်းစားစကားပြောခန်းမှာ ထွန်းဝေဟန်ကို သဘောကျလို့ ပြန်ကြည့်တာ နှစ်ခါရှိပြီ”

‘မွေး’ကား ဝေဖန်သံ၊ ပြစ်တင်သံ၊ ကဲ့ရဲ့ ချီးမွမ်းသံတို့နှင့် ဂယက်လှိုင်း၍ နေလေသည်။ ချစ်လည်းချစ်ကြ၏၊ မုန်းလည်းမုန်းကြ၏။

တချို့က သုံးကျပ်ခွဲတန်း လူထုကို ဂရုစိုက်၏။ ကျွန်မဆန္ဒကမူ သုံးကျပ် ခွဲတန်းမှသည် ခုနစ်ဆယ့်ငါးပြားအထိ သတိပြုမိ၏။

ဇာတ်လမ်းမှာ အလယ်က အေး၍ အားလပ်ချိန်မှသည် အဆုံးအထိ **(Climax)**ကို သယ်သွား၏။ အိန္ဒိယအပြန် ကိုကိုနိုင် နောက်မိန်းမ ကလေးမွေး ကြောင်း သိရပြီး ကိုကိုနိုင်၊ အတွတ်၊ မွေးတို့ သုံးယောက် ဆုံခန်းတွင် ပရိသတ်သည် အပ်ကျသံမကြားရ၊ ငြိမ်သက်နေသည်။ ကျွန်မရင်ထဲတွင် ထိုအခါမှ အလုံးကျ၍ အေးသွားတော့သည်။

ပရိသတ်ကို အထင်သေးသူတစ်စုက တစ်ကျပ်ခွဲတန်း၊ ခုနစ်ဆယ့်ငါးပြား တန်းသမားတို့သည် **(Emotion)**များသော ရုပ်ရှင်ကို မကြည့်တတ်၊ နောင်ဂျိန်နှင့် နတ်ကားသာ ကြည့်တတ်သည်ဟု ဆိုကြသည်။

‘မွေး’တွင် ပရိသတ်သည် ထိုကဲ့သို့ ဝေဖန်သူတို့မှားကြောင်း ပြလိုက်သည်။

http://www.cherrythitsar.org



သူတို့သည် အထင်သေးအပ်သော လူတန်းစားများ မဟုတ်ကြပေ။

ဇာတ်ကောင်များနှင့် ဒါရိုက်တာသာ ကြိုးကြိုးစားစား အောင်မြင်အောင် စွမ်းဆောင်နိုင်ကြားအံ့၊ သူတို့သည် အသည်းနှလုံးနှင့် ခံစားတတ်သောသူများပီပီ ဇာတ်ကားခေါ်ဆောင်ရာသို့ လိုက်ပါနိုင်ကြသည့်လူများ ဖြစ်ကြောင်းကို 'မွေး'တွင် သက်သေပြလိုက်သည်။

အင်မတန်အေး၍ လူဆိုးမပါဘဲ ဇာတ်အိမ်ဆင်ထားသော 'မွေး'ဇာတ်ကားသည် စင်စစ် အလယ်ပိုင်းတွင် လေးနေလေသည်။ ထိုလေးနေသော အပိုင်းကို အသက်သွင်းကာ လှုပ်ရှားပေးရာတွင် ပြောင်မြောက်စွာ ကြိုးစားပေးသော ဦးကျော်ဆွေ၊ ဦးထွန်းဝေနှင့် ဒေါ်မြင့်မြင့်ခင်တို့အား ကျွန်မ အထူးပင် ကျေးဇူးတင်မိသည်။

ကျွန်မ ထပ်မံ၍ ကျေးဇူးတင်ရမည့်သူများမှာ အလင်္ကာကျော်စွာနှစ်ဦးဖြစ်သော ရွှေပြည်အေးနှင့် ဦးစိန်ဝေလျှံ၊ စန္ဒရားဦးချစ်ဆွေ၊ ဦးမြတ်လေးနှင့် အဆိုကျော် ဦးမောင်မောင်ကြီး၊ ဦးမင်းသူနှင့် မာမာအေး ဖြစ်သည်။ သီချင်းစကားလုံး ရှာသူများကိုရော၊ ထိုစကားလုံးများကို ပရိသတ်အသည်းနှလုံးကို ပို့ပေးသူများကိုရော၊ ကျွန်မ အထူးကျေးဇူးတင်မိသည်။

ကျွန်မတို့ အနုပညာသမားတို့သည် လူတစ်ဦးနှင့်တစ်ဦး မတွေ့ဆုံကြသော်လည်း ပညာချင်း အတွေးအခေါ်ချင်း တစ်နေရာတွင် ဆုံတတ်ကြပါတကားဟု တွေးမိသောအခါ "ဘယ်လိုပဲ"ဟု မဖော်ပြတတ်သော ကြည်နူးသော စိတ်ဝေဒနာကို ကျွန်မ ခံစားလိုက်မိသည်။

ကျွန်မ၏ ဝတ္ထုများထဲတွင် ဇာတ်ကောင်များသည် အထီးကျန်သောအခါတွင်ဖြစ်စေ၊ ရွှင်လန်းတက်ကြွသောအခါတွင်ဖြစ်စေ ပန်းလေးများနှင့် အတူနေကြ၏။ ပန်းများကြွေ၍ မွေးပျံ့သောလမ်းတွင် လျှောက်သွားတတ်ကြသည်။

ထို ကျွန်မ၏အတွေးလေးများသည် စာစပ်သူ ကဗျာဆရာ (ဝါ) သီချင်းစပ်သူ၏ နှလုံးသားတွင် အလိုအလျောက်ပေါ်လာ၏။ သူသည် ကျွန်မနှင့် မတွေ့ဖူး၊ မကြုံဖူးပါလျက်...

"ပန်းကြွေသောလမ်း၊ ဖြတ်သန်းလျှောက်သောအခါ ကိုယ့်အသည်း ဘယ့်နှယ်ရှိပါ့မယ် မွေးရယ်"ဟူသော တမ်းတယူဖွယ်ကောင်းသည့် သီချင်းကို သူ့အသည်းနှလုံးမှ သွန်ချပေးလိုက်လေသည်။

ကျွန်မတို့ချင်း မဆုံမိပါဘဲလျက် အတွေးအခေါ်ချင်း ဆုံမိကြသည်ကို ကျွန်မ အလွန်ပင်နှစ်သိမ့်မိပေသည်။

http://www.cherrythitsar.org



ကုမ္ပဏီပိုင်ရှင် ဦးကျော်စိုးမှာ မွှေး ရုံပေါ်ရောက်မှပင် ပြုံးနိုင်တော့သည်။

"မခင်ယု လာပါဦး" ဟု ဖိတ်ခေါ်ကာ မြို့လယ်ရှိ ရုံလေးရုံစလုံး တစ်ပတ်တိတိ ပြည့်နေပုံကို ခေါ်ပြ၏။ အရှုံးအမြတ်မှာ ကျွန်မနှင့် မဆိုင်တော့ပြီ ဆိုသော်လည်း ကျွန်မလည်း ထိုအခါမှ "ဟင်း" ချနိုင်တော့၏။

ဦးချစ်ခင်လက်သို့ သမီးကညာ မွှေးကို ဝကွက်အပ်လိုက်မိခြင်းအတွက် ကျွန်မ ယခု သံသယမဖြစ်တော့ပေ။ ငွေထုတ်ရဲသူ ပိုင်ရှင်ကိုလည်းကောင်း၊ ထုတ်လုပ်မှုအတွက် လိမ့်နေအောင် ကြိုးစားရသူ မမည္ဘနှ်နှင့် မမငြိမ်းကိုလည်းကောင်း၊ ဇာတ်ဆောင်သူတို့၏ စေတနာသည်လည်းကောင်း မွှေးကို တန်ဆာဆင်ကြပေသည်။

စေတနာသာ မပါခဲ့လျှင် နောက်ထပ် သိန်းမည်မျှပင်ကုန်ကုန် 'မွှေး' ကားရုပ်ရှင်ဇာတ်လမ်းတစ်ခုအဖြစ် မရောက်နိုင်ပေ။

မွှေးအပေါ်၌ ပွဲကြည့်ပရိသတ် စေတနာညွှတ်မှုကြောင့်ပင် နောက်ဆုံးအပတ်တနင်္ဂနွေနေ့အထိ ရုံပြည့်ရလိုက်သေးသည်။

'မွှေး' ကား အောင်မြင်သည်ဟု ဆိုရပေမည်။ တိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံ စွန့်စား၍ တိုက်ခဲ့ရသောကြောင့် အောင်မြင်မှုကိုရလာသော စစ်သားတိုင်းတွင် နဖူး၊ ဒူး စသည်တို့၌ အနာရွတ်မကင်းကြ။

ထိုအတူ 'မွှေး' သည်လည်း ပရိသတ်လက်ခံ၍ အောင်မြင်သော ဇာတ်ကားတစ်ကား ဖြစ်သော်လည်း အနာရွတ်မကင်းသည်ကို ကျွန်မ ဝန်ခံပါ၏။

သို့သော် အနွတ္တ ထိုအမည်ကလေ 'မွှေး' တည့်လေ။

**[ရှုမဝမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၆၁ ခုနှစ်၊]**

# စာပေဗိမာန်ဆုနှင့် သူ့အာဘော်

စာပေဗိမာန်ဆုကို မမျှော်လင့်ဘဲရရှိတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ဘာဖြစ်လို့ မမျှော်လင့်သလဲဆိုရင် လွန်ခဲ့တဲ့နှစ်နှစ်လောက်က ကျွန်မဆရာက မေးဖူးပါတယ်။ "စာပေဗိမာန်ဆု ရဖူးပါသလား"တဲ့။ ကျွန်မက "ကျွန်မ တစ်သက်မှာတော့ စာပေဗိမာန်ဆု ရမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာပေဗိမာန် သုခမိန်တွေသတ်မှတ်ထားတဲ့ 'ဘောင်'ထဲကို ခွင်ကျအောင် ကျွန်မ မရေးနိုင်လို့ပဲ"လို့ ဖြေခဲ့ပါတယ်။ ကျွန်မ ဆရာကတော့ "မင်းတော်တဲ့တစ်နေ့ ရမှာပါ"လို့ ပြောပြပါတယ်။

မနှစ်က ကျွန်မရဲ့ဆရာတစ်ဦးဖြစ်တဲ့ စာရေးဆရာကြီး ဦးသိန်းဖေမြင့်ရဲ့ 'အရှေ့က နေဝန်းထွက်သည့်ပမာ'ဝတ္ထု စာပေဗိမာန်ဆုအဖြစ် ပေးလိုက်တော့ ကျွန်မ အလွန်ဝမ်းသာသွားတယ်။ ဘာကြောင့်လဲဆိုတော့ စာပေဗိမာန်ရဲ့ သတ်မှတ်ထားတဲ့ 'ဘောင်'ဟာ ကျယ်ပြန့်လာပြီလို့ ကျွန်မ ယူဆမိလို့ပါပဲ။

ကြေးမုံရိပ်သွင်စာအုပ်ဟာ ရှုမဝ၊ မြဝတီမဂ္ဂဇင်းများမှာ ရေးခဲ့တဲ့ ကျွန်မ ဝတ္ထုတိုများအနက် ကျွန်မစိတ်ကြိုက် ဝတ္ထု ၁၂ပုဒ်ကို ရွေးထုတ်ပြီး ပြန်လည် စုပေါင်း ရိုက်နှိပ်ထားတဲ့စာအုပ် ဖြစ်ပါတယ်။

ဒုတိယအမှတ် (၂) အဖြစ် ကျွန်မဝတ္ထုတိုများကို ဆက်လက်စုပေါင်းပြီး ထုတ်ဝေသွားပါ့မယ်။

ကျွန်မဝတ္ထုတိုများကို စုပေါင်းပြီး တစ်အုပ်တည်းဖြစ်အောင်လုပ်ဖို့ အကြံ

ဉာဏ် ပထမဆုံးပေးသူကတော့ ကျွန်မ မမြင်ဖူးတဲ့ ကျွန်မရဲ့စာဖတ်ပရိသတ် ဦးတင်လှသော်ပါပဲ။ သူ့အကြံဉာဏ်အတိုင်း ကျွန်မ စိတ်ကူးနေတုန်း ငွေတာရီ စာစဉ်က လာရောက်တောင်းခံလာတာနဲ့ 'ကြေးမုံရိပ်သွင်'ဟာ စာတစ်အုပ်အဖြစ် အကောင်အထည်ပေါ်လာတာပါပဲ။

စာဆိုနဲ့ စာဆိုရဲ့ပတ်ဝန်းကျင်ဟာ ဆက်စပ်နေတယ်ဆိုတာကတော့ အများ သိရှိပြီး ဖြစ်ပါတယ်။ ကြေးမုံ သို့မဟုတ် မှန်ပြင်ဟာ သူ့ပတ်ဝန်းကျင်ရဲ့ အဆင်း အသွင် အကျည်းတန် အရုပ်ဆိုးတာတွေကိုရော၊ အလှအပကိုရော အထင်းသား ပေါ်လွင်စေသလိုပါပဲ။ စာရေးသူတစ်ယောက်ရဲ့ စာပေမှာလည်း သူ့ခေတ်ရဲ့ အလှအပရော၊ အကျည်းတန်တာတွေကိုရော အားလုံးကိုမြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မစာအုပ်ကို 'ကြေးမုံရိပ်သွင်'လို့ ကျွန်မ အမည်ပေးခဲ့ပါတယ်။

ကျွန်မစာအုပ်ကို ဆရာဦးမျိုးမင်းက ဝေဖန်တဲ့နေရာမှာ ခင်နှင်းယုသည် လူ့လောကဇာတ်ခုံကို နံဘေးက၊ နောက်က တစ်ဝကြီး ကြည့်ထားဟန်တူသည်။ ကြည့်ပြီး တွေ့ရသမျှကို ဝတ္ထုတိုအဖြစ်ဖြင့် အန်ချထားသည်။ ဘယ်အချိန်အခါ ကများ သွားကြည့်လိုက်မှန်းမသိ။ သူ့အသက်အရွယ်နှင့်ဆိုလျှင် လူ့လောက ဇာတ်ခုံကို ဤမျှ ထင်းထင်းကြီးမြင်ခဲ့သည်မှာ အံ့သြစရာကောင်းသည်လို့ ဆိုခဲ့ပါတယ်။

ပထမတော့ ကျွန်မကိုယ်ကျွန်မလည်း လောကဇာတ်ခုံကို ရှေ့တည့်တည့်က ကြည့်ဖို့ မွေးဖွားလာတယ်လို့ အောက်မေ့ခဲ့မိပါတယ်။ နောက်တော့မှ ကျွန်မဟာ ကျွန်မနေရာ ဘယ်နေရာလဲဆိုတာ သိခဲ့ပါတယ်။ လောကဇာတ်ခုံကို ကန့်လန့်ကာ ဘေးနဲ့ ဇာတ်ခုံနောက်ကပဲ ကြည့်ရမယ့်ဘဝပါလားလို့ သိပါတယ်။

ဒီလူ့လောကကို စာရေးသားဖို့ ခေတ္တအလည်ရောက်တာနဲ့ ကျွန်မဟာ ဘဝဇာတ်လမ်းကို ရှေ့ပွဲခင်းလောက်ကသာ ကြည့်တတ်ခဲ့ရင် ကျွန်မ စာပေဟာ အပေါ်ယံရုပ်ရုပ်ကလေးပဲဖြစ်မယ်။ အမှန်တရားကို သရုပ်ဖော်နိုင်မှာ မဟုတ်ပါ ဘူး။

ဇာတ်ကြည့်တဲ့နေရာမှာ မာနကြီးတစ်ခွဲသားနဲ့မနေနဲ့။ ဇာတ်ဆရာကတော်ရဲ့ ဆေးလိပ်လည်း မီးညှိပေးသင့်ပေး၊ မင်းသမီးကြီးကပြီးလို့ ကန့်လန့်ကာနောက် ပြန်ဝင်လာရင် ထဘီခေါက်ပေးသင့်ပေး၊ စစ်သူကြီးဇာတ်စင်ရှေ့ ထွက်ရမယ့် အခန်းရောက်ရင် ဓားတို့ ဘာတို့ ယူပေးသင့် ပေးလို့ သွန်သင်လိုက်သူက တော့ ကျွန်မရဲ့မိခင် ဒေါ်သိန်းတင်ပါပဲ။ ဒါပေမဲ့ မာန်ကြီးတဲ့ သူ့သမီးကို

http://www.cherrythitsar.org



ဇာတ်ခုံတစ်နေရာမှာထားခဲ့ပြီး သူကတော့ လူ့လောကကို စွန့်ခွာသွားပါပြီ။

ပွဲကြည့်လို့အကောင်းဆုံးနေရာကတော့ ကန့်လန့်ကာကြားပဲလို့ နေရာချထားသူကတော့ ကျွန်မရဲ့အစ်ကိုကြီး ဦးနုပါပဲ။ ကျွန်မငယ်ငယ် အရွယ်မရောက်တရောက်မှာ မီးဖိုထဲဝင်လာပြီး "မိခင်ယု ငရုတ်သီးထောင်းရင်းနဲ့ပဲ မင်းဘဝကို အချိန်ဖြုန်းတော့မှာလား"လို့ သူမေးခဲ့တဲ့ မေးခွန်းဟာ ကျွန်မဘဝကို တစ်ခန်းသစ်စေခဲ့တာပါပဲ။ သူကတော့ မေ့ချင်မေ့သွားပါလိမ့်မယ်။ ကျွန်မအဖို့ ဒီစကားလုံးကို ကြားယောင်ပြီး အမြဲကြိုးစားတာပဲ။

အရွယ်ရောက်လို့ ဇာတ်စင်နောက်၊ သို့မဟုတ် ကန့်လန့်ကာကြားက ကျွန်မခေတ်ရဲ့ ဇာတ်ထုပ်ကိုလည်း လှမ်းကြည့်လိုက်ပါရော ဖဆပလ ဆယ်နှစ်ဆယ်မိုး ဇာတ်ထုပ်ကြီးနဲ့ တိုးနေပါရော။

အပြင်ကန့်လန့်ကာရှေ့မှာတော့ ပျော်ရွှင်စရာ၊ ကြည်နူးစရာ၊ လွမ်းစရာတွေကို တခမ်းတနား ကပြသွားတာပါပဲ။ ကျွန်မ ကန့်လန့်ကာကြားက မြင်ရတာကတော့ အားတက်စရာနည်းနည်းပဲ တွေ့ရတယ်။ ဇာတ်ခုံနောက်မှာက အခန်းတစ်ခန်းမထွက်ခင် ဖြောင်းဆန်နေကြတာ တွေ့မြင်ရတော့ သိပ်ရင်မောတာပဲ။ ကျွန်မ မြင်ရတာတွေကို နိုင်ငံရေးလိုမရေးဘဲ "လူတို့သဘောသည် ဤသို့ပါတကား"ဆိုတဲ့ လူကို လေ့လာခြင်းအနေနဲ့ပဲ ကျွန်မ ရေးခဲ့ပါတယ်။

ဒါကြောင့် အသစ်ကိုတွေ့ရင် တွဲဖက်အနှစ်နာခံလာခဲ့တဲ့ အဟောင်းကို ပစ်ရက်သော သူကို ရည်ညွှန်းပြီး 'ခံပွင့်'ကို ရေးခဲ့ပါတယ်။ စံပယ်ပန်းတွေ နန်းပေါ်မလှိုင်ခင် ခံပွင့်ကိုသုံးခဲ့ပြီး စံပယ်ပေါ်လာတော့ ခံပွင့်ကို ပစ်ရက်လေခြင်းလို့ ကျွန်မတော့ လူ့လောကကို သံဝေဂယူမိပါတယ်။

'ဘိန်းစားရေချမ်း'မှာဆိုလည်း ပတ်ဝန်းကျင်က ရေချမ်းကို လူဆိုးကြီး၊ လူယုတ်မာကြီးလို့ ထင်မြင်ကြပေမဲ့ ရေချမ်းဟာ တကယ်တော့ သူတော်ကောင်းကြီးတစ်ယောက်ပါပဲ။ လူတွေဟာ တစ်ခါတစ်ခါ ပတ်ဝန်းကျင်အမြင်နဲ့ အဆုံးအဖြတ်ခံရ လူဆိုးကြီးဘဝနဲ့ ဇာတ်စင်ပေါ် စခန်းသိမ်းသွားကြရတဲ့ သူတော်စင်တွေကို ကျွန်မ ရည်ညွှန်းခဲ့ပါတယ်။

တစ်ဖန် လူတွေဟာ အာလယဆိုတဲ့သဘော သက်ဝင်လာရင် သခါရကို အစဉ်ထာဝရသဘောလို့ မှတ်တတ်ကြတယ်။ ကိုယ့်ရဲ့တန်ခိုးအာဏာ တည်မြဲရေးအတွက် စာပေ သို့မဟုတ် စာရေးသူများကို လွမ်းမိုးချင်လာတယ်။ မွေးချင်လာတယ်။ အဲဒါကို မြင်လာပြန်တော့လည်း စာပေဟာ လမင်းလို ထာဝရမြဲပြီး

http://www.cherrythitsar.org



တန်ခိုးအာဏာဟာ မိုးသားတိမ်တိုက်များလို ခေတ္တသာ လမင်းကိုဖုံးလွှမ်းပြီး မကြာခင် မိုးရေမိုးစက်များအဖြစ် ရွာချပြီး ပျောက်ပျက်သွားမယ်ဆိုတဲ့သဘောကို 'လမင်းနဲ့တိမ်တိုက်'မှာ ကျွန်မ ရေးခဲ့ပါတယ်။

'ရွှေတမာ'ကတော့ ဝတ္ထုထဲပါတဲ့ ရေးကဗျာဟောင်းလေးကို ကျွန်မ သိပ် သဘောကျတယ်။

မဲဇလီပင်ပျိုအောက်
ပေါက်လာတဲ့ ရွှေတမာ
ခါးချက်ကနှာ။
ရေစီးရယ်တစ်ခါ
ရေသာရယ် တစ်လှည့်။
သူများလို တို့မရိုင်းတယ်
တိုင်းသိပါရဲ့။

အဲဒီကဗျာလေးကိုက တိုတိုနဲ့ အဓိပ္ပာယ်သိပ်ထိရောက်တာပဲ။

တို့များဟာ တို့အလှည့်ရောက်လာလို့ ခါးနိုင်တဲ့အင်အားရှိချိန်မှာတောင် အခါးကြီးခါးခဲ့တဲ့ သူများကို လက်စားပြန်မချေပါဘူး။ သူများလို တို့မရိုင်းပါဘူး ဆိုတဲ့ ရိုးရိုးလေးပြောပြပုံဟာ ခွင့်လွှတ်ခြင်းကို အဓိပ္ပာယ်အပြည့်အစုံ ဖော်ပြ ပါတယ်။

အတုံ့အလှည့်တွေနဲ့ သံရာရှည်ပြီး သတ်ပြီးရင်းသတ်နေတဲ့ ဇာတ်ခုံကို မြင်ရတာ မောမောနဲ့ ကျွန်မဟာ 'ရွှေတမာ'ကို ရေးခဲ့ပါတယ်။

'နှင်းဆီမွေ့ရာ'ကတော့ လူတွေဟာ အာရုံငါးပါးက အသိစိတ်ဓာတ်တွေ ကြွယ်ဝလေသမျှ အတွေ့ကိုသာယာလေလေ ဒုက္ခတွေများလေလေဆိုတဲ့ သဘော ကို ရည်မှန်းခဲ့ပါတယ်။

တခြားဝတ္ထုတိုများကိုလည်း ရည်ရွယ်ချက်တစ်ခုစီနဲ့ ကျွန်မ ရေးခဲ့ပါတယ်။ နောက် ကြုံကြိုက်မှပဲ ပြောပြပါ့မယ်။

ကျွန်မဟာ လူ့လောကကို စာရေးဖို့အလည်ရောက်လာသူပီပီ လက်ထပ်တဲ့ အခါမှာလည်း စစ်မှုထမ်းသူကို လက်ထပ်ခဲ့လေတော့ ဘဝဟာ ပိုစုံပြီး ကျွန်မ ဘဝ ကြေးမုံပြင်မှာ စစ်လောကဟာလည်း အရိပ်ထင်လာပြန်တယ်။ ဒါကြောင့် 'ကျွန်းဧကရီ'ကို ကျွန်မ ရေးခဲ့ပါတယ်။

ဘဝကို မြင်ရုံနဲ့မပြီးသေးပါဘူး။ ပရိသတ်ကို တင်ပြတဲ့နေရာမှာ ပရိသတ်

http://www.cherrythitsar.org



မနောကို ချောချောကြီးကျအောင် ဝတ္ထုရေးပုံကို ပထမဆုံးသင်သူများကတော့ ဆရာဦးတင့်တယ်နဲ့ ဆရာဦးသန်းဆွေပါ။ အတုခိုးတာကတော့ မြင်သမျှ ကြားသမျှ စာပေသမားများထံက အားလုံးယူခဲ့တာပါပဲ။ ကျွန်မစာပေများ စက်တင်ပုံနှိပ်တဲ့အဖြစ်မရောက်ခင် လက်ရေးစာမူတွေကို ကြိုးစားဖတ်ပေးတဲ့ ဘကြီးဟန်နဲ့ သခင်သာခင်ကိုလည်း ကျေးဇူးတင်ပါတယ်။

ဘဝမှာတော့ ခရီးတစ်ကွေ့ ရောက်ခဲ့ရပြန်ပြီ။ ကျွန်မတို့ဘဝအတွေ့အကြုံလေးတွေကို အသိအမှတ်ပြုတဲ့ သဘာပတိကြီးနဲ့ စာပေဗိမာန်ပညာရှင်များရော ကျွန်မရဲ့ ချစ်စွာသော စာဖတ်သူများကိုရော အထူးပဲ ကျေးဇူးတင်ပါတယ်။

ကျွန်မရဲ့အမြင်ကို တင်ပြရာမှာ နှစ်ဖက်စွန်းသို့မရောက်စေဘဲ မဇ္ဈိမပဋိပဒါ ကျရမယ်လို့ မေမေကွယ်လွန်ပြီးနောက် ကျွန်မစာပေကို ထိန်းသိမ်းပေးတဲ့ ကျွန်မ ခင်ပွန်းသည်ကိုလည်း ကျေးဇူးတင်ပါတယ်။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းပါစေ။

**(၁၈–၁၂–၆၁ စာဆိုတော်နေ့ စာပေဗိမာန်ကချီးမြှင့်သော ဝတ္ထုတိုဆုကိုလက်ခံစဉ် ပြန်ကြားသော ခင်နှင်းယု၏ ပြောကြားချက်)**

**[မြဝတီမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၆၂ ခုနှစ် ]**

# နိုင်းမြစ်ပေါ်က ဆည်းဆာချိန်

နိုင်းမြစ်ရှိရာသို့ ကျွန်မသွားသောအချိန်မှာ ဆည်းဆာချိန်ဖြစ်သည်ကို မသွားခင်ကပင် ကျွန်မ သိရှိခဲ့ပေသည်။ သို့သော် ဤဆည်းဆာချိန်သည် ညဥ့်အမှောင်သို့ မကူးပြောင်းခင် ကြားကာလဆည်းဆာချိန်ပင်လော၊ ကြည်လင်တောက်ပသော နေရောင်ခြည်ဖြင့် အားသစ်တက်ဖွယ်ကောင်းသော နံနက်ခင်းသို့ ကူးပြောင်းမည့် ဆည်းဆာချိန်လော ဆိုသည်ကို ကျွန်မ မဝေခွဲတတ်ပေ။

နေရောင်ခြည်လည်း ဝိုးတိုးဝါးတားလင်းနေဆဲဖြစ်၍ ကျွန်မသည် အားသစ်တက်နေပေသည်။ နေရောင်ခြည်အောက်တွင် ကျွန်မတို့ အာရှ၊ အာဖရိကတိုက်စာရေးဆရာတို့ တွေ့ဆုံကြရပေမည်။ ကျွန်မတို့ အသည်းနှလုံးတွင် ပွင့်ကြသောပန်းများကို ပွင့်လင်းစွာ ကြည့်ရှုခွင့်ရကြပေမည်။ လဲလှယ်ခွင့်၊ မြတ်နိုးစွာပြောနိုင်ခွင့် ရပေလိမ့်မည်ဟု ကျွန်မ ယုံကြည်ခဲ့၏။

ကျွန်မတို့၏ ဘိုးဘွားပိုင် ရင့်ကျက်ပြီးဖြစ်သည့် ယဉ်ကျေးမှုများအကြောင်းလည်း နှီးနှောဖလှယ်ခွင့် ရရှိပေလိမ့်မည်ဟု ကျွန်မ မျှော်ကိုးခဲ့၏။

ကျွန်မသည် ချစ်မိလျှင် အသည်းစွဲတတ်သူဖြစ်ပေရာ လွန်ခဲ့သော ငါးနှစ်ခန့်ကပင် နိုင်းမြစ်ကို မမြင်ဖူးဘဲနှင့် ချစ်နေသည်။ ရှေးဟောင်းအီဂျစ်ကို **'Egptian'**ခေါ် (အီဂျစ်မြို့သားကြီး) ဝတ္ထုကို ဖတ်ပြီးကတည်းက မျက်စိထဲတွင် မြင်နေသည်။ အိပ်မက် မက်နေသည်။ တစ်နေ့သော် အီဂျစ်ပြည်ကြီးကို မျက်ဝါးထင်ထင် မြင်ရပေမည်ဟု ပြင်းစွာယုံကြည်ခဲ့သည်။

http://www.cherrythitsar.org



ဝတ္ထုထဲတွင် ဇာတ်လိုက် သမားတော်ကြီး ဆီနူးသည် နိုင်းမြစ်ကမ်းပါးတွင် မွေးဖွားလာသူဖြစ်၏။ သူသည် မွေးစကတည်းက နိုင်းမြစ်ရေတွင် မျောပါလာခဲ့သူ ဖြစ်သည်။ အရွယ်ရောက်ပြန်တော့လည်း နိုင်းမြစ်ပေါ်တွင် ရေပန်းများ တဖွားဖွား တက်အောင် လှော်ခတ်သွားသော အီဂျစ်လှေကြီးများကိုကြည့်ကာ သူသည် အားတက်သည့်အခါလည်း တက်ခဲ့၏၊ ဝမ်းနည်းသည့်အခါလည်း နည်းခဲ့သည်။

သို့သော် ဝတ္ထုဆုံးခါနီးတွင်မှ သူ့တိုင်းပြည်အခြေအနေကြည့်ကာ သူ စိတ်ပျက်ခဲ့ဟန်တူသည်။ "နေဝင်ချိန်ကိုကြည့်ဖို့ သူမွေးဖွားလာခဲ့ပါတကား" ဟူသော သူ၏ ညည်းညူသံကို ကျွန်မ မမေ့ပေ။

သူ၏ ယုံကြည်ချက်ကိုမစွန့်လွှတ်သောကြောင့် ဘုရင်က သူ့ကို နယ်နှင် ဒဏ်ပေးခဲ့သည်။ သူ့ကိုပေးအပ်သော ရာထူးကိုပင်မယူ၊ အားလုံးကိုစွန့်လွှတ်ကာ နယ်နှင်ဒဏ်ပေးရာသို့ ထွက်ခွာသွားခဲ့သည်။ ဇာတ်လိုက်ကြီး ပါဝင်သွားသော အကွက်တို့တွင် အီဂျစ်တို့၏ ဓလေ့၊ သတ္တိ၊ ယုံကြည်မှုတို့ကို ခပ်စေ့စေ့လေးပေါ်အောင် ဆီနူးသည် ဖော်ပြသွားခဲ့သည်။

ယခုသော် ကျွန်မအိပ်မက်ထဲတွင်တမ်းတသော ဆီနူး၊ တစ်ခါက စိတ် ကူးယဉ်ခဲ့သည့် နိုင်းမြစ်ကို ကျွန်မ မျက်ဝါးထင်ထင် မြင်ရပေပြီ။ သို့သော် နိုင်းမြစ် ကမ်းပါးသည် ရှေးဟောင်းအီဂျစ်မဟုတ်တော့။ အာရပ်ပြည်ထောင်စု အဖြစ် အမည်ပြောင်းထားသော ခေတ်သစ်အီဂျစ်ဖြစ်၍နေပေပြီ။

ကျွန်မ အားတက်သရောမျှော်လင့်တမ်းတခဲ့သော အာရှ အာဖရိကမှ စာရေး ဆရာများကိုလည်း တွေ့ရပေပြီ။

ကျွန်မသည် အသည်းနှလုံး၏ လွတ်လပ်ခွင့်ကို မြတ်နိုးသူဖြစ်ပါ၏။ မသွားခင် အစ်ကိုကြီးဖြစ်သူကို တိုင်ပင်စဉ်က "သွားဖို့တော့ကောင်းပါတယ်၊ စရိတ်အတွက် အစိုးရဆီကလည်း မယူရင်ကောင်းမယ်၊ သံရုံးတွေရဲ့ အထောက် အပံ့ကိုလည်း မယူရင်ကောင်းမယ်။ ဒါမှလည်း ကိုယ့်ယုံကြည်ချက်ကို ပွင့်ပွင့် လင်းလင်း တင်ပြနိုင်မှာ"

ကျွန်မသည် သူ့ဆိုလိုချက်ကို သဘောတူညီသည့်အတိုင်း ကိုယ့်စရိတ်နှင့် ကိုယ် လာခဲ့သူဖြစ်ပေသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အာရှ အာဖရိက စာရေးဆရာညီလာခံကို စခဲ့ပေပြီ။ ၁၂ ရက်၊ ၁၃ ရက် နှစ်ရက်လုံးလုံးလို သက်ဆိုင် ရာ တိုင်းပြည်မှ ဝန်ကြီးချုပ်များ၏ သဝဏ်လွှာကို ဖတ်ရှုခြင်း၊ တိုင်းပြည် အသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၏ အစီရင်ခံစာကို ဖတ်ပြကြခြင်းဖြင့်

http://www.cherrythitsar.org



အချိန်ကုန်ခဲ့သည်။

အစီရင်ခံစာများ ဖတ်ကြကတည်းက ဤကွန်ဖရင့်ကြီးကို ကျွန်မ စိတ်ထဲတွင် တစ်မျိုးမြင်လာသည်။ တစ်စုံတစ်ခုသောအရိပ်ကြီးသည် အစည်းအဝေးခန်းမပေါ် မိုးနေသလို စိတ်ထဲမှာထင်မိ၏။ ကျွန်မဖြစ်နေကျအတိုင်း အသက်ရှူရ ကျပ်လာလေသည်။

သက်ဆိုင်ရာ တိုင်းပြည်များမှ ဝန်ကြီးချုပ်များ၏ သဝဏ်လွှာများကမူ ငြိမ်းချမ်းရေးကို မျှော်လင့်ကြီးစွာ အရင်းခံထား၍ သဝဏ်လွှာပါးကြပေသည်။

ဤကွန်ဖရင့်ကြီးသည် ငြိမ်းချမ်းရေးပန်းတိုင်သို့သွားရာ မီးရှူးတန်ဆောင်သဖွယ် ဖြစ်ပါစေဟု ဆုတောင်းကြ၏။ ကျွန်မကား ဤဆုတောင်းသဝဏ်လွှာကို နားထောင်ရင်း ပြုံးမိ၏။

မြန်မာပြည်မှ စာရေးဆရာ ကိုယ်စားလှယ်များသည် စုစုပေါင်း သွားသည်မှာ သုံးယောက်သာဖြစ်၏။ ဘာမှလည်း မသွားခင် တွေ့ဆုံတိုင်ပင်သွားခြင်းမရှိ၊ ကျွန်မကိုယ်တိုင်ကလည်း ဤကွန်ဖရင့်များကို အတွေ့အကြုံမရှိ။ ပထမဆုံးတွေ့ဖူးသူဖြစ်သည်။

ပထမနေ့စ်ရက် ပြီးသည့်နောက် ကော်မီတီများ ခွဲထိုင်ရာတွင် ကျွန်မအားတတိယကော်မတီဖြစ်သည့် **The re-valuation of the History of Afroasian People and culture.** တွင် ဝင်ရောက်ဆွေးနွေးဖို့ဖြစ်သည်။ သို့သော်ဆရာဇဝနက အတိအကျညွှန်ကြားထားခြင်းမှု မရှိပေ။ ဝင်ရောက် ဆွေးနွေးလိုကလည်း ဆွေးနွေး၊ မဆွေးနွေးလိုကလည်း နေနိုင်ပါသည်ဟု ဆို၏။ ကျွန်မပြင်ဆင်လာသော အဆိုလွှာကိုပင် တင်ပြဟူ၍လည်းမပြော၊ မတင်ပြနှင့်ဟူ၍လည်း မပြောပေ။

သို့သော် အစည်းအဝေးထိုင်စဉ်တွင်မူ တခြားတိုင်းပြည်အသီးသီးက အဆိုလွှာများ တင်ပြလာပါလျက် ကျွန်မတို့ မြန်မာပြည်မှ ဘာမျှ ကြိုတင်ပြင်ဆင်မှုမရှိလာသည်ကို ကျွန်မရင်ထဲတွင် ကသိကအောက်ဖြစ်မိပေသည်။ သို့သော်သူတို့အချင်းချင်း စကားများနေစဉ် တခြားတိုင်းပြည်မှ တင်လာသော အဆိုများကိုကျွန်မ ကမန်းကတန်းဖတ်၏။ အစည်းအဝေးခန်းကား ကျွက်ကျွက်ညံ၍နေလေသည်။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးရွေးချယ်၍ပင် ဤအစည်းအဝေးကို ထိုင်မည်လော၊ အတွင်းရေးမှူးတစ်ယောက်ပင် ရွေးချယ်၍ သူ့အား ကူညီမည့်သူတစ်ယောက် တွဲဖက်ရွေးချယ်ကာ အစည်းအဝေးထိုင်မည်လော ဆိုသည်ကိုပင်

http://www.cherrythitsar.org



တစ်ဦးနှင့်တစ်ဦး သဘောတူညီမှုမရနိုင်ကြပေ။ အချိန်သာကုန်သွားခဲ့သည်။ ဘာမျှမပြီး။

ကျွန်မစိတ်ထဲတွင်မူ ပြုံးမိ၏။ ဤလိုပုံနှင့် ဘယ်လိုလုပ်၍ ငြိမ်းချမ်းရေးအတွက် စခန်းသွားကြပါမည်နည်းဟု တွေးတောမိသည်။

နောက်ဆုံး သဘောတူညီချက်ရကြ၍ အစည်းအဝေးစကြချိန်တွင်မူ ကျွန်မသည် အားလုံးသော တိုင်းပြည်များမှ တင်ပြလာသော အဆိုပြုလွှာများကို အားလုံးဖတ်ရှုပြီးပေပြီ။

အဆိုလွှာအားလုံးတွင် နောက်ပိုင်းက တစ်ယောက်ရှိနေရမည်ဟု ကျွန်မယူဆ၏။ အဆိုပြုလာသော အကြောင်းအရာများသည် မိမိတို့၏ ရာဇဝင်၊ မိမိတို့၏ ယဉ်ကျေးမှုကို မည်သို့ ပြန်လည်ဆန်းသစ်လာအောင်၊ အမှန်အတိုင်းဖြစ်အောင် ဘယ်လိုလုပ်ရမည်ဟူသော လမ်းစဉ်ကို ဆွေးနွေးတိုင်ပင်လိုသော လမ်းကြောင်းများကို မတွေ့ရ။ နောက်ဆုံးတွင် ကော်မတီတစ်ခု ဖွဲ့စည်းလိုက်၍ ထိုကော်မတီမှ အားလုံးတင်ပြလာသော အဆိုလွှာများကို စိစစ်ရွေးထုတ်၍ နောက်နေ့တွင် တင်ပြရန်ဖြစ်၏။

နောက်နေ့ ၁၅ ရက်နေ့တွင်မူ ထိုတတိယကော်မတီ၏ ထောက်ခံတင်ပြချက်များကို ဆွေးနွေးရာတွင် စကားများကြတော့သည်။ စကားများသောအပိုဒ်မှာ ပထမစကားချီးတွင်ပါဝင်သော...

"အာရှ အာဖရိက၏ အမျိုးသားယဉ်ကျေးမှုကို တိုးပွားစေရန်နှင့် အစစ်အမှန် တကယ်လွတ်လပ်သော အခြေခံဥပဒေပိုင်နက်အတွင်းတွင် အမျိုးသားယဉ်ကျေးမှုကို သွင်းယူရန်၊ နယ်ချဲ့ဝါဒနှင့် ကိုလိုနီဝါဒကို တွန်းကန်ကြိုးစားရာတွင်လည်းကောင်း၊ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးစားရာတွင်လည်းကောင်း ၎င်းတိုက်နှစ်တိုက်သည် ခွဲခြမ်းတိုက်၍ မဖြစ်နိုင်ပါ။ ယူနိုက်တက်စတိတ်အမေရိကန်ခေါင်းဆောင်သော နယ်ချဲ့ဝါဒနှင့် ကိုလိုနီဝါဒကို အမြစ်ပါ တွန်းမချသမျှ ကာလပတ်လုံး အမျိုးသားယဉ်ကျေးမှုတွင် ထုံးတမ်းစဉ်လာက အမွေအနှစ် တိုးပွားရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းများကို မပြုလုပ်နိုင်ပါ။ ထို့ကြောင့် အာရှ အာဖရိက စာရေးဆရာများသည် နယ်ချဲ့ဝါဒနှင့် ကိုလိုနီဝါဒကို ဆန့်ကျင်ရေးအတွက် ဆောင်ရွက်ကြရာတွင် မိမိတို့၏ကလောင်များကို လက်နက်သဖွယ် အသုံးပြုကြရန်သာဖြစ်သည်"

ဤစာပိုဒ်တွင် စကားများကြသည်။

http://www.cherrythitsar.org



တချို့ကလည်း "ဤဆွေးနွေးပွဲသည် နိုင်ငံရေးပွဲလား၊ စာပေနှီးနှောဖလှယ်ပွဲလား"ဟု မေးကြ၏။

ကျွန်မကား 'ဘုရား'တမိတော့၏။ ဤအစည်းအဝေးကား ငြိမ်းချမ်းရေးအတွက် ရေးရှုရွှေ့လျားနေဟန်မတူ။ မိမိတို့စိတ်ကြိုက် အမည်တပ်ထားသော နယ်ချဲ့သမားတို့အား ဆန့်ကျင်တိုက်ခိုက်ရေးအတွက် အင်အားစုရာ နိုင်ငံရေးပွဲကြီးပါတကား။

ကျွန်မကား ကျွန်မကလောင်ကို မြတ်နိုးစွာ ရင်ဝယ်ပိုက်ထားလိုက်ပါ၏။

ကျွန်မသည် ဤအစည်းအဝေးကို ကိုယ့်စရိတ်နှင့်ကိုယ် လွတ်လပ်စွာ တက်လာသူဖြစ်၏။ ကျွန်မ၏ ယုံကြည်ချက်ကို လွတ်လပ်စွာ တင်ပြနိုင်ပါ၏။

မြန်မာနိုင်ငံတွင်နေစဉ်ကပင် ကျွန်မချစ်မြတ်နိုးသောအစိုးရအား လစ်ဟင်းနေသည်ထင်ပါက ကျွန်မကလောင်ဖြင့် ထိုအချက်ကို ရဲဝံ့စွာတင်ပြခဲ့ပါသည်။ ဥပမာ... 'မျှော်လင့်လို့ဖြင့်မဆုံးနိုင်'ဝတ္ထုတွင် အခြေခံဥပဒေ၏ အခွင့်အရေးများသည် စာရွက်ပေါ်မှာတင်ရှိသည်။ လူထုတွင် တကယ်မခံစားရသည်ကို တင်ပြခဲ့၏၊ မကြာခင်ပင် အစိုးရက လူတန်းစားလွတ်မြောက်ရေးအတွက် လုပ်လာခဲ့၏။

'ယဉ်ကျေးမှု'အမည်ခံ၍ 'ဖျက်ဆီးမှု'သဘောပါဝင်လာသော အမေရိကန်၏ စာပေအချို့နှင့် အနောက်ယဉ်ကျေးမှုများ၏အန္တရာယ်ကို ကျွန်မဝတ္ထုများထဲတွင် ဖော်ပြ၍ ရှုတ်ချခဲ့သည်။ ရင်ဆိုင်၍တိုက်ခိုက်ခဲ့သည်။ သို့သော် "ခင်ဗျားအမေရိကန်ကို မုန်းသလား"ဟု မေးလျှင် ကျွန်မ မမုန်းပေ။ သူတို့ထံမှ မြန်မာနှင့် မသင့်လျော်သော ယဉ်ကျေးမှုကိုသာ ရှုတ်ချပစ်ပယ်လိုသည်။ **(Mark Twain)**မတ်တွိန်း၏ စာပေကို ကျွန်မ မြတ်နိုး၏။ ရှယ်လီနှင့် ဝီလီယံဝတ်ဝဒ်၏ ကဗျာများကို ကျွန်မ နှစ်ခြိုက်၏။

ကျွန်မ တစ်သက်တွင် ကွန်မြူနစ်မဖြစ်နိုင်ပါ။ သို့သော် ရုရှားမြေပေါ်တွင် မွေးဖွားလာသော တော်စတွိုင်း၏ ဝတ္ထုများထဲတွင်မူ ကျွန်မ အိပ်စက်လိုပေသည်။ သူ၏ 'စစ်နှင့် ငြိမ်းချမ်းရေး'ဝတ္ထုကြီးသည် ကျွန်မ အသည်းနှလုံးနှင့်အတူ အမြဲရှိ၏။

ထို့အတူ ရေးခေတ် တရုတ်ပြည်၏ ဘုရင်ခေတ်များကို ကျွန်မ ရွံရှာသော်လည်း ကျွန်မသည် 'ဟန်ခေတ်'၏ ကဗျာများကို နှစ်ခြိုက်လှသည်။

ကျွန်မသည် နိုင်ငံရေးအားဖြင့် မည်သို့ပင် ဆန့်ကျင်နေပါစေ၊ ယဉ်ကျေးမှု

http://www.cherrythitsar.org



စာပေရေးရာတို့တွင်မူ တစ်ဦးနှင့်တစ်ဦး ကောင်းနိုးရာရာ နှီးနှောဖလှယ်သွားရပေမည်။

ကျွန်မတို့၏ ကလောင်မှ မင်စက်များသည် ငြိမ်းချမ်းရေးပန်းတို့ ပွင့်လန်းရန်အတွက် သွန်းဖျန်းသော ရေစင်သည်သာလျှင် ဖြစ်ရပေမည်တကား။

ယခုတော့ 'လက်နက်သဖွယ်စွဲကိုင်ရမည်' ဟု အလျှံညီးညီးတောက်သော မျက်နှာထားကြီးများနှင့် စကားဆိုလာသော ဤအစည်းအဝေးခန်းမတွင် ကျွန်မကား နေစရာမရှိ၊ ကျွန်မ ကလောင်အား ထားစရာမရှိ။ ထို့ကြောင့် ကျွန်မ ရင်ဝယ်ပိုက်ထားလိုက်ရ၏။

အစည်းအဝေးခန်းမှ ကိစ္စတစ်ခုရှိ၍ ကျွန်မ ခေတ္တအပြင်ထွက်သွား၏။ ဦးပြည့်စုံမှာ ကျန်ရစ်ခဲ့၏။

ကျွန်မ ပြန်လာလျှင် ဦးပြည့်စုံက ပြော၏။ "ဒေါ်ခင်နှင်းယု၊ ဂျပန်ကတော့ နယ်ချဲ့သမားကို နာမည်တပ်ပြီး ဖော်ထုတ်ရမည် ပြောနေတယ်။ သူက အမေရိကန်တွေ သူတို့အပေါ် လုပ်သွားတဲ့ ဟီရိုရှီးမားနေ့ကို မမေ့နိုင်ဘူးတဲ့ဗျ။ သူတို့ယဉ်ကျေးမှုကိုလည်း အမေရိကန်က ဖျက်ဆီးနေလို့တဲ့။ ဒေါ်ခင်နှင်းယု တစ်ခုခု ထပြောပါလား"

"သူတို့တိုင်းပြည်နဲ့သူတို့ ပြဿနာတော့ရှိမှာပေါ့။ ဆရာဇဝနကျော်ပြီးတော့ ကျွန်မ မပြောချင်ဘူး။ ဒါပေမဲ့ နယ်ချဲ့သမား ဘယ်သူ၊ ဘယ်သူ့ကို တိုက်ရမယ်ဆိုတဲ့ နာမည် နာမ ဖော်ထုတ်ပြီး အရှေ့အနောက် သွေးခွဲတဲ့ စကားလုံးတွေတော့မသုံးချင်ဘူး။ ဒီမှာသူတို့သုံးထားတဲ့စကားလုံးက ယူနိုက်တက်စတိတ် အမေရိကန်က ခေါင်းဆောင်သော နယ်ချဲ့ဝါဒနဲ့ ကိုလိုနီဝါဒကို အမြစ်မှ တွန်းမချနိုင်သမျှ ကာလပတ်လုံးဆိုတော့ တခြားလူခေါင်းဆောင်တဲ့ နယ်ချဲ့ဝါဒတော့ မတိုက်ရဘူးလို ဖြစ်နေတယ်"

ကျွန်မ ဦးပြည့်စုံအား ပြန်ပြောနေစဉ်တွင် တရုတ်ကိုယ်စားလှယ်တော်များမှ မစ္စတာအမ်ပိုး၏ စကားပြန်က "ဒေါ်ခင်နှင်းယု ကျွန်မတို့ တင်ပြတာကို သဘောတူမလား" ဟု အင်္ဂလိပ်လို မေးလာ၏။ သူတို့က ဂျပန်၏အဆိုကို ထောက်ခံပေသည်။

"မစ္စတာအမ်ပိုးကို ပြောပြပါ၊ ကျွန်မတို့အားလုံး အမုန်းပွားစရာကိစ္စတွေကို ဘာလို့လုပ်မလဲ။ ဘယ်လိုအသွင်နဲ့ပဲလာလာ၊ ဘယ်သူခေါင်းဆောင် ခေါင်းဆောင် နယ်ချဲ့ဝါဒ၊ နယ်ချဲ့သမားတွေကို ဆန့်ကျင်ဖို့ဆိုရင် ကျွန်မ

http://www.cherrythitsar.org



အဆင်သင့်ပဲ။ ဒါပေမဲ့ **(Particular)**နာမည်ကြီးဖော်ပြပြီး သူတို့ကြောင့်ဖြစ်တာ၊ သူတို့ကို တိုက်ရမယ် ခိုက်ရမယ်ဆိုတာကတော့ မကောင်းလွန်းဘူးထင်တယ်"

စကားပြန်မလေးကမူ ကွိကွနှင့် အမ်ပိုးကိုပြောလိုက်၏။ "ဒီလိုဆို အဲဒီနာမည်တွေနောက်က 'အစရှိသည်ဖြင့်'လို့ ထည့်ပေးမယ်၊ သဘောတူလား" ဟု အမ်ပိုးက ဆို၏။ ဆိုရင်း ပြောရင်းမှ တကတည်း စကားပြန်မလေးက နယ်ချဲ့သမား မည်သူများဟူသော အမည်နောက်က 'အစရှိသည်ဖြင့်'ထည့်၍ ထိပ်ဆုံးက အမေရိကန်အမည်ကို ထည့်လိုပါသည်ဟု ထပြောတော့သည်။ ဂျပန်က သူ့သဘောကျဖြစ်သွား၍ လက်ခုပ်ထတီးလိုက်၏။ အမှန်တော့ ဂျပန်နှင့် တရုတ်နီတို့ နောက်ပိုင်းက ဇာတ်တိုက်ထားဟန်တူသည်။

အားလုံး ထောက်ခံဖို့ အတွင်းရေးမှူးကပြောသောအခါ နိုင်ငံ လေးဆယ်က သဘောတူညီ၏။

ကျွန်မကမူ "အမေရိကန်ခေါင်းဆောင်သောဟူ၍ နာမည်တွေတပ်ရင် ကျွန်မတော့ မထောက်ခံဘူး"ဟု တရုတ်ကိုယ်စားလှယ်အား ပြောပြလိုက်ကာ ထိုင်နေလိုက်ပါသည်။

ကျွန်မမှာ မြန်မာအမျိုးသမီးပီပီ ညကြီးသန်းခေါင် ကျွန်မတို့ကိုလာကြိုသော မစ္စတာအမ်ပိုးကို အထူးအားနာပါ၏။ သို့သော် ကျွန်မကား သူ့ကို မထောက်ခံနိုင်ပါပေ။ အခန်းပြင်ဘက်ထွက်ခါမှ စကားပြန်မလေးကို ပြောရ၏။

"ရှင်တို့တင်ပြချက်ကို ကျွန်မ သဘောမတူညီနိုင်တဲ့အတွက် ခွင့်လွှတ်ပါ" ဟု ပြောလိုက်၏။

မိန်းကလေးက "အို...လူတိုင်းမှာ ကိုယ်ကြိုက်ရာ မဲဆန္ဒပေးခွင့်ရှိပါတယ်" ဟု ခတ်ပြတ်ပြတ်ဆိုကာ ထွက်သွားတော့၏။

ဦးပြည့်စုံကား ကျွန်မထက် အားနာတတ်သူတည်း။

"ဒေါ်ခင်နှင်းယုရဲ့ ကျွန်တော်မျက်နှာပူတယ်။ ဗီယက်နမ်ကိုယ်စားလှယ်ကို ထပ်ပြီး ရှင်းပြပါဦး"ဟု ဆိုပြန်သည်။ ဗီယက်နမ်နှင့် တရုတ်နီတို့မှာ တစ်သဘောတည်းဖြစ်၏။

ဗီယက်နမ်ကိုယ်စားလှယ်မှာ အင်္ဂလိပ်စကားကို ရည်ရည်မွန်မွန် ပြောတတ်သူ ဖြစ်၏။ အစည်းအဝေးခန်း အပြင်ရောက်မှပင် ကျွန်မ သူ့အနားကပ်ကာ ရှင်းပြရ၏။

"ရှင်တို့ကိုမထောက်ခံနိုင်တဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မ

http://www.cherrythitsar.org



သဘောကတော့ လောလောဆယ် အာဖရိကမှာ လွတ်မြောက်စနိုင်ငံလေးတွေ ခံစားနေရတဲ့ နယ်ချဲ့သမားတွေရဲ့ စွက်ဖက်လွှမ်းမိုးမှုတွေ၊ ရှင်တို့ခံရတဲ့ပြင်သစ်ရဲ့ ညှဥ်းပန်းမှုတွေကို ကျွန်မ ကိုယ်ချင်းစာပါတယ်။ ကျွန်မတို့ကိုယ်တိုင် နယ်ချဲ့သမားလက်အောက်မှာ အနှစ်တစ်ရာကျော် နေခဲ့ဖူးတာပဲ။ ဒါပေမဲ့ ခုချိန်ဟာ ရန်ပွားစေတဲ့စကားတွေကိုမသုံးရင် မကောင်းဘူးလား။ ဂျပန်က ဟီရိုရှီးမားနေ့ကို မမေ့နိုင်ပါဘူး။ ဒါကြောင့် အမေရိကန်နယ်ချဲ့သမားကို တခြားနယ်ချဲ့နိုင်ငံတွေ ထိပ်ကထားပြီး ပြစ်တင်ရှုတ်ချရမယ် ဆိုတယ်။ ဒီလိုသာပြောကြကြေးဆိုရင် ကျွန်မတို့ဟာ မတ်လ ၂၇ ရက်နေ့ ပေါ်လာရတဲ့ အဖြစ်တွေကိုကော မမေ့နိုင်ပါ့မလား။ ဂျပန်စစ်ဝါဒီသမားတွေဟာ ကျွန်မတို့တိုင်းပြည်ကို ဝင်ရောက်လာစဥ်တုန်းက ရက်ရက်စက်စက်လုပ်သွားလိုက်တာ ခုထိသွေးစက်တွေ မခြောက်သေးပါဘူး။ ကျွန်မတို့ အသည်းထဲမှာ မမေ့နိုင်ဘူး။ ဒါပေမဲ့ တစ်စုံတစ်ယောက်က နယ်ချဲ့သမားနိုင်ငံ စာရင်းထဲမှာ ဂျပန်ကို ထိပ်ဆုံးကထားပြီး ရှုတ်ချပါလို့ အဆိုတင်လာရင် ကျွန်မ ဒီအဆိုကိုလက်မခံပါဘူး။ ဒီလိုဗိုလ်ပုံအလယ်မှာ ရန်တုံ့တဲ့စကားမျိုး ကျွန်မ မဆိုချင်ဘူး။ ဒါကြောင့်လည်း အစည်းအဝေးမှာ ကျွန်မ ဂျပန်ကို ထပြီးမပြောတာဘဲ။ ကျွန်မသဘောကတော့ ဘယ်လိုပုံစံနဲ့ပဲလာလာ နယ်ချဲ့ဝါဒကို ဆန့်ကျင်ရှုတ်ချရင် ပြီးတာပဲမို့လား။ ဘာလို့လဲဆိုတော့ နယ်ချဲ့မုန်တိုင်းဟာ အနောက်ဘက်တစ်ခုတည်းကလာတာ မဟုတ်ဘူးနော်။ ကမ္ဘာလေးမျက်နှာက အချိန်မရွေး တိုက်လာတတ်တာပဲ"

"ဟုတ်ပါတယ် မခင်နှင်းယု၊ ကျွန်တော် ခင်ဗျားတို့အခြေအနေ အခက်အခဲကို နားလည်ပါတယ်။ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်ပြဿနာအလျောက် ဖြေရှင်းကြတာကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ အခြေခံချင်းမတူဘူးဆိုတဲ့သဘောကို ကျွန်တော်နားလည်ပါတယ်။ ကျွန်တော် မစ္စတာအမ်ပိုးကို သဘောပေါက်အောင် ရှင်းပြပါ့မယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ခင်ဗျားရဲ့ ညီအစ်ကိုတော်များ ဖြစ်တယ်ဆိုတာတော့ မမေ့စေချင်ဘူး"

"စိတ်ချ၊ ကျွန်မဘက်တော့မှမမေ့ဘူး။ ကျွန်မက အင်မတန်ကြောက်တတ်တယ်။ ကမ္ဘာမှာက **(Sugar coated imperialist)**ကလည်းရှိသေးတယ်။

**"Sugar Coated"**

သူက ကျွန်မ စကားလုံးကို မျက်လုံးအကြောင်သားနှင့် ပြန်မေး၏။

"ဟုတ်ကဲ့၊ ကျွန်မ ဆိုလိုချင်တာက အပြင်က မျက်နှာကို အလှဆုံးပိုးစနဲ့

http://www.cherrythitsar.org



ဖုံးထားပြီး အထဲက အင်မတန်အရုပ်ဆိုးတဲ့ နယ်ချဲ့သမားအုံ့ပုန်းကို ဆိုလိုတာပါ”

“ဩော်...ဩော်”

ကျွန်မကား အင်္ဂလိပ်စကားလုံးကို မနိုင်သော်လည်း တစ်လုံးတည်းနှင့် ပုံပေါ်သော စကားလုံးမျိုးကို အလွန်သုံးချင်သည်။

“ကဲ...ကျွန်မကို ခွင့်ပြုပါဦး”

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့တွေဟာ ညီအစ်ကိုမောင်နှမချင်းဆိုတာ တော့ မမေ့ပါနဲ့”

သူကား ခွဲခွာနီး ထိုစကားလုံးကို စိုးရိမ်စွာနှင့် ထပ်ပြော၏။ ဦးပြည့်စုံလည်း ကျေနပ်၍သွားလေပြီ။

ထိုနေ့တွင် ကျွန်မ နံနက်စာ မစားရတော့ပေ။

ကိုယ့်တိုင်းပြည်တွင် လုပ်ငန်းကို အကောင်အထည်မဖော်ဖြစ်နိုင်၊ နိုင်ငံရေး အာဏာလုလိုသော ပွဲများကိုသာ တွေ့နေရ၍ အဝေးက ရောင်ကာ စိတ်ပျက် နွမ်းနယ်ရသည့်အထဲ ဤကွန်ဖရင့်ရောက်ပြန်တော့လည်း အပ်ကြောင်းထပ်နေ သော ဓာတ်ပြားသံများကို ကြားနေရရာ စိတ်မောလှ၏။

ကျွန်မရေးခဲ့သော မွေးဝတ္ထုကို ရုပ်ရှင်ရိုက်စဉ်က သီချင်းကို ကျွန်မ သွား သတိရ၏။

“ဩဇာမြေဆွေး ဓာတ်ပေးမှားလျှင် ပန်းများမလှ၊ ပန်းများမပွင့်၊ ပန်းများ မမွှေးတော့သည်သို့သာပေ”

ယခုလည်း ကမ္ဘာကိုတန်ဆာဆင်သည့် စာပေယဉ်ကျေးမှုပန်းများကို ပွင့်စေသော ကလောင်များနောက်တွင် ကမ္ဘာ့အင်အားစုကြီး နှစ်ခုမှ တစ်ခုမဟုတ် တစ်ခုက နောက်ပိုင်းက ကြိုးကိုင်နေပါလျှင် ငြိမ်းချမ်းရေးပန်းသည် ဘယ်မှာ လျှင် လှပစွာ ပွင့်နိုင်ပါမည်နည်း။ အဘယ်မှာလျှင် သင်းပျံ့မွှေးကြိုင်နိုင်ပါ မည်နည်း။

ကျွန်မသည် ခေတ္တနားရင်း အစည်းအဝေးခန်းမမှ မြင်ကွင်းကိုကြိုးစား ၍ ဖျောက်ပစ်နေ၏။

“ကျွန်တော်တို့တွေဟာ ကိုယ့်ယဉ်ကျေးမှု ကိုယ့်ရာဇဝင်တွေကို ဘယ်လို ထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင်လုပ်မလဲဆိုတာသာ စဉ်းစားသင့်ပါ တယ်ဗျာ။ ဘာလို့များ သူများနိုင်ငံကို စော်ကားတဲ့စကားတွေကို ပြောမလဲ။ ယဉ်ကျေးမှုတို့ စာပေတို့ဆိုတာတွေဟာလည်း တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည်

http://www.cherrythitsar.org



ကူးလူးလှက်သန်းနေတာပဲ”

ဘယ်နိုင်ငံကမှန်းမသိ၊ ကိုယ်စားလှယ်တော်တစ်ယောက်က ထပြောရှာပါသေး၏။ သို့သော် သူ့အသံကား ဒေါသသံတို့ကြားတွင် ပျောက်ကွယ်သွား၏။

ခဏနားချိန်တွင် ကျွန်မသည် ဆရာဇဝနအား စောင့်လို၍ အပြင်တွင် ထိုင်စောင့်နေ၏။ မမျှော်လင့်ဘဲ ကမ္ဘာကျော်စာရေးဆရာမကြီး ‘ဟန်စူးရင်’ ကို သွားတွေ့၏။ သူကား ဝမ်းသာအားရ စကားဆိုပါ၏။

“အစည်းအဝေးစတဲ့နေ့က မြန်မာပြည်က ဦးပြည့်စုံနဲ့တွေ့တယ်။ ရှင်တို့ဆီ ထလာမလို့ အစည်းအဝေးစလာတာနဲ့ လာမတွေ့ဖြစ်တာ ခွင့်လွှတ်ပါ”

“ကိစ္စမရှိပါဘူး၊ ကျွန်မက လာပြီးတွေ့သင့်တာပါ”

“မင်း ဒီအစည်းအဝေးကြီးကို ဘယ်လိုထင်လဲ”

“စာပေတို့၊ ယဉ်ကျေးမှုတို့ နှီးနှောဖလှယ်ပွဲမှမဟုတ်ဘဲ၊ နိုင်ငံရေးအင်အားစုပွဲကြီးလို့ မြင်တယ်။ စာပေအကြောင်းလည်း တစ်လုံးမှမပြောကြဘူး”

“အမလေး ဟုတ်လိုက်တာ၊ ကျွန်မက စင်ကာပူကလာတာ၊ အရှေ့ဖျားနိုင်ငံတွေရဲ့ ရာဇဝင်ကို စင်ကာပူတက္ကသိုလ်မှာ လေ့လာလာလို့ ဒီမှာဖြင့် အာရှအရှေ့ဖျား ရာဇဝင်အကြောင်းတွေ ဆွေးနွေးရလိမ့်မယ်ထင်တာ၊ ဘာတွေပြောကြမှန်းမသိဘူး”

ကျွန်မတို့နှစ်ယောက်ပြောကြသော စကားများကိုသာ တချို့လူများကြားလျှင် အမေရိကန်သူလျှိုများဟူ၍ ဝိုင်း၍ ဆဲကောင်းဆဲပေလိမ့်မည်။ ညနေပိုင်း နောက်ဆုံး အစည်းအဝေးကြီးကို ပြန်ထိုင်ကြသည်။ ဆရာဇဝနနှင့် ကျွန်မ ခန်းမကြီးတွင် ပြန်တွေ့ကြ၏။ ဆရာလည်း အတော်မောနေပုံရ၏။

စောစောကသာ ကျွန်မတို့ ကြိုကြိုတင်တင် ဆွေးဆွေးနွေးနွေးပြင်ဆင်လာကြလျှင် ဆရာလည်း ဒါလောက်မောစရာရှိမည်မထင်ပေ။ သို့သော် သူ့ကိုကြည့်ရသည်မှာ သူ့ကိုယ်ကိုပင် လေယာဉ်ပျံပေါ်ပါအောင် အတော်သယ်လာရပုံရသည်။ ကျွန်မတို့အခန်းထဲ ဖြစ်ပျက်ပုံကို ဆရာအား အနည်းအကျဉ်း ပြောပြလိုက်၏။

“ဆရာတို့ ပထမကော်မတီမှာလည်း တရုတ်နီနဲ့ ရုရှားတွယ်လိုက်ကြတာ”

ဒါကိုပင် ဆရာ့ဆီက ကြားလိုက်ရ၏။ ဘာတွေဖြစ်ကြသည်ကို နှစ်ယောက်တစ်ခါမှ အေးအေးဆေးဆေး တွေ့ဆုံမပြောဖြစ်ကြပေ။

http://www.cherrythitsar.org



နောက်နေ့တွင်မူ မစ္စတာအမ်ပိုးက "မခင်နှင်းယု မထောက်ခံနိုင်တာ ဟို နာမည်ဖော်ထုတ်တဲ့ အပိုဒ်တင်မို့လား။ နောက်ပိုင်း စာပေ၊ ယဉ်ကျေးမှု၊ စာရေးဆရာ မူပိုင်ကိစ္စတွေတော့ ကျေနပ်တယ်မို့လား"ဟု ဆို၏။ "ဟုတ်ပါတယ်၊ ဒါပေမဲ့ အတွင်းရေးမှူးနားက ဘာသာပြန်သူက မရှင်းမလင်း အားလုံး လုံးချ သွားတာကို"ဟု ကျွန်မက ဖြေလိုက်၏။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ဗျား ဘာဆိုလိုသလဲဆိုတာကို ကျွန်တော် နားလည်ပါသည်"ဟု ဆို၏။ မစ္စတာအမ်ပိုးကား ပွင့်လင်းဖော်ရွေသူတည်း။

သို့နှင့် ကွန်ဖရင့်လည်းပြီးဆုံးခဲ့၏။ နောင်ခါဆိုလျှင် "အာရှ အာဖရိက စာရေးဆရာများ၏ နိုင်ငံရေး နှီးနှောဖလှယ်ပွဲ"ဟူ၍ သီးသန့်ကျင်းပသင့်၏။ စာပေကို ဆွေးနွေးလိုလျှင်လည်း "စာပေနှီးနှောဖလှယ်ပွဲ"ဟူ၍ ရှင်းရှင်းလင်းလင်း လုပ်သင့်ပေသည်။

ကွန်ဖရင့်၏ မြင်ကွင်းတစ်ကွက်ကမူ ကျွန်မအတွက် စိတ်အားငယ်စရာ ပါပေ။ သို့သော် တရုတ်နိမိတ်ဆွေများ ကျွန်မတို့အား စောင့်ရှောက်ပုံ၊ အိမ်ရှင် အီဂျစ်ပြည်သားတို့ ကျွန်မတို့အား လိုလေသေးမရှိ အထူးဧည့်ခံပုံကိုတို့ကိုမူ ကျွန်မ အထူးကျေးဇူးတင်မိပါသည်။

အာရပ်ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ သမ္မတကြီး နာဆာမှာလည်း သူ့စွမ်းအားရှိသလောက် သူ့တိုင်းပြည်၏ အခြေအနေအားလျော်စွာ ပုံဖော်သွားပုံ များမှာမူ အီဂျစ်ပြည်၏ အားတက်ဖွယ် အနာဂတ်ကို မျှော်မှန်းနိုင်ပေသည်။

"သမ္မတကြီးကတော့ ဘယ်အုပ်စုရဲ့နောက်လိုက်မှမဟုတ်ဘူး" ဟူသော စကားလုံးကို ကျွန်မ ကြားခဲ့ရ၏။ ဤစကားလုံးသည်ပင် အီဂျစ်ပြည်အား ကယ်တင်မည့် စကားလုံး ဖြစ်ပေသည်။

ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်မူ ကျွန်မသည် ကိုင်ရိုမှ အရှေ့ဘက် မြန်မာပြည်သို့ပြန်ရန် ပြင်ဆင်ရတော့သည်။ ဆရာတို့ကား အနောက်သို့ ခရီး ဆက်ထွက်ကြပေမည်။

ဘီရွတ်သို့သွားသော လေယာဉ်ပေါ်တွင် ကျွန်မ ပါလာခဲ့၏။ လေယာဉ်ပျံ မြင့်တက်လာလေလေ ကျွန်မချစ်သော နိုင်းမြစ်ကို ပြတ်သားစွာမြင်ရ၏။

ဤသမုဒ္ဒရာရေအလျဉ်ဝယ် နိုင်း၊ ဧရာဝတီ၊ အိန္ဒု၊ ယန်စီ၊ သိမ်းမြစ်၊ ဗောလ်ဂါ၊ မစ္စစ်စပီမြစ်နှင့် အာမေဇုံ အစရှိသော မြစ်တို့သည် အေးမြချိမ်းငြိမ့်စွာ စုစည်းပေါင်းဆုံနိုင်ကြပါလျက် ကျွန်မတို့ လူသားတို့သည် အဘယ်ကြောင့်

http://www.cherrythitsar.org



အေးချမ်းစွာ ယှဉ်တွဲ၍ မနေနိုင်ကြပါသနည်း။

ကောင်းကင်တွင် နေလုံးသည် တဖြည်းဖြည်းလျှောကျလာသည်။

ဤဆည်းဆာချိန်ကား ညဥ့်အမှောင်သို့ကူးပြောင်းမည့် ဆည်းဆာချိန်ပေတည်း။ ပန်းတိုင်းကိုလည်းပွင့်စေချင်ပါသည်။ ပွင့်သောပန်းတိုင်းလည်းမွှေးစေချင်ပါသည်။ မွှေးသော ပန်းတိုင်းလည်း အန္တရာယ်ကင်းစေချင်သည်တကား။

**[မြဝတီမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၆၂ ခုနှစ်]**

# ခယောင်းတောမှ ရုတ်ခြည်းထ၍

၁၅–၄–၆၄။

၁၃၂၆–သင်္ကြန်အတက်နေ့။

နှစ်ဆန်းတစ်ရက်နေ့တွင် မော်ဘီစွန်းလွန်းဂူကျောင်းမှ ဆရာတော်ငါးပါး အား ဆွမ်းလုပ်ကျွေးလိုသည်ဟု ကျွန်မ၏ ခင်ပွန်းသည်က ဆိုသောကြောင့် ကျွန်မသည် မီးဖိုထဲတွင် ချက်ပြုတ်နေ၏။ သူကပ်လိုသောဆွမ်းမှာ အရဏ် ဆွမ်း ဖြစ်ပေသည်။

မော်ဘီ၏ နေပူရှိန်မှာ ပူပြင်းလှ၏။ ဒယ်အိုးထဲတွင် ဆီများကလည်း ပွက်ပွက်ဆူနေသည်။ ငါးတစ်များသည်လည်း ဆီပူများထဲတွင် ဟိုမှ ဒီမှ လူး လိမ့်နေသည်ဟု ထင်ရပေသည်။ ကျွန်မလက်တွင်လည်း အိုးမည်းများ ပေကျံ၍ ကိုယ်မှာလည်း ငါးညှီနံ့ဖြင့် လိမ်းကျံလျက်ရှိသည်ဟု ထင်ရသည်။

"မမ ဆာဂျင်ကိုလုဝေက မမကိုဖြစ်ဖြစ်၊ ဗိုလ်ကြီးကိုဖြစ်ဖြစ် တွေ့ချင် လို့တဲ့" ရဲဘော်မောင်မြက ပြောလာ၏။ ကျွန်မသည် အစ်ကိုမရှိခိုက်ဖြစ်၍ ဧည့်ခန်းကို ပြေးထွက်လာ၏။ ဆာဂျင်မှာ တာဝန်ထမ်းစဥ်ဝတ်သော ယူနီဖောင်း အပြည့်အစုံနှင့်ဖြစ်သည်။ ကျွန်မ အဝတ်များကမူ ဖရိုဖရဲနှင့်ဖြစ်၏။

"မီးဖိုကထွက်လာရတာမို့ အခုလို ပေပေကျံကျံနဲ့ လက်ခံစကားပြောရတာ ဆာဂျင်ကြီး ကျွန်မကို ခွင့်လွှတ်ပါ။ အစ်ကိုကြီးလည်းမရှိဘူး၊ ကျွန်မကို ပြော ခဲ့လို့ ဖြစ်ပါသလား။ ကုလားထိုင်မှာ ထိုင်ပါဦး" ကျွန်မသည် ကိုယ်ကိုညွတ်ကာ ပြောလိုက်၏။

http://www.cherrythitsar.org



ဆာဂျင်ကြီးဟုသာ ကျွန်မက ခေါ်ရသည်။ သူ့ခမျာ ခပ်ငယ်ငယ်ပင် ရှိပေဦးမည်။ သူသည် ကုလားထိုင်တွင် ထိုင်တော့မလို၊ ထတော့မလိုနှင့် ကုန်းကွကွဖြစ်နေပေသည်။

"မလိုပါဘူး ခင်ဗျာ၊ တယ်လီဖုန်းက သတင်းကလည်း မမကို ပြောဖို့ပါပဲ"

"ဘာများလဲ"

"ဗိုလ်သခင်ဆရာက တယ်လီဖုန်းဆက်လိုက်ပါတယ်၊ ဆယ့်လေးရက်နေ့၊ ဆယ့်လေးရက်နေ့ . . ."

သူ့စကားလုံးသည် ရုတ်တရက် ရှေ့သို့ ဆက်မလာ။ ကျွန်မစိတ်ထဲမတော့ ဗိုလ်သခင်ဆရာ(သခင်တင်ဦး)သည် စာရေးဆရာအသင်း ခဝါချ ပူးပေါင်းပွဲတွင် ကျွန်မပါစေလို၍ ရန်ကုန်မှာရှိစဉ်က အမြဲနားပူသူတည်း။ ယခုလည်း သူသည် အသင်းအတွက် ကျွန်မနှင့်လာတွေ့ရန် ချိန်းဆိုခြင်းဖြစ်သည်ဟု ထင်နေဆဲမှာပင် . . .

"ဆယ့်လေးရက်နေ့က စာရေးဆရာ ကိုသန်းဆွေ ရေနစ်လို့ဆုံးသွားတယ်၊ ဗိုလ်ကြီးကိုလည်း ပြောပြပါတဲ့"

ဆာဂျင်သည် စကားဆုံးလျှင် ကုန်းကွကွဖြစ်နေသော သူ့ခါးကို ဆန့်လိုက်၏။ အနိဋ္ဌာရုံသတင်းကို ပို့ရသည်ကြောင့် သူလည်း ပျော်ရွှင်ပုံမရ။ ကျွန်မသည် ရုတ်တရက် အဓိပ္ပာယ်လည်းမရှိဘဲ နံရံတွင် ကပ်ထားသော ပြက္ခဒိန်ရှိရာသို့ ပြေးသွားမိ၏။

"၁၄ ရက်နေ့၊ ၁၄ ရက်နေ့က ဘုရား . . .ဘုရား . . . ။ ကျေးဇူးတင်ပါတယ်၊ ဘယ်လိုဖြစ်တာပါလိမ့်"

"ကျွန်တော့်ကို သွားခွင့်ပြုပါ"

ဆာဂျင်ကို မျက်ရည်ဝိုင်းသောမျက်လုံးများဖြင့် ကျွန်မကြည့်ကာ ခေါင်းညိတ်ပြမိ၏။ မီးဖိုရှိရာသို့ ပြေးလာရင်း မျက်ရည်များကား ဖြိုင်ဖြိုင်ကျ၍လာတော့သည်။ ဒယ်အိုးထဲတွင် ဆီများကား ပွက်ပွက်ဆူဆဲ။ ကျွန်မသည် ငါးတစ်များကို သဲကွဲစွာမမြင်ရ။ ဘယ်လိုဖြစ်သော အဖြစ်များပေနည်း။သတင်းအပြည့်အစုံကိုလည်း မသိရ။ ငါးတစ်တွေပူသလို ရင်ထဲမှာလည်း ပူလာသည်။ တစ်ချိန်တည်းတွင် ဝေဒနာနှစ်မျိုး ခံစားနေရခြင်းဖြစ်၏။ ရုတ်တရက် ရေနစ်သေရသောအဖြစ်ဆိုးကြောင့် သူ့ကိုသနားသောဝေဒနာ၊ ယူကျုံးမရသောဝေဒနာ

http://www.cherrythitsar.org



နှင့်အတူ တစ်ဖက်က သူ၏ဇနီးသည် မမစိန် ဘယ်လိုနေရစ်ပါမလဲဟူသော ပူပန်သောက ဝေဒနာတို့သည် တစ်ပြိုင်နက်တည်း နှလုံးသားမှ ပေါ်လာကြ၏။

"အချို့...ငါးကြော် ကြော်တာကလည်းကွာ၊ ကိုယ်ဖြင့် တစ်ရေးတောင်ရပြီ၊ ခုထိ မပြီးဘူးလား"

အိပ်နေသည်ကို ကျွန်မ မသိ၊ သူအိပ်ရာမှ ထလာပုံရသည်။ ကျွန်မသည် သူ့ဘက်မလှည့်၊ ခေါင်းကိုလည်းမဖော်။

"ခုပဲ ဆာဂျင်ကိုလှဝေ သတင်းလာပို့သွားတယ်၊ ကိုသန်းဆွေ ဆယ့်လေးရက်နေ့က ရေနစ်လို့ ဆုံးသွားပြီ"

"အမလေး...ဟယ်" သူသည် ကြားရပုံသတင်းကို ယုံကြည်ပုံမရသလို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဖြစ်သွားသည်။

"ဆယ့်လေးရက်နေ့ဆိုတော့ မနေ့ကပေါ့၊ ဖြစ်မှဖြစ်ရလေ"

ကျွန်မသည် ငါးကြော်အိုးကိုချလိုက်၏။ သူနှင့်အတူထမင်းစားခန်းသို့ ထွက်လာသည်။

"ဒီလူ...အများကြီး နေသင့်သေးတယ်။ အမလေး အချိန်စောလိုက်တာ ကိုသန်းဆွေရယ်" သူက ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တတွတ်တွတ် ပါးစပ်မှ ရွတ်နေ၏။

သူသည် ယောက်ျားဖြစ်၍ သူစိတ်ထိခိုက်သမျှ ပါးစပ်မှ ရွတ်ဖတ်ပြောဆိုနေသော်လည်း ကျွန်မကမူ မိန်းမသားတည်း။ သူ့ရှေ့တွင် တရှုပ်ရှုပ်သာ ငိုနေမိသည်။

"အချို့ရယ်၊ ဒီသတင်းကြီးကြားရတာ ကိုယ်ဖြင့် အရိုးစူးသလိုပဲ၊ နင့်တင့်တင့်ကြီး၊ နတ်လို့လည်းမရဘူး။ အနေခက်လိုက်တာ"

သူသည် ကိုသန်းဆွေကို အတော်ချစ်ပေသည်။ ကျွန်မတို့အပါးတွင် ရှုမဝမဂ္ဂဇင်းကိုဖတ်နေသော ရဲဘော်မောင်မြသည် စာအုပ်ကို စားပွဲပေါ်ထားရစ်ကာ အခန်းထောင့်တွင် သွား၍ ငိုင်နေသည်။ ကျွန်မ မျက်လုံးများသည် မဂ္ဂဇင်းပေါ် ရောက်သောအခါမှ ပို၍ ရင်ထဲမှာ ဆို့လာသည်။ ဒီလ (ဧပြီလထုတ် ရှုမဝမဂ္ဂဇင်း)မှာမှ ကျွန်မကလည်း 'တပို့တွဲလဆန်း တစ်ရက်နေ့' ဆောင်းပါးကို တိုက်တိုက်ဆိုင်ဆိုင် ရေးမိသည်။ ဆောင်းပါးအစကိုလည်း...

"တပို့တွဲလဆန်းတစ်ရက်နေ့ရောက်လျှင် ကိုသန်းဆွေကို သတိရမိသည်" ဟု စထားမိသည်။ ရေးစဉ်အခါတုန်းက ဆရာဦးတင့်တယ်အကြောင်းကို ရည်စူး

http://www.cherrythitsar.org



၍ ရေးခြင်းဖြစ်၏။ စိတ်က ဆရာဦးတင့်တယ်သည် ဝေဒနာဖြင့် ဆေးရုံတက်ကုသနေရသည်။ တစ်နေ့နေ့ သူသေသွားခါမှ ကျေးဇူးရှင်ကို တသလွမ်းဆွတ်နေသည်ထက် သူ့အကြောင်းကို သူရှိစဉ်တွင် ရေးချင်ပေသည်။ ကုန်ခဲ့သောနှစ် တန်ဆောင်မုန်းလကွယ်နေ့တွင် စာရေးဆရာသမဂ္ဂက ကျင်းပသော စာဆိုတော်အကြိုနေ့တွင် ရှုမဝဦးကျော်နှင့် စကားစပ်မိကြ၏။ ဦးကျော်ကလည်း...

"ကိုတင့်တယ်ရှိတုန်းရေးတာ၊ ကျွန်တော် ပိုကြိုက်တယ်"ဟု ဆို၏။

"ဆရာ့အကြောင်းရေးရင် ကျွန်မ ကိုယ်ရေးကိုယ်တာနဲ့က ဆက်စပ်နေတာ၊ တော်ကြာ အစ်ကိုကြီးက ပြောနေဦးမယ်။ ကိုယ်ရေးကိုယ်တာတွေ များလွန်းတယ်လို့။ သူ့ကို ရေးပြီးသားပြရအောင်ကလည်း သူက မော်ဘီမှာ"

ထိုစဉ်က ကျွန်မ မော်ဘီကိုပြောင်း၍ လိုက်မသွားသေးပေ။

"အို...ကိုသန်းဆွေကို ပြမယ်လေ၊ ကိုသန်းဆွေကိုပြပြီး ကျွန်တော် ထည့်မှာပေါ့။ ရေးသာရေးပါ"

ဦးကျော်မှာ ကျွန်မတို့ဇနီးမောင်နှံနှင့် ကိုသန်းဆွေဆက်ဆံပုံကို သိပြီးဖြစ်၍ ပြောလိုက်၏။ သူသည် တင့်တယ်အား ဂန္ထလောကမဂ္ဂဇင်းတွင် 'သံသယ သံသရာ'ဝတ္ထုကတည်းက တွေ့ရှိ ကြိုက်နှစ်သက်လာပုံကို ပြောပြ၏။ သို့နှင့် 'တပို့တွဲလဆန်းတစ်ရက်နေ့' ဆောင်းပါး ပါလာသောလတွင်မှ 'အဘိုးမသေ၊ ဘွားသေ'ခဲ့ရသည်တကား။

အကယ်၍သာ "အနတ္တ'ဆိုသည့်သဘောက အထည်ကိုယ်ဒြပ်ရှိ၍ စကားဆိုတတ်ပါလျှင် "ဟန်ကြီးတဲ့ စာရေးဆရာမကြီးရဲ့၊ ခင်ဗျားက လောကကို စိုးပိုင်တာ ကျနေတာပဲ၊ ဆရာတင့်တယ်က အရင်သေရမယ်၊ သူမသေခင် သူ့အကြောင်း ရေးမှနဲ့၊ ပိုင်းဖြတ်စီမံနေလိုက်ရတာ၊ ခုတော့ ခင်ဗျားမမျှော်လင့်တဲ့ ခင်ဗျား ဆရာသမား တစ်ယောက်ဖြစ်တဲ့ ကိုသန်းဆွေက ဖျုံးဖျပ်နဲ့ သေသွားပါရောလား။ ကဲလေ...ကိုယ့်ကမ္ဘာ ကိုယ်ဖန်ဆင်းပြီး နေတတ်တယ်ဆိုတဲ့ မာနရှင် စာရေးဆရာမကြီးရယ်၊ ခင်ဗျား ခုတော့ ဘာတတ်နိုင်သေးလဲ"ဟူ၍ လက်ညှိုးငေါက်ငေါက်ထိုးကာဆိုမည် အမှန်ပင်ဖြစ်ပါသတည်း။ ယခုလောလော ဆယ်မှာမူ 'အနတ္တ'ဆိုသည့်သဘောက ရန်မတွေ့ခင် အစ်ကိုကြီးက ကျွန်မကို ရန်တွေ့၍ နေပါတော့သည်။

"အချိုတို့ကလေ စာရေးဆရာဆိုတော့လည်း အတွေးနဲ့ အဖော်လုပ်နေရတဲ့သူတွေကိုး၊ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးက ပူပူပန်ပန်နဲ့ပြောရင် 'အစ်ကိုကြီး

ကလည်း စာရေးတာဟာ တိုက်ပွဲဆင်းတာမဟုတ်ဘူး၊ **(Precaution)** တွေ **(Appreciation)** တွေနဲ့ သိပ်ရှုပ်တာပဲ။ အဲဒီလိုသာလုပ်နေရင် စာတစ်ပိုဒ်မှ ထွက်လာမှာမဟုတ်ဘူး”လို့ အချို ခဏခဏပြောတယ်၊ မှတ်မိသေးလား။ ခုကိစ္စ မှာလည်းလေ ကိုသန်းဆွေဟာ သကြံန်မှာ တစ်ခုခုလွတ်သွားလို့ဖြစ်ရမှာ။ ဘာကိုမှ ပူပူပန်ပန်မရှိတတ်ကြဘူး။ ခုအဖြစ်ကမှ တကယ်ကို ရေတိမ်နစ်ရ တဲ့အဖြစ်၊ ရေတိမ်ကိုနစ်ရတာပဲ”

သူကလည်း ကရုဏာဒေါသောနှင့် ဆိုပါတော့သည်။ သူ့ရင်ထဲတွင် ဗဟောင်ဆူနေပြီကို သိသာပါသည်။ သူသည် ဘယ်နေရာမှာမှ အတည်တကျ ထိုင်၍မနေပေ။ ထလိုက် လမ်းလျှောက်လိုက် လုပ်နေပေပြီ။ ကျွန်မကတော့ ရင်ထဲကသာ စကားပြောနေမိ၏။ “အခုတော့ အစ်ကိုပြောဖို့အကွက်က ဆိုက် လာခဲ့ပြီကိုး။ ပြောတော့အစ်ကို၊ ပြောတော့”ဟူ၍သာ စိတ်ထဲက ရွတ်နေမိ၏။

“ဒီလူကို ကိုယ်ချစ်တာက သူ့မှာ **Console** လုပ်တတ်တဲ့ အရည်အချင်း ရှိတယ်။ ဘယ်လိုပဲ ဒုက္ခဖြစ်လို့ ဘယ်ဘဝရောက်နေနေ၊ သူတစ်ပါးကိုရော၊ သူကိုယ်ကိုရော နှစ်သိမ့်အောင် လုပ်တတ်တယ်” သူသည် သက်ပြင်းချကာ ကိုသန်းဆွေအတွက် မှတ်ချက်ချလိုက်၏။ ကျွန်မသည် ယခုမှပင် ခေါင်းဖော် လိုက်ပါသည်။

“အဲဒီ **Console** လုပ်တတ်တယ်ဆိုတဲ့ အရည်အချင်းကိုက နည်းတဲ့ အရည်အချင်းလား ကိုရယ်။ ကိုတို့ မျက်မြင်တွေ့ရတဲ့ တိုက်ပွဲကြီးတွေမှာ လူသူ လက်နက်အင်အား အရေးကြီးသလိုပဲ၊ လူတစ်ယောက်ရဲ့ ဘဝတိုက်ပွဲမှာ ဒီအရည်အချင်းသာမရှိရင် ဒီလူတစ်ယောက်ဟာ စာရေးဆရာဘဝမှာ ရပ်တည် လည်း မနေနိုင်ဘူး။ စာရေးဆရာလည်းဖြစ်မလာဘူး။ လက်နက် လူအင်အား ထက်တောင် အဲဒီအရည်အချင်းက အရေးကြီးသေးတယ်”

ကျွန်မသည် မျက်ရည်သုတ်ရင်း ပြောလိုက်၏။

“ကဲ...အချို၊ တို့များ ကျန်ရစ်တဲ့ မမစိန်ကို သွားတွေ့ရမယ်။ ကား တွေ မြို့ထဲကိုသွားခွင့်မရှိသေးဘူး။ ည ရှစ်နာရီမှ ထွက်ခွင့်ရမယ်။ အချို ည ရှစ်နာရီမှာ အဆင်သင့်ရှိနေပေစေ”

ကျွန်မသည် မီးဖိုသို့ ပြန်ဝင်လာ၏။ မောင်မြကို မီးဖိုဝတွင် တွေ့ရ၏။

“မောင်မြ ထမင်းစားလေ”

“မမငိုတာတွေ့တာနဲ့ ကျွန်တော် ထမင်းမစားချင်တော့ဘူး၊ မမရော

http://www.cherrythitsar.org



စားလေ”

“ဟင့်အင်း၊ မစားချင်တော့ဘူး”

“အဲဒီ...မမတို့ပြောနေတဲ့ ကိုသန်းဆွေက မမကိုစာသင်ပေးတဲ့ ဆရာကြီးလား”

“စာသင်တာမဟုတ်ဘူး မောင်မြရေ၊ မမ ခုလို ဝတ္ထုတွေဘာတွေ စာရေးတတ်အောင် သင်လိုက်တဲ့ ဆရာ၊ စင်တင်ပေးတဲ့ဆရာ၊ သူက ဆရာကြီးမဟုတ်ဘူး၊ မမနဲ့မှ အသက်တူတူပဲ။ သုံးဆယ့်ရှစ်နှစ်ရှိသေးတာ”

ကျွန်မတို့အပူသည် မောင်မြကို ကူးစက်သွားပြီ ထင်ပါသည်။ မောင်မြသည်လည်း ငိုင်သွား၏။

ထိုညက ရန်ကုန်ကို ည ရှစ်နာရီတွင် ထွက်လာခဲ့ပါသည်။

မမစိန်၏ အိမ်အဝရောက်လျှင် တိုက်တိုက်ဆိုင်ဆိုင် ဆရာတင့်တယ်နှင့်ဦးကျော်ကို တွေ့ရ၏။ ကျွန်မသည် ရင်ထဲက မနေနိုင်။

“ဆရာရယ်၊ မယုစိတ်ထဲမှာတော့ ဆရာ အရင်သေမယ်ထင်လို့ ဒီလရှုမဝမှာ ဆရာ့အကြောင်း အခန်းဆက်ရေးလိုက်တာ ခု ကိုသန်းဆွေ သေသွားပြီ”

ဆရာတင့်တယ်သည် ညင်သာစွာ ခေါင်းညိတ်ပြလိုက်ပါသည်။ အိမ်ထဲသို့ရောက်လျှင်မူ မမစိန်အသံ ကြားလိုက်ရပါသည်။

“မခင်ယုရေ၊ မယုရဲ့မောင်လေ ကြဲကြဲဖန်ဖန် ရေနစ်လို့ သေရှာပြီတဲ့”

ကျွန်မသည် ပရိသတ်အလယ်တွင် ဒူးညွတ်လျက် ကျမသွားအောင် အားတင်းလိုက်ရပါသတည်း။

* * *

‘မိလိန္ဒပဉှာ’တွင် ဘဝပြဿနာကို မိလိန္ဒမင်းကြီး လျှောက်ထား၍ ရှင်နာဂသိမ် ဖြေရာတွင် သရက်ပင်ကို ဥပမာပြ၏။

“မင်းကြီး သရက်တစ်ပင်မှ အစေ့ရှက်သော သရက်သီးတစ်လုံးကိုရူး၍ စိုက်လျှင် နောက်ထပ် သရက်တစ်ပင်ပေါက်၏။ ဒုတိယသရက်ပင်သည် ပထမသရက်ပင်လော၊ မဟုတ်ပါ။ သို့သော် ဒုတိယသရက်ပင်သည် ပထမ သရက်ပင်နှင့် ကင်း၍ မဖြစ်သကဲ့သို့တည်း”ဟူ၍ ဖြေဆိုခဲ့၏။

ထို့အတူပင်တည်း၊ စာရေးဆရာသန်းဆွေသည် ခင်နှင်းယုမဟုတ်၊ ခင်နှင်းယုသည်လည်း သန်းဆွေမဟုတ်ပါပေ။ သို့သော် စာပေလောကတွင် ခင်နှင်းယု

http://www.cherrythitsar.org



ဟူသော ကလောင်သစ်တစ်ယောက် ပေါ်ပေါက်လာရာတွင်မူ 'စာရေးဆရာ သန်းဆွေ'နှင့်ကင်း၍ မဖြစ်နိုင်ပါပေ။

အကွေ့တစ်ထောင် အကောက်တစ်သောင်း ဟူ၍ ကလေးများ စကားထာ ဝှက်ရာတွင် ဆိုသကဲ့သို့ပင် ဘဝဆိုသည်မှာ အကွေ့ပေါင်း အကောက်ပေါင်း များလှစွာတကား။

ကျွန်မ လာခဲ့ရာလမ်းတွင် ဖြုန်းခနဲ ဖြုန်းခနဲ မမျှော်မှန်းဘဲ အရှိန်နှင့် ကွေ့ ရသော ခရီးများအနက် ဖဆပလတွင်နေရင်းမှ စာရေးဆရာတင့်တယ်၊ စာရေး ဆရာ ကိုသန်းဆွေနှင့် တွေ့ရခြင်း ဟူသော အကွေ့တစ်ကွေ့သည် မမျှော်မှန်းခြင်း၊ အရှိန်ပြင်းထန်ခြင်းတို့နှင့် ကြောက်မက်ဖွယ်ကောင်းခြင်း၊ ကြည်နူးစရာကောင်း ခြင်း၊ ရယ်မောရခြင်း၊ ငိုကြွေးရခြင်းတို့ကို တစ်ပြိုင်နက်ဖြစ်ပွားစေသော အဓိကရ မှတ်တိုင်တစ်တိုင်ပေတည်း။ အထူးသဖြင့်'တင့်တယ်'၊ 'သန်းဆွေ'တို့နှင့် တွေ့ရ ခြင်းမှာ ကိုယ့်ကိုယ်ကိုမသိသော ကျွန်မအား "ခင်ဗျားဘဝဟာ ဘယ်နေရာနှင့် အတော်ဆုံး"ဟူ၍ ပြောပြလိုက်သောအချိန်ပင်တည်း။ သို့သော် ကျွန်မ ထိုစဉ် က မသိခဲ့ပေ။

ဆရာတို့နှစ်ယောက်အကြောင်းကို ရေးချင်သည်။ သူတို့နှစ်ယောက် အကြောင်းရေးလျှင် ဖဆပလအကြောင်းပါမည်၊ ဖဆပလအကြောင်းရေးလျှင် ဝင်ဒါမီယာအကြောင်း ပါမည်။ ဝင်ဒါမီယာအကြောင်းရေးလျှင် ဤတိုင်းပြည်၏ နိုင်ငံရေးအကြောင်း ပါလာရဦးမည်။ ရေးသည်က 'ဆရာတင့်တယ်'နှင့် 'သန်း ဆွေ'အကြောင်း၊ ဘယ့်နှယ်ဘယ့်နှယ် ကိုယ်ရေးကိုယ်တာနဲ့ နိုင်ငံရေးတွေက ပါလာရသလဲဟု ပြစ်တင်ပြောဆို ခံရမည်ကိုလည်း ကြောက်သည်။ အဘယ့် ကြောင့်ဆိုသော် ကျွန်မဟာ ကြီးကျယ်ထင်ရှားသော အာဏာပိုင်ပုဂ္ဂိုလ်မဟုတ်။ သို့သော် ဤတိုင်းပြည်၏ နိုင်ငံရေးဇာတ်ခုံအား ကန့်လန့်ကာကြားမှ အနီးကပ်ဆုံး ကြည့်ရသူတည်း။ ယခုမူ အကြောင်းကိုက မှီရာတည်ရာတွေနှင့် ဆက်စပ်နေသော ကြောင့် သူတို့အကြောင်းရေးလျှင် ကိုယ်ရေးကိုယ်တာတွေက ပါပါလာမည်ပဲ ဖြစ်သည်။

ထို့ကြောင့် ဆရာနှစ်ယောက်၏အကြောင်းကို ရေးမည်ကြံတိုင်း လက်တွန့် နေမိသည်။ "ကျွန်မ၏ချစ်သူများ"စာအုပ်ကို ရေးတော့မှပင် သူတို့နှစ်ယောက် အကြောင်းကို တခမ်းတနားရေးတော့မည်ဟူ၍ စောင့်နေရင်းမှပင် သခါရတရား သည် ကျွန်မကို မစောင့်ပေ။

http://www.cherrythitsar.org



"ကျွန်မ၏ ချစ်သူများ" စာအုပ်ကို စ၍မှ မရေးသားခင် ကျွန်မ ချစ်သူ တစ်ယောက် ဆုံးပါးရပြန်ပါပကော။

*　　*　　*

၁၉၆၄ ခုနှစ်။

လှည်းတန်းရှိ ကျွန်မ၏မိတ်ဆွေ မခင်တင့်အိမ်တွင် ခေတ္တနားခိုနေစဉ် ငယ်သူငယ်ချင်းဖြစ်သူ အမာနှင့် တွေ့ကြ၏။ သူသည် သိမ်ကြီးဈေးထဲတွင် စာအုပ်ဆိုင်ထွက်လျက်ရှိပေသည်။ ကျွန်မ စာရေးဝါသနာပါသည်ကို သိ၏။ 'တပို့တွဲလဆန်းတစ်ရက်နေ့' ဆောင်းပါးထဲ ပါသလိုပင် ဂျပန်ခေတ်က အာရှ လူငယ် အစည်းအရုံးတွင် ဉာဏဗလမှူးလုပ်နေသော်လည်း ကျွန်မ၏ စာမူများ သည် ဤမြို့ငယ်လေး၏ လက်ရေးစာစောင်မှာပင်ပါနိုင်သော အရည်အချင်း မရှိခဲ့ပါပေ။ အပယ်ခံရ၏။ အမာသည် ထိုအကြောင်းကိုသိသည်။ သို့သော် ရေးချင်လွန်း၍ကို ရေးသူဖြစ်သည့်အတိုင်း ဂျပန်ခေတ် စာရွက်များရှား၍ ရေးစရာမရှိသည့်တိုင်အောင်ပင် မေမေတို့ ငွေချေးစားစဉ်က အသုံးပြုသော ဩဒီမင်စာအုပ်ဟောင်းများ၏ တစ်ဖက်လွတ်တွင် ရေးချင်သည်များကို ရေး၍ပင် နေလေသည်။

ယခု အမာနှင့်တွေ့ချိန်တွင် သူသည် ကျွန်မကို ပြောလာ၏။

"မခင်ယု၊ မင်း ရန်ကုန်မှာ ကြာကြာနေဦးမယ်ဆိုရင် ဝတ္ထုရေးပါလား၊ ငါပေးပေးမယ်လေ"

ကျွန်မသည် သူ့စေတနာအတွက် ဝမ်းသာသွားမိ၏။

"ဘယ်သူ့ကို ပေးမှာလဲ"

"ငါတို့ စာအုပ်ဆိုင်ကို စာရေးဆရာ ကိုသန်းဆွေဆိုတာ ခဏခဏလာ တယ်။ သူ့ကိုပေးလိုက်မယ်။ သူနဲ့ရင်းနှီးတဲ့ မဂ္ဂဇင်းတွေထဲက တစ်ခုခုကို သူ ပို့ပေးမှာပေါ့"

ကျွန်မသည် ထိုစဉ်က ရန်ကုန်တွင် ဘယ်သူ့ကိုမှ မသိပေ။ မိတ်ဆွေ မခင်တင့်က မှတ်မှတ်ရရ သံကြိုးလက်ခံဖြတ်ပိုင်း စာအုပ်တစ်အုပ် ဘယ်က ရလာသည်မသိ ကျွန်မကိုပေး၏။

"ရော့၊ ရေးစရာ စာရွက်မရှိရင် ဒါနဲ့ရေး"ဟု ပြော၏။ ကျွန်မသည် တစ်ဖက်လွတ်နေသော စာရွက် ဝါကျင့်ကျင့်များတွင် ကျွန်မ ရေးချင်သည်များကို

http://www.cherrythitsar.org



ရေးကာ အမာကို ပေးလိုက်ပေသည်။

နောက်တစ်ပတ် အမာ ရောက်လာပြန်၏။

"ရော့...ကိုသန်းဆွေကပြောတယ်၊ မင်းရေးတာ အချစ်ဝတ္ထုလည်းမဟုတ်ဘူးတဲ့။ ပြီးတော့ စာရွက်ပေါ်မှာရေးရင် မင်နဲ့ ရေးရတယ်တဲ့။ မင်းရေးတာ ကလည်း ဟုတ်ပါရဲ့ ခဲတံကြီးနဲ့"

ကျွန်မသည် ပြန်ပေးခံရသော စာအုပ်လေးကို ရင်ဝယ်ပိုက်ထားလိုက်၏။ ပြုံး၍နေ၏။

"ဟုတ်သားပဲအမာရယ်၊ ကိုယ်ကလည်း ခဲတံနဲ့ရေးလိုက်မိတယ်" ထိုစဉ်က ကိုသန်းဆွေဟူသော နာမည်ကို ပထမဆုံးကြားရခြင်းပင်တည်း။ သို့သော် သူ့ဝတ္ထုများကိုမူ မဖတ်မိသေးပါ။

"သြော်...စာရေးရင် အချစ်အကြောင်းရေးရတယ်လား"

"သူပြောတာ ငါပြောပြတာပဟ"ဟူ၍ အမာက ဖြေပါသည်။ ကျွန်မရေးသော အကြောင်းအရာမှာ နောင်တမှ ပေါက်ဖွားလာသော အကြောင်းတစ်ခုပင်တည်း။ ဂျပန်တစ်ခေတ်လုံး ဆရာမကြီး ဒေါ်ပိုက်မိ၊ မမြရှင်၊ မခင်ဝေ၊ မလှရင် အစရှိသော သူငယ်ချင်းတို့နှင့်အတူ အသင်းအပင်း စည်းရုံးရေးဟူသမျှ ကျွန်မတို့ ကျောင်းသူတစ်စု လိုက်ပါဆောင်ရွက်သေး၏။

အာရှလူငယ်အစည်းအရုံး ထူထောင်ပေးပါဆိုလျှင်လည်း ထူထောင်ပေးလိုက်၏။ ဝန်ထမ်းအသင်းလုပ်ပေးပါဆိုလျှင်လည်း လုပ်ပေးလိုက်၏။ မြန်မာ့တပ်မတော်အတွက် စစ်သားစုဆောင်းပေးပါဆိုလျှင်လည်း စုဆောင်းပေးလိုက်၏။ ချွေးတပ်သားများ စုဆောင်းပေးပါဆိုလျှင်လည်း စုဆောင်းပေးလိုက်လေသည်။

ထိုစဉ်က ဦးနုသည် ပြန်ကြားရေးဝန်ကြီးဘဝနှင့် အင်းလျားကန်ဘေး ရှိအိမ် (ယခု ရွှေဥဒေါင်းအထည်စက်ရုံ)တွင် နေသည်။ သူခေါ်၍ ရန်ကုန်တွင် သွားရောက်နေပြီး ဝါးခယ်မသို့ပြန်လာသောနေ့တွင် ကျွန်မတို့သည် ဂျပန် ခေတ် ထုံးစံအတိုင်း သင်္ဘောကို အပြေးအလွှား အလုအယက်တက်၍ နေရာ ယူရသည်။ အပေါ်ထပ်တွင် နေရာရ၍ ပစ္စည်းများကို အသားတကျ ချပေးပြီးမှ သင်္ဘောအောက်ထပ်သို့ ရေချိုးခန်းသွားလို၍ ဆင်းလာ၏။

သင်္ဘောခေါင်းတိုင်ကြီးပတ်လည် ခြစ်ခြစ်တောက်ပူနေသော နေရာပင် မလပ်အောင် ခရီးသည်များက များလှသည်။ ကျွန်မတွေ့ရသည်မှာ သာမန် ခရီးသည်များသာမက ဗိုက်ပူနံကား၊ နံရိုးအပြိုင်းပြိုင်းကျကာ ဝဲနာတွေ ဗရပွနှင့်

လူနာများတည်း။ သူတို့သည် ဆယ်ယောက် ဆယ့်ငါးယောက်လောက် ရှိပေမည်။ ကိုယ်ကိုပင် မတ်မတ်ထားမရ၍ တစောင်းနေသည်သည့်သူကနေ၊ လက်ရန်းကို မှီသည့်သူက မှီနေရင်း မိန်းမောညည်းတွားနေပုံရ၏။

"သူတို့ဘယ်ကလဲ၊ ဘယ်ကိုသွားကြမှာလဲ"ဟု ကျွန်မက အနီးအပါးမှ ခရီးသည်များကို မေးမိ၏။

"ဝါးခယ်မနယ်က ချွေးတပ်သားတွေလေ၊ သူတို့ သံဖြူဇရပ် လမ်းဖောက်ပြီး ပြန်လာကြတာ"

"ဟိုက်"

ကျွန်မသည် သင်္ဘောလက်ရန်းကို မနည်းကိုင်ထားရ၏။ စိတ်ထိခိုက်လွယ်သူ ဖြစ်သည့်အတိုင်း ငိုလည်းငိုချင်လာသည်။

"ဘုရား...ဘုရား...ကယ်တော်မူပါ၊ ငါမှားပြီ"

ကျွန်မသည် နောင်တကြီးစွာရမိ၏။ အဘယ့်ကြောင့်ဆိုသော် ထိုသူများထဲတွင် ကျွန်မအပြောအဟောကောင်း၍ လိုက်ပါသွားသော ချွေးတပ်သားများ ပါကောင်းပါမည်ဖြစ်သည်။ အကယ်၍သာ သူတို့မှတ်မိခဲ့ပါလျှင် "ဘယ့်နှယ် ခင်ဗျားက အဟောအပြောကောင်းလိုက်တာ၊ ကျုပ်တို့ ရွှေပြည်တော်ကြီးကို အရှင်လတ်လတ်ရောက်မယ့်အတိုင်းပဲ။ ခုတော့ ကျုပ်တို့ရုပ်ကို ခင်ဗျားမြင်ဝံ့သေးရဲ့လား"ဟူ၍ ရင်နာစကား ဆိုကြမည်ပင်။ ချွေးတပ်သားများ စုဆောင်းစဉ်က အထက်ကစာပါ ညွှန်ကြားလွှာအတိုင်း ထိုတပ်ထဲပါလျှင် ရရှိမည့် အခွင့်အရေး၊ ဆောင်ရွက်ရမည့် တာဝန်လုပ်ငန်းများကို ကျွန်မတို့သည် စည်းရုံးရာတွင် တကတည်း ပြောပြလိုက်ကြသည့်ဖြစ်ခြင်း၊ မစားရဝခမန်းပါပေတည်း။ ယခုတော့ ပြန်လာကြရသည့် ချွေးတပ်သားများ၏ ရုပ်ရည်ကို မြင်ရသောအခါမှ လင်းတပင် စားချင်သောစိတ်ရှိမည်မဟုတ်ပေ။

ထိုမြင်ကွင်းက ကျွန်မ မျက်စိထဲတွင် မပျောက်။ 'နောင်တတရားကလည်း ကျွန်မစိတ်ကို အဖန်ဖန်နှိပ်စက်၏။ ကျွန်မသည် ထိုနေ့ကစ၍ လူထုစည်းရုံးရေးများ၊ လူထုရှေ့တွင် စကားပြောဟောခြင်းများမလုပ်တော့ ဟူ၍ ဆုံးဖြတ်လိုက်ပါသည်။

ထိုနောင်တမှ ပေါက်ပွားလာသောအကြောင်းကို စစ်ပြီးသောအခါတွင် ကျွန်မ ပထမဆုံးရေး၍ အမာ၏လက်သို့ ထည့်လိုက်ခြင်းဖြစ်ပါသည်။ လက်မခံဘူးဆိုတော့လည်း ဘာများတတ်နိုင်ပါဦးမည်နည်း။ ထိုစဉ်က ကိုသန်းဆွေ

http://www.cherrythitsar.org



ဆိုသော နာမည်ကို အမှတ်မထင်ကြားလိုက်မိသည်မှတစ်ပါး ကျွန်မ၏ ခရီးတစ်ကွေ့ဝယ် ဇာတ်လိုက်မင်းသားကြီးတစ်ယောက်ဖြစ်လိမ့်မည်ဟူ၍ မသိခဲ့ပါပေ။

* * *

၁၉၄၇ ခုနှစ်။

ဖ–ဆ–ပ–လသို့ ဘကြီးဟန်ခေါ်၍ ရောက်ခဲ့လေသည်။

'ခင်နှင်းယု' ကလောင်အမည်ကို ပထမဆုံးအသုံးပြုရေးသော 'အရိုင်း' ဝတ္ထု ပဒေသာမဂ္ဂဇင်းတွင် စွံသွားသောအချိန်ဖြစ်သည်။ ဆရာတင့်တယ်က စာများရေး၍ ကျွန်မ၏ လိုအပ်သော စာပေချွတ်ယွင်းချက်များနှင့် လိုအပ်သော 'သတ္တိ'ကို စာနှင့်ဆက်သွယ်ပြောပြချိန်ဖြစ်၏။ ကျွန်မစာများသည် တိုက်ရိုက်မလာ၊ ကျွန်မပေးထားသော လိပ်စာအတိုင်း ငွေစာရင်းဌာန မခင်နု (ဦးချိုဒိုး၏ ဇနီး) ထံမှ တစ်ဆင့်လာ၏။ ဆရာတင့်တယ်စာတွင်...

"ကိုသန်းဆွေလာတိုင်း မခင်ယုစာပါလာမလားလို့ ဆေးရုံကနေ မျှော်မိတယ်"ဟူသော စကားလုံးပါလာ၍ ကျွန်မသည် မခင်နုကို မေးမိ၏။

"မခင်နုဆီကို ကိုယ့်စာတွေ လာပို့တဲ့လူဟာ စာရေးဆရာ ကိုသန်းဆွေများလားမသိဘူး။ နောက်တစ်ခါ သူလာရင် ကိုယ့်ကိုပြစမ်းပါ"ဟု မှာထားရ၏။

တစ်နေ့တွင်မူ မခင်နုက "မိယု...မိယု...မြန်မြန်လာဟဲ့၊ ဟိုလူ မင်းစာတွေပေးပြီး ပြန်သွားပြီ" ကျွန်မသည် အလုပ်စားပွဲမှ အပြေးအလွှားထကြည့်ရ၏။ ဖ–ဆ–ပ–လ လှေကားအဆင်းတွင် မခင်နု ညွှန်ပြသောသူကို တွေ့ရပါသည်။ လူပုပု၊ အသားဖြူဖြူ၊ မျက်မှန်ထူထူနှင့်ဖြစ်သည်။ သူ့ခန္ဓာကိုယ်အချိုးအစားနှင့် ဆိုသော် သူ့ခေါင်းမှာ ကြီး၍ နဖူးမှာ ပြန့်ကျယ်လှသည်။

ဩော်...ထိုစဉ်ကလည်း 'သန်းဆွေ'ဆိုသည်မှာ ဆရာသခင် ကျေးဇူးရှင်တစ်ယောက် ဖြစ်လိမ့်မည်ဟူ၍ မသိခဲ့ပါပေ။ သို့သော် မျက်ဝါးထင်ထင် ပထမဆုံး မြင်ဖူးရခြင်းပင်တည်း။

* * *

၁၉၄၈ ခု။

ကျွန်မ ဝင်ဒါမီယာသို့ရောက်ပေပြီ။ သို့သော် နေသောအိမ်မှာ ပြည်လမ်း၊ အိမ်အမှတ် ၄၆ အိမ် ဖြစ်၏။ တစ်ဖက်ခန်းတွင် ကိုချစ်လှိုင် (ကိုကိုမောင်)နေ

http://www.cherrythitsar.org



သည်။ သူသည် မတော်ရသေးသော ယောက်ဖလောင်း သခင်သာခင်၏ အိမ်တွင် နေခြင်းဖြစ်၏။ သူသည်လည်း ကျွန်မကဲ့သို့ပင် စာပေရူး အတွေးအခေါ်ရူးသာတည်း။ ကျွန်မအဖို့ 'အရိုင်း'ဝတ္ထု စွဲပြီးမှ ခင်နှင်းယုအမည်နှင့် ဟက်ဟက်ပက်ပက် စွဲလှသည်မရှိသေး။ ကိုသန်းဆွေထံကမူ စာပဒေသာ အသေးလေးမှသည် ပဒေသာမဂ္ဂဇင်းအကြီးသို့ ကူးပြောင်းမည်ဖြစ်၍ ကူညီပါရန် စာရောက်လာသည်။ သူသည် 'ချစ်သုံးလီ'ဝတ္ထုဖြင့် နာမည်တက်စဖြစ်၏။ ထိုပဒေသာမဂ္ဂဇင်းကြီးတွင်မူ ခင်နှင်းယုအမည်နှင့် 'လိုက်လို့သာ အကြောင်းကြားချင်သည်'နှင့် 'ခေမာစန္ဒီ' ဝတ္ထုတိုနှစ်ပုဒ်သာ စွဲသေးသည်။

ကျွန်မမှာ အပယ်ခံရသော ဝတ္ထုများကို တစ်ပွေ့ပိုက်ပိုက်နှင့် သိမ်းရင်းဆည်းရင်းပင် ရေချိုးခန်းဝဝယ် ညဉ့်တိုင်းလို ဖယောင်းတိုင်ထွန်း၍ ရေးချင်သောစာများကို ရေးရင်းပင်ဖြစ်၏။

တစ်နေ့တွင်မူ ကျွန်မ၏ အပယ်ခံရသော ဝတ္ထုများအနက် 'ကြိုးနီ'ဟူသော ဝတ္ထုကို ကိုချစ်လှိုင်က ယူကာ ပြန်လာ၏။

"ကျွန်တော်ဒေါ်ပွလိုက်တာဗျာ၊ ခင်ဗျားဝတ္ထုကိုပယ်တာ စာအရေးအသား၊ ဝတ္ထုဇာတ်အိမ်ကို အကြောင်းမပြဘဲ ဦးနုနမမို့ပယ်တယ်လို့ အကြောင်းပြတာ သိပ်စိတ်ဆိုးတာပဲ။ အင်း...ဒီတိုင်းပြည်မှာ ဒီပုဂ္ဂိုလ်စွဲနဲ့ ချတဲ့အကျင့် ဘယ်တော့ပျောက်ပါ့မလဲ"

သူက ဒေါသဖြစ်သလောက် ကျွန်မ ပြုံးမိ၏။ ကျွန်မအတွေးနှင့် ကျွန်မ ပြုံးခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက ဦးနုကို ဆန့်ကျင်ရေးအစွဲမှာ ဖဆပလထဲတွင် ဝင်နေသလားဟု ကျွန်မ သံသယဖြစ်သည်။ ဘယ်ကြောင့်ဆိုသော် ထိုဝတ္ထုကို ပယ်သော မဂ္ဂဇင်းမှာ ဖဆပလအောက်ခံ အစည်းအရုံးတစ်ခုမှ ထုတ်ဝေသော မဂ္ဂဇင်းဖြစ်၏။ ထို့ပြင် ဖဆပလသည် ဖက်ဆစ်ဆန့်ကျင်ရေးသာမက စနစ်ဟောင်းများကို ဦးစီးတော်လှန်ရမည့် တော်လှန်ရေးမှ ပေါက်ပွားလာသော အစည်းအရုံးကြီးတစ်ခု ဖြစ်ပါလျက်နှင့် ဤအစည်းအရုံးကြီး ပေါက်ပွားလာသော လက်အောက်ခံ ကြွေးကြော်သံမဂ္ဂဇင်းတစ်အုပ်က ဟောင်းနွမ်းစုတ်ပြတ်၍ကြိုးနီ အထပ်ထပ် ပတ်လျက်ရှိသော ဤအတွင်းဝန်ရုံးကြီး၏ ဗျူရိုကရေစီယန္တရားအား ကျွန်မ သရော်၍ရေးသောဝတ္ထုကို ပယ်ခဲ့၏။

"သူတို့သည် တကယ်မှ ဗျူရိုကရေစီယန္တရားကို ပယ်ဖျက်လိုပါရဲ့လား" ဟူသော သံသယဖြစ်မိ၏။ ထိုအကြောင်းနှစ်ကြောင်းကို တွေးမိ၍ ကျွန်မက ပြုံးခြင်းဖြစ်၏။

http://www.cherrythitsar.org



သို့သော် ကျွန်မအဖို့ အပယ်ခံရခြင်းသည် မထူးခြားပြီ ဖြစ်သည့်အတိုင်း ပြုံး၍ပင် နေလိုက်ပါသည်။ ကျွန်မကား ရေးမြဲရေးလျက်ပင်တည်း။

* * *

၁၉၄၉ ခုနှစ်။

ဗိုလ်ကြီးကျော်သောင်းနှင့် စေ့စပ်ပြီးသော်လည်း တစ်နှစ်တိုင်တိုင် လက်မထပ်ဖြစ်သေးပေ။ တစ်နေ့တွင် ရုံးအဆင်း ဘတ်စကားပေါ်တွင် သူ့ကို အမှတ်မထင် တွေ့လိုက်ရ၏။

"မခင်ယု၊ ခင်ဗျားစေ့စပ်တဲ့သတင်း သတင်းစာထဲမှာ တွေ့လိုက်ရပါတယ်။ ကျွန်တော်လာမလို့ပဲဗျာ"ဟု ကိုသန်းဆွေက ဆိုသည်။

"ဟုတ်တယ်၊ ခု ကျွန်မတို့ ဆူးလေဘုရားလမ်းအိမ် ရောက်နေတယ်။ လာခဲ့ပါဦး၊ ကျွန်မသွားတော့မယ်" သူ့ကိုနှုတ်ဆက်၍ ခွဲခွာလာခဲ့၏။

"မေမေမဆုံးခင် သမီးလက်ထပ်ဖြစ်အောင် စီစဉ်ပါ"ဟူ၍ မေမေက ဆိုလာသောကြောင့် ၁၉၅၀ ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်မ လက်ထပ်လိုက်ပါသည်။ မေမေသည် လက်ထပ်ပွဲကိုပင် လူတွဲ၍ ထိုင်ရသည်။

လက်ထပ်ပြီး တစ်ပတ်လောက်တွင် ကိုသန်းဆွေ ပေါက်လာသည်။

"သူများ လက်ထပ်တာကို မလာဘူးပေါ့လေ"

ကျွန်မသည် သူ့ကို ဆီးကြိုပြစ်တင်လိုက်၏။

"ဆရာတက်တိုးကနေတစ်ဆင့် ဖိတ်စာရပါတယ်ဗျာ၊ မလာဖြစ်နိုင်ဘူး မယုရယ်၊ ဗိုလ်ကြီးရော..."

"သူ လက်ထပ်ပြီး နှစ်ရက်ကြာတော့ စစ်ကိုင်းပြန်သွားရတယ်။ မယုတော့ မေမေနေမကောင်းနေတော့ မလိုက်နိုင်ဘူး"

"အင်း...ဖြစ်ရမယ်၊ ဒီအဖြစ်က"ဟူ၍ သူက ဆိုပါသည်။ ဘာရည်ရွယ်ချက်နှင့် သူက ပြောခြင်းမသိပေ။ သူသည် ပြီးတော့မှ လက်ထဲမှ စာအုပ်တစ်အုပ် လှမ်းပေး၏။

"ဒါ...မယုတို့ ဇနီးမောင်နှံအတွက် ကျွန်တော်ပေးတဲ့ လက်ဆောင်ပဲ"

သူပေးသောစာအုပ်ကို ကျွန်မ မြတ်နိုးစွာ လက်ခံလိုက်ပါသည်။ စာအုပ်မှာ အိုင်ဗင်စတုံးရေးသော **(Immortal wife)** ဟူသော စာအုပ် ဖြစ်ပါသည်။ ထိုစာအုပ်မှာ ဂျက်စီဘင်တန်ဖရေးမောင့် ဟူသော အမျိုးသမီးတစ်ယောက်၏

http://www.cherrythitsar.org



ဝတ္ထုဆန်သော အတ္ထုပ္ပတ္တိပင်တည်း။

**The Biographical Novel of Jessie Benton Fremont** ဟူ၍ ရေးသားထားလေသည်။ ထိုစာအုပ်ပါ ဓာတ်လိုက် ဂျက်စီမှာ...ဂျွန်–ချားလ်–ဖရေး မောင့်ဟူသော စစ်မှုထမ်းသူလူငယ်တစ်ယောက်နှင့် လက်ထပ်ခဲ့၏။ ဖရေးမောင့်သည် **(Court martials)** စစ်ခုံရုံးနှစ်ခါတင်၍ အစစ်ခံရလေသူတည်း။

ကျွန်မသည် သူပေးခဲ့သောစာအုပ်ကို လေးလေးစားစားပင် ဖတ်ရှုခဲ့ပါသည်။ မေမေ့ရောဂါမှာ မသက်သာ၍ အစ်ကိုကြီးထံသို့ ကျွန်မလိုက်ပါမသွားနိုင်သေးပေ။ ဆေးရုံကြီးသို့ တင်ထားစဉ်တွင် ညတိုင်း မေမေ့ကို ကျွန်မ စောင့်အိပ်၏။ ထိုစဉ်က ပရိုက်ဗိတ်ခန်းများသည် တစ်ခန်းမှာ နှစ်ယောက်နေရ၍ တိတ်ဆိတ်အေးချမ်းပေသည်။ ညဥ့်ဘက်တွင် စာရေးချိန်အများကြီးရ၏။ မီးလုံးကို လူနာမမြင်ရအောင်ကာ၍ ကျွန်မသည် ဖျာခင်းကာ ရေးချင်လွန်းလှသော ဝတ္ထုကို ရေးပါသည်။ ဝတ္ထုသာပြီးသွားသည်။ မေမေ့ရောဂါမှာ မသက်သာ။ မေမေသည် ကျွန်မလက်ထပ်ပြီး ငါးလအကြာတွင် ဆုံး၍သွားပေပြီ။ မေမေဆုံးပြီးသော်လည်း အလုပ်ကမထွက်သေး၍ အစ်ကိုကြီးနောက်သို့ ခုနစ်ရက်မျှ အလည်အပတ်သွားသည်မှတစ်ပါး ပြောင်းရွှေ့မလိုက်နိုင်သေးပေ။ သို့သော် ကျွန်မသည် ငါးလကြာ၍ လိုက်သွားသော ပထမပတ်တွင် ကိုသန်းဆွေပေးသော **"Immortal Wife"** စာအုပ်ကို သူဖတ်ရန် ပေးလိုက်ပါသည်။

ရန်ကုန်ပြန်လာချိန်တွင် လူနာစောင့်ရင်း ကျွန်မရေးသော 'နွေနှောင်းရွက်ကျန်' ဝတ္ထုမှာ မစွံသေးပေ။ ထိုဝတ္ထုမှာ ဝတ္ထုအတိုမဟုတ်ပေ။ ထုတ်ဝေလိုသူတစ်ဦးနှင့် စကားကမ်းလှမ်းရာတွင် အကြောင်းနှစ်ချက်ကြောင့် သဘောကွဲလွဲကြသည်။ ပထမအချက်မှာ ထုတ်ဝေသူက 'ခင်နှင်းယု' ကလောင်နာမည်နှင့် မထုတ်ချင်။ 'ဝန်ကြီးချုပ် အတွင်းရေးအတွင်းဝန် မခင်စု' ဟူသော နာမည်နှင့် ထုတ်ချင်သည်။ ကျွန်မကလည်း 'ခင်နှင်းယု' ကလောင်အမည်နှင့်သာ ထုတ်ချင်သည်။ ကျွန်မကို ဘယ်သူဆိုတာ လူမသိစေချင်။

ဒုတိယ စာမူရေးခအတွက် ခြောက်ရာလောက်တန်သော ရေဒီယိုတစ်လုံးသာ ကျွန်မက တောင်းဆို၏။ သူက မပေးချင်ပေ။ သူသည် ကုန်သည် တစ်ယောက်အနေနှင့် ဤ 'ခင်နှင်းယု' ဟူသော မစွံသေးသည့် ကလောင်တစ်ချောင်းအား စွန့်၍ထုတ်ဖို့ရာမှာ မရဲသေးသောကြောင့်ဖြစ်သည်။ သူ့ဖက်ကလည်း မှန်ပေသည်။

http://www.cherrythitsar.org



ကျွန်မသည် ကျွန်မစာမူကို သိမ်းမြဲ သိမ်းထားပါသည်။ တစ်နေ့တွင် ကိုသန်းဆွေ ပေါက်လာပြန်ပါသည်။ ကျွန်မတို့သည် စာအကြောင်း ပေအကြောင်း ဆွေးနွေးကြ၊ ပြောကြရင်းမှ 'နွေနှောင်းရွက်ကျန်'အကြောင်း ရောက်သွားပါတော့သည်။

"ကျွန်တော့်ကိုပေးလိုက်ပါလား၊ ကျွန်တော် ဖတ်ကြည့်ဦးမယ်"ဟု သူက ပြော၏။ ကျွန်မ သူ့ကို ပေးလိုက်ပါသည်။

ထိုဝတ္ထုအား ပထမထုတ်ဝေသူနှင့်သာ ထုတ်ဝေဖြစ်ခဲ့ပါလျှင် လုံးချင်းဝတ္ထုဖြစ်သောကြောင့် တစ်ကြောင်း၊ ပထမဆုံးဝတ္ထုရှည်ဖြစ်၍ ဆရာတက်တိုးထံမှ မိတ်ဆက်အမှာစာပင် ကျွန်မ အသင့်တောင်းခံယူထားပြီးဖြစ်သည်။ ဆရာတက်တိုးမှာ ကျွန်မကြည်ညိုသော ဂန္ထလောကခေတ်ပေါ် စာရေးဆရာများထဲတွင် တစ်ယောက်အပါအဝင် ဖြစ်ပါသည်။ သို့သော် ရှုမဝမှာ 'နွေနှောင်းရွက်ကျန်' မဂ္ဂဇင်း ဝတ္ထုရှည်ပါလာသောအခါမှာမူ ဆရာတက်တိုး၏ အမှာစာ ပါမလာတော့ပေ။ လုံးချင်းမဟုတ်၍ မထည့်ခြင်းဖြစ်ဟန်တူသည်။

ထို'နွေနှောင်းရွက်ကျန်'ဝတ္ထုရှည်မှာ ပထမဆုံးရေးသော မဂ္ဂဇင်း ဝတ္ထုရှည်ဖြစ်ရုံမက ကျွန်မအား စာပေခရီးသို့ ချောမောစွာသွားနိုင်ရန် ဟင်းလင်းဖွင့်ပေးသော ဂိတ်တံခါးပင်တည်း။ ထိုဝတ္ထုထွက်ပြီးနောက် မြဝတီတွင် အစဉ်မပြတ်ရေးပေးခွင့်ကို ဗိုလ်မှူးဘသောင်း (မောင်သုတ)က ခွင့်ပြုလိုက်ပါသည်။

* * *

၁၉၅၁ ခုနှစ်။

ဗိုလ်ကြီးကျော်သောင်းအား စသုံးလုံးမှ ငွေပေါင်းသိန်းသုံးဆယ့်ငါးသိန်း အမှုနှင့် တရားစွဲဆိုခံနေရချိန်ဖြစ်၏။ ဗိုလ်ကြီးကျော်သောင်းကတစ်ဖန် ဝန်ကြီးချုပ်ဦးနုနှင့် သမ္မတကြီးအား တရားလွှတ်တော်ချုပ်သို့ ဦးတိုက်လျှောက်ထား၍ ပြန်လည်တရားစွဲဆိုချိန် ဖြစ်ပေသည်။ (အကျယ်ကို 'ကျွန်မ၏ ချစ်သူများ' တွင် ဖတ်ပါ) ထိုစဉ်က ဗိုလ်ကြီးကျော်သောင်းနောက်တွင် မားမားရပ်လျက်ရှိသူမှာ ဗိုလ်ချုပ်ကြီးနေဝင်းပင်တည်း။

ကိုသန်းဆွေသည် ထိုအမှုဖြစ်ချိန်တွင် ရောက်လာပြန်ပါသည်။

"မယုရယ်၊ သူ အခုမရှိဘူးလား"

('သူ' ဆိုသည်မှာ ဗိုလ်ကြီးကျော်သောင်းကို ဆိုလိုပါသည်)

“မရှိဘူး ကိုသန်းဆွေ၊ ခရီးသွားနေတယ်”

“အေးဗျာ၊ ကျွန်တော်ဖြင့် သတင်းစာထဲ သုံးဆယ့်ငါးသိန်းအမှု ဖတ်လိုက်ရတော့ စိတ်မကောင်းလိုက်တာ။ ဒါပေမဲ့ ကျွန်တော် ဒီလူကို ယုံကြည်တယ်။ စိတ်မကောင်းနေတာတစ်ခုပဲရှိတယ်ဗျာ။ ခင်ဗျားတို့ လက်ထပ်ပြီးစက **Immortal wife** ဝတ္ထုစာအုပ် ပေးမိတာဗျာ”

“အို ...ဘာစိတ်မကောင်းစရာရှိသလဲကိုသန်းဆွေရယ်၊ ဝတ္ထုထဲက ဂျွန်ဖရေးမောင့်ဟာလည်း ကုတ်မာရှယ် နှစ်ခါအတင်ခံရပေမဲ့ သူက ညစ်ပတ်ယုတ်မာလို့မှမဟုတ်ဘဲ။ ကျွန်မမှာ ဒီနိမိတ်အစွဲအလမ်းတွေမရှိပါဘူး။ ခုလည်း သူ့အကြောင်း (ဗိုလ်ကြီးကျော်သောင်း)ကျွန်မ ကောင်းကောင်းသိသလို၊ ကိုကိုကြီး (ဦးနု)အကြောင်းလည်း ကျွန်မ ကောင်းကောင်းသိတာပဲ။ ကျွန်မ အံ့သြပြီး ရယ်ချင်တာတစ်ခုပဲရှိတယ်။ ဒီအမှုကို ဖြစ်စေချင်တဲ့လူရယ်၊ ကျူးလွန်တဲ့လူရယ်၊ အစဖော်တဲ့ လူတွေရယ်ဟာ ဘေးရောက်နေပြီး ဒီသမီးယောက်ဖနှစ်ယောက်မှ တရားလွှတ်တော်မှာ မျက်နှာချင်းဆိုင်ရမယ်ရယ်လို့”

ကျွန်မက ရယ်မောရင်း ပြောလိုက်ပါသည်။

“အေးဗျာ၊ တပ်မတော်မှာ မသေခင်က ကျောက်တိုင်စိုက်သင့်တဲ့ အာဇာနည်စစ်ဗိုလ်တွေ ရှိတာပေါ့လေ။ ဒီဗိုလ်ကျော်သောင်းဆိုတဲ့ လူက အာဇာနည်မဟုတ်ဘူးဗျ။ ဒါပေမဲ့ လူတစ်မျိုးရယ်။ ကျွန်တော်နဲ့သိနေတာက မယုနဲ့ မယုခင်ကောလိပ်ကျောင်းမှာ သူနေကတည်းကသိနေတာ။ ကျွန်တော်က တက္ကသိုလ်ကို မရောက်ဖူးပေမဲ့ တက္ကသိုလ်မှာ ကျွန်တော့်မိတ်ဆွေတွေအများကြီးပဲ” သူသည် စကားဖြတ်ထားပြီး အတန်ကြာမှ ကျွန်မမျက်နှာကို စေ့စေ့ကြည့်ကာ “မယု အားငယ်နေသလား”ဟု မေး၏။

“မငယ်ပါဘူး ကိုသန်းဆွေ” ကျွန်မသည်လည်း သူ့ကိုပြန်၍ စေ့စေ့ကြည့်မိ၏။ ‘အားငယ်နေလေမည်လား’ဟူသော စေတနာဖြင့် ပြေး၍ လာကြည့်ဖော်ရသော ဤအဆွေခင်ပွန်းစစ်၏ မျက်နှာကို ကျွန်မ ထာဝစဉ်သတိရနေပါသည်။

“အေးလေဗျာ၊ လူ့ပြည်မှာ တကယ်ဖြစ်နေတဲ့ အကြောင်းအရာတွေဟာ ကျွန်တော်တို့ရေးနေတဲ့ ဝတ္ထုတွေထက် ဆန်းကြယ်တယ်။ **"True drama"** ဆိုတာ အဲဒါပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ စာရေးဆရာတွေဟာလေ တကယ့်အကြောင်း ခံစားရသမျှတွေကို နှလုံးသားထဲက အကုန်အစင်သွန်ချပြလို့ မရကြဘဲ သေသွားကြတာပါပဲ” ကျွန်မသည် ပြုံး၍ သူပြောသမျှကို နားထောင်

http://www.cherrythitsar.org



နေပါသည်။

“တကယ်တော့ ဗိုလ်ကျော်သောင်းဟာ ခင်ဗျားအတွက် အလွန်သင့်တော်တဲ့ ယောကျ်ားတစ်ယောက်ပဲ”

“ဟုတ်ပါတယ်”

“ဒါနဲ့ အဲဒီအမူက ဘယ်လိုပြီးမှာလဲ”

“သြော်...ကိုသန်းဆွေကလည်း ဂျော်မက်ထရီနည်းနဲ့ ပြောရရင် စိတ္တိတကထာဆိုတာ မှန်ကန်ကြောင်းကို သက်သေပြရတယ်မို့လား။ ပဿန္တသစ္စာဆိုတာ သက်သေပြရန်ကို မလိုတဲ့ အမှန်တရားဆိုပါတော့၊ ပဿန္တသစ္စာဆိုတာ ကျွန်မတို့ ဇနီးခင်ပွန်းနှစ်ယောက်မှာ ရှိပါတယ်လေ”

သူသည် ခေါင်းညိတ်၏။

“ကျွန်မအဖို့သာ နည်းနည်းမျက်နှာပူတာပေါ့၊ မနိုင်းကောင်း နှိုင်းကောင်း ဖိုးစိန်ဇာတ်ထဲက မယ်မာယာ နတ်ရွာစံပြီးနောက် နတ်သားအဖြစ်နဲ့ ဆိုတဲ့ သီချင်းလို ဖြစ်နေတယ်”

“ဘာသီချင်းလဲ”

“မောင့်ဘက်ပင်းပြန်တော့ လင်ရင်းမျက်လိမ့်မယ်၊ လင့်ဘက်ကို ပင်းပြန်တော့ မောင်ရင်းက နာလိမ့်မယ်”

“ဟား...ဟား...ဟား” သူသည် ကျွန်မ ပခုံးပုတ်ကာ အားရပါးရ ရယ်ပါတော့သည်။

“ကျွန်တော်လေ မယုရယ်၊ မကြည်(ကြည်အေး)ရယ်ကို မိန်းကလေး သူငယ်ချင်းတွေလို့ကို မထင်ဘူး။ ယောကျ်ားလေး သူငယ်ချင်းတွေလို ခင်တယ်၊ ချစ်တယ်ဗျာ။ ကဲ...သွားဦးမယ်”

သူက ကျွန်မအပါးမှ ထွက်ခွာ၍ သွားပြန်လေပြီ။

* * *

၁၉၅၃ ခုနှစ်။

ရုံးအဆင်း အိမ်ပြန်အရောက်တွင် မမက ဆီးကြိုပြော၏။“မိယု၊ နင့် ကိုသန်းဆွေ မိန်းမယူတော့မယ်”

မမသည် သူများ၏ အချစ်ရေးကိစ္စ၊ လင်ကိစ္စ၊ မယားကိစ္စများတွင် ပါဝင်တတ်သူမဟုတ်။ ယခုကိစ္စတွင် မမသည် ကျွန်မထက်ပင် စောစီးစွာ

http://www.cherrythitsar.org



သိနေ၍ အံ့အားသင့်နေသည်။

"တကယ်ပြောတာဟ၊ သူ့ဟာက အဆန်းကြီးပါကွယ်၊ မမကို ငွေတွေ ပေးသွားတယ်။ အဲဒီငွေနဲ့ သူ့ဇနီးလောင်းဖို့ အင်္ကျီ လုံချည်တွေ ဝယ်ထားပါတဲ့။ သူတို့လက်ထပ်ပြီး ဒီအိမ်လာယူလိမ့်မယ်။ သူယူမယ့် မိန်းမရဲ့ ဘော်လီနံပါတ် သူမသိလို့ မမက မေးခိုင်းထားတယ်။ သူက မှန်းသာ ဝယ်လိုက်ပါ မမရယ် လို့ ပြောသွားတယ်။ နင် မြင်ဖူးလား၊ တော်ကြာ မတော်မှဖြင့်"

ကျွန်မသည် ဟက်ဟက်ပက်ပက် ထိုင်၍ရယ်နေရပါသည်။

နောက်တစ်ပတ်တွင် ကိုသန်းဆွေကို အိမ်တွင် တွေ့ရ၏။ သူ့နောက်ပါးတွင် မမအရွယ်လောက်ပင် ဖြူဖြူသွယ်သွယ်နှင့် အမျိုးသမီးတစ်ယောက် ပါလာသည်။ သူသည် ငြိမ်သက်အေးချမ်းပုံရ၏။

အမျိုးသမီးကိုဧည့်ခန်းတွင် ထားရစ်ကာ ကိုသန်းဆွေကမူ နောက်ဖေးသို့ ပြေးလာ၏။ "မယု၊ မမဆီမှာ အဝတ်အစားတွေ တောင်းပေးပါ၊ သူပါလာပြီ။ သူ့အိမ်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ဆင်းပြီး ကျွန်တော့်နောက် လိုက်လာ တာဗျ။ မယုလာတွေ့ပါဦး၊ သူ့နာမည်က မသန်းစိန်တဲ့"

"သူ မိန်းမယူတာကလည်း ပျော်စရာကြီးဟယ်" ကျွန်မသည် ဝမ်းသာ အားရ သူနှင့်အတူ ဧည့်ခန်းကိုပြန်လာ၍ မမစိန်ကိုနှုတ်ဆက်ပါသည်။ မမစိန် သည် စကားနည်းနည်းပြောကာ ကျွန်မကို ညင်သာစွာပြုံးပြပါသည်။ မမသည် သူဝယ်ခြမ်းထားသော အဝတ်အစားများကို အားရဝမ်းသာ သယ်ယူလာ၍ မမစိန် လက်သို့ အပ်လိုက်ပါသည်။

"မောင်ရေ၊ ပြန်ကြစို့"

မမစိန်က တိုးတိုးလေးပြောကာ သူတို့နှစ်ယောက်သည် ခပ်မြန်မြန် ပြန် သွားကြသည်။ ကျွန်မသည် သူတို့နှစ်ယောက် လျှောက်သွားရာသို့ ဝရန်တာမှ ပြေးထွက်၍ ငေးမောကြည့်နေမိသည်။

"မမစိန်ကလေ အေးအေးနွဲ့နွဲ့လေးရယ်နော်၊ ဒါပေမဲ့ သတ္တိရှိပုံရတယ်" ကျွန်မသည် ကျွန်မအပါးတွင်ရပ်နေသော မမအား ပြောပြလိုက်မိ၏။ မမသည် ကျွန်မဆိုလိုသောအဓိပ္ပာယ်ကို နားလည်ချင်မှ နားလည်ပေလိမ့်မည်။ ချစ်သူ နောက်ကို ခိုးရာလိုက်ရဲသောသတ္တိမှာ အာဂသတ္တိဟု ကျွန်မ ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသတ္တိမျိုး ကျွန်မ၌ မရှိသောကြောင့်တည်း။

၁၉၅၇ ခုနှစ်။

http://www.cherrythitsar.org



ဖဆပလအစည်းအရုံးကြီးတွင် သန့်ရှင်းနှင့် တည်မြဲ ကွဲသောအဖြစ်မှာ တပ်မတော်ကို အရှိန်အဟုန်နှင့် လှိုင်းတံပိုးကြွစေသည်မက ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်၏ အိမ်ထောင်ရေးတွင်ရော၊ ကျွန်မ၏ စာပေရေးသားမှုတွင်ရော ဂယက်ရိုက်လာပါသည်။ (အကျယ်ကို ကျွန်မ၏ ချစ်သူများတွင်ဖတ်ပါ)

တပ်မတော်မှာ လှိုင်းတံပိုးကြွစေသည်မှာ ရှိပါစေတော့။ ကျွန်မတို့အိမ်ထောင်ရေးနှင့် စာပေတွင် လာ၍ဂယက်ရိုက်ရသည်ကို ကျွန်မ တွေးမိတိုင်း အံ့သြမိ၏။

ကျွန်မ ရေးပြီးသား စာမူများကို အစ်ကိုကြီးသည် သူကိုယ်တိုင် ကြည့်ရှုတည်းဖြတ် ပြင်ဆင်ပြီးမှ မဂ္ဂဇင်းတိုက်များသို့ ပို့ရလေသည်။ သူသည် သူမကြိုက်သော စကားလုံးများ၊ စာသားများကို သူ့ကလောင်တံကြီးဖြင့် ခြစ်၍ ခြစ်၍ ပစ်လိုက်တိုင်း ကျွန်မ အသည်းယား၍ ယား၍ သွားပါသည်၊ စာကြည့်ခန်းထောင့်တွင် ကျွန်မသည် မျက်ရည်ဝဲ၍သာ ခြစ်ရာ ဖျက်ရာတွေနှင့် ပေပွနေသော ကျွန်မစာရွက်များကို ဝမ်းနည်းပန်းနည်း ကြည့်နေမိသည်။

"မိချိုရေးထားတာတွေကလည်း သောက်ရမ်းကြီးပဲ။ ဘုရားဟောတာမဖတ်ဖူးဘူးလား၊ စကားခြောက်ခွန်းမှာ အကျိုးလည်းရှိစေရမယ်၊ သူတစ်ထူးလည်း နာလိုရမယ်။ မှန်လည်းမှန်ရမယ်ဆိုတာ။ အချိုတင်ပြတာတော့ မှန်တဲ့အကြောင်းပဲပေါ့။ ဒါပေမဲ့ သူတစ်ထူးနာလိုအောင်၊ လက်ခံနိုင်အောင် တင်ပြတတ်ရတယ်။ ကိုယ့်အတွက်ပြောနေတာမဟုတ်ဘူး။ ဒီကောင်ကလေ … ဘယ်သူမွေးတာမှခံမယ့်အကောင်လည်းမဟုတ်ဘူး။ ဆရာလည်း ရှာလိမ့်မယ်မထင်နဲ့။ ကိုယ့်ကိုယ်ကိုပဲ အားကိုးတယ်။ ဘီအိုင်အေ၊ ဘီဒီအေစိတ်ဓာတ်ရယ်၊ ဟိုတုန်းက နိုင်ငံရေး သမားလက်ဟောင်းကြီးတွေ စွမ်းအားရယ် ပူးပေါင်းပြီးပေါ်လာတဲ့ ဒီလွတ်လပ်ရေးနဲ့ ဒီတပ်မတော်ကို ဘယ်သူမှ တစ်ဦးတည်းပိုင်လုပ်လို့မရဘူး။ ဒါဟာ အမျိုးသား တပ်မတော်ပဲ။ ကိုယ့်အနေနဲ့ ဘယ်သူတွေအထင်လွဲလို့ ဝိုင်းအုပ်အုပ် ခံရဲတယ်။ ဒီတပ်မတော်ကို ဘယ်ဘဝနဲ့ဖြစ်ဖြစ် ဖက်တွယ်ပြီးသေမှာပဲ။ တို့မှာ ရဲဘော်ရဲဘက်စိတ်ကလွဲလို့ ဘာမှမရှိဘူး။ အချို့အတွက် ပြောပြောနေရတာ။ အချိုဟာ ငယ်ပါသေးတယ်ဆိုရင်လည်း သူနားမလည်ဘူး"

သူမကြိုက်သော စကားလုံးများကို ကျွန်မ စာရွက်များပေါ်တွင်တွေ့တိုင်း ကြိမ်းပါသည်။ ကျွန်မသည် ဝင်ဒါမီယာမှာ နေစဉ်ကလည်း 'အတွင်းဝန်ရုံးကိစ္စ'၊ 'စသုံးလုံးကိစ္စ'၊ 'နိုင်ငံရေးသမားများကိစ္စ'၊ 'ကာကွယ်ရေးအမည်ခံ၍ ဓားပြတိုက်နေသောကိစ္စ'၊ 'ကုန်သည်များကိစ္စ' စသည့် အကြောင်းများကို ကိုယ်တွေ့ရော၊

http://www.cherrythitsar.org



နယ်မှ တိုင်စာများနှင့်ရော ပူးတွဲ၍တင်ပြလျှင် တစ်ခါတစ်ရံ ဦးနုက ဆိုပါသည်။

"မိခင်ယုရေ၊ ငါ့နမ စိတ်ချမ်းချမ်းသာသာနေစမ်းပါ၊ မင်း အပုံကြီး ငယ်ပါသေးတယ်"ဟု ဆိုတတ်ပါသည်။

ဤအစ်ကိုလုပ်သူနှင့် ခင်ပွန်းသည်၏ မျက်စိထဲတွင် ကျွန်မသည် ဘယ်သောအခါ အရွယ်ရောက်ပါမည်နည်း။

ကျွန်မသည် သူတည်းဖြတ် ပြင်ဆင်ပြီးသော စာရွက်များကို မရဲတရဲ ကိုင်ရင်းမှပင်...

"အချိုလည်း သတိထားရေးတာပဲ၊ အခုလိုဆိုတော့ ကို အချိုနဲ့အတူရှိနေရင်တော့ ကိစ္စမရှိဘူး။ ကိုက ခရီးထွက်ထွက်နေရတာ၊ အချို့စာမူတွေကို ကိုမရှိရင် ဘယ်သူ့ပြရမှာလဲ"ဟု မေးမိ၏။

"ကိုသန်းဆွေကိုပြ၊ ကိုသန်းဆွေကိုပြ၊ ဒီလူက တကယ့်စာရေးဆရာ၊ ဘက်လည်းမလိုက်ဘူး၊ သတ္တိလည်းရှိတယ်။ ဘယ်သူကများ သူ့ကို 'အလွမ်းစာရေးဆရာ'ရယ်လို့ နာမည်တပ်လဲမသိဘူး။ တကယ်တော့ ဘယ်သူ့အမွေးမှ ခံတဲ့လူမဟုတ်ဘူး။ တကယ်သတ္တိရှိတာ၊ အချိုတို့ စာရေးဆရာတွေထဲမှာကို ကြည်ညိုတဲ့လူတွေ အများကြီးရှိတယ်။ တချို့ကျတော့ သံရုံးအမွေးခံလို့၊ ကို သိပ်စိတ်ပျက်တာပဲ။ အရက်တစ်ပုလင်းနဲ့ပေမဲ့ တိုင်းပြည်ရောင်းစားချင်တဲ့သူတွေလည်း ရှိတယ်။ ကိုသန်းဆွေဆိုတဲ့လူက ကုလားထိုင်တစ်လုံးအတွက်နဲ့များ ဘယ်သူ့မှ အမွေးမခံလို့ ဒီလူ ကလယ်ကလယ်ဖြစ်နေတာ၊ ကိုတို့တော့ အဲဒီလို သတ္တိမျိုးရှိတာ သဘောကျတယ်"

ကျွန်မသည် ထိုစဉ်ကတည်းက ရေးပြီးသမျှ စာများကို သူခရီးထွက်နေသည်နှင့် ကြုံလျှင် ကိုသန်းဆွေကိုပြပြီးမှ မဂ္ဂဇင်းတိုက်များသို့ ပို့ပါသည်။

အသင်းအပင်း အစည်းအဝေးကိစ္စများတွင်လည်း မတက်မဖြစ်သောအခါ သူ့ကို လှမ်းခေါ်လိုက်ပါသည်။

"ကဲ...လာ၊ မရွှေယု၊ ကျွန်တော်ကတော့ မသွားချင်ဘူး၊ ခင်ဗျားတက်ဖို့ ကိစ္စရှိတယ်ဆို၊ ကျွန်တော် အဖော်အဖြစ်လိုက်ခဲ့မယ်"ဆိုကာ သူကျွန်မနှင့်အတူ လိုက်တတ်ပါသည်။ လူထုဟောပြောပွဲ၊ စည်းဝေးပွဲများကိုမူ ကျွန်မသည် ကျန်းမာရေးကြောင့် အထူးပင်ရှောင်ခဲ့ပါသည်။ တက္ကသိုလ်တွင်နေစဉ်ကသာ ကျောင်းအတွက်နှင့် အဆုတ်နာဆေးရုံအတွက် ရန်ပုံငွေလိုချင်၍ နှစ်ခါ စကားပြောခဲ့ပါသည်။

http://www.cherrythitsar.org



သံရုံးများက စာရေးဆရာအဖြစ် ကျွန်မအား ဧည့်ခံပွဲများသို့ ဖိတ်ခေါ် ပြန်လျှင်လည်း ခင်ပွန်းသည်ရှိပါလျက်နှင့် ကျွန်မတစ်ယောက်တည်း မသွားချင်၊ အစ်ကိုကြီးမှာလည်း စစ်သားတစ်ယောက်ဖြစ်နေ၍ နိုင်ငံခြားသံရုံးများကို တစ်ဦးချင်း ဆက်ဆံခွင့်မရှိပေ။ ထို့ကြောင့် သံရုံးများမှ ဖိတ်ခေါ်တိုင်း ကျွန်မ ဘယ် ဧည့်ခံပွဲကို မတက်ပေ။

ကျွန်မ၏ နာမည်ကြီးလှသော မွေးဝတ္ထုကို ရုပ်ရှင်အဖြစ် စင်တင်သောနေ့ မတိုင်ခင်ကမှ သူ့ထံသို့ စာရေးလိုက်ပါသည်။

**ဆရာသခင် ကျေးဇူးရှင်ကြီးရေ...**

တပည့်ဖြစ်သူရဲ့လက်ရာ 'မွေး'ကို ရုံတင်တော့မှာမို့ ကြည့်စေချင်ပါတယ်။ ဇနီးတော်၊ သားတော်၊ သမီးတော်တွေနဲ့ပဲ အတူသတ်သတ်ကြည့်လိုပါသလား၊ မယုတို့ အိမ်သားစုနဲ့ပဲ ကြည့်လိုပါသလား၊ အကြောင်းပြန်ပါ။

ချမ်းမြေ့ရွှင်လန်းပါစေ။

**မိယု**

သူ့ထံသို့ ကျွန်မသည် ခပ်ပြောင်ပြောင်ချော်ချော်ပင် စာရေးလိုက်ပါသည်။ 'မွေး'ကို စင်တင်သောနေ့ကမှ ကျွန်မတို့မိသားစုနှင့်အတူ သူ့မိသားစု လာ၍ ကြည့်ပါသည်။ ရုပ်ရှင်အပြီးတွင် သူ ကျွန်မအနားသို့ကပ်လာသည်။

"ကျော်ဆွေ အကောင်းဆုံးအမှုအရာလုပ်သွားတာပဲ မယု"ဟူ၍ မှတ်ချက် ချသွားပေသည်။

* * *

၁၉၆၂ ခုနှစ်၊ မတ်လ။

မန်တိုင်းမှာ ပြင်းထန်စွာကျရောက်ခဲ့ပါသည်။ ကျွန်မသည် 'သူ့ကိုမှချစ်မိ လေခြင်းကွယ်'ဝတ္ထုကို ရေးသား၍ မြဝတီသို့ ပို့ပါသည်။ မြဝတီကလည်း ပယ်သည်။ ရှုမဝသို့ပို့ပြန်တော့လည်း ရှုမဝကပယ်သည်။ ဦးကျော်သည်ပြန်စာ တွင် အပိုဒ်တစ်ပိုဒ်ကို ထည့်ရေးလိုက်ပါသည်။

"မခင်ယုရဲ့ဝတ္ထုကို ကိုသန်းဆွေကိုလည်း ပြကြည့်ပြီးပါပြီ။ သူကိုယ်တိုင် ကကို မထည့်တာကောင်းပါတယ်ဆိုလို့ ပြန်ပို့လိုက်ပါတယ်" ဟု ရေးသားလိုက် ပါသည်။ ကျွန်မသည် ထိုအပယ်ခံရသော ဝတ္ထုလေးကို အကြိမ်ကြိမ်ဖတ်ရင်း ပြုံး၏။ ဤဝတ္ထုကို ခင်ပွန်းသည် ဦးပုံစံကြီး ဒုလ္လဘခံ ပဥ္စင်းတက်၍ တရား

http://www.cherrythitsar.org



အားထုတ်နေစဉ် ရေးခြင်းဖြစ်၏။ ခင်ပွန်းသည်အလစ်တွင်ရေးလိုက်သော ဤဝတ္ထုကို ခင်ပွန်းသည်ကိုယ်တိုင်က ယုံမှတ်၍ လွဲအပ်ထားသူ ကိုသန်းဆွေကိုယ်တိုင်က ပယ်သည်ဆိုတော့ ကျွန်မ ဘာများတတ်နိုင်ပါဦးမည်နည်း။

စိတ်ထဲကတော့ ဤဝတ္ထု၏ နာမည်လေးကိုပင် ချစ်သည်။ စကားလုံးများကိုရော၊ ဇာတ်လမ်းများကိုရော ဖတ်ကြည့်တိုင်း ပန်းပွင့်ဖတ်နုနုလေးကို ကိုင်တွယ်ကြည့်ရသလို နူးနူးညံ့ညံ့ရှိလှသည်ဟူ၍ ထင်ပါသည်။

သို့သော် ကျွန်မက ပွင့်ဖတ်နုနုလေးနှင့်တူသည်ထင်သောဝတ္ထုကို သူတို့အားလုံးက ဗုံးဆန်နှင့်တူသည်ဟုထင်၍ ပယ်သောအခါ ကျွန်မသည် သနားစရာကောင်းသော ဤဝတ္ထုစာမူလေးကို အံဆွဲထဲသို့ သိမ်းသွင်းလိုက်ရပါသည်။

နောက်တစ်နှစ် နွေဦးပေါက်တွင် ကိုသန်းဆွေ အိမ်သို့ ရောက်လာပါသည်။ ကျွန်မတို့သည် အေးအေးဆေးဆေး စကားပြောကြ၏။ "သူ့ကိုမှ ချစ်မိလေခြင်းကွယ်" ဝတ္ထုအကြောင်း ရောက်သွားပါသည်။

"မခင်ယုဝတ္ထုဆိုတော့ ကျွန်တော်လည်း ပယ်ရဲတယ်လေ။ တချို့ကျတော့ သူတို့ဝတ္ထုပယ်ရင် စိတ်ဆိုးတယ်ဗျာ။ ရန်တွေ့ခံရတာ အမော။ ခက်တာက စာရေးတယ်ဆိုတာ စင်တင်ပေးတဲ့သူက ကလောင်သစ်တွေကို စင်တင်ပေးချင်တာပေါ့။ တင်ပေးသင့်သလောက် တင်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အဟုန်အရှိန်ဆိုတာကတော့ ကိုယ့်ဟာကိုယ် ကြိုးစားရတယ်ဆိုတာကို သူတို့သဘောမပေါက်တော့ ခက်တယ် မခင်ယု"

"ဒီလိုပဲပေါ့ ကိုသန်းဆွေရယ်၊ သူတို့ကလည်း ကိုယ့်ကိုယ်ကို တွေးမကြည့်ဘူး ထင်ပါရဲ့။ 'ငါဟာ စာကို ရေးချင်တာလား၊ စာရေးဆရာအဖြစ် နာမည်ကြီးချင်တာလားဆိုတာ' တကယ်စာရေးချင်တဲ့လူဟာ ဘယ်လိုပဲပယ်ပယ်၊ ရေးကိုရေးနေရမှ။ ဒါနဲ့လေ၊ မယု အစ်ကိုကြီးကို စာတစ်အုပ်ရေးဖို့ ပြောပြထားတယ်"

"ဘာစာအုပ်လဲဟင်"

ကျွန်မသည် ငိုင်၍သွားမိ၏။

"ကျွန်မ၏ချစ်သူများဆိုတဲ့ စာအုပ်"

တွေးငိုင်နေရင်းမှ ဖြည်းဖြည်းဖြေလိုက်၏။

"အဲဒီနာမည်လေး ကျွန်တော်ကြိုက်တယ်ဗျာ"

ကျွန်မကမူ သက်ပြင်းချလိုက်ပါသည်။

http://www.cherrythitsar.org



"ဘယ်တော့ရေးမှာလဲ"

"အဲဒီစာအုပ်ကလေ မရေးခင်ကတည်းက အပယ်ခံနေရတာ" ကျွန်မ ဝမ်းနည်းပန်းနည်းပြောလိုက်၏။

"မယုတစ်ယောက်က ပြောတော့မယ်"

"အဟုတ်ပြောတာ ကိုသန်းဆွေ၊ အစ်ကိုကြီးကလေ ဒီစာအုပ်အကြောင်း ပြောပြကတည်းက အချိုးရေးတာ ထုတ်ဝေလို့မဖြစ်ပါဘူးတဲ့"

သူသည် ကျွန်မမျက်နှာကို စူးစိုက်ကြည့်နေသည်။

"ဒါပေမဲ့လေ မယုတော့ ရေးမှာပဲ။ တစ်ခုတော့ သူကပြောတယ်။ ရေးချင် လွန်းရင်လည်း ရေး၊ ကိုသန်းဆွေကို အရင်ဖတ်ခိုင်းဦးတဲ့"

"အင်း...ဖတ်ကြည့်မယ်လေ" သူက အားတက်သရော ပြောပါသည်။ ကျွန်မကတော့ သက်ပြင်းချမိ၏။

"ဒီစာအုပ်ကြီးက မယုသေမှပဲပြီးနေမလားမသိဘူး။ မယုက သေသွား ပါပြီတဲ့၊ ကိုသန်းဆွေကို ပေးခဲ့မယ်။ ကိုသန်းဆွေ ထုတ်ဖြစ်အောင်ထုတ်နော်"

"ဘယ့်နှယ်ပြောရတာလဲ မယုရယ်၊ ကျွန်တော်လေ တစ်ခါတစ်ခါ မယု ကို ပိန်ချည့်ချည့်မြင်ရရင် ကျန်းမာရေးအတွက် သိပ်စိုးရိမ်မိတယ်။ ခုကော နေကောင်းရဲ့လား"

"ကောင်းပါတယ်လေ၊ ကိုသန်းဆွေတို့ကသာထင်တာကိုး။ မယု စာရေး လို့ ပိန်တာလို့။ မယုစိတ်ထဲမတော့ စာရေးနေရရင် စိတ်ချမ်းသာနေတာပဲ။ အဲဒီစာတွေကိုသာ အစ်ကိုကလောင်ကြီးနဲ့ ခြစ်ခြစ်ပစ်ရင် ရင်ထဲ နင့်နင့်သွားတယ်"

သူသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း "ခက်တာက လိုချင်တဲ့ ပစ်ကွင်းကို ဒက်ခနဲ ကျည်ဆန်နဲ့ မှန်အောင်ပစ်နိုင်တာဟာ စစ်သားတစ်ယောက်ရဲ့ အရည် အချင်း တစ်ခုပဲ။ စာရေးဆရာဆိုတာကတော့ ဖတ်သူနလုံးသားကို ဒက်ခနဲနေ အောင် စာလုံးနဲ့ ပစ်ရတာကလား။ မယုရဲ့ စကားလုံးတွေက အဟုန်အရှိန် ပြင်းတော့ သူစိုးရိမ်တယ်ထင်ပါရဲ့"ဟု ပြောပါသည်။

"ဒီလိုရှိတယ်လေ၊ ဒစ်စရေလီပြောသလို ရာဇဝင်ဆိုတာ ရွှေစာလုံးကြီးနဲ့ သားရေဖုံးပြီး မှန်ဗီရိုထဲမှာ ထည့်ထားတဲ့ စာလုံးတွေထက် အဲဒီစာအုပ်ထဲမပါတဲ့ အကြောင်းတွေက တကယ်အရေးကြီးတယ်ဆိုသလိုပေါ့။ မယုရေးမှာတွေက တော့ ရွှေစာလုံးနဲ့သလောက်တဲ့ ကြီးမားခိုင်မာတဲ့ မှတ်တမ်းကြီးလည်း မဟုတ် ပါဘူး။ ဒါပေမဲ့လေ ရာဇဝင်ဆိုတာ အရှိပဲဖြစ်စေချင်တယ်။ ရုပ်ရှင်ကော်ပြားကို

http://www.cherrythitsar.org



**(Editing)** အယ်ဒစ်တင်းလုပ်သလို အလယ်ကောင်က အခန်းကို ဖြတ်ပစ်ပြီး ဟိုဘက်ဒီဘက် ဆက်လိုက်တာမျိုးတော့ ဘယ်တရားမလဲ"

သူသည် ခေါင်းတညိတ်ညိတ်လုပ်ရင်းမှ ထ၍လမ်းလျှောက်၏။ ဧည့်ခန်း ပြတင်းမှာ သွားရပ်ကာ အပြင် ခြံထဲကို လှမ်းကြည့်ရင်း ငြိမ်သက်နေသည်။ ပြီးမှ ကျွန်မကို လှည့်ကြည့်ရင်း မေးလိုက်၏။

"ဆူးလေဘုရားလမ်း အိမ်မှာတုန်းက မယုကို ကျွန်တော်ပြောခဲ့တဲ့ **(True Drama)** ဆိုတာ သတိရသေးလား"

"ဘယ်တော့မှ မမေ့ဘူး"

ကျွန်မက ဖြေလိုက်၏။

"အေးလေဗျာ၊ အဲဒီလိုပေါ့၊ ကျွန်တော်ဖြင့်လေ ခင်ဗျားဗိုလ်ကြီးကို အမှု ဆင်သလိုလို ဟိုတလောက သတင်းကြားမိသေး။ အဲဒီလိုကြားတော့လည်း ကျွန်တော်ပေးမိတဲ့ **(Immortal wife)** စာအုပ်ကိုပဲ သွားသွားသတိရနေတယ်။ တစ်ခါ ရွှေးကောက်ပွဲနားနီးတုန်းကလည်း မယုတို့နှစ်ယောက် ကွဲနေတယ်ကြားလို့ ပြေးလာသေးတယ်။ မယုနဲ့မတွေ့ဘူး"

"ဟုတ်ကဲ့၊ ဒီတုန်းက သူက ပေါက်မှာ၊ မယုစိတ်ထဲမတော့ သူ့ကို အမှုဆင်တယ်ကြားတိုင်း 'သစ္စေနမေ သမောနတ္ထိ၊ ဧသာမေ၊ သစ္စာပါရမီ' ဆိုတဲ့ စကားလုံးပဲ ခဏခဏရွတ်မိတယ်"

"လာဗျာ၊ ခြံထဲကို လျှောက်ရအောင်" ကျွန်မတို့ ခြံထဲကို ဆင်းသွားကြ၏။ ဘုရားကျောင်းဆောင်ဘက်သို့ ဆင်းသွားသော လမ်းတွင် 'ဒန့်နွယ်လက်ဆက်' ပင်ကြီးရှိသည်။ ထိုသစ်ပင်ကြီးတွင် ဇလက်ထော် လက်တံရှည်ကြီးများသည် ပင်စည်ကိုပတ်၍ ဖားဖားဝေကာ ဖြာကျ၍နေပေသည်။

"မှတ်မိသေးလား၊ ဒီဂွတ္တလစ်အိမ်ကို ဆောက်ပြီးစနှစ်က ကိုသန်းဆွေ ပေးလိုက်တဲ့ ဇလက်ထော်ပင်လေ။ သူ့အပင်က ပွင့်လည်းမပွင့်ဘူး"

သူသည် ခပ်ထေ့ထေ့လေးပြုံးကာ...

"မယုကလည်း သန်းဆွေတို့ဘဝက ဒီလိုပဲပေါ့။ ဒါပေမဲ့ အချိန်တန်တော့ ကြည့်ပါလေ၊ မနိုင်အောင် အုံနဲ့ကျင်းနဲ့ကို ပွင့်ပြပါလိမ့်မယ်"

"မမစိန် အိုးပါပေးလိုက်တဲ့ နှင်းဆီတွေကတော့ နှစ်တိုင်းပွင့်တယ်၊ စံပယ် တွေလည်း ပွင့်တယ်"

သူနှင့်ကျွန်မသည် ဘုရားကျောင်းဆောင် လှေကားရင်းတွင် ထိုင်ကြ၍

http://www.cherrythitsar.org



စာအုပ်များအကြောင်းကို စကားရောက်သွားပြန်သည်။ စင်စစ်မတော့ သူသည် တက္ကသိုလ်သို့မရောက်၊ ဘီအေမအောင်ပေမဲ့ စာဖတ်အလွန်များသည်။ ကျွန်မသည် အင်္ဂလိပ်စာကို ဘီအေအောင်ရုံလောက်သာ တတ်သည်ဆိုလျှင် မမှားပါ။ ကျွန်မဖတ်သော စာအုပ်မှာ သူဖတ်သောစာအုပ်၏ ဆယ်ပုံပုံတစ်ပုံပင် ရှိမည် မဟုတ်ပေ။

"ဒါနဲ့ ခုတလော စာရေးတာလည်း မတွေ့ဘူး" ဟူ၍ သူ့ကိုပြောလိုက်၏။

ကျွန်မသည် သူ့ဝတ္ထု၊ ဆောင်းပါးများကို အစဉ်စောင့်၍ ဖတ်သည်။

"မရေးဆို အဖတ်များသွားတဲ့အခါ ရေးတာမှာ လျော့သွားတယ်။ ပြီးတော့လည်း ကျွန်တော်ထင်တယ်။ ရှုမဝတို့ ပဒေသာတို့မှာ စာတည်း ဝင်လုပ်တာ စောသွားတယ်ထင်တယ် မယုရယ်။ ကျွန်တော့်ဝတ္ထုတွေကို ရေးပြီးတိုင်း ကျွန်တော်က အယ်ဒီတာမျက်လုံးနဲ့ ကိုယ့်ဟာကိုယ် ပယ်မိနေတယ်"

သူသည် ပြောရင်း ရယ်ပါသည်။

"သူများတွေလို လက်ကျသွားတာမှမဟုတ်ဘဲ၊ ခုတလော ဆောင်းပါးတွေကလည်း ရေးတာကောင်းသားနဲ့၊ ပြီးတော့ ဆရာတင့်တယ်တစ်ယောက် မြဝတီမှာ သူ့ရဲ့ 'လိုက်တော်မူသင့်ပါရဲ့'ကို မယု သဘောကျလိုက်တာ"

"အေးဗျာ၊ ကိုတင့်တယ်ရယ် အဆန်းပဲ။ ကျွန်တော့်စိတ်ထင် စိတ္တဇဆေးရုံ ရောက်မှ သူရေးတဲ့စာတွေ ပိုကောင်းလာတယ်"

"ဟုတ်တယ်၊ မယုလည်း ဒီလိုပဲထင်တယ်။ ဒါနဲ့ ဆရာတင့်တယ်ကို သွားကြည့်ရအောင်လား"

"သူ့ဖြင့် ခနော်ခနဲ့နဲ့၊ ပြီးတော့ လူရေ့ကျ ဟန်လည်းမဆောင်နိုင်ဘူး။ သွားမတွေ့ပါနဲ့ဗျာ၊ မယု စိတ်ထိခိုက်မှာနော်"

ကျွန်မသည် သူက မသွားနှင့်ဆိုလျှင်လည်း သူ့စကားကို နာခံမိသည်။ ထိုနေ့က သူ ထမင်းစားပြီးမှ ပြန်သွားတော့သည်။

စာရွက်ပေါ်တွင် တစ်ဆက်တည်းရေး၍သာ သူနှင့်မပြတ်တွေ့သလို ဖြစ်နေရသည်။ တကယ်တော့ သူနှင့်ကျွန်မ တစ်နှစ်မှာ တစ်ခါနှစ်ခါသာ ဆုံကြသည်။ ဆုံမိလျှင်မူ အေးအေးဆေးဆေးစကားပြော၍မဆုံးနိုင်ပေ။ သူ့ကိုမတွေ့ရတာ ကြာလျှင် သူ့သတင်းကိုသာ နားထောင်နေမိ၏။ ကြေးမုံမှာ ခေတ္တဝင်လုပ်သလို တော်ကြာ မိုးကြိုးရောက်လိုက်၊ တော်ကြာ အသံလွှင့်ရုံမဂ္ဂဇင်း ကိုင်ပေးသလို၊ သတင်းရလိုက်နဲ့ မြဝတီမှ ထွက်ကတည်းက သူအတည်တကျ

http://www.cherrythitsar.org



နှစ်ရှည်လများ တစ်နေရာတည်းတွင် အလုပ်လုပ်သည်ဟူ၍ ကျွန်မ မကြားရပေ။ ရှမဝတွင်တော့ ညနေတိုင်းလိုလို ရှိတတ်သည်။

တစ်နေ့တွင် အစ်ကိုကြီးသည် တနင်္ဂနွေနေ့ မြို့ထဲမှ လည်ပတ်ပြီးအပြန် စာတစ်အုပ်ကို ပေးလာသည်။

"ရော့...အချိုရဲ့ဆရာရေးတဲ့ 'ခယောင်းတော' ဒီလူပေးတာ စောင့်မနေနိုင်လို့ ကိုယ်ဝယ်လာတယ် ဖတ်"

ကျွန်မသည် ကိုသန်းဆွေရေးသော 'ခယောင်းတော' ကို ဖတ်ကြည့်ပါသည်။ ခလုတ်ကန်သင်းတို့ဖြင့် ပေါများလှသော ဤလောကကို 'ခယောင်းတော' ဟု နာမည်ပေးထားသည်ကိုတော့ ကျွန်မ သဘောကျသည်။'ခယောင်းတော' ဝတ္ထုတွင် သူ့ပုံကို သူထုထားခြင်းဖြစ်သည်။ သို့သော် ကျွန်မမျက်လုံးတွင် သူ့ပုံကို ပီပီသသ မမြင်မိ။ ကျွန်မမြင်ရသော အပြင်တွင်တွေ့ရသည့် သူ့ပုံအစစ်တွင်မူ 'ရွှင်ပြုံးခြင်း၊ ကြံ့ခိုင်ခြင်း၊ နှလုံးသားမှာ ကျယ်ပြန့်ခြင်းနှင့် ဘယ်သူ့ကိုမှ အပူမကပ်လို၊ ဒုက္ခမရှာလိုသော' သွင်ပြင်ဟန်များကို ကျွန်မ ပို၍မြင်ရသောကြောင့် ပင်တည်း။

မှန်၏၊ တချို့စာရေးဆရာတို့၏ မူမမှန်သော စာရိတ္တကြောင့် များသော အားဖြင့် စာရေးဆရာများကို လူများက အထင်သေးခံခဲ့ကြရသည်။ အတွင်းသိ အကြောင်းသိ ကျွန်မတို့အချင်းချင်းမူ စိတ်ပျက်သူကို စိတ်ပျက်သော်လည်း လေးစားထိုက်သောသူကိုမူ လှိုက်လှိုက်လှဲလှဲ လေးစားမိသည်။

စင်စစ် ကျွန်မပင်လျှင် စာရေးဆရာ အမည်မခံထိုက်ပါ။ လင့်လုပ်စာကို အေးအေးဆေးဆေးထိုင်စား၍ စာရေးနေခြင်း၊ တစ်ဖက်က ကံအကြောင်းတရားကြောင့် ရုပ်ရှင်နယ်တွင် ဝတ္ထုများစွံကာ ဝင်ငွေကောင်းခြင်းကြောင့် စာပေနယ်၌ ရပ်တည်ကျော်ကြားနေခြင်းမှာ ချီးမွမ်းဖွယ်လည်းမဟုတ်၊ အံ့သြဖွယ်လည်း မဟုတ်ပါပေ။

ကိုသန်းဆွေဘဝက ပန်းမွေ့ရာ ရွှေကော်ဇော ဆိုသည်မှာလည်း ဝေး၍ ဖျာအဆင်သင့် ခင်းပေးမည့်သူပင် ရှိသည်မဟုတ်။ သူ့စာကိုပင်လျှင် သူကြိုးစား သင်ရင်း တစ်ဖက်ကလည်း သူ့ထမင်းထုပ်ကို သူရှာဖွေစားခဲ့သည်။

ဓနရှင်၊ ရာထူးရှင်၊ မြေရှင်ကြီးများ၏ သားသမီးတို့ကဲ့သို့ ကျောင်းကထွက်လျှင်လည်း ရာထူးအဆင်သင့်၊ တိုက်အဆင်သင့်၊ မိန်းမအဆင်သင့် ကြိုလင့်နေကြသည်မဟုတ်။ ကိုယ့်ဘဝ ကိုယ်ဖန်တီးရာတွင် စာရေးခြင်းဟူသော အလုပ်

http://www.cherrythitsar.org



တစ်ခုတည်းနှင့် မားမားရပ်တည်၍နေနိုင်ခြင်းမှာ ကျွန်မမျက်လုံးထဲတွင် ကြည်ညို လေးစားဖွယ်သော အရည်အချင်းကြီးပင်တည်း။

မယုံလျှင် စမ်းကြည့်ကြပါလေ၊ သို့သော် တစ်ခု သတိပေးလိုသည်မှာ စမ်းကြည့်သောအခါ "သံရုံးအမွေးမခံစတမ်း၊ ကုလားထိုင်ထိုးပေးလျှင် မယူ စတမ်း"ဆိုသော စကားလုံး စည်းကမ်းကလေးကိုတော့ ထားပါရစေ။

ကိုသန်းဆွေမှာ သူအရက်ကိုကြိုက်၍ သူ့ဘာသာသောက်သည်မှတစ်ပါး၊ တခြား အားပျော့သောစာရိတ္တကို သူ့ရင်ထဲတွင် ကျွန်မ မတွေ့ပေ။ ဆယ်နှစ် ဆယ်မိုးစလုံး မျိုးနှင်ချီ၍ ကျွန်မတို့တစ်မျိုးသားလုံး ပျက်စီးနေသော စာရိတ္တမှာ 'ကိုယ့်ကိုယ်ကို အားမကိုးလိုခြင်း'၊ 'ကိုယ့်ဘဝကို ဖန်တီး၍ မယူတတ်ခြင်း'ပင် ဖြစ်သည်။ ဘယ်သူ့အပြစ်ဟူ၍တော့ ယခုအခါကျခါမှ ကျွန်မ မတင်ပြလိုတော့ ပါပေ။ အဘယ်ကြောင့်ဆိုသော် ထိုစာရိတ္တကို ပျော့ညံ့အောင်လုပ်သော လူမွေး သည့်စနစ် တီထွင်သည့် 'လူမွေးသူ ဆရာကြီးများရော'၊ 'အမွေးခံသူများရော' သဗ္ဗေသ၀ါရအနိစ္စဘဝကို ရောက်ကုန်သောကြောင့်တည်း။ အကယ်၍သာ လူမွေး စနစ်ကို ဆက်လက်အသက်သွင်းနေကြဦးမည်ဆိုလျှင် ဤတိုင်းပြည်၏ အနာဂတ် မှာ ရင်လေးဖွယ်ပင်တည်း။

ဆရာဦးထင်ဖတ်၏ စာတစ်ပိုဒ်ထဲတွင် ဂေါ်ကီသည် ဆင်းရဲခြင်းတရားကို သူ့ခန္ဓာကိုယ်နှင့် တကယ့်ကို တွေ့ထိခံစားခဲ့သူတည်းဟု ဆိုခဲ့၏။

ကျွန်မတို့တွင်လည်း ဆင်းရဲခြင်းဆိုသည်ကို ခန္ဓာကိုယ်တစ်ခုတည်းတွင်မက အာရုံခြောက်ပါးစလုံးနှင့် တကယ့်ကို ထိထိမိမိ တွေ့ခဲ့ရသူများဖြစ်သောကြောင့် ကိုသန်းဆွေ စာသင်ချိန်မှသည် မိန်းမယူ၊ ယခုလို စာရေးဆရာဘဝနှင့် ရပ်တည် နေသည့်တိုင်အောင် သူဖြတ်သန်းလာခဲ့သော 'ခယောင်းတော'သည် မည်မျှ ခလုတ်ကန်သင်း ဆူးငြောင့် စေးပျစ်၊ ချုံနွယ်ပိတ်ပေါင်းတို့ ထူပြောမည်ကိုလည်း ကောင်း၊ ဖြတ်သန်းလာသော သူ့ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာဒဏ်ချက်တို့နှင့် တကွ မည်မျှ အရေထူ ဖွဲ့ရှိမည်ကိုလည်းကောင်း ကျွန်မတို့ သိရှိနားလည်ပါသည်။ ထို့ကြောင့် 'ခယောင်းတော'တွင် သူထုတ်ထားသောပုံသည် သူ၏အပြင်၌ရှိသော တကယ့်ခန္ဓာကိုယ်၏သွင်ပြင်ကိုမမီဟု ကျွန်မ ဆိုလိုခြင်းဖြစ်သည်။

ကျွန်မခင်ပွန်းသည်သည် ကျွန်မအား ပထမဆုံး တွေ့ရှိစက ဂျင်းဗာတင် ရေးသော **Out of the night** ဝတ္ထုထဲမှ ကဗျာတစ်ပုဒ်ကို ရေးပေးခဲ့ပါသည်။ (မူရင်းအင်္ဂလိပ်စာကိုယ်ကိုပါ ပူးတွဲတင်ပြခြင်းကို ခွင့်လွှတ်ပါရန်)

http://www.cherrythitsar.org



"Out of the night that covers me.

Dark as a pit from pole to pole.

I thank whatever God it may be,

For my unconquerable soul."

မြန်မာဘာသာအရမူ . . .

“အမှောင်ထုသည် မြောက်ဝင်ရိုးစွန်းမှသည် တောင်ဝင်ရိုးစွန်းအထိ ပိတ်မှောင် ဖုံးကာလျက်ရှိ၏။ ငါ၏ဦးခေါင်းတို့သည် ဒဏ်ရာဒဏ်ချက်တို့ဖြင့် သွေးချင်းချင်းနီလျက်ရှိ၏။ သို့သော် ငါ၏စိတ်ဝယ်မဖြုံ။ အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်အား ငါ့ခန္ဓာကိုယ်တွင်းသို့ သွင်းပေးအပ်သော သမာဒေဝနတ်ကောင်းနတ်မြတ်များအား ငါ ကျေးဇူးတင်ပါ၏”

ထိုကဗျာကို ဗိုလ်ချုပ်အောင်ဆန်းသည် ခဏခဏရွတ်ဖတ်သည်ဟူ၍ ကျွန်မ ခင်ပွန်းသည်က ပြောပြပါသည်။

ယခုလည်း လူတကာက အလွမ်းစာရေးဆရာဟု သမုတ်အပ်သော ကိုသန်းဆွေ၏ နှလုံးသားတွင်မူ ကျွန်မသည် **(Unconquerable soul)**ဆိုသော‘အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်’ကို မြင်လိုက်ရသောကြောင့်ပင်တည်း။

၁၉၆၄ ခုနှစ်သို့ပင်ရောက်လာ၍ ကျွန်မ၏ ‘ပန်းပန်လျက်ပါ’ဝတ္ထုကို ရုပ်ရှင်အဖြစ်နှင့် ပြရသည်မှာ (၂၉)ပတ်ထဲသို့ ရောက်ချိန်ဖြစ်၏။

အစ်ကိုကြီးသည် သူတို့မိသားစုအား ရုပ်ရှင်ကြည့်ရန် ဖိတ်ခေါ်လာခဲ့၏။ ရုပ်ရှင်မှာလည်း ၂၉ ပတ်မြောက် နောက်ဆုံးအပတ်ဖြစ်သည်။

မမစိန်ရော သားတို့ သားသမီးတို့ပါ ပါလာသည်။ ကျွန်မသည် သူတို့ကို ပြေး၍ ဆီးကြိုရင်း . . .

“အစ်ကိုရေ၊ ကိုသန်းဆွေကြီးလေ အချိုနဲ့မတွေ့တာကြာလှပြီ။ အချိုတော့ထင်တယ်၊ သူအရက်တွေသောက်နေလို့ မလာတာဘဲထင်တယ်”ဟု မမစိန်ရှေ့တွင် ပြောလိုက်ပါသည်။ မမစိန်သည် ကုလားထိုင်ပေါ်ထိုင်ရင်း သူ့မျက်နှာတစ်လှည့် ကျွန်မမျက်နှာတစ်လှည့် ကြည့်ရင်း ပြုံးနေသည်။

“မှန်တယ်ဗျို့၊ အဲဒီအကြောင်းလည်းပါတယ်။ ဒါပေမဲ့ ကျွန်တော်က နည်းနည်းပါးပါးနဲ့ ကောင်းကောင်းသောက်တာပါဗျာ” သူသည် တဟဲဟဲ ဆက်၍ ရယ်နေသည်။

“ပြီးတော့လည်း မယု သတင်းနားထောင်နေတယ်၊ ဘယ်မှာမှလည်း

http://www.cherrythitsar.org



သူ အတည်တကျမလုပ်ဘူး”

“မယုကလည်းဗျာ၊ လူကို ချောက်မချစမ်းပါနဲ့၊ ဆိုရှယ်လစ်လောကကြီး ဘယ့်နှယ်အလုပ်မလုပ်ဘဲ ထမင်းစားရမလဲ။ ကျွန်တော့်သားတွေနဲ့ဗျာ၊ ကျွန်တော် အလုပ်လုပ်ပါတယ်။ ဒါပေမဲ့ မယုကလည်း သိသားနဲ့၊ **(Officer)**အမှုထမ်းကြီး တွေလို ရုံးထိုင်ပြီး ‘ခွင်’တွေ ‘ဘောင်’တွေကြားမှာ အလုပ်လုပ်ရမှာသိပ်ပျင်းတာပဲ။ ပြီးတော့လည်းလေ၊ ကျွန်တော်တို့ စာပေသမားအချင်းချင်း အတူတူတွဲလုပ် တဲ့အခါ၊ လခစားဘဝရောက်လာရင် အတွင်းလှည့်လှည့်စားချင်တာတွေ တွေ့ရ တော့ ကျွန်တော့်ကို ဘယ်သူကမှအလုပ်မဖြုတ်ဘဲ ကျွန်တော်ကချည်း ထွက် ထွက်လာတာ”

“မယု...ကိုသန်းဆွေရဲ့သတင်း နားထောင်လျက်ပါပဲ။ မမစိန်သဘော ကောင်းတိုင်း လူပျိုလိုမနေနဲ့။ သားတွေက ရလာပြီ” ကျွန်မသည် မမစိန်ဘက် လှည့်ကာ ‘ငွေတာရီမဂ္ဂဇင်းမှာ မယုလေ မိန်းမတို့အကြောင်းရေးတာ မမစိန်ကို ရည်စူးရေးတာ။ သူလေ မမစိန်နဲ့ရပေလို့၊ အလိုကြီးတဲ့မိန်းမနဲ့သာရရင်ခက်မှာ” ကျွန်မတို့နှစ်ယောက် အချီအချပြောနေသလောက် မမစိန်ကမူ ခပ်နွဲ့နွဲ့လေးပင် ပြုံး၍ နားထောင်နေပါသည်။

“မယုကလည်း ပူတတ်ရန်ကောဗျာ၊ ဒါနဲ့များ သူတရားတွေ အားထုတ်နေ သတဲ့”

“တရားထိုင်ရတာ အဲဒီအပူတွေ များလွန်းလို့ အေးအောင်ထိုင်ရတာ၊ နို့မို့ရင် ရူးမှာပေါ့”

“တကတည်း တစ်ကမ္ဘာလုံး သူ့ထမင်းစားနေရတာကျနေတာပဲ” သူ့စကား ဆုံးလျှင် အစ်ကိုကြီးကပါ သူနှင့်ရော၍ ရယ်ပါသည်။

“ဆရာတက်တိုးကလည်း ကျွန်တော့်ကိုပြောတယ်ဗျာ၊ သူနဲ့အတူ အလုပ် လုပ်ဖို့။ မင်းမှာ သားတွေနဲ့တဲ့။ ကျွန်တော်က မလုပ်ချင်ဘူး”

“ဆရာကလည်း ကိုယ့်တပည့်ဆိုတော့ သံယောဇဉ်ရှိတာကိုး၊ ပြောမှာပေါ့”

“ကျွန်တော် ရုပ်ရှင်ကုမ္ပဏီတွေနဲ့ဆက်ပြီး ဇာတ်ညွှန်းတွေ ရေးနေပါတယ်”

“ကဲ...ကဲ ကော်ဖီသောက်ကြ၊ သွားကြစို့” အစ်ကိုကြီးက ကော်ဖီတိုက် ပါတော့သည်။

* * *

၁၉၆၄ ခု၊ ဧပြီလ ၁၄ ရက်။

http://www.cherrythitsar.org



သူသည် 'ခယောင်းတောမှ ရုတ်ခြည်းထ၍'သွားပါသည်။

ကဲ...ဘာများတတ်နိုင်ပါဦးမည်နည်း ဝတ္ထုသာဆိုလျှင် ဤနေရာမှာ စာရေးဆရာ လူသတ်သလေး ဘာလေးနှင့် ဝိုင်းဝေဖန်ကြ ဆဲကြမည့်ဖြစ်ခြင်း။

ယခုတော့ တကယ့်ကို ဆတ်တငံ့ငံ့ ကျွန်မတို့အားလုံး ပိုးစိုးပက်စက် ကျန်ရစ်ကြလေသည်။

လေးတန်းတွင် စာသင်ရစဉ်က မုဆိုးကြီး အမဲတစ်ကောင်ရ၍ ဝေသည့် အကြောင်းကို ဖတ်ရပါသည်။ ထိုဝတ္ထုတိုထဲတွင် မုဆိုးကြီးသည် အမဲကောင်၏ အသည်းနှလုံးကို သူ၏ အဆွေခင်ပွန်းအား ပေး၏။

ကျွန်မတို့ ဇနီးမောင်နှံနှစ်ယောက်၏ အသည်းနှလုံးကား ကိုသန်းဆွေပင် တည်း။

* * *

၁၉၆၄ ခု၊ ဧပြီလ၊ ၁၈ ရက်နေ့။

သုသာန်မြေကိုခွာရန် ကျွန်မသည် အပါးတွင်ရပ်နေသော ခင်ပွန်းသည် လက်အား အားပြု၍ ကိုင်လိုက်ရပါသည်။ ဒူးများက ပျော့ညွတ်နေသောကြောင့် ဖြစ်သည်။

စောစောက ထုပြောလှသော လူထုပရိသတ်ကိုမတွေ့ရတော့ပြီ။ ကျွန်မ တို့အပါးတွင် သခင်တင်ဦး၊ ဦးရန်အောင်၊ ဆရာထင်လင်း၊ မောင်ခင်မောင်၊ မညိုနှင့် ခပ်လှမ်းလှမ်းတွင် ကိုထွန်းဝေတို့ လူစုကျဲကျဲကို တွေ့ရသည်။

သူ့ကိုယ်ပေါ်တွင် အလုပ်သမားတို့သည် အုတ်တစ်ရစ်စီ တစ်ရစ်စီ ဖုံး လျက်ရှိ၏။

"အချို့ သွားကြစို့"

ကျွန်မသည် အစ်ကိုကြီးလက်ကို ဖိ၍ မြဲမြဲကိုင်ကာ အားပြုလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်တွင် ယခင်က ကျွန်မကိုင်၍ လျှောက်လာရသော အဆွေခင်ပွန်း၏လက်မှာ မရှိတော့သောကြောင့်ပင်ဖြစ်သည်။

အိမ်ရောက်လျှင် စာဖတ်ခန်းမှာ တစ်ယောက်တည်းထိုင်နေမိ၏။ ရင်ထဲ မှ ကဗျာများသည် ပွင့်အန် သွန်ကျလာကြသည်။ ခေါင်းမော်၍ ပြတင်းမှ ခြံပြင်သို့ မျှော်၍ကြည့်လိုက်မိသည်။

အို...ဇလက်ထော်ပန်းများသည် ဖားဖားဝေသော အကိုင်းအလက်တို့မှ

http://www.cherrythitsar.org



ဝင်းပစွာ ပွင့်နေကြပြီတကား။

ပန်းတို့သည် သခင့်ကိုယ်စား ကျွန်မအပေါ်တွင် ကျန်ရစ်လေသလား။

မပိုင်သာချေ...

ဤ'ကွန်း'မြေဝယ်
နေမညိုခင်၊ ကျွန်ုပ်အရှင်သည်
အလျင်တဆော၊ 'ခယောင်းတော'မှ
ရုတ်ခြည်းထ၍၊ သွားသည့်နေ့က
သခင့်ကြင်ရာ၊ ချစ်သက်လျာမှု
သည်းစွာကြွေးဟစ်၊ သူ့အချစ်အား
ရင်လှစ်ဟင်းလင်း၊ ပြင်းပြင်းကွဲမျှ
ဗျာပါဒနှင့်
ပြ၍ပြ၍ ငိုသတည်း။
ငိုနိုင်လေသည်၊ သူ့အနေမှု
အိမ်သူကြင်သည်း၊ ချစ်ဇနီးတည့်။

မပိုင်သာချေ...

မပြေမချော၊ 'ခယောင်းတော'မှ
ရုတ်ခြည်းထ၍၊ သွားသည့်နေ့က
သခင့်ပုတ္တ၊ ဩရသမှု
မွေးဖလမ်းကြောင်း၊ ကောင်းမြတ်စေသော
ရည်ရွယ်စော၍၊ မနောကြည်ဖြူ
ပေးလှူဒါန၊ ရေသွန်းချ၍
ခွန်းဟလှစ်ချွေ၊ အမျှဝေ၏။
ဝေနိုင်ပေသည်၊ သူ့အနေမှု
ဆွေသည်ကြင်ပွား၊ ချစ်သောသားတည့်။

မပိုင်သာချေ...

ကျွန်အနေမှု၊ မပြေလှစ်သာ
ရေးကြမ္မာထင့်၊ ဝေးရာစွန်ဖျား
ထောင့်အကြားမှ၊ သခင်သွားရာ
ရှုမော်ကာဖြင့်၊ လွမ်းပါလေသမျှ

http://www.cherrythitsar.org



ကျွမ်းသမျှအား
မပြဝံ့ဝံ့ ပြဝံ့ဝံ့တည့်။
ပန်းများပွင့်ရာ၊ ကျွန့်ကွန်းသာတွင်
ဗျာပါနွမ်းလိုက်၊ ထီးကျန်ခိုက်ဝယ်
သည်း၌ဝှက်ထား၊ ရှင့်ရုပ်ပွားကို
သားသားထင်ထင်၊ ရှုဆင်ခြင်မှ
မကြင်သာသော၊ နှလုံးကြောမှ
ပြောမပြနိုင်၊ မျက်ရည်အိုင်သည်
ဖြိုင်ဖြိုင်မိုးသို့ သွန်းသတည်း။
အိုသခင်...သခင်သွားရာ
သံသာတစ်ဆစ်၊ ခရီးသစ်လည်း
ပြေပြစ်မည်လော၊ ချောမည်လောဟု
တွေးတောမနိုင်၊ ဒုက္ခအိုင်တည့်။
အကယ်၍သာ...
ရောက်လေရာတွင်၊ ကန္တာတစ်ကွေ့
ခေါင်သွေ့သွေ့ကို၊ တွေ့လေဘိမူ
စင်ဖြူပါသော၊ ကျွန့်မနောမှ
သောသောဖြိုးဖြိုး၊ မျက်ရည်မိုးသည်
တိုး၍ဆင့်ပွား၊ အရှင့်ပါးဝယ်
မြသားရိပ်သွင်၊ သီတာစင်သို့
အစဉ်သွန်းဖျန်း၊ မိုးနှယ်ဆန်းသည်
သခင်ချမ်းမြေ့ပါစေသတည်း။ ။

(ကျေးရူးရှင်သို့)

**[ရှုမဝမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၆၄ ခုနှစ်]**

# ဓါတ်ဖို (heading)

ပြီးခဲ့သော ရှုမဝမဂ္ဂဇင်းတွင် ကျွန်မသည် ကိုသန်းဆွေအကြောင်းနှင့်ပတ်သက်ပြီး ‘ခယောင်းတောမှရတ်ခြည်းထ၍’ ဟူသော ဆောင်းပါးကို ရေးသားခဲ့ပါသည်။

ထိုဆောင်းပါးထွက်လာပြီးနောက် စာဖတ်ပရိသတ်ထံမှ စာများလာရာတွင် အများဆုံးလာသော စာများမှာ “ကျွန်မသည် ကိုသန်းဆွေအားမှီ၍ (ဝါ) ကိုသန်းဆွေ စင်တင်ပေးလိုက်၍ စာရေးဆရာတစ်ယောက် ဖြစ်လာသကဲ့သို့ သူတို့အားလည်း စင်တင်ပေးပါရန်” မေတ္တာရပ်ခံသောစာများ ဖြစ်ပါသည်။

ထိုစာများမလာခင်ကလည်း ကျွန်မထံသို့ စာမူများ၊ လက်ရေးနှင့် ရေးထားသော ဗလာစာအုပ်နှင့် ဝတ္ထုတိုရှည်များ အမြောက်အမြားရေးပို့ကြလေသည်။ ထိုစာမူများကို ကာယကံရှင်များထံသို့ ပြန်ပို့နိုင်သည့်အခါလည်း ပို့ခဲ့၏။ မဂ္ဂဇင်းများသို့ ပို့သည့်အခါလည်း ပို့ခဲ့ပေသည်။

ထိုစာမူများကြောင့် ယခုဆောင်းပါးကို ရေးခြင်းဖြစ်ပေသည်။ တစ်ဦးစီထံသို့ စာပြန်ခြင်းထက် ယခုကဲ့သို့ ဆောင်းပါးအနေနှင့် ရှုမဝမှရေးသားခြင်းကို ကျွန်မထံသို့ စာပေးသော စာဖတ်ပရိတ်သည် လက်ခံကျေနပ်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

စင်စစ် စာဖတ်ပရိသတ်ထံမှ စာများကို အကျဉ်းချုံး၍ အဓိပ္ပာယ်ဖော်ပြရလျှင် “သူတို့လည်း စားရေဆရာဖြစ်လိုသည်၊ ကူညီပါ” ဟူ၍ ဆိုလိုခြင်းပင်ဖြစ်ပေသည်။

http://www.cherrythitsar.org



တစ်ခါကလည်း မိတ်ဆွေတစ်ယောက်က သူ့ဝတ္ထုတွင် အမှာစာရေးခိုင်း၏။ ကျွန်မက ရေးပေးရန် ငြင်းဆိုမိသောအခါ "မခင်ယု ဝတ္ထုမှာတော့ သူများတွေ အမှာစာရေးခိုင်းပြီး သူများဝတ္ထုမှာတော့ ဘာကြောင့် အမှာစာရေးမပေးတာလဲ" ဟူ၍ အပြောခံခဲ့ရပါသည်။

ကျွန်မစိတ်ထဲမှာ ထင်ပါသည်။ အမှာစာရေးခြင်း၊ စာအုပ်များကို ဝေဖန်ခြင်း၊ စာမူတစ်ခုကို တော်မတော် ရာမရာ တည်းဖြတ်ပြင်ဆင်ခြင်းများမှာ အရည်အချင်းတစ်ခု၊ ပညာရပ်တစ်ခုဟူ၍ ကျွန်မယူဆပေသည်။ ကလောင်တစ်ချောင်းကိုင်၍ ကလောင်အမည်တစ်ခုကို ယူထားတိုင်းလည်း အထက်ပါ အလုပ်မျိုးကို လုပ်နိုင်လိမ့်မည်မဟုတ်ဟူ၍ ကျွန်မထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မကိုယ်တိုင်တွင် ထိုအရည်အချင်းမျိုး မရှိသောကြောင့်တည်း။

ကိုသန်းဆွေမှာ စာရေးခြင်းဟူသော အတတ်ပညာတစ်ခုတည်းသာ ရှိသည်မဟုတ်။ စာမူတစ်ခုကို ပိုင်းခြားဝေဖန် ဆုံးဖြတ်တတ်သော အယ်ဒီတာဦးနှောက်လည်း ရှိသည်ကို စာဖတ်ပရိသတ်များ ဂရုပြုမိလိမ့်မည်။ ထိုကဲ့သို့ သူက တည်းဖြတ်ပြင်ဆင်ပြီးသောစာမူကို ထည့်ရန်လည်း သူကိုယ်တိုင် အလုပ်လုပ်နေသော မဂ္ဂဇင်းတိုက်ရှိသည်ကို စာဖတ်သူများ သတိပြုမိပေလိမ့်မည်။ (တစ်ခုကလည်း စာဖတ်သူများ ထင်သည်မှာ ခင်နှင်းယုသည် စင်ပေါ်ရောက်နေပြီဖြစ်၍ ခင်နှင်းယုထံမှတစ်ဆင့်ပို့သော စာမူများကိုလည်း ဘယ်မဂ္ဂဇင်းကမဆို လက်ခံလိမ့်မည်အထင်နှင့် စာမူများကို ကျွန်မထံ ပေးပို့ကြသည်။ ထိုအယူအဆသည်လည်း မှားယွင်းပါသည်။ ကျွန်မကိုယ်တိုင်ရေးသော စာမူများကိုပင် မဂ္ဂဇင်းများက အခါခပ်သိမ်း လက်မခံသည်ကို ယခင်က ကျွန်မရေးသော ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

တချို့ကလည်း အယ်ဒီတာများကို အထင်သေးကြသည်။ ဘက်လိုက်သည် ထင်သည်။ ဘက်မလိုက်သူ၊ မျက်နှာလိုက်သူ ရှိကောင်းရှိမည် ဖြစ်သော်လည်း အယ်ဒီတာတိုင်းကိုတော့ အထင်မသေးရန် ကျွန်မ တောင်းပန်လိုပေသည်။ ကျွန်မစိတ်ထင်မှု အယ်ဒီတာက ပယ်ရုံမက၍ ဆုတ်ပစ်ပစ်၊ လူကိုယ်တိုင်ပင် လိုက်၍ ရိုက်ရိုက်၊ မဆုတ်မနစ်သော လုံ့လဖြင့် ရေးချင်လျှင် ကြိုးစားရေးက ကောင်းလိမ့်မည်ဟူ၍ ထင်ပါသည်။ ပုံသေကားကျတော့ "စာရေးဆရာဖြစ်လိုသော် ဘယ်လိုလုပ်"ဟူ၍ ကျွန်မအနေနှင့်တော့ မပြောတတ်ပါ။ တခြားပညာရှင်များက ပြောပြတတ်ပါမူ၊ နည်းနာညွှန်ပြတတ်ပါမူ ဆည်းပူးလိုက်နာ

http://www.cherrythitsar.org



စေချင်ပါသည်။

တစ်ခါတစ်ရံ ဟောပြောပွဲများတွင် မလွှဲမရှောင်သာ၍ ကျွန်မ ဟောပြောရသောအခါလည်း စာပေအကြောင်း သို့မဟုတ် စာရေးဆရာဖြစ်လိုသော် ဆိုသော ခေါင်းစဉ်နှင့် အကြောင်းအရာများကို ကျွန်မ မပြောခဲ့၊ ကျွန်မစာကို ဘယ်လိုရေးသည်ကိုသာ ကျွန်မ ပြောပြခဲ့ပေသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့စာပေမပြောနှင့်၊ မြန်မာ့စာပေလောကတစ်ခုတည်းကိုကပင် အတောမသတ်အောင် ကျယ်ဝန်းလှပေသည်။ ကျွန်မကိုယ်တိုင်ကပင် သူတစ်ပါး ထွန်းညှိပေးခဲ့သော မီးပုံကို အားပြု၍ စမ်းတဝါးဝါးလျှောက်ကာ နေရဆဲဖြစ်သည်ကို ကျွန်မ၏ စာဖတ်ပရိသတ်များ သတိပြုစေချင်ပေသည်။

စာရေးဆရာအမြောက်အမြား ထွက်စေလိုသော စေတနာဖြင့် တစ်ခါက စာရေးဆရာကလပ်ကြီးမှူး၍ စာရေးနည်းသင်တန်းတစ်ခု ဖွင့်လှစ်ခဲ့သည်ကို သတိပြုမိကြပေလိမ့်မည်။ ထိုသင်တန်းမှာ ဗဟုသုတတော့ အလွန်ရပါသည်။ သို့သော် ကျွန်မ တစ်ခါက ရေးပြခဲ့သလိုပင် ဘာသာရပ်များကိုပို့ချသော ပညာရှင်ဆရာများမှာ သင်တန်းဆင်းချိန်တွင် ညည်းညူကြသည်။ အဘယ့်ကြောင့်ဆိုသော် သင်တန်းဆင်း ဆွေးနွေးပွဲတွင် ကျောင်းသားများမေးသော မေးခွန်းတွင် ဝတ္ထုပုံစံဆိုသည်မှာ ဘယ်လိုလဲ၊ အတိုကို ဘယ်လိုစ၍ အရှည်ကို ဘယ်လိုရေးရမလဲ အစရှိသော မေးခွန်းများဖြစ်၏။ စိတ်ရှည်လက်ရှည်ဖြေသော ဆရာဦးထင်ဖတ်ပင်လျှင် ဦးနှောက်ခြောက်ခဲ့ရ၏။ တချို့က ကျွန်တော်တို့စာမူ မဂ္ဂဇင်းထဲပါအောင် ဘယ်လိုလုပ်ရမလဲ ဆိုသော မေးခွန်းကအစ မေးခဲ့ကြသည်။

တစ်ခါက ကျွန်မ ခရီးထွက်စဉ်တွင် မိန်းကလေးတစ်ယောက်က လာရောက် မိတ်ဆက်ရင်း ကျွန်မကို ပြောပြခဲ့သည်။ "မမစာမူတွေ အပယ်ခံခဲ့ရဖူးသလား၊ ကျွန်မတော့ စပြီး စာရေးကတည်းက ဘယ်ဂျာနယ်ဇင်းတိုက်ကမှ မပယ်ခဲ့ဘူး။ အားလုံး လက်ခံပြီး ဖော်ပြခဲ့တယ်" ဟူ၍ ပြောပြပါသည်။ ထိုကဲ့သို့ ထူးခြားသော ပါရမီရှင်များအတွက်မူ စာရေးဆရာဖြစ်ဖို့ အကြောင်းမှာ အခက်အခဲမရှိပေ။

ကျွန်မအဖို့မှာမူ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်လာရရုံမက ယခုလည်း ပြင်ရင်း၊ ဆင်ရင်း၊ ရှာရင်း၊ ဖွေရင်း၊ နားထောင်ရင်း၊ လေ့လာရင်း၊ မှတ်သားရင်းနှင့်ပင် သေသာသေသွားမည်ထင်သည်။ အလုပ်ကတော့ ပြီးဆုံးမည် မထင်ပါ။ အဘယ့်ကြောင့်ဆိုသော် စာရေးဆရာဆိုသည်မှာ ဘီအေ၊ အမ်အေ၊

http://www.cherrythitsar.org



အမ်ဘီဘီအက်စ် အစရှိသော ပညာရပ်များကဲ့သို့ "ပြဋ္ဌာန်းသော ဒီစာအုပ်၊ ဒီစမ်းသပ်မှုများကို ဖတ်ရှုလေ့လာသင်ကြားပြီးဖြစ်၍ သင်တန်းပြီးဆုံးပြီ။ ရော့... ဒီဂရီတစ်ခု"ဟူ၍ ပိုင်းခြားသတ်မှတ်ထားခြင်း မရှိသောကြောင့်တည်း။

အကယ်၍ ကိုယ့်ကိုယ်ကို "ငါ့စာပေ ကောင်းပါလျက်နဲ့ စင်တင်ပေးသော အယ်ဒီတာ သို့မဟုတ် ထုတ်ဝေသူမရှိ၍သာ လူထုလက်ထဲသို့မရောက်ဘူး" ဟူ၍ အထင်ရှိခဲ့ပါလျှင် ယခု စာပေဗိမာန်စာပေဆုအဖွဲ့တွင် လက်ရေးမူနှင့် စာမူများ လက်ခံနေပြီဖြစ်၍ မိမိရေးချင်သည်များကို ရေးသားပေးပို့စေချင်ပါသည်။ ကျွန်မတို့ခေတ်ထက် အခွင့်အလမ်းသာနေပြီဖြစ်၍ ကြိုးစားကြစေလိုပါသည်။

မဂ္ဂဇင်းတိုက်များကိုလည်း အားမလျှော့ဘဲ ရေးသား၍ ပို့စေချင်ပါသည်။ အထူးသဖြင့် ငွေတာရီမဂ္ဂဇင်းတိုက်သို့ပို့လျှင် ပိုမိုကောင်းပေမည်။ မနှစ်က ကျွန်မ၏ ဝတ္ထုတစ်ပုဒ်အား ပြန်လည်ပေးပို့ရာတွင် "မခင်ယုဝတ္ထုမှာ အစိုးရ ဝါဒကို ထိခိုက်ခြင်းမရှိပါ၊ သို့သော် ကျွန်တော်တို့ အယ်ဒီတာသုံးဦးစလုံး လေ့လာဖတ်ရှုရာ၌ ဝတ္ထုပုံစံမပီသဟူ၍ ထင်ပါသည်"ဟု မှတ်ချက်နှင့်တကွ ပါလာခဲ့ပါသည်။ ထိုမှတ်ချက်ကို ကြည့်ခြင်းအားဖြင့် အယ်ဒီတာများသည် သာမန်ကာလျှံကာ လုပ်နေကြခြင်းမဟုတ်၊ တစ်ဦးတည်းသဘောနှင့် လုပ်နေကြခြင်းမဟုတ်၊ သေချာစွာ လေ့လာစိစစ်သည်ကို စာရေးလိုကြသူများ သတိပြုမိကြပေလိမ့်မည်။ ထို့ကြောင့်ပင် မလျှော့သောလုံ့လဖြင့် ဆက်၍သာရေးဖို့ ကျွန်မ အနေဖြင့် တိုက်တွန်းချင်ပေသည်။ ကျွန်မအား အူကြောင်ကြောင်နိုင်သည် ဆိုလျှင်လည်း ခံရပါမည်။ နည်းလမ်းအတိအကျတော့ မပြောပြတတ်ပါ။

ကျွန်မသိသော ဥပမာတစ်ခုနှင့် နှိုင်းရပါလျှင် စာရေးခြင်းအတတ်ပညာမှာ ဝိပဿနာတရားအားထုတ်ရခြင်းနှင့် ခပ်ဆင်ဆင်တူ၏။ တရားအားထုတ်သူ ယောဂီသည် စိတ်နှလုံးစင်ကြယ်မှုအတွက် ရှစ်ပါးသီလခံယူပြီးနောက် မိမိ ခန္ဓာကိုယ်၌ ဖောင်းခြင်း ပိန်ခြင်းကို မှတ်ယူရပါသည်။ ထိုဟာကို မှတ်သားရင်းမှ အာရုံခြောက်ပါးတွင် ထိတွေ့ပေါ်လာသမျှ ဝေဒနာများကိုလည်း မှတ်သားရပါသည်။ ထိုသို့မှတ်ရင်းမှ ဘယ်အဆင့် ဘယ်ဉာဏ်သို့ရောက်သည်ကို ကိုယ့်ကိုယ်ကို မသိပါပေ။ တရားပြသော ဆရာတော်ကသာ မှတ်ပုံမှားလျှင် မှတ်ပုံမှားသည်၊ တစ်ခုခု၌ လုံ့လအပြုလွန်နေလျှင် လွန်နေပြီ စသည်များကို ပြုပြင်ပေးရင်းမှ သမာဓိအား အရှိန်ကောင်းလျှင် ကောင်းသလို အနှေးနှင့်အမြန် မဂ်ဉာဏ်အား မျက်မှောက်ပြုကြရ၏။ ထိုအခါသော်မှ မိမိကိုယ်ကိုမိမိမသိပေ။ ထိုမဂ်ဆိုသော

http://www.cherrythitsar.org



အရာတွင်သော်မှ လောကီမဂ်နှင့် လောကုတ္တရာမဂ်ဟူ၍ ခြားနားမှားယွင်းတတ်သေးသည်။ ထို့ကြောင့်ပင် တချို့ သည် လောကီမဂ်ကိုပင် သောတာပန်ဆိုက်ပြီဟု မိမိကိုယ်မိမိ အထင်ရှိတတ်၏။ ဘဝင်စိတ်ကျနေဆဲ တစ်ခဏကိုပင် မဂ်ဆိုက်ပြီဟု ထင်သူတွေကလည်း ထင်တတ်၏။ ထိုသူတို့ကြောင့်ပင် ဝိပဿနာတရားအား တချို့ အထင်သေး ပြစ်တင်ခံရပေသည်။

စာရေးခြင်းမှာလည်း ဖတ်ရှုမှုဟူသည်မှာတော့ ဖတ်နိုင်သမျှ ဖတ်လျှင် အကောင်းဆုံးပင်တည်း။ အတွေ့အကြုံ လေ့လာမှုတွင်မူ ဝိပဿနာတရားတွင် အာရုံခြောက်ပါး၌ ဖြစ်ပျက်သမျှဝေဒနာကို ရှုရသကဲ့သို့ ကျွန်မတို့ စာရေးလိုသူတို့သည် ကျွန်မတို့ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံနေဖို့မှာ အာရုံခြောက်ပါးစလုံး လိုပေသည်။ ထိုအာရုံခြောက်ပါးတွင် လာရောက်ထိတွေ့သောဝေဒနာမှ ကျွန်မတို့ စာပေများ ဖြစ်ပေါ်လာသည်ဟု ကျွန်မအနေနှင့် ယူဆမိပေသည်။ (အမှန်ဟုတ်သည်ဟူ၍တော့ တစ်ထစ်ချ မဆိုလိုပါ)

အဘယ်ကြောင့်ဆိုသော် ကျွန်မကိုယ်တွေ့တွင်မူ ဝေဒနာဟူသော ခံစားမှုမရှိဘဲ ကျွန်မ ဘာဝတ္ထုကိုမှ ရေး၍မရသောကြောင့်ပင်ဖြစ်သည်။

ထိုခံစားမှုမှ ထွက်ပေါ်လာသောအကြောင်းအရာများကိုတင်ပြရာမှ စာပေဝေဖန်သူများ၊ မိမိအားထားသော ဆရာများက ဤစာပေမှာ ဘယ်အဆင့်ရောက်နေသည်၊ ဘယ်လိုနေသည်၊ ဘယ်နေရာ၌ ဘယ်လိုအမှတ်မှားနေပြီကို ဖော်ပြသောအခါတွင် "ငါ့မှာ ဘာလိုနေပါသလဲ" ဆိုသည်ကို သိရှိရလေသည်။

ဝိပဿနာတွင် ဥပမာ အားထုတ်မှတ်သားနေစဉ်အတွင်း ပန်းတစ်ပွင့်ကို အာရုံ၌ပေါ်လာသည်ဆိုပါစို့။ မြင်တယ် မြင်တယ်ဟူ၍သာ မှတ်ရှု၍၊ ဖောင်းခြင်း ပိန်ခြင်းတွင်သာ အာရုံမပြတ်ထားရ၏။ ထိုပန်းကို ပျောက်သွားအောင် မှတ်သားရသည်။ ထိုသို့မဟုတ်ဘဲ "ပန်းပွင့်ကို အာရုံပေါ်လာလျှင် မြင်တယ် မြင်တယ်၊ တယ်လှပါလား၊ ဒီပန်းပွင့်လေး ငါဘယ်တုန်းက တွေ့ဖူးပါလိမ့်၊ သူနဲ့ ငါတွေ့တုန်းကပေးသော ပန်းလေးပဲ" စသည်ဖြင့်သာ လျှောက်မှတ်နေလျှင် ပန်းအလှတွင် မက်မောသော တဏှာကြောင့် ဘာအာရုံမှမပျောက်၊ နောက်ဆုံး ဖောင်းတယ် ပိန်တယ်ပင် မှတ်မရအောင် စိတ်ပျံ့၍ သွားတတ်ပေသည်။

(ထိုနေရာ၌ လောကီနှင့် လောကုတ္တရာယှဉ်၍ ဥပမာပြရသောကြောင့် ကျွန်မရေးပုံမရှင်းလင်းလျှင် ခွင့်လွှတ်ပါ၊ ပင်ကိုတရားတော်ကိုတော့ အထင်မမှားစေလိုပါ)

http://www.cherrythitsar.org



စာရေးရာ၌လည်း ကျွန်မတို့ အာရုံခြောက်ပါးနှင့် ထိတွေ့သိရှိရာမှ ခံစား ရသမျှ ဝေဒနာကို တင်ပြရာ၌ ဘာပြောပြော သတ္တဝါ၏စရိုက်ကို လိုက်၍ ဘက်လိုက်တတ်သည်မှာ ဓမ္မတာပင်တည်း။ ဝေဖန်ရေးဆရာတို့နှင့်တွေ့မှ ဓမ္မဓိဋ္ဌာန်ကျကျ ချိန်ညှိသောစိတ်ဖြင့် မိမိဘဝ မိမိပတ်ဝန်းကျင်ကို လေ့လာ တတ်ကြပေသည်။

တရားအားထုတ်သူ၏ နှလုံးသားသည် သီလဖြင့် ပွတ်တိုက်ဆေးကြော ထားသည်ဖြစ်၍ စင်ကြယ်နေသကဲ့သို့ စာရေးသူနှလုံးသားသည်လည်း မှန်သား ကောင်းသော ကြေးမုံပြင်ကဲ့သို့ စင်ကြယ်နေသင့်ပေသည်။ ထိုမှသာ ထိုစာရေး သူ၏ခေတ်သည် စာရေးသူ၏ နှလုံးသားတွင် ထင်ထင်ရှားရှား အမှန်အတိုင်း ပေါ်လွင်ပေလိမ့်မည်။ တော်လှန်ရေးကောင်စီတက်စက ခပ်ရှင်းရှင်း ရေးရပါ လျှင် ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲချင်သူများက စာပေကို ဘောင် ခတ်ချင်ကြသည်။ ဆိုရှယ်လစ်စာပေမှ စာပေအစစ်၊ ဆိုရှယ်လစ်စာပေ ဟူသည် ကားဟူ၍ အကျယ်ဝိတ္ထာရဖွင့်သူတွေလည်း အမြောက်အမြားပင်။ တစ်ခါက ကျွန်မကြည်ညိုသော စာရေးဆရာတစ်ယောက်ကပင် ဆိုရှယ်လစ် စာပေဟူသည် မှာ ဇာတ်လိုက်အများကြီးနှင့် ဝတ္ထုကို ရေးရမည်ဟုဆို၏။ ကျွန်မတော့သဘော မပေါက်ပါပေ။ ဉာဏ်တိမ်၍လားမသိ။ ဇာတ်လိုက်တစ်ယောက်တည်းနှင့်ပင် လူ့လောကတွင် ကပြသွားရရှာသော ဇာတ်ကောင်လူသား၏ အကြောင်းကိုရော စာပေမှတ်တမ်းတွင် မတင်ရပြီလော။

ကျွန်မတော့ စာပေနှင့်ပတ်သက်လာလျှင် အရပ်ဆယ်မျက်နှာကို ဖွင့်ထား စေချင်သည်။ ဝတ္ထုဖြစ်စေ၊ တခြားရေးသားစရာများဖြစ်စေ၊ အကြောင်းအရာများ သည် မြေကြီး၊ မီးဖိုမှသည် ကောင်းကင်ဘုံအထိရှိ၏။ ထိုမျှ ကျယ်ပြန့်သော လောကအား ဘာကြောင့် ခွင်တွေ ဘောင်တွေနှင့်ပိတ်ကာ တင်းကျပ်ချုပ်ချယ် သတ်မှတ်ထားချင်ပါသနည်း။

ဥပမာ...ဆရာဇဝနသည် ကြေးမုံသတင်းစာတွင် သူမန္တလေးသွားစဉ်က ဆီပြဿနာ ဘယ်လောက်ခက်ခဲ၍ လူတွေ ဒုက္ခရောက်နေသည်ကို ဖော်ပြ၏။ တစ်နေ့က ဆန်ပြဿနာကို ကြေးမုံတွင် တစ်ဖန်တင်ပြ၏။ ထိုကိစ္စမှာ နေ့စဉ် သူနှင့် တွေ့ထိနေသော လူသားတို့ပြဿနာကို တင်ပြနေခြင်းဖြစ်၍ ဆရာအား ဆီ၊ ဆန် ပြဿနာလောက်ကို အကျယ်ချဲ့သည်ဟူ၍ အပြစ်တင်စရာမရှိ၊ သူ့ ဆောင်းပါးသည် သူ့ခေတ်၏ ကြေးမုံပင်တည်း။ ဝတ္ထုတွင်လည်း ရေးသူ၏

http://www.cherrythitsar.org



ပတ်ဝန်းကျင်သည် သူ့ဝတ္ထုကြေးမုံပြင်တွင် ထင်လာစမြဲပင်တည်း။

တင်ပြပုံနှင့်ပတ်သက်၍လည်း ဘယ်ဟန်ကို သုံးပါဟူ၍ ကျွန်မ မပြောပြတတ်ပါ။ တစ်ခါက စာရေးဆရာ ဦးသိန်းဖေမြင့်နှင့် တွေ့စဉ်က "မခင်ယုရယ်၊ မင်းတို့ခေတ် စာရေးသူတွေဟာ သူတို့စာတွေကို လူတွေနားလည်အောင် မရေးကြဘူး။ ဖတ်တဲ့သူစိတ်မှာ ချောချောကြီးကျအောင် ရေးနိုင်ဖို့ကောင်းတယ်"ဟူ၍ ပြောပြခဲ့၏။ ကျွန်မအနေနှင့်တော့ သူ့ပြောပြချက်ကို လက်ခံလိုပေသည်။ ကျွန်မတို့တစ်ခေတ်တွင် ဖတ်သူနားမလည်လောက်အောင် ဖွဲ့နွဲ့ခြင်းကိုပင် 'ဟန်' တစ်မျိုးအဖြစ် ဂုဏ်ယူရေးသားသူများရှိပေသည်။ အပြစ်တော့တင်စရာမရှိပေ။ ထိုဟန်ကိုသဘောကျ၍ လက်ခံသူရှိလျှင် ကျွန်မတို့က ဝေဖန်ဖို့မလိုပေ။ တတ်နိုင်လျှင်တော့ မိမိထိတွေ့ခံစားရသမျှ ဝေဒနာအား မိမိကဲ့သို့ သူတစ်ပါးနားလည်အောင် (ဝါ) စာဖတ်သူမနော၌ ချောချောကြီးကျအောင် ရေးနိုင်လျှင် ကောင်းသောဟန် ဖြစ်သည်ဟူ၍ ထင်ပေသည်။

ဝတ္ထုတည်ဆောက်ပုံကို ပြောပြပါဦးဆိုလျှင် ထိုမေးခွန်းကို ကျွန်မသာ၍ မဖြေတတ်ပါ။ ဝတ္ထုတွင် ဝတ္ထုတည်ဆောက်ပုံ ပင်မကျောရိုး အရေးကြီးသည်ကိုတော့ ကျွန်မသိသည်။ ဘယ်လိုဆောက်တည်ရမည်ကိုတော့ မပြောပြတတ်ပါ။ တခြားပညာရှင်များသိလျှင် စာဖတ်သူများကိုယ်စား ကျွန်မကပင် တောင်းပန်လိုပါသည်။ ဤရှုမဝမဂ္ဂဇင်းမှာ ရေးသားပြကြစေလိုပါသည်။

သဒ္ဒါနည်းမှန်ဖို့နှင့် စာလုံးပေါင်းသတ်ပုံမှာမူ သင်ယူလျှင် ရပါသည်။ ကျွန်မဝတ္ထုများတွင် ဝါကျများရေးရာ၌ သဒ္ဒါနည်းမကျသော ဝါကျများ ခဏခဏ ပါလာတတ်၍ ကျွန်မကိုယ်တိုင်ပင် သတိထားလေ့လာပြင်ဆင်နေရပါသည်။

ဝတ္ထုဖြစ်စေ၊ ဆောင်းပါးဖြစ်စေ နာမည်တပ်ပုံမှာလည်း အရေးကြီးသည်။ ရှုမဝတွင် ကျွန်မစာမူများပို့စက ဆရာငွေဥဒေါင်း (ဦးကြီးမောင်) က "မခင်ယုဝတ္ထုရေးရာတွင် နာမည်တပ်ခြင်းသည် အရေးကြီးသော ပညာရပ်တစ်ခုဖြစ်၍ ကိုယ့်ဝတ္ထုကို ကိုယ်နာမည်တပ်တတ်အောင် ကြိုးစားပါ" ဟူ၍ မှတ်ချက်နှင့် အတူ နာမည်မတပ်မိသော ဝတ္ထုတစ်ပုဒ် ပြန်လာခဲ့ပါသည်။

တက္ကသိုလ်တွင် ကျွန်မ စာသင်စဉ်ကလည်း ဆရာဦးတင်မောင်ဌေးက ရေးသားသော စာများ၌ ခေါင်းစဉ်တပ်ပုံအရေးကြီးသည့်အကြောင်း သင်ကြားပြသခဲ့ပါသည်။

"ကဲ...ဒါဖြင့် မခင်ယုဝတ္ထုတွေကို ဘယ်လိုနာမည်ပေးရမလဲ"ဟု မေးလျှင်

http://www.cherrythitsar.org



ကြည့်သာပေးကြပေတော့ဟူ၍ ကျွန်မ ဖြေမိမည်ဖြစ်ပေသည်။

ဘာမှ တိကျရေရာသောအဖြေကို မပေးနိုင်သော ကျွန်မအား ထပ်မံ၍ စာရေးလိုသူတို့က မေးခွန်းများ မေးကောင်းမေးချင်ပေလိမ့်မည်။

"ကျွန်တော်တို့ ကျွန်မတို့ ဝေဒနာဆိုတဲ့ ခံစားမှုလည်းရှိပြီ၊ ဝတ္ထုလည်း တည်ဆောက်တတ်ပြီ၊ တင်ပြပုံမှာလည်း သူတစ်ပါးမနှော ချောချောကြီးကျ အောင် တင်ပြတတ်ပြီ။ ကဲ...စာရေးဆရာတစ်ယောက်ဖြစ်ပြီလား၊ နာမည်ကြီး ပြီး ဝင်ငွေကောင်းပြီလား" ထိုမေးခွန်းကို ထပ်မံမေးလျှင် ကျွန်မ၏ အဖြေမှာ "မပြောနိုင်ပါ"ဟူ၍ပင် ဖြေမိမည်ဖြစ်၏။ နာမည်ကြီးခြင်းနှင့် ဝင်ငွေကောင်းခြင်း မှာ မိမိတွေ့ထိသော ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်ခြင်း၊ တင်ပြပုံခြားနားခြင်း နှင့် ဘဝကံပါရမီတို့အပေါ်တွင်တည်သည်ဟု ကျွန်မ ထင်ပါသည်။

လူနှစ်ယောက်ကို မဆိုထားဘိ၊ ကျွန်မတစ်ယောက်တည်းပင်လျှင် အကြောင်းတစ်ခုကို လေ့လာသုံးသပ်ပုံ၊ မြင်ပုံမှာ အချိန်ကာလအခြေအနေကိုလိုက်၍ မတူပါ။

ဥပမာ...ကျွန်မသည် စစ်မှုထမ်းသူ၏ဇနီးဖြစ်၏။ လင်သည်၏အရိပ်ကို ခိုလှုံနေရသူတို့ပီပီ လင်သည်၏နောက်သို့ လိုက်ပါနေရဆဲ၊ စစ်မှုထမ်းသူတို့၏ ပတ်ဝန်းကျင်တွင်နေရဆဲ၌ သူမအမြင်သည် လောကကို တစ်မျိုးမြင်၏။ ဤ မြေကြီးပေါ်၊ လမ်းမပေါ်တွင် လင်သည်၏ ကားကိုမှီခို၍ စီးရဆဲကာလ၌ ကျွန်မ သည် လောကကိုတစ်မျိုးမြင်မည်။

ကဲ...လင့်အပါးမှခွာ၍ ကျွန်မ ယနေ့ မြေကြီးပေါ် လမ်းလျှောက်ကြည့်ပါ၊ ကဖော်ဆိုင်ကိုလည်း ဖြတ်သန်းသွားရမည်။ မျက်လှည့်ပွဲကိုလည်း ပလက်ဖောင်း ပေါ်တွင် တွေ့ရမည်။ မြူရဲလိုက်၍ ထဘီခြောက်စပြေသော ငွေးချိုသီးသည်ကို လည်း ကျွန်မတွေ့ရမည်။ ကျောင်းစဖွင့်စ စာအုပ်ဖိုးမပေးနိုင်သည်နှင့် သားကို မဲရိုက်သော နာနတ်သီးသည်ကိုလည်း ကျွန်မ တွေ့ရပေမည်။ ထိုသောအခါ ကျွန်မ၏ခင်ပွန်းသည်နှင့် ကားပေါ်မှ အတူယှဉ်ကာမြင်သောအမြင်နှင့် လေ့လာ ချက်တို့မှာ ပလက်ဖောင်းပေါ်တွင် တိုးဝှေ့လျှောက်ရင်း မြင်သောအမြင် လေ့လာ ချက်တို့နှင့် ကွာချင်တိုင်းကွာမည်။ ထိုလေ့လာချက်တို့ကို တင်ပြသော စာပေ တွင်လည်း ပရိသတ်လက်ခံပုံ၊ ကြိုက်နှစ်သက်ပုံမှာ လုံးဝခြားနားပေလိမ့်မည်။

ထိုတင်ပြပုံကိုလိုက်၍ နာမည်ကြီးခြင်း၊ မကြီးခြင်းကလည်း တည်သည်ဟု ထင်ပေသည်။

ဆိုရှယ်လစ်လောကတွင် ကံနှင့် ပါရမီကို ခင်နှင်းယုသည် ယုံကြည်ရမလားဟူ၍ အပြစ်တင်ပါလျှင်လည်း ခံရပါမည်။

ဂေါ်ကီသည် လက်သမားသားဂေါ်ကီမဖြစ်ဘဲ ကက်သရင်းဘုရင်မ၏သားသာ ဖြစ်ခဲ့လျှင် သူ့အကျိုးပေးလည်း တစ်မျိုးဖြစ်ပေလိမ့်မည်။

ကက်သရင်းဘုရင်မသည် လင်ကို နန်းချ၍ မိမိကိုယ်တိုင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခဲ့၏။ ကက်သရင်းသည် ဂေါ်ကီထက် အဆပေါင်းများစွာ ချမ်းသာခဲ့သောဘုရင်မတစ်ဦးပေတည်း။ သို့သော် သူသည် ရုရှားပြည်၏ နယ်နိမိတ်အဆုံးထိသာ အာဏာစက် ပျံ့လွင့်စိုးမိုးခဲ့၏။ ဂေါ်ကီသည် လမ်းပေါ်မှာ လျှောက်ပြေးရင်းမှ ရုရှားပြည်၏ နယ်နိမိတ်ကိုကျော်လွှား၍ ယနေ့ အရှေ့အနောက် တိုင်းပြည်များတွင် သူ့နှလုံးသားသည် ကျယ်ပြန့်လွှမ်းမိုး၍ ချစ်ခင်မြတ်နိုးမှုကို ခံစားရဆဲဖြစ်၏။

ဂေါ်ကီသည်အိမ်ထောင်ပရိဘောဂလုပ်သော လက်သမား၏သား၊ သူကိုယ်တိုင်က ဖိနပ်ချုပ်သမားဘဝမှသည် အလုပ်မျိုးစုံ၊ ဘဝမျိုးစုံ၌ ကျင်လည်ခဲ့ရသူတည်း။ ထိုသို့ဖြစ်လျှင် တခြားလက်သမားသား ဖိနပ်ချုပ်သူတို့သည် ဂေါ်ကီလိုကမ္ဘာကျော် စာရေးဆရာဖြစ်လာကြပါလားဟု ဆိုစရာရှိ၏။ မဖြစ်လာနိုင်ပါ။ ဂေါ်ကီနှင့်အတူ တခြားသူများလည်း ဘဝကြမ်းကို ဖြတ်သန်းလာရာ၌ ထိုဘဝဒဏ်ကို ခံသာခံကြရသည်၊ ခံရသူတိုင်းလည်း ဂေါ်ကီလို မိမိဘဝကို စူးစူးရှရှမလေ့လာတတ်၊ လေ့လာတတ်ပြန်တော့လည်း ဂေါ်ကီလိုတင်ပြရန် ပညာမတတ်။ ပညာတတ်သူတိုင်း၊ စာတတ်သူတိုင်း မိမိဘဝ အတွေ့အကြုံကို တင်ပြတတ်သည်ဆိုလျှင် အင်္ဂလန်ဘုရင့်တက္ကသိုလ်တွင် ထိတ်ထိတ်ကြဲပညာတတ်တွေထွက်သမျှ စာရေးဆရာတွေချည်း ဖြစ်စရာအကြောင်းရှိ၏။ ထိုကဲ့သို့ ဖြစ်မလာနိုင်ပါပေ။ ထို့ကြောင့်ပင် စာရေးဆရာဖြစ်ဖို့ရာ၌ရော၊ ကျော်ကြားဖို့၌ရော ဘဝကံပါရမီကြောင်းသည်လည်း ပါလာသည်ဟူ၍ ကျွန်မ ဆိုလိုခြင်းဖြစ်ပါသည်။

(ယုံချင်မှတော့ယုံပါ၊ မယုံပါလျှင်လည်း မိမိဘာသာ စမ်းသပ်ကြည့်ကြပါကုန်)

ဝိပဿနာတရားသည် နောက်ဆုံးရှုမှတ်စရာ အာရုံနှင့်ရှုမှတ်သောစိတ်တို့ပြတ်သည့်တစ်ပြိုင်နက် ကုသိုလ်၊ အကုသိုလ်စိတ်တို့ ချုပ်ငြိမ်းရာ၊ အေးချမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုကြရ၏။

ကဲ...ထိုသို့ဖြစ်လျှင် စာရေးဆရာဖြစ်လာသောအခါ၊ သို့မဟုတ် စာရေးဆရာတို့၏ ဘဝအဆုံးသတ်သည်ကော အေးမြချမ်းငြိမ်းသာယာပါရဲ့လားဟု

http://www.cherrythitsar.org



မေးစရာရှိ၏။ ထိုအမေးကိုဖြေလျှင် စာတစ်အုပ်သတ်သတ် ပြုစုရပေလိမ့်မည်။

ကျွန်မအဖို့တွင်မူ ရေးချင်သည်များကိုရေးရဆဲ တစ်ခဏတွင်တော့ လောက ကိုမေ့၊ ပတ်ဝန်းကျင်ကိုမေ့ကာ လောကီစျာန် ဝင်စားနေသူတို့နှင့်တူ၏။

သို့သော် ရေးချင်တာကို မရေးရသောအခါဖြစ်စေ၊ စာရေးပြီး၍ စာ သမာပတ်မှ ထသောအခါဖြစ်စေ၊ ပတ်ဝန်းကျင်ကို ပြန်လည်ထိတွေ့ရတိုင်း အသည်းနှလုံးတို့သည် နာကျင်မြဲ နာကျင်လှသည်တကား။

ကျွန်မထင်သည်၊ စာရေးဆရာဖြစ်မည့်သူ၏ အသည်းနှလုံးသည် ငယ်စဉ် က နတ်သမီးပုံပြင်ထဲတွင် ဖတ်ရသကဲ့သို့ ကျိန်စာသင့်နေသော အသည်းနှလုံး ဖြစ်နေသည်ဟုထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ထူးထက် ခံစားမှု ပြင်းပြရုံမက လေ့လာရာ၌လည်း စူးရှမှုပိုလေသည်။

စင်စစ်မတော့ စာရေးဆရာဆိုသည်မှာ ဇီဝဖိုးငှက်ပါပင်တည်း။ ဇီဝဖိုးသည် ပျံလွှားငှက်မျိုးတွင် ပါဝင်၏။ သူသည် ပင်လယ်အဏ္ဏဝါအနှံ့၊ တောတောင်အနှံ့ ပျံသန်း၍ သူနားရာ ကျောက်ဆောင်သို့ပျံလာ၏။ သူ၏ အသိုက်အား သူတစ်ပါး တို့ကဲ့သို့ သစ်ကိုင်း သစ်ရွက်တို့နှင့်မလုပ်၊ အာခေါင်၌ဖြစ်သော အာစေးကို အန်ထုတ်၍ အသိုက်ပြု၏။ တစ်ခါတစ်ရံ အန်ရလွန်း၍ ထိုအာစေးတွင် ရင်မှ သွေးပင် ပါလာတတ်သည်။

သို့သော် ထိုငှက်သိုက်ကို စားသုံးရသူ လူသားတို့အဖို့ အင်အားပြည့်စုံကာ ရသာထူးနှင့် ပြည့်စုံလှ၏။

ကျွန်မတို့သည်လည်း လူ့လောက ဇွေအဏ္ဏဝါတွင် ပျံသန်းလေ့လာရင်းမှ ကျွန်မတို့ရင်၌ဖြစ်သော စာပေကို အန်ထုတ်ကာ အသိုက်ပြု၍ လောကသားတို့ အား ပေးအပ်ပါသတည်း။ တစ်ခါတစ်ရံ ရင်မှသွေးတို့သည်လည်း ငှက်သိုက်တွင် လိမ်းကျံလျက် ပါလာခဲ့ပါ၏။ သို့သော် စားသုံးသူလူသားတို့၌ ခွန်အားဗလ ပြည့်စုံသည်ဆိုငြားအံ့၊ ဤရင်မှ သွေးချောင်းပင်စီးပါစေ၊ သေသည်အထိ မပြတ် အန်ထုတ်သွားကြမည်ဖြစ်၏။ ဤစေတနာသည်သာလျှင် ကျွန်မတို့ စာရေးဆရာ တို့၏ ကုသိုလ်ပင်တည်း။

သို့သော် ဤဘဝကို မည်သူကမျှ မတိုက်တွန်း၊ ကိုယ့်ဘာသာကိုယ်ဖြစ်လို၍ ကိုယ့်ဝါသနာနှင့်ကိုယ် ကြိုးစားလာခဲ့ကြခြင်းဖြစ်၏။

ဇီဝဖိုးငှက်ထက်ပင် စာရေးဆရာတို့၌ ကံဆိုးသည့်အကြောင်းတစ်ခုရှိ၏။ ငှက်ငယ်၏ ငှက်သိုက်ကို လူသားတို့ ယူရာ၌ သွေးပါသော ငှက်သိုက်ကို

http://www.cherrythitsar.org



မယူရ။ ထိုငှက်သိုက်ကိုလည်း သိန်း၊ စွန်ရဲတို့ မဖျက်ဆီးရန် သစ်တောဝန်ထမ်းများက ကာကွယ်ရ၏။

ဩော်...သူတို့၌ပင် လုံခြုံမှုရှိစွတကား။

ကျွန်မတို့ စာရေးဆရာတို့၌မူ လုံခြုံမှုဆိုသည်မှာ ရှာမရရုံမက သူ့ကိုယ်စွမ်းကိုယ်စ၊ ဉာဏ်စွမ်းဉာဏ်စဖြင့် ပြုလုပ်အပ်သော ဤငှက်သိုက်မှ သွေးထွက်အောင်ပင် ညှစ်ယူမည့်သူတို့နှင့် တွေ့ကြုံရဦးမည်ပါတကား။

**[ရှုမဝမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၆၄ ခုနှစ်]**

# စာပေမြို့တော်ဟောင်း

*"အပျို၀တ် လုံချည်အဆင်ဆန်းများ"*

*အားလုံး အနံ ၄၀ လက်မ၊ အဖိုးနှုန်းမှာ ၃ တောင်ထွာကွင်းအတွက် ဖြစ်သည်။ ၄ တောင်မိုက်လျော့ကွင်းအတွက်ဖြစ်စေ၊ ၄ တောင်ကွင်းဖြစ်စေ အတွက် ကျ အဖိုးပိုမည်။ မိန့်မှာသောအခါ သေချာစွာရေးပါ။*

*ခေတ်ကာလအလိုက် နောက်ဆုံးပေါ်သော* ***(Moroco Silk)*** *မော်ရိုကို ပိုးတွန့်လုံချည်များ၊ မိန်းမ၀တ်လုံချည်တစ်ထည်လျှင် ၃ ကျပ် ၈ ပဲ။*

အထက်ပါကြော်ငြာမှာ ကျွန်မလက်ထဲသို့ ရောက်လာသော ဒဂုန်မဂ္ဂဇင်းကို လှန်လိုက်တော့ ပထမဆုံးစာမျက်နှာတွင် တွေ့ရှိရသော ကြော်ငြာဖြစ်ပါသည်။ သို့သော် ထိုကြော်ငြာကိုထည့်သော စတိုးဆိုင်ကြီးမှာ ရန်ကုန်မှမဟုတ်။ အိုရီရင်တယ်စတိုး၊ ပြည်မြို့မှဖြစ်သည်။

ဒဂုန်မဂ္ဂဇင်းမှာ ၁၉၂၉ ခု၊ ဩဂုတ်လ မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ်၊ ဒုတိယ၀ါဆိုလ၊ ၀ါခေါင်လထုတ်ဖြစ်ပါသည်။ ကျွန်မအသက်ထက် ၄ နှစ်ငယ်ပါသည်။ ကျွန်မ လူမှန်းမသိတတ်ခင်က ခေတ်၏ အခြေအနေကို ဒဂုန်မဂ္ဂဇင်းတွင် ရှာဖွေတွေ့ရှိရ၍ ကျွန်မ အလွန်၀မ်းသာပါသည်။

လွန်ခဲ့သော ၁၉၈၇ ခု၊ ဖေဖော်၀ါရီလက မြိတ်မြို့သို့ အလည်ရောက်စဉ်တွင် ကျွန်မ၏ စာဖတ်ပရိသတ်တစ်ဦးဖြစ်သော ဦးယုတင်က လက်ဆောင်ပေးလိုက်ခြင်း ဖြစ်ပါသည်။ အလွန့်ကို ရတောင့်ရခဲဖြစ်၍ ရှားပါးလှသော ထိုလက်ဆောင်

ကို ကျွန်မ ဝမ်းမြောက်ဝမ်းသာ လက်ခံမိပါသည်။ ဦးယုတင်ကိုလည်း ကျေးဇူးတင်၍ မဆုံးပါ။

မဂ္ဂဇင်း၏ မျက်နှာဖုံးမှာ ဒါရိုက်တာ ဦးညီပုရိုက်ကူးသော ရွှေစကားဇာတ်ကား၏ ဇာတ်ဝင်ခန်း ဓာတ်ပုံတစ်ပုံဖြစ်သည်။

သလွန်ပေါ်တွင် ရှေးမင်းသားဟန်ဝတ်၍ထားသော ဇာတ်လိုက် မောင်မောင်လေးက သူ၏ပေါင်ပေါ်မှာခေါင်းအုံးအိပ်နေသော နန်းဝတ်နန်းစားနှင့် ခင်ခင်အေးကို ကြည့်နေပုံဖြစ်သည်။ နောက်ခံက ကောင်းကင်ပြာတွင် လမင်းကြီးသာနေပုံကို ရောင်စုံ သုံးရောင်နှင့် ရိုက်ထားသည်။ မဂ္ဂဇင်းအရွယ်မှာ ကရောင်း ၈ ချိုးဖြစ်၍ စာမျက်နှာ ၃၀၀ ကျော်ပါသည်။

ပထမဆုံး မဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းမရောက်ခင် ကြော်ငြာ ၆ မျက်နှာထည့်ထား၍ မဂ္ဂဇင်းအဆုံးမှာ ကြော်ငြာစာမျက်နှာ ၃၀ ထည့်ထားပါသည်။ မဂ္ဂဇင်းအစမှာ မာတိကာ ဖော်ပြ၍ နောက်တစ်ရွက်မှာ ၁၉၂၉ ခု၊ ဩဂုတ်လတစ်လစာ ပြက္ခဒိန်တစ်ရွက်ပါသည်။

ခေါင်းကြီး၏နဖူးစည်းတွင် လယ်တီပဏ္ဍိတဦးမောင်ကြီးဓာတ်ပုံနှင့်လယ်တီပဏ္ဍိတ ဦးမောင်ကြီး ကြီးကြပ်ရေးသား၍ မြန်မာပြည်တွင် အများဆုံးထုတ်ဝေရသော ဒဂုန်မဂ္ဂဇင်းဟူ၍ ရေးထားသည်။ ခေါင်းကြီးကို လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသည်။ ခေါင်းစဉ်ကတော့ ရှည်ပါသည်။

"မိမိအမျိုးနှင့်ဆိုင်သော စာပေပညာကို မိမိတို့အမျိုးသားက အမြတ်တနိုးဂရုစိုက်သင့်ကြောင်း"

ဟူ၍ တပ်ထားပါသည်။ ခေါင်းကြီးမှာကို စာမျက်နှာ ၁၂ မျက်နှာ သုံးထားပါသည်။

မြန်မာစာ၊ မြန်မာစာပေကို မြန်မာတို့ မြတ်နိုးဖို့ လှုံ့ဆော်ရေးထားသည်။ ထိုခေတ်က ဒိုင်အာခီအုပ်ချုပ်ရေးတွင် တာဝန်ယူဆောင်ရွက်နေသော ဝန်ကြီးများကိုယ်တိုင်က မြန်မာစာကို မလေးစား၍ မြန်မာစာမှေးမှိန်နေကြောင်း၊ အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်ကျောင်းများမှာလည်း အင်္ဂလိပ်စာကိုသာ အရေးထား၍ မြန်မာစာ နိမ့်ကျရုံမက မြန်မာစာ သက်သက်သင်ကျောင်းများကို အရေးမပေး၍ ဂုဏ်မရှိ၊ အောက်တန်းကျကြောင်းများကို ရေးထားသည်။

"စကားရပ်အလုံးစုံ၏ ဆိုလိုရင်းမှာ မြန်မာအမျိုးသမီး၊ အမျိုးသား မှန်သမျှတို့သည် မိမိတို့၏ဇာတိရိုးရာဖြစ်သော မြန်မာဘာသာစကားနှင့် စာပေများကို

http://www.cherrythitsar.org



ဂုဏ်ရှိစွာနှင့် ကြီးပွားထွန်းကားအောင် လေးလေးမြတ်မြတ် ဂရုစိုက်ကြပါစေဟု ဆိုလိုရင်းဖြစ်ပေသတည်း”ဟူ၍ နိဂုံးချုပ်ကာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးဟု ရေးထားသည်။

ဝတ္ထုမှာ သုံးပုဒ်ပါသည်။ ဒဂုန်သူရရေး အဒေါ်ဉာဏ်ဝတ္ထု၊ ဒဂုန်နတ်ရှင်ရေး ရွှေကြာအိုင်ဝတ္ထုနှင့် ရန်အောင်ရေး ခိုကိုးရာမဲ့သူဝတ္ထုတို့ ဖြစ်ပါသည်။ ဝတ္ထု တစ်ပုဒ်ကို စာမျက်နှာ ၆ဝ ကျော် ၇ဝ နီးပါး သုံးထားသည်။

ဒဂုန်သူရကို ကျွန်မတို့ မသိပါ။ ဆရာကြီး ဒဂုန်နတ်ရှင်နှင့် ဆရာကြီး ဦးရန်အောင်တို့ကို ကျွန်မတို့သိ၍ သူတို့၏ ငယ်လက်ရာကို ပြန်လည်သုံးသပ် လေ့လာနိုင်ပါသည်။

အဒေါ်ဉာဏ်ဝတ္ထုတွင် ဒဂုန်သူရ၏ ဝါကျတည်ဆောက်ပုံကို အောက်ပါ အတိုင်း တွေ့ရသည်။

“မြတင် ဘယ်ကိုသွားမလို့တုံး၊ သည်အနားကို လာပါဦး”ဟု ငေါက်ဆတ် ဆတ် လှမ်း၍ခေါ်လိုက်သော ဒေါ်ဉာဏ်၏အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင် နက် မြတင်သည် မိမိ၏ ပေါ့ပါးဖျတ်လတ်သော ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်ကာ အိမ်ဦးခန်းတွင်းဝင်လျက် ကွမ်းသီးဖတ် ဆေးလိပ်ကြီးကို ဖွာ၍ နေသော ဒေါ်ဉာဏ်၏ထံသို့ လေးလံဖြည်းညင်းစွာ ပြန်၍လာလေ၏ဟူသော ဝါကျရှည်ကြီး အသုံးအနှုန်းကို တွေ့ရသည်။

“ရွှေကြာအိုင်”ဝတ္ထုမှာတော့ စာရေးဆရာကြီး ဒဂုန်နတ်ရှင်သည် ရှည် လျားသော အဖွဲ့အနွဲ့စာပိုဒ်များ၊ ဝါကျများကို များများမသုံးလှ။ စကားအချီအချ အပြောများနှင့် ဝတ္ထုကိုတန်ဆာဆင်ထားသည်။ ဆရာကြီးမှာ ထိုစဉ်က မိန်းမ တို့ကို ယုံကြည်မှု သိပ်ရှိဟန်မတူ။ သူ့ဝတ္ထုထဲမှ ဇာတ်ဆောင်တစ်ယောက် ဖြစ်သူ မောင်လှဖေကို ဘကြီးဖြစ်သူ ဘကြီးတူ၏ ဆုံးမခန်းတွင် မိန်းမများအပေါ် ဆရာကြီး၏ ထားရှိသော သဘောထားကို တစေ့တစောင်း တွေ့ရှိလေ့လာနိုင် ပါသည်။

“မိန်းမတွေရဲ့အချစ်ကို ယုံတယ်ဆိုတဲ့ ယောကျ်ားဟာ မြွေခွေးရဲ့ လှည့်ပတ် စကားကို ယုံကြည်သော ပုဏ္ဏားကဲ့သို့လည်းကောင်း၊ မျက်မမြင်ပြောသောစကား ကို မှတ်သား၍ ပတ္တမြားအဝါရှိတာကို ယုံကြည်ရှာသူကဲ့သို့ ကဲ့ရဲ့ဖွယ်သာ ရှိပါသတဲ့”

ဣတ္ထိယဇာတ်အနွယ်ကို ဘယ်လိုပင် ဆင်ခြင်ကြည့်သော်လည်း အရိပ်

http://www.cherrythitsar.org



မရှိတဲ့ ပရိယာယ်ကိုတော့ မြင်လွယ်ဖို့ ခဲယဉ်းတယ်။ ယောကျ်ားတကာတို့၏ဆရာ သဘာပတိအစစ်ကြီးဖြစ်တဲ့ ကာလီဒါသတို့မှာ သျှတ္တရကြီးတွေကို အသီးသီးပြုစုခဲ့သူမှန်၏။ မိန်းမရဲ့ ပရိယာယ်ဉာဏ်ကို မသိရှာ၍ တာရှည်စွာ အတူနေမိလို့က ကဝိဟူသော ဂုဏ်တွေပင် လျှော့ကျပြီး အသက်ပင် သေရတယ်။ ပညာအရာမှာ အလွန်ကြီးကျယ်၍ ယောကျ်ားတကာရဲ့ အာစရိ၊ မဟာကဝိကြီး၊ အစစ်ဖြစ်တော်မူသော မဟော်သဓာသုခမိန်ဟာလည်း မိန်းမပရိယာယ်ဖြင့် အသက်သေဆုံးခဲ့ဖူးတယ်။ လူမျိုးခြားစကားပုံ တစ်ခုမှာ (ကိုယ့်မြင်းဖြစ်သော်လည်း ကုန်းပေါ်တက်စီးပြီး ခြေနှင့်ညှပ်ထားမိမှ ကိုယ့်မြင်းမှတ်ရမယ်) စာဏကျ နီတိဆရာကဖြင့် "အဇာဂရူပမာ၊ ဣတ္ထိယာတဲ့၊ မိန်းမဟာ စပါးကြီးမြွေနဲ့တူသတဲ့" ဟူ၍ ရေးထားသည်။ ယခုခေတ် ဝတ္ထုစကားပြောများနှင့် နှိုင်းယှဉ်ကြည့်သင့်ပါသည်။

"ငါသည် ဤကမ္ဘာလောကကြီးအတွင်းမှာ ပေါက်ဖွားလာသည့် လောကကြီး၏ သားတစ်ယောက်ဖြစ်၏။ လောကမိခင်သည် ငါ့ကို သတိမမူ လျစ်လျူရှု၍ နေလေပြီ။ ငါသည် သဲကန္တာရအလယ်မှာ တစ်ပင်တည်းပေါက်ရောက်နေသည့် စွန်ပလွံပင်ပမာ မှီခိုအားထားစရာ တစ်ဦးတစ်ယောက်မျှမရှိချေ။ ငါအဘယ်အရပ်သို့သွား၍ ဘယ်ကဲ့သို့ အလုပ်ကိုလုပ်ပြီး ဘယ်နည်းဘယ်ပုံ အသက်မွေးရပါမည်နည်း။ ဤစီးဆင်းသည့် မြစ်ရေသည် ပင်လယ်မှာ အဆုံးသတ်သလို ငါသည်လည်း ယခုကဲ့သို့ပင် လေလွင့်မျောပါကာ မကြာမီ ဘဝကို အဆုံးသတ်ရတော့မည်"ဟု တဖြည်းဖြည်းတရွေ့ရွေ့ စီးဆင်းနေသည့် ရေပြင်ကို စူးစိုက်ကြည့်ရှုကာ စဉ်းစားတွေးတော၍နေလေ၏။

အထက်ပါစာပိုဒ်မှာ ဆရာရန်အောင်၏အဖွဲ့ဖြစ်၏။ သူ့ခေတ်နှင့်သူတော့ ဆရာတို့ ဖွဲ့နွဲ့ဟန်မှာ ဥပမာ ဥပမေယျတွေနှင့် တစ်မျိုးလှပပါသည်။ တစ်ခုကတော့ စာရေးဆရာ သုံးယောက်လုံး၏ ဇာတ်ဆောင်အမျိုးသမီးများမှာ မိဘမဲ့ ဆင်းရဲနွမ်းပါး၍ အဒေါ်ကို မှီခိုနေရသူ၊ အားကိုးရာမဲ့၍ ရပ်ရှင်မင်းသမီးလုပ်ရသူ၊ ဦးကြီးလုပ်သူ တစ်ဦးထံတွင် ခိုကပ်နေရသူများ ဖြစ်သည်။ ဆင်းရဲသောဘဝတွင် ရပ်တည်နိုင်အောင် ကြိုးစားကြရာ၌ မိန်းကလေးများစရိုက်သည် ရိုးသားဖြောင့်မတ်၍ သစ္စာရှိကြသည်။ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းနိုင်ကြသည်ကို တွေ့မြင်ရသည်။ တပ်မက်မှုတဏှာ၏ လှုံ့ဆော်မှုကြောင့် ရေစုန်မျှောလိုက်သော မိန်းကလေးများ မဟုတ်ကြပေ။ သူတို့ခေတ် မိန်းမတို့ဘဝကို ထိုစာရေးဆရာတို့၏ ဇာတ်ဆောင်များက ကိုယ်စားပြုနေကြလေသလား။

http://www.cherrythitsar.org



သဘာဝတောတောင် ရေမြေအလှအပကို ဖွဲ့နွဲ့သော အဖွဲ့အနွဲ့များကတော့ မပါသလောက် တွေ့ရသည်။ နမူနာပြစရာဆို၍ ဆရာရန်အောင်ဝတ္ထုထဲမှ ဇာတ်လိုက်မင်းသားက မင်းသမီးကို တွေ့သောအချိန်၏ အဖွဲ့ဖြစ်သည်။

"ထိုအချိန်၌ နေမင်းသည် ကမ္ဘာလောကဓာတ်မှ အလင်းရောင်ခြည်များကို တဖြည်းဖြည်း ရုပ်သိမ်းနေသော်လည်း အာကာဝေဟင် ကောင်းကင်ဝဠာတွင်ရှိသည့် တိမ်တောင်တိမ်လိပ်တို့ကို မိမိ၏အရောင်အဝါဖြင့် ထိုးပြလေရာ အနောက်ဘက်ကောင်းကင်မှာ မီးလောင်၍နေသလို တိမ်နီတွေ တောက်၍နေလေ၏။ ထိုတိမ်နီရောင်သည် မထွေး၏ ဖြူဝင်းသော မျက်နှာနှင့် အချိုးအစားကျသည့် ကိုယ်ကာယကလေးပေါ်သို့ ကျရောက်ရိုက်ဟပ်လေရာ မထွေး၏ အသားအရေ အရောင်အဆင်းမှာ ဥထားသည့် ရွှေပမာ ဝင်းဝါထိန်လင်း၍ နေလေသတည်း"

ညနေခင်းအလှနှင့် မိန်းကလေးအလှကို ဖွဲ့ထားသည်။ ခြုံငုံကြည့်ရလျှင်တော့ ထိုဝတ္ထု သုံးပုဒ်လုံးတွင် ချစ်ခန်းကြိုက်ခန်းများမှာ ရှင်ပျော်ပျော်ခေတ် တစ်မူးတန်တို့လို ဖတ်သူကို စိတ်ဆွပေးသည့် အညှီအဟောက်များမပါသည်ကို တွေ့ရသည်။ မိန်းကလေး၏အလှကို ဖွဲ့ဆိုရာ၌လည်း ရှိုက်ဖိုကြီးငယ် အဖုအထစ် အသွယ်သွယ်ကို ဖတ်ရှုသူရင်မောအောင် ဖွဲ့နွဲ့မှုမျိုးမပါပေ။

ဝတ္ထုတိုင်းတွင် ဝတ္ထုကြောင်းဆိုင်ရာနှင့်အညီ ပန်းချီပုံများပါသည်။ ပန်းချီကလည်း စာတစ်မျက်နှာအပြည့်ဖြစ်၍ မောင်သန့်ဆိုသူတစ်ယောက်တည်း ရေးဆွဲထားသည်။

ထေရီဘာသာပြန်ကိုမူ လယ်တီပဏ္ဍိတဦးမောင်ကြီးကိုယ်တိုင်ပင် ရေး၍ အမ္ဗပါလိတာထေရီနှင့် ရောဟိနီထေရီတို့အကြောင်းကို ဆိုင်ရာအပဒါန် ပါဠိတော်ဂါထာများနှင့်အတူ မြန်မာပြန်ကိုပါ ထည့်သွင်းဖော်ပြထားသော ဘာသာရေးအခန်း ဖြစ်သည်။

ရုပ်ရှင်ကဏ္ဍမှာ "ရွှေစကား"၊ "မြိုင်နန်းစံ" ဇာတ်ကားများမှ ရုပ်သေဓာတ်ပုံများကို ဖော်ပြထားသည်။ ဇာတ်ကားနှစ်ခုစလုံး မြန်မာအဆွေကုမ္ပဏီမှ ထုတ်လုပ်၍ ရေးဟောင်းရာဇဝင်ကားနှင့် ဘုရားသမိုင်းကားဖြစ်သည်။ ရွှေစကား ဇာတ်ကား ဇာတ်လိုက်မှာ မောင်မောင်လေးနှင့် ခင်ခင်အေးဖြစ်၍ မြိုင်နန်းစံမှာ မောင်စိန်ညိုနှင့် ခင်ခင်အေးဖြစ်သည်။ တစ်မူထူးခြားသည်က ဓာတ်ပုံအောက်တွင် . . .

"ရှုမြင်သူစိတ်က စွဲအောင်ပ၊ ရိပ်ပြပွဲပေါ်လာ၊ ဒိဋ္ဌဘဲမျှော်ပါသော်၊ ဘော်သာ

ခွာငွေသား၊ ခင်ခင်အေးဂုဏ်လျှံဖြာသည် ယုန်စန္ဒာလင်းသည့်အလား”ဟု ခေါ်ဆို ထိုက်သော ဦးညီပုသင်ကြားပြသ၍ ခင်ခင်အေးတို့ ပါဝင်သုံးတော်ခံသော မြိုင်နန်းစံဇာတ်ကားကြီး မကြာမီပြတော့မည်ဟု ရေးသားထားသည်။ ဓာတ်ပုံ တိုင်းအောက်တွင် ဆီလျော်သောကဗျာများ တစ်ပုဒ်စီပါသည်။

နိုင်ငံခြားဓာတ်ပုံသတင်းမှာတော့ ရှားရှားပါးပါး မြန်မာပြည် အနားနီး ပေမဲ့ ကျွန်မတို့မသိသော ကမ္ဘောဇပြည်အကြောင်းဖြစ်သည်။

ကမ္ဘောဇ အထူးဓာတ်ပုံများဟု ခေါင်းစဉ်တပ်၍ “မြန်မာပြည်နှင့် တရုတ် ပြည်စပ်ကြားရှိ ဗုဒ္ဓသာသနာထွန်းကားလျက်ရှိသေးသည့် ကမ္ဘောဇပြည်ကြီးကို စိုးမိုးလျက်ရှိသော “မိုနီဘောင် ဘုရင်မင်းမြတ်နှင့် ပြင်သစ်အရာရှိ တစ်ဦးပုံ” ဟု ရေးထားသည်။ မင်းဝတ်တန်ဆာနှင့် ဦးထုပ်ဆောင်းထားသော ဘုရင်ကြီးမှာ ကုလားထိုင်တစ်ခုပေါ်တွင်ထိုင်၍ နောက်ဘက်ကျကျဘေးတွင် ပြင်သစ်အရာရှိ တစ်ဦးကို ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်လျက် တွေ့ရသည်။ ဘုရင်ကြီး ဦးထုပ်မှာ အပြန့်ကျယ်၍ ဦးထုပ်လုံးထိပ်တွင် ရှည်လျားသော အချွန်တပ်ထား သည်။ နန်းတက်၍ ငါးရက်မြောက်နေ့တွင် ဝေါတော်ကိုစီး၍ အဖူးအမြော်ခံရာ တွင်မူ မြန်မာမင်းတို့လို မကိုဋ်သရဖူကိုဆောင်းထားသည်။ ဆင်တော်နှင့် ကြွချီပုံတွင်လည်း အံ့မခန်းစရာ ဆင်တပ်ကြီးကို တွေ့ရသည်။ မင်္ဂလာရေချိုး ပြာသာဒ်တော်ပုံနှင့် နန်းတက်ပွဲတွင် ပါဝင်ကပြရသော ကမ္ဘောဇ ကချေသည်နှစ်ဦး ပုံကို တွေ့ရသည်။

ပန်းချီခန်းမှာမူ ထိုခေတ်က နာမည်ကြီး ပန်းချီဆရာများ ဖြစ်ဟန်တူသော ဦးစောဟန်၊ ဦးချန်ထွန်းတို့ရေးဆွဲသော ပန်းချီကားများ ဖြစ်သည်။ ပန်းချီကား အောက်ဘက်ထောင့်တွင် မောင်စောဟန်၊ ချန်ထွန်းဟူ၍ လက်မှတ်ကို အင်္ဂလိပ်လို ရေးထိုးထားသည်။

ဦးစောဟန်ပုံမှာ အမျိုးသမီးတစ်ယောက် ဘုရားဝတ်ပြုနေပုံဖြစ်၏။ ရှော စောင်တဘက် တင်ကာ စိပ်ပုတီးလက်မှာညှပ်၍ ဘုရားဝတ်ပြုနေပုံဖြစ်သည်။

ဦးချန်ထွန်းရေးသောပုံကတော့ နောက်မှီပါသော ခုံရှည်ပေါ်တွင် မိန်းကလေး တစ်ယောက် ခြေဆန့်၍ထိုင်ကာ စာဖတ်နေပုံဖြစ်သည်။ မိန်းမငယ်မှာ ရွှေခြေချင်း ဝတ်ထားကာ ဘီးဆံထုံးကားပေါ်တွင် ဖဲပြားတပ်ထားသည်။ အမျိုးသမီး နှစ် ယောက်လုံး ဆံထုံးပြည့်ပြည့်မောက်မောက်ကြီးတွေနှင့် အင်္ကျီပွပွဖားဖား လက်ဝ ကားကားများကို ဝတ်ထားသည်ကို တွေ့ရသည်။ ထိုခေတ် အမျိုးသမီးများ၏

http://www.cherrythitsar.org



ဆင်ယင်ထုံးဖွဲ့မှုနှင့် ထိုခေတ်သုံး အိမ်ထောင်ပရိဘောဂပုံစံများကို ပန်းချီကားထဲတွင် တွေ့ရသည်။

အမည်မဖော်ပြသော နိုင်ငံခြားသား ပန်းချီဆရာနှစ်ဦး၏ လူရုပ်ပုံနှင့် ရှုမျှော်ခင်း ပန်းချီကားနှစ်ချပ်ကိုလည်း ဖော်ပြထားသည်။

ထိုခေတ်က ကာတွန်းများ၊ မဂ္ဂဇင်းများတွင် ခေတ်စားသေးဟန်မတူ၊ ဆေးကြော်ငြာကာတွန်းများကိုမျှပင် မတွေ့ရပါ။

နီတိမာလာခန်းမှာတော့ နီတိဆိုသည့်အတိုင်း လိုက်နာကျင့်သုံးရန် ဝတ္ထုသွားနှင့် ဆုံးမစာကို တွေ့ရသည်။ ယောကျ်ားမှာ သစ်ပင်နှင့်တူ၍ မိန်းမက သစ်ပင်ကို တွယ်ကပ်ပေါက်နေသော နွယ်ပင်နှင့်တူကြောင်း သစ်ပင်ကို နွယ်၍ မှီခိုနေရသော်လည်း တစ်ပင်လုံးကို နွယ်ပင်က ဖုံးအုပ်သွားလျှင် သစ်ပင်ပါ အညွန့်တုံးတတ်ကြောင်း "ကာမဝိလာဇာတ်" မိန်းမအလိုကို လိုက်၍ ပျက်စီးရကြောင်းကို ရေးသားထားသည်။ နီတိမာလာကိုလည်း လယ်တီပဏ္ဍိတ ဦးမောင်ကြီးပင် ရေးသားထားသည်။

အခန်းဆက် ရာဇဝင်ဝတ္ထုတစ်ပုဒ်ကိုလည်း တွေ့ရသည်။ မွန်ပြည်နယ်တွင် ဘုရင် ဗညားဦးလက်ထက်တွင် ဗညားနွဲ့၊ မင်းကံစီ၊ ဒလမြို့စား မညီဂံဂေါင်းနှင့် နနမ်းမွေရလိုသူ မဟာဒေဝီနှင့် သမိံပရူတို့၏ နန်းတွင်းရေးဖြစ်သည်။ ရေးသူမှာလည်း လယ်တီပဏ္ဍိတဦးမောင်ကြီးပင်ဖြစ်သည်။

ယုဝတီစက္ခုမှာတော့ အမျိုးသမီးကဏ္ဍဖြစ်သော်လည်း ဗဟုသုတအတော်စုံသည်။ နိုင်ငံရေး၊ ဘာသာရေး၊ ရုပ်ရှာသတင်းနှင့် ဒေသန္တရဗဟုသုတ အစုံပါသည်။ မန္တလေး မမတုတ်ကြီးထံသို့ ယုဝတီများက စာရေးဟန်နှင့် ရေးထားသည်။

သဲတောခင်ပုထံမှပေးစာမှာ မင်းတိုင်ပင်အမတ် ရွှေကောက်ပွဲတွင် မြစ်သား၊ မိတ္ထီလာ၊ ဝမ်းတွင်းတို့မှ အမတ်လောင်းတွေ ခြေပြင်ပုံနှင့် အမတ်လောင်းများစရိုက်ကို စိတ်ဝင်းစားဖယ်ရေးဖွဲ့ထားသည်။ ဗဟုသုတရဖွယ်ရာ လေ့လာနိုင်ရန် ရေးဟန် စာတစ်ပိုဒ်ကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

"သပိတ်မှောက်ဂိုဏ်းထဲမှာ သာယာပုခေါ်တဲ့ လူကြီးနှင့် ဦးစံဘောကြီးဟာ လွန်စွာသင့်မြတ်၍ စိန်ပန်းခတ်ခိုက်အောင် နှစ်ခြိုက်စွာပေါင်းသင်းကြတယ်၊ သာယာပုအပေါ်မှာ လွန်စွာ ကြည်ညိုကြလွန်းလို့ တချို့လူများက သာယာပုရဲ့ သာဝကရယ်လို့ ပါကဋဖြစ်အောင် ပြောဆိုကြသေးတယ်။ သာယာပုက ဟုမ္မရှုး

http://www.cherrythitsar.org



အသစ်ကို ဖွင့်လှစ်တည်ထောင်တဲ့အခါ ဦးစံဘောကြီးလည်း ပါတာပေါ့။ သပိတ်မှောက် လက်ကိုင်မို့ မင်းတိုင်ပင်ဆိုတဲ့အလုပ်ကို အလွန်စက်ဆုပ်ရှာပါတယ်”

အစရှိသည်ဖြင့် ကာရန်နဘော အချိတ်အဆက်တွေနှင့် စကားပြေ အရေးအသားကို တွေ့ရှိရ၏။ ဦးစံဘော စိတ်ပြောင်း၍ မင်းတိုင်ပင်အမတ် အရွေးခံရပုံ၊ အမတ်များ အရွေးမခံရခင် မဲဆွယ်တရားပွဲတွေမှာ ပြည်သူလူထုအတွက် ဘာလုပ်ပေးမည်၊ ညာလုပ်ပေးမည် ကတိအမျိုးမျိုးပေး၍ မင်းတိုင်ပင်ဖြစ်သောအခါ ကတိမတည်ပုံတွေကိုပါ ရေးသားဖော်ပြထားသည်။

မြင်းခြံခင်ချစ် ပေးစာမှာတော့ မြင်းခြံချည်စက်ကြီး မြန်မာပိုင်ရာမှ စတီးဘရားသား လက်ရောက်ပုံကို အရင်းရှင်၏ခြေလှမ်းနှင့် မြန်မာတို့ ပျော့ညံ့ပုံ အကွက် မြင်ပုံကို ရေးသားထားသည်။ မြင်းခြံ၊ မန္တလေး မီးရထား လမ်းဖောက်လျှင် ဖြစ်လာမည့် ကောင်းကျိုးဆိုးကျိုးကိုပါ တင်ပြထားပါသည်။

မန္တလေးခင်တုတ်ကတော့ မြန်မာတို့ အသက်သွေးခဲ လယ်ယာမှာ နွားသည် အဓိကဖြစ်၍ နွားသားကို ရှောင်ဖို့ ရေးသားရင်း ၁၉၂၀ ပြည့်နှစ်အတွင်း ရန်ကုန် သားသတ်ရုံများမှ သားသတ်စာရင်း ဖော်ပြထားသည်။

| | | |
|---|---|---|
| နွားကောင်ရေ | | ၁၄,၉၈၅ |
| နွားမ | ။ | ၂၀,၃၃၇ |
| နွားကလေး | | ၆,၄၇၅ |
| ကျွဲ | ။ | ၉၀၂ |
| ဆိတ် | ။ | ၇၅,၇၇၈ |
| သိုး | ။ | ၃၅,၃၈၁ |
| ဝက် | ။ | ၂၂,၉၂၆ |

သတ်ဖြတ်ခြင်းခံရသော ကောင်ရေပေါင်း ၁၇၆,၈၅၄ ဟု ဖော်ပြထားသည်မှာ အသည်းယားစရာပင်။

သလ္လာတင်အုံကမူ အလောင်းတော်ကဿပအကြောင်းကို ခရီးစဉ်ဓာတ်ပုံများနှင့်တကွ အလောင်းတော်ကဿပ ဘုရားပုံတော်၊ ဘုရားကို ပြုစုစောင့်ရှောက်နေသော ဦးနွားဆိုသည့် လူသူတော်စင်ကြီးအကြောင်း လမ်းတစ်လျှောက် ခရီးစခန်းများကိုပါ ဖော်ပြထားသည်။ ထိုခေတ်က စာရွက်ပေါ်ပေါ် ရေးသူကလည်း စိတ်အေးလက်အေးအဖွဲ့အနွဲ့ ရှည်ရှည်ဝေးဝေးနှင့် စာဖတ်သူကလည်း အေးအေးဖတ်နိုင်ပုံ ပေါ်ပါသည်။ ဗဟုသုတအတော်စုံသောဆောင်းပါးဖြစ်သည်။

http://www.cherrythitsar.org



ဒဂုန်ကဝိပေါင်းချုပ်မှာတော့ ဘိုးပြန်တောင်ပျော်၊ ဘေးသူတော်၏ လေးချိုးတေးထပ်သဖြန်များကို တွေ့ရသည်။ ဗောဓိပင်တော်ဘွဲ့၊ ဝါဆိုပန်းရူးဘွဲ့၊ ကျွဲကျောင်းသား တပည့်အတွက် လေးချိုးနှင့် နိဗ္ဗိန္ဒတေးထပ်များပါသည်။

မဂ္ဂဇင်းအဆုံးမှာ မြန်မာအဆွေတိုက်မှာရနိုင်သော စာအုပ်များစာရင်းကို တွေ့ရသည်။ စိတ်ဝင်စားဖွယ်အကောင်းဆုံး ကြော်ငြာတစ်ပုဒ်ကတော့...

*"လူမိုက်နှင့်ငွေ အတူမနေ"*

*ဆိုတဲ့ စကားပျောက်၍ လူလိမ္မာတစ်ယောက်ဖြစ်အောင် ချွေတာနည်းလိုက်ကြစမ်းပါ။*

*ဘာအလုပ်နှင့်ဖြစ်ဖြစ် ချွေတာခြင်းစာအုပ်ဖတ်မိလို့ ၆ လအတွင်း ရှိရင်းအခြေအနေထက် သိသိသာသာကြီး အသက်ရှုချောင်မလာလျှင် ၃ နှစ်ကြာသောအခါ စိန်နဲ့ ရွှေနဲ့ မနေရလျှင် စာအုပ်ဖိုး ၁ ကျပ် ၄ ပဲကို ဆယ်ဆပြန်လျော်မည်။*

*မှာရန် ပဥ္စရူပံတိုက်၊ ပြည်မြို့။*

ဟူသတည်း။ ယခုခေတ်လို ကုန်ဈေးနှုန်းတက်ချိန်မှာ ရွှေတွဲလွဲ ငွေတွဲလွဲနေလိုလျှင် စာအုပ်ကို မှာကြည့်ပေတော့။ ပဥ္စရူပံတိုက် ယခုအချိန်မှာ ပြည်မြို့တွင် ရှိမရှိတော့ မသိပါ။

မဂ္ဂဇင်းတစ်အုပ်လုံး စာမျက်နှာသုံးရာကျော်ရှိ၍ သုံးပုံတစ်ပုံလောက်မှာ လယ်တီပဏ္ဍိတဦးမောင်ကြီး တစ်ယောက်တည်း ရေးသားထားသည်ကတော့ အံ့သြချီးကျူးဖွယ်ရာပင်တည်း။

ရာဇဝင်မြို့ဟောင်းများကို ပြန်လည်တူးဖော်ကြသောအခါ တစ်ခေတ်က ရေးဟောင်းဗိသုကာလက်ရာများ၊ ဆေးရေးပန်းချီ သုံးစွဲသော လက်နက်အိုးခွက်တို့နှင့် ဒင်္ဂါးများ၊ လက်ဝတ်တန်ဆာများကို တွေ့ရှိရ၍ ထိုခေတ်၏ ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်သည်။

ယခုလည်း ၁၉၂၉ ခု၊ ဩဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်းကို ပြန်လည်ဖတ်ရှုရသောအခါ စာပေမြို့တော်ဟောင်းကို တူးဖော်တွေ့ရှိသလိုပင် ထိုခေတ်၏ စာပေရေးသားဟန် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေးတို့၏ အရှိန်အဟုန်ကို မှန်းဆနိုင်ပါသည်။

(မြိတ်မြို့မှ ဦးတင်ယုအား အထူးကျေးဇူးတင်ရှိပါ၏။)

**[ချယ်ရီမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၁၉၈၇ ခုနှစ်]**

# ဘယ်သူ့များထိမလဲ

ဖေဖေ၏ အကြောင်းကို ၁၉၆၈ ခုနှစ်ဆီလောက်က စာအုပ်တစ်အုပ် ကျွန်မ ရေးခဲ့သည်။ ယခု ၁၉၈၉၊ ဇွန်လတွင် လုံမလေးမဂ္ဂဇင်း၌ အကျဉ်းချုပ်၍ ပြန်လည်ဖော်ပြသည်။

ဖေဖေ၏အကြောင်းမှာ ပြီးပြည့်စုံခြင်းမရှိသေးပါ။ သမီးကြီးမိ သားဦး မွေးသည့် ၁၉၆၈ အထိပင် ရှိပါသည်။ ဖေဖေသည် အသက် ၈၆ နှစ်အထိပင်နေရ၍ ၁၉၇၃ ခုနှစတွင် ကွယ်လွန်ခဲ့ပါသည်။ ဖေဖေ့နောက်ဆက်တွဲကို ကျွန်မ ရေးမည် စိတ်ကူးသော်လည်း မရေးဖြစ်ခဲ့ပါ။

အမှန်မှာဖေဖေ့အကြောင်းထက် မေမေ့အကြောင်းကို ကျွန်မ ပို၍ ရေးဖို့ကောင်းသည်။ ရေးမည်ဟုလည်း ကျွန်မ ခဏခဏကြိုးစားမိသည်။ ဖေဖေ့ ဓာတ်လမ်းမှာ ရောဂါဝေဒနာ ခံစားနေရသော်လည်း အလွန်အလုပ်လုပ်၍ စိတ်ဓာတ်ပြင်းထန်သော လူတစ်ယောက်အကြောင်း ဖြစ်သည်။ ဤလူ တစ်ယောက်နှင့်နေရသော ကျွန်မအတွက် ခံစားရသော သုခ ဒုက္ခတို့နှင့်တကွ တစ်ခါတစ်ရံ စိတ်ညစ်စရာထဲမှ ရယ်စရာကောင်းသော အဖြစ်များကို ကျွန်မ ဖော်ပြခဲ့ပါသည်။

ဝေဖန်ရေးသမား နွယ်သစ်ကမူ မိအိုဖအိုကိုလုပ်ကျွေးပြုစုရာတွင် ကုသိုလ်ရသလို တစ်ဖက်က စိတ်ထားမတတ်လျှင် အကုသိုလ်ဖြစ်တတ်ကြောင်းကို ခင်နှင်းယုက ဖော်ပြသည်ဟု ဆိုပါသည်။

http://www.cherrythitsar.org



ဖေဖေ့အကြောင်းရေးစဉ်က ဖေဖေ သက်ရှိထင်ရှားရှိချိန် ဖြစ်ပါသည်။ ရေးပြီး၍ ဖေဖေ့ဆီ စာအုပ်ပို့လိုက်သောအခါ 'သမီးအစုကိုကျေးဇူးတင်ကြောင်း၊ လူကိုယ်တိုင် ပြုစုရုံမက သူ့အတွက် ဆေးဖိုးဝါးခကုန်ကျသမျှကို အစု တစ်ယောက်တည်း တာဝန်ယူကြောင်း၊ ယခု စာအုပ်ဖတ်ရမှ အမှန်ကိုသိရ၍သာမခေါ်ကြောင်း ကျွန်မကို စာရေးပေးပါသည်။

အမှန်တော့ ဒီစာအုပ်ရေးခြင်းအတွက် ကျွန်မနှင့် ဖေဖေ မပြေလည်ခဲ့သမျှ ပြေလည်ရှင်းလင်းသွား၍ ကျွန်မအတွက် အမြတ်ထွက်သည်ဟု ဆိုရပါမည်။ နားမကြား၍ အကျိုးအကြောင်းတစ်ခုခုကို ပါးစပ်နှင့်ရှင်းလင်းပြ၍မရ။ စာရွက်ပေါ်မှာ ချရေး၍လည်း မဖတ်သော ဖေဖေ့ကို သဘောပေါက်နားလည်အောင် ဖေဖေဝတ္ထုနှင့် ကျွန်မတင်ပြခဲ့ရပါသည်။ စာအုပ်ထွက်ပြီးနောက်ပိုင်း ကျွန်မတို့ သားအဖ ပြေလည်သွားကြရုံမက 'အစုနဲ့ပဲတူတူနေမယ်၊ အစုဆီပြန်မယ်'နှင့် ဆန္ဒပြ၍ နုနုက မနည်းချော့မော့ထားရသည်။ ထိုအချိန်တွင် ကျွန်မ ကျန်းမာရေး အလွန်ဆိုးဝါးနေ၍ ဖေဖေ့ကို ပြန်လည်မခေါ်နိုင်ပါ။ ညီမလေးနုနုဆွေနှင့်သာ အတူထားရပါသည်။ တစ်နေ့မှာတော့ နုနုက အကြောင်းကြားပါသည်။

"ဖေဖေက အစုဆီ မပြန်ရရင် အင်္ကျီမလဲ၊ ရေမချိုး၊ အိပ်ရာခြင်ထောင်လည်း မလဲဆိုပြီး ဆန္ဒပြနေတယ်၊ မမစု အမြန်လာပါ"ဟု ဖြစ်သည်။

ကျွန်မမှာ တစ်ကိုယ်လုံးဖော၍ အသက်ပင်ရှူမရ။ ဗိုလ်မှူးကြီးကျော်သောင်းကလည်း ဆုံးပြီးစ။ တစ်ယောက်တည်းနေရချိန်ဖြစ်ပါသည်၊ ချက်ချင်းပင် ဗန္ဓုလဂွမ်းစောင် ဖဲနားသတ် အသစ်၊ ဇာခြင်ထောင်အသစ်၊ အိပ်ရာခင်းအသစ်တို့ကို ယူ၍ ဖေဖေ့ဆီသွားရပါသည်။ ကျွန်မရောက်သွားတော့ အိပ်ရာလိပ်ထုပ်ပိုး၍ အဝတ်သေတ္တာအဆင်သင့်နှင့် ကျွန်မထံလာရန် ပြင်နေသော ဖေဖေ့ကို တွေ့ရပါသည်။ ကျွန်မကိုမြင်တော့ ကျွန်မလက်များကို ဆုပ်ကိုင်ရင်း...

"အစု ဘာဖြစ်လဲ၊ အသားအရေတွေလည်း မကောင်းဘူး၊ ဝါဖျော့နေတယ်။ အစု နေမကောင်းဘူးလား" မေးပါသည်။

ကျွန်မက ခေါင်းညိတ်၍ အဖြေပေးကာ စာရေးပြရပြန်သည်။

"ဖေဖေ့သမီးရဲ့ရောဂါကို ပျောက်ချင်သလား၊ အခု သမီး ဗေဒင်မေးလာခဲ့တယ်။ ဗေဒင်ဆရာက ဟောတယ်၊ သမီးမှာခံစားနေရတဲ့ ရောဂါပျောက်ချင်ရင် တနင်္လာသမီးက (ကျွန်မ တနင်္လာသမီး ဖြစ်ပါသည်) အိပ်ရာခင်း၊ ခြင်ထောင်၊ စောင်အသစ်ကို စနေသား (ဖေဖေက စနေသားဖြစ်သည်)ကို ခင်းပေးရမယ်၊

http://www.cherrythitsar.org



အဲဒီအိပ်ရာပေါ်မှာ စနေသားက ရေချိုး၊ အဝတ်သစ်အစားသစ်လဲပြီး တစ်လတိတိ အိပ်ပါစေ။ အဲဒီလို အိပ်ရင်းက တနင်္လာသားသမီးအတွက် ကျန်းမာပါစေလို့ ဆုတောင်းမေတ္တာပို့ရင် သမီးရောဂါပျောက်မယ်တဲ့”

ကျွန်မက လုပ်ကြံဇာတ်ထုပ်တစ်ခု ခင်းလိုက်ပါသည်။ စာကို ဖတ်ကြည့်ပြီးသည်နှင့် တစ်ပြိုင်နက်...

“မောင်ကြည်ဆွေ၊ နုနုရေ၊ ရဲဘော်တွေခေါ်ဟေ့၊ ဖေဖေ ရေချိုးမယ်”

ကုန်း၍အော်ပါတော့သည်။ ဖေဖေက ဝ၍ ရဲဘော်နှစ်ယောက် တွဲထူမှ ရေချိုးနိုင်ပါသည်။ ရေမိုးချိုး၊ အဝတ်အစားလဲကာ အိပ်ရာ ခြင်ထောင်သစ်တွေခင်းကျင်းထားသည့်အပေါ်မှာ နှစ်ခြိုက်စွာအိပ်ပါတော့သည်။ ဤလိုနှင့် အဝတ်မလဲ ရေမချိုးသောပြဿနာ ပြေလည်သွားရပါသည်။ နောက်ဆက်တွဲ ရေးစရာတွေမှာ အရှည်ကြီး ကျန်ရစ်ပါသေးသည်။

သို့သော် အခန်းတစ်ခန်းကို ကျွန်မ ချန်ရစ်ပါသည်။ ဖေဖေ မေမေ့ကို လက်ထပ်သောအခန်းဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်အနေနှင့် ဤနေရာမှာ အရေးကြီးသော ကဏ္ဍတစ်ခု ဖြစ်ပါသည်။ ရေးမည်ဟု စိတ်ကူးပြီး ညီမလေး နုနုဆွေကို ကျွန်မ တိုင်ပင်ပါသည်။

ကျွန်မတို့မိသားစုကြီး၏ ဝတ္ထုဆန်သော ဇာတ်လမ်းများကို မေမေ့ပါးစပ်မှာ ကျွန်မတို့ကို ထုတ်ဖော်ပြောမပြပေ။ ကျွန်မတို့ကိုထိန်းသော မေမေ့၏ ဝမ်းကွဲညီမများဖြစ်သည့် သန်းသန်း၊ ယုံယုံတို့ထံမှ ကျွန်မတို့သည် မေမေတို့၏ ရွှေရောင်ရက်များကို သိရှိရပါသည်။ သန်းသန်း၏အဆိုအရ...

“တင်တင်ဟာ တစ်ဦးတည်းသမီး၊ ပိုက်ဆံကလည်း အဲဒီအချိန်မှာ သိပ်ချမ်းသာတာ။ အမေကြီး (မေမေ၏ အမေ) ရဲ့ စကားကိုလည်း သိပ်နားထောင်တယ်။ တစ်ဦးတည်းသမီးဖြစ်ပေမဲ့ အမေကြီးက အလိုမလိုက်ဘူး။ အမေကြီးရဲ့ စနစ်ကို လိုက်နာနိုင်တာ တင်တင်ပဲရှိတယ်။

အမေကြီးက သိပ်စနစ်ကြီးတာ၊ အစစ အိမ်ထောင်ထိန်းသိမ်းရေး၊ အချုပ်အလုပ်၊ အချက်အပြုတ် သင်ထားလိုက်တာ။ တင်တင်အားလုံးတတ်တယ်။ ဒါပေမဲ့ ဦးလေး (ဖေဖေ့ကို သူတို့က ဦးနုခေါ်သည့်အတိုင်း ဦးလေးဟု ခေါ်ပါသည်) ကို ယူရမယ့် အချိန်မှာတော့ တင်တင်ဟာ မလိုချင်လို့ အမေကြီးရဲ့မောင် အိမ်ကို ဆင်းသွားတယ်။ အမေကြီးက ငိုယိုပြီးသွားခေါ်တော့မှ ပြန်လိုက်လာတယ်။ ဒါပေမဲ့ ဦးလေးကို လက်ထပ်ပါတယ်။ မိဘဆန္ဒအတိုင်း လက်ထပ်ရပေမဲ့

http://www.cherrythitsar.org



လက်ထပ်ပြီးတော့ တင်တင်ဟာ ဦးလေးကို ကောင်းကောင်းပြုစုပါတယ်"

ကျွန်မသည် ဒီနေရာတွင် ဖေဖေနှင့်မေမေကို သနားသွားသည်။ မေမေ သူ့ကို မချစ်သည်ကို မသိရှာသော ဖေဖေသည် သားသမီးခုနစ်ယောက်ရသည် အထိ မေမေ သူ့ကိုချစ်သည်အထင်နှင့် လေးစားစွာ ပေါင်းသင်းသွားသလို မချစ်မနှစ်သက်သောသူကို မိဘဆန္ဒအရ လက်ထပ်ရပါသော်လည်း ရိုသေ ကျိုးနွံစွာ ပြုစုသွားသော မေမေ။

ဒီကဏ္ဍလေးကိုသာ စာရေးဆရာအတတ်ပညာနှင့် ကျွန်မ ခြယ်မှုန်းလိုက်ရ ပါလျှင် ဖေဖေဝတ္ထုထဲမှာ စိတ်ဝင်စားဖွယ် **(Love scene)** အလှတစ်ကွက်ကို ဖန်တီးနိုင်မည်ဖြစ်သည်။

ကျွန်မဆန္ဒကို နုနုနှင့်တိုင်ပင်သောအခါ ညီမငယ်က ဖြည်းညင်းစွာခေါင်းခါ ပါသည်။

"မမစု စဉ်းစားကြည့်၊ ဘဝအကျိုးပေးကြောင့် ဖေဖေဟာ နားမကြား၊ ခြေထောက်မသန်စွမ်းတာကလွဲလို့ အိမ်ထောင်ရေးကံ၊ သားသမီးကံကောင်းတယ်။ လိုလေသေးမရှိ ပြုစုခံရတယ်။ မေမေနဲ့ဆိုရင်လည်း ဖေဖေဟာ မေမေဆုံးတုန်းက ငိုတာကို ကြည့်ပါလား။ ဖေဖေ့အပေါ် မိခင်လို အနွံအတာခံ၊ ဖေဖေဆိုးသမျှ သည်းခံပြီး ပေါင်းခဲ့တဲ့ မေမေလို့ဆိုပြီး တင်တင်လို့တောင်မခေါ်ဘူး။ မေမေရေ၊ မေမေရေနဲ့ ကလေးလေးလိုပဲ ငိုတယ်။ ခုချိန်ထိ မေမေဟာ သူ့ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်ခင်သွားတယ်လို့ ဖေဖေဟာ ယူဆထားတယ်။ ဒီယူဆချက် အတွေးလေးနဲ့ ဖေဖေသေတဲ့အထိ နေသွားပါစေ။ သူ့နှလုံးသားကို မနာကျင်ပါစေနဲ့တော့။ မမစုက ဒီအကြောင်းကိုထည့်ရေးပြီး ဒီစာအုပ်ကို ဖေဖေ့ ပေးဖတ်မှာ။ ဒီအကြောင်း ဖေဖေသိတဲ့တစ်ပြိုင်နက် ဖေဖေ ဘယ်လောက်ဆွေးမလဲ။ အကြောင်းအရာ မှန်ကန်တယ်၊ ရေးကွက်ကောင်းတစ်ကွက်ရတယ်ဆိုတာနဲ့ ရေးချင်တာကို ရေး ဖို့ မသင့်ဘူးလေ"

ဘုရား...ဘုရား၊ ကျွန်မညီမလေး နုနုဆွေ သတိပေးချက်ကြောင့် ကျွန်မ ထိုအခန်းကို မရေးဖြစ်ပါ။ ထို့ကြောင့် ဖေဖေသည် ကျွန်မရေးသော ဖေဖေ စာအုပ်ကို ဖတ်ရင်း ကြည်နူးချမ်းမြေ့စွာ သူ၏ တတိယအချိန်ပိုင်းကို ကုန်လွန်သွားခဲ့ပါသည်။

ကျွန်မ ဒီနေရာမှာ သင်ခန်းစာရသွားပါသည်။ အကြောင်းအရာအမှန် ဖြစ်တိုင်း၊ ရေးကွင်းရေးကွက်ကောင်းတိုင်း မရေးသင့်ပါတကား။ ချမ်းမြေ့

http://www.cherrythitsar.org



ဆရာတော် ဆုံးမသလို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြု၊ ပြော၊ အတွေး၊ အရေးတို့တွင် မပြောခင်၊ မပြုခင်၊ မရေးခင် စဉ်းစားပါ။

'ငါ သူတစ်ပါး နှစ်ဦးသား ဘယ်သူ့များထိမလဲ' စဉ်းစားပြီးမှ ထိခိုက်မည်ဆိုလျှင် မှန်သောအကြောင်းပင်ဖြစ်သော်လည်း မရေး မပြော မလုပ်ပါနှင့်ဟု ဆုံးမဖူးပါသည်။

ယခုလည်း မေမေ့အကြောင်းကို ကျွန်မ သိပ်ရေးချင်သည်မှာ လက်ယားနေသည်။ ဖေဖေလည်း မရှိတော့ပြီ။ မေမေ့အကြောင်းက ဝတ္ထုတစ်ပုဒ်ထက် ဆန်းကျယ်သည်။ အတက်အဆင်း၊ အနိမ့်အမြင့်တွေနှင့်ဖြစ်သည်။ ကျွန်မကိုယ်တိုင်လည်း လေ့လာသည်။ ကျွန်မတို့အိမ်၏ ပုံပြောဆရာ သန်းသန်းတို့ထံမှလည်း ကျွန်မ အချက်အလက်တွေ စုဆောင်းရသည်။ သို့သော် ချ၍မရေးဖြစ်သေး။ သန်းသန်းက မေမေ၏ ရွှေရောင်ဝင်းလက်သော နေ့များကို တစ်ဝက်တစ်ပျက် ပြောပြတတ်သည်။

"တင်တင် ငယ်ငယ်က သူ့အဘိုးက အင်မတန်ချစ်တာ၊ တင်တင်မွေးမှ အိုင်ယာလန်ထီ ငါးသောင်းပေါက်တယ်။ ဟိုတုန်းက ရွှေဒင်္ဂါးတစ်ပြားကို ၁၃ ကျပ်ဆိုတော့ ငါးသောင်းတန်ဖိုးကို တွက်ကြည့်ပေတော့။ ပြီးတော့ မြင်းပြေးတာမှာလည်း တင်တင်ထိုးတဲ့နံပါတ်က နိုင်တော့ ငွေနှစ်ထောင် အပိုဆုရသေးတယ်။ အဲဒီအပိုဆုရတဲ့ ငွေထဲက တစ်ထောင်နဲ့ သမီးကို မွေးတဲ့ ဒီအိမ်ကြီးကို ဝယ်တာ။ တင်တင် အေဘီအမ်ကျောင်းမှာ လေးတန်းရောက်တော့ ကြိုးခုန်တမ်းကစားချင်လို့ ရွှေခြေကျင်းချွတ် လွယ်အိတ်ထဲထည့်ထားခဲ့ပြီး သွားကစားတာ ပြန်လာတော့ မရှိတော့ဘူး၊ အိမ်ရောက်တော့ အမေကြီးက တင်တင့်ကို ရိုက်တယ်လေ။ အဲဒါ အဘိုးက သူ့မြေးကို ရိုက်ရမလားဆိုပြီး တင့်တင့်ကိုပခုံးပေါ်ပိုးပြီး အိမ်ပေါ်က ဆင်းသွားတယ်။ ဒီအိမ်ကြီးရှေ့ ခြံထဲက ဘူးစင်အောက်မှာ မြေးအဘိုးနှစ်ယောက် ထမင်းချက်စားကြတယ်။ ဘဘ (မေမေ၏အဖေ) နဲ့ အမေကြီးက မနည်းတောင်းပန်မှ အဘိုးနဲ့တင်တင် အိမ်ပေါ် ပြန်တက်တယ်။ တင်တင်တို့ခေတ်က စိန်ဆို နှစ်တန်းသွား နှစ်ဖက်လုံးဝတ်တာ"ဟု သန်းသန်းကပြောပြသည်။

မေမေ့ကို ကျောင်းထုတ်လိုက်ပြီး အိမ်မှာ သင်းအုပ်ဆရာခေါ်၍ စာဆက်သင်သည်ဟု ဆိုသည်။ မေမေ၏ ရွှေရောင်ရက်များကို မမနှင့် ကျွန်မအထိ မီလိုက်သေးသည်။ ကျွန်မတို့ ညီအစ်မကို အဘွားက ရွှေခြေချင်းဝတ်မလား၊

အပြင်ထွက်ကစားမလားဟု မေးပါသည်။ အမေတူကျွန်မသည် ခြေချင်းကို မမက်။ အဘွားကိုပေးခဲ့ကာ လမ်းမမှာ ထွက်၍ကစားခဲ့ပါသည်။

ကျွန်မသည် မေမေတို့ ရွှေထီးဆောင်းခဲ့သော အချိန်များကို လေ့လာတိုင်း မေမေက "ငယ်ငယ်က ရွှေထီးဆောင်းခဲ့ရတာတွေကို ပြန်လည်တမ်းတစရာ မလိုဘူး၊ လက်ရှိအခြေအနေနဲ့ လိုက်လျောအောင်သာနေရမယ်"ဟု ဆိုခဲ့ပါသည်။ သို့သော် ကျွန်မက လေ့လာရေးသမား၊ မနေနိုင်။ မေမေ၏ ရွှေရွက်တွေ ဝေနေသော ရွှေပင်ကြီးသည် ဘာဖြစ်၍ ရုတ်တရက် ခါးလယ်မှ ပိုင်းဖြတ် ခံရပါသလဲ။

ဖေဖေ ရုတ်တရက် နားမကြား၍ အလုပ်မှထွက်ရသောကြောင့်ဟူသော အကြောင်းနှင့်လည်း မလုံလောက်။

မေမေ၏ လယ်ယာများ ရေလွှမ်းမိုးခံရသည်ဆိုသည့် အကြောင်း တစ်ကြောင်းကိုလည်း ကျွန်မ လက်မခံနိုင်။

သော်ကရွာဘက်တွင် မေမေ စပါးများဝယ်၍ လှောင်သော စပါးကျီတွေရှိသည်။ စပါးပေါ်ချိန် ဝယ်၍ရသော စပါးများရော၊ စပါးပေးပေးထားသော စပါးများရော ရေစိုမိ၍ အညှောက်ပေါက်ကာ ရှုံးရသည်ဆိုသည်ကိုလည်း ကျွန်မ မကျေနပ်။ စပါးဝယ်ဖို့ခန့်ထားသော အဝယ်တော်ဦးလှ သေဆုံးသွား၍စီးပွားလျှော့ရသည် ဆိုသည်မှာလည်း ယုတ္တိမတန်။

ကျွန်မငယ်ငယ်က မျက်မြင်၊ မီးခံသေတ္တာကြီးထဲတွင် အလျှုအတန်းသွားတိုင်း ဘွားဘွားလက်ဝတ်လက်စားများကို ထုတ်ဆင်သောအခါတွင် ကျွန်မတို့ တွေ့မြင်ရသော ရွှေများ၊ စိန်များ ချက်ချင်းဘယ်လိုပျောက်သွားပါသလဲ။

သန်းသန်းကမူ "တင်တင်က သန်းသန်းတို့ကို ပြောတယ်၊ ဆွေစုမျိုးစုဆိုတာ ချစ်ချင်ခင်ခင် စည်းလုံးညီညွတ်ဖို့လိုတယ်။ ကလေးတွေဟာ ဒီနေရာမှာ အမုန်ကိုသိရင် သွေးကွဲစရာဖြစ်မယ်။ နာကြည်းခံခက်စရာတွေဖြစ်လာပြီး အမုန်းပွားကုန်ကြလိမ့်မယ်။ ဒီတော့ မသန်းတို့သိတာတွေ ကလေးတွေကို မပြောကြနဲ့တဲ့။ တင်တင်ကပြောထားလို့ သန်းသန်းတို့မပြောလိုဘူး" သန်းသန်းကလည်း စီးပွားကဏ္ဍပိုင်းကို မပြောပြတော့ပါ။ သို့သော် သန်းသန်းတို့မေမေတို့က မပြောသော်လည်း ကျွန်မက လေ့လာမြဲလေ့လာပါသည်။ လေ့လာချက်များ ပြည့်စုံသလောက် ပြည့်စုံလာပါသော်လည်း ကျွန်မ မေမေ့အကြောင်းကို မရေးဖြစ်သေး။

http://www.cherrythitsar.org



ဆွေစုမျိုးစု ဥမကွဲသိုက်မပျက် ငြိမ်းချမ်းစွာနေရေးကို ရေးရှုသောကြောင့်သာ မေမေ့အိမ်ကြီးတွင် ကျွန်မတို့ ဆွေစုမျိုးစုတွေ တစ်ပြုံကြီး ပျော်ပျော်ပါးပါး နေလာနိုင်ခဲ့ကြသည်။ အိုးခွဲချက်စားသည်ဟူသော ဓလေ့ မရှိခဲ့။ တစ်အိုးတည်း စားခဲ့သည်။ မေမေ၏ သည်းခံခြင်းတရားသည် သူ့စည်းစိမ်ကို ဆုံးရှုံးအောင် လုပ်သူကိုသော်မှ ခွင့်လွှတ်နိုင်သည်။

ကျွန်မ ရေးတော့မည်ဟု အစီအစဉ်ချသောအခါ မေမေဆိုသူအမျိုးသမီးက ငယ်ငယ်ကတည်းက ကံကောင်းပါသည်။ စိန်လက်ကောက်တွေ အဆင့်ဆင့်နှင့် လျှမ်းလျှမ်းတောက်ခဲ့ပါသည်။ မချစ်သော်လည်း မိဘဆန္ဒအလို လိုက်လျော၍ လက်ထပ်ခဲ့သူကို ကျွန်နှင့်တူသော မယား၊ မိခင်နှင့်တူသော မယားအဖြစ် ပြုစုခဲ့သည်။ ကျွန်မတို့ အရွယ်ရောက်သည့်တိုင် မှီခိုနေထိုင်သော ဆွေမျိုးစုကို ဥမကွဲသိုက်မပျက်အောင် ထိန်းသိမ်းလာခဲ့သည်။ ဆွေမျိုးစုအလယ်မှာလည်း စည်းရုံးကောင်းသူတစ်ယောက်။

ကျွန်မတို့ မောင်နှမတွေသည် ဖေဖေ့ထက် မေမေ့ကို ပိုကြောက်ကြသည်။ ဖေဖေက အလိုလိုက်သလောက် မေမေက စည်းကမ်းကိုထိန်းသိမ်းရာ၌ ပိုမို ကျပ်တည်းသောကြောင့် မေမေ့ကို ပိုကြောက်ခြင်းဖြစ်သည်။

သို့သော် ညဉ့်ဦးယံ၏ ဖန်မီးအိမ် စာဖတ်ဝိုင်းတွင်မူ မေမေနှင့်အတူ စာဖတ်၍ ဆွေးနွေးရသည်ကို ပျော်ပါသည်။ မေမေသည် စာပေလေ့လာရာ၌ သားသမီးတွေကို မိတ်ဆွေသူငယ်ချင်း အခွင့်အရေးပေးထားသည်။

ကျွန်မတို့အရွယ်ရောက်လာသောအခါ လဲပြိုသွားသော မေမေ၏ ရွှေပင်ကြီးကို ကျွန်မတို့မောင်နှမတစ်တွေ ပြန်လည်ထူထောင်ပါသော်လည်း မေမေ့လက်ထက်လို အခက်အလက်တွေ မဝေဆာတော့ပါ။ သို့သော် မေမေသည် တတိယအရွယ် ဘဝနောက်ဆုံးပိုင်းကို အေးချမ်းစွာ ဖြတ်သန်းသွားရ၍ ကျွန်မ စိတ်ကျေနပ်မိပါသည်။

ဘယ်လိုပင်ဖြစ်စေ၊ မေမေက မေမေ့ဇာတ်လမ်းတွင် ရွှေမင်းသမီးကလေးပေါ့။ ဆွေမျိုးတို့ကို သည်းခံစိတ်နှင့် သွေးစည်းခဲ့သူ။ ပြီးတော့ ဇနီးကောင်းတစ်ယောက်။ မိခင်ကောင်းတစ်ယောက်။ အကယ်၍ မေမေ့အကြောင်းကို ကျွန်မလေ့လာထားရှိရသမျှ ရေးပြီဆိုပါတော့၊ မေမေ၏ ရှန်းလက်တောက်ပသော ရွှေပင်ကို အမြစ်ကလဲအောင် ဖြတ်ပိုင်းသူ၏ကဏ္ဍက ပါရပေတော့မည်။ သူတို့ အကြောင်းတွေကို ပြီးပြည့်စုံအောင် ရေးခြယ်ရပေဦးမည်။ သူတို့က အဖျက်သမား

http://www.cherrythitsar.org



ကဏ္ဍက ပါရပေမည်။ မေမေ၏စရိုက်ကို ပီပြင်အောင် သရုပ်ဖော်လေလေ သူတို့သိက္ခာကျလေ ဖြစ်တော့မည်။

ထိုသောအခါ ညီမလေးနုနုဆွေ၏ အဆိုအမိန့်ဖြစ်သည့် "အကြောင်းအရာ အချက်အလက် မှန်ကန်ပေမဲ့ သူတစ်ပါးကို ထိခိုက်မယ်ဆိုရင် ရေးဖို့မသင့်ဘူး ပေါ့" ဆိုသော စကားကို ကြားယောင်လာသည်။

မိမိစည်းစိမ် ပြိုလဲသွားသည့်တိုင် ဆွေစုမျိုးစု သွေးစည်းညီညွတ်ရေးကို ထိခိုက်မည်စိုး၍ အကြောင်းမှန်ကို မျိုသိပ်စောင့်စည်းနိုင်ခဲ့သော မေမေ၏ သည်းခံစိတ်ကို ကျွန်မ လေးစားရမည်။

ဒီမိခင်ကမွေးသော သမီးသည် မေမေ့ခြေရာကို ထပ်တူမနင်းနိုင်စေဦးတော့၊ မေမေ့လမ်းစဉ်ကိုတော့ အတတ်နိုင်ဆုံး ထိန်းသိမ်းရတော့မည်။

ပြီးတော့ ချမ်းမြေ့ဆရာတော်ဘုရား၏ "ငါ သူတစ်ပါး နှစ်ဦးသားတွင် ဘယ်သူ့များထိမလဲ"ဆိုသည်ကို မရေးမပြောခင် နှလုံးသွင်းဆင်ခြင်ပြီး တစ်စုံ တစ်ယောက်အား ထိခိုက်မည်ဆိုလျှင် မရေးပါနှင့်ဆိုသော ဆုံးမစကားများသည် ကျွန်မကလောင်အား စာရွက်များပေါ်မှ အဝေးသို့ လွင့်ခွာသွားစေပါတော့သည်။

ကျွန်မမေမေ၏ အကြောင်းကို မရေးဖြစ်သေးပါ။

**[စာပေဂျာနယ်၊ ဩဂုတ်လ၊ ၁၉၈၉ ခုနှစ်]**

# ကျေးဇူးစကား ဆိုပါသည်

မမေ့နိုင်သောပြဿနာတစ်ခု ကျွန်မရင်တွင်းမှာဖြစ်ပေါ်ခဲ့သည်မှာ ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်ခဲ့သည်။ ရင်ထဲမှာ တမြည့်မြည့်ဖြစ်ခဲ့ရသောအကြောင်းကို ဖွင့်ဟရေးသားရန် သံဖြူဇရပ်ကို ကျွန်မသွားခဲ့ပါသည်။ ကွေးမြစ်နှင့် ဘုရားသုံးဆူအထိ သွားချင်ပါသော်လည်း မရောက်ခဲ့ပါ။ မော်လမြိုင် တိုင်းမင်းကြီး ဦးကံမြင့် အကူအညီဖြင့် နိုဝင်ဘာလ ၂၁ ရက်နေ့က သံဖြူဇရပ်ကို ရောက်ခဲ့ပါသည်။ သံဖြူဇရပ်ရှိ ဝိညာဉ်တို့စံရာဗိမာန်သို့ ကျွန်မ ရောက်ခဲ့ပါသည်။ ဝိညာဉ်တို့နှင့် ကျွန်မပြောခဲ့သောစကားများကို နောက်မှရေးပါမည်။ ယခု လောလောဆယ် မော်လမြိုင်တွင် မမျှော်လင့်ဘဲတွေ့ခဲ့ရသော မွန်အမျိုးသား ရန်ပုံငွေအဖွဲ့အကြောင်းကို ရေးလိုပါသည်။

ကျွန်မနှင့်အတူ စာရေးဆရာ လင်းယုန်မောင်မောင်၊ ဒေါက်တာ နိုင်ပန်းလှ၊ စာရေးဆရာမကြီး ကလျာ(ဝိဇ္ဇာ–သိပ္ပံ) တို့ ပါလာခဲ့သည်။

မော်လမြိုင်ကို ဒေါက်တာနိုင်ပန်းလှရောက်သည်နှင့် တစ်ပြိုင်နက် မွန်အမျိုးသားများနှင့် ဆွေမျိုးများက ပန်းစည်းများဆက်ကာ ကြိုဆို၍ နိုင်ပန်လေးနှင့် ဇနီးအိမ်မှာ တွေ့ဆုံနှုတ်ဆက်ပွဲလေး လုပ်ပါသည်။ ထိုနှုတ်ဆက်ပွဲမှာ မွန်အမျိုးသား ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌ နိုင်အောင်ထွတ်နှင့် မွန်အမျိုးသားများ စကားပြောဆို၍ ဒေါက်တာနိုင်ပန်းလှကလည်း ပြန်လည်ပြောဆိုပါသည်။

နောက်နေ့ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ဒေါက်တာနိုင်ပန်းလှ ဇာတိရွာ

http://www.cherrythitsar.org



ကော့ဘိန်းသို့သွားရောက်ပါသည်။ ရွာလုံးကျွတ်မျှကြိုဆို၍ ပန်းကုံးစွပ် ပန်းစည်း ဆက်သကြပါသည်။ ကော့ဘိန်းရွာ ရပ်ကွက်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးမှာ မွန်အကနှင့် ဖျော်ဖြေပါသည်။ နတ်ရိုးရာပသသော မွန်ယိမ်းအက၊ ရာဇာဓိရာဇ် မွန်ဘုရင်လက်ထက်တွင် ရှေ့တော်တွင် ဖျော်ဖြေရသော မွန်အကများနှင့် အမျိုးသမီးလေးများ ကပြအသုံးတော်ခံပါသည်။ မွန်သံဖြင့် သီဆိုသော်လည်း ကောင်းကြီးသခ်ါအလိုက် သီချင်းဖြစ်၍ ကြည်နူးဖွယ်ကောင်းပါသည်။

ဒေါက်တာနိုင်ပန်းလှက ထိုသီချင်းကို မြန်မာဂီတ ကောင်းကြီးသခ်ါမှ မွန်လိုဘာသာပြန်ထားကြောင်း ရှင်းပြပါသည်။

အခမ်းအနားနှင့် ကြိုဆိုညှော့ခံကြ၍ ဝမ်းသာကျေးဇူးတင်ပါသည်။ ထိုကဲ့သို့ ကြိုဆိုညှော့ခံလိမ့်မည် ကျွန်မ မထင်ဘဲ မမျှော်လင့်ဘဲ တွေ့ဆုံရ၍ ကျွန်မကလည်း ကျေးဇူးစကားကိုဆိုလိုခြင်းဖြစ်ပါသည်။ အထူးသဖြင့် မော်လမြိုင်တွင် နိုင်အောင်ထွတ်၊ တခြားမွန်အမျိုးသားများနှင့် ဒေါက်တာနိုင်ပန်းလှ ပြောစကားများကို ကျွန်မ အထူးစိတ်ဝင်စားပါသည်။

သူတို့ပြောစကားများကို ခြုံ၍ကြည့်လျှင် မွန်လူမျိုး၊ မွန်စာပေ၊ မွန် ယဉ်ကျေးမှု မပပျောက်ရေးပင်ဖြစ်ပါသည်။

တစ်ခါက မြန်မာနိုင်ငံတွင် ပျူလူမျိုးဟူ၍ အထင်အရှား ထီးနှင့်နန်းနှင့် ရှိခဲ့ပါသော်လည်း ယခုအခါ ပျူလူမျိုးဆိုသည်မှာ ပပျောက်သွားပြီ။ ပျူစာပေ ယဉ်ကျေးမှု ရှိခဲ့သည်ဆိုသည်မှာ ပုဂံရာဇကုမာရ်မင်းသား၏ မြစေတီကျောက်စာ အထောက်အထားအရသာ သိရှိရတော့သည်။

ယခုလည်း မွန်လူမျိုးပျောက်ကာ မွန်စာပေ၊ မွန်ယဉ်ကျေးမှုပါ တိမ်ကောပျောက်ကွယ်သွားမည်ကို စိုးရိမ်သော သူတို့၏ သောကကို သူတို့ရင်တွင်းမှ ပြောစကားများက ပေါ်လွင်စေပါသည်။

မွန်စာပေ၊ မွန်စကား၊ မွန်လူမျိုးနှင့် ယဉ်ကျေးမှု မပပျောက်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဒေါက်တာနိုင်ပန်းလှက ကမကထလုပ်ကာ မွန်အမျိုးသားထာဝရရန်ပုံငွေအဖွဲ့ဟူ၍ တည်ထောင်ထားပါသည်။ ဒေါက်တာနိုင်ပန်းလှက ဆော်ဩလှုံ့ဆော်မတည်၍ ဂျပန်ရောက် မွန်မြန်မာအမျိုးသားများနှင့် မြန်မာပြည် မွန်အမျိုးသားတို့ကပါ ကျယ်ကျယ်ပြန့်ပြန့် အလှူငွေထည့်ဝင်ကြပါသည်။

ထိုမွန်အမျိုးသား ရန်ပုံငွေမှ ဒေါက်တာနိုင်ပန်းလှ၏ဇာတိ ကော့ဘိန်း

http://www.cherrythitsar.org



ရွာမှာ မွန်အဆိုအကအတီးအမှုတ်ပြိုင်ပွဲ ကျင်းပ၍ ဆုပေးရန် ငွေ နှစ်သိန်း လှူဒါန်းထားပါသည်။

မော်လမြိုင်တွင် တက္ကသိုလ်ဝင်တန်းအောင်သော ကျောင်းသားများကို မွန်စာစီစာကုံး၊ မွန်စာပေမှ မြန်မာဘာသာပြန်စေခြင်းဖြင့် စာမေးပွဲစစ်ပါသည်။ မေးခွန်းများကို ဒေါက်တာနိုင်ပန်းလှကိုယ်တိုင် ဂျပန်ပြည်မှထုတ်၍ အဖြေလွှာများကိုလည်း ဂျပန်သို့ယူကာ ကိုယ်တိုင်စစ်ဆေးပါသည်။

ပထမရသော ကျောင်းသားကို ဆုငွေ ငါးသောင်း ချီးမြှင့်သည်မှာ သုံးနှစ်ရှိသွားပါပြီ။ မော်လမြိုင်အတွက် ရန်ပုံငွေ ငါးသိန်းထားပါသည်။

ရန်ကုန်ရှိ မွန်ရဟန်းပျိုအဖွဲ့ကိုလည်း အစိုးရပရိယတ္တိစာပြန်ပွဲမှာ မွန်ဘာသာနှင့် ဖြေဆိုအောင်မြင်သူများကို ဆုချီးမြှင့်ရန်နှင့် မွန်ကျောက်စာ စာမေးပွဲ ဖြေဆိုအောင်မြင်သူများကို ဆုချီးမြှင့်ရန် ငွေနှစ်သိန်း မတည်လှူထားကြပါသည်။

ပျူတို့၏သမိုင်းဖြစ်စဉ်က သင်ခန်းစာသဖွယ်ဖြစ်နေ၍ မွန်အမျိုးသားတို့ရင်မှာ မွန်လူမျိုး၊ မွန်စာပေ၊ မွန်ယဉ်ကျေးမှု ပပျောက်မည်ကို စိုးရိမ်ကြသည်မှာ သဘာဝကျပါသည်။

ကျွန်မအနေနှင့် ဒေါက်တာနိုင်ပန်းလှ ကမကထလုပ်၍ မွန်စာပေ၊ မွန်စကား၊ မွန်လူမျိုး မပပျောက်ရေးကို မွန်အမျိုးသားများအနေဖြင့် ကြိုးပမ်းအားထုတ်ရန် အပြန်အလှန်ဆွေးနွေးပြောကြသည်ကို နားထောင်ရင်း ကျွန်မရင်တွင်းမှ ဆန္ဒတစ်ခု ပြင်းပြလာပါသည်။ ထိုစဉ်က အခါအခွင့်မသင့်၍ ကျွန်မမပြောခဲ့ပါ။

ရန်ကုန်ပြန်ရောက်မှ အရိန္ဒမာမဂ္ဂဇင်းမှာ ကျွန်မရင်ထဲမှာရှိသော ဆန္ဒကို ထုတ်ဖော်ရေးသားခြင်းဖြစ်ပါသည်။

ကျွန်မ မြန်မာတစ်ယောက်အနေနှင့် မွန်အမျိုးသားတို့နှင့် ထပ်တူထပ်မျှ မွန်စာပေ၊ မွန်လူမျိုး၊ မွန်ယဉ်ကျေးမှုကို ပပျောက်သွားမှာ အလွန်စိုးရိမ်ပါသည်။

အဘယ်ကြောင့်ဆိုသော် မွန်လူမျိုးတို့မှာ ကျွန်မတို့ မြန်မာတို့၏ ကျေးဇူးရှင် ဆိုလျှင် မမှားပါ။ ထို့ကြောင့် မွန်တို့အပေါ် ကျေးဇူးစကား ဆိုလိုပါသည်။ ကျေးဇူးစကားဆိုလိုသော အချက်နှစ်ချက်ရှိပါသည်။

# အချက်နှစ်ချက်

ပထမအချက်မှာ ဘာသာရေးဖြစ်၍ ဒုတိယအချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါသည်။

ဟံသာဝတီ မွန်တိုင်းပြည်သည် ထေရဝါဒ ဗုဒ္ဓဘာသာကို အိန္ဒိယပြည်တောင်ပိုင်းမှ အရင်ဦးစွာရရှိသောတိုင်းပြည် ဖြစ်ပါသည်။

ရှင်အရဟံသည် ဟံသာဝတီမွန်တို့ဌာနေမှ ပုဂံပြည်သို့ ကြွရောက်လာခဲ့သည်။ ထိုအချိန်မှာ ပုဂံပြည်တွင်စိုးစံနေသော ဘုရင်နော်ရထာနှင့် တွေ့ဆုံဆွေးနွေးဖြစ်ကြသည်။

မွန်တို့ လက်ခံယုံကြည်ကိုးကွယ်လျက်ရှိသော ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်းကို ရှင်အရဟံက ဟောပြောပြသောအခါတွင် နော်ရထာမင်းကြီးသည် ထေရဝါဒဗုဒ္ဓဘာသာအကြောင်းကို စေ့ငုလေ့လာ၍ ဝမ်းမြောက်ဝမ်းသာ လက်ခံယုံကြည်လာသည်။

ရှင်အရဟံ၏ ရဟန်းကျက်သရေနှင့် ပုဂံရှိ ရေငုပ်မီးလှူ၊ တုံးခုန် ဇယ်ခတ်စသော အကျင့်များတွေနှင့် ကိလေသာကင်းအောင်ကျင့်နေသော အရည်းကြီးရဟန်းတို့၏ အသွင်အပြင် ကိုယ်ကျင့်တရားတို့ကိုပါ မင်းကြီး နှိုင်းယှဉ်ကြည့်၍ မိမိကိုးကွယ်နေသော အကျင့်များနှင့် ကိုးကွယ်သော ဘာသာရေးကို စွန့်လွှတ်လိုလာသည်။ ပုဂံပြည်တွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားစေလိုကြောင်း ရှင်အရဟံအား လျှောက်ထားတောင်းပန်ခဲ့သည်။

ရှင်အရဟံ၏အကြံပေးချက်နှင့် ဘုရင်နော်ရထာသည် မွန်ဘုရင် မနုဟာမင်းထံမှ ပိဋကတ်သုံးပုံကိုရရှိကာ ပုဂံတွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားအောင်ဆောင်ရွက်နိုင်ခဲ့သည်။

ကျွန်မတို့မှာ မင်းတုန်းမင်းကြီးလက်ထက် ပဉ္စမအကြိမ် သင်္ဂါယနာတင်နိုင်ခြင်း၊ ဝန်ကြီးချုပ်ဟောင်းဦးနုလက်ထက် ဆဋ္ဌသင်္ဂါယနာတင်နိုင်ခြင်းတို့မှာ မွန်တို့ကျေးဇူးတရားကြောင့်ဖြစ်သည်။ ယနေ့ထက်တိုင် တရားစစ်တရားမှန် သံဃာစစ် သံဃာမှန်တို့ကို ကိုးကွယ်နိုင်သော ထေရဝါဒဗုဒ္ဓဘာသာမြန်မာနိုင်ငံတွင် ထွန်းကားနေခြင်းမှာ မွန်တို့ကျေးဇူးပင်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မြန်မာပြည်သည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ထွန်းကားဆုံးသော တိုင်းပြည်ဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာတို့က ထေရဝါဒဗုဒ္ဓဘာသာတန်ဖိုးကို ကိုးကွယ်နေသော်လည်း သတိမမူရှိကြသည်။

http://www.cherrythitsar.org



ကမ္ဘာ့တိုင်းပြည်အသီးသီးမှာလည်း ဗုဒ္ဓဘာသာသာသနာပြုရာတွင် မဟာယနတို့သည် ထေရဝါဒတို့ထက် ခြေသွက်သည်။ လူထုထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်သည်။

ထေရဝါဒဗုဒ္ဓဘာသာတန်ဖိုးကို တကယ်သိသူတို့ကမူ ထေရဝါဒစစ်စစ်ကိုသာ ကိုးကွယ်လိုသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်နေသော ဂျပန်အမျိုးသား မစ္စတာကီတာတာနီသည် အစာအိမ်ကင်ဆာဖြစ်၍ အမေရိကတွင် ဆေးကုသခံယူရင်း သူ့အစာအိမ်တစ်ဝက်ကို ဖြတ်ပစ်ရသည်။

သေခြင်းတရားနှင့် ရင်ဆိုင်ရပြီဖြစ်၍ သူ၏ နောက်ဘဝကိုလည်း တွေးခေါ်လာသည်။ သေခြင်းတရားကို မည်ကဲ့သို့ အေးချမ်းစွာ ရင်ဆိုင်ရမည်ကိုလည်း တွေးခေါ်သည်။ ရုပ်ဝတ္ထုအကြီးအကျယ်တိုးတက်နေသော နိုင်ငံကြီးများတွင် နေသူအတွက် ဆင်းရဲငြိမ်းအေး၍ စိတ်၏ငြိမ်းချမ်းမှုကို ရနိုင်ဖို့ သူတောင့်တလာသည်။

ဂျပန်ပြည်တွင် ထွန်းကားနေသော မဟာယနဂိုဏ်း ဗုဒ္ဓဘာသာဘုန်းကြီးများကို သူ မကိုးကွယ်လို။ မိန်းမယူ၊ ညစာစား၊ အရက်သောက်၊ လူသေကိုသင်္ဂြိုဟ်ကာ စီးပွားရှာနေသော ဂျပန်ဘုန်းကြီးကို ကိုးကွယ်ခြင်းဖြင့် ဘဝငြိမ်းချမ်းရေးကို မရနိုင်သည်ကို သူသိသည်။ ကိုယ့်ကိုယ်ငြိမ်းချမ်းအောင် မစွမ်းဆောင်နိုင်သော ဂျပန်ဘုန်းကြီးတို့က သူတစ်ပါးအား ငြိမ်းချမ်းအောင် ဘယ်လိုလုပ်နိုင်ပါမည်နည်း။

နောက်ဆုံး ထေရဝါဒ ဗုဒ္ဓဘာသာအစစ်၊ ဘဝငြိမ်းချမ်းရေးကို တကယ်ရနိုင်သောတရား မြန်မာပြည်တွင်ရှိသည်ကို သူသတင်းရသည်။

မြန်မာပြည်တွင် ကုလသမဂ္ဂ၏ ဌာနေကိုယ်စားလှယ်အဖြစ် အမှုထမ်းရင်း ချမ်းမြေ့ရိပ်သာမှာ ချမ်းမြေ့ဆရာတော်ဘုရား၏ ညွှန်ပြမှုနည်းနာကို ခံယူ၍ ဝိပဿနာတရားကို အားထုတ်ခဲ့သည်။ နောက်တစ်နှစ်တွင် ရဟန်းဘဝကိုခံယူကာ ဆက်လက်အားထုတ်သည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရကို မစ္စတာကီတာတာနီ သိရှိသဘောပေါက်သွားသည်။

ယခုလို မြန်မာဗုဒ္ဓဘာသာတို့ပါမက တိုင်းတစ်ပါးလူမျိုးခြား ဗုဒ္ဓဘာသာတို့ပါ တရားစစ် တရားမှန်ဖြစ်သော ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်နိုင်ခြင်းမှာ မွန်တို့၏ ကျေးဇူးတရားကြောင့်ဆိုလျှင် လွန်အံ့မထင်။

# ဒုတိယအချက်

ဒုတိယ ပြည်ထောင်စုစိတ်ဓာတ်ကို မွန်တို့ထံမှ မြန်မာတို့ရခဲ့သည်မှာ သမိုင်းတွင် အထင်အရှားရှိခဲ့ပါသည်။

မြန်မာ့သမိုင်းတွင် အင်းဝပြည်မှာ ဘုရင်မင်းခေါင် စိုးစံစဉ်နှင့် ဟံသာဝတီမှာ ရာဇာဓိရာဇ်စိုးစံစဉ်အခါကဖြစ်သည်။ ဧကရာဇ်ဘုရင်များ ဖြစ်သည့်အတိုင်း အင်အားပြိုင် စစ်ဖြစ်ပွားကြသည်။ ထိုမင်းနှစ်ပါး စစ်ဖြစ်ပွားရာမှ မွန်သူရဲကောင်း သမိန်ဗရမ်းကို အင်းဝဘုရင်မင်းခေါင်၏သားတော် မင်းရဲကျော်စွာက ဖမ်းဆီးဆက်သ၍ မင်းခေါင်က သမိန်ဗရမ်းကို အကျဉ်းချထားသည်။

ထိုအချိန်မှာ တကောင်းပြည်မှ စိန့်ပြည့်ရှင် ဧကရာဇ်မင်းမှာ ဂါမဏိဟူသော သူရဲကောင်းတစ်ယောက်ရှိသည်။ သူမတူအောင် လက်ရေးကောင်းလှသည်။ ဓားခုတ်၊ လှံထိုး၊ မြင်းစီး၊ တိုက်သည့်နေရာတွင် ပြိုင်ဘက်ကင်းသည်။ စိန့်ပြည့်ရှင်က သူ၏ သူရဲကောင်းဂါမဏိနှင့် စစ်ထိုးဝံ့သော သူရဲကောင်းကို ရှာစားလိုသည်။ မှူးမတ်များအား သူ့ဆန္ဒကို ဖွင့်ဟပြောပြရာ မှူးမတ်များက လျှောက်ထားသည်။

အင်းဝနှင့် ဟံသာဝတီ ဧကရာဇ်တို့သည် အစဉ်သဖြင့် စစ်ခင်းလျက်ရှိကြသည်။ ထိုမင်းနှစ်ပါးတွင် စီးချင်းတွင် အလွန်ကောင်းသည့် သူရဲကောင်းများ ရှိပါသည်ဟု လျှောက်ထားကြသည်။

စိန့်ပြည့်ရှင်စစ်အခင်းအကျင်းနှင့် အင်းဝကို ချီတက်သည်။ အင်းဝရောက်လျှင် စိန့်ပြည့်ရှင်က ဘုရင်မင်းခေါင်ထံ ရာဇသံပေးသည်။

"စိန့်ပြည့်ရှင်ဧကရာဇ်မင်း ကြားရောက်အပ်သည်၊ ရွှေနန်းသခင်။ ယခု ငါတို့ စစ်ချီလာသည်မှာ ဆန္ဒနှစ်မျိုးရှိပါသည်။ တစ်မျိုးကား အင်းဝမင်းသည် ငါ့လက်အောက်ခံ၍ လာရောက်ရှိခိုးရန်ဖြစ်သည်။ အခြားတစ်မျိုးကား သူရဲကောင်းချင်း စီးချင်းစစ်ထိုးသည်ကို မျက်မှောက်ပြုလျက် ရှုစားလိုခြင်းဖြစ်သည်။ အကယ်၍ အင်းဝဘက်မှ မြင်းစီးသူရဲကောင်း ရှုံးနိမ့်ခဲ့လျှင် အင်းဝကိုကြည်သာစွာ ငါ့လက်ကိုအပ်ရန် ဖြစ်သည်။ တိုင်းသူပြည်သား ရဟန်းပုဏ္ဏား ဟူးရားများကို ဒုက္ခမရောက်စေရ။ အကယ်၍ ငါတို့ဘက်မှသူရဲကောင်း ရှုံးခဲ့သော် စိန့်ပြည်သို့ ငါတို့ပြန်ဆုတ်ပါမည်။ အင်းဝပြည်ရှိ တဲငယ်တစ်ခုကိုမျှ မပျက်စီးစေရ။ သို့ဖြစ်၍ အင်းဝရွှေနန်းရှင်၏ဆန္ဒကို ပြန်ကြားစေလိုပါသည်"

စာပါအကြောင်းအရာကိုသိလျှင် အင်းဝဘုရင်မင်းခေါင်သည် ဝမ်းမြောက်

http://www.cherrythitsar.org



ဝမ်းသာနှင့် စိန့်ပြည့်ရှင်၏ သူရဲကောင်းနှင့် မြန်မာသူရဲကောင်း စီးချင်းထိုးရန် ကျေနပ်စွာ လက်ခံကြောင်း ပြန်ကြားသည်။ သို့သော် အင်းဝမှာ သူရဲကောင်း ရွေးချယ်ရမည်ဖြစ်၍ ၇ ရက်ဆိုင်းငံ့ရန် အချိန်တောင်းလိုက်သည်။

ညီလာခံမှာ အင်းဝမင်းခေါင်က ဂါမဏိနှင့် စီးချင်းထိုးရန် သူရဲကောင်း ရှာဖို့ တိုင်ပင်သော်လည်း မည်သည့်မှူးမတ်မျှ ခေါင်းမဖော်။

ထို့ကြောင့် ဘုရင်က တိုင်းပြည်တွင် ကြေညာမောင်းခတ်သည်။

“အကြင်သူတစ်ဦးသည် စိန့်ပြည့်ရှင်မင်း၏ သူရဲကောင်း ဗိုလ်ဂါမဏိနှင့် စီးချင်းတိုက်ပေးနိုင်ခဲ့ပါမူ ထိုသူရဲကောင်းအား ရတနာပူရ အင်းဝရွှေနန်းရှင်က မဟာဉပရာဇာအဖြစ် ချီးမြှင့်မည်။ ထိုကဲ့သို့ တိုင်းပြည်အား ကြေညာသော်လည်း တစ်ဦးတစ်ယောက်မျှ ဗိုလ်ဂါမဏိကို စစ်ထိုးဝံ့သူမရှိပါ။

ထိုအချိန်မှာ ထောင်တွင်းတွင် အကျဉ်းခံနေရသော မွန်သူရဲကောင်း သမိန်ဗရမ်းကို စောင့်ရှောက်သည့် ထောင်စောင့်များကလည်း ဂါမဏိကို စီးချင်းထိုးဝံ့သူ မပေါ်လျှင် အင်းဝပျက်တော့မည်ဟု အချင်းချင်းပြောသံကို သမိန်ဗရမ်း ကြားရသည်။

သမိန်ဗရမ်းက အစောင့်တို့စကားကို ကြားလျှင် စဉ်းစားသည်။

“အင်းဝမြို့သည် ပဲခူးမြို့သို့ချီရန် လမ်းစဖြစ်သည်။ အင်းဝသည် ဟံသာဝတီ၏ မုခ်ဝနှင့်လည်းတူသည်။ ယခု စိန့်ပြည့်ရှင် ဧကရာဇ်မင်းသည် သူရဲကောင်းချင်း မြင်းစီး၍ စစ်ထိုးသည်ကို ရှုစားလိုသောဆန္ဒဖြင့် လာခြင်း ဖြစ်သည်။ ဂါမဏိကိုခံဝံ့သူ အင်းဝတွင်မရှိပါက သူ့ဆန္ဒပြည့်ဝမည်မဟုတ်။ အင်းဝကို ရပြီးသော် ဟံသာဝတီကို ဆက်လက်ချီတက်ပေဦးမည်။ ငါ့မှာလည်း ထောင်တွင်းမှာ ကြာမြင့်စွာနေခဲ့ရပြီ။ အင်းဝပျက်သော် ဟံသာဝတီသို့ ငါပြန်ရောက်ဖို့ မရှိတော့ပြီ။ သည်စစ်ကို ငါတာဝန်ယူတိုက်မှ တော်တော့မည်။ တရုတ်စစ်ကို ဟံသာဝတီသို့ မစုန်တော့ပြီ” သမိန်ဗရမ်းက ထိုသို့စဉ်းစားပြီး ထောင်စောင့်တို့မှတစ်ဆင့် ထောင်မှူးအား ဂါမဏိကို စီးချင်းထိုးမည့်အကြောင်း ပြောကြားသည်။ သမိန်ဗရမ်းက ထောင်မှူးကိုပြောသောစကားမှာ အလွန်အဖိုးတန်သည်။ သမိုင်းတွင်ရစ်သော စကားဖြစ်သည်။

“ယခု ဂါမဏိအား အနိုင်ယူစစ်ထိုးဖို့ ငါတာဝန်ယူသည်မှာ ယသပတ္တိကို လို၍မဟုတ်။ အင်းဝနိုင်ငံကြီး တည်တံ့ခိုင်မြဲ၍ ကိတ္တိယကျော်စောခြင်းဖြင့် ပြည့်စုံစေလိုသည်။ မြို့သူမြို့သား ရဟန်းပုဏ္ဏားများအား ချမ်းသာသုခတို့နှင့်

http://www.cherrythitsar.org



ပြည့်စုံစေလို၍ဖြစ်သည်”

သူ ကျော်ဇောထင်ရှားလို၍မဟုတ်၊ သူ့ကိုယ်ကျိုးအတွက်မဟုတ်၊ မွန်ဌာနေ ဟံသာဝတီပြည်တစ်ခုတည်းအတွက်လည်းမဟုတ်၊ အင်းဝပြည်သူတို့အတွက်ကို မေတ္တာရှေးရှုပြောသော ပြည်ထောင်စုစိတ်ဓာတ်အပြည့်ပါသည့်စကားဖြစ်သည်။

သမိန်ဗရမ်းစကားကို ထောင်မှူးက စစ်သေနာပတိကို ပြောကြား၍ စစ်သေနာပတိမှ ဘုရင်မင်းခေါင်ကို လျှောက်ထားသည်။ ဘုရင်မင်းခေါင်သည် သူမေ့လျော့နေသော သမိန်ဗရမ်း၏စကားကို ကြားရ၍ နှစ်ထောင်းအားရ ဝမ်းမြောက်တော်မူသည်။

သမိန်ဗရမ်းကို ထောင်မှလွှတ်၍ လိုအပ်သော မြင်း၊ လက်နက်၊ ဝတ်စုံတို့ကို ပေးအပ်ကာ ဗိုလ်ဂါမဏိနှင့် စီးချင်းထိုးခွင့်ပြုလိုက်သည်။

သမိန်ဗရမ်းသည် ဆင်စီး၊ မြင်းစီး တိုက်ခိုက်ကျွမ်းကျင်သူဖြစ်၍ တရုတ်သူရဲကောင်း ဂါမဏိကို စီးချင်းထိုးရာမှာ အနိုင်ရ၍ ဂါမဏိခေါင်းကို ဖြတ်ကာ ဘုရင်မင်းခေါင်ထံ ဆက်သသည်။

ခေတ်စကားနှင့်ပြောရလျှင် “သမိန်ဗရမ်းကယ်ပေလို့”ဟု ပြောရပေမည်။ သမိန်ဗရမ်းသာ ဂါမဏိကို အနိုင်မရလျှင် အင်းဝ မြန်မာပြည်သားတို့ စိန့်ဧကရာဇ် လက်အောက် ရောက်ရမည်။ ဟံသာဝတီလည်း မသက်သာပါ။

သမိန်ဗရမ်းစိတ်ဓာတ်သည် ပြည်ထောင်စုသားစိတ်ဓာတ်ဖြစ်သည်။ အင်းဝ ကိစ္စဖြစ်၍ ငါနှင့်မဆိုင်ဟု ကိုယ်လွတ်ရုန်း၊ မိမိကိုယ်ကျိုးတစ်ခုတည်းမကြည့်၊ အင်းဝအကျိုးကိုရော၊ ဟံသာဝတီအကျိုးကိုပါကြည့်ရှု၍ အရှည်မြော်မြင်တတ်သူ ဖြစ်သည်။

တိုင်းတစ်ပါးတို့ မြန်မာ့မြေပေါ်တွင် ခြေကုပ်ရသည်နှင့် တစ်ပြိုင်နက် ဟံသာဝတီပါမသက်သာ။ သူ့ကျွန်ဖြစ်ရတော့မည်ကိုသိသော သမိန်ဗရမ်းသည် သူ့အစွမ်းကိုပြကာ ဗိုလ်ဂါမဏိကို စီးချင်းထိုး၍ မြန်မာ့မြေကိုကာကွယ်ခဲ့သည်။

အကယ်၍သာ ထိုစဉ်က သမိန်ဗရမ်းသာ တိုက်ပွဲမဝင်ခဲ့သော် မြန်မာ့သမိုင်း ပင်လျှင် တစ်မျိုးပြောင်းလွဲကောင်း ပြောင်းလဲနိုင်သည်။

ကျွန်မတို့ လက်ရှိမြန်မာပြည်သည် လူမျိုးများစုပေါင်းနေသည့် ပြည်ထောင်စုတစ်ခုဖြစ်သည်။ သမိန်ဗရမ်းကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ပြည်ထောင်စုကြီးအား တိုင်းတစ်ပါးတို့ရန်မှ ကာကွယ်နိုင်၍ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

http://www.cherrythitsar.org



ထို့ကြောင့် ကျွန်မဆောင်းပါးအစတွင် ရေးခဲ့သလို တရားစစ်တရားမှန် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို မြန်မာတို့အားပေးခဲ့သော မွန်လူမျိုးတို့အား လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို ယနေ့ထက်တိုင် ပြည်ထောင်စုသား တိုင်း၏ ရင်မှာစွဲအောင်ထားရစ်ခဲ့သော မွန်သူရဲကောင်း သမိန်ဗရမ်းကိုလည်း ကောင်း ကျွန်မ ကျေးဇူးစကားဆိုပါသည်။ ထိုအချက်နှစ်ချက်တွင်မက စာပေ၊ ဂီတ၊ အနုပညာ ယဉ်ကျေးမှုတို့မှာလည်း မွန်တို့ထံမှ မြန်မာတို့ လက်ခံရယူသည် မှာ အများအပြားပင် ဖြစ်ပါသည်။

မွန်လူမျိုး၊ မွန်စကား၊ မွန်စာပေ၊ မွန်ယဉ်ကျေးမှုတို့သည် ပြည်ထောင်စုကြီး နှင့်အတူ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲပါစေသတည်း။

**[မိုးဂျာနယ်၊ ဧပြီလ၊ ၁၉၉၆ ခုနှစ်]**

http://www.cherrythitsar.org

# အုတ်ကြားမြက်၊ စိန်ပန်းနီနီနှင့် ဦးဖေမောင်တင်

## အခန်း (၁)

### နိဒါန်း

ပြီးခဲ့သော ၁၉၉၈ ခု၊ မတ်လက ကျွန်မတို့ ဘားအံကိုရောက်ခဲ့ပါသည်။ မနှစ်က ၁၉၉၇ ခုနှစ်တွင် ဆရာသူရဇော်၊ ဒေါ်ခင်သန်းဌေးတို့ ဖိတ်ခေါ်ချက်ဖြင့် ဘားအံမြို့၊ သီရိဟောမာ သီလရှင်စာသင်တိုက်တွင်ကျင်းပသော သီလရှင်ဝတ်စုံလှူပွဲကို ကျွန်မ၊ အဝင်း(ကလျာ)နှင့် စာရေးဆရာများ တက်ရောက်ခဲ့ပါသည်။ စာသင်တိုက်မှာ တိုက်အုပ်ဆရာလေး ဒေါ်ဟေမာရီနှင့် တွေ့ဆုံခဲ့၍ သီလရှင်စာသင်တိုက် စတင်တည်ထောင်ခဲ့သည်မှ ယခုအခြေအနေအကြောင်း၊ သံလွင်တံတားကြီးကို ဖြတ်သန်းခဲ့ရ၍ သံလွင်တံတားကြီးနှင့် ဆောက်လုပ်သူလုပ်သားများနှင့် အင်ဂျင်နီယာအဖွဲ့တို့အကြောင်းကို ကလျာမဂ္ဂဇင်းတွင် ကျွန်မ 'ဘားအံသူ မာယာမများပါ' ဆောင်းပါးကိုရေးခဲ့ပါသည်။ ထိုဆောင်းပါးအမည်ကိုလည်း ဘားအံသူ နန့်သူဇာသိန်းပြောသော စကားလုံးထဲမှ ယူခဲ့ခြင်းဖြစ်ပါသည်။

ထိုဆောင်းပါးကို ဖတ်ရှုရ၍ ဂျပန်မှ ဆရာကြီး ပါမောက္ခ နိုင်ပန်းလှက ဆရာလေး ဒေါ်ဟေမာရီ၏ စာသင်တိုက်သို့ ငွေတစ်သိန်း လှူဒါန်းလိုပါသည်ဟု

ကျွန်မထံ အကြောင်းကြား၍ ဆရာလေးကိုလည်း အကြောင်းကြားလိုက်ပါသည်။

လှူဒါန်းလိုသူ ကာယကံရှင်က မြန်မာပြည်ကို မရောက်လာသေး၍ အစီအစဉ် မလုပ်ဖြစ်သေးပါ။

၁၉၉၈၊ ဖေဖော်ဝါရီ၌ ဆရာကြီး ဂျပန်မှ ပြန်ရောက်လာတော့မှ မတ်လတွင် မော်လမြိုင်တွင် ကျင်းပသော မွန်မြန်မာ စာပေဆုပေးပွဲ တက်ရောက်ရင်း အပြန်တွင် ဘားအံကို ဝင်ခဲ့ပါသည်။

အခမ်းအနားကို အကြီးအကျယ်မလုပ်ဖို့ ဦးကျော်မင်းစိန်မှတစ်ဆင့် ကျွန်မ ဆရာလေးကို အကြောင်းကြားခဲ့ပါသည်။ မတ်လ ၃၁ ရက်နေ့တွင် သီရိဟေမာ စာသင်တိုက်မှာ ဆရာကြီး ဒေါက်တာနိုင်ပန်းလှ၏ ငွေတစ်သိန်း လှူဒါန်းပွဲလေး သိုသိုသိပ်သိပ်နှင့်ပြီးမြောက်ခဲ့ပါသည်။ အရာရှိတချို့နှင့် ဆရာကြီး စာပေကို လေးစားသူများနှင့် အရာရှိဇနီးများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားစချိန်တွင် တန်းစီတက်ရောက်လာသော သီလရှင်လေးများသည် လက်အုပ်ချီ၍ တန်းစီကြွကာ နေရာယူကြသည်မှာ ကြည်ညိုဖွယ် ဖြစ်ပါသည်။ နောက်ဆုံးမှ သီလရှင်လေးနှစ်ပါးမှာ ငါးနှစ်သမီးသာသာခန့် ရှိပါသည်။

ဆရာကြီးက ဆရာလေး ဒေါ်ဟေမာရီကို ဂုဏ်ပြုစကားပြော၍ ကွယ်လွန်သူ ခရစ်ယာန်သာသနာပြု မာသာထရေဇာကဲ့သို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ဖို့ ပြောကြားပြီး ငွေတစ်သိန်း လှူဒါန်းခဲ့ပါသည်။ ကျေးဇူးတင်စကားကို ဦးမန်းသင့်နောင် (ကော့ကရိတ်) နှင့် ရေ့နေ မွန်အမျိုးသား မင်းရဲအောင်မြင့်တို့က ပြန်လည်ပြောကြားပါသည်။

ဧည့်သည်များပြန်တော့ ကျွန်မက လေ့ကားရင်းမှနေ၍ နှုတ်ဆက်ရပါသည်။ နှုတ်ဆက်ပြန်သူထဲမှ တစ်ယောက်က မပြန်သေးဘဲ ရပ်စောင့်နေပါသည်။

“ဆရာမကြီး ကျွန်တော်က **(Romance)** ကို ကြိုက်တဲ့လူ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆရာမကြီးရဲ့ ‘အုတ်ကြားမြက်’ ဝတ္ထုလေးကို ခုထိ ကြိုက်တဲ့သူပါ။ ကျွန်တော့်နာမည် မောင်မောင်ကြည်”

ကျွန်မမှာ ကျေးဇူးတင်ကြောင်းပြောပြ၍ ခေတ္တစကားပြောကာ လူချင်းခွဲကြရပါသည်။

ကျွန်မတို့အစီအစဉ်မှာ နောက်နေ့ ကော့ဂွမ်းဂူကိုသွားမည် ဖြစ်ပါသည်။ ကျွန်မရေးသော ဝတ္ထုတို ‘အုတ်ကြားမြက်’ ကို ကြိုက်သည့် ဆရာဦးမောင်မောင်

http://www.cherrythitsar.org



ကြည်က ဘားကတ်ရွာသားဖြစ်သည်။ ဘားကတ်ရွာမှာ ကျောင်းဆရာလုပ်ရာမှ ပင်စင်ယူထားပြီးဖြစ်သည်။ သူက ကျွန်မတို့ကို ကော့ဂွမ်းဂူကို လိုက်ပို့လို၍ ဖိတ်ကြားသွားခြင်း ဖြစ်ပါသည်။

ဆရာကြီး ဒေါက်တာနိုင်ပန်းလှကလည်း ကော့ဂွမ်းဂူကို သွားချင်နေသည်နှင့် အတော်ပဲဖြစ်သည်။ ကော့ဂွမ်းဂူကို သွားချင်ရသည့်အကြောင်းမှာ ကျွန်မတရားခံ ဖြစ်ပါသည်။

ပထမတစ်ခေါက် ဘားအံရောက်စဉ်က ကျွန်မတို့ ကော့ဂွမ်းဂူသွားကြောင်း ဆောင်းပါးရေးခဲ့ပြီးပါပြီ။ ဆောင်းပါးထဲတွင် ဆရာကြီး ဒေါက်တာနိုင်ပန်းလှ တွေ့ခဲ့သော ဗိဿနိုးရုပ်ကြီးကို မတွေ့ဟု ကျွန်မက ရေးခဲ့ပါသည်။ ဆရာကြီး ဆောင်းပါးထဲမှာ ဗိဿနိုးနတ်မင်းကြီးသည် ပင်လယ်တွင် နဂါးကြီးပေါ်မှာ လဲလျောင်းအိပ်စက်နေကြောင်း၊ ချက်မှ ကြာပန်းသုံးပွင့်ပေါ်ထွက်ကာ လက်ဝဲဘက် အပွင့်ပေါ်မှာ ဗြဟ္မာရုပ်၊ အလယ်မှာ ဗိဿနိုးဖြစ်၍ လက်ယာဘက်ကြာပွင့်ပေါ်မှာ မဟေသဝရခေါ် သီဝနတ်ရုပ်များဖြစ်သည်ဟု ဖော်ပြထားသည်။ ကျွန်မဆောင်းပါးထဲမှာ ထိုဗိဿနိုးနတ်ရုပ်ကြီးကို မတွေ့ခဲ့ပါဟု ရေးခဲ့ပါသည်။

ကျွန်မ ဆောင်းပါးကိုဖတ်ပြီး ဆရာကြီးက သူ အထင်အရှားတွေ့ခဲ့သော ဗိဿနိုးနတ်ရုပ်ကြီး ပျောက်သွားပါပြီ။ ကျန်သောကျောက်စာများကော ရှိပါသေးရဲ့လား။ သုတေသနသမားများပီပီ သူအလွန်တန်ဖိုးထားသော ရှေးဟောင်းပစ္စည်းများ မရှိတော့ပြီဟု ကျွန်မရေးသောဆောင်းပါးကို ဖတ်ရှုပြီး စိတ်မကောင်းဖြစ်နေပါသည်။ သုတေသနသမားများအဖို့ ရှေးဟောင်းပစ္စည်းများမှာ အဖိုးတန်လှပါသည်။ ထို့ကြောင့် ဘားအံကိုရောက်တုန်း ကော့ဂွမ်းဂူကိုပါသွားရန် စီစဉ်ကြပါသည်။

ထိုညက ကျွန်မတို့ ညစာစားစဉ် ဆရာလေး ဒေါ်ဟေမာရီနှင့် လက်ထောက်ဆရာလေးတို့က လာရောက်ဧည့်ခံပါသည်။ ကျွန်မတို့ကလည်း သီလရှင်တိုက်မှာ ညစာမစားလိုပါ။ သီလရှင်လေးများ ရှစ်ပါးသီလ စောင့်ထိန်းကြစဉ် ကျွန်မတို့ ညစာစားဖို့ စီစဉ်ရသည်ကို အားနာကြောင်း အဝင်းက ပြောပြပါသည်။

“အားမနာပါနဲ့ ဆရာမကြီးရယ်၊ ကျောင်းမှာ တစ်ဖက်တစ်လမ်း ဝင်ငွေရအောင်ရယ်၊ ဆရာလေးတွေ ဝေးတဲ့ရပ်ကွက်တွေ ဆန်ခံထွက်ရင် မပင်ပန်းအောင် ဆုံရပ်အထိလိုက်ပို့ဖို့ ကားတစ်စီးရှိတယ်။ ဒီကားမောင်းသူနှစ်ယောက်ကို ည

http://www.cherrythitsar.org



တိုင်း ထမင်းကျွေးရတော့ အထူးမလုပ်ရပါဘူး။ ဒါကြောင့် ဆရာမကြီးတို့ အားမနာပါနဲ့၊ တစ်ခုကလည်း သီလရှင်ဝတ်နဲ့မပျော်တဲ့ မိန်းကလေးတွေကို အသက်မွေးဝမ်းကျောင်းအတွက် ဖယောင်းတိုင်လုပ်ငန်းလေးလည်း ထောင်ပေးထားတယ်။ အဲဒီဝတ်ကြောင်နဲ့ သူငယ်မလေးတွေက ချက်ပေးတာပါ”

ဆရာလေး ဒေါ်ဟေမာရီက အားမနာဖို့ ရှင်းလင်းပြောပြပါသည်။

“ပြီးတော့ မနက်က တွေ့တယ်မို့လား၊ သီလရှင်လေးနှစ်ပါး၊ နောက်ဆုံးက လိုက်လာတဲ့ အငယ်ဆုံးလေးလေ”

ကျွန်မ ကောင်းစွာမှတ်မိ၍ သတိရမိပါသည်။

“တွေ့ပါတယ် ဆရာလေး”

“သူတို့ဆို ငါးနှစ်ကျော်ကျော်ကလေးပဲရှိသေးတာ၊ မိဘတွေက ပစ်ပြီး နယ်ခြားဘက် ကူးသွားပြီလေ”

ဆရာလေးစကားကြောင့် ကျွန်မ အံ့အားသင့်သွားပါသည်။

“သူတို့နှစ်ယောက် ကျောင်းရောက်လာတော့ ဆရာလေးက စဉ်းစားမိတယ်။ ဒီကလေးအရွယ် ဥပုသ်စောင့်ရရုံတင်မဟုတ် ဆရာလေးတို့က သက်သတ်လွတ်စားတော့ ကလေးတွေပါ သက်သတ်လွတ်စားရတာကို သနားတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ကို ညစာကျွေးတယ်လေ။ ကလေးတွေက ငယ်သာငယ်တယ်၊ အများမစားတဲ့အတွက် သူတို့နှစ်ယောက်လည်း မစားဘူးဆိုလို့ ချော့ကျွေးနေရတယ်”

ထမင်းစားပြီး အိပ်ရာဝင်သည်အထိ သီလရှင်လေးနှစ်ပါးကို မျက်စိထဲ မြင်ယောင်နေပါသည်။ ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုသလိုပဲ၊ အရွယ်မရောက်သေးသော ရင်သွေးငယ်များကိုထားရစ်ကာ မိဘများ တစ်ပြည်တစ်ရွာသို့ ထွက်ခွာသွားကြပြီ။ စွန့်ပစ်ခံအုတ်ကြားမြက်လေးတွေ ဆရာလေး ဒေါ်ဟေမာရီနှင့်သာ မတွေ့ပါက အုတ်ကြားမှာပဲ ခြောက်သွေ့ရာကြပေတော့မည်။ ဦးမောင်မောင်ကြည်ပြောသော ကျွန်မဝတ္ထု ‘အုတ်ကြားမြက်’ ကို တွေးရင်း ညဉ့်နက်မှ အိပ်ပျော်သွားပါသည်။

ဘားအံမှ မနက်စောစော ဦးကျော်မင်းစိန် ခေါင်းဆောင်၍ ဆရာကြီး ဒေါက်တာနိုင်ပန်းလှ၊ အဝင်း (ကလျာ)၊ ကျွန်မနှင့် တူဖြစ်သူ ကားမောင်းသူ မောင်အောင်သူတို့ ဘားကတ်ရွာကို သွားကြပါသည်။ ဘားကတ်ရွာ ရောက်တော့ . . .

http://www.cherrythitsar.org



ဦးမောင်မောင်ကြည်မှာ လိုက်လိုက်လှဲလှဲကြိုဆို၍ သူ့မိသားစုနှင့် မိတ်ဆက်ပေးပါသည်။ သူ့အိမ်လေးမှာ ပျဉ်ထောင် ခြေတံရှည်အိမ်လေးဖြစ်သည်။ တစ်ဖက်မှာ ဈေးဆိုင်လေးဖွင့်ထားသည်။ ကျွန်မတို့ကို ကော်ဖီများတိုက်ရင်း သူ့ဘဝကို ပြောပြသည်။ ကျောင်းဆရာဘဝနှင့်လုပ်ကိုင်နေစဉ်မှစ၍ ယခု ပင်စင်ယူသည်အထိ ကျူရှင်မပေးခဲ့ကြောင်း၊ တပည့်များလာမေးလျှင် အခမဲ့ စာသင်ပေးကြောင်း ပြောပြပါသည်။

"ကျွန်တော့်ဇနီးက ဒီဆိုင်လေးဖွင့်ပြီး ကျွန်တော့်ကို ရှာကျွေးနေတာပါ၊ ကျွန်တော်က တက္ကသိုလ်မှာကတည်းက စာသမား၊ စာရေးဆရာကြီးတွေကိုလည်း ချဉ်းကပ်ပေါင်းသင်းခဲ့တာ။ ဆရာမကြီးရဲ့ 'အုတ်ကြားမြက်' ကို ကျွန်တော် ခုထိ မမေ့တာက ကျွန်တော့်ဘဝကလည်း အုတ်ကြားမြက်လို စခဲ့ရတော့ ဒီဝတ္ထုလေးကို ဖတ်ဖတ်ပြီး အားတက်ခဲ့ရလို့ပါ"

သူက ရှင်းလင်းပြောပြပါသည်။ မကြာခင် လှေသမားရောက်လာ၍ သံလွင်မြစ်ကို ဆင်းခဲ့ကြပါသည်။ ဦးမောင်မောင်ကြည်၏ဇနီးက လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့်မုန့်များ ခြင်းတစ်လုံးနှင့် ထည့်ပေးလိုက်ပါသည်။

ပထမတစ်ခေါက်လာတုန်းကလို မိုးတွင်းမဟုတ်၍ ရာသီဥတုက ကြည်လင်ပါသည်။ လှေကလည်း ယခင်လို ပဲ့ချိတ်အသေးလေးမဟုတ်။ ၈ ပေလောက်ကျယ်ဝန်း၍ ၁၈ ပေလောက်ရှည်သော စက်တပ်လှေကြီး ဖြစ်ပါသည်။ ကလေးတွေပြောသလို ဝါသနာပါလျှင် ကလို့ပင်ရပါသည်။

ကော့ဂွမ်းဂူဆိပ်ကမ်းရောက်တော့လည်း ကုန်းမြေခြောက်ခြောက်ကို နင်း၍ သွားရပါသည်။ ယခင်လို ဗွက်တောကိုမဖြတ်ရပါ။ ဆေးရွက်ကြီးခင်းများကို ဖြတ်ကျော်ပြီး ကော့ဂွမ်းရွာကို ရောက်ပါသည်။ မိုင်ဝက်လောက်လျှောက်ပြီးမှ ကော့ဂွမ်းဂူကို ရောက်ပါသည်။

ဆရာကြီးနှင့် ဦးမောင်မောင်ကြည်တို့အုပ်စုမှာ နောက်က စကားပြောရင်း လိုက်လာကြပါသည်။ ကျွန်မနှင့် အဝင်းက ရှေ့မှသွားနှင့်ပါသည်။ ကော့ဂွမ်းဂူ အဝမှ စောင့်ရင်း သူတို့ကို ကြိုဆိုပါသည်။

ကျွန်မတို့ ယခင်တစ်ခါကတွေ့ခဲ့သော ကျောက်စာရှိသော ခေါင်းပြတ်ဆင်းတုတော်နှင့် ကျောက်ရုပ်တစ်ခုနားမှာ ကျွန်မနှင့် အဝင်း ရပ်နေပါသည်။ ရုပ်တုများကို သော့ခတ်ထားသော သော့မှာ ကျိုး၍ သံဆန်ခါတံခါးကလည်း ပွင့်နေသည်။ တစ်ဖက်က သံဆန်ခါခတ်ထားသော အခန်းကလည်း ပွင့်နေ

http://www.cherrythitsar.org



သည်။

ဆရာကြီး ဒေါက်တာနိုင်ပန်းလှမှာ တစ်ဖက်အခန်းကို မြင်မြင်ချင်း ဝမ်းနည်းပန်းနည်း ပြောပါတော့သည်။

"ကြည့်ပါဦးဗျာ၊ နံရံကကျောက်စာကို ကြည့်ပါဦး၊ အင်မတန်တန်ဖိုးရှိတဲ့ ကျောက်စာ၊ အဲဒီအပေါ် ဘယ်သူတွေ လက်သရမ်းလဲမသိ"

ဆရာကြီးပြောမှ ကျွန်မတို့ကြည့်တော့ ကျောက်စာပေါ်မှာ ရေးခြစ်ထားလိုက်ကြသည့် မြေဖြူတွေ နှုတ်ဆက်စာ၊ အလွမ်းစာတွေမှာ ပွစိတက်နေသည်။

"ကဲဗျာ၊ ဒီကျောက်စာကို ဘယ်လိုလုပ် ကာကွယ်ပါ့မလဲ"

ဆရာကြီးက ပြောပြောဆိုဆို ကျွန်မနှင့်အဝင်း ထိုင်နေရာသို့ ရောက်လာပါသည်။ ကျွန်မတို့ရှေ့ သံဆန်ခါတံခါးပျက်အတွင်းရှိ ရုပ်တုများကိုကြည့်ရင်း အော်ပါတော့သည်။

"အမလေး စာရေးဆရာမကြီးတွေ၊ ဗိသနိုးရုပ်တုကြီးကို မတွေ့ခဲ့ဘူးဆို"

ကျွန်မနှင့် အဝင်းမှာ မျက်လုံးပြူးသွားပါသည်။ ခေါင်းပြတ်နေသောရုပ်တုနားမှာ ကျောက်ရုပ်တစ်ခုကို ဆရာကြီးက လက်ညှိုးညွှန်ပြနေသည်။

"ဆရာ့ဆောင်းပါးထဲမှာရေးထားတာ ဒီရုပ်တုလေ၊ ဒါက ဗိသနိုးနတ်ကြီး ပင်လယ်ထဲမှာ မြွေနဂါးပေါ်အိပ်နေတာ၊ ဒါက ချက်ကထွက်တဲ့ ကြာပွင့်သုံးပွင့်၊ ကြာပွင့်ပေါ်က နတ်ရုပ်တွေက ဗြဟ္မာ၊ ဗိသနိုးနှင့် သီဝနတ်တွေ ဖြစ်တယ်"

ဆရာဦးမောင်မောင်ကြည်နှင့် လိုက်ပါလာသူတွေမှာ ကျောက်ရုပ်တုများကို အသေအချာကြည့်ကြသည်။

အဝင်းက ကျွန်မနားနား ကပ်ပြောသည်။

"မမစုရေ၊ အဝင်းတို့တော့ တရားခံဖြစ်ပြီ"

ကျွန်မကလည်း ဝမ်းထဲကရယ်ချင်သည်။ ကျွန်မတို့ ပထမလာစဉ်က ထိုကျောက်ရုပ်ကြီးကိုတွေ့သား။ သို့သော် ဗိသနိုးနတ်ရုပ်တုဟုမထင်။ ရေပေါ်မျောနေသည်ဆိုတော့လည်း ရေကို ကျောက်သားဖြင့် ဘယ်လိုပုံဖော်မှန်းမသိ။ ကျွန်မမျက်စိထဲမှာ အရုပ်တစ်ခုပက်လက်လှန်နေသလိုပဲ တွေ့ရသည်။ ပြီးတော့ ကျွန်မက ချက်ကိုပဲ လိုက်ရှာသည်။ ချက်ပေါ်က ကြာပင်သုံးပင် ပေါက်ရမည် မဟုတ်ပါလား။ ဆရာကြီး ရှင်းပြမှ အပေါ်ဘက် ကြာပန်းများပေါ်တွင်ရှိသော နတ်ရုပ်သုံးခုမှာ ဗိသနိုးနတ်ကြီးချက်မှပေါ်လာသော ကြာပွင့်ပေါ်မှ နတ်မင်းများဖြစ်သည်။ ဟိန္ဒူအယူဝါဒပင် ဖြစ်ပါသည်။

http://www.cherrythitsar.org



ဆရာကြီးကတော့ အဖိုးတန် ရှေးဟောင်းလက်ရာများ အကာအကွယ်မရှိ သံဆန်ခါ ကာထားသည်ကလည်း မလုံမလဲ ပွင့်ဟနေသည်ကို ဝမ်းနည်းစကား ပြောနေစဉ် ကျွန်မနှင့်အဝင်းက ဂူထဲဝင်ကာ ထိုင်နေလိုက်ကြသည်။

“ပထမတစ်ခါလာတုန်းက ဆရာပြောတဲ့ ဗိဿနိုးရုပ်ကို အဝင်းဖြင့် ဒီဂူထဲမှာပဲ ရှာမိတယ်။ အဝင်ဝကအရုပ်ကို ဗိဿနိုးလို့မှ မထင်ဘဲ”

အဝင်းကပြော၍ ကျွန်မကလည်း ရယ်မိသည်။

“အဝင်းရေ၊ သုတေသနသမားနဲ့ ဝတ္ထုရေးဆရာ ဘယ်တူမလဲ၊ သူတို့က ကျောက်ရုပ်တစ်ခုတွေ့ရင် ဘာရုပ်လဲ၊ ဘယ်နှခုနှစ်လက်ရာလဲ၊ ဘယ်ယဉ်ကျေးမှုနဲ့ ဆက်နွှယ်နေလဲ လေ့လာနေကျဆိုတော့ သိမှာပေါ့။ မစုဖြင့် ခုထိ ဗိဿနိုးနတ်ကြီး ချက်ကထွက်တဲ့ ကြာပင်ပဲ ရှာတုန်း”ဆို၍ ရယ်မိနေစဉ် ဆရာကြီးတို့ ရောက်လာ၍ ကျွန်မရုရနေလိုက်ရပါသည်။ ခေတ္တအပန်းဖြေစဉ် ဦးမောင်မောင်ကြည်ဇနီး ထည့်ပေးသော လက်ဖက်သုပ်၊ ရေနွေးကြမ်း၊ မုန့်များကို စား၍ ဆရာကြီးနှင့် ဦးမောင်မောင်ကြည်တို့ ပြောသမျှ နားထောင်ရပါသည်။ ဦးမောင်မောင်ကြည်မှာ အတော်စာဖတ်သူဖြစ်၍ စကားပြောကောင်းပါသည်။

ဆရာကြီးကလည်း ရန်ကုန်ပြန်ရောက်လျှင် တန်ဖိုးကြီးသော ရှေးဟောင်းလက်ရာများကို လုံခြုံအောင်ကာကွယ်ဖို့ သက်ဆိုင်ရာကိုပြောမည်ဟု ဆိုပါသည်။

တစ်နာရီလောက်နားပြီး နေမပူခင် ဘားကတ်ရွာသို့ ပြန်လာခဲ့ပါသည်။ ဦးမောင်မောင်ကြည်၏ အိမ်လေးရှေ့မှာ ကွင်းတစ်ခုခြား၍ သူအလုပ်လုပ်ခဲ့သော အထက်တန်းကျောင်းကြီး ရှိပါသည်။

သူတို့အားလုံးကိုနှုတ်ဆက်၍ ကျွန်မတို့ ပြန်လာပါသည်။ ဦးကျော်မင်းစိန်ကို မြိုင်ကလေးမှာထားရစ်၍ ကျွန်မတို့ ရန်ကုန်ပြန်ခဲ့ပါသည်။

မတ်လ ၃၁ ရက် နံနက်ကတည်းက ရန်ကုန်မှ ပြန်ရောက်ရောက်ချင်း ဦးကျော်မင်းစိန်မှာ တစ်ချက်ကလေးမှ မနားရသေးပါ။ ကျွန်မတို့နှင့် လမ်းခွဲသွားသော ဧပြီလ တစ်ရက်နေ့ကျမှပင် သူ့ခမျာ နားရတော့မည်ထင်ပါရဲ့။

## အခန်း (၂)

**ဘဝအစ**

အပြန်တွင် တစ်လမ်းလုံး အိမ်ရောက်သည်အထိ ဦးမောင်မောင်ကြည် ပြောသော ‘အုတ်ကြားမြက်’ဝတ္ထုတိုလေးကို သတိရနေသည်။ ထိုဝတ္ထုရေးစဉ်က

http://www.cherrythitsar.org



ခင်နှင်းယု ကလောင်အမည်တက်စရှိသေးသည်။ ၁၉၅၀ ခု ပတ်ဝန်းကျင်လောက် ရှိမည်။ ကျွန်မသည် ဘာမှ အမှတ်အသားထားသူမဟုတ်၍ ဘယ်မဂ္ဂဇင်းမှာ ပါသည်ကိုပင် သတိမရပါ။ သို့သော် ရေးခဲ့သော အခြေခံအကြောင်းရင်းတို့ကို တော့ သတိရနေသည်။ ဒီဝတ္ထုလေးဖြစ်ပေါ်အောင် ဖြတ်သန်းခဲ့ရသော ဘဝ ပတ်ဝန်းကျင်နှင့် ရင်ထဲမှာ ခံစားခဲ့ရသော ဝေဒနာ။ ထိုဝေဒနာလှုံ့ဆော်ချက်ဖြင့် ပေါ်လာခဲ့ရသော ဝတ္ထုလေး။

ယခုလည်း သီရိဟေမာ စာသင်တိုက်မှာ တွေ့ခဲ့ရသော သီလရှင်လေး များအနက်မှ ငါးနှစ်ကျော် သီလရှင်လေးနှစ်ပါးကို မျက်စိထဲမှ မထွက်။ သူတို့မိဘများ ထွက်ခွာသွားကြပြီ။ ဒေါ်ဟေမာရီ၏ သီရိဟေမာ စာသင်တိုက်သာ မရှိခဲ့သော် ကလေးငယ်တို့ဘဝ မတွေးဝံ့တော့ပြီ။ တစ်နည်းတစ်လမ်းတော့ ဖြစ်သွားမည်ဆိုပေမဲ့ ကိုယ့်ရင်သွေးလို စာနာ၍ မွေးစားမည့်သူလက် ရောက်ပါက တော်သေးသည်။ တချို့က ငယ်ငယ်ကတည်းက ခိုင်းစားလို၍ မွေးစားသူများ ရှိသည်။ ထိုကလေးများကဲ့သို့ အုတ်ကြားမြက်ကလေးတွေ နွေမှာ သွေ့ခြောက် ၍ မိုးကျလာမှ အုတ်ကြိုအုတ်ကြားမှ ရှင်သန်လူးလွန့်၍ ကမ္ဘာလောကကို ကြည့်ခွင့်ရသူများ၊ သူတို့ဘဝကို ကျွန်မ စာနာမိပါသည်။

တော်ပါသေး၊ ကိုယ့်ကိုယ်ကို 'အုတ်ကြားမြက်'ဘဝထား၍ အခြေခံကာ ထိုဝတ္ထုတိုလေးရေးခဲ့ပေမဲ့ ယခုသီလရှင်လေးနှစ်ပါးကိုမြင်ရတော့ "ငါ့ဘဝ ငါစိတ်အားငယ်ပြီး အုတ်ကြားမြက်နဲ့နှိုင်းပြီး ခံစားရသမျှ ရေးခဲ့ပေမဲ့ သီလရှင် လေးတွေလို ငါ့မှာ မိဘ မမဲ့ခဲ့ဘူး။ ဖေဖေက ဒုက္ခိတဆိုပေမဲ့ သားသမီးတွေကို ကြင်နာယုယမှုပေးတယ်။ မေမေက စည်းကမ်းတကျ ကြီးပြင်းအောင် ထိန်းသိမ်း ပြုပြင်ခဲ့တယ်"ဟု စိတ်ဖြေမိသည်။ ယခုတော့လည်း ကျွန်မသည် မြက်တော့ မြက်မျိုးနွယ်ဝင်ပါပဲ။ ဒါပေမဲ့ ကျွန်မက သူဌေးအိမ်က အလှကြည့်မြက်ခင်း၊ မိုးရေနှင့်တကွ နွေမှာလည်း ရေမပြတ် ဆွတ်ဖျန်း၍ ၁၂ နာရီ ရေမပြတ်ရသော မြက်ခင်းစိမ်းလေးပဲပေါ့။ အမြဲစိမ်းလန်းသောမြက်တော ဖြစ်နေသည်။

ယခုလိုပဲ နွေအနှောင်း၊ မိုးအစမှာပဲ စိန်ပန်းနီနီတို့ ပင်လုံးကျွတ် ပွင့်နေ ကြဆဲ ရဲရဲနီနေကြသည်။ အနီရောင်ကို သုံးရောင်ခြယ်အလံသီချင်းမှာ စာဖွဲ့စဉ် က...

"အဝါရောင်ဆိုတာကတော့ ဘာသာရေး၊ သာသနာရေး၊ ပညာတွေ တိုးရမည်။ အစိမ်းရောင်ဆိုတာကတော့ စပါးဆန်ရေ ရတနာ ရွှေ ငွေ အထွေ

http://www.cherrythitsar.org



ထွေ ပေါ်ရမည်။ အနီရောင်မြင်သူ အသည်းမှာ ရဲစိတ်ရဲမာန် ထက်သန်ရမည်” ဟု အနီရောင်ကို ဖွဲ့ခဲ့ပါသည်။

ဒီသီချင်းကို ကျွန်မ ရပေမဲ့ ကျွန်မကတော့ အနီရောင်ကို ခံစား၍မရ။ အထူးသဖြင့် စိန်ပန်းနီနီကို ကြည့်မရ။ အမှန်တော့လည်း စိတ်ခံစားချက်ဝေဒနာ ကြောင့် အယူအဆကွဲလွဲကြရခြင်းပါပဲ။ ကျွန်မ ကိုကိုးကျွန်းဆောင်းပါးရေးသလို ပတ်ဝန်းကျင်က စိတ်ကို လွှမ်းမိုးပါသလော။ စိတ်က ပတ်ဝန်းကျင်ကို လွှမ်း မိုးပါသလော။ ကျွန်မအတွက် အခိုက်အတန့်တွေ့ကြုံခံစားခဲ့ရသောစိတ်ကြောင့် အနီရောင်အပေါ် သူတို့ရေးသားသလို မခံစားမိခြင်းဖြစ်ပါလိမ့်မည်။

ယခု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ရှိသော တာဝါလိန်းလမ်း၊ ထိုလမ်းလေး သည် ဖဆပလဌာနချုပ် (ယခု ပန်းချီပန်းပုကျောင်း) နှင့် မဝေးလှ။ ထိုနေ့က အိမ်တစ်အိမ်ကို ရှာရန်အတွက် ကျွန်မတစ်ယောက်တည်း ဖဆပလရုံးမှထွက်ကာ ကန်တော်ကြီးပတ်လမ်းကိုချိုး၍ လျှောက်ခဲ့သည်။ တာဝါလိန်းလမ်းထဲဝင်၍ တဖြည်းဖြည်းလျှောက်လာခဲ့သည်။ ဗိုလ်ချုပ်အိမ်ရှေ့လောက်တွင် ညာဘက်ကို ချိုးကွေ့လိုက်လျှင် ရွှေကြက်ယက်ဘုရားရှိသော တောင်ကုန်းကို ဘယ်ဘက် သစ်ပင်အုပ်တွေကြားမှာ မြင်နေရသည်။ လမ်းကလည်း ဂဝံကျောက်များ၊ အုတ်ခဲများ ခင်းထားသည်ဆိုပေမဲ့ ကြမ်းလိုက်သည်မှာ ချိုင့်တွေ ခွက်တွေနှင့်။ မနည်းသတိထားလျှောက်နေရသည်။ ပတ်ဝန်းကျင်မှာ အိမ်ခြေက ကျဲသည်။ သစ်ပင်တွေက အုပ်ဆိုင်းနေသည်။ တောထဲကို တစ်ယောက်တည်း လျှောက်နေ ရသလိုပင်။ နေပြင်းပေမဲ့ သစ်ပင်ရိပ်မပြတ်၍ တော်ပါသေးသည်။ ဘယ်လောက် ဝေးဝေး လျှောက်ရမည်ကိုလည်း ကျွန်မမသိ။ လမ်းဘေးနှစ်ဖက် သစ်ပင်တန်း တွေထဲမှာ စိန်ပန်းပင်သည် ပင်လုံးကျွတ် ရဲရဲနီအောင်ပွင့်နေသည်။ ကောင်းကင် ပြာနှင့် လိုက်ဖက်တင့်မောသည်ဆိုရပေမဲ့ ကျွန်မစိတ်က မကြည့်ချင်။ အားငယ် နေသောစိတ်ကို စိန်ပန်း၏အနီရောင်သည် မြှင့်တင်၍မပေးနိုင်။

မိုးသားတွေက ညို့လာလိုက်၊ နေရောင်က လင်းလာလိုက်နှင့် လမ်းဘေးရှိ ခြံကြီးတွေထဲမှာ အိမ်တွေ၊ တိုက်တွေကလည်း လမ်းနှင့်ဝေးလှပါသည်။ မသမာ သူတစ်ယောက်ယောက်နှင့်တွေ့လျှင် ခြံထဲရှိ တိုက်ပေါ်ကလူများ မကြားနိုင်ပါ။ အမှန်တော့ ကျွန်မလျှောက်နေသောလမ်းသည် ကျွန်မ၏အနာဂတ်တွင် လျှောက် လှမ်းရမည့် ဘဝအခြေအနေကို နိမိတ်ပြနေသည်ထင်ပါသည်။ ပူတစ်ခါ အေး တစ်လှည့်ပဲပေါ့။ လူသွားလူလာကလည်း ပြတ်လိုက်တာ။ ကျွန်မ ဆက်လက်

http://www.cherrythitsar.org



လျှောက်ရင်း ချွေးပြိုက်ပြိုက်ကျလာသည်။ ဝဲယာမှာရှိသော စိန်ပန်းပင်များ ကြိုးကြားကြိုးကြား ပွင့်နေသည်ကို မော်မကြည့်တော့။ ခဲလုံးတွေ၊ ဂဝံကျောက်တွေကို ခလုတ်တိုက်မိမှာစိုးလို့ ခေါင်းငုံ့ပဲလျှောက်လာပါသည်။ အမှန်တော့ တာဝါလိန်းလမ်းအဆုံးကျတော့မှပဲ ကျွန်မရှာသောအိမ်ကို တွေ့ပါသည်။ အိမ်ကြီးက ခြံဝင်းကျယ်ပါသည်။ ခြံ၏တစ်ဖက်မှာ ပတ်လိန်းနှင့်နီး၍ ပတ်လိန်းက သာဝင်လျှင် တာဝါလိန်းကဝင်သည်ထက် နီးပါသည်။ ဒါပေမဲ့ ဖဆပလမှ ကန်တော်ကြီးပတ်လမ်းကိုလျှောက်၍ ပတ်လိန်းအထိ လျှောက်ရမှာပဲဖြစ်သည်။ မထူးတော့ပါ။

"အမှတ် ၁၆ ရော်ရှီဗျူ"ဟူသော ဆိုင်းဘုတ်ကို ခြံဝမှာတွေ့ရမှ စိတ်အေးသွားပါသည်။ သခင်စိန်ရ ညွှန်ကြားလိုက်သောခြံ ဖြစ်ပါသည်။

ဤတာဝါလိန်းခြံကြီးသည် အုတ်ကြားမြက်ဘဝမှ လူးလွန့်တိုးထွက်ရာ ဘဝအစ အခြေခံပါပဲ။

## ကွန်းတစ်ထောက်

ခြံဝကိုရောက်တော့ ကျွန်မ အမောပြေသွားပါသည်။ ခြံဝင်းကြီးသည် ၁ ဧက လောက်ကျယ်၍ အိမ်က ၃ ပုံ ၁ ပုံလောက် နောက်ဘက်ကပ်၍နေရာယူထားသည်။ တောင်ကုန်းမဟုတ်သော်လည်း ကုန်းမြင့်ပေါ်မှာ တည်ဆောက်ထားသော တစ်ထပ်တိုက်ဖြစ်သည်။ တိုက်၏ရှေ့ဘက်မြေမှာ ကျယ်ဝန်းလှ၍ ပန်းစိုက်ဖို့ ကောင်းပါသည်။ သို့သော် မြက်ခင်းပဲတွေ့ရ၍ အိမ်အနီးတစ်ဝိုက်မှာပဲ ပန်းခင်းများကိုတွေ့ရသည်။

ဝင်းတံခါးများ စေ့ရုံစေ့ထား၍ ကျွန်မ တံခါးဖွင့်ကာ ခြံထဲဝင်သွားပါသည်။ အိမ်ဝ သံဆွဲတံခါးကိုတော့ သော့ခတ်ထားပါသည်။ တံခါးဘေးရှိ ဘဲလ်ကို နှိပ်လိုက်တော့ အသက်သုံးဆယ်လောက် အမျိုးသမီးတစ်ယောက် ထွက်လာသည်။ ပိန်ပိန်သွယ်သွယ်၊ အသားလတ်လတ်၊ နှာတံမပေါ်တပေါ်၊ မျက်နှာကလည်း သွယ်၍ နှုတ်ခမ်းက ပြုံးသယောင်ယောင်နှင့် ဖော်ရွေပုံရပါသည်။

"ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ"

အမျိုးသမီးက မေးလိုက်သည်။

"ကျွန်မ မခင်စုပါ၊ သခင်စိန်ရက လွှတ်လိုက်လို့ ဒေါ်စီစီနဲ့ တွေ့ရအောင်လာတာ"

http://www.cherrythitsar.org



"သြော်...ဟုတ်တယ်၊ ဟုတ်တယ်၊ မနက်က သခင်စိန်ရက ပြောသွားတယ်။ ကျွန်မက သခင်စိန်ရဇနီး မသန်းတင်ပါ" သူက ပြောပြောဆိုဆို သော့ယူ၍ သံဆွဲတံခါးကို ဖွင့်ပေးပါသည်။ သူကြို့ဆိုပုံမှာ လိုက်လှဲဖော်ရွေ၍ ကျွန်မ အားတက်သွားပါသည်။

"ထိုင်ပါ၊ ကြီးကြီးဒေါ်စီစီကို သွားခေါ်လိုက်ပါဦးမယ်"

ကျွန်မကို ဧည့်ခန်းမှာနေရာပေး၍ သူ အထဲဝင်သွားပါသည်။ တစ်ထပ်တိုက်ပေမဲ့ အတွင်းမှာ အခန်းများဖွဲ့ထားသည်မှာ တော်တော်ကျယ်ဝန်းပုံရပါသည်။ တရုတ်အမျိုးသားကြီးတစ်ဦး၏ပုံကို ဧည့်ခန်းခေါင်းရင်းဘက် နံရံမှာ ဆွဲချိတ်ထားပါသည်။ ကျွန်မ ခြံဝတွင်တွေ့ခဲ့သော "ရော်ရှီဖုံ"ဟူသော သူဌေးကြီး ဖြစ်ပါလိမ့်မည်။

မကြာခင် ဒေါ်သန်းတင်နှင့် အဘွားကြီးတစ်ဦး ဧည့်ခန်းသို့ ဝင်လာသည်။ အသက် ၆၀ လောက် ရှိပုံရသည်။

"ကြီးကြီး သူက မခင်စု"

ကျွန်မက ဝင်လာသူ အမျိုးသမီးကြီးကို မတ်တတ်ရပ်၍ ဂါရဝပြုလိုက်ပါသည်။ အဘွားကြီးသည် ကျွန်မနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"ထိုင်ပါ၊ ထိုင်ပါ၊ ကြီးကြီးက ဒေါ်စီစီပါ၊ မနက်ကတည်းက မောင်စိန်ရ အပြင်မသွားခင် မှာသွားတယ်။ မခင်စုလာမယ်တဲ့"

"ဟုတ်ကဲ့"

"သမီးတို့က ကြီးကြီးတို့ခြံထဲမှာ ငှားနေချင်တယ်ဆို"

"ဟုတ်ပါတယ် ကြီးကြီး"

"အေး... အိမ်ကိုကြည့်ဦးပေါ့၊ ကြီးကြီးက သမီးလေးနဲ့ နှစ်ယောက်တည်းနေတာ၊ မသန်းတင်က တူမပေါ့။ သူတို့လင်မယား အဖော်ရှိလို့ တော်သေးတာပေါ့။ ခြေရင်းဘက် အိပ်ခန်းနှစ်ခန်းကတော့ ပညာဝန် ဒေါ်မြရွှေကို ငှားထားပါတယ်။ လူတွေက လူအေးတွေပါ"

မကြာခင် ဒေါ်သန်းတင်က ကော်ဖီလာချ၍ ကျွန်မတို့အနား လာထိုင်သည်။

"မမသန်းတို့ကလည်း အဖော်ရမှာမို့ ဝမ်းသာနေတာ၊ ကိုစိန်ရက ပြောတယ်။ မခင်စုက သူနဲ့ ဝါးခယ်မမှာ သခင်ဘဝတုန်းက အတူတွဲလုပ်ခဲ့တဲ့ သခင်မောင်မောင် (ဗိုလ်မှူးသီဟ)ရဲ့ နှမတဲ့။ အခု နောက်ဘက်တန်းလျားမှာ ကိုစိန်ရ

ညီ ဟန်ကန်းတို့ လင်မယားလည်း လာနေတယ်။ သူ့မိန်းမက မြင့်မြင့်လေ၊ ဝါးခယ်မကပဲ။ မစုတို့ သိမှာ”

ကျွန်မမှာ ဝမ်းသာသွားပါသည်။ မြင့်မြင့်မှာ စက်သူဌေး ဦးထော်ကင်း သမီးဖြစ်၍ ကိုဟန်ကန်းနှင့်ယူသည်ကို သဘောမတူသောကြောင့် မိဘများ စွန့်ထားသောသမီး ဖြစ်သည်။ ဝါးခယ်မကတည်းက ခင်ပါသည်။ ဖြူဖြူဝဝ ပုပုချောချောလေး ဖြစ်ပါသည်။ မျက်လုံးက ဝိုင်းစက်၍ သဘောကောင်းပါသည်။

“မခင်စုတို့က မိသားစု ဘယ်နှယောက်လဲ”

ဒေါ်စီစီက မေးပါသည်။

“အခုမှ မေမေတို့ကို ဝါးခယ်မကခေါ်ရမှာပါ။ မစုက ဖဆပလ အစေခံ တန်းလျားမှာ မခင်နုနဲ့ အတူနေပါတယ်။ မခင်နုကိုလည်း သခင်စိန်ရက သိပါ တယ်။ ဝါးခယ်မတစ်ဖက်ကမ်း တရုတ်တန်းမှာနေပါတယ်။ သခင်စိန်ရတို့ အိမ်နားမှာပါပဲ။ မေမေတို့လာရင် ဖေဖေရယ်၊ မမနဲ့ ကျွန်မညီမ အငယ်နှစ်ယောက် ပါလာမယ်။ မေမေက သမီးပျိုလေးတွေချည်းပဲဆိုတော့ ရန်ကုန်မြို့ထဲမှာ မနေ ချင်ဘူး။ သီးသန့်နေချင်တယ်ဆိုလို့ပါ”

ထိုစဉ်က ကျွန်မညီမအငယ်ဆုံး နုနုဆွေမှာ ၁၂ နှစ်သမီးလောက်ပင် ရှိပါ ဦးမည်။ ကျွန်မက ကြီးကြီးဒေါ်စီစီကို ရှင်းလင်းပြောပြရသည်။

“အမှန်တော့ သမီးတွေထက် ဖေဖေ့ကြောင့် မေမေက သီးသန့်ခြံလေးနဲ့ နေချင်တာပါ။ နောင်အတူနေရမှာမို့ ပွင့်ပွင့်လင်းလင်းပြောထားပါရစေ။ သခင် စိန်ရကလည်း သိပြီးသားပါ။ ဖေဖေက စိတ်ဝေဒနာသည်၊ စိတ်မမှန်ဘူး။ စိတ်မမှန်ဘူးဆိုတာ လမ်းလျှောက် ပြေးလွှားနေတာမျိုး၊ စားရမှန်း၊ အိပ်ရမှန်း မသိတာမျိုး မဟုတ်ပါဘူး။ နားက မကြားဘူး၊ သူထင်တာ သူစွတ်လုပ်တတ် လို့ပါ။ ဝါးခယ်မအိမ်က မြေပိုရှိတော့ ဖေဖေက စိုက်တာပျိုးတာ ဝါသနာပါတယ်။ ကြီးကြီးတို့ကလည်း ဝါးခယ်မအဆက်ဆိုတော့ ဖေဖေ့ကို နားလည်မှာပဲဆိုပြီး သခင်စိန်ရပြောတဲ့အတိုင်း လာငှားတာပါ”

“ရပါတယ်ကွယ်၊ တစ်ယောက်တစ်ယောက် ပြန်စောင့်ရှောက်ရတာပေါ့။ မိန်းမပျိုလေးတွေဆိုတော့လည်း ဒီလို ခြံနဲ့ဝင်းနဲ့နေရတာ ကောင်းပါတယ်။ လုံခြုံမှုရှိပါတယ်။ ကဲ...မသန်းတင် အိမ်လိုက်ပြလိုက်”

ဘုရားသိကြားမလို့ သူတော်ကောင်းနှင့် တွေ့ရသည်။ ဒေါ်စီစီမျက်နှာသည် ဖြူဖြူအိအိနှင့် ချိုပြုံးရွှန်းပနေပါသည်။ ဝဝဖိုင့်ဖိုင့် စကားပြောအေး၍ နူးညံ့

http://www.cherrythitsar.org



ပျော့ပျောင်းပုံရပါသည်။ တရုတ်ကပြား ဖြစ်ဟန်တူသည်။

ဒေါ်သန်းတင်ခေါ်သွား၍ အိမ်လေးကို လိုက်ကြည့်ရသည်။ အိမ်လေးသည် ဒေါ်စီစီ၏ တိုက်ခေါင်းရင်းဘက်နှင့် ပေ ၂၀ လောက်ဝေးသည်။ အိမ်လေး ခေါင်းရင်းမှာ ခြံစည်းရိုးပဲရှိသည်။ ဧည့်ခန်းလေးက ၁၀ ပေခန့်ကျယ်၍ ဧည့် ခန်း နောက်ဘက်မှာ အိပ်ခန်းနှစ်ခုနှင့် ထမင်းစားခန်းရှိသည်။ ၁၀ ပေလောက် ကျယ်သော ထမင်းစားခန်းက မီးဖိုနှင့်ဆက်ထားသည်။ မီးဖိုလေးကတော့ဖြစ်ရုံ လောက်ပါပဲ။ ၆ ပေလောက်ပဲကျယ်မည်။ မီးဖိုအပြင်ဘက်မှာ သံစည်ပိုင်း ပေပါ နှစ်လုံးရှိသည်။ ပေ ၃၀ လောက်ဝေးသော နောက်ဘက်ခပ်လှမ်းလှမ်းမှာ ရေတွင်း တစ်တွင်းရှိ၍ အစေခံတန်းလျားမှာ ကျင်းတူးအိမ်သာရှိပါသည်။ သကြားပင်၊ သရက်ပင်၊ ပိန္နဲပင်တွေနှင့် နောက်ဘက်သည် အုံ့ဆိုင်းညိုမှိုင်းနေသည်ကတော့ ပျော်စရာလေးပါပဲ။ ဒေါ်သန်းတင်က အိမ်ကို စုံအောင်လိုက်ပြပါသည်။

"အိပ်ခန်း နှစ်ခုမှာ ခုတင် တစ်ခုစီရှိတယ်၊ မစုတို့သုံးပေါ့။ ဧည့်ခန်းက ဆိုဖာလည်း ပြန်မယူပါဘူး။ ထမင်းစားပွဲလည်း တစ်လုံးယူထားပေါ့"

မမသန်းပြသော ဆိုဖာမှာ ဧည့်ခန်းအရှေ့ဘက် နံရံမှာကပ်ထားသော နှစ်ယောက်ထိုင် ဆိုဖာဟောင်းတစ်ခုဖြစ်သည်။ တော်ပါသေး။ မေမေတို့လာလျှင် အဝတ်အစားသေတ္တာပဲပါမည်။ ခုတင်၊ ကုလားထိုင်၊ စားပွဲခုံတို့ ပါလာမည် မဟုတ်သောကြောင့် မမသန်းတို့ပေးထားသည်နှင့် အတော်ပါပဲ။ အိမ်လေးက တော့ သွပ်မိုးထရံကာ ပြတင်းပေါက်များမှာတော့ မှန်တပ်ထားသည်။

"မမသန်းရယ် ကြီးကြီးဒေါ်စီစီကို မေးပေးပါဦး၊ မစုတို့ အိမ်လခ ဘယ် လောက်ပေးရမလဲ"

"မေးစရာမလိုဘူး၊ မမသန်းကိုပြောထားတယ်။ တစ်လ ၅၀ ကျပ် ပေးရ မယ်"

"ဒီလိုဆို မစု ပြန်ဦးမယ်၊ ရုံးလည်းတက်ရဦးမယ်။ မေမေတို့ကိုလည်း ခေါ်ရဦးမယ်။ ကျေးဇူးတင်ပါတယ် မမသန်းရယ်။ ကိုယ့်ဝါးခယ်မအဆက်တွေနဲ့ တွေ့ရတော့ အားရှိတာပေါ့။ မြင့်မြင့်တို့လည်းပြောလိုက်ပါ၊ ပြောင်းလာမှ တွေ့ ကြတာပေါ့"

"ပြောလိုက်မယ်၊ မြို့ထဲခဏသွားတာ၊ မကြာခင်ပြန်လာမှာ"

ကျွန်မသည် မမသန်းနှင့်အတူ အိမ်ထဲပြန်ဝင်လာ၍ ဒေါ်စီစီကို အိမ်လေး ကိုကြိုက်၍ နေမည့်အကြောင်းပြောကာ နှုတ်ဆက်၍ ပြန်လာခဲ့ပါသည်။

http://www.cherrythitsar.org



တစ်လမ်းလုံးတော့ စဉ်းစားလာမိသည်။ ကျွန်မအတွက် အပန်းမကြီး။ ကျွန်မသည် မခင်နုနှင့် ဖဆပလအစေခံတန်းလျားမှာ တစ်နှစ်လောက်နေခဲ့ဖူးပြီ။ အခန်းလေးက ၆ ပေလောက်ပင်ရှိမည်။ ခနိမိုးထား၍ မိုးရွာလျှင် မိုးမလုံ၊ သူငယ်ချင်းနှစ်ယောက် ပထမ ထမင်းလခပေးစားသေးသည်။ ထိုစဉ်က ဖဆပလနှင့် မဝေး။ ကန်တော်ကြီးစောင်း၊ ဗဟန်းမုခ်ရှေ့ဘက်မှာ ဆိုင်ခန်းတွေ၊ အိမ်ခန်းတွေရှိသည်။ ယခင်က မြိုင်ဇာတ်ရုံရှိသောနေရာဖြစ်သည်။ ဤနေရာမှာ ထမင်းဆိုင် ဖွင့်ထားသော ဝါးခယ်မက အသိလင်မယားနှစ်ယောက်ထံ ချိုင့်ဆွဲစားကြသည်။ ထမင်းတစ်ချိုင့်ကို တစ်လ ၄၀ ကျပ်ပေးရသည်။ ကျွန်မလခက တစ်လ ၁၅၀ ကျပ်။ မေမေတို့ဆီ ၁၀၀ ကျပ် ပို့၍ ထမင်းလခ ၄၀ ကျပ်ပေးလျှင် ကျန် ၁၀ ကျပ်နှင့် ကျွန်မ တစ်လနေရသည်။ မြိုင်ရုံဖျက်၍ ဆိုင်တွေဖျက်လိုက်တော့ ကျွန်မတို့နှစ်ယောက် ကိုယ့်ဘာသာချက်စားကြသည်။ ကျဉ်းကျဉ်းကျုတ်ကျုတ်နေတတ်သွားပြီ။ ခြစ်ခြစ်ခြုတ်ခြုတ်လည်း သုံးတတ်သွားပြီ။ မမတို့၊ မေမေတို့မှာ စီးပွားရေးအနေနှင့်သာ ကျဆင်းသွားပေမဲ့ နေသောအိမ်က လေးပင်သုံးခန်းနှစ်ထပ်အိမ်ကြီးမှာ နေကြသူတွေ။ ယခု တာဝါလိန်းအိမ်လေးက ဝါးခယ်မအိမ်မီးဖိုဆောင်လောက်ပင်ရှိမည်။ မေမေတို့ စိတ်ကျဉ်းကျပ်လေမလား။ ဒါထက်ကောင်းသောအိမ်ကိုလည်း ကျွန်မ မငှားနိုင်။ ကျွန်မလခက ၁၅၀ ကျပ်ပဲရသည်။ အိမ်လခ ၅၀ ကျပ်ပေးလျှင် ကျွန်မတို့မိသားစု ၁၀၀ ကျပ်နှင့်စားရမည်။ မမကတော့ သူ့စက်တစ်လုံးနှင့် စက်ပန်းထိုးကာ ဝင်ငွေရှာနိုင်မည်။ အနေအစားတော့ ကျဉ်းကျပ်မည်ပေါ့။ ဒါပေမဲ့လည်း ဖေဖေ မေမေတို့နှင့် သိုက်သိုက်ဝန်းဝန်းနေရလေတော့ မိသားစုဆိုသော ကျွန်မလိုချင်သည့် **Home**လေးနှင့် နေရတော့မည်။

မခင်နုအဖို့လည်း သူက ကျွန်မကို အားကိုးနေရသူ၊ သူ့ဘဝကလည်း ယခင်ကတော့ ဝါးခယ်မမှာ စက်သူဌေး ဦးတန်းထိတ်သမီးပါပဲ။ သူ့အမေဆုံးပြီး သူ့အမေ၏ ညီမကို ဦးတန်းထိတ်က လက်ဆက်သည်။ ဦးတန်းထိတ်သေတော့ ဆန်စက်နှင့် တစ်ဖက်ကမ်းရှိ တရုတ်တန်းမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ကျန်ရစ်သေးသည်။ ဒါပေမဲ့ တရုတ်ဆိုတော့ မိန်းမက အရေးမပါ။ မခင်နုအဒေါ် မိထွေးကလည်း အေးသည်။ ဘယ်လိုဘယ်လိုဖြစ်သည်မသိ၊ စက်ကလည်း အမျိုးတစ်ယောက် လက်ထဲ ရောက်သွားသည်။ သူ့အဒေါ်မိထွေးက စီးပွားရေးလည်း မလုပ်တတ်၊ လက်ဝတ်လက်စားရှိသမျှ ထုခွဲရောင်းချစားသည်။ အဒေါ် မိထွေးမှာ

http://www.cherrythitsar.org



သားလေးတစ်ယောက်ရှိသည်။

"တို့အမေက 'အ'တယ်မို့လား၊ စိန်နားကပ်ရောင်းတာတောင် ကိုယ်တိုင် မလိုက်ဘူး၊ အစ်ကိုဝမ်းကွဲ ရောင်းခိုင်းတာ၊ ဟိုကလည်း ကလိမ်ကျလိုက်တာ ဘာမှမရဘူး"

မခင်နုက ပြောပြဖူးပါသည်။ နောက်ဆုံးတော့ တရုတ်တန်းက အိမ်ကြီးပဲ ကျန်သည်။

မခင်နု ကျွန်မနှင့် ရန်ကုန်လိုက်လာတော့ သူ့မိထွေးသည် မေမေ့ထံ ခဏ ခဏ လာသည်ဆိုသည်။ အိမ်ထဲကအိမ်ပြင်မထွက်သူက သမီးဇော်နှင့် ရောက် လာသည်။

"တင်တင့်ကိုပဲအားကိုးပါတယ်၊ ကျွန်မသမီးနုနုကို အပ်ပါတယ်။ အစစ ဆုံးမပါ"

မေမေ့ကို လာရောက်ပြောကြားပါသည်။

မခင်နုကလည်း သူ အလုပ်ရတော့ မိထွေးနှင့် မောင်လေးထံ ငွေမှန်မှန် ပို့ပါသည်။ ကျွန်မတို့နှစ်ယောက်လုံးသည် ဒိစတြိတ်နယ်မှာ ကျယ်ပြောသော အိမ်ကြီးများမှာ နေခဲ့ကြရာမှ ဖဆပလ အစေခံတန်းလျားကို ရောက်လာကြ သည်။ ရန်ကုန်ဆိုသောဘဝကို အသားကျသွားပြီ ဆိုရပါမည်။

ယခု မေမေနှင့် မမတို့ ပြောင်းလာလျှင် သူတို့ စိတ်ဆင်းရဲမှာ ကျွန်မစိုး သည်။ ဒါပေမဲ့ ဘာမှမတတ်နိုင်။

မေမေတို့ရောက်လာတော့ ယခင်က အလှမ်းဝေးသောနေရာမှာ ကျွန်မ တစ်ယောက်တည်း ထားရသည်ကို စိတ်မချသော မေမေသည် ယခု တဲသာသာ အိမ်လေးမှာ မိသားစု သိုင်းဝိုင်း ထမင်းအတူစားရသည်ကိုပဲ ပီတိဖြစ်ပုံရပါသည်။ ကျွန်မတို့အဖို့လည်း ထမင်းချိုင့်ဟင်းက အသားဟင်း တစ်နေ့တစ်မျိုး ဘယ်လိုပဲ ချက်ချက် မေမေ့ ကင်ပွန်းချဉ်ရွက်ဟင်း၊ ဖလံတောင်ဝေ့းကြော် လတ်လတ် ဆတ်ဆတ်လောက် မြိန်ယှက်ခြင်းမရှိပါ။ တစ်ခုပဲ မေမေ ဈေးသွားရတာ ဝေး ပါသည်။ ပတ်လိန်းမှ ဖိုးစိန်လမ်းထွက်ကာ ကျောက်မြောင်းဈေး သွားရပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မဘဝမှာ တာဝါလိန်းအိမ်လေးသည် တစ်ထောက်နားရာ။

## ချစ်၍ခေါ်ရာ

ဝါးခယ်မမှာနေတုန်းက မေမေ့စာထဲမှာ "မိသားစု ထမင်းဝိုင်းစားရင်

http://www.cherrythitsar.org



သမီးနေရာမှာ တစ်ယောက်လစ်လပ်နေတော့ မေမေစိတ်မကောင်းဘူး။ သမီးကို သတိရတယ်။ သမီး ရန်ကုန်မှာနေရတဲ့အခါ ပတ်ဝန်းကျင်ဟာ မျက်လုံးပေါင်းတစ်ထောင်နဲ့ သမီးကိုကြည့်နေတယ်လို့ သဘောထားပြီး အနေအထိုင်ဆင်ခြင်ပါ”ဟု ပါလာတတ်သည်။ မေမေ့စာကိုဖတ်ရင်း ကျွန်မ မျက်ရည်ကျရသည်။

ကျွန်မ ချစ်ဦးသူ ဖရက်ဒီနှင့် တွဲသွားတွဲလာလုပ်နေသည်ဟု မေမေ ထင်ကောင်း ထင်မည်။ ဖရက်ဒီသည် တက္ကသိုလ်ရောက်ကတည်းက တက္ကသိုလ်ပျိုဖြူတွေနှင့် စခန်းသွားနေသည်ကို မေမေ မသိပါ။ ကျွန်မက သိနေသည်။ ကျွန်မ လုပ်ငန်းခွင်မှာလည်း ချစ်သူကို ဦးစားမပေးနိုင်လောက်အောင် ကသိကအောက် ဒုက္ခတွေ ခံစားနေရသည်ကို မေမေ မသိပါ။

ယခုတော့ တာဝါလိန်းအိမ်လေး ပြောင်းလာတော့ မေမေ့မျက်စိအောက်မှာ ကျွန်မ ရှိနေပါပြီ။ ကျွန်မသည် ထိုစဉ်က သမီးဘဝပဲရှိသေးသည်။ မိခင်မဖြစ်သေး။ မိခင်ဘဝကို မစာနာတတ်သေးဆိုလျှင် ပိုမှန်မည်။

မိကျော်သောင်းကိုမွေးပြီး မိခင်ဘဝ၏ ခံစားချက်ကို “နွားတစ်ထောင်” အမည်နှင့် ကျွန်မ ဝတ္ထုရေးခဲ့ပါသည်။ သမီးလေးယောက်မွေးသော မေမေ့အဖို့ “နွားလေးထောင်”ကိုထိန်းသိမ်းရသော ခံစားချက်ကို ကျွန်မ သဘောပေါက်နားလည်သွားပါသည်။

ဒါပေမဲ့ ပွင့်ပွင့်လင်းလင်း မိခင်အပေါ်ဆက်ဆံသော ကျွန်မကို စိတ်မချ။ ဖရက်ဒီကိုချစ်မည် ဆိုကတည်းက မေမေ မျက်ရည်ပေါက်ပေါက်ကျခဲ့သည်။ ဖရက်ဒီစာကို မေမေ့ကိုပြစဉ်က...

“ဒီသူငယ်လက်ရေးကိုမြင်ကတည်းက သမီးအပေါ် သစ္စာရှိမယ့်သူငယ်မဟုတ်ဘူးလို့ မေမေယူဆတယ်။ အထူးသဖြင့် သူတို့မိဘမျိုးရိုးကိုပဲ။ သာမန်လူတွေကတော့ ရာထူးဂုဏ်သိမ် ငွေကြေးပညာပြည့်ဝရင် အဆင့်အတန်းမြင့်တယ်ဆိုပြီး သဘောကျတယ်။ မေမေကတော့ ဒီသူငယ့်အဖေဟာ ဘုရင်ခံရဲ့အပါးတော်မြဲ လုပ်ခဲ့ပေမဲ့ မေမေက ဒီဗျူရိုကရက်တွေရဲ့အစဉ်အလာ စိတ်ထားကိုကြိုက်တာမှမဟုတ်ဘဲ။ သမီးကို မေမေ ဇွတ်မတားမြစ်ပါဘူး။ ဒါပေမဲ့နှစ်ယောက်တည်း တွေ့တာတို့ ဘာတို့ မလုပ်ပါနဲ့။ သူ့ကိုလက်ထပ်ရင် သမီး တစ်နေ့စိတ်ဆင်းရဲရမယ်”

ထိုစဉ်က မေမေ မျက်ရည်ကျသည်ကိုကြည့်ရင်း ကျွန်မ စိတ်ဆင်းရဲခဲ့ရ

http://www.cherrythitsar.org



ပါသည်။ မေမေသည် မျက်ရည်လွယ်သော မိန်းမမဟုတ်ပါ။ ဖရက်ဒီကို ကျွန်မ ချစ်သည်ကို စိတ်ထိခိုက်လွန်း၍ကျသော မျက်ရည်ဖြစ်ပါသည်။ ဒါပေမဲ့ တာဝါလိန်းအိမ်လေး ရောက်တော့ မေမေစိုးရိမ်သော ကျွန်မက ဘာမှမဖြစ်။ ကျွန်မ ညီမအလတ် အကြွယ်က ပန်းချီကိုဘလုံလေးနှင့် ခိုးရာလိုက်သွားပါသည်။

ထိုနေ့က မေမေငိုကြွေးသည်ကို ကျွန်မ တစ်သက်မမေ့ပါ။ မေမေသည် ဖေဖေနားမကြား၍ အလုပ်ကထွက်ရ၊ လယ်မြေတွေဆုံးရှုံးစဉ်ကပင် မျက်ရည်ကျသည်ကို ကျွန်မ မတွေ့။ သားသမီးတွေကွယ်ရာမှာ ငိုကောင်းငိုမည်။ ကျွန်မတို့ရှေ့မှာ အမြဲပြုံးပြုံးရွှင်ရွှင်နေတတ်သော မေမေသည် ယခု အကြွယ် လင်နောက်လိုက်သွားတော့ မေမေ ရှိုက်ကြီးတငင်ငိုလိုက်တာ။ ကျွန်မနှင့် မမလည်း ရောငိုပါသည်။

ဘကြီးဟန်က ပြောပါသည်။ "အသုဘအိမ်ကျနေတာပဲဟာ၊ မင်းတို့က လည်း ငိုလိုက်တာ။ တင်တင့်ကိုအားပေးမှပေါ့။ တင်တင်ဒီလိုငိုတာ ငါလည်း တစ်သက်လုံး မမြင်ဖူးဘူး"

အကြွယ် ခိုးရာလိုက်သွားတော့ မေမေက ဘကြီးဟန် (သခင်လူမင်း) ကို အကြောင်းကြား၍ ဘကြီးဟန်လိုက်လာခြင်းဖြစ်သည်။ ဘကြီးဟန် ဝါးခယ်မမှာနေစဉ်က ကျွန်မတို့နှင့် တစ်အိမ်ခြားဖြစ်၍ ကိုကိုကြီး (ဦးနု) နှင့် ကျောင်းနေဖက်များ ဖြစ်ပါသည်။ ထိုစဉ်က ဘကြီးဟန်မှာ ဖဆပလမှာ လက်ထောက်အတွင်းရေးမှူး ဖြစ်ပါသည်။

ထိုကတည်းက ကျွန်မ သစ္စာဆိုလိုက်ပါသည်။ "ကျွန်မ ဘယ်လိုပင်ချစ်ချစ် ခိုးရာလိုက်၍ မေမေ သဘောမတူသူကို မယူပါ။ မေမေ မျက်ရည်ပေါက်ကြီးငယ်ကျအောင် မလုပ်ပါ" ဟု သစ္စာဆိုလိုက်ပါသည်။

ကျွန်မ ပင်ကိုစိတ်ကလည်း အကြွယ်လိုသတ္တိမရှိ ဆိုရပါမည်။ ချစ်သူနောက်ကို ခိုးရာလိုက်ရဲသည်ဆိုသည်မှာ တော်ရုံတန်ရုံသတ္တိနှင့်မရဟု ကျွန်မ ထင်ပါသည်။ တက္ကသိုလ်မရောက်ခင် ဖရက်ဒီက ပြောပါသည်။

"မိဘတွေသဘောမတူလည်း မောင်တို့နှစ်ယောက် တက္ကသိုလ်မှာ ဒီဂရီ ရအောင်လုပ်မယ်။ ပြီးတော့ မောင်ခေါ်ရာလိုက်မလား"

မောင့်မေးခွန်းကို ကျွန်မ မဖြေနိုင်ပါ။ မောင့်ကိုချစ်ပေမဲ့ ခိုးရာမလိုက်ရဲပါ။ "ချစ်၍ခေါ်ရာ လိုက်ချင်ပါလည်း" အစချီသော ရှင်မဟာသီလဝံသကဗျာလေးကို သတိရမိပါသည်။ ယခုတော့ အကြွယ့်ကိစ္စနှင့် မေမေမျက်ရည်ပေါက်ကြီးငယ်

http://www.cherrythitsar.org



ကျသည်ကို မြင်ရကတည်းက မေမေ သဘောမတူသူကိုမယူဖို့ သန္နိဋ္ဌာန်ချ လိုက်ပါသည်။

ယောက်ျားများသည် မိမိနောက်ကို ကိုယ်လုံးပုံ၍ ချစ်၍ခေါ်ရာသို့ ခိုးရာ လိုက်ရဲသော မိန်းမများကို ပိုမိုလေးစားသင့်ပါသည်။ ကျွန်မတော့ မလိုက်ရဲ။

ကျွန်မ ထိုစဉ်က ကျန်းမာသည်။ ရုံးမသွားခင် မနက်စောစော နောက်ဖက် ရေတွင်းမှ ရေသယ်ကာ အိမ်နောက်ဖက် ပေပါနှစ်လုံးကို ပြည့်အောင် ဖြည့်သည်။ တစ်လုံးက မေမေ ထမင်းချက်ဖို့ဖြစ်၍ တစ်လုံးက မေမေရေချိုးရန် ဖြစ်သည်။ ဖေဖေကတော့ သူ့ဘာသာ ရေတွင်းမှ ရေခပ်ချိုးနိုင်သည်။ သစ်ပင် စိုက်သည်၊ ရေလောင်းသည်။

တာဝါလိန်းအိမ်လေးမှ ဖဆပလသို့ ခြေကျင် ကျွန်မ မခင်နုနှင့်အတူ ရုံးတက်ပါသည်။

## အဝိုင်းနှင့်လေးထောင့်

ကျွန်မ ဖဆပလဌာနချုပ်ကိုရောက်ရောက်ချင်း အလုပ်မရပါ။ မခင်နုကသာ ငွေစာရင်းဌာနမှာ တစ်လ ၂၀၀ ကျပ်နှင့် အလုပ်ရသည်။ ကျွန်မက ဖဆပလ ဌာနချုပ် ဝါဒဖြန့်ချိရေးဌာနမှာ သုံးလ ထောက်ပံ့ကြေးမယူဘဲ အလုပ်ဝင်လုပ်ရ သည်။ ဦးနုက (ထိုစဉ်က သခင်နု) ဒုတိယဥက္ကဋ္ဌဖြစ်၍ လစာမယူဘဲ သုံးလ အလုပ်လုပ်ပြရန်ပြော၍ ကျွန်မ ထောက်ပံကြေးမယူဘဲလုပ်ရပါသည်။ ကျွန်မ ရောက်စ ပထမဆုံး လက်တွဲလုပ်ရသူမှာ သခင်တင်မောင်ကြီး (ကျုံမငေး) သံ အမတ်ကြီးဘဝနှင့် ကွယ်လွန်သွားသူဖြစ်သည်။

သူသည် သဘောကောင်း၍ ကျွန်မကို အစစ ကူညီအားပေးပါသည်။ ကျွန်မကလည်း စိတ်ဓာတ်ကျသည်။ သခင်တင်မောင်ကြီးမတိုင်ခင် အတွင်း ရေးမှူးလုပ်သွားသူမှာ ဦးသန့် (နောင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဖြစ်သူ) ဖြစ်ပါသည်။ သူတို့သည် ဒီဂရီရ ပညာအရည်အချင်းပြည့်စုံသူတွေ ဖြစ်သည်။

ဒါလောက်တော်သူတွေနှင့် တွဲဖက်လုပ်ရသည်မှာ မမီမကမ်းနှင့် အရမ်း ကြိုးစားရပါသည်။ ကျွန်မ ပညာအရည်အချင်းက ဂျပန်ခေတ် ၁၀ တန်းပဲ ရှိသည်။

ကိုကိုကြီး (ဦးနု) ကလည်း ဖဆပလသတင်းစဉ်မှာ တစ်ပတ်တစ်ခါ ဆောင်း

http://www.cherrythitsar.org



ပါး တစ်ပုဒ် မှန်မှန်ပါအောင်ရေးရမည်ဟု ဆိုပါသည်။ သခင်နုက ဒုဥက္ကဋ္ဌ ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌဖြစ်သည်။

အလုပ်ဝင်၍ သုံးလကြာတော့ အတွင်းရေးမှူး သခင်တင်မောင်ကြီးက "မခင်စုကို ထောက်ပံ့ကြေးပေးသင့်ပါပြီ"ဟူ၍ ဒုဥက္ကဋ္ဌ သခင်နုထံ တင်ပြပါသည်။ ဦးနုက စာအောက်မှာ အောက်ပါအတိုင်း ရေးလိုက်ပါသည်

**နောက်ထပ်တစ်လ လစာမဲ့ လုပ်ပြပါဦး။**

**နု**

ဟူ၍ဖြစ်သည်။ ထိုမှတ်ချက်ကို အတွင်းရေးမှူးက ကျွန်မကို ပြသော်လည်း ကျွန်မ စိတ်မထိခိုက်ပါ။ ကျွန်မကိုကိုကြီး၏ ဆန်ရင်းနာနာဖွပ်ဝါဒကို ကျွန်မ သိပြီးသားပါ။

ကျွန်မကလည်း နောက်ထပ်တစ်လလုပ်ပြပါသည်။ ထမင်းလခ တစ်လ ၄၀ ကို ကိုကိုကြီးဦးနုက ပေးပါသည်။

ဒါပေမဲ့ တစ်နေ့ ကျွန်မကိုယ်တိုင်နားနှင့်ဆတ်ဆတ်ကြားရပါသည်။

"အလကားပါကွာ၊ တောကတက်လာတာ ဘာမှမတတ်ပါဘူး။ သူ့အစ်ကို ကိုကြီးနုမျက်နှာနဲ့ ကုလားထိုင်တစ်လုံးပေးထားတာ၊ ဒီကုလားထိုင်နဲ့ မတန်ပါဘူး"

ကျွန်မ ကြားကြားချင်း ရင်နာလိုက်တာ။ ပြောချင်သူတွေကလည်း ပြောပေမည်။ ဖဆပလရုံး ဌာနဆိုင်ရာအတွင်းရေးမှူးများသည်လည်း ထိတ်ထိတ်ကြဲ ပညာတတ်တွေ၊ ရုံးအဖွဲ့မှာလည်း ယခု ဆရာလှသမိန်က ရိုက်တာသတင်း ဘာသာပြန်၊ ဦးလှက ရုံးအုပ်၊ စက်ခန်းကအောက်မှာ။ မြန်မာတစ်နိုင်ငံလုံးကို ချုပ်ကိုင်ထားသော ဖဆပလဌာနချုပ်ကြီး၏ ဝါဒဖြန့်ချိရေးဌာနမှာ လက်ထောက် အတွင်းရေးမှူးလုပ်နေသော ကျွန်မက စစ်ကြီးဖြစ်တော့ မြန်မာလို ၁၀ တန်းမှာ သင်နေဆဲဖြစ်သည်။ ဂျပန်ခေတ်မှ ၁၀ တန်းစာမေးပွဲဖြေရ၍ ဂျပန်ခေတ် ၁၀ တန်းဟု ခေါ်ရပါမည်။ ဂျပန်ခေတ်မှာ အင်္ဂလိပ်စာမပါ၍ ယခု စစ်ပြီးတော့ ဂျပန်ခေတ် ၁၀ တန်းသမားများ တက္ကသိုလ်တက်လိုလျှင် အင်္ဂလိပ်တစ်ဘာသာ ထပ်ဖြေရမည်ဖြစ်သည်။ စိတ်ထဲမှာတော့ နာကြည်းခံခက်ပါသည်။ ဒါပေမဲ့ "ကြိုးစားမယ်၊ မက်ထရစ်အောင်အောင် ကြိုးစားပြီး ဘွဲ့တစ်ခုခုရအောင်လုပ်မယ်၊ ဒီကုလားထိုင်နဲ့ ငါနဲ့ မတန်ဘူးဆိုတဲ့ သူတွေကို ငါ့အရည်အချင်းပြရမယ်"

ကျွန်မစိတ်ထဲမှာ သန္နိဋ္ဌာန်ချလိုက်ပါသည်။ ဒီအထဲ သခင်တင်မောင်ကြီးက

http://www.cherrythitsar.org



ပြောင်းရွှေ့ရတော့မည်။ သံအမတ်ကြီးမဖြစ်ခင် ဂျမားလမ်းအိမ်မှာ နေရသေးသည်။ နောက်အတွင်းရေးမှူးတစ်ယောက်နှင့် တွဲရပါသည်။

ကျွန်မကဖ ဆပလသတင်းစဉ်တွင် ခြသေ့ပိုးဆောင်းပါး ရေးခဲ့သည်။ ဖဆပလအာဏာရရှိချိန်တွင် အာဏာကို အလွဲသုံးစားလုပ်သူ ကပ်ပါးကောင်တွေ ဖဆပလထဲဝင်ကာ အခွင့်အရေးယူလျှင် ဖဆပလ တစ်နေ့ကျဆုံးမည်ဖြစ်၍ သတိထားသင့်ကြောင်း တောသုံးတောင်ကို အစိုးရသော ခြသေ့မင်းကဲ့သို့ တစ်ပြည်လုံး ဖိန့်ဖိန့်တုန်အောင် လေးစားရသော ဖဆပလကြီးသည် ခြသေ့မင်းသည် တောသုံးတောင်ကို နိုင်နင်းသော်လည်း မိမိကိုယ်မှာကပ်နေသော ခြသေ့ပိုး(လေး)များကို မနိုင်သလို ဖြစ်မည့်အကြောင်း ရေးသားခဲ့သည်။

ပြီးတော့ ဆရာကြီး ဒီးဒုတ်ဦးဘချိုတို့အဖွဲ့မှ ရွေးချယ်သော အလံတော်ကို ကျွန်မက ဝေဖန်သည်။ ဝါဒဖြန့်ချိရေးဌာနမှ အတွင်းရေးမှူးကိုယ်တိုင်ကပဲ အလံတော်ပုံကိုပြ၍ "မခင်စု အဲဒါဝေဖန်ပြီး သတင်းစဉ်ထဲထည့်ပါ" ဟု ဆိုသည်။ သူ့ခွင့်ပြုချက်ဖြင့် ကျွန်မကလည်း ကျွန်မမြင်သောရှုထောင့်မှ "အလံတော်သည် ချန်ကေရှိတ်အလံကြီးနှင့် တူသည်"ဟု ဝေဖန်လိုက်ပါသည်။ ထိုစဉ်က တရုတ်နီတို့ မတက်လာသေးပါ။

အလံတော် ဆောင်းပါးရေးပြီး မကြာခင် အတွင်းရေးမှူးက ကျွန်မကို စာတစ်စောင်လာပြသည်။ စာလေးမှာ စာရွက်ပြာနှင့် ရေးထား၍ လက်ရေးကလည်း နွဲ့ပျောင်းသေးသွယ်ပါသည်။ အတွင်းရေးမှူးကို လိပ်မူတပ်ထား၍ အောက်ပါ စာသားမှာ...

"နိုင်ငံတော်က ဖွဲ့စည်းထားသော အလံရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ထားသော အလံတော်ကို တခြားပုဂ္ဂလိက သတင်းစာ၊ မဂ္ဂဇင်းများမှ ကြိုက်သလို ဝေဖန်နိုင်ပါသည်။ ဖဆပလဌာနချုပ်လက်အောက် သတင်းနှင့် ဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေသော ဖဆပလသတင်းစဉ်မှ ယခုလိုမဝေဖန်သင့်ပါ" ဟူ၍သဘောပါသောစာ ဖြစ်နေသည်။ အောက်က လက်မှတ်ရေးထိုးထားသူမှာ သိန်းဟန်(ဇော်ဂျီ)ဟူ၍ ဖြစ်သည်။

ဘုရား...ကျွန်မ လူချင်းမမြင်ဖူးသော်လည်း ကျွန်မ အလွန်ကြည်ညိုလေးစားသော ကဗျာဆရာကြီးဇော်ဂျီက ရေးလိုက်သောစာ ဖြစ်သည်။ ကျွန်မဆောင်းပါးမှာ မခင်စုဟု ပင်ကိုအမည်တပ်ထားသော်လည်း ဆရာသည် ကျွန်မဘယ်သူဘယ်ဝါဖြစ်သည်ကို သိမည်မဟုတ်ပါ။

http://www.cherrythitsar.org



သက်ပြင်းချမိပါသည်။ ထိုစဉ်ကတည်းက ကျွန်မ ကိုယ့်ကိုယ်ကို သတိပြုမိသည်မှာ ဒီကုလားထိုင်နှင့် ကျွန်မသည် အဝိုင်းနှင့်လေးထောင့်ဖြစ်၍ အံဝင်ခွင်ကျမည်မဟုတ်။ ကျွန်မသည် ပုဂ္ဂလိက စာနယ်ဇင်းသမားတစ်ယောက်သော်လည်းကောင်း၊ ပါတီဝါဒနောက်ခံကင်းသော စာရေးဆရာတစ်ယောက်သော်လည်းကောင်း ဖြစ်မည်။ ယခုလိုဝါဒဖြန့်ချိရေးဌာနမှာလုပ်၍တော့ ရေရှည်ခံနိုင်မည်မဟုတ်ဟု ကိုယ့်ကိုယ်ကိုဝေဖန်မိပါသည်။

မကြာခင် အတွင်းရေးမှူးက ထိုစာရွက်ပြာလေးကို သိမ်းသွားပြီး . . .

"မခင်စု သတင်းစဉ်မှာ ဆောင်းပါးရော၊ ခေါင်းကြီးရော ဘာမှမရေးပါနဲ့ဦး" ဟု ဆိုပါသည်။

အတွင်းရေးမှူးပြောသည်ကို ကျွန်မ နားမလည်နိုင်။ ဘာကြောင့်လဲ၊ အလံတော် ဝေဖန်မိလို့လား၊ ခြသေ့်ပိုးဆောင်းပါးရေးလို့လား၊ ကျွန်မရေးတာတွေမှားသလား၊ ကျွန်မ တွေးရင်း စိတ်ပျက်လာပါသည်။ နောက်တစ်ပတ်အတွင်းမှာ ကျွန်မသည် ဝါဒဖြန့်ချိရေးဌာန အတွင်းရေးမှူးထံ စာတင်လိုက်ပါသည်။

"ဖဆပလသည် အစိုးရရုံးအဖွဲ့တစ်ခုမဟုတ်ကြောင်း၊ ပြည်သူလူထု လှူဒါန်းငွေနှင့် ဖွဲ့စည်းတည်ထောင်သော နိုင်ငံရေးအဖွဲ့ကြီးဖြစ်ကြောင်း၊ ဖဆပလဌာနချုပ်တွင် အမှုထမ်းနေသူများအား လစဉ်ပေးငွေကို လစာဟု မဖော်ပြ၊ ထောက်ပံ့ကြေးငွေဟူ၍ပဲဖော်ပြပါသည်။ ကျွန်မသည် ဖဆပလ ဝါဒဖြန့်ချိရေးဌာနတွင် ဘာမှမရေးဘဲ ယခုလိုနေရလျှင် ပြည်သူလူထုငွေကို အလွဲသုံးစားပြုရာရောက်ကြောင်း၊ သို့ကြောင့် ကျွန်မကို နုတ်ထွက်ခွင့်ပြုရန် အတွင်းရေးမှူးထံ စာတင်လိုက်ပါသည်။

အတွင်းရေးမှူးသည် ကျွန်မကိုလည်း ဘာမှမပြော၊ အထက်ကိုလည်း ကျွန်မစာကို တင်မပြ။ လိပ်ခဲတည်းလည်းဖြစ်နေချိန်တွင် ကျွန်မ တာဝါလိမ်းအိမ်လေးကို ပြောင်းလာရခြင်းဖြစ်သည်။ ဤအိမ်လေးသည် ကျွန်မဘဝ၏ **(turning point)**တစ်ဆစ်၊ တစ်ချိုး၊ တစ်ကွေ့အတွက် ပြင်ဆင်နားခိုရာ အရေးပါသော အိမ်လေးပင် ဖြစ်ပါသည်။

ကျွန်မရင်ထဲကတော့ အသင့်ပြင်ထားသည်။ အတွင်းရေးမှူးက နုတ်ထွက်ခွင့်ပြုလျှင် ကျွန်မ အလုပ်ရှာရတော့မည်။ ယခင်က ရသမျှငွေ မေမေတို့ကိုပို့ရ၍ စုပြီးဆောင်ပြီးလည်းမရှိပါ။ မေမေတို့ ဘာနှင့်စားမလဲ၊ မမ၏ ပန်းထိုးသော ဝင်ငွေကလည်း တစ်အိမ်လုံးမစားလောက်၊ ညီမငယ်နုနု၏ ကျောင်းစရိတ်

http://www.cherrythitsar.org



ကလည်း ရှိသေးသည်။ စိတ်ဓာတ်ကျစရာတွေကအများကြီး။ ဒါပေမဲ့ ကျွန်မ သေသေချာချာဆုံးဖြတ်ပြီးမှ နုတ်ထွက်စာတင်ခြင်းဖြစ်၏။ အင်္ဂလိပ်စကားပုံလေးတစ်ခုမှာ **(Look before you leap)**မခုန်ခင် ကြည့်ပါတဲ့။ အလုပ်တစ်ခုခုကို မလုပ်ခင် သေသေချာချာ လေ့လာစဉ်းစားပြီးမှ ဆုံးဖြတ်ပါဟု ဆိုလိုခြင်းဖြစ်သည်။ ခုန်ချပြီးမှတော့ တွေ့ရသော အခြေအနေအရပ်ရပ်ကို ရင်ဆိုင်ရမည်ပဲပေါ့။ ယခု ကျွန်မအလုပ်ထွက်သော် ရင်ဆိုင်ရမည့် အခြေအနေတို့ကို ကျွန်မ တွက်ချက်ပြီးမှ လျှောက်လွှာတင်ခြင်းဖြစ်၏။ ဒီအခြေအနေအတိုင်းတော့ အတွင်းရေးမှူးပြောသလို အလုပ်မလုပ်ဘဲ ထောက်ပံ့ကြေးယူ၍ အချောင်စား၍တော့မနေလိုပါ။ ဖြစ်လာသောအခြေအနေကို ကျွန်မ ရင်ဆိုင်မည်။ အဘက်ဘက်က စိတ်အနှောင့်အယှက် တွေ့နေရသောအချိန်ကာလတွင် ကျွန်မ တာဝါလိန်းအိမ်ကို ရှာရ၍ လမ်းမှာတွေ့သော စိန်ပန်းပွင့်ရဲရဲကို မြင်သည်တောင်မှ ကျွန်မ စိတ်ဓာတ်တက်ကြွခြင်းမရှိ ဖြစ်ခဲ့ရပါသည်။

ဒါပေမဲ့ ကျွန်မရင်ထဲ ခံစားချက်ကို မေမေတို့ လုံးဝမသိ။ ကျွန်မကလည်း ဖွင့်မပြောပါ။ ကျွန်မ မျက်နှာညိုးလျှင် မေမေကတော့ ဖရက်ဒီနှင့် မတွဲရ၍ဟူ၍ပဲ အထင်လွဲမည်။

တစ်ခုကလည်း ဝါးခယ်မမှာနေစဉ်က မေမေက ပြောဖူးသည်။

"သမီးတို့ အလုပ်အကိုင်လုပ်နိုင်လို့ မိဘကို ရှာကျွေးတဲ့အခါ မျက်နှာကိုပြုံးပြုံးရွှင်ရွှင်ထားပါ။ အထူးသဖြင့် လစာအပ်ချိန် စူအောင့် ပုပ်သိုးတဲ့မျက်နှာနဲ့ ပေးတဲ့ ငွေများ မေမေ ဘယ်တော့မှမယူဘူး။ မေမေ့ဘာသာ ရှာစားမယ်" ဟု မေမေက ပြောခဲ့ဖူးပါသည်။ မေမေကိုယ်နှိုက်ကလည်း လင်သည် ဒုက္ခိတဘဝရောက်၊ လယ်မြေများ၊ စပါးသယ်ယူသိုလှောင်သော စပါးကျီများပါ ဆုံးရှုံး၍ နောက်ဆုံး နေသောအိမ်ကြီးကိုပင် အမျိုးတစ်ယောက်ဒုက္ခရောက်သည်ကို ကယ်တင်သောအနေနှင့် ချစ်တီးလက်ထဲ ထိုးအပ်သည့်အဖြစ် ရောက်ခဲ့ရချိန်၊ ကိုကို (သခင်မောင်မောင်) နိုင်ငံရေးလုပ်၍ ထောင်ကျချိန်တွင် သူ့ မျက်နှာ တစ်စက်မညှိုးခဲ့။ မျက်ရည်တစ်ပေါက်ကျသည်ကို ကျွန်မ မတွေ့ခဲ့ဖူးပါ။

စစ်ပွဲတစ်ပွဲတွင် ခေါင်းဆောင်လုပ်သူက အားပျော့ညှိုးငယ် မျက်နှာပျက်နေလျှင် နောက်လိုက်တပ်သားတွေ ပြိုကွဲသွားမည်ဖြစ်သည်။ မေမေသည် ဘဝတိုက်ပွဲတွင် ခေါင်းဆောင် စစ်ဗိုလ်ကောင်းတစ်ယောက် ပီသပါသည်။ သူ၏ အပြုံးမပျက်သောမျက်နှာကို မြင်ရသည်နှင့် ကျွန်မ အားတက်ရပါသည်။

http://www.cherrythitsar.org



ယခုလည်း ကျွန်မအထက် အတွင်းရေးမှူးနှင့် ထိပ်တိုက်ရင်ဆိုင်နေပါပြီ။ ကျွန်မကံကြမ္မာသည် ဘယ်လိုဖန်လာမည်မသိ။

အလုပ်ကတော့ တက်နေရဆဲ။ ကျွန်မစားပွဲမှကြည့်လျှင် ရွှေတိဂုံဘုရားကြီးကို တန်း၍မြင်နေရသည်။ ဒါကိုက အားတစ်ခုဖြစ်သည်။ မြတ်စွာဘုရားကိုလည်း ကျွန်မတိုင်တည်ပါသည်။ ကိုကိုကြီးဦးနုပြောသော ဓမ္မစကြာကိုလည်း နံနက်တိုင်းရွတ်သည်။ တစ်ခုကလည်း ကျွန်မအကျင့်က စိတ်ညစ်လျှင် သီချင်းအော်ဆိုသည်။ တာဝါလိန်းအိမ်လေးမှာ စိတ်ညစ်လျှင် ခြံထဲထွက် သီချင်းဆိုသည်။

ပြီးတော့ ကျွန်မ အထူးသတိရသည်က ဆရာကြီး ဦးဖေမောင်တင်။

**ဦးဖေမောင်တင်**

ကျွန်မ စတုတ္ထတန်းတွင် စာသင်ရစဉ်က ဖတ်စာ စာအုပ်မှာ ဒေါင်းဖတ်စာမဟုတ်ပါ။ ခြင်္သေ့တံဆိပ် ဦးဖေမောင်တင်စာအုပ်ဖြစ်သည်။ ထိုဖတ်စာစာအုပ်ထဲတွင် စတုတ္ထတန်း စာသင်သားများနှင့် သင့်လျော်သောကဗျာများ၊ ပုံပြင်လေးများပါသည်။ စပါးစေ့လေး ငလက်မအကြောင်း၊ ထီးစုတ်ကြီး၊ အကျည်းတန်သော ဘဲကလေး၊ မောင်လူဒင်နှင့် မီးခွက် အစရှိသော ပုံပြင်လေး များပါသည်။ ကျွန်မအကြိုက်ဆုံးက "အကျည်းတန်သောဘဲကလေး" ပုံပြင် ဖြစ်သည်။ ထိုစဉ်ကတော့ မြန်မာပုံပြင်ဟုပင်ထင်ခဲ့ပါသည်။ ကျွန်မ အင်္ဂလိပ်စာတတ်မှ ဟင်ဒါဆင်၏ပုံပြင်မှန်း သိရပါသည်။

အကျည်းတန်သော ဘဲကလေးကို ကြိုက်သည်က ကျွန်မ အကျည်းတန်၍ ဖြစ်ပါသည်။ ယခု စာဖတ်သူတွေ ဝတ္ထုဖတ်လျှင် မိမိအဖြစ်နှင့်တူလျှင် ကြိုက်နှစ်သက်သလို၊ ကျွန်မကလည်း ကျွန်မလိုပဲ အကျည်းတန်သော ဘဲကလေးကို ကျွန်မ ကြိုက်ပါသည်။

အိမ်ကို ဧည့်သည် မိတ်ဟောင်းဆွေဟောင်းတွေလာလျှင် သူတို့က မေမေ့ကို မေးလေ့မေးထရှိသည်။

"တင်တင်၊ သားသမီးဘယ်နှယောက်ရှိပြီလဲ၊ တွေ့ပါရစေ"

သူတို့က လှိုက်လှိုက်လှဲလှဲတောင်းဆိုတတ်သည်။ ကျွန်မတို့ မောင်နှမ ခုနစ်ယောက် မွေးပေမဲ့ အစ်ကိုအလတ် ကိုမြင့်ဆွေမှာ အသက် ငါးနှစ်က ဆုံးသွားပါသည်။ ကိုကို(သခင်မောင်မောင်)၊ အလှ(သခင်လှမောင်)နှင့် မမမတင်ဦး၊ ကျွန်မ၊ အကြွယ်နှင့် နုနု ၆ယောက်ပဲကျန်သည်။ မေမေက ကလေးတွေကို

http://www.cherrythitsar.org



တန်းစီ၍ပြလျှင် . . .

"ဟင် . . .ဒီတစ်ယောက်က ညိုပါလား" ဟု ကျွန်မကို ညွှန်ပြကာ အမြဲ အပြောခံရသည်။ အမှန်တော့ "သူလေးက အကျည်းတန်လိုက်တာ"ဟု ပြော ရမှာရိုး၍ ညိုသည်ဟု ဆိုခြင်းပါ။

ကျွန်မက ဘဲလေးကိုပဲ သတိရသည်။ ဘဲမကြီးက သူမွေးထားသော သားသမီးများကိုပြသရန် ဘဲခြံအုပ်ချုပ်သူ ကြက်ဆင်မကြီးထံသွားတော့ ကြက် ဆင်မကြီးက မောင်နှမတွေကြားထဲမှ ဘဲလေးကိုကြည့်ကာ "လည်ကုပ်တိုတို၊ မွဲညိုညိုနှင့် အကျည်းတန်သော ဘဲကလေးပါလား"ဟု ပြောသည်ကို ပြန်လည် သတိရသည်။ ကျွန်မငယ်စဉ်က အတော့်ကို အသားညိုပါသည်။

လူတွေသည် ဘာပဲဖြစ်ဖြစ် လှသူများကိုပဲ အရေးပေးပါသည်။ မမဆိုလျှင် ဖြူဖြူနွဲ့နွဲ့လေးဖြစ်၍ တစ်အိမ်လုံးက ချစ်သည်။ အထူးသဖြင့် ဦးနု အဖေနှင့် အမေမှာ အိပ်လျှင်တောင် မမကို လက်တစ်ကမ်းမှာထားအိပ်သည်။ အကြွယ့် ကိုလည်း ဖြူဖြူပုံ့ပုံ့ကြီးမို့ ချစ်ကြသည်။ နုနုကိုလည်း အထွေးဆုံးမို့ အရေးပေးကြ သည်။ အိမ်မှာလည်း သွားစရာ လာစရာရှိ၍ အလှပြင်လျှင် မမနှင့် လိုက်ဖက် သော အသွေးအရောင်၊ အဝတ်အစားကို ဦးစားပေးကာ လူကြီးတွေက ဝတ်စေ ရသည်။ ကျွန်မစိတ်အညစ်ဆုံးက မမက အသားဖြူနုနေလေတော့ သူတို့ရွေးသော ဖက်ဖူးရောင်၊ ငှက်ပျောညွှန့်ရောင်၊ သနပ်ခါးရောင်နှင့် အနီရဲရဲတွေမှာ မမနှင့် လိုက်သည်။ ကျွန်မလို အသားမည်းသူနှင့်မလိုက်။ ကျွန်မက မဝတ်ချင်။ ယခု အထိ အနီရဲရဲကိုမကြိုက်ပါ။ ကုလားမနှင့်တူ၍ဖြစ်သည်။

သနပ်ခါးလူးလည်း ထိုခေတ်က မကြေညာ မျက်နှာချေကို အောက်ခံ အဖြစ် လူးကြသည်။ သွားစရာရှိလျှင် သန်းသန်း (မေမေ့တူမ) က သနပ်ခါး လူးပေးသည်။ ကျွန်မကိုလူးပေးလျှင် အသားကလည်း မည်းလေတော့ ပြာနှမ်း သွားသည်။ ကျွန်မက ငိုပါတော့သည်။ သန်းသန်းက ချော့သည်။ "သန်းသန်း လှအောင်လူးပေးပါ့မယ်" ဆို၍ လူးပေးပါသည်။ ကျွန်မသိပါသည်။ ကျွန်မ ဘယ်တော့မှ မလှပါ။

အိမ်မှာကလည်း ဆေးလိပ်ခုံထောင်ထားလေတော့ ဆေးလိပ် လိပ်သူတွေ ကလည်း စသည်။

"တင်တင် ရွှေစက်တော်ဘုရားဖူးသွားတုန်းက မန်းချောင်းထဲက ကောက် လာတာ။ ဒါကြောင့် မိစုက အသားမည်းတာ"

http://www.cherrythitsar.org



သူတို့ကတော့ စတာပါပဲ။ ကျွန်မမှာတော့ စိတ်ထိခိုက်ရသည်။ အမှန်မှာလည်း မေမေက ကျွန်မ လေးလသမီးအရွယ်မှာ ရွှေစက်တော်ကို ဘုရားဖူးသွား၍ မန်းချောင်းမှာ လှည်းမှောက်ဖူးသည်။ အိမ်သားတွေအားလုံး လှည်းသုံးစီးနှင့် မန်းချောင်းကို ဖြတ်ကြရသည်။ ကျွန်မတို့လှည်းမှောက်သွားတော့ မေမေ့ရင်ခွင်ထဲမှ လွင့်ထွက်သွားကာ ဦး (မေမေ၏အစ်ကိုဝမ်းကွဲ) ၏ ရင်ခွင်ထဲ ရောက်သွားသည်တဲ့။ ဦးက ထမရ၍ ချက်ချင်း ကလေးကိုမြှောက်၍ ကိုင်ထားလိုက်သောအခါ ရေမျက်နှာပြင်ပေါ်မှာ ကလေးက ပေါ်နေသည်။ မနစ်သောလှည်းကလူများ ဆင်းလာ၍ ကလေးကိုချီယူကာ မျက်နှာမှရေများကို သုတ်လိုက်တော့ ကလေးက ရယ်နေသတဲ့။ ဒါကြောင့် ကျွန်မကို ငယ်နာမည် "မန်းကြီး"ဟု ပေးထားပါသည်။

မေမေက ခဏခဏပြောဖူးသည်။ "မေမေ အဲဒီတုန်းက အိမ်သားတွေ ခရီးထွက်တိုင်း ကိုယ်ဝန်အရင့်အမာနဲ့နေရစ်ခဲ့ရတယ်။ ဖေဖေကလည်း ကျောင်းမပိတ်ဘူး။ ဒီတစ်ခါ ဘာဖြစ်ဖြစ်ဆိုပြီး သမီး လေးလသမီးရှိသေးတာသိပေမဲ့ ဖေဖေနဲ့ ကျန်တဲ့ကလေးတွေထားခဲ့ပြီး သမီးကိုပဲခေါ်ပြီး တမင်ကို ခရီးထွက်လာတာ။ လှည်းမှောက်တော့ မေမေ့ရင်ခွင်ထဲက သမီးက လွတ်ထွက်သွားတယ်။ ငါ့သမီးလေးသေပြီပဲလို့ မေမေထင်တယ်။ ငါ့သမီးလေး ငါ့ကြောင့် သေရတယ်၊ ငါ ရွှေစက်တော်က မပြန်တော့ဘူး၊ ငါ့သမီးသေတဲ့နေရာမှာပဲ နေရစ်တော့မယ်လို့ ဆုံးဖြတ်မိတယ်။ လူတွေဝိုင်းကယ်လို့ ရေအောက်က အပေါ်ရောက်မှ သမီးမျက်နှာမြင်မှ စိတ်အေးရတယ်"

မေမေ ကျွန်မကို ဒီအကြောင်းပြောပြသောအခါ စိတ်အားတက်ပေမဲ့ သူများတွေက "မိစုကို မန်းချောင်းကကောက်လာတာ၊ ဒါကြောင့် အသားလည်းမည်းသေး၊ ရုပ်လည်းဆိုးသေး၊ စကားလည်းတတ်တယ်"ဟုဆိုလျှင် အငိုသန်သူ ကျွန်မက ငိုရပါသေးသည်။

ငယ်စဉ်က အကျည်းတန်၍ အစအပြောင်ခံရစဉ် စိတ်ဓာတ်ကျသည်ကို ဦးဖေမောင်တင်၏ အကျည်းတန်သောဘဲကလေး ပုံပြင်နှင့် ကျွန်မ စိတ်အားတင်းရသည်။

ယခု အတွင်းရေးမှူးနှင့် ထိပ်တိုက်တွေ့ဆုံရပါပြီ။ တိုက်ပွဲလည်း စပါပြီ။ "သူ့အစ်ကို ကိုကြီးနုမျက်နှာနဲ့ ကုလားထိုင်တစ်လုံး ထိုးပေးထားတာ၊ တောကတက်လာတာ ဘာမှမတတ်ပါဘူး၊ ဒီကုလားထိုင်နဲ့မတန်ဘူး" ဆိုသူတွေကိုလည်း

http://www.cherrythitsar.org



မခံချင်၊ လက်မထောင် အကြောင်းပြရအောင်ကလည်း "ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ၊ ခါးက မသန်" ဆိုသလို ကျွန်မက ဘာပညာအရည်အချင်းမှမရှိ၊ အတွင်းရေးမှူးကြီးနှင့်တကွ ဖဆပလဌာနချုပ်မှာ တာဝန်ထမ်းဆောင်နေသူတွေလို တက္ကသိုလ် ဒီဂရီ မရှိသေးပါ။ ဆင်ကြီးတွေ ခြေလှမ်းကို အမီလိုက်ရသူ ကျွန်မလို ယုန်ကောင်မှာ ဘယ်လောက်ပင်ပန်းမည်ကို တွေးကြည့်ပါ။

"အောက်ကျလိုက်တာ၊ ပညာမပြည့်မစုံနဲ့ လုပ်ကိုင်စားသောက်ရတာ လူအထင်သေးခံရပါလား၊ သခင်တင်မောင်ကြီးတုန်းက ငါ့ကို တက္ကသိုလ်မရောက်ရပေမဲ့ ကြိုးစားဖို့ အမြဲအားပေးတယ်။ အခု အတွင်းရေးမှူးက နှိမ်လိုက်တာ၊ ငါ့မှာ ဘာအပြစ်ရှိလို့လဲ"ဟု ငယ်စိတ်နှင့် တွေးမိပါသည်။ ပြီးတော့လည်း သူတို့က မိဘက ပညာအပြည့်အစုံပေးပြီး တက္ကသိုလ်မှာ ဒီဂရီတစ်ခု ယူလာပြီးမှ လူ့ဘဝအလုပ်ခွင်ကို ဝင်ရသူတွေ။ ကျွန်မမှာ ပညာမပြည့်မစုံခင် ဝင်လာသူကို မစာနာလေခြင်း၊ လုပ်ရက်လေခြင်း၊ ပြောရက်လေခြင်းဟူသော "ခြင်း" တစ်လုံးကလည်း ကျွန်မရင်ထဲ ခံနေသည်။

"ငါတို့ဘဝက ၁၀ တန်းမှာ စစ်ကြီးကလည်း ဖြစ်လိုက်သေး၊ မိဘက မတတ်နိုင်၊ မြန်မာစာဘာသာသင်ကျောင်းမှာပဲ ထားနိုင်ခဲ့တယ်။ ဒီလိုလူမျိုးတွေ လူတောမတိုးဝင်ရတော့ဘူးလား" ကျွန်မရင်ထဲ ထိုစဉ်ကတည်းက 'အုတ်ကြားမြက်' ခံစားချက်ဝေဒနာ ခံစားခဲ့ရပါသည်။ အေးအေးဆေးဆေး မိဘထမင်းကျွေးသည်ကိုစား၊ တက္ကသိုလ် ဒီဂရီဘွဲ့တစ်ခုကို ယူလာသူတွေက ကျွန်မတို့လို လူတန်းစားတွေကို တို့လောက်မှ မတတ်ဘူးလားဆို၍ နှိမ်သည်ကို တရားသည်ဟု ကျွန်မ မထင်။ လူနှစ်ယောက် တော်မတော်ယှဉ်ကြည့်ရင် ပလက်ဖောင်း အခြေခံ တန်းတူပေးရမည်။ အပိုင်းဂဏန်းတောင်မှ ၁/၂ နှင့် ၃/၄ ဘယ်သူကြီး သလဲ ဟု သိချင်လျှင် အောက်ခြေဂဏန်းကို ညီတူအောင်ညှိပေးရမည် မဟုတ်ပါလား။ ပြီးတော့လည်း ကျွန်မတို့ဘဝက ကိုယ့်တစ်ဝမ်းတစ်ခါးအတွက်ပဲ ဘဝခရီးတွင် ရုန်းကန်ရသူတွေမဟုတ်။ နောက်ပိုင်းမှာ ကျွေးရမည့်ပါးစပ်ပေါက်တွေနှင့်။ ဒါကြောင့် ကျွန်မ ခဏခဏပြောမိသည်။ သူများတွေက ဘဝကို သုညကစတာ၊ ငါတို့က သုညမှာ အနုတ်လက္ခဏာပါသေးတယ်ဟု ပြောရသည်။

ကျွန်မ သူတို့လောက်မတော်ပါ။ ပညာသင်ကြားခွင့် မရခဲ့ပါ။ ချက်ချင်းပဲ ကျွန်မ ဦးဖေမောင်တင်၏ ဘဲကလေးကို သတိရသည်။ ဘဲကလေးလည်း မိသားစုခြံထဲမှ ထွက်ခွာသွားရလေတော့ ယာတောတစ်ခုထဲ ရောက်သွားသည်။

http://www.cherrythitsar.org



ယာခင်းရှင်အိမ်မှာ သူခေတ္တနားနေရလေတော့ အရင်ရောက်သူ ကြက်မနှင့် ကြောင်က သူ့ကို ပညာပြသည်။

ကြက်မက...

"ဟော့...မင်း ငါ့လို တစ်နေ့ ဘဲဥ တစ်လုံးတစ်လုံး ဥစမ်း" ဟုဆိုသည်။ ဘဲလေးမှာ ဘဲထီးဖြစ်နေ၍ မဥနိုင်။

"ကျွန်တော် မဥနိုင်ပါ"ဟု ဆိုသောအခါ အဖြစ်မရှိတဲ့အကောင်ဟူ၍ နှိမ်သည်။

ကြောင်ကလည်း ရောက်လာပြန်သည်။

"ဟော့ကောင်လေး ညောင်ညောင်လို့ ငါ့လို အော်ပြစမ်း"

ခက်ကပြီ။ ဘဲလေးကလည်း ဘဲဖြစ်နေပါသည်ဆိုပါမှ ဘဲလိုပဲ အော်တတ်သည်။ ကြောင်လို ညောင်ညောင်ဟု မမြည်တတ်။

"မအော်တတ်ပါ"ဟု ဆိုသောအခါ "သိပ်ဖျင်းတဲ့ကောင်၊ အဖြစ်မရှိ" ဟု အဆိုခံရပါသည်။ စိတ်ညစ်ညစ်နှင့် စိတ်ဓာတ်ကျချိန် ဘဲလေးမှာ နို့အိုးတိုက်မိ၍ ယာတဲရှင်သမီးက တံမြက်စည်းနှင့် လိုက်ရိုက်ရာ ထွက်ပြေးရရှာသည်။ အင်းထဲရောက်သွားသည်။ အင်းထဲမှာ ကျူပင်တွေကြား နားနေတုန်း သေနတ်သံတွေ ကြားရသည်။ အမဲလိုက်သူတွေ အင်းထဲရောက်လာပြီ။ ငါတော့ သေရတော့မယ်ဟု ဘဲလေးမှာ ဆတ်ဆတ်တုန်အောင် ကြောက်နေတုန်း ရေထဲမှာ တစွက်စွက်နှင့် ခြေသံကြားရသည်။ ဘုရား...သူသေရတော့မည်။

မကြာခင် လျှာကြီးတွဲလောင်းနှင့် မောဟိုက်နေသော အမဲလိုက်ခွေးကြီး သူ့ရှေ့မှာ ပေါ်လာသည်။ သူ့ကို သေသေချာချာငုံ့ကြည့်သည်၊ ငါ့ကို ကိုက်စားတော့မယ် ထင်ပါရဲ့ဟု ဘဲလေးက ထင်သည်။ အမဲလိုက်ခွေးကြီးသည် သူ့ကို သွားဖြဲပြကာ ရှေ့ဆက်လျှောက်သွားသည်။

"ငါ အကျည်းတန်လွန်းလို့ ခွေးကတောင် မစားတော့ပါလား"ဟု ဘဲလေးက ထိုစဉ်က တွေးမိသည်တဲ့။

ဗေဒင်ဆရာတွေ ဗေဒင်ဟောလျှင် ဇနက္ကမင်းသား သဘော်ပျက်ကိန်း ဆိုက်ပြီ၊ ဇနက္ကမင်းသား ကျောက်ဖျာပေါ်ရောက်ကိန်း ဆိုက်ပြီဟု ဟောတတ်သည်။ ယခု ကျွန်မလည်း ထိုအချိန်က ဘဲလေး ယာတောရှင်အိမ်ရောက်ကိန်း ဆိုက်နေသည် ထင်ပါရဲ့။ အထင်သေး အမြင်သေးခံရ၊ အနှိမ်ခံရ။

ဘယ်လိုပဲဖြစ်ပေစေ၊ ဟင်ဒါဆင်ကိုရော၊ ဦးဖေမောင်တင်ကိုရော ကျေးဇူး

http://www.cherrythitsar.org



တင်ပါသည်။ တစ်ယောက်ကရေး၍ တစ်ယောက်က ဘာသာပြန်သော "အကျည်းတန်သော ဘဲကလေး" ပုံပြင်သည် ကျွန်မ ငယ်ဘဝကိုရော၊ ယခု ကြီးပြင်းသည်ထိ လျှောက်လှမ်းရသောဘဝတွင်လည်းကောင်း၊ စံပြုရ၊ အားထားရသောပုံပြင် ဖြစ်ပါသည်။ ကျွန်မ စာကြီးပေကြီး ကျမ်းဂန်များကိုဖတ်၍ ဘဝလမ်း လျှောက်လှမ်းသူ မဟုတ်ပါ။ နတ်သမီးပုံပြင်လေးကိုဖတ်၍ အားပြုလျှောက်ခဲ့သူ ဖြစ်သည်။ စာကြီးပေကြီး ကျမ်းဂန်ကြီးများကတော့ ဆင်ခြင်တုံတရားကို ပေးပါသည်။

## စာရေးဆရာ၏နေရာ

ကျွန်မ နှစ်ခုစဉ်းစားသည်။ တစ်ခုက အင်္ဂလိပ်စာဆက်သင်၍ မက်ထရစ် စာမေးပွဲ ဝင်ဖြေမည်။ မက်ထရစ်အောင်မှ တက္ကသိုလ်စာမေးပွဲများကို အခြေအနေ အလျောက် ဖြေမည်။

ဒုတိယ၊ ယခုထိုင်နေသော ကုလားထိုင်သည် အတွင်းရေးမှူးနှင့် အဆင် ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ ကျွန်မနှင့် ရေရှည် အံဝင်ခွင်ကျနိုင်မည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဖဆပလ ဝါဒဖြန့်ချိရေးဌာနပါဆိုမှ ဖဆပလက ထုတ်ဝေသော သတင်းစဉ်သည် ဖဆပလအသံ၊ ဖဆပလလုပ်ငန်းစဉ်များ ကောင်းကြောင်းကိုသာ ပြည်သူလူထုသိအောင် မသိသာသောနည်းဖြင့် ဝါဒဖြန့်ရ မည် ဖြစ်သည်။ တချို့ ယူဆသည်က ဝါဒဖြန့်သည်ဆိုသည်မှာ အတုံးလိုက် အတစ်လိုက် ပြည်သူလူထုခေါင်းထဲကို သွင်းရမည်ဟု ယူဆကြသည်)

ဆရာဇော်ဂျီ(ဦးသိန်းဟန်) ပြောသည်မှာ မှန်သည်။ သူက အလံတော်ကို မဝေဖန်ရဟု မဆိုလို။ ဝေဖန်လိုလျှင် ပြင်ပပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်တွေမှ ဝေဖန်ပါ။ ဖဆပလဌာနချုပ်ကထုတ်ဝေသော သတင်းစဉ်မှ မဝေဖန်သင့်ဟု ဆိုပါသည်။ မှန်၏။

ဒုတိယကလည်း ကျွန်မတို့ ဝါဒဖြန့်ချိရေးဌာနသို့ နယ်မှစာများ မြောက် မြားစွာ ရောက်ရှိလာ၍ နယ်အခြေအနေကို သိရှိမက ဖဆပလရုံးကြီးတစ်ခု လုံးတွင် တကယ်တမ်း လွတ်လပ်ရေးအတွက် တိုက်ပွဲပြင်နေသူတွေရှိသလို ကိုယ်ကျိုးရှာ ဖဆပလသွေးကိုစုပ်၍ အခွင့်အရေးယူမည့်သူတွေကလည်း ခြေ ချင်းလိမ်နေသည်။

ဒီအဖြစ်တွေကိုမြင်၍ ဖဆပလနောင်ရေးကို ကျွန်မ စိတ်မအေးစွာနှင့် ရေး

http://www.cherrythitsar.org



လိုက်သော ခြသေ့်ပိုးဆောင်းပါးသည် ဖဆပလ၏အတိုက်အခံ ကွန်မြူနစ်ပါတီ ပြည်သူ့အာဏာဂျာနယ်မှ ထောက်ခံလိုက်တော့ ကျွန်မ စေတနာမှန်သော်လည်း ရန်သူချဉ်းနင်းဝင်ရောက်ဖို့ လမ်းဖွင့်ပေးကာ ကိုယ့်တပ်ကိုယ် ပြန်နင်းသလို ဖြစ်သွားသည်။

"တကယ်တမ်း စာပေသမားလုပ်မလား" ကျွန်မကိုယ်ကျွန်မ မေးမိသည်။ လခစား စာနယ်ဇင်းမှာလုပ်လုပ်၊ ကျွန်မကိုယ်ပိုင် စာရေးဆရာလုပ်လုပ်၊ စာရေးဆရာ တကယ်လုပ်လျှင် ကျွန်မသည် ပြည်သူလူထုနှင့် အုပ်ချုပ်သူ လူတန်းစား အလယ်တွင် မဏ္ဍိုင်သဖွယ်ဖြစ်ရမည်။ အုပ်ချုပ်ခံလူတန်းစား ပြည်သူလူထု၏ အမှားကိုလည်းကောင်း၊ အမှန်ကိုလည်းကောင်း ထုတ်ဖော်ပြောဆိုရေးသားရမည့် တာဝန်ရှိသလို အုပ်ချုပ်သူလူတန်းစား၏ လုပ်ရပ်ကိုလည်း ကျွန်မ ဝေဖန်ပြောကြားခွင့် ရှိရမည်။

ကျွန်မနောက်တွင် ပါတီနိုင်ငံရေးအသင်း တစ်ဖွဲ့ဖွဲ့ရှိနေပါက ကျွန်မ အမြင်သည် ဘယ်လိုနည်းနှင့်မှ မကြည်လင်နိုင်။ ဘက်လိုက်မိမည်။ ကြည်လင်သည်ဆိုဦးတော့ ယခု ဖဆပလသတင်းစဉ်မှာရေးသလို "ရေးသောအကြောင်း မှန်သော်လည်း နောက်ခံ ဖဆပလအဖွဲ့ကြီးမျက်နှာ ထောက်ရတော့မည်" ကျွန်မသည် ထိုစဉ်က ဖဆပလအသင်းဝင်လည်း မဟုတ်ခဲ့ပါ။

အလျဉ်းသင့်၍ ဖော်ပြရပါဦးမည်။ ၁၉၆၂ ခု၊ ဖေဖော်ဝါရီလတွင် ကျင်းပသော အာရှ အာဖရိက စာရေးဆရာများ ညီလာခံတက်စဉ်က ကျွန်မ အတွေ့အကြုံအရ ထိုစဉ်က ကွန်မြူနစ်ဝါဒကို လက်ခံထားသူချင်းအတူတူ ရုရှားနှင့် တရုတ်မှာ အကြီးအကျယ် သဘောကွဲလွဲ၍ သူတို့ အကွဲအပြဲကိုပင် ထိုညီလာခံကြီးကိုရောက်အောင် သယ်ယူလာခဲ့ကြသည်။

တရုတ်နီကလည်း မြန်မာပြည်လို အစရှိသော နိုင်ငံများကို သူ့ဘက်ပါအောင် သိမ်းသွင်းသလို၊ ရုရှားကလည်း သိမ်းသွင်းသည်။ ဒီကတည်းက ကျွန်မ ကွန်မြူနစ်နိုင်ငံကြီးများကို သံသယရှိလာခဲ့သည်။ သူတို့လည်း အင်အားကြီးခဲ့သော် နယ်မချဲ့ပေဘူးလား။

ကျွန်မပါဝင်သော အဖွဲ့ငယ်လေးတွင် အဆိုတစ်ခုကို ဆွေးနွေးစဉ်က သူတို့အဆိုကို ထောက်ခံပါဟု ကျွန်မတို့ကို တရုတ်နီအဖွဲ့ဝင်တို့က ကြိုတင်ညှိနှိုင်းထားသည်။ တခြားတိုင်းပြည်ငယ်များကိုလည်း စည်းရုံးထားပါသည်။ အဆို၏ ခေါင်းစဉ်မှာ "အမေရိကန်ဦးဆောင်သော နယ်ချဲ့ဝါဒကိုဆန့်ကျင်ရန်" ဖြစ်သည်။

http://www.cherrythitsar.org



ကျွန်မ အဖွဲ့ငယ်မှာ မြန်မာကိုယ်စားလှယ်အဖြစ် ကျွန်မနှင့် ဦးပြည့်စုံ (သွေးသောက်အယ်ဒီတာ)တို့ ပါဝင်သည်။ ကျွန်မက အစည်းအဝေးမတိုင်ခင် တရုတ်နီတို့ ကျွန်မတို့ကို ကြိုတင်စည်းရုံးထားသော်လည်း ကျွန်မက မထောက်ခံနိုင်ဟု ဦးပြည့်စုံကို ပြောပါသည်။

"ဘာဖြစ်လို့လဲ"ဟု သူက ပြောပါသည်။"နယ်ချဲ့ဝါဒဆိုတာ အမေရိကန်ခေါင်းဆောင်မှ နယ်ချဲ့ဝါဒရယ်လို့ ရှိတာမှမဟုတ်ဘဲ၊ ဘယ်သူပဲခေါင်းဆောင်ခေါင်းဆောင် နယ်ချဲ့ဝါဒဆိုတာက ကိုလိုနီဝါဒ၊ ပြည်နယ်လေးတွေကို သွေးစုပ်တဲ့ ဝါဒ။ အမေရိကန် ခေါင်းဆောင်သည်ဖြစ်စေ၊ ဘယ်သူပဲ ခေါင်းဆောင်ခေါင်းဆောင်၊ ဘယ်လိုပုံစံနဲ့ပဲ ဝင်ရောက်လာသည်ဖြစ်စေ နယ်ချဲ့ဝါဒကိုဆန့်ကျင်ရမှာပေါ့။ အမေရိကန်ဆိုတဲ့ စကားလုံးကို ဖြုတ်လိုက်ပါ။ ဘယ်သူခေါင်းဆောင်သည်ဖြစ်စေ ဘယ်ပုံစံနဲ့ဖြစ်ပေစေ နယ်ချဲ့ဝါဒဟူသမျှ ဝင်လာရင် ဆန့်ကျင်ရမှာပဲ"

"ဒီလိုဆို မစုပဲပြော" ဟု ဦးပြည့်စုံက ဆိုပါသည်။ တရုတ်နီအဖွဲ့ထဲမှ အမျိုးသမီးတစ်ယောက်က အတော်လည်းထက်သည်။ အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောတတ်သည်။ အစည်းအဝေးမှာလည်း အင်္ဂလိပ်စကားပဲ သုံးသည်။ တရုတ်နီတို့က ထိုအဆိုကိုတင်သောအခါ ကျွန်မက မတတ်တတတ် အင်္ဂလိပ်စကားနှင့် ကျွန်မယူဆချက်ကို ရှင်းပြသည်။

တရုတ်နီအမျိုးသမီးသည် ဒေါသထောင်းထောင်းထနေသည်။

"ရှင်က မထောက်ခံဘူးပေါ့"

"အမေရိကန်ဆိုတဲ့စကားလုံး ဖြုတ်ပါ၊ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် နယ်ချဲ့ဝါဒဟူသမျှတော့ ဆန့်ကျင်ရမယ်"

သူသည် မြန်မာပြည်က မထောက်ခံကြောင်း ဒေါနှင့် မောနှင့် ထပြောသည်။ ကျွန်မ ကံကောင်းသည်။ အာဖရိကတိုက်ရှိ တိုင်းပြည်တစ်ခုမှ တက်လာသော ဝတ်လုံတစ်ယောက်မှာ အင်္ဂလိပ်စကားပြော ကျွမ်းကျင်ပါသည်။ ထိုအဆိုကို ဝေဖန်သောအခါ "အမေရိကန်သူလျှို" ဆို၍ အစည်းအဝေးခန်းထဲက ဆွဲထုတ်ခံရသည်။ ကျွန်မ ထိုစဉ်က အင်္ဂလိပ်စကားပြော သွက်လက်စွာ ပြောတတ်ချင်လိုက်တာ၊ ကျွန်မအယူအဆကို ရှင်းလင်းပြောပြမည်ဖြစ်သည်။

ကျွန်မက အမေရိကန်ကို ထောက်ခံနေသည်မဟုတ်။ အမေရိကန်တို့၏ တချို့ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် တချို့နိုင်ငံများအပေါ် အမေရိကန်ကျင့်သုံးပုံကို

http://www.cherrythitsar.org



ကျွန်မ မကြိုက်။ နယ်ချဲ့ဆိုသည်ကိုတော့ ဘယ်သူပဲချဲ့ချဲ့ မကြိုက်ပါ။ ကွန်မြူနစ် အင်အားကြီးနိုင်ငံတွေကရော နယ်မချဲ့ပေဘူးလား။ ဟန်ဂေရီအစရှိသော ဥရောပ တချို့နိုင်ငံငယ်တွေကို ဥပမာကြည့်ပါ။ တိဗက်ကိုလည်း ကြည့်ပါ။

မြန်မာပြည်ပြန်ရောက်တော့ အဖွဲ့ခေါင်းဆောင် စာရေးဆရာ ဇဝနက ကျွန်မကို ကျေနပ်ပုံမရပါ။

"မခင်စုဓာတ်ပုံကို ပုံကြီးချဲ့ပြီး ချိတ်ထားဖို့ကောင်းတယ်" ဟု ငေါ့တော့တော့ ထေ့ထေ့ ပြောပါသည်။ ကျွန်မကလည်း မှားပါသည်။ အဖွဲ့ခေါင်းဆောင်ကို ကျွန်မယူဆချက် ကြိုတင်ပြောဖို့ကောင်းပါသည်။

ကျွန်မ ယူဆချက်မှားပါသလား။ နိုင်ငံရေးမှာ ကျယ်ပြောသည်။ ရှုပ်ထွေးသည်။ အပြောင်းအလဲမြန်သည်။ ပုံသေကားကျ တွေး၍မရ။

ထိုစဉ်က တရုတ်နီနှင့် အမေရိကန်တို့ မျက်နှာချင်းဆိုင်၍မရ။ တရုတ်နီနှင့် အမေရိကန်တို့ ပြေလည်ဖို့ ပထမဆုံး ကမ္ဘာမှာ ကြိုးပမ်းသူမှာ ဦးနုဖြစ်သည်။ ၁၉၅၄ ခုနှစ် ဦးနု တရုတ်ပြည်သို့ ချစ်ကြည်ရေးခရီးလည်ပတ်စဉ်က ပီကင်းမှာ ပြောသော မိန့်ခွန်းမှာ တရုတ်နီ အမေရိကန် ချစ်ကြည်ရေးပင်ဖြစ်သည်။

ဒုတိယ ကစ်ဆင်ဂျာ၏ကြိုးပမ်းမှုဖြင့် နစ်ဆင်သည် တရုတ်နီသို့ အလည်အပတ် သွားရောက်၍ ချစ်ကြည်ရေးကြိုးပမ်းခဲ့သည်။ ဦးနုပြောသလိုပင် ကမ္ဘာတွင် ယဉ်ကျေးမှုရှေးဦးကျ၍ သူတို့၏ ယဉ်ကျေးမှုဖြင့် ကမ္ဘာအား ကျေးဇူးပြု၍ ယခုခေတ်သစ်ကို ထူထောင်ခဲ့သော လူဦးရေ သန်းပေါင်းများစွာရှိသည့် တရုတ်နီကို ပယ်ထား၍ မဖြစ်သလို...

မိမိတို့ ကြွယ်ဝသမျှ ငွေကြေးသိပ္ပံအတတ်ပညာ နည်းပညာတို့ဖြင့် ကမ္ဘာနိုင်ငံများအား ကူညီနေသော အမေရိကန်နိုင်ငံ ကျေးဇူးကိုလည်း မေ့ပျောက်၍မသင့်။ ဒီနိုင်ငံကြီးနှစ်နိုင်ငံ၊ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းမဆိုင်နိုင်အောင် မုန်းတီးနေမှုကို မလိုလားကြောင်း ဦးနုက ပြောခဲ့ပါသည်။

ကိုင်ရိုအစည်းအဝေး အပြင်ဘက်တွင် ဗီယက်နမ်နိုင်ငံ ကိုယ်စားလှယ်နှင့် တွေ့တော့ သူကလည်း အမေရိကန်တို့ သူတို့အပေါ် ကျူးကျော်စစ် ဆင်နွှဲသည်ကို မကျေမနပ် မမေ့နိုင်သည်ကို ပြောပြပါသည်။ ကျွန်မကလည်း စာနာမိပါသည်။ ဒါပေမဲ့ ကျွန်မတို့တိုင်းပြည်၏ ထားရှိသော နိုင်ငံခြားရေးဝါဒကို အခြေခံ၍ ကျွန်မ သူ့ကို ရှင်းပြပါသည်။ နောက်ပိုင်း ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းပြီးသော အခါ ဆင်းရဲတွင်းမှ မလွတ်နိုင်သော ဗီယက်နမ်တို့သည် အမေရိကန်တို့ထံ

http://www.cherrythitsar.org



အတိအလင်း ဖွင့်ဟပြောကြား၍ အကူအညီယူရသည်။

ကျွန်မလည်း တစ်ခါတစ်ရံ ငယ်စိတ်နှင့် အမေရိကန်တို့၏ တချို့ အပြုအမူကို အပြတ်ပြောမိသည်။ တကယ်တော့ နိုင်ငံရေးသည် စိတ်လိုက်မာန်ပါ အပြတ်ပြော၍မရ။ အင်မတန်သိမ်မွေ့သောအခြေအနေတွင် ပန်းတိုင်ရောက်လုနီးကာမှ စကားတစ်လုံးကြောင့် ပျက်ပြားရသော အဖြစ်တွေလည်းရှိသည်။ ဒါကြောင့် ကျွန်မ ပါတီနိုင်ငံရေးကို မလုပ်ချင်ပါ။ အမျိုးသားနိုင်ငံရေးကိုတော့ ငယ်စဉ်ကတည်းက မျက်ခြည်မပြတ်ခဲ့ပါ။

ထို့ကြောင့် ဖဆပလဝါဒဖြန့်ချိရေးဌာန ကုလားထိုင်တွင်ထိုင်ရင်း ကျွန်မ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပါသည်။

"ဒီဂရီရအောင် စာဆက်သင်မည်၊ ပါတီနိုင်ငံရေးနောက်ခံကင်းသော စာရေးဆရာလုပ်မည်။ လက်ရှိကုလားထိုင်ကိုတော့ ဆက်လက်ထိုင်၍ မနေလိုတော့ပါ"

ကျွန်မ ဆုံးဖြတ်ချက်သည် တကယ်တော့ မစားသာ။ အန္တရာယ်လည်း ရှိသည်ဟု ထင်ပါသည်။

ပါတီနိုင်ငံရေး နောက်ခံရှိသော စာရေးဆရာတစ်ယောက်ယောက်သည် သူ့ပါတီ အာဏာရလာလျှင် သူလည်း ကုလားထိုင်တစ်လုံးရနိုင်မည်။ မင်း (အစိုးရ) အသိအမှတ်ပြု စာရေးဆရာ တော်ဝင် **(Royal)** စာရေးဆရာဖြစ်မည်။ စားသာမည်ပေါ့။

ကျွန်မလိုချင်သော စာရေးဆရာဘဝကတော့ ပါတီနောက်ခံမရှိ၍ ဘယ်သောအခါမှ ကုလားထိုင်တစ်လုံး ရမည်မဟုတ်။ တော်ဝင် စာရေးဆရာလည်း ဖြစ်မည်မဟုတ်ပါ။ အဆင်မသင့်လျှင် အုပ်ချုပ်ခံ လူတန်းစားကို ဝေဖန်မိလျှင် ပြည်သူ့သစ္စာဖောက်ဟူ၍ အပြောခံရမည်။ အုပ်ချုပ်သူ လူတန်းစားကို ဝေဖန်မိလျှင်လည်း အစိုးရ အကြည်ညိုပျက်အောင် ရေးသားမှုနှင့် အရေးယူခံရမည်။ ဘယ်လိုပဲဖြစ်ပါစေ၊ စာဖတ်ပရိသတ်ပေးသော ကုလားထိုင်မှာ ကျွန်မထိုင်မည်။

ဖဆပလတွင် နေစဉ်ကလည်း ကွန်မြူနစ်ပါတီကို ဝေဖန်ရေးသားခဲ့သော်လည်း ကွန်မြူနစ်ပါတီထဲတွင် ကျွန်မချစ်သောသူများ၊ လေးစားသူများ အများကြီးရှိခဲ့ပါသည်။ ပုဂ္ဂိုလ်စွဲမမုန်းပါ။ ယခု ခင်နှင်းယုဟူသော ကလောင်တစ်ချောင်းကို ပိုင်လာလေတော့ ဝေဖန်ရေးစာရေးဆရာတစ်ယောက်က ရေးဖူးသည်။

"ခင်နှင်းယုသည် ကွန်မြူနစ်ပါတီကို တောက်လျှောက် ဆန့်ကျင်ခဲ့သော

http://www.cherrythitsar.org



အမျိုးသမီးစာရေးဆရာတစ်ယောက်ဖြစ်သည်”တဲ့။ သူ၏ ဝေဖန်ချက် မမှားပါ။ ဖဆပလသတင်းစဉ်တွင် ကွန်မြူနစ်ပါတီဆန့်ကျင်ရေးဆောင်းပါးကို ကျွန်မ ယုံကြည်ချက်နှင့် ကျွန်မရေးခြင်းဖြစ်သည်။

ယခုတော့လည်း “လူ့ဘောင်သည် ကြောင်လိမ်လှေကားသဖွယ် အစဉ် တိုးတက်သွားရမည်”ဆိုသော ကွန်မြူနစ်တို့၏ အယူဝါဒကို စတင်ကျင့်သုံးရာ ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံတော်ကြီး အစိတ်စိတ်ပြိုကွဲ၍ သွားရှာပါပြီ။ ကမ္ဘာ့သမိုင်းအဆက်ဆက်တွင် မြဲသည်ဆိုသောအဖြစ်သည် ရှိခဲ့ပါသလော။ တစ်ချိန်တစ်ခါက အင်ပါယာတစ်ခုခု၊ နိုင်ငံတော်တစ်ခုခုသည် လျှမ်းလျှမ်း တောက်တောက် ဖြစ်ကောင်းဖြစ်ပေမဲ့ တစ်ချိန်တစ်ခါမှာ ပြိုကွဲပျက်စီးရမည်။ ဒါသည် လောက၏သဘာဝ။

မြတ်စွာဗုဒ္ဓသည် အဆန်းတကျယ်ကို ဘယ်တော့မှ မဟော။ သဘာဝ၏ အရှိအရှိအတိုင်းကိုသာဟောသည်။ အားလုံးသောအရာတို့သည် မမြဲ၊ အစိုး မပိုင်သောသဘောရှိသည်ဟု ဟောခဲ့သည်။ ဗုဒ္ဓဟောပြောချက်အတိုင်း မမြဲ သောသဘောတွင် ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံတော်လည်း ပါသွားရှာ ခြင်းပါပဲ။ အမှန်တော့ မထူးဆန်းပါ။

ဖဆပလကြီးမှ ကွန်မြူနစ်ပါတီကို ထုတ်ပယ်ပြီးနောက် မကြာခင် ဗိုလ်ချုပ် အောင်ဆန်းတို့လည်း ကျဆုံးသွားပါသည်။

မြန်မာတစ်ပြည်လုံး အပူလှိုင်း ရိုက်ခတ်ချိန်တွင် ကျွန်မလည်း အပူလှိုင်း မိနေပါသည်၊

လွတ်လပ်ရေးအတွက် လက်တစ်ကမ်းအလိုမှာမှ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးရလေခြင်း။

ကျွန်မနှင့် ကသိကအောက်ဖြစ်နေသော အတွင်းရေးမှူးကြီးသည် ဘာ ကြောင့်မှန်းမသိ။ အစိုးရဌာန ရာထူးကြီးတစ်နေရာသို့ ပြောင်းရွှေ့သွားရပါသည်။ ကျွန်မ နုတ်ထွက်စာအကြောင်းတော့ ဘာမှမသိရပါ။

နောက်ရောက်လာသော ဝါဒဖြန့်ချိရေးဌာန အတွင်းရေးမှူးမှာ ဦးလှဒင် (အမျိုးသား) ဗီးကုန်းမှ ဖြစ်ပါသည်။

## တစ်နှစ်အတွင်း မက်ထရစ်အောင်ရမည်

နောက်ထပ် အသစ်ရောက်လာသော အတွင်းရေးမှူး ဦးလှဒင်(အမျိုးသား)

http://www.cherrythitsar.org



ရောက်လာတော့ ကျွန်မတင်သောလျှောက်လွှာကိစ္စ ဘယ်လိုဖြစ်သွားသည်မသိပါ။ ဘာသံမှမကြားရ။ ဦးလှဒင်ကို ဆရာဟုပဲ ကျွန်မကခေါ်သည်။ ဆရာသည် ကျွန်မကို ဆောင်းပါးများ ပြန်လည်ရေးခွင့်ပြုသည်။

ဦးနုကတော့ ဝန်ကြီးချုပ်အဖြစ် (ယခု ရုရှားသံရုံး) အိမ်ကြီးကို ပြောင်းသွားပါသည်။

ကျွန်မ တာဝါလိမ်းအိမ်လေးမှာနေရင်း စာဆက်သင်ဖို့ စဉ်းစားနေသည်။ ဒေါ်စီစီအိမ်မကြီးတွင် ငှားနေသော ပညာဝန်မကြီး ဒေါ်မြရွှေကို ချဉ်းကပ်တော့ ကလေးငယ်တွေကိုပဲ အင်္ဂလိပ်စာသင်ပေးချင်သည်။ ကျွန်မတို့မှာ မြန်မာကျောင်းထွက်ဖြစ်၍ အသက်ကြီးနေသောကြောင့် **(Accent)**မှာ မြန်မာသံပေါက်နေသည်။ ဘိုသံမပေါက်၍ မသင်ချင်ဟု ဆိုသည်။ တစ်ရက်၊ နှစ်ရက် တက်ပြီး ကျွန်မ မတက်တော့ပါ။ ငယ်ကတည်းက ဂါဝန်ဝတ်ကျောင်းတွေမှာ မနေခဲ့ရသော သူတို့နှင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်းမှာ မနေခဲ့ရသူတို့ကို အသံထွက်အတွက် အတော်အထင်သေးကြပါတကား။

တစ်နေ့မှာတော့ သတင်းစာမှာ ကြော်ငြာတွေ့သည်။ "အင်္ဂလိပ်စာတစ်ဘာသာကို တစ်နှစ်အတွင်း မက်ထရစ်အောင်အောင်သင်ပေးမည်။ တစ်လ ၃၀ ကျပ်နှင့် ၁၀ လစာ တစ်လုံးတည်း ၃၀၀ ကျပ်ပေးရမည်။ မအောင်လျှင် ငွေပြန်ပေးမည်။ စာချုပ်နှင့်သင်ပေးမည်ဟုဆိုသည်။ ကြော်ငြာသူဆရာမှာ ဒေါက်တာမင်းအောင် ဖြစ်သည်။

ကျွန်မ ဝမ်းသာအားရ ဆရာ့ကိုသွားတွေ့တော့ သူ့ကျောင်းလေးက ကင်းဘဲလ်လမ်းမှာ အိမ်အမြင့်ဖြစ်၍ အောက်မှာ ကျောင်းဖွင့်ကာ အပေါ်ထပ်မှာ လူနေသည်။

ဆရာသည် ဆင်းရဲပုံရသည်။ ဆရာဝန်ဆိုပေမဲ့ အမ်ဘီဘီအက်စ်မဟုတ်။ အယ်လ်အယ်လ်ပီ ဖြစ်သည်။ စကားစပ်မိတော့မှ ကိုကို (ဗိုလ်မှူးသီဟ)တို့နှင့်အတူ ဘီအိုင်အေမှာပါဝင်ခဲ့သော ဆေးမှူးဖြစ်သည်။

ကျွန်မ ထိုကျောင်းမှာနေရန် ဆုံးဖြတ်လိုက်သည်။ ဆုံးသာဆုံးဖြတ်သည်။ ကျောင်းလခ ၃၀၀ ဘယ်ကရှာရမှန်းမသိ။

ထိုစဉ်က ကန်တော်ကြီးစောင်းပတ်လမ်း၊ ယခု ကန်တော်ကြီးဆေးရုံဘယ်ဘက်ခပ်လှမ်းလှမ်းမှာ လွန်ခဲ့သော ၁၀ နှစ်လောက်က သားအမိနှစ်ယောက်လုံး လူသတ်ခံရသောအိမ်ကြီးရှိသည်။ အမေကိုတော့မမှတ်မိ။ သမီးမှာ ဒေါ်ခင်

http://www.cherrythitsar.org



သိန်း ဖြစ်သည်။ ထိုအိမ်ကြီးအပေါ်ထပ်မှာ သူတို့သားအမိနေ၍ အောက်ထပ်မှာ ဝါးခယ်မ သခင်သိန်းဖေတို့ ငှားနေသည်။ သခင်သိန်းဖေတို့ လင်မယားမှာ ညနေစောင်း အားလျှင် ကျွန်မတို့အိမ်လာလည်သည်။ ပတ်လိန်းမှဝင်၍ ကဝါ ဂျီပတ်လိန်းကို ချိုးလျှင် ကျွန်မတို့အိမ်ရောက်၍ နီးသည်။ ဒေါ်စီစီခြံသည် အမှန်တော့ တာဝါလိန်းနှင့် ကဝါဂျီပတ်လိန်းတို့ဆုံရာဖြစ်သည်။ ကဝါဂျီပတ် လိန်းမှ ထွက်လျှင် ကန်တော်ကြီးပတ်လမ်းကိုရောက်သည်။

သခင်သိန်းဖေတို့ မေမေနှင့် စကားစပ်မိရင်း ကျွန်မကလည်း ကျွန်မ နေလိုသော ကျောင်းအကြောင်း ပြောမိသည်။ မေမေထသွားချိန်တွင် သူတို့ လင်မယားကို ကျွန်မ ကျောင်းလခပေးစရာ ငွေ ၃၀၀ ကျပ်မရှိကြောင်း ပြော ပြလိုက်ပါသည်။ သခင်သိန်းဖေကပဲ "ငါပေးပါ့မယ်ဟာ၊ ကျောင်းဆက်တက်" ဟူ၍ ပြောပါသည်။ မေမေ စိတ်မချမ်းသာမှာစိုး၍ မေမေ့ရှေ့မှာ မပြောခြင်း ဖြစ်ပါသည်။

နောက်နေ့မှာ ငွေ ၃၀၀ ကျပ်ရ၍ ကျွန်မ စာချုပ်လိုက်ပါသည်။ မခင်နု လည်း ကျွန်မနှင့်အတူလိုက်၍ ကျောင်းတက်သည်။ သူက ငွေ ၃၀၀ ကျပ် ပေးနိုင်ပါသည်။

ဆရာ့နာမည်က သာဒွန်းအောင်ဟူ၍လည်း ခေါ်သည် ဆိုသည်။ ဆရာက အသားဖြူဖြူ၊ မျက်နှာပြားပြား၊ ရခိုင်ရုပ်မပေါ်။ တရုတ်ပုံပေါ်သည်။ စကားပြောမှ ရခိုင်သံဝဲသည်။ စာသင်နည်းကို သက်ကြီးသူတို့အတွက် တမင်ပြင်ဆင်ထားပုံ ရသည်။ သဒ္ဒါကိုလည်း သင်သည်။ စကားလုံးများ၊ အဓိပ္ပာယ်များကို ကျက်စေ ပြီးမှ မက်ထရစ်မှာပြဋ္ဌာန်းသော ကဗျာနှင့် ဘရစ်ဂေးဒီးယား ဂျရပ် စာအုပ်တို့ ကို သင်ပါသည်။

ကျွန်မ စာလိုက်နိုင်၍ ပျော်ပါသည်။ မခင်နုနှင့် ကျွန်မသည် မနက် ၇ နာရီအရောက် အိမ်မှထွက်၊ တာဝါလိန်းကိုလျှောက်၊ ယခု ဒေါ်ခင်ကြည်ဆေးရုံ အနားမှဖြတ်၍ ကင်းဘဲလ်လမ်းကိုသွားပြီး ကျောင်းတက်ရသည်။ ကျောင်းက ၉ ရီဆင်းလျှင် အိမ်ပြန် ရေချိုး ထမင်းစားပြီး ဖဆပလကို ၁၀ နာရီအရောက် ရုံးတက်ရသည်။ ကျွန်မမှာ ဂျပန်ခေတ်က ဝါးခယ်မမှာ ကရင်အမျိုးသမီး ကရာတိုးခွတ်၏သမီး ဆရာမ မာဂရက်သင်ပေးသော အင်္ဂလိပ်စာအခြေခံလည်း ရှိပါသည်။ မမက အင်္ဂလိပ်စာခြောက်တန်း ဆိုပေမဲ့ သူတို့ခေတ်မှာ အင်္ဂလိပ်စာ ကောင်းပါသည်။ ကျွန်မကို **(Lesson in English)** စာအုပ် နံပါတ် ၁၊ ၂၊၃

အထိ သင်ပေးခဲ့ဖူး၍ (New Method Reader) ဖတ်စာကိုလည်း သင်ပေး၍ အာလာဒင်နှင့် မီးခွက်၊ စနိုးဝှိုက် (မနှင်းဖြူ)၊ လုသူဇာနှင့် လူဝံကြီး အစရှိသော ပုံပြင်များကို ကျွန်မ ကောင်းကောင်းဖတ်တတ်နေ၍ ယခု ဆရာသင်သည်ကို လိုက်နိုင်ပါသည်။

ဘရစ်ဂေးဒီးယား ဂျရပ် သင်ခန်းစာ တစ်ခန်းသင်ပြီးတိုင်း ကျွန်မ အင်္ဂလိပ်စာနှင့် ကျွန်မဘာသာပြန်ရေးသည်။ ပြီးတော့ ဆရာ့ကိုပြသည်။ ဆရာက ပြင်ပေးသည်။ ဆရာကပြင်ပေးသည်ကို ကျွန်မ အသစ်ကူး၍ အလွတ်ကျက်သည်မှာ ဘရစ်ဂေးဒီးယား ဂျရပ် ဝတ္ထုတစ်အုပ်လုံးကို ကုန်ပါသည်။ စာမေးပွဲမဖြေခင် စာမေးပွဲဖြေဖို့ လျှောက်လွှာပုံစံတင်ရသည်။ ထိုစဉ်က ဂေဇက်ဝင်အရာရှိထောက်ခံစာလို၍ အစ်ကိုကြီး သခင်တင်မောင်ကြီးဆီသွားရပါသည်။ သူသည် ကျွန်မကို ထောက်ခံစာရေးပေးပြီး မကြာခင် အိန္ဒိယကို သံအမတ်ကြီးအဖြစ် ပြောင်းသွားပါသည်။

ကျွန်မက "အချို (ခေါ်) မခင်စု" အမည်နှင့် မက်ထရစ် ဝင်ဖြေပါသည်။

ဘရစ်ဂေးဒီးယား ဂျရပ်ကို သင်ရစဉ်က စကားတစ်လုံးကို ယခုတိုင် သတိရနေသည်။ တရားဥပဒေစိုးမိုးရေး ပျက်ပြားနေချိန်တွင် ဂျရပ်၏ အဖေကို သတ်သောသူကို ဂျရပ်ကပြောသော စကားလုံးလေးဖြစ်သည်။

**"Even according to the unlawfull law it was murder"**

"တရားမျှတမှုမရှိသော ဥပဒေအရတောင်မှ ထိုကိစ္စသည် လူသတ်မှုဖြစ်ပါသည်"ဟု ဆိုလိုပါသည်။ ထိုစဉ်က ပြင်သစ်နိုင်ငံတွင် တရားဥပဒေ စိုးမိုးရေး ပျက်ပြားနေချိန်ဖြစ်သည်။

ကျွန်မ စာမေးပွဲဖြေပြီးသွားပါသည်။ မေမေက ကျန်းမာရေး ချို့တဲ့လာသည်။ နံနက်တိုင်း ဈေးအဝေးကြီးသွားရ၍များလား။ ကျွန်မထင်တာဖြစ်သည်။ မမကတော့ တာဝါလိန်းအိမ်မှာ အဆင်မပြေတာတစ်ခုပဲရှိသည်။ နောက်ဖေးမီးဖိုမှအထွက် တံခါးဝမှာ တီကောင်တွေ တန်းလန်းဖြစ်နေတတ်သည်။ အထူးသဖြင့် မိုးတွင်းမှာဖြစ်သည်။

"မိစု၊ မမကြောက်တယ်" သူ တီကောင်ကို အလွန်ကြောက်သည်။ ကျွန်မလည်း ကြောက်ပေမဲ့ တုတ်နှင့်ထိုးချရသည်။

မေမေ နေမကောင်းသည်ကို ဆရာ ဒေါက်တာမင်းအောင်ပဲ လာရောက်ကုပေးပါသည်။

http://www.cherrythitsar.org



ကျွန်မကို ဆရာဦးလှဒင် အတွင်းရေးမှူးက လခ ၂၅၀ ကျပ်အထိ တိုးမြှင့်ပေးပြီး တွဲဖက်အတွင်းရေးမှူးအဖြစ် ရာထူးလည်းတိုးပေးပါသည်။ သတင်းစဉ်မှာလည်း တာဝန်ခံအယ်ဒီတာအဖြစ် ခန့်လိုက်ပါသည်။

သခင်နုက ဝန်ကြီးချုပ်ဖြစ်တော့ သူ့မိဘများကို သူ့အိမ်နှင့် မျက်နှာချင်းဆိုင်တိုက်မှာ ထားပါသည်။ ဦးလေး ဦးသန်းရွှေတို့က (ဦးနု အဖေနှင့်အမေ) အဘနှင့်အမကို ပြုစုစောင့်ရှောက်ပါသည်။ အမကို ကျွန်မ သွားကန်တော့တော့ ပြောပါသည်။

"မသိန်းတင်ဟာ တော်တော်မာနကြီးတယ်နော်၊ မောင်နု ဝန်ကြီးချုပ်ဖြစ်တာ အိမ်ကို လာမလည်ဘူး"

အမ ပြောစကားကို မေမေ့ကို ကျွန်မပြောပြတော့ မေမေက ပြုံးပါသည်။

"မေမေ့ရင်ခွင်ထဲမှာ သူတို့ညီအစ်ကို ကြီးလာတာ၊ ကျေးဇူးတရားသိတတ်လို့ရှိရင် သူတို့ လာကန်တော့ရမှာပေါ့။ မေမေ သွားဖို့မလိုဘူး" အမှန်တော့ ကျွန်မတို့ မိသားစုကြီးသည် တစ်အိမ်တည်းနေ တစ်အိုးတည်းစားလာ၍ မေမေက ယခုလိုပြောခြင်းဖြစ်သည်။ ကျွန်မတို့တောင် ဦးနုနှင့် ဦးဥကို မောင်နုမ အရင်းထင်၍ သူတို့အမေကို အမဟု ခေါ်ခဲ့ပါသည်။ မကြာခင် သခင်နုသည် တာဝါလိန်းအိမ်လေးကို လာရောက်၍ မေမေ့ကို ကန်တော့ပါသည်။ မကြာခင် သူသည် ဝင်ဒါမီယာကို ပြောင်းရွှေ့သွားပါသည်။

ကျွန်မတို့မိသားစုအရေးကို မေမေက တိုင်ပင်ပါသည်။

"မေမေ့ကျန်းမာရေးလည်း မကောင်းဘူး၊ ရန်ကုန်က နေထိုင်စရိတ်လည်း ကြီးတယ်၊ ဒီတော့ မေမေနဲ့ ဖေဖေရယ်၊ မတင်ဦးရယ် ဝါးခယ်မပြန်မယ်။ သမီးနဲ့ နုနု နေရစ်ခဲ့"

"ဘယ်မှာနေရမလဲ" ကျွန်မက မေးလိုက်ပါသည်။

"အဒေါ်တို့နဲ့နေရစ်ပေါ့" ဦးနုအမေကို ဆိုလိုပါသည်။ မေမေသည် ပြောသာပြောရသည်။ သူလည်း ဝါးခယ်မကို ပြန်ချင်ပုံမရပါ။ မေမေသည် အစဉ်သဖြင့် သိုသိုသိပ်သိပ်နေတတ်သည်။ သိသင့်သိထိုက်တာမှတစ်ပါး သားသမီးကို မပြော။ ကျွန်မက တစ်ခါတလေ မေမေယ်စဉ်ကဘဝနှင့် ကျွန်မတို့ ငယ်ဘဝကို သန်းသန်းထံမှကြားရသောအခါ ယခု အင်္ဂလိပ်ဝတ္ထုတွေဖတ်တတ်တော့ ဝစ်သားရင်းဟိုက် **(Whutering Height)s** ဝတ္ထုကို သတိရသည်။ ထိုဝတ္ထုမှာ မိသားစု အထိန်းတော်ကြီးက ပြန်ပြောသောပုံစံနှင့် ရေးထားသော ဝတ္ထုဖြစ်သည်။

http://www.cherrythitsar.org



"မေမေက မေမေတို့ ငယ်ငယ်ကအကြောင်းတွေကို ဘာလို့ သမီးတို့ကို ပြောမပြတာလဲ။ သန်းသန်းပြောသမျှပဲသိရတယ်" ကျွန်မက မေးသည်။ ကျောင်းစာကျက်ပြီး ညဦးက စာဖတ်ဆွေးနွေးပွဲမှာ မေမေသည် စာအုပ်အကြောင်းနှင့် နိုင်ငံရေးပဲ ပြောတတ်သည်။

"ပြောစရာမှ မလိုတာ"

"မေမေငယ်ငယ်က သိပ်ချမ်းသာတာပဲဆို၊ စိန်လက်ကောက်တောင် နှစ်ဆင့်မှ ဝတ်တာ၊ တစ်ဦးတည်းသောသမီးဆိုတော့ စိန်တွေ ညွတ်နေအောင် ဆင်တယ်ဆို"

"အဲဒါသိရော သမီးက ဘာလုပ်မှာလဲ၊ သမီးတို့ဘဝ သမီးတို့ လက်ရှိအခြေအနေကိုပဲ သိဖို့လိုတယ်။ အခြေအနေကိုသိမှ ပြဿနာကို ရင်ဆိုင်နိုင်တယ်။ ငယ်ငယ်က ရွှေထီးဆောင်းခဲ့တာကို လွမ်းနေလို့အပိုပဲ။ လက်ရှိအလုပ်မှာတောင် ထိခိုက်နိုင်တယ်။ ကိုယ့်စိတ်ကို ကိုယ်မလျှော့မချနိုင်တော့ ရင်ဆိုင်ရတဲ့ ပြဿနာနဲ့ အဆင်မပြေဖြစ်တတ်တယ်။ ဒါကြောင့် မေမေ မပြောတာ"

မေမေသည် သားသမီးဘဝင်မြင့်အောင် မြှောက်မပေးခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်မ ယခုလိုအဆင်မပြေနိုင်သောဘဝကို လျှောက်လှမ်းနေချိန်တွင် မေမေ အနားမှာရှိစေချင်တာ အမှန်ပါပဲ။ မိသားစု သိုင်းသိုင်းဝိုင်းဝိုင်းနေရဖို့ကို ကျွန်မ အစဉ်တောင့်တသည်။ မေမေတို့ကိုလည်း ဝါးခယ်မအိမ်ကြီးလို မဟုတ်တောင် ယခုအိမ်လေးထက်ကောင်းသော အိမ်လေးမှာ ကျွန်မ ထားချင်ပါသည်။ လက်ရှိအခြေအနေနှင့် မထားနိုင်ပေ။

"မေမေနဲ့ ခွဲနေရတော့လည်း တစ်မျိုးဆင်းရဲတာပဲ"ဟု ပြောမိသည်။ ကျွန်စိတ်ထဲမှာ တာဝါလိန်းအိမ်လေးမှာ ဆင်းရဲပေမဲ့ အသားကျနေသလိုပါပဲ။ စိတ်ညစ်တော့လည်း ခြံထဲထွက် သီချင်းဆို၊ မမသန်း(ဒေါ်သန်းတင်)၊ မြင့်မြင့်တို့နှင့်လည်း ထွေရာလေးပါးပြောနေကြရ၍ စိတ်သက်သာပါသည်။ မြင့်မြင့်အဖို့လည်း စက်သူဌေးသမီးဘဝမှ ဝါးခယ်မက ပျဉ်ထောင်အိမ်ကြီးကို စွန့်၍ ချစ်သူနောက်လိုက်ခါ အစေခံတန်းလျားမှာ နေရသူဖြစ်သည်။

ကျွန်မပြောစကားကို မေမေက ပြန်ဖြေပါသည်။ "သမီးက ကိုယ့်ကိုယ်ကို သိပ်သနားနေတာကိုး။ ကိုယ့်ကိုယ်ကို သိပ်သနားလွန်းရင် မှားတတ်တယ်။ ကိုယ့်ထက် ဆင်းရဲ အကျပ်အတည်းတွေ့နေသူတွေ အများကြီးပဲ။ မေမေ့ပယောဂမပါဘဲ မေမေတို့ပစ္စည်းတွေ ဆုံးရှုံးရတယ်။ အားကိုးရာ လင်သည်ကလည်း

http://www.cherrythitsar.org



ဒုက္ခိတဘဝ ရောက်သွားတယ်။ ဒီအဖြစ်တွေတွေးပြီး ကိုယ့်ကိုယ်ကို သနားနေလို့ ဘာလုပ်မလဲ။ မေမေ့မှာ ဆင်းရဲပေမဲ့ အိမ်ကြီးပေါ် အခြေမပျက် နေရသေးတယ်။ ဝါးခယ်မ လှေကျင်းကုန်းသွားကြည့်စမ်း၊ မေမေ့ထက် ဆင်းရဲသူတွေ ပြည့်လို့"

ဟုတ်ပါသည်လေ။ ကျွန်မထက် အဖြစ်ဆိုးသူတွေလည်း ရှိပေမပေါ့။

ကျွန်မကတော့ မေမေနှင့် ခွဲ၍မနေချင်။ မမနဲ့ တိုးတိုးတိုင်ပင်တော့လည်း မမက ပြောသည်။

"မေမေ ဈေးသွားရတာကလည်း ဝေးတယ်၊ တို့လည်း အချိန်မပေးနိုင်ဘူး၊ ပြီးတော့ သားငါးဈေးလည်း ကြီးတယ်။ ဝါးခယ်မမှာတော့ သားငါးလည်းပေါ၊ ကိုယ့်မြို့သူမြို့သားတွေ ရင်နီးတော့ ဈေးနေ့တိုင်းမသွားလဲ လူကြုံနဲ့ မှာလို့ရတယ်။ အခု မစု လခတိုးလာတော့ ငွေ ၂၀၀ ကျပ်ဟာ မမတို့မိသားစု စားလောက်တယ်။ မမကလည်း ပန်းထိုးမှာပါပဲ။ မေမေ ပင်ပန်းလို့ နေမကောင်းတာထင်တယ်"

ကျွန်မသည် မေမေ့ကျန်းမာရေးကိုငဲ့၍ ပြန်ခွင့်ပြုလိုက်ရပါသည်။ ကျွန်မအလွန်မက်သော **(Home)** ဆိုသောမိသားစုလေး ပြိုကွဲရပြန်သည်။

စိန်ပန်းနီနီပွင့်ရာ လမ်းကို လျှောက်၍ ရှာခဲ့ရသော တာဝါလိန်းအိမ်လေးကို စွန့်၍ ယခု ရှရှားသံရုံးရှေ့က အိမ်မှာ အမနှင့်အတူ နေပါသည်။ နေရသောအိမ်မှာ တိုက်ပေမဲ့ ကျွန်မမပျော်။ ကျွန်မအိမ်မဟုတ်သလိုဘဲ ထင်ရသည်။ အမတို့နှင့် ထမင်းအတူမစားပါ။ ထမင်းလခပေးစားပါသည်။ တစ်လကို ၄၀၊ နှစ်ယောက်အတွက် ၈၀ ကျပ်၊ လာပို့ခ ၁၅ ကျပ် ပေးရသည်။ ညီမငယ် နုနုက မြို့မမှာ နေလေတော့ ကျောင်းနှင့်နီး၍ ဘတ်စကားခ မကုန်ပါ။ မခင်နုကတော့ သူ့ဦးလေးအိမ် ပြောင်းသွားပါသည်။

တစ်နေ့ ကျွန်မ ဖဆပလ ဝါဒဖြန့်ချိရေး ရုံးခန်းထဲဝင်လိုက်တော့ ဆရာ့စားပွဲမှာ ဧည့်သည်အမျိုးသားနှစ်ဦး ထိုင်နေသည်။ ကျွန်မစားပွဲမှာ ဆရာ့စားပွဲနှင့် ဘေးချင်းယှဉ်၍ ကျွန်မက ပြတင်းဘက်မှာ ဖြစ်ပါသည်။ ကျွန်မ လွယ်အိတ်ကို စားပွဲပေါ်တင်ပြီး ထိုင်လိုက်တော့ ဆရာက မိတ်ဆက်ပေးပါသည်။

"မခင်စု၊ သူတို့က တက္ကသိုလ်ကျောင်းသားတွေ၊ သူက မောင်မောင်ကျော်၊ သူက မောင်ကျော်သောင်း" ဆရာမိတ်ဆက်ပေး၍ ကျွန်မက တွေ့ရတာဝမ်းသာကြောင်း ပြောလိုက်ပါသည်။ မောင်မောင်ကျော်ဆိုသူမှာ ဝဝပုပု၊ အသားလတ်လတ်ဖြစ်၍ မောင်ကျော်သောင်းဆိုသူမှာ အသားညိုညို ပိန်ပိန်ရှည်ရှည် ဖြစ်ပါ

http://www.cherrythitsar.org



သည်။ သူတို့ပြန်သွားတော့ ဆရာ့ကို ကျွန်မက မေးကြည့်ပါသည်။

"သူတို့က ဘာလုပ်ဖို့လာတာလဲ"

"သတင်းစာပညာကိုလေ့လာဖို့ တို့ဌာနကို လွှတ်လိုက်တာ"

ကျွန်မ အံ့အားသင့်သွားပါသည်။

"နေ့တိုင်း လာကြမှာလား"

"အေး...ဟုတ်တယ်"

"ရှုပ်လိုက်တာ ဆရာရယ်၊ ကိုယ့်အဖွဲ့လေးနဲ့ကိုယ်ဆိုတော့ အေးတယ်လေ၊ သူတို့ရောက်လာတော့ အနေကျဉ်းတယ်။ ဆရာက ဘာလို့လက်ခံတာလဲ" ဆရာသည် ကျွန်မကို တအံ့တသြကြည့်ကာ ပြောလိုက်သည်။

"မိစုရဲ့ ကျားကြီးက လွှတ်တာ၊ ဆရာက ဘယ်လက်မခံဘဲနေရဲမလဲ"

"ကျားကြီး၊ ကျားကြီးဆိုတာ ဘာလဲ" ကျွန်မကလည်း ထူးထူးဆန်းဆန်း ပြန်မေးလိုက်ပါသည်။

"သြော်...ငါ့တပည့်ကလည်း 'အ'ပါသေးရဲ့၊ ဖဆပလမှာနေပြီး ကျားကြီး ကို မသိဘူးတဲ့။ ကျားကြီးဆိုတာ အထွေထွေအတွင်းရေးမှူး ဦးဗဆွေကိုပြောတာ"

တကယ်ကို ကျွန်မ မသိပါ။ ဦးဗဆွေကိုလည်း နာမည်သာ ကြားဖူးသည်။ လူကိုမသိပါ။

"မစုမှ မသိတာ၊ ဦးဗဆွေကိုလည်း မမြင်ဖူးဘူး"

"အောင်မယ်လေးဟယ်၊ မနေ့က မင်းစားပွဲမှာ တင်ပါးလွှဲထိုင်ပြီး စကား ပြောနေတာ ဦးဗဆွေလေ" ဒီတော့မှ ကျွန်မ သတိရသည်။ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ မျက်လုံးကမှေးမှေး စကားပြောလျှင် အသံကဝဲသည်။

ကျွန်မ ပျော့ညံ့ချက်က စာထဲကို စိတ်ဝင်စား၍ စာရေးနေလျှင် ဘယ်သူ့ ကိုမှ သတိမထားမိပါ။ ကိုယ့်ဒုက္ခနှင့်ကိုယ်ဆိုတော့ ပြင်ပကို ဂရုမပြုမိပါ။

နောက်နေ့တွေမှာ ကိုမောင်မောင်ကျော်မှာ မှန်မှန်မလာပေမဲ့ ကိုကျော် သောင်းကို ဆရာက သတင်းထောက်ခန့်လိုက်သည်။ မနက်အစောကြီး ရောက် လာ သတင်းပို့ပြီး သူမြို့လုံးပတ်လည် သတင်းယူ၍ ဖောင်ပိတ်ချိန်အမီ ပြန် လာတတ်ပါသည်။ တစ်နေ့ နေ့ခင်း တယ်လီဖုန်းလာ၍ သွားနားထောင်ပါသည်။

"အချို စာမေးပွဲအောင်တယ်"

ကျွန်မကို ဘယ်သူမှ အချိုဟု မခေါ်။ စာမေးပွဲဖြေသောအမည်မှာ အချို (ခေါ်) မခင်စု ဟူသောအမည်နှင့် ဖြေခြင်းဖြစ်သည်။

http://www.cherrythitsar.org



"အခုပြောတာ ဘယ်သူလဲ"

"ကျွန်တော်ကျော်သောင်းပါ၊ သတင်းတွေယူရင်း တက္ကသိုလ်မှာ မက်ထရစ် အောင်စာရင်းတွေ ထွက်တယ်ဆိုတာနဲ့ ပြေးသွားတာ။ အချို့ (ခေါ်) မခင်စု လို့ တွေ့လို့ ပြောတာ၊ ခုံနံပါတ် (......) မို့လား"

"ဟုတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

"ကျွန်တော် တက္ကသိုလ်ရုံးကထုတ်ပြန်တဲ့ အောင်စာရင်းစာရွက် ယူလာ မယ်။ ဒါပါပဲ" သူ တယ်လီဖုန်းချသွားသည်။ ကျွန်မ စာမေးပွဲဖြေထားသည် ကို သူဘယ်လိုလုပ် သိနေသလဲ။ သူသည် နောင်သောအခါ ကျွန်မနလုံးသား အား နာကျင်သောဝေဒနာကိုမပေးဘဲ သေသည်အထိ သစ္စာစောင့်သိပါသော ကျွန်မ၏ချစ်သူဖြစ်လာမည်ကို ကျွန်မ မသိပါ။ ကျွန်မသည် ဝမ်းသာပါသော် လည်း ကိုယ့်အကြောင်း ကိုယ်သာသိသည်။ ရုံးခန်းထဲဝင်လိုက်တော့ ဆရာ့ကို စာမေးပွဲအောင်ကြောင်း ပြောလိုက်ပါသည်။ ဆရာကလည်း ဝမ်းသာအားရ ရုံးခန်းတစ်ခုလုံးကြားအောင်ပြောရင်း တစ်ခုခုကျွေးရမည် ဆိုနေစဉ် ကျွန်မ ထိုင်ငိုပါသည်။ သူတို့သည် ကျွန်မငိုသောအကြောင်းကိုမသိပါ။ သူတို့စိတ်ထဲတော့ ထူးဆန်းနေမည်။ စာမေးပွဲအောင်သောနေ့မှာ ကျွန်မ ဘာကြောင့်ငိုပါသလဲ။

နောက်တစ်ပတ် အိမ်ကို ဦးနုလာရင်း သူ့အဖေနှင့်အမေကို ကန်တော့ ပါသည်။ ဦးလေး ဦးသန်းရွှေလည်း အနားမှာရှိသည်။ သူ့မိဘများကို ကန်တော့ ပြီးမှ ကျွန်မကို ဖဆပလမှာ အလုပ်လုပ်ရတာ အဆင်ပြေမပြေ မေးပါသည်။ ကျွန်မက အဆင်ပြေကြောင်းပြော၍...

"မစု၊ မက်ထရစ်အောင်တယ်"ဟု ပြောလိုက်ပါသည်။ သူက ဘာမှ ပြန်မပြောခင်...

"အဲဒါ တက္ကသိုလ်ဆက်တက်ချင်တယ် ကိုကိုကြီး **(Sponsor)** နေရာမှာ လက်မှတ်ထိုးပေးပါ" ထိုစဉ်က တက္ကသိုလ်တက်လျှင် တာဝန်ယူသူက လက်မှတ် ထိုးရသည်။ သူသည် ခေတ္တစဉ်းစား၍...

"ကိုကိုကြီး တာဝန်မယူနိုင်ဘူး၊ ပြီးတော့ မစု တက္ကသိုလ်တက်နေရင် ဘယ်သူ အိမ်ကိုရှာကျွေးမလဲ" သူပြောလိုက်တော့ ကျွန်မ ကြွေမြေမဆည်နိုင် ချုံးပွဲချ၍ ငိုမိပါသည်။ ကိုကိုကြီးပြန်သွားတော့ အမကရော ဦးလေးဦးသန်းရွှေ ကရော ဒါလောက်မငိုဖို့ ပြောပါသည်။

ရတတ်တရက် ကျွန်မတက်လိုသော တက္ကသိုလ် မတက်ရ။ ကျွန်မလိုချင်သော

http://www.cherrythitsar.org



ဒီဂရီကို မယူနိုင်တော့၍ ဝမ်းနည်းလွန်း၍ ငိုမိခြင်း ဖြစ်သော်လည်း ကိုကိုကြီးက အမှန်ကိုထောက်ပြခြင်းဖြစ်ပါသည်။ သူပြောသည်မှာ မှန်သည်။

အိမ်ကို ဘယ်သူရှာကျွေးမလဲ။ အိမ်တာဝန်ကို ဘယ်သူယူမလဲ။ ကျွန်မ စဉ်းစားရမည့် အခြေအနေအမှန်ပါပဲ။ အရှိကို အရှိအတိုင်း ရင်ဆိုင်ရဲအောင် မေမေသွင်းသော စိတ်ဓာတ်ရှိပြီးဖြစ်သည်။ ကိုကိုကြီးက သတိထပ်မံပေးခြင်းပါပဲ။

နောက်နေ့ရုံးတက်တော့ ဝတ္ထုတိုတစ်ပုဒ် ကျွန်မရေးပါသည်။ 'စာမေးပွဲအောင်၍ ငိုရသည်' ခေါင်းစဉ်နှင့် ရေး၍ ဟံသာဝတီသတင်းစာတိုက်ကို ပို့လိုက်သည်။ အချို ကလောင်အမည်နှင့် ရေးပါသည်။ နောက်တစ်ပတ် ဟံသာဝတီသတင်းစာမှာပါလာသည်။ ဆရာဦးလှဒင်ကလည်း ကျွန်မဝတ္ထုဖတ်၍ အကြောင်းသိသွားပြီ။

အင်္ဂလန်ရောက် ဘကြီးဟန်ကလည်း . . .

"မစု

ဟံသာဝတီသတင်းစာမှာ မင်းဝတ္ထုဖတ်ရတယ်၊ တက္ကသိုလ်ဆက်တက်ပါ၊ ဘကြီးဟန်တာဝန်ယူတယ်"ဟု ရေးလိုက်သည်။

အိန္ဒိယရောက် သံအမတ်ကြီး သခင်တင်မောင်ကြီးကလည်း . . .

"အချို

မင်း စာမေးပွဲအောင်တယ်လို့ သိရတယ်၊ တက္ကသိုလ်ဆက်တက်ပါ၊ ကိုကြီး တာဝန်ယူတယ်" ဟု ရေးပြန်သည်။

ဝါးခယ်မက ကျွန်မတို့ အထက်တန်းကျောင်းအုပ် ဆရာမကြီးကလည်း ရေးပါသည်။

"မစု

တက္ကသိုလ်ဆက်တက်ပြီး အဆောင်မှာနေပါ၊ ဆရာမ အားလုံးတာဝန်ယူတယ်"

သူတို့စာတွေဖတ်ရင်း မျက်ရည်ကျိတ်၍ ကျရပါသည်။ ဘကြီးဟန်၊ သခင်တင်မောင်ကြီးနှင့် ဆရာမ ဒေါ်ပိုက်မိတို့ကို ကျွန်မ ကျေးဇူးတင်ပါသည်။ ဒါပေမဲ့ ကိုကိုကြီးပြောသလို "ကျွန်မအိမ်ကို ဘယ်သူရှာကျွေးမလဲ" ဒီကိစ္စက ပုဂ္ဂလိကပြဿနာ။ ကျွန်မ ဘယ်သူ့ကိုမှ မတင်ပြတော့ပါ။

ဟံသာဝတီသတင်းစာမှာ ဝတ္ထုရေးပြီး တစ်ဘစ် သတင်းစုံဂျာနယ်မှာ "မပုလဲ"ဟူသော ဝတ္ထု စ၍ ရေးပါသည်။ ထိုစဉ်က အချိုဟုပဲ ကလောင်အမည်

http://www.cherrythitsar.org



တပ်ပါသည်။

ထိုအချိန်မှာ သခင်သာခင်သည် တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ပြောင်းလာပါသည်။ လွတ်လပ်ရေးအထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲမှာ "မျောက်လောင်း" ဝတ္ထုတိုနှင့် ကျွန်မ တတိယဆုရသည်ကို သူ သိပါသည်။

သူသည် ရုံးခန်းထဲကို ခဏခဏလာသည်။ ကျွန်မတို့နှင့် ကျွမ်းကျွမ်းဝင်ဝင် စကားပြောသည်။ ရှုမဝမဂ္ဂဇင်းကို စာမူတွေပို့သည်ကိုလည်း သူသိသည်။ စာမူများကိုပယ်ကြောင်း ကျွန်မက သူ့ကို ပြောပြသည်။ သူက အပယ်ခံ ကျွန်မ စာမူများကို ဖတ်သည်။

"ရေသာရေးပါ မစုရယ်၊ တစ်နေ့ မင်း စာရေးဆရာဖြစ်မှာပါ။ မင်းရေးပုံ စတိုင်က ရုရှားလော့ဘရွန်တေစတိုင်မျိုး"

ထိုစဉ်က ရုရှားလော့ဘရွန်တေတို့၊ အမ်မလီဘရွန်တေတို့ကို ကျွန်မ မသိသေး။ ကမ္ဘာကျော် စာရေးဆရာကြီးတွေရေးဟန်ဆိုပြီး အားပေးဖော်ရသော သခင်သာခင်ကို ကျေးဇူးတင်ရပါသေးသည်။ ဟုတ်ချင်မှဟုတ်မည်။

စာပဒေသာမှာ "အရိုင်း"ဟူသော ဝတ္ထုတိုလေးကို ခင်နှင်းယု ကလောင်အမည်နှင့် ရေးတော့ ဖော်ပြခံရပါသည်။

## လက်ခုပ်သံ

ဘားကတ်ရွာတွင်တွေ့ခဲ့ရသော ဆရာဦးမောင်မောင်ကြည်၏ 'အုတ်ကြားမြက်'ဝတ္ထုအကြောင်းပြောသည်ကို သတိရ၍တစ်ကြောင်း၊ ဆရာလေး ဒေါ်ဟေမာရီ၏ သီရိဟေမာစာသင်တိုက်မှ မိဘစွန့်ပစ်ခံ ၅ နှစ်ရွယ် သီလရှင်ဆရာလေး နှစ်ယောက်ကို တွေ့ခဲ့ရ၍ 'အုတ်ကြားမြက်'ဝတ္ထုကို ပေါ်ပေါက်စေခဲ့သော ကျွန်မ၏ခံစားချက်ကို ပြန်လည်ရေးသားတင်ပြခြင်းဖြစ်ပါသည်။

၅ နှစ်ရွယ် ဆရာလေးတို့ကြီးပြင်းလာ၍ စာဖတ်တတ်လျှင် ကျွန်မ ယခုရေးသော ဆောင်းပါးကို ဖတ်ကြပါစေဟု ကျွန်မ ဆုတောင်းမိသည်။

'အုတ်ကြားမြက်'ဆိုသည်မှာ တစ်နွေလုံး မြေအောက်မှာ ငုပ်လျှိုးနေရ၍ မိုးတစ်ပြိုက်နှစ်ပြိုက် သွန်ကျလာမှ အုတ်ကြားထဲမှ လူးလွန့်ထွက်ကာ ကမ္ဘာလောကကြီးကို ပြူကြည့်ရသူတွေ၊ လန်းဆန်းသောလေကို ရှူရှိုက်ရသူတွေ ဖြစ်ပါသည်။ ဆရာလေးတို့လည်း ဆရာလေး ဒေါ်ဟေမာ၏ မေတ္တာမိုး ရွာကျလာသည့်အောက်မှာ ရှင်သန်လူးလွန့်၍ ကြီးပြင်းလာကြမည် ဖြစ်ပါသည်။

http://www.cherrythitsar.org



ကျွန်မသည်လည်း ကျွန်မဘဝကို ကျွန်မ အုတ်ကြားထဲမှ စခဲ့သည် ဆိုပေမဲ့ ဖေဖေမေမေတို့၏ ချစ်မေတ္တာ၊ ကျွန်မ၏ချစ်သူတို့၏ ချစ်မေတ္တာမိုးရေအောက်မှာ ရှင်သန်ခဲ့ရ၍ ယခုတော့ အမြဲစိမ်းလန်းသောမြက်ခင်း ဖြစ်ခဲ့ပါပြီ။ သို့သော် လောကမှာ မြဲသည်ဟူ၍တော့ ဘာမျှမရှိပါ။ မေမေပြောသလို ကျွန်မဘဝထက်ဆိုးသော ၅နှစ်ရွယ် ဆရာလေးများကို မြင်ရလေတော့ စာနာစိတ်ဖြင့် ဒီဆောင်းပါး ရေးမိပါသည်။ ကျွန်မ၏ဘဝ နောက်ဆုံးအချိန်မှာလည်း ဦးဖေမောင်တင်၏ ဘဲလေးလို ဖြစ်ချင်ပါသည်။

ဘဲလေးသည် အင်းထဲမှထွက်ပြေးလွတ်မြောက်၍ နောက်ဆုံး ဥယျာဉ်တစ်ခုထဲရှိ ရေကန်ထဲ ရောက်သွားပါသည်။ တခြားဘဲငန်းတွေလည်း ကန်ထဲမှာရှိသည်။ မကြာခင် ကလေးများ အော်ဟစ်ပြေးလွှားလာကြ၍ လက်ခုပ်လက်ဝါးတီးကာ ဝမ်းသာအားရ သူ့ကိုလက်ညှိုးညွှန်ကာ ပြောကြသည်။

"ဒီရေကန်ထဲမှာ နောက်ရောက်လာတဲ့ ဘဲငန်းလေးက အလှဆုံးဟေ့"

ကလေးတွေအော်သံကြားတော့ သူ့စိတ်ထဲမှာ ရှက်၍သွားပါသည်။ သူ့ဘဝသက်တမ်းမှာ တစ်ခါဖူးမျှ ယခုလို ချီးမွမ်းသံမကြားရ။ စိတ်ထဲမှာ ဝမ်းသာလွန်း၍ ခေါင်းလေးကို ငုံ့လိုက်တော့ သူ့ရုပ်ကိုကြည်လင်သော ကန်ရေပြင်မှာ မြင်ရသည်။

"သူသည် လည်ကုပ်တိုတို၊ မွဲညိုညိုနှင့် အကျည်းတန်သောဘဲကလေးမဟုတ် ။ လည်တံရှည်ရှည် ဖြူဖွေးသော ငွေရောင်တောက်နေသည့် အမွေးများနှင့် လှပသော ငန်းထီးလေး ဖြစ်နေသည်။

ကျွန်မ၏ နောက်ဆုံးအချိန်မှာလည်း အေးမြကြည်လင်သောတရားတည်းဟူသော ရေကန်မှာ နားနေလိုပါသည်။ သို့သော် ကန်ရေပြင်ရှိ ကြာပန်းအလှများ... "နောက်ဆုံးရောက်လာတဲ့ ငန်းကလေးက အလှဆုံး"ဟု လက်ခုပ်လက်ဝါးတီးကာ ချီးကျူးသော လက်ခုပ်သံများကိုတော့ သာယာမိမှာ စိုးရိမ်ပါသည်။

**[ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ ၁၉၉၈ ခုနှစ်]**

# ဘကြီးမှိုင်းနှင့် စောင်းတော်ရှင်

ဒေါနပန်းများမွှေးလေပြီ။

နတ်တော်လ၊ ပြာသိုလတို့တွင် ခွာညိုနှင့် သဇင်ပန်းများအကြောင်းကို စာဆိုအတော်များများ စာဖွဲ့ခဲ့ကြ၏။ သဇင်ပန်းများ၏ရနံ့လည်း တောအနှံ့တွင် သင်းစပြုနေပေပြီ။

ကျွန်မတို့ ဝါးခယ်မမြို့လေးတွင်တော့ ယခုအချိန်တွင် ဒေါနပန်း၏ ရနံ့များ လေတွင် သင်းပျံ့၍နေလေသည်။

'ထောက်ဟဲ့၊ အသြ ဓာနည်ရ၊ မြင်းမြတ်ထိပ်ခေါင်၊ နှာပွ အာပြဲ၊ ခွာကျ ရဲသနဲ့၊ ပွဲတိုင်းငယ်အောင်'

ကိုးမြို့ရှင်၏ မာကျောသောအသံမှာ လေထုကို ဖောက်ထွင်း၍ ထွက်လာ၏။ ကိုးမြို့ရှင်မှာ နတ်ဇည့်သည်ဖြစ်ဟန်တူပါသည်။ ဝါးခယ်မ မြို့သူမြို့သား များ ပင့်ဖိတ်၍ အညာမှရလာသော အညာနတ်ဖြစ်ပုံရ၏။

မြင်းဇက်ကိုကိုင်ကာ သူ့ပြောဟန်ဆိုဟန်သည် မာကျောခက်ထန်လှ၍ အထူးသဖြင့် မာန်ပါသည်ဟု ဆိုရပေမည်။ သို့သော် သူ့စကားလုံးများတွင်တော့ ဝါးခယ်မ မြို့သူမြို့သားများ ပင့်ဖိတ်ချက်ကြောင့် ကြွရောက်လာရကြောင်း၊ တပည့်တပန်းများ ဘေးရန်အန္တရာယ်ကင်းရန် ဆုတောင်းမေတ္တာပို့ကြောင်း၊ အန္တရာယ်ကင်းအောင် သူ၏တန်ခိုးဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း သူ့စေတနာကို မာန်နှင့် ထန်နှင့်ပင် ရွတ်ဆိုလိုက်၏။

http://www.cherrythitsar.org



ဖြူစင်သော အမွေးများဖြင့် ကကြိုးစုံဆင်ထားသော ကိုးမြို့ရှင်၏ စီးတော်မြင်းမှာလည်း ခံ့ညားလှပ၏။

'နတ်မြင်းပျံမို့၊ မြူးကြွားကြွား' ဟူသော စကားလုံးဖြင့် လိုက်ဖက်လှပါသည်။ ထိုအခါတွင်မှ မြင်းခါးပြတ်လေးများ ကိုယ်စီစီး၍ မြူးကြွသော ဟန်ပန်နှင့် ကခုန်ကာ ထွက်လာသော ဝါးခယ်မြို့သား လူငယ်လေးများ၏ အလှအပကို တွေ့ရသည်။ သူတို့သည် သူတို့အရှင် ကိုးမြို့ရှင်နှင့်အတူ ကခုန်ကြရင်း နီရဲသော ကတ္တီပါခန်းဆီးအပါးတွင် တဖြည်းဖြည်း ကွယ်ပျောက်သွားကြပါသည်။

'ကျွန်းကျွန်းပိုင်သ၊ တိုင်းခန်း နေနှုန်းနန်း၊ ရွှေတည့်သာ ရွှေဘုန်းပန်း၊ စံခန်းလျှံလန်း၊ သီတာယဉ်ရေ၊ မြစ်ပေါင်းဝိုက်ခါခွေ'

အေးမြသော သီချင်းသံနှင့်အတူ စောင်းကိုပိုက်ကာ ဒုတိယကြွလာသူမှာ ရေငန်ပိုင်ဦးရှင်ကြီး ဖြစ်ပါသည်။

သီချင်းသံကိုက သာယာကြည်နူးဖွယ်ကောင်းသည်နှင့်အမျှ ဦးရှင်ကြီးအသံကလည်း ပျော့ပျောင်းလှပါသည်။ သူသည် ကိုးမြို့ရှင်လို မာန်တွေ ထန်တွေမပြ၊ မေတ္တာရှင်နတ် ဖြစ်ဟန်တူပါသည်။ ကျွန်မစိတ်ထင် မြစ်ဝကျွန်းပေါ် ရေငန်ရောက်ရာအရပ်ကို ပိုင်သသူဖြစ်၍ အိမ်ရှင်နတ်ဖြစ်၏။ အိမ်ရှင်တို့ဟန်ပန်အတိုင်း ဣန္ဒြေရ၍ အပြောအဆိုမှအစ သိမ်မွေ့နူးညံ့လှပေသည်။

ရွှေရောင်တောက်သော ပုဆိုး၊ အနီတပ်အင်္ကျီအဖြူလက်ရှည်နှင့် နဖူးတွင် ပတ္တမြားပန်းခက်လို နီရဲသော နဖူးစည်းကို စည်းထားသော ဦးရှင်ကြီးသည် မီးရောင်အောက်တွင် ကျက်သရေရှိလှသည်။ သူသည် မိကျောင်းကိုစီးကာ မြစ်ကြောင်းဖြင့် မိန်းမလှကျွန်းမှ ဝါးခယ်မမြို့သို့ကြွရောက်လာသည်။ စီးတော်နတ်မိကျောင်းကြီးအပါးတွင် လှပသော နတ်သမီးလေးများသည် ပြာလဲ့သော ရေပြင်ပေါ်တွင် ကခုန်ကာ လိုက်ပါလာကြ၏။ နတ်သမီးလေးများ၏ အကကပျော့ပျောင်းသွယ်လျလှပါသည်။

ကျွန်မ၏ ကလေးငယ်ဘဝ အာရုံတွင် ထိုမြင်ခင်းလေးများသည် အိပ်မက်သဖွယ် ရိုးရိုးရိပ်ရိပ် ထင်မြင်လျက်ရှိတတ်ပါသည်။

ဒေါနပန်းများ၊ မေမြို့ပန်းများ၊ အိ၍ပုံကာ ညွတ်ပြိုလုမတတ် ပြည့်ဖြိုးနေသော နတ်ကွန်းနှစ်ခုကလည်း အလယ် ဇာတ်စင်မကြီး၏ ဘေးနှစ်ဖက်တွင် ပန်းတောင်ပူစာလေးများနှင့် တူလှ၏။ ဤနတ်နှစ်ပါး၊ သူတို့နတ်ကွန်းများတွင် နားချိန်တွင်မှ ဝါးခယ်မမြို့၏ကိုယ်စား လူကြီးလူကောင်းနှစ်ဦးက ဝါးခယ်မ

http://www.cherrythitsar.org



မြို့နယ်တွင် အန္တရာယ်ကင်းရန် စောင့်ရှောက်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြရ၏။

နတ်များ ပြန်အကြွတွင် ဒေါနခက်များ၊ မေမြို့ပန်းများကို ပရိသတ်ပေါ်သို့ ဝေ၄ ပျံ့ကြဲလိုက်သောအခါ ပွဲခင်းတစ်ခုလုံး ပရိသတ်က အုန်းအုန်းကျွက်ကျွက် ထ၍ လုကြသည်။ ဒေါနရနံ့သည်လည်း နတ်ပွဲကျင်းပရာ ကွင်းပြင်ကြီးကို လွှမ်းခြုံမွှေးပျံ့သွားတော့သည်။

တစ်ခါက လက်ဝဲစာရေးဆရာတစ်ယောက် ပြောသလိုပင် နတ်အတန်းအစားခွဲရသည်ရှိသော် ဦးရှင်ကြီးသည် အနိမ့်ခံ ဆင်းရဲသား အလုပ်သမား နတ်တစ်ပါးဖြစ်၍ သူ့အဖြစ်မှာ ကြေကွဲဖွယ်ကောင်းလှသည်။

ထိုစာရေးဆရာလေသံနှင့် ပြောရလျှင်တော့ မောင်ရှင်၏အမေဖြစ်သူက သားဖြစ်သူရှင်ပြုရန် အစ်မထံ ငွေရှာအသွားတွင် မောင်ရှင်၏အဒေါ်က နေရှင်ပီပီ ငေါက်ထုတ်လိုက်၏။ ဆင်းရဲသား သားအမိမှာ မျက်နှာငယ်နှင့် ပြန်လာခဲ့ကြသည်။

မောင်ရှင်သည် သူ့ကိုယ်သူအားကိုးကာ လှေထိုးလိုက်၍ ငွေရှာမည်၊ ငွေရလျှင် သူ့အမေ၏ဆန္ဒအတိုင်း ရှင်ပြုမည်ဟူသော ရည်ရွယ်ချက်ဖြင့် ထင်းခုတ်သွားသောလှေတွင် အလုပ်သမားတစ်ယောက်အဖြစ် အလုပ်လုပ်၍ လိုက်ပါသွား၏။

မိန်းမလှကျွန်းအရောက်တွင် လှေသူကြီးနှင့် လှေထိုးသားများ အားလုံးက မောင်ရှင်ကို ထမင်းချက်၊ လှေစောင့်အဖြစ် လှေပေါ်တွင်ထားရစ်၏။ သူတို့အားလုံး ထင်းခုတ်သွားကြသည်။ မောင်ရှင်ကို မှာခဲ့သည်မှာ လုံးဝ သီချင်းမဆိုရန်၊ မတီးမမှုတ်ရန် မှာခဲ့ပေသည်။

အနုပညာသမားဖြစ်သူ မောင်ရှင်သည် ကျွန်မတို့ဂိုဏ်းဝင် အနုပညာ 'ညာဉ်'ရှိသူဖြစ်ဟန်တူပါသည်။ မရေးပါနှင့်၊ မပြောပါနှင့်၊ မဆိုပါနှင့်၊မသီပါနှင့် ဆိုကာမှ သူသည် တစ်ယောက်တည်းကျန်ချိန်တွင် သူဝှက်၍ယူလာသော လက်စွဲတော်စောင်းလေးကို ထုတ်၍ တီးပါတော့သည်။ ပြာသောပင်လယ်ပြင်၊ အေးမြသော လေပြည်ညင်းနှင့် မိန်းမလှကျွန်း၏ လှပသော မြင်ခင်းများသည် တိတ်တခိုး သိုဝှက်ထားရသော သူ့အသည်းနှလုံးထဲမှ ဂီတများကို နှိုးကြွစေဟန်ရှိပါသည်။

စောင်းကို သူတီးခတ်၍ သီချင်းကိုဆိုလိုက်သည့် တစ်ပြိုင်နက် မိန်းမလှ

http://www.cherrythitsar.org



ကျွန်းစောင့် နတ်သမီးလေးများသည် ရေပြင်ပြာမှပေါ်လာကာ မောင်ရှင်ကို ဝန်းပတ်၍ ကခုန်ပြကြသည်။

ထင်းခုတ်ကိစ္စပြီး၍ မောင်ရှင်တို့ လှေပြန်အထွက်တွင် နတ်သမီးလေးများသည် နတ်တို့တန်ခိုးဖြင့် လှေကို မထွက်နိုင်အောင် ဆွဲထားကြသည်။

လှေသူကြီးသည် သူတို့ထုံးစံအတိုင်း ဘယ်သူကြောင့် လှေမထွက်နိုင်သည်ကို မဲချရာတွင် မောင်ရှင် မဲကျတော့သည်။ မောင်ရှင်အား အရှင်လတ်လတ်ရေတွင် ချရစ်ကာ သူတို့လှေ ထွက်သွားတော့သည်။

နတ်သမီးလေးများက မောင်ရှင်အားပွေ့ယူကာ ကျွန်းပေါ်သို့ ခေါ်ယူသွားကြသည်။ မောင်ရှင်သည် အရှင်လတ်လတ် နတ်ဖြစ်သွားသည်ဟု အဆိုရှိကြ၏။ သူ့အတ္ထုပ္ပတ္တိအကျဉ်းမှာ ဒါပဲဖြစ်သည်။

သို့သော် မည်သို့ပင်ဆိုစေ မောင်ရှင်သည် ဦးရှင်ကြီးဟူသော ဘွဲ့ကိုယူကာ နတ်ဖြစ်ချိန်တွင် စည်းစောင့်လှသည်။ နတ်သမီးလေးများနှင့် မဖောက်ပြန်ရုံမက ငါးပါးသီလထိန်းသိမ်း၍ သက်သတ်လွတ်စားသည်။ ယခု ဂီတသမားများ နည်းယူဖွယ်ကောင်းပါသည်။ သူ့ကို ပသရာတွင် သက်သတ်လွတ်များဖြစ်သော အုန်း၊ ငှက်ပျော၊ ကောက်ညှင်းများဖြင့်သာ ပသရသည်။ သူ၏ နတ်ကွန်းပေါ်သို့ မိန်းမများ မတက်ရပေ။

ကျွန်မတို့မိသားစုမှာ နတ်ကိုးကွယ်သူများ မဟုတ်ကြ။ သို့သော် နတ်တော် ပြာသိုသို့တိုင်လျှင် ကျွန်မ ဌာနေ ပွဲခင်းများအနက် ဤဦးရှင်ကြီး နတ်ပွဲကို ကျွန်မ သတိရ၏။

လေပေါ်တွင်ဝဲပျံကာ ကျလာသော ဒေါနပန်းခိုင်များမှာ ပွဲကြည့်ပရိသတ်များ လုယက်သည့်ဒဏ်ကို မခံနိုင်၍ ရနံ့ပြယ်ကာ ကျေမွသွားကြသည်။

ဦးရှင်ကြီးပွဲကျင်းပရာ ကွင်းပြင်တွင် တည်းခိုစရာ အသိမရှိသော မြို့ပတ်ဝန်းကျင် ရွာနီးချုပ်စပ်များမှ လာရောက်ကြသော ပွဲကြည့်ပရိသတ် အမျိုးသမီးများကလည်း မှန်ထောင်ကာ သနပ်ခါးလူးရသည်။ နေရောင်က အပူရှိန်မပြေသေးသောကြောင့် သနပ်ခါးလူးရင်း အရောင်တင် မျက်နှာချေများ ပါးပေါ်ဖို့ရင်းမှ ချွေးချောင်းကြီးများက မျက်နှာပေါ် စီးကျလာသည်။

ပွဲခင်းလယ်တွင် သဲကွင်းပြင်မှ ငခွေးနှင့် ဘငွေးတို့ အုပ်စု ဖျာနေရာအတွက် တိုင်ငုတ်စိုက်ရင်း ထ၍သတ်ကြပြန်သည်။

အပိုပင်ခုတ်မောင်းပေးရသော ရောဝတီသင်္ဘောနှင့်ရောက်လာသည့် အိမ်မဲ၊

http://www.cherrythitsar.org



ကွန်းကုန်း၊ ဝဲကြီး ပတ်ဝန်းကျင်မှ လူကုံထံ အပျိုလူပျိုများကမူ နီးစပ်ရာအိမ်တွင် တည်းခိုရင်း ညနေ ဦးရှင်ကြီးပွဲသို့သွားရန် အလုပြင်ကြရသည်။

ကျွန်မ ကြက်တောင်စည်းအရွယ်ကမူ မေမေက ကျွန်မတို့ ညီအစ်မ တစ်စုအား သူ၏ ဆေးလိပ်ခုံလုပ်သားများနှင့်အတူ နတ်ပွဲကြည့် လွှတ်ပါသည်။ အပျိုပေါက်အရွယ်ရောက်သောအခါ မေမေကိုယ်တိုင်ပါမှ သွားရသည်။

ကျွန်မသည် လွမ်းဆွေးတသတတ်သူဖြစ်ပါ၏။ ဤပွဲခင်း၏ လှုပ်ရှားပုံကို မျက်စိထဲတွင် တရိပ်ရိပ်ပေါ်လာရာမှ စာအုပ်နီနီလေးကိုလည်း ထင်မြင်လာပြန်သည်။

'လူကြီး လူငယ်တိုက်ပွဲ' စာအုပ်ငယ်၏အမည်မှာ အဖုံးနီနီပေါ်တွင် ထင်ရှားသည်။

အတွင်းစာသားများကမူ ဦးရှင်ကြီးပွဲကျင်းပသော ကော်မတီအဖွဲ့၏ ငွေရှင်းတမ်းများအနက် အချို့ကို ထုတ်နုတ်ဖော်ပြထားသည်။ ဦးရှင်ကြီးပွဲ ပထမနေ့ ဘုရားကိုးဆူပူဇော်၍ ကုန်ကျစရိတ်မှာ မပြောပလောက်ကြောင်း၊ နတ်ပွဲအတွက် ငွေအသုံးများသောကြောင့် မြို့မှာ နစ်နာကြောင်း၊ နတ်ပွဲလာလိုသူများပြားလွန်း၍ ဧရာဝတီမှ သင်္ဘောအပို ခုတ်မောင်းပေးရသောကြောင့် ခနရှင် ဧရာဝတီကုမ္ပဏီကို ဦးရှင်ကြီးပွဲက အလုပ်အကျွေးပြုရာရောက်ကြောင်းများကို ထိုစဉ်က ဝါးခယ်မသခင်လူငယ်တစ်စု (တို့ဗမာအစည်းအရုံးဝင်) တို့က သူတို့သခင်လေသံ၊ လူငယ်တို့၏ တက်ကြွသောအမြင်၊ အတွေးအခေါ်တို့ဖြင့် ဝေဖန်တင်ပြထားကြသည်။

လူကြီးပိုင်းကလည်း စာရွက်ဖြူများနှင့် သီးသန့်ထုတ်ဝေကာ ဝါးခယ်မမြို့သည် ဘာသာ သာသနာရေးတွင်လည်း ပေါ့လျော့ခြင်းမရှိ၊ သကျမဟာသီရိဘုရားကြီးတွင် ရာသီလိုက် ညောင်ရေသွန်းချိန်၊ ဝါဝင်စတွင် ဝါဆိုပန်းကပ်ပွဲ၊ ဝါကျွတ်တွင် ပဝါသနာပွဲ၊ တန်ဆောင်မုန်းတွင် ကထိန်ပွဲများ နှင့် စည်ကားသိုက်မြိုက်စွာ အလေးထား၍ ကျင်းပကြောင်း ချေပထား၏။

သခင်လူငယ်တို့ဘက်ကကြည့်လျှင် သူတို့တင်ပြချက်မှန်ကန်သလို လူကြီးများ၏ ထုတ်ဖော်ချက်ကလည်း မှန်ကန်ပါသည်။

ကျွန်မ အလွမ်းဆုံးမှာ နွေဦးပေါက်ချိန်၌ ဘုန်းကြီးကျောင်းရှိ ရေတွင်းများတွင် ရေခန်းချိန်ဖြစ်သည်။ သာသနာရေးအသင်းအဖွဲ့များ၊ ဥပမာ… သောကြာပတ်၊ စနေပတ် ဆွမ်းလောင်းအသင်း၊ အရဏ်ခံအသင်း၊ ယောက်ျား

http://www.cherrythitsar.org



လူငယ်များကလည်း တစ်နေ့စီ၊ ကျွန်မတို့ မသိန်းကြွယ်ဆေးလိပ်ခုံ အပါအဝင် ယုဝတီ၊ မခင်သိန်း၊ ကြည်ကြည် အစရှိသော ဆေးလိပ်ခုံ အမျိုးသမီးတို့ကလည်း တစ်နေ့စီ၊ ညနေစောင်းတိုင်း ဝါးခယ်မ မြစ်မကြီးမှ ရေကို ရေအိုးကိုယ်စီနှင့် သယ်ယူကာ မင်းကျောင်း၊ ဝေဠုဝန်ကျောင်းတိုက်၊ မန္တလေးကျောင်းတိုက်သို့ သွားပို့ကြသည်။

ကျွန်မတို့အိမ်မှာ ဝါးခယ်မမြို့လယ်ဘုရားကြီးလမ်းမှာဖြစ်၍ ညနေစောင်းတွင် ရေအိုးကိုယ်စီရွက်ကာ ရေပို့ကြသူ ဝါးခယ်မမြို့သူတို့အလှကို ကျွန်မ မမေ့ပါ။

ဘုရားကြီးမှာ သာယာစိုပြည်၍ ပန်းရနံ့များဖြင့် မွှေးပျံ့နေသလိုပင်ဖြစ်၏။ (ယခုတော့ မပြောတတ်ပါချေ)

ဝါးခယ်မ ဘုရားလူကြီးများကလည်း ညဦးတွင် ဘုရားကြီးအတွင်း၌ ပရိတ်တရားများကို ရွတ်ဖတ်သရဇ္ဈာယ်ကြသံမှာ မြို့၏ကျက်သရေလိုပင် ဖြစ်ပါသည်။

"သခင်ကိုယ်တော်မှိုင်းကြီး ကြွလာတယ်တဲ့"

ဝါးခယ်မမြို့သည် နိုင်ငံရေးလှုပ်ရှားမှုတွင် မြောင်းမြခရိုင်တွင် ဦးဆောင်မှုပေး၍ စည်းရုံးညီညွတ်မှုကောင်းသောကြောင့် ခရိုင် တို့ဗမာအစည်းအရုံးကို ဝါးခယ်မတွင်ပင် ထားရသည်။ ဆရာကြီးတို့လို လျှမ်းလျှမ်းတောက် ခေါင်းဆောင်ကြီးများ ကြွလာချိန်တွင်မူ ဘုရားကြီး အလယ်တန်ဆောင်းကြီးမှာ တရားပွဲများကို ကျင်းပပေးရသည်။ ကျွန်မတို့သည် ကျောင်းသားသမဂ္ဂဝင်များ ဖြစ်သော်လည်း တို့ဗမာအစည်းအရုံးနှင့် အစစအရာရာ အဆက်အသွယ်ရှိသောကြောင့် ကျောင်းသား သမဂ္ဂဝင်များကလည်း ဆရာကြီး တရားပွဲတွင် ရှေ့က ဖြစ်ပါသည်။ လူထုပရိသတ်ကမူ ဘုရားတန်ဆောင်းကြီးကို လျှံ၍သွားတော့သည်။ ဆရာကြီး၏ ပျော့ပျောင်းအေးမြ သော လေယူလေသိမ်းကို ထိုစဉ်က ကျွန်မ ပထမဆုံးကြားခြင်း ဖြစ်ပါသည်။

ကျွန်မအိမ်ပြန်ရောက်ချိန်တွင် ကိုကို(သခင်မောင်မောင်)တို့ ပြန်မရောက်လာသေး။ ညဦးရောက်မှ အိမ်ပြန်လာကြသည်။ မေမေက ကိုကို့ကို အကျိုးအကြောင်း မေးကြည့်၏။

"ဆရာကြီး အနေအထိုင် ကသိကအောက်မဖြစ်အောင် ဝိုင်းလုပ်ပေးနေကြလို့ သားတို့ အပြန်နောက်ကျတာ မေမေ၊ ပြီးတော့ တရားပွဲအပြီး ဆရာကြီးနဲ့

http://www.cherrythitsar.org



စကားပြောနေကြတယ်။ ဆရာကြီးကလေ ကျွန်တော်တို့ သခင်လူငယ်တွေကို ဆုံးမလွှတ်လိုက်တယ်”

“ဟေ…ဟုတ်လား”

မေမေက အဓိပ္ပာယ်ရှိသောမျက်နှာနှင့် ကိုကို့ကို ကြည့်၍နေပါသည်၊

“ဟုတ်တယ်မေမေ၊ ပထမတော့ ဝါးခယ်မသခင်တွေ စည်းရုံးပုံ ညီညွတ်ပုံ တယ်တော်တယ်လို့ ချီးကျူးတယ်။ ပြီးတော့ သူ့လေသံအတိုင်း…

“အိမ်း…တစ်ဖက်က အဲသည်လောက်တော်သလောက် ဘာကိစ္စ ရန်ဖြစ်ချင်ကြသလဲကွဲ့။ လူကြီးလူငယ်တိုက်ပွဲစာအုပ် ဆရာကြီး ဖတ်ပြီးပါပြီ။ မင်းတို့က ဒါကို ဧရာမတိုက်ပွဲကြီး အောက်မေ့နေသလား၊ မင်းတို့ ဦးတည်ချက်က ဘာလဲ။ မင်းတို့ရဲ့ အဓိကရန်သူက ဘယ်သူလဲ။ အေးအေးဆေးဆေးစဉ်းစားပါ။ အင်္ဂလိပ်နယ်ချဲ့သမားကို ဦးတည်တိုက်နေရချိန်မှာ ဘာဖြစ်လို့ မင်းတို့မြို့က လူကြီးတွေနဲ့ ရန်ဖြစ်ချင်ကြသလဲ။ မင်းတို့လေသံက ဘာပြောပြော ဆဲသံပါနေတော့ အဂါရဝဖြစ်ရုံမက ဒီလူကြီးတွေရဲ့ ငြိုငြင်မှုလည်း ခံရမယ်၊ မင်းတို့ကို ကြည်ညိုသလို လူကြီးတွေကိုကြည်ညိုတဲ့ မြို့ပရိသတ်လည်း ရှိသေးတယ်။ တို့ကိုပဲ လူထုကြည်ညိုတယ်လို့ မထင်လိုက်ပါနဲ့။ ဒီလိုပဋိပက္ခဖြစ်နေလို့ အကျိုးက ပိုထူးမလာဘဲ ကိုယ့်မှာ စစ်မျက်နှာပိုများလာမှာပဲ။ မြို့ရဲ့ထောက်ခံမှုတောင် အားနည်းသွားမယ်။

ကိုယ့်ရဲ့ဦးတည်ချက်ကို ချီတက်သွားရာမှာ ဘေးကိုဆဲမနေနဲ့၊ အလုပ်လုပ်ပြရင်းက မင်းတို့လုပ်ဆောင်ချက် မှန်ကန်ပုံကိုသာ ပြသွားဖို့ရှိတယ်တဲ့ မေမေ၊ ဦးရှင်ကြီးလည်း သူ့ဟာသူနေပါစေတဲ့”

စစ်မျက်နှာအဖွင့်များလို သူတို့အတွက် ဆရာကြီး၏ ဆုံးမစကားသည် အဓိပ္ပာယ်ရှိလှသည်။ ငယ်ငယ်က ရန်ဖြစ်တတ်သော ကျွန်မအတွက်လည်း တန်ဖိုးရှိပါသည်။

ဒေါနပန်းများ မွှေးလေပြီ။

သည်တပေါင်းလတွင် ဆရာကြီးမွေးနေ့၊ ၉၄ နှစ်ပြည့်ပေတော့မည်။

**[ရှုမဝမဂ္ဂဇင်း၊ မတ်လ၊ ၁၉၇၂ ခုနှစ်]**

# ဘုတလင်သား

ခုနှစ်ကိုတော့ မမှတ်မိ။ အောက်တိုဘာလမတိုင်ခင် နေ့တစ်နေ့တွင် စာရေးဆရာကိုသိန်းလွင် ကျွန်မတို့အိမ်သို့ ရောက်လာသည်။

"မခင်ယုရေ၊ ဦးသိန်းဖေမြင့်ခေါင်းဆောင်ပြီး ကျွန်တော်တို့ ဟောပြောပွဲတစ်ခု စီစဉ်ထားတယ်။ တစ်နေ့ကို စာရေးဆရာတစ်ယောက် ဟောပြောမယ်။ သူပြောအပြီး နားထောင်တဲ့ပရိသတ်က (နိုင်ငံရေးကလွဲလို့) မေးချင်တဲ့မေးခွန်းထမေးနိုင်တယ်ပေါ့။ ဆွေးနွေးပွဲသဘောပေါ့လေ။ ခုတော့ ဦးသိန်းဖေမြင့်၊ ဦးဇဝန၊ သော်တာဆွေ၊ ကျွန်တော်တို့ ဦးဆောင်ဟောပြောမယ်။ ဟောပြောပွဲလုပ်မယ့်နေရာက ဝိုင်–အမ်–စီ–အေမှာ။ လာနားထောင်တဲ့သူတွေက တစ်ယောက်ကို သုံးကျပ်ပေးရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝိုင်–အမ်–စီ–အေ အခန်းငှားခတို့၊ ကုလားထိုင်တို့အတွက် စရိတ်ကျေအောင်လို့ပေါ့။ အဲဒါ မခင်ယု လာစေ ချင်တယ်။ စနေနေ့မှာ စမယ်"

သူပြောပြသည်ကို ကျွန်မနားထောင်ရင်း သဘောကျသွားပါသည်။ စာရေးဆရာများ ဟောပြောသည်ထက် ပရိသတ်က စာရေးဆရာကို ဘယ်လို ထင်သည်၊ သူတို့ဖတ်ရှုနေသော စာပေအပေါ် ဘယ်လိုသဘောထားသည်ကို စာရေးဆရာများ ပြန်လည်နားထောင်ဖို့လိုသည်။ အပြန်အလှန်ဆွေးနွေးဖို့လိုသည်။ စာဆိုတော်နေ့သို့ရောက်တိုင်း စာရေးဆရာများ ဟောပြောပွဲလုပ်ကြသည်။ ဟောပြောပွဲပုံစံကို ဆွေးနွေးပွဲအဖြစ်သို့ ပြောင်းချင်သောဆန္ဒမှာ ကျွန်မစိတ်ထဲတွင်

ဖြစ်ပေါ်နေသည်မှာ ကြာပါပြီ။ သို့သော် ကျွန်မကိုယ်နှိုက်က အပြင်မထွက်နိုင်။ ဘယ်သူနှင့်မျှ မဆွေးနွေးနိုင်သည်မှာလည်း ကြာပြီဖြစ်ပါသည်။

ကိုသိန်းလွင်ကို ကျွန်မ ဟောပြောပွဲသို့ လာမည့်အကြောင်းကို ပြောရင်း ကျွန်မဆန္ဒတစ်ခုကို ပြောလိုက်ပါသည်။

"ကိုသိန်းလွင်ရယ်၊ ဦးသိန်းဖေမြင့်ဟောမယ့်နေ့မှာ ကျွန်မ တစ်ခုလုပ်ချင်တယ်။ အစ်ကိုကြီးကို ပြောပေးပါ။ သူပြောမယ့်နေ့ဆို လူတွေအများကြီးလာမယ်။ အဲဒါကို အမြတ်ထုတ်တဲ့သဘောပေါ့။ လက်မှတ်ရောင်းတဲ့နေရာမှာ ကျွန်မထိုင်ပြီး ကျွန်မ လက်မှတ်တစ်ခုကို တစ်ကျပ်နဲ့ ထိုးပေးမယ်လေ၊ အော်တိုမှာ ထိုးသလိုပေါ့။ အဲဒီကရတဲ့ငွေ ရရိုင် ဒုတိယအကြိမ်လေဘေးကို လှူချင်လို့"

"ကျွန်တော် ဦးသိန်းဖေမြင့်ကိုပြောပြီး မခင်ယုကို အကြောင်းပြန်မယ်လေ"

ကိုသာရသည် ပြန်သွားပြီး နောက်တစ်နေ့တွင် ကျွန်မကို အကြောင်းပြန်ပါသည်။

"ဦးသိန်းဖေမြင့်ကပြောတယ်၊ မခင်ယု နေ့တစ်နေ့ယူပြီး ဟောပြောပွဲလုပ်ပါတဲ့။ ရတဲ့ငွေ စရိတ်နုတ်ပြီး လှူလိုက်တာပေါ့တဲ့။ အဲဒါပိုကောင်းတယ်။ အမျိုးသမီးစာရေးဆရာလည်း ပါတာပေါ့။ ဒေါ်ခင်စိန်လှိုင်ကိုလည်း တစ်နေ့ပေးမယ်"

ကိုသိန်းလွင် အစီအစဉ်ကို ကျွန်မ လက်ခံလိုက်ပါသည်။ အောက်တိုဘာလ ၅ ရက်နေ့တွင် ဝိုင်-အမ်-စီ-အေတွင် ကျွန်မ ဟောပြောပါသည်။ ရောဂါမပျောက်သေး၍ စကားပြောရသည်မှာ ပြတ်ပြတ်သားသားမရှိလှပါ၊ စိတ်တိုင်းမကျလှပါ။ သို့သော် နားထောင်သောပရိသတ်ထဲမှ အပြန်အလှန်မေးခွန်းများမှာ စိတ်ပါဝင်စားစရာကောင်းလှပါသည်။ အချိန်ပင်မလောက်၍ မေးခွန်း ဆယ့်ငါးခုလောက် အိမ်ပြန်ပါလာပါသည်။

ထိုနေ့ ဟောပြောပွဲတွင် ကျွန်မသည် စာပေအကြောင်း ဟောပြောရင်းမှ ဦးသိန်းဖေမြင့်အကြောင်းကို ထည့်၍ပြောပါသည်။

"ဦးသိန်းဖေမြင့်ဟာ စာပေအနေနဲ့ ကျွန်မရဲ့ဆရာတစ်ယောက်ပါပဲ။ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့လည်း ကျွန်မအစ်ကိုတွေနဲ့ ရဲဘော်ရဲဘက်ဖြစ်ပါတယ်။ သူ့စာပေတွေကို ကျွန်မ အထူးလေးစားပါတယ်။ တစ်ခုတော့ ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်။ စာပေပရိသတ်အလယ်မှာပဲ ကျွန်မ ပြောပြချင်

http://www.cherrythitsar.org



ပါတယ်။ ဦးသိန်းဖေမြင့်ငယ်ငယ်တုန်းက 'တက်ဘုန်းကြီး' ဆိုတဲ့ စာအုပ် ရေးခဲ့ပါတယ်။ ဒီစာအုပ်နဲ့ 'တက်ဘုန်းကြီးသိန်းဖေ' ဆိုတဲ့ ကလောင်နာမည် ရခဲ့ပါတယ်။ ဝိနည်းသိက္ခာနဲ့အညီ မနေတဲ့ အလဇ္ဇီရဟန်းတွေအကြောင်း ရေးသားဖော်ပြတာ အတော်ပဲစေ့စပ်ပြောင်မြောက်ပါတယ်။ တစ်နည်း သာသနာသန့်ရှင်းရေးလို့ ဆိုနိုင်ပါတယ်။ ကျွန်မလည်း သဘောကျပါတယ်။

"ဒါပေမဲ့ တစ်ခါတစ်ခါ စာရေးဆရာတွေမှာ ကြုံတတ်ပါတယ်။ ကိုယ်ရေးတဲ့စာဟာ စာဖတ်ပရိသတ်ရဲ့ လက်ခံပုံ အတွေးအခေါ်ကိုလိုက်ပြီး ကိုယ့်ရည်ရွယ်ချက်ဟာလည်း ကိုယ်လိုအပ်သလိုမဖြစ်ဘဲ ပြောင်းလဲသွားတတ်ပါတယ်။ စာရေးဆရာမှာတော့ စေတနာမဲ့တဲ့စိတ်မရှိပါဘူး။

"ဒီလိုပါပဲ၊ ဦးသိန်းဖေမြင့်ရဲ့ 'တက်ဘုန်းကြီး' ဝတ္ထုကို နောက်ပိုင်းဖတ်လာတဲ့ လူငယ်တွေဟာ ကျွန်မတို့ လက်ခံသလို လက်ခံယူဆခြင်းမရှိဘဲ 'တို့ဘုန်းကြီးတွေဟာ အကျင့်သိက္ခာမရှိတဲ့ ဘုန်းကြီးတွေ' လို့ ထင်မြင်လာကြပြီး ဘာသာရေးအပေါ် အထင်သေးသွားကြတယ်။

"ဒါကြောင့် ကျွန်မ ဦးသိန်းဖေမြင့်ကို မေတ္တာရပ်ခံပါရစေ။ အလဇ္ဇီရဟန်းတွေရှိသလို မြတ်စွာဘုရားရဲ့ ဝိနည်းသိက္ခာနဲ့အညီ ကျင့်ကြံအားထုတ်တဲ့ ရဟန်းတော်မြတ်တွေ၊ သာသနာကိုစောင့်ရှောက်တဲ့ ဘုန်းတော်ကြီးတွေရှိတဲ့ အကြောင်းလည်း စာတစ်အုပ်ရေးစေချင်ပါတယ်။ ဒီလိုရေးခြင်းဖြင့် ဦးသိန်းဖေမြင့်ဟာ ရာဇဝင်ကြွေးကို ဆပ်ရာရောက်ပါတယ်။ ဦးသိန်းဖေမြင့်လို ကလောင်အားရှိတဲ့ လူရဲ့နောက်ကို စာဖတ်ပရိသတ်ဟာ လိုက်လာမှာပါပဲ"

ကျွန်မ ထိုနေ့က 'တက်ဘုန်းကြီး' စာအုပ်အကြောင်း ဟောပြောစဉ် ဦးသိန်းဖေမြင့်ပါ နားထောင်လျက်ရှိပါသည်။

နောက်တစ်ပတ်လောက်အကြာတွင် ဦးသိန်းဖေမြင့် ကျွန်မတို့အိမ်သို့ ရောက်လာပါသည်။ ကင်းဘတ်အဖြူ ဖိနပ်ကိုစီး၍ ဘောင်းဘီရှည်ကို ဝတ်ထားပါသည်။ ကိုယ်ပေါ်တွင် စပို့ရှပ်အဖြူ လက်တိုကို ဝတ်ထားပါသည်။

"မခင်ယု၊ ကိုယ်လမ်းလျှောက်ရာကအပြန် ဝင်လာတာ၊ နေကောင်းရဲ့လား"

သူသည် ကုလားထိုင်မှာဝင်ထိုင်၍ စကားကို ဆက်ပြောပါသည်။

"ဟိုနေ့က မင်းပြောတာ ကိုယ်သဘောကျတယ်၊ မင်းကျန်းမာရေး သိပ်မကောင်းသေးဘူးထင်တယ်။ စကားပြောတာ တစ်ခါတစ်ခါ မသဲကွဲဘူး"

http://www.cherrythitsar.org



"ဟုတ်ပါတယ်"

"သိမ်ဖြူနဲ့ ဆက်ကုပါဦး"

သိမ်ဖြူထံတွင် ကျွန်မ ဆေးကုသခံစဉ်ကလည်း သူနှင့်တွေ့ပါသည်။ သူသည်လည်း သိမ်ဖြူ၏ဆေးကို စားလျက်ရှိပါသည်။

"ကိုယ်တစ်ခုပြောချင်လို့ဝင်လာတာ၊ မင်း ဟိုနေ့ကပြောတော့ ကိုယ်သတိသွားရလို့။ တစ်ခါတုန်းက မြစ်ဝကျွန်းပေါ်ကို ကိုယ် ခရီးထွက်ခဲ့တယ်။ အဲဒီတုန်းက အပြန်မှာ သင်္ဘောကို ညဘက် စီးရတာပေါ့။ သင်္ဘောပေါ်မှာ ကိုယ့်အနားမှာ ဘုန်းတော်ကြီးတစ်ပါး ပါလာတယ်။ သူက တောင်ဖီလာဆရာတော်ဘုရားတဲ့။ (ကျွန်မ ဘွဲ့ကို ကောင်းကောင်းမမှတ်မိပါ) တစ်ညလုံး ဆရာတော်ဟာ မအိပ်ဘူး။ ငုတ်တုတ်ထိုင်လိုက်တယ်။ အိပ်ရာခေါင်းအုံး အပြည့်အစုံ ရှိပါလျက်သားနဲ့ ဆရာတော်ဟာ မကျိန်းဘူး။ ဒါနဲ့ ကိုယ်က "အရှင်ဘုရား၊ တစ်ညလုံး ကျိန်းစက်တော်မမူရင် နေမကောင်းဖြစ်ပါလိမ့်မယ်၊ အရှင်ဘုရား ကျိန်းတော်မူပါ"လို့ ကိုယ်က လျှောက်တယ်၊

ဒီတော့ ဆရာတော်က ပြန်ပြောတယ်...

"ဒကာကြီး၊ ဘုန်းတော်ကြီးတို့ ဝိနည်းမှာ ဒကာမများနဲ့ အမိုးတစ်ခုတည်းအောက်မှာ မကျိန်းစက်ရဘူး။ ဒါကြောင့် ဘုန်းကြီး ထိုင်လျက်ပဲလိုက်လာတာပါ။ နေနိုင်ပါတယ်"လို့ မိန့်တယ်။ ပြီးတော့ တရားထိုင်နေတာပဲ။ ဒီလိုဘုန်းကြီးတွေမြင်တော့ ကိုယ်သိပ်ကြည်ညိုတာပါပဲ။ ဒါကြောင့် မခင်ယုသိစေချင်တာက မင်းရဲ့ဆန္ဒအတိုင်းပါပဲ။ ကိုယ် 'တက်ခေတ် တက်လူ တက်ဘုန်းကြီး'ဆိုပြီး စာတစ်အုပ် ထပ်ရေးထားပါတယ်။ မင်းပြောသလို ရာဇဝင်ကြွေးကျေအောင်လေ။ ကိုယ်အဲဒီစာအုပ် ကိုယ်ကိုယ်တိုင် နောက်တစ်ခေါက်လာပေးမယ်။ အေး...ကျန်းမာရေးကိုတော့ ဂရုစိုက်နော်။ ကိုယ်တော့ မှန်မှန်လမ်းလျှောက်တယ်။ သွားဦးမယ်"

သူသည် နှုတ်ဆက်၍ သွက်လက်ပေါ့ပါးစွာ ထသွားပါသည်။ နံနက်တိုင်း ကျွန်မ ဝ္ဂတ္တလစ်ဈေးသို့သွားလျှင် သူ့ကို လမ်းလျှောက်ဝတ်စုံနှင့် အမြဲတမ်းလိုလိုတွေ့ပါသည်။ သူ၏အိမ်မှာ ဟာမစ်တစ်လမ်းဖြစ်၍ ဝ္ဂတ္တလစ်လမ်းမကြီးနှင့် မဝေးသောကြောင့် ဝ္ဂတ္တလစ်လမ်းမကြီးပေါ်တွင် နေ့စဉ် လမ်းလျှောက်ခြင်းဖြစ်ဟန်တူပါသည်။

သို့သော် သူ အိမ်ကိုလာစဉ်က ပြောသွားသော 'တက်ခေတ် တက်လူ တက်

ဘုန်းကြီး’ စာအုပ်ကို လူကိုယ်တိုင်လာ၍ ကျွန်မထံသို့ မပေးနိုင်တော့ပါချေ။ အမှန်တော့ ထိုနေ့က တွေ့ရခြင်းမှာ သူနှင့် နောက်ဆုံးတွေ့ခြင်း ဖြစ်သည်ကို ကျွန်မ ခုမှ တွေးမိပါတော့သည်။

* * *

ဦးသိန်းဖေမြင့်အိမ်မှ ဆက်လက်လျှောက်သွားလျှင် ခြောက်ထပ်ကြီးကျောင်းတိုက်သို့ လမ်းပေါက်သွားပါသည်။ ခြောက်ထပ်ကြီးကျောင်းသို့ မရောက်ခင် ရွှေမင်းဝံတိုက်နှင့် မျက်နှာချင်းဆိုင်မှာ ဓမ္မာရုံဆရာတော်ဘုရား၏ ကျောင်းတိုက်ရှိပါသည်။ ဓမ္မာရုံဆရာတော် ဦးရေဝတမှာ ချောင်းဦးဇာတိဖြစ်၍ ကျွန်မ၏ ခင်ပွန်း ဦးကျော်သောင်း၏ ကိုးကွယ်သော ဆရာတော်ဖြစ်ပါသည်။ သူ့မိဘများ ချောင်းဦးမှာရှိစဉ်ကတည်းက ကိုးကွယ်သောဆရာတော်ဖြစ်၍ သူက ဆက်လက် ကိုးကွယ်ရုံမက လစဉ် ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့်တကွ ပဲ၊ ကြာဆံ ပါမကျန် မီးဖိုအသုံးအဆောင်များကို တစ်လစာ တစ်လစာ ပို့ရပါသည်။ ချောင်းဦးမှ နှစ်စဉ်ဆီများရသောကြောင့် နောက်ပိုင်း ဆီကို ကျောင်းသို့ မပို့ရတော့ပါ။

ဆရာတော်မှာ ရန်ကုန်တွင် သီတင်းသုံးသော်လည်း သူ့ကျောင်းသည် အခမ်းအနားမရှိ။ တကယ့် ဇေတစာကျင့်သော ကျောင်းသခ်မ်းကဲ့သို့ တိတ်ဆိတ်အေးချမ်းလှပါသည်။ ကျောင်းငယ်မှာ တောင်ကမူမှာရှိ၍ အောက်ဘက်ချိုင့်တွင် ရေတွင်းရှိပါသည်။ ကျောင်း၏ညာဘက် တောင်ကုန်းပေါ်တွင် ဆွမ်းစားကျောင်းငယ်ရှိ၍ ဆွမ်းစားကျောင်းကိုလွန်လျှင် ရေသိမ်ရှိသည်။ ရေသိမ်ကလည်း သစ်ပင်များ အုံ့ဆိုင်း၍ အေးချမ်းလှပါသည်။ ကျောင်း၏ ဘယ်ဘက် လမ်းနှင့်ကပ်လျက်တွင်မူ သိမ်ရှိ၍ သိမ်၏အောက်ထပ်တွင် မူလတန်းကျောင်းငယ် ရှိပါသည်။

တစ်ခါတစ်ရံ ကုသိုလ်လိုချင်၍ ကုလားများငှားကာ သိမ်နှင့် ဆရာတော်ကျောင်းကို ကျွန်မ သန့်ရှင်းရေးသွား၍ လုပ်ပါသည်။ ကျောင်းငယ်မှာ အို၍ ဖိနပ်ချွတ်မှာလည်း ဖရိုဖရဲဖြစ်နေပါသည်။ ဖိနပ်ချွတ်မှာ စင်္ကြံလျှောက်ရာဖြစ်သော်လည်း မိုးတွင်းတွင် မိုးများယိုနေ၍ ဆရာတော်၏ စင်္ကြံသွားလမ်းသည် လုံခြုံမှုမရှိပါ။ ထို့ကြောင့် ဆရာတော်၏ ဖိနပ်ချွတ်အမိုးကို အိမ်က သစ်များ၊ သွပ်များဖြင့် ပြင်ဆင်ရန် ကျွန်မ စီစဉ်လျက်ရှိပါသည်။ ကွယ်လွန်သူကလည်း

ကုသိုလ်ရအောင် သူရိုစဉ်ကကဲ့သို့ လစဉ် ဆွမ်းကျွေးအတွက် ပစ္စည်းပို့ရုံမက လိုအပ်သည်များကို လုပ်ဆောင်ရန်အတွက် ဆက်လက်တာဝန်ယူခဲ့ပါသည်။ ဆရာတော်သည် ပညာလည်း ထက်မြက်သူဖြစ်၍ တိပိဋကစာပြန်ပွဲများတွင် စာထောက်စာမ ဆရာတော်အဖြစ် တစ်ကြိမ်မက တာဝန်ယူခဲ့သူဖြစ်သည်။

တစ်နေ့တွင် ဆရာတော်ကို ဖူးမြော်ရန်အသွား၊ ဦးသိန်းဖေမြင့် နေမကောင်း၍ ဆေးရုံတင်ထားကြောင်း သိရပါသည်။ ကျွန်မသည် ဒေါ်ခင်ကြည်ကြည်ထံသို့ ဝင်ခဲ့သည်။

"မမ ခဏပြန်လာတယ်၊ ဟိုမှာ သားတို့ သမီးတို့ စောင့်နေတယ်။ လိုတာလေးတွေပြန်ယူပြီး ခုပဲ မမဆေးရုံသွားမယ်"

ဒေါ်ခင်ကြည်ကြည်က ကျွန်မကို ဆီးကြို၍ ပြော၏။

"အခြေအနေကရော မမ"

"သတိပြန်ရလာတယ်။ ကဲ...မစု၊ မမလည်း အချိန်မရှိဘူး၊ သွားမယ်နော်"

မမသည် ကျွန်မနှင့်အတူ လှေကားမှဆင်း၍ ရှေ့မှသွားနှင့်၏။ ကျွန်မက သူ့ခြေလှမ်းများကိုကြည့်ရင်း ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာသည်။ ဤကဲ့သို့ ခြေလှမ်းမျိုးကို လွန်ခဲ့သောဆယ်နှစ်က ကျွန်မ လှမ်းခဲ့သည်။ ချစ်သူ၏ နောက်ဆုံးနေ့ကို ကြည့်ရှုရန်အတွက် ကျွန်မသည် မင်္ဂလာဒုံစစ်ဆေးရုံကြီးသို့ ဤသို့ပင် ခြေလှမ်းခဲ့၏။ ကျွန်မ၏ ခြေလှမ်းများမှာ တုန်ချည့်အားနည်းလှပါသည်။

မမကြည်၏ ခြေလှမ်းများကတော့ သွက်လက်လှပါသည်။ မျှော်လင့်ချက်အပြည့်နှင့်။

"ဟုတ်ပါတယ်လေ၊ အစ်ကိုကြီးနဲ့ ရောဂါချင်း တူချင်မှတူမှာ။ ရုတ်တရက်လဲကျသွားတာချင်းတူပေမဲ့ သူက ပြန်ထူချင် ထူလာမှာပေါ့။ မမကြည်ရဲ့ ခြေလှမ်းဟာ ချစ်သူရဲ့နောက်ဆုံးနေ့ကို ကြည့်ဖို့သွားတဲ့နေ့ မဖြစ်ပါစေနဲ့။ ပြန်လည်ကျန်းမာလာပါစေ"ဟု ဆုတောင်းရင်း ကျွန်မသည် မမကြည်နှင့် လမ်းခွဲကာ ဆရာတော်ကျောင်းသို့ ဆက်လက်လျှောက်လာခဲ့ပါသည်။

ဆရာတော်ဦးရေဝတကို ဝတ်ပြုရင်း ဦးသိန်းဖေမြင့် ကျန်းမာရေးအခြေအနေကို ကျွန်မ လျှောက်ထားပါသည်။

"အေးကွယ်၊ ကျန်းမာပါစေလို့ ဆရာတော်ဆုတောင်းမေတ္တာပို့ပါတယ်။ အရင်တုန်းကဆိုရင် သူ ဘုန်းကြီးတို့ရေသိမ်မှာလာပြီး စာရေးတယ်ကွဲ့။ ဒီက အေးချမ်းတယ်မဟုတ်လား"

http://www.cherrythitsar.org



ဆရာတော်သည် နံရံတွင် ချိတ်ဆွဲထားသော တိုင်ကပ်နာရီကို လက်ညှိုးထိုးပြရင်း…

"အဲဒီနာရီကလည်း ဒကာကြီး သိန်းဖေမြင့် ကပ်လှူသွားတာဖြစ်တယ်။ သိန်းဖေမြင့်ကို လူတွေက ကွန်မြူနစ်လို့ပြောကြပေမဲ့ ဆရာတော်ကတော့ မထင်ဘူး။ ဘုန်းကြီးကို လာရောက်ကိုးကွယ်ဆည်းကပ်တဲ့ ဒကာတွေထဲမှာ ဝိနည်းနဲ့အညီ ဘုန်းကြီးကို လျှောက်ထားတတ် စကားပြောတတ်တာ သိန်းဖေမြင့် တစ်ယောက်ပဲ စနစ်ကျတယ်"

မှန်ပါလိမ့်မည်။ ဗုဒ္ဓဘာသာထဲတွင် ဘုန်းကြီးနှင့် စကားမပြောတတ်သူများ အမြောက်အမြားရှိသည်။ ဆရာတော်သည် သူစကြံလျှောက်သော ဖိနပ်ချွတ်၏ ကြမ်းပြင်ကို လက်ညှိုးထိုးပြ၏။ ကြမ်းပြင်မှာ ယခင်လို သစ်သားများနှင့် ဖရိုဖရဲခင်းထားခြင်းမဟုတ်တော့ပါ။ အုတ်များနှင့် အင်္ဂတေခင်းကာ တောင့်တင်းသပ်ရပ်နေပါသည်။

"အဲဒီဖိနပ်ချွတ်လည်း အရင်ဒကာမကြီးလာတုန်းက မိုးတွေယို၊ အောက်က ကြမ်းခင်းလည်း ဖရိုဖရဲဖြစ်နေတယ်မဟုတ်လား၊ အပေါ်အမိုးကတော့ ဒကာမကြီး သစ်တို့ သွပ်တို့နဲ့ ဘုန်းကြီးပြင်လိုက်တယ်။ အောက်ခြေကို ဒကာကြီး သိန်းဖေမြင့်သမီး ကြည်သာက သူလက်ထပ်တော့ ကုန်မယ့်ငွေကို အခမ်းအနားဂုဏ်ပကာသနတွေမလုပ်ဘဲ အဲဒီဖိနပ်ချွတ်ကို သမံတလင်းခင်းလိုက်တယ်လေ"

ကျွန်မသည် ဝမ်းမြောက်ကြည်နူးစွာ သာဓုခေါ်ရင်း ဦးသိန်းဖေမြင့် ကျန်းမာရေးအတွက်လည်း ဆုတောင်းမိပါသည်။ ကျောင်းမှ အပြန်လမ်းတွင်လည်း သူ့အကြောင်းစဉ်းစားလာခဲ့ပါသည်။

သူသည် မြတ်စွာဘုရားသခင် ဟောကြားသကဲ့သို့ပင် ပုဂ္ဂိုလ်စွဲ ကိုယ်တော်ကြီးကိုကြည့်၍ ကြည်ညိုသူမဟုတ်။ ဘုရားရှင်၏ အဆုံးအမအတိုင်း လက်တွေ့လုပ်ကိုင်လှူဒါန်းခဲ့သူဖြစ်သည်။

ဦးသိန်းဖေမြင့်သည် ဆရာတော်၏ တောရကျောင်းလိုအေးချမ်း၍ ပကာသန မရှိသော နေရာကို ရွေးချယ်ကိုးကွယ်ခြင်း၊ ပြုပြင်ပေးခြင်းများကို တွေ့ရသောအခါ သူ၏စစ်မှန်သော ဗုဒ္ဓဘာသာအယူအဆ ရင်တွင်းကိန်းအောင်းလျက်ရှိသည်ကို ကျွန်မ မြင်တွေ့မိပါသည်။ ကြည်နူးမိပါသည်။

ငယ်ငယ်က တော်စတွိုင်း၏ **(Two Old Men)** ဝတ္ထုကို ဖတ်သောအခါ တော်စတွိုင်းတွင်လည်း…

http://www.cherrythitsar.org



"ငါ့ကို အနားကပ် ဖူးမြော်နေဖို့မလို။ ငါဘုရား၏ တရားအတိုင်း၊ အဆုံးအမအတိုင်း ကျင့်ကြံအားထုတ်ဖို့လိုသည်"ဟူသော ဗုဒ္ဓ၏ အဆုံးအမနှင့် တူညီသော ခံယူချက်ရှိသည်ကို တွေ့မြင်ရပါသည်။ တော်စတွိုင်း၏ ဝတ္ထုကို ဖတ်ရင်းမှ လူမျိုးကွဲပြားသော်လည်း စာပေသမားတို့၌ ကိုးကွယ်သော ဘာသာရေး၊ ယုံကြည်ချက်ဝါဒ သဘောတရားများ မတူညီကြသော်လည်း လူ့သဘာဝကို သုံးသပ်ရာ၌ ခံယူချက်ချင်းတူညီသောအချက်များ ရှိကြသည်။

ဦးသိန်းဖေမြင့်ကိုလည်း ကွန်မြူနစ်တစ်ယောက်ဟု သဘောထားကြသည်။ တစ်ခါက ကျွန်မ၏ မိတ်ဆွေတစ်ယောက်က ဦးသိန်းဖေမြင့်ကို ဝိပဿနာ တရားအားထုတ်ရန် သွားရောက်ပြောကြားခဲ့ဖူးသည်။ ဦးသိန်းဖေမြင့်က ငြင်းဆန် ခဲ့၍ သူစိတ်မကောင်းဖြစ်ကာ ပြန်လာခဲ့သည်။

ကျွန်မကတော့ စိတ်မကောင်းမဖြစ်။ သူပြော လူပြောနှင့် ဦးသိန်းဖေမြင့်လို လူတစ်ယောက်က ဝိပဿနာတရားကို ချက်ချင်းကြီး အားထုတ်မည်မဟုတ်။ သူသည် လေ့လာဦးမည်၊ စူးစမ်းဦးမည်သာဖြစ်သည်။

သူ့နှလုံးသားကိုသာ ကျွန်မက ကြည့်သည်။ သူ့နှလုံးသားတွင် ဘာရှိသည် ကို သူ့စာပေက ဖော်ပြနေပြီပဲ။ သူသည် ဗုဒ္ဓဘာသာနှင့် သွင်သွင်စိမ်းသောသူ မဟုတ်။ သူမွေးဖွားသည်ကပင် အညာမြေဖြစ်သည်။ အညာမြေသည် 'မြန်မာတို့ ဘယ်လိုလူစား၊ ဘယ်လိုစိတ်ထား'သည်ကို သူ့နှလုံးသားတွင် သွင်းပြီးသား ဖြစ်သည်။

အဖြစ်တရားနှင့် အပျက်တရားကို ကြာမြင့်စွာတွေ့လာလေလေ သူသည် တစ်နေ့တွင် ဝိပဿနာနှင့် နီးစပ်လာမည်သာဖြစ်သည်။ သူ့ကို ဘယ်သူမျှ တရားဟောရန်မလိုဟု ကျွန်မထင်မြင်မိပါသည်။ သူ၏နှလုံးသားတွင် ဗုဒ္ဓ၏ အဆုံးအမ သန္ဓေတည်နေသည်ဟု ယူဆသည်။

သူ ကျန်းမာလာမှ ဘာသာရေးအကြောင်းများကို ဆွေးနွေး၍ သူ့အနေနှင့် တဖြည်းဖြည်းရေးလာလျှင် ဗုဒ္ဓ၏ စစ်မှန်သောအယူအဆမှာ ပိုမိုပြန့်ပွားလာမည်။

သူသည် လိပ်ပြာလေးနှစ်ကောင်အကြောင်း ရေးစဉ်ကလည်း ချစ်သော သူနှင့် ကွေကွင်းရခြင်း ဆင်းရဲအကြောင်းကို သရုပ်ဖော်သွားသည်မှာ သိမ်မွေ့ လှ၏။ အမှန်တော့ ကွေကွင်းရခြင်း ဆင်းရဲကိုသိမှ ထိုဆင်းရဲခြင်း၏ အစဖြစ် သော ချစ်ခြင်းသမုဒယကို တွေ့ကြမည်ဖြစ်သည်။ ထိုဆင်းရဲကို မခံလိုမှသာ သမုဒယပြတ်ကြောင်းကို ရှာကြမည်ဖြစ်သည်။ သူရေးပုံက မသိမသာနှင့် သရုပ်

http://www.cherrythitsar.org



ဖော်တတ်ပေသည်။

ကျွန်မ၏ခင်ပွန်းက သူ့အပေါ်တွင် ချောင်းဦးနှင့် ဘုတလင် အညာမြေနီးစပ်၍ ပုဂ္ဂိုလ်စွဲချစ်ရုံမက၊ စာပေအကြောင်းဆွေးနွေးတိုင်း ...

"စာပေက ဘယ်လိုပဲအကြောင်းအရာကောင်းပေမဲ့ ဖွဲ့နွဲ့ပုံကလိုတယ်။ တချို့က အဖွဲ့အနွဲ့ကောင်းတယ်သာဆိုတယ်၊ ဘာကိုဆိုလိုတယ်ဆိုတာ မနည်းတွေးယူရတယ်။ ဦးသိန်းဖေမြင့်တို့က မြန်မာဆန်ပြီး ဖတ်သူသဘောကို ချောချောကျအောင် ရေးနိုင်တာပဲကွယ်"

ဤသို့ပင် ပြောပြပါသည်။ ကျွန်မကတော့ လက်ပံပွင့်များနှင့် စခဲ့သော 'မောင်လွန်း'မှ သူ၏ စာပေကို စတင်တွေ့ရှိခဲ့ပါသည်။ သူ့ဓာတ်ပုံကိုမူ ခေါင်းပေါင်းမပါ ဝတ်ရုံကို ပိုက်ထားသော ဘွဲ့ယူစဉ်ကပုံကို ကျွန်မအစ်ကိုအိမ်တွင် တွေ့ရှိဖူးပါသည်။

လူချင်း ရင်းနီးလာစဉ် ကျွန်မကို ကျန်းမာရေးဂရုစိုက်ရန် တဖွဖွပြောရင်းမှ သူကအရင် လူ့လောကမှ ထွက်ခွာသွားပြန်ပါသည်။ အကယ်၍ သူသည် ယခုထက် လူ့လောကတွင် ရှည်ကြာစွာနေရပါက ဗုဒ္ဓဘာသာအပေါ် သူ၏ ခံယူချက်သဘောတရားမှာ ကောင်းသောပြောင်းလဲခြင်းသို့ ပြောင်းလွဲလာဖွယ် ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ်တို့သည် အယူအဆတစ်ခုကို စေ့စပ်သေချာစွာ လေ့လာတတ်သည်။ ဗုဒ္ဓ၏အဆုံးအမ အယူအဆသည် စမ်းသပ်စစ်ဆေးခံနိုင်သော လက်တွေ့သဘောတရားဖြစ်သည်။

**[ရှုမဝမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၈၃ ခုနှစ်]**

# ပျော်မိတယ်၊ သနားမိတယ်

မတ်လ ၆ရက်နေ့က ဗိုလ်မှူးကြီးသိန်းကျော် ရုံးခန်းမှ ကျွန်မထွက်လာခဲ့ပါသည်။ ခြေလှမ်းများသည် သွက်လက်၍ စိတ်များကလည်း ပေါ့ပါးပျော်ရွှင်လျက်ရှိပါသည်။ ဗိုလ်မှူးကြီးသိန်းကျော်သည် အမှတ် (၂) စစ်ဆေးရုံတွင် နှလုံးနှင့် သွေးတိုးအထူးကု ဆရာဝန်ကြီး ဖြစ်ပါသည်။

"မမ အရင် ဆေးကုစဉ်တုန်းက E.C.G ယူခဲ့ဖူးသလား"

သူသည် ထိုနေ့က သူညွှန်ကြားချက်အတိုင်း ယခု ကျွန်မယူထားသော E.C.G စစ်ဆေးချက် စာရွက်လေးကို ကိုင်ကြည့်ကာ မေးသည်။

"ဟုတ်ကဲ့၊ အမှတ် ၁ မင်္ဂလာဒုံ စစ်ဆေးရုံမှာ ဒေါက်တာ ဦးမောင်မောင်ဝင့်နဲ့ ကုခဲ့စဉ်က ယူခဲ့ဖူးပါတယ်။ ဒါပေမဲ့ မှတ်တမ်းတွေ ပျောက်သွားပြီ"

မှန်ပါ၏၊ ကျွန်မရောဂါကလည်းစုံ၊ ၃၂ ကောဌာသတွင် ၉၆ ပါးသော ရောဂါတို့က ကောဌာသတစ်ခု၊ ၉၆ ပါးလုံးဖြစ်နေလေတော့ သိမ်းထားရသော မှတ်တမ်းတစ်ပုံတစ်ပင်မှာ စနစ်တကျမရှိသောကြောင့် ပျောက်ကုန်ပြီ။ ဆရာဝန်အပေါင်းကလည်း ဒေါက်တာဆင်မြူရယ်ဒတ်စ်ကစ၍ ဒေါက်တာ ဒေါ်မြမြအေး၊ ဒေါက်တာလှထွန်း၊ သမားတော်ကြီး ကာနယ်မင်းစိန်၊ ဒေါက်တာ မောင်မောင်ဝင့်တို့နှင့်တကွ ဗိုလ်မှူးကြီးသိန်းကျော်အထိပင်။

"ကိစ္စတော့မရှိပါဘူး၊ အထူးလည်း ခုအချိန်မှာ လုပ်ဖို့မလိုသေးပါဘူး။ ဒါပေမဲ့ မမရဲ့ညာဘက်နှလုံးခန်းက အလုပ်ပိုလုပ်နေလို့ သူ ဒီလိုစပြီး အလုပ်လုပ်နေတာ ဘယ်အချိန်လောက်ကလဲဆိုတာ ကျွန်တော်သိချင်လို့ မှတ်တမ်းတောင်းတာပါ"

http://www.cherrythitsar.org



သူသည် ဒါပဲပြောကာ ကျွန်မအတွက် ဆေးများနှင့် ညွှန်ကြားချက်များ ပေးလိုက်ပါသည်။ ကျွန်မသည် ဖေဖော်ဝါရီတစ်လလုံး သွေးတိုးနှုန်းမှန်နေပါသည်။

ဆေးရုံမှ ဂေါ်ဒဝင်လမ်းဘက်ထွက်ကာ မနော်ဟရီလမ်းဆီသို့ လျှောက်ရင်း ပျော်နေသည်။ လမ်းဘေး ဝဲယာတွင် ငုတို့ တွဲရရွဲပွင့်၍ဝင်းဝါနေသည်။ ပျဉ်းမသည်လည်း ခရမ်းရောင်ပွင့်ဖတ်ကို ဖွင့်လှစ်စပြုနေသည်။ နေရောင်သည် ပူနွေးသော်လည်း နံနက်ဘက်မို့ လမ်းလျှောက်၍ကောင်းသည်။

ဘာ့ကြောင့် ပျော်ရွှင်ပေ့ါပါးနေသနည်း။

* * *

လူတိုင်းလိုလို ကိုယ့်ဒုက္ခမှ ကိုယ့်ဒုက္ခဟု ထင်တတ်သည်။

ကျွန်မငယ်ငယ်တုန်းက ကျောင်းနေဖက်သူငယ်ချင်းတွေ ရှိပါသည်။ ကစားချိန်နားလျှင် အိမ်အကြောင်းပြောလေ့ပြောထရှိသည်။

အားလုံးထဲတွင် ကျွန်မ အချူချာဆုံးဖြစ်ပါသည်။ တစ်ပတ်တွင် ကျောင်းတက်ရသည့်အနက် နှစ်ရက်လောက်က လက်ရောင်၍ ခဲတံမကိုင်နိုင်သောကြောင့် ခွင့်ယူအိမ်ပြန်ရသည်ကများသည်။ ချောင်းဆိုးရင်ကျပ်လာ၍ ဒါမှမဟုတ် ကိုယ်ပူလာ၍ အိမ်ပြန်ရသည်။

ဖေဖေသည် အိမ်ဝမှ ဆီးကြိုကာ ကျွန်မကို အင်္ကျီလဲ၊ တစ်ကိုယ်လုံး ကွမ်းရွက်ကိုချေ၍ ပရုတ်ဆီနှင့် လူးပေးကာ အိပ်ရာထဲ သိပ်ထားပါသည်။

သူငယ်ချင်းတွေကို ကျွန်မအကြောင်းပြောပြလျှင် မမြခင်က "နင် သိပ်ကံကောင်းတယ် မိစု၊ ငါ့အဖေဆို ချမ်းသာပြီး တို့မိသားစုကို လုပ်ကျွေးတာတော့ ဟုတ်တာပဲ။ ကျန်တဲ့အချိန်က မယားငယ်ဆီမှာ၊ ပြီးတော့ မြင်းပွဲမှာ"

ထိုစဉ်က ရန်ကုန်မှာ မြင်းပွဲရှိသည်။ သောကြာနေ့ ဝါးခယ်မကထွက်သွား၊ ရန်ကုန်မှာ မြင်းလောင်းပြီး တနင်္ဂနွေနေ့ညနေ သူတို့အဖေ ပြန်လာလေ့ရှိသည်။ တနင်္လာနေ့မနက် အိမ်ပြန်ရောက်သည်။ မမြခင်၏ဖေဖေကြီးမျက်နှာက တင်းလွန်း၍ ကျွန်မတို့သည် သူ့အဖေကြီးကို လန့်သည်။

"မမြခင်ရာ၊ မင်းကတော်ပါတယ်၊ ငါဆို အဖေကိုမြင်တောင် မမြင်ဖူးလိုက်ဘူး"

အမာကလည်း ထိုသို့ပြောတတ်သည်။ အမာ၏ အဖေနှင့်အမေသည်

http://www.cherrythitsar.org



အမာမွေးစက ကွဲသွားကြပါသည်။

"တို့အဖေကြီးကောဟယ်၊ သေတာတောင် တို့များကို အရှက်ခွဲခဲ့သေးတယ်၊ ထော်ကနွတ်က သူ့မယားငယ်အိမ်မှာ သွားသေတယ်"

မလှမေကလည်း ဤသို့ပြောတတ်သည်။ သူ့အဖေကြီးသည် ထော်ကနွတ်နှင့် ဖုတ်ကနိကြားရှိ လယ်များကို ကြည့်နေရ၍ဆိုကာ မယားငယ်ဆီတွင် အနေများသည်။ ဝါးခယ်မဘက်မှာ အနေနည်းသည်။

မသန်းနုကတော့ အဖေလည်းမရှိ၊ အမေလည်းမရှိ၊ သူ့မွေးပြီး သူ့အမေသေသည်။ သူ့အဖေက ညီမဖြစ်သူကို ဆက်၍လက်ထပ်ပြီး သားတစ်ယောက်မွေးကာ သေသွားပြန်တော့ သူ့မှာ အဒေါ်မိထွေးနှင့်နေရသည်။

သြော်...သူတို့အားလုံး မိစုံဖစုံ၏ မေတ္တာရိပ်ကို ခိုလှုံချင်ကြရှာသည်။ ဒါကြောင့် သူတို့စကားလုံးလေးများ နိဂုံးချုပ်တွင်...

"မိစု၊ နင် ကံကောင်းပါတယ်ဟယ်"ဟု ဆိုကြသည်။ မှန်၏။ ဖေဖေသည် သားသမီးများ၊ကို ပြုစု၍ မေမေက စောင့်ရှောက်လမ်းညွှန်ကောင်းသည်။

* * *

ကျွန်မတို့ ယခု တတိယအရွယ်သို့ရောက်ပြီ။ သူငယ်ချင်းတွေလာလည်တိုင်း ပန်းစိုက်ပျိုးနေသော ကျွန်မကိုမြင်လျှင်...

"မိစုရယ်၊ နင့်ဘဝ အေးချမ်းလိုက်တာ"

တရားအားထုတ်နေသည်ကို မြင်လျှင်လည်း...

"နင်ကတော့ အေးချမ်းလိုက်တာ" ဟု ဆိုတတ်ပါသည်။

"လင်ရလည်း နင်ကံကောင်းတာပဲ။ ဒုတိယဗိုလ်မှူးကြီးကျော်သောင်းလို လူမျိုးရတာ ဘယ်လောက်ကံကောင်းလဲ၊ နင်တို့ စာပေမှာလည်း စိတ်တူကိုယ်တူ၊ တရားအားထုတ်ဆိုလည်း ဘုရားသွားကျောင်းတက်အတူ"

မှန်ပါ၏။ကျွန်မလို မာလာငွေဖော့ ကြွေတော့မည့်ပုံကို သက်ဆုံးတိုင် သစ္စာရှိစွာ ပေါင်းသင်းသွားပါသည်။

မမြခင်ကရော၊ မသန်းနုရော ဆိုသည်။

မမြခင်ယောက်ျားက အရက်ကို မိုးမွှန်အောင်သောက်၍ မသန်းနုယောက်ျားက "လင်ကျောက်ရုပ်"

တစ်ခါက ကျွန်မက...

http://www.cherrythitsar.org



"မနုရာ၊ မင်းယောက်ျားကြီးတွေ့ရတာ ငါ လက်သီးနဲ့ထိုးချင်လိုက်တာ"ဟု ပြောမိတတ်ပါသည်။

သူငယ်ချင်းတို့က ကျွန်မဘဝကို ဤသို့ပြောဆိုကြပါ၏။ အကောင်းဘက်က မြင်ကြ၊ လေ့လာကြပါ၏။ သူတို့အပြောအရ သူတို့ဘဝဒုက္ခသည် ကျွန်မထက် ကြီးရှာပါသည်။

ကျွန်မဘဝကတော့ ယခုတော့လည်း သူတို့ပြောသလို ပန်းနှင့် တရားနှင့်ဆိုတော့ အေးချမ်းပါသည်။ ဒါပေမဲ့ လာခဲ့သောလမ်းကို ပြန်ကြည့်မိတော့ တုန်လှုပ်မိသည်။ မိုးသက်ကျသောည၊ လေပြင်းထန်ခိုက် ရွက်မဲ့သောလှေကို လှော်၍ ပင်လယ်ကို ဖြတ်ရချိန်။ နေပြင်းပါသည်ဆိုမှရေပြတ်သောကန္တာရကို ကျော်ဖြတ်ရချိန်။ ဘဝဆိုတာ လမ်းပဲ၊ လျှောက်ကို လျှောက်ရမည်။ ဘယ်သူကမှ ပန်းခင်းသောလမ်းမှာ လျှောက်ရမည်ဟု အာမ မခံခဲ့ပါ။ ဖဝါးတော်နုနု သွေးခြည်တွေ ဥကုန်ပါပြီ မောင်ဘုရားဟု နွဲ့တတ်သူလည်းမဟုတ်၊ နွဲ့နိုင်အောင်လည်း အခြေအနေကမပေးပါ။ ဒီတော့လည်း ထီးမပါလည်းနေ၊ ဖိနပ်မပါလည်းရှိစေ၊ ရေမရှိလည်း တစ်နေ့ အိုအေစစ်ကို တွေ့ရမည်ဟူသော ဇွဲနှင့် ခယောင်းတောသဲကန္တာရကို ဖြတ်ကျော်ခဲ့ပါသည်။ ဒါပေမဲ့ ခရစ်ယာန်လိုပြောရလျှင် ဤလိုကန္တာရခရီးကြမ်းကို ဖြတ်ရလျှင် တောင့်တင်းခိုင်မာသောခန္ဓာကိုယ်ကို ဘုရားသခင်က ပေးဖို့ကောင်းသည်။

ယခုတော့ ကျွန်မခန္ဓာကိုယ်က ပိုးတောင့်တဲလို။ ဒီတော့လည်း 'ဇွဲ'ဆိုသော စိတ်ကပဲရှိနေသည်။ ဤခန္ဓာကိုယ်ဖော့ဖယောင်းက ခယောင်းတော ဖြတ်ရချိန်တွင် သူများထက်ပို၍ ဒုက္ခဝေဒနာကို ခံစားရသည်။ ကျွန်မ အလိုသို့မလိုက်။

အဆိုးဆုံးက အရေးကြီးဆုံးဝေဒနာ ခံစားရချိန်ဆို အမြဲတမ်း တစ်ယောက်တည်း ဖြစ်နေတတ်သည်။ ရှိနေသော အရင်းနှီးဆုံး ဆွေမျိုးသားချင်းသော်မှ စိမ်းကား၍မဟုတ် အခြေအနေအရ အဝေးရောက်နေရသည်။

မင်္ဂလာဒုံစစ်ဆေးရုံကြီးတွင် သေမလောက်ခံစားရစဉ်က အနားတွင် တူမလေး ဝါဝါတစ်ယောက်ပဲရှိသည်။ နောက်မှ ထွန်းအောင်ကျော်နှင့် နုနုဆွေတို့ ပြေးလာရသည်။

ဤကဲ့သို့ အထီးကျန်လွန်းတော့ အခြွေအရံကို မတောင့်တတော့။ ချစ်သောသူတို့နှင့် သေကွဲရှင်ကွဲ ကွဲရမည့်ကံက ဘယ်လောက်ပါသနည်းဆိုတော့ သက်ရှိသူတို့ မဆိုထားနှင့် သက်မဲ့ဖြစ်သော ကျွန်မကြိုက်သည့် ငါးပိ ငါး

http://www.cherrythitsar.org



ခြောက် တို့နှင့်တကွ အကြိုက်ဆုံး သားငါးများကို ရှောင်ရပါသည်။

ဒီတော့လည်း ဘဝမှာ 'လိုချင်တာ'ကို မတောင့်တပါ၊ လိုချင်၍ရလျှင် ခွဲရမှာကို ကျွန်မကြောက်နေသည်။

* * *

ဗိုလ်မှူးကြီးသိန်းကျော်နှင့် တွေ့ပြီးတော့ ပျော်သည်။ ကျွန်မအသည်းနှလုံးလေး၊ သူသည် ကျွန်မအမေဝမ်းထဲတွင် ကျွန်မနှင့်အတူ ကလလရေကြည်တည်ကတည်းက ကျွန်မခန္ဓာကိုယ်ဖြစ်ရန် ကလာပ်စည်းကလေးတွင် နေရာယူခဲ့သူ၊ မိခင်ဝမ်းကထွက်၍ ကျွန်မ အိပ်ပျော်နေချိန်တောင်မှ သူမအိပ်။ တလှုပ်လှုပ်နှင့် အမြဲလုပ်လုပ်နေသော နှလုံးသားလေး။ ယခု ညာဘက်နှလုံးခန်းက ပို၍ အလုပ်လုပ်သတဲ့။ ဆေးပညာအနေနှင့် ဘယ်လိုမြင်သည်မသိ။ စာရေးဆရာအနေနှင့်ကတော့ သက်နုရဲဘော် အလုပ်ပိုလုပ်တဲ့သူဆိုတော့ သူ့ကို ဆိုရှယ်လစ်လုပ်သားကောင်းဟု ချီးကျူးရမည်။

ဒါထက်ပိုလျှင်တော့ ကျွန်မဘာဖြစ်မည်မသိ။ လမ်းလျှောက်ရင်း သူ့ကို တီးတိုးပြောလာခဲ့မိသည်။

ရဲဘော် နှလုံးသားလေးရယ်၊ ယူဇနာ ၂၄၀၀၀၀ (နှစ်သိန်းလေးသောင်း) အထိရှိတဲ့ ကမ္ဘာမြေကြီးတောင် ငလျင်ပြင်းပြင်းထန်ထန်လှုပ်ရင်၊ မီးတောင်တွေ ပေါက်ကွဲခဲ့ရင် ဂရိတ်ကင်မရွမ်ချောက်ကြီးတွေဖြစ်၊ ရော့ကီတောင်တန်းလို တွန့်ခေါက်တောင်တန်းကြီးတွေ ဖြစ်ခဲ့ရသေးတာပဲ။

ငါ့ရင်ထဲက မင်းက လက်သီးဆုပ်လောက်တောင် ပမာဏမရှိတဲ့ အင်မတန်မှ ပျော့ပျောင်းတဲ့ အစိတ်အပိုင်းတစ်ခု။

ပြီးတော့ ငါ့ကိုသစ္စာရှိစွာနဲ့ ငါပျော်ရင် ပျော်သလို၊ ငါငိုရင်ငိုသလို၊ ဝေဒနာခံစားရရင် ခံစားရသလို ထပ်တူထပ်မျှ ခံစားရတာ မင်းပါကွယ်။ အခက်အခဲကို ကျော်ဖြတ်ရတော့မယ်ဆို မင်းက တဒိတ်ဒိတ်နဲ့ ရင်ထဲကနေအားပေးခဲ့တယ်။ ဒီတော့ ငါဖြတ်လာရတဲ့ ကန္တာရကြမ်းကြောင့် မင်းရဲ့ ညာဘက် နှလုံးခန်းလေး အလုပ်ပိုလုပ်လာရပြီး မဟာပထဝီမြေကြီးတောင် မြေငလျင်ဒဏ်ကြောင့် ဟက်တက်ကွဲရသေးတာ မင်းလည်း လောကဒဏ်ကြောင့် ဒဏ်ရာအနာတရတော့ ဖြစ်မှာပေါ့။ အေး...တစ်နေ့ဘာဖြစ်မယ်တော့မသိ။ မင်းကိုငါ သနားလှပါပြီ။ ငြိမ်သက်အေးချမ်းစွာနဲ့ မင်းကို အနားယူစေချင်ပါတယ်။ မင်း ပင်ပန်းလှပြီပေါ့။

http://www.cherrythitsar.org



ပြီးတော့ ဒေါက်တာ မောင်မောင်ညိုရေးတာ ဖတ်ဖူးတယ်။ "စာရေးတာဟာ စိတ်ရှုပ်ရတဲ့ အလုပ်ဆိုတော့ နာမည်ကျော် စာရေးဆရာကြီးတစ်ယောက်ဟာ ဦးနှောက်သွေးကြောပြတ်သေတယ်"လို့ ရေးထားတယ်။

ငါက ကွယ်လွန်သူစာရေးဆရာကြီးလောက် နာမည်မကြီးပေမဲ့ ငါ့ရင်ထဲက မင်းကို မခွဲခွာနိုင်သလို ငါ့လက်ထဲက ကလောင်ကိုလည်း ငါမခွဲနိုင်ဘူး၊ စာရေးနေရရင် ရောဂါကိုမေ့တယ်။

ရှေ့လာမယ့် စက်တင်ဘာ ၇ ရက်ဆို မင်းနဲ့ငါ အတူနေလာခဲ့ရတာ နှစ်ပေါင်း ၆၀ နဲ့ ၁၀လ ရှိတော့မယ်။

တို့နှစ်ယောက် ရင်ချင်းဆက်ပြီး လျှောက်လာရတဲ့လမ်းဟာ နားဖို့နေရာရောက်ဖို့ မဝေးတော့ဘူးဆိုတဲ့အသိက ငါ့ဦးနှောက်ထဲကို ဝင်လာတော့ မင်းကို သနားလွန်းလို့။ မင်းဟာ ငါ့အပေါ် သိပ်သစ္စာရှိတာပဲ။

ရှေ့လဆို ပျဉ်းမရော ပိတောက်ရော ပွင့်တော့မယ်။ တို့နှစ်ယောက် နားချိန်လည်း မဝေးတော့ဘူး။ လှမ်းကြည့်လိုက်ပါဦး၊ ငုတွေလည်း ပွင့်နေပြီလေ။

"ပျော်စရာမကောင်းဘူးလား နှလုံးသားလေးရယ်"

**[စပယ်ဖြူမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၈၅ ခုနှစ်]**

# ပုထုဇဉ်တို့၏ အရိုင်းမြေ

သူငယ်ချင်း...
ကဗျာတိုင်းမှာ၊ အတ္တပါ၏
မပါမရ၊ ပါနေရ၏
အတ္တပါမှ၊ ကဗျာလှ၏
အတ္တမပါ၊ ကဗျာဆရာ
ငါလိုက်ရှာ၏၊ ရှာသာရှာ၏
ခုထိမတွေ့...။
ပန်းချီတိုင်းမှာ၊ အတ္တပါ၏
မပါမရ၊ ပါနေရ၏
အတ္တပါမှ၊ ပန်းချီလှ၏
အတ္တမပါ၊ ဝါသနာမပီ
ပန်းချီဆရာ၊ ငါလိုက်ရှာ၏
ရှာသာရှာ၏၊ ခုထိမတွေ့။
ပန်းပုတိုင်းမှာ အတ္တပါ၏
အတ္တပါမှ၊ ပန်းပုလှ၏
အတ္တမပါ၊ ဝါသနာအတု

http://www.cherrythitsar.org



ပန်းပုဆရာ၊ ငါလိုက်ရှာ၏
ရှာသာရှာ၏၊ ခုထိမတွေ့။
သူငယ်ချင်း...
ကဗျာမည်သည်
ပန်းချီမည်သည်
ပန်းပုမည်သည် လောကီအလုပ်။
လောကီအလုပ်၊ အတ္တနုတ်လျှင်
အလုပ်ဖြစ်စရာ၊ မရှိပါတည့်
ငါပြောသည်တွင်၊ မယုံချင်လျှင်
စိတ်ပညာရှင်၊ တစ်ဒါဇင်လောက်
မေးချင် မေးကြည့် သူငယ်ချင်း...။

တက္ကသိုလ်မင်းမော်၏ 'စိတ်ပညာ' ကဗျာလေးကို ၁၉၈၄၊ ဒီဇင်ဘာလထုတ် ချယ်ရီမဂ္ဂဇင်းတွင် ကျွန်မ ဖတ်လိုက်ရပါသည်။

ကဗျာလေးမှာ ချစ်စရာကောင်းသည်ဟု ကျွန်မ ထင်ပါသည်။ ရွှေနန်းပျော် မိကလျာလို သွယ်လျနွဲ့ပျောင်းနေ၍ မဟုတ်ပါ။ ကျေးတောသူ၏ ရင်လှိုင်းသံလို ရိုးစင်းပွင့်လင်းသည်ဟု ကျွန်မ ဆိုချင်ပါသည်။ ဤရင်လှိုင်းသံက ကျွန်မ နှလုံးသားကို ရိုက်ခတ်လာပြန်သည်။ သူ့ကဗျာပိုဒ်များတွင်...

ကဗျာမည်သည်
ပန်းချီမည်သည်
ပန်းပုမည်သည် လောကီအလုပ်။
လောကီအလုပ်၊ အတ္တနုတ်လျှင်
အလုပ်ဖြစ်စရာ၊ မရှိပါတည့်...။

ဆိုသော အပိုဒ်မှာ လောကီသားတို့၏ နှလုံးသားကို ဟင်းလင်းဖွင့်ပြလိုက်သည်။ ထိုကဗျာပိုဒ်များက ကျွန်မအား အတ္တအကြောင်းကို စဉ်းစားအောင်၊ တိမ်းညွတ်အောင် လှုံ့ဆော်ပေးလိုက်သလိုပင်...။

အတ္တသည် ကျွန်မပတ်ဝန်းကျင်မှာရော ကျွန်မမှာရောရှိသည့် အတ္တနှင့် ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာ လက်ခံထားကြပုံများကတော့ ကျမ်းများတွင် အသီးသီးရှိသည်။ ပဋိစ္စသမုပ္ပါဒ်နှင့် အဘိဓမ္မာများတွင် ကျယ်ကျယ်ပြန့်ပြန့်

http://www.cherrythitsar.org



တွေ့နိုင်ပါသည်။

ဆရာဦးကျော်ထွန်း၏ ပဋိစ္စသမုပ္ပါဒ်တွင် "နိဗ္ဗာန်မှာ အတ္တပါ၍မရ"ဟု ဆိုပါသည်။ မှန်ပါ၏။ ငါပြုသော ကုသိုလ်သည် ငါ နောက်ဘဝ နတ်ဖြစ်ဖို့၊ ဗြဟ္မာဖြစ်ဖို့၊ မင်းဖြစ်ဖို့ အစရှိသော လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို လိုလား တောင့်တ၍ လှူသမျှ သံသရာလည်ကြောင်းသာဖြစ်မည်။ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဟု ဆိုသည်။ ထို့ကြောင့် ဒါန၊ သီလတို့သည် နိဗ္ဗာန်သို့သွားရာ အထောက်အပံ့မျှသာဖြစ်သည်ဟု ဆိုလိုပါသည်။ ထို့ကြောင့် အတ္တသည် နိဗ္ဗာန် နှင့်မဆိုင်ပေ။ တက္ကသိုလ်မင်းမော်သည် ကျွန်းကြီး၊ ကျွန်းငယ် မညွှန်းဘဲ...

"လောကီအလုပ်၊ အတ္တနုတ်လျှင်

အလုပ်ဖြစ်ရစာ မရှိပါတည့်"

ဟု ဆိုခဲ့သည်။

သို့နှင့် ကျွန်မ ဆက်၍စဉ်းစားမိသည်။ အတ္တဆိုသည်မှာ ဘာလဲ။ တချို့ ကလည်း ရိုးရိုးလွယ်လွယ်၊ အတ္တဆိုသည်မှာ ကိုယ် ဟူ၍ ဆိုသည်။ မိမိကိုယ် (ငါ) ဟူ၍ ဆိုလိုခြင်းဖြစ်သည်။

အတ္တဝါဒုပါဒါန်။ အတ္တဝါဒ + ဥပါဒါန် ဖြစ်သည်။ ခန္ဓာကိုယ်ကို ငါ ဟူ၍ စွဲနေခြင်းဖြစ်သည်။ အနတ္တလက္ခဏာသုတ်ကို မြတ်စွာဘုရားသခင် ဟော ခြင်းမှာ အတ္တဝါဒကိုပျောက်အောင် ဟောခြင်းဖြစ်၏။ အတ္တဝါဒကိုပြုတ်အောင် ဟောနိုင်သူမှာလည်း သမ္မာသမ္ဗုဒ္ဓ မြတ်ဘုရားမှလွဲ၍ မဟောနိုင်။

အတ္တသည် စင်စစ် အနတ္တ၏ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ တို့က အနိစ္စ၊ ဒုက္ခ၊ အနတ္တကို အနိစ္စ အမြဲမရှိ၊ ဒုက္ခဆင်းရဲခြင်း၊ အနတ္တ ကိုယ် မဟုတ်ဟူ၍ ပြောလေ့ပြောထရှိသည်။ သို့သော် ကိုယ်မဟုတ်ဆိုသည်မှာ လောကီနား၊ လောကီမျက်စိနဲ့ ရှင်းလင်းမည်မဟုတ်။ ကိုယ်ကြီးမြင်ပါလျက်နှင့် ကိုယ်မဟုတ်ဟူသော စကားလုံးမှာ သံသယဝင်ဖွယ် ဖြစ်ပါသည်။

သို့သော် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒအရကတော့ ရှင်းပါ သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို "မမြဲ ဆင်းရဲသဘောပဲ"ဟူ၍ ဖွင့်ပြပါသည်။ ထိုအခါ၌ အနတ္တဆိုသည်မှာ သဘောမျှသာတည်း။ သူ့သဘော သူဆောင်နေ သည်။ မစိုးမပိုင်ဟူ၍ တစ်ဆင့် ကျယ်ပြောလာသည် မှန်၏။ ပထမသော် ဤ ကိုယ်ကြီးသည် ကိုယ့်အလိုသို့ လိုက်နေတုန်း၊ ဝတ်ကောင်းတုန်း၊ စားကောင်း တုန်း၊ အိပ်ကောင်းတုန်း သဘောမပေါက်လှ။ ရောဂါနှိပ်စက်၍ ကိုယ့်အလိုသို့

http://www.cherrythitsar.org



မလိုက်တော့မှ "သြော်...ငါ့စိတ်က ဘယ်လိုပဲ ဖြစ်ချင်ပေမဲ့ ဒီခန္ဓာကိုယ်ဟာ ငါ့အလိုကို မလိုက်၊ ခါတ်တွေ ဖောက်ပြန် သည်နှင့်အမျှ သူ့သဘောသူဆောင်၊ သူဖြစ်သလိုဖြစ်၊ ငါ မစိုးမပိုင်ပါတကား" ဟူ၍ သဘောပေါက်လာတတ်ပါသည်။ မကျိုးစေလိုသော သွားကိုလည်း တားမရ၊ မဖြူစေလိုသော ဆံပင်ကိုလည်း တားမရ၊ မတွန့်စေလိုသော အရေပြင်ကိုလည်း တားမရနိုင်ပါ။ ထိုသောအခါမှ မစိုးမပိုင်သောသဘောကို နားလည် နှလုံးသွင်းနိုင်လာသည်။ ဒါက အနတ္တ၏ သဘောဖြစ်သည်။

ထို့ကြောင့် အနတ္တ၏ ဆန့်ကျင်ဘက် အတ္တဆိုသည်မှာ စိုးပိုင်သည်၊ မြဲသည် ဟူ၍ သဘောပေါက်ပေမည်။ ဗကဗြဟ္မာကြီး၏ အတ္တစွဲက ဗြဟ္မာသက် ရှည်လျားလွန်းသောကြောင့် သူသည် "ငါသာ မြဲသည်"ဟူသော စိတ်ဝင်နေမှု ကြောင့် ဘုရားသခင်က ချွတ်ခဲ့ရသည်။

တစ်ဖန် ကျွန်မ စဉ်းစားမိသည်က သက္ကာယဖြစ်သည်။ လူတွေက တစ် ယောက်နှင့်တစ်ယောက် အတ္တစွဲကြီးသည်။ သက္ကာယစွဲကြီးသည်ဟု ပြောလေ့ ပြောထ စွပ်စွဲလေ့ရှိကြသည်။

သက္ကာယဆိုသည်မှာ ဘာလဲ။

စိတ် + ကိုယ် စိတ်အပေါင်း ကိုယ်ကို သက္ကာယဟူ၍ ခေါ်ပါသည်။ ထိုသက္ကာယသည် သက်ရှိသတ္တဝါတို့နှင့်တကွ ဘုရားသော်မှမကင်း၊ ရှိသည်။

သို့သော် ဤစိတ်အပေါင်း ကိုယ်သည် မြဲသည်၊ ငါဖြစ်သည်ဟူသော အယူမှားကိုမူ ဒိဋ္ဌိဟုခေါ်သည်။ ထိုအယူမှား သက္ကာယဒိဋ္ဌိကတော့ မြတ်စွာ ဘုရားသခင်နှင့်တကွ အရိယာပုဂ္ဂိုလ်တို့တွင် မရှိပြီ။

သံယုတ်ပါဠိတော်မှာ သိကြားမင်းက မြတ်စွာဘုရားကို လျှောက်ထား၏။

"လောကမှာ အချို့သောပုဂ္ဂိုလ်များဟာ ပရိနိဗ္ဗာန်ပြုကြတယ်၊ အချို့က တော့ ပရိနိဗ္ဗာန်မပြုကြပါ။ အဲဒါဘာအကြောင်းကြောင့်ပါလဲ ဘုရား"လို့ လျှောက် ပါသည်။

မြတ်စွာဘုရားက တိုတိုပဲပြန်ဖြေပါသည်။

"ဥပါဒါန်ရှိတဲ့ပုဂ္ဂိုလ်သေရင် ပရိနိဗ္ဗာန်မပြုပါ။ ဥပါဒါန်မရှိတဲ့ ပုဂ္ဂိုလ်သေရင် ပရိနိဗ္ဗာန်ပြုပါတယ်"လို့ ဖြေကြားပါသည်။

ဥပါဒါန်စွဲ၊ တဏှာစွဲရှိနေသူဟူသမျှ သက္ကာယဒိဋ္ဌိ ရှိနေသေး၍ နိဗ္ဗာန် မျက်မှောက်မပြုနိုင်ကြပေ။ ထို့ကြောင့် အတ္တပါလျှင် နိဗ္ဗာန်မရောက်နိုင်ဟု ဆိုခဲ့

http://www.cherrythitsar.org



ခြင်းဖြစ်သည် ထင်ပါသည်။

ကျွန်မတို့ အနုပညာသည်တွေမှာကော သက္ကာယဒိဋ္ဌိစွဲက ရှိနေကြသေးသည့် လောကီနယ်သားများပင် မဟုတ်ပါလား။ ဒီတော့ အတ္တကတော့ရှိမည်။

စေတနာလေးကတော့ထားကြမြဲဖြစ်သည်။ ငါ့ပန်းချီ၊ ငါ့ကဗျာ၊ ငါ့ဂီတ၊ ငါ့စာပေသည် လောကကြီးတစ်ခုလုံး သာယာဖို့အတွက်ဟူသော စေတနာလေးတော့ ရှိသည်။

ဆရာဦးတင်ထွဋ်က ဆိုပါသည်။ (ြမဥ္ဇူသက ပဋိစ္စသမုပ္ပါဒ် စာမျက်နှာ ၆၃) "လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ခံစားရအောင် ဆောက်တည်တဲ့ မှန်တဲ့ သီလတို့၊ မှန်တဲ့အကျင့်တို့ဆိုရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ရနိုင်ပါတယ်။ ဒိဋ္ဌိကတော့ ဒိဋ္ဌိပဲ။ ဒိဋ္ဌိတိုင်း၊ အကုသိုလ်တိုင်းကလည်း အပါယ်ကျတာမဟုတ်ပါ"ဟု ဆိုခဲ့၏။

ထို့အတူ ကျွန်မတို့မှာလည်း ငါပြုစုရသော အနုပညာကြောင့် ချမ်းမြေ့ကြပါစေဆိုသော စေတနာလေးပါ၍ ကုသိုလ်ဖြစ်ပါသည်။ သို့သော် 'ငါ'ဟူသော ဒိဋ္ဌိကတော့ ပါမြဲဖြစ်ပါသည်။ ထို'ငါ'ကြောင့်တော့ အပါယ်လားမည်မထင်ပါ။

ထိုမှတစ်ဆင့် ကျွန်မစဉ်းစားမိသည်မှာ မာန်နှင့်မာနဖြစ်ပါသည်။ မာန်ဆိုသည်ကတော့ မြတ်စွာဘုရား လက်မခံ။ လောကုတ္တရာအလုပ်မဟုတ်။ ဘယ်မာန်မှ မကောင်းပါ။ လောကီမှာတော့ မာန်မရှိပါလျှင် ဘဝရပ်တည်မှု လျှော့ကျနိုင်သည်။ ဥပမာ...ဇာတိမာန် ဆိုပါတော့။ ငါတို့အမျိုး၊ ငါတို့စာပေ၊ ငါတို့အနုပညာ၊ ငါတို့ထီးနှင့် ကြငှာန်းနှင့် နေခဲ့ကြသူတွေ ဟူသော မာန်သာမရှိလျှင် တစ်ပါးသော တိုင်းပြည်ကြီးတို့ ဝါးမျိုမှုကို လူမျိုးငယ်တိုင်းပြည်များ ခံကြရမည်မှာမလွဲပေ။ ဒီတော့ လောကီတွင် ရှိသင့်ရှိထိုက်သော 'မာန်' တော့ ရှိထားသင့်သည် ဆိုရမည်ပင်။

'ငါနှင့်ငါသာ၊ နှိုင်းစရာဟု
ပညာမုန်ယို၊ အရွယ်ပျိုက
မဆိုစလောက်၊ မာန်စောင်မြောက်၍'

ဟူသော ရှင်မဟာရဋ္ဌသာရ စာထဲက မာန်မျိုးကတော့ အနုပညာသည်တိုင်းမှာရော၊ လောကီသားတို့မှာရော မရှိသင့်ဟု ထင်ပါသည်။

'မာန်မြေလွှန်သော် မာနနယ်'ကိုရောက်မည် ဖြစ်သောကြောင့် လောကီသားပေမဲ့ မာန်စောင်မမြောက်ဖို့ ပညာရှင်တို့က ဆုံးမခြင်း ဖြစ်ပေလိမ့်မည်။

'ငါ့အမျိုးမှ ငါ့အမျိုး အမြတ်ဆုံး။ တခြားအမျိုးနှင့် ဆက်ဆံရန်မလို' ဟူသော ငါစွဲမာနမြင့်၍ တံခါးပိတ်ဝါဒကျင့်သုံးမှုကြောင့်လည်း တချို့တိုင်းပြည် ငယ်များ ပျက်စီးရသည်ကို သမိုင်းများက သက်သေပြခဲ့လေသည်။

လူမှုဆက်ဆံရေးတွင် ကိုယ့်သွေးမှကိုယ့်သွေး၊ ငါ့သားငါ့သမီးမှ အတော်ဆုံး၊ ငါရေးတာမှအကောင်းဆုံး ဆိုသည့် 'မာန်လွန်နယ်မြေ မာနစခန်း' သို့ရောက်၍ ကျဆုံးကြရသည်မှာလည်း အများအပြားပင်။

ထို့ကြောင့် လောကီတွင် အတ္တသည် ရှိသင့်သည့် အတိုင်းအတာတော့ ရှိရမည်ထင်ပါသည်။ အတ္တလွန်ရောဂါကိုသာလျှင် တားဆီးသင့်ပါသည်။

လောကုတ္တရာအလုပ်မှာပင် ဝိပဿနာကို အားထုတ်ရာ၌ အနာဂါမိမဂ်သို့ မဆိုက်မချင်း သောတာပန်၊ သကဒါဂါမိတို့သော်မှ လျော့နည်းသော ငါ၏ အစွယ်အပွားသော လောဘ၊ ဒေါသ၊ မောဟ ရှိစမြဲပင်။ ပြင်းသည်နှင့် ပျော့ သည်ပင် ကွာသည်။

သာသနာပြုကြသော သင်တန်းပြပုဂ္ဂိုလ်နှင့် တရားဟောပုဂ္ဂိုလ်တို့ကို သတိထားစရာ ကြိဉာဏ်ပေးထားသော ဆရာဦးတင်ထွဋ်၏သြဝါဒကို ကျွန်မ ဖော်ပြချင်ပါသည်။

(၂ မဥ္ဇူသက ပဋ္ဌိစ္စသမုပ္ပါဒ် စာမျက်နှာ ၂၆)

"တရားဟောတဲ့ပုဂ္ဂိုလ်တွေ၊ သင်တန်းပြတဲ့လူတွေမှာ သတိထားစရာက ဗုဒ္ဓရဲ့တရားတော်ထဲမှာ အမြင့်ဆုံးတရားနဲ့ အောက်အခြေခံတရား နှစ်မျိုးခွဲပြ ဖို့လိုပါတယ်"ဟု ဆိုခဲ့ပါသည်။

"သာသနာပြုရာမှာ အောက်အခြေခံနဲ့ သာသနာပြုခဲ့တာပါ။ အောက် အခြေခံဆိုတာက ပုဂ္ဂိုလ်ရှိတယ်၊ သတ္တဝါရှိတယ်၊ အတိတ်ဘဝရှိတယ်၊ အနာဂတ် ဘဝရှိတယ်၊ နတ်ရှိတယ်၊ ဗြဟ္မာရှိတယ်၊ ဒါနပြုရင်၊ သီလတည်ဆောက်ရင် ကောင်းရာသုဂတိရောက်မယ်။ သမထအားထုတ်ရင် ဗြဟ္မာပြည်ရောက်မယ် ဆိုတဲ့ ဒီလိုဘုံတွေ၊ ဘဝတွေနဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ပထမအဆင့်မှာ အခြေခံ ရပါတယ်။ ဒီအယူက သက္ကာယဒိဋ္ဌိက လွတ်သလားဆိုတော့ မလွတ်ပါဘူး၊ ဒါပေမဲ့ ဒီလို ဒါန၊ သီလ၊ သမထ စတဲ့ ပြုတဲ့ ကုသိုလ်တွေဟာလည်း ကောင်း တဲ့ တရားတွေပါ"

ပုထုဇဉ်အရိုင်းကို စစချင်း အဆင့်အမြင့်ဆုံးဖြစ်တဲ့ သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်တရားတွေကို ဟောလို့ သဘောမပေါက်နိုင်ပါ။

http://www.cherrythitsar.org



ကုသိုလ်ကောင်းမှုပြုရင်း လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်သော်မှ မလိုချင်။ ထိုစည်းစိမ်တို့သည် မမြဲ ဆင်းရဲဟု မြင်လာသောအခါမှ ထိုစည်းစိမ်တွေကို မလိုချင်အောင် ဟောပြောပြီးမှ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးအဆင့်မြင့်တရားကို ဟောသင့်သည်"ဟု ဆိုထားပါသည်။

တစ်ဖန် (၃ မဇ္ဈိမ သုတက ပဋိစ္စသမုပ္ပါဒ် စာမျက်နှာ ၅၁)

"ဘုရားပွင့်တော်မူစဉ်က အကောင်းဆုံးခေါ်နိုင်တဲ့ သဿတဒိဋ္ဌိတွေ ရှိကြပါတယ်။ သဿတဒိဋ္ဌိဆိုတာက တစ်ခုခုမြဲနေတာလေး ရှိရပါတယ်။ ပြုခဲ့တဲ့ကုသိုလ်၊ အကုသိုလ်တွေ အမြဲတမ်းရှိနေတယ်။ သတ္တဝါဆိုရင် အတ္တကလေး တစ်ဘဝ တစ်ဘဝ ပြောင်းနေတယ်။ ဒီအတ္တကလေးက တဖြည်းဖြည်းနဲ့ ပါရမီရင့်လာတယ်။ ဒီလိုယူမှုလည်း ပြောလို့၊ ဟောလို့ နားလည်မှာဖြစ်တော့မြတ်စွာဘုရားကလည်း သုတ္တန်ပါဠိတော်တွေမှာ ဒီလိုဟောကြားချက်တွေ ရှိပါတယ်"ဟု ဆိုခဲ့သည်။

သူဆိုလိုခြင်းမှာ အတ္တကိုပင်မီ၍ သာသနာပြုရာမှ ယဉ်ပါးလာသော ပုထုဇဉ်ကို အတ္တပြုတ်ရာ၊ ဒိဋ္ဌိပြုတ်ရာ၊ အနတ္တနယ်မြေသို့ရောက်အောင် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးကို ဟောပါဟု ဆိုလိုရင်းဖြစ်ပါသည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်မ၏ တူလေး ပြောသည်ကို သတိရမိပါသည်။ ကျွန်မတူလေး သာရင်ဦး၏ မိဘများမှာ ဘုရားတရား ကြည်ညိုကြသူများဖြစ်၍ ကျောင်းပိတ်ရက် သားများကို ဘုန်းကြီးကျောင်းသို့ ပို့လေ့ပို့ထရှိပါသည်။ တူလေးမှာ ငယ်သေးသည်။ ၁၀ နှစ်ပတ်ဝန်းကျင်လောက်ပင်ရှိမည်။ တစ်နေ့တော့ ဘုန်းကြီးကျောင်းကို မသွားချင်ဟု ဆိုပါသည်။ သူ့အမေက ဘာဖြစ်လို့လဲဟု မေးပါသည်။

"အမေရဲ့၊ ဘုန်းတော်ကြီးက နေ့တိုင်း တရားဟောတယ်။ ဟောတဲ့အခါတိုင်း အဝိဇ္ဇာနဲ့ တဏှာကို သတ်ရမယ်တဲ့။ သူတို့ကို ခဏခဏပဲ သတ်ခိုင်းနေတယ်။ အဝိဇ္ဇာနဲ့ တဏှာက ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ သတ်ခိုင်းတာလဲ။ သူတို့ဟာ ဘယ်သူတွေလဲ"

ပထမ ကြားကြားချင်းတော့ ရယ်စရာဖြစ်ပေမဲ့ ကလေးနားနှင့်တော့ ဒီလိုပဲ ခံယူမှာပင်ဖြစ်သည်။ ကလေးမပြောနှင့်၊ ဘုန်းတော်ကြီး ဟောကြားနေသော ပရိသတ်ထဲမှာပင် အဝိဇ္ဇာနှင့် တဏှာကိုသိသော လူကြီးပရိသတ် ခပ်ရှားရှားပင်။ ပယ်ဖို့၊ ပြုတ်ဖို့၊ သတ်ဖို့ ဆိုတာကတော့ မလွယ်လှပါ။ ပုထုဇဉ်တို့နားက ရိုင်း၍

http://www.cherrythitsar.org



နေပါသေးသည်။

ကျွန်မ ခဏခဏ ဟောပြောပွဲများတွင် ပြောခဲ့ပါသည်။ စာပေအနုပညာသည် ခံစားမှုအဓိက၊ ခံစားမှုမှ ဝေဒနာဖြစ်လာမှ စာရေးလို့ရလာသည်။ ပန်းချီ၊ ပန်းပုဆွဲ၍ ရသည်။ ကပြ၍ ရသည်။ ဇာတ်ဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ ခုခေတ်စကား၊ **(Feeling)** ဝင်မှဟု ပြောကြခြင်းမှာ ဤခံစားမှုဝေဒနာကိုပင် ဆိုလိုပါသည်။ ဇာတ်ဆောင်က စိတ်မပါ၊ ခံစားမှုမရှိ၊ ဝတ္တုရားအတိုင်း ကပြလျှင် ပေါ့ရွှတ်ရွှတ်ဟာတာတာ အရသာကို ခံစားရမည်ပင်။

(၄ ဦးသော်ဇင်ရေး **'**နိဗ္ဗာန်**'** စာမျက်နှာ ၅၆)

တစ်ရံရောအခါက အရှင်သာရိပုတြာသည် ရဟန်းတို့ကိုခေါ်၍**...**

**"**ငါ့ရှင်တို့၊ ဤနိဗ္ဗာန်ကား ချမ်းသာ၏**"**ဟု ဆို၏။

ထိုအခါ ဥဒါယီက**...**

**"**ငါ့ရှင်၊ သာရိပုတြာ၊ ယင်းနိဗ္ဗာန်၌ ခံစားခြင်းဝေဒနာ အကယ်၍ မရှိလျှင် ဘယ်သို့ ချမ်းသာပါသနည်း**"**ဟု မေး၏။

**"**ဤနိဗ္ဗာန်၌ ခံစားခြင်းဝေဒနာ လုံးဝမရှိချေ။ ဤသို့ ဝေဒနာမရှိခြင်းသည်ပင်လျှင် ဤနိဗ္ဗာန်၌ ချမ်းသာတည်း**"**

**"**ငါ့ရှင် သာရိပုတြာ၊ နိဗ္ဗာန် နိဗ္ဗာန် ဆိုပါသည်။ အဘယ်တရားသည် နိဗ္ဗာန်မည်ပါသနည်း**"**

**"**ငါ့ရှင်**...** ရာဂ၊ ဒေါသ၊ မောဟ ကုန်ခြင်းသည် ရှိ၏။ ယင်းကို နိဗ္ဗာန်ဟု ဆိုအပ်၏**"**

ဤစာပိုဒ်ကို ကြည့်ခြင်းဖြင့် ခံစားခြင်းဝေဒနာမရှိသော နိဗ္ဗာန်။ ထိုနိဗ္ဗာန်သို့သွားရာ လောကုတ္တရာလမ်းနှင့် ခံစားမှုဝေဒနာကို အရင်းခံသော အနုပညာနယ်မြေနှင့်တော့ တစ်လမ်းစီပင်။ (နိဗ္ဗာန်ရောက်ရာလမ်း မဟုတ်ဟု ဆိုလိုပါသည်)

ပြီးတော့ အဖွဲ့အနွဲ့ အရေးအသားတွင် မရှိကိုလည်း အရှိလုပ်ရသည်။ စာဖတ်သူ နားဆင်သူ ညွတ်နူးအောင် ရသပါအောင် ဖွဲ့နွဲ့စာဆိုရမည်မှာ အနုပညာသည်၏ တာဝန်ပင်။

အရှင်ဦးသြဘာသသည် ဟိမဝန္တာကို ချီးမွမ်းပြလိုက်သည်။ ဖတ်ရသူကျွန်မမှာ ဟိမဝန္တာကို ရောက်ရှိသွားရသလို ခံစားရ၏။ ဦးသြဘာသသည် ဟိမဝန္တာရှိရာ အိန္ဒိယသို့ပင် ရောက်ဖူးမည်မထင်ပါ။

http://www.cherrythitsar.org



ဆရာမင်းသုဝဏ်က…

'အေးရိပ်သာတဲ့ ပင်ညောင်ညို
ဥသြတွန်သံချို
တိုးလျှိုစီးတဲ့ နဒီတွင်း
သမင်ရေသောက်ဆင်း
မြက်ခင်းလဲ့လဲ့ မြေညီညီ
ကံ့ကော်ဝတ်မှုန်စီ
ဓာလီပျော်တဲ့ ကျောင်းသင်္ခမ်း
လူလေးသွားချင်စမ်း'

ဟု ရေးဖွဲ့ရာ၌ ဆရာလည်း ဝေဿန္တရာမင်း၏ ကျောင်းသင်္ခမ်းကို မရောက်ခဲ့ပါ။ ဒါပေမဲ့ ဆရာ့ကဗျာလေးကိုဖတ်ရလျှင် နေညိုချိန် မြရောင်လွှမ်းသော မြက်ခင်းနုပေါ်တွင် ဓာလီတို့ မောင်နှမ ကစားကြပုံ၊ သမင်လေးတွေ ရေသောက်ဆင်းလာပုံကို မျက်လုံးထဲမှာလည်း ပေါ်လာ၏။ ရင်ထဲမှာလည်း အေးမြပျော်ရွှင်ခြင်းဖြစ်လာပါသည်။

ဆရာနန်းတော်ရှေ့ဆရာတင်၏ 'မင်းဂံရွာသူ' သီချင်း ဆိုပါစို့။ အဆိုတော်ကိုအံ့ကြီးကလည်း အဆိုကောင်းလေတော့ ထိုသီချင်းကို ကျွန်မ ကြားရလျှင် နားထောင်၍မဝ။ လည်တိုင်၏ လှပပုံ မင်းဂံရွာသူတို့ အသားအရေ ဖြူစင်ကြည်လင်လွန်း၍ ရေသောက်လျှင်ပင် မြင်ရမလောက် ဖွဲ့ထားသည့် ထိုသီချင်းပေါ်စက ကျွန်မက ကျွန်မ၏ချစ်သူ ဦးကျော်သောင်းအား မေးမိပါသည်။

"အစ်ကိုကြီး၊ မင်းဂံရွာသူတွေဟာ ဒါလောက်ပဲ ချောလားဟင်"

"မိချိုရယ်၊ အညာသူတွေပဲ၊ တွေးကြည့်ပေါ့။ ဒါပေမဲ့ စာဖွဲ့တော့ နေလောင်တဲ့ မျက်နှာ၊ ကုပ်မည်းကြီးတွေနဲ့ ရေမချိုးလို့ ချေးထူတယ်လို့ ဖွဲ့ရမလား၊ အနုပညာမြောက်တယ်ဆိုတာ ဒါကို ဆိုတာပေါ့။ ဆရာတင့်သီချင်းကို ကြားလိုက်ရရင်ကို 'မင်းဂံ' သူရဲ့အလှ မင်းဂံရွာကို ပြေးသွားချင်အောင် ဆွဲဆောင်သွားတာပဲမို့လား။ အနုပညာဆိုတာ ဒါပဲ"

အမှန်ကို မဖော်ပြလို့ ဆရာတင်တို့ ဦးသြဘာသာတို့ကို အဝိဇ္ဇာဖုံးနေသူဟု မဆိုသာ။ စာပေဂုဏ်မြောက်အောင် ဖွဲ့နွဲ့ခြင်းပါပင်တည်း။

တစ်ခါက စာရေးဆရာတစ်ယောက်က ရေးဖူးပါသည်။ အင်္ဂလန်ပြည်ကြီး

http://www.cherrythitsar.org



နေမဝင်နိုင်ငံအဖြစ် အင်ပိုင်ယာချဲ့ရာတွင် အင်္ဂလိပ်စာရေးဆရာတို့ တစ်တပ်တစ်အား ပါသည်ဟု ဆိုသည်။ ကဗျာတွင်ဖြစ်စေ၊ စကားပြေပင်ဖြစ်စေ ဝက်သစ်ချပင်ကြီးများ၊ ထင်းရှူးပင်ကြီးများ၊ စိမ်းမြသော မြက်ခင်းတို့ဖြင့် ဖုံးအုပ်ထားသော တောင်ကုန်းလွင်ပြင်တို့ကို အင်္ဂလန်အလှအဖြစ်၊ အင်္ဂလန်၏အင်အားအဖြစ် ဖွဲ့နွဲ့တတ်ကြသည်။ အခြေအနေအမျိုးမျိုးကြောင့် အမိအင်္ဂလန်မြေမှ ခွဲခွာသွားရသော စာရေးဆရာတို့ပင် သူတို့မြေ၏ အလှနှင့်ဂုဏ်ကို ဖွဲ့နွဲ့၍ လွမ်းဆွတ်တသဖွယ်ရေးကြသည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် မျိုးချစ်စိတ် အပြည့်အဝနှင့် သူတို့အင်ပိုင်ယာကို ထူထောင်နိုင်ခဲ့သည်ဟု ဆိုခဲ့ပါသည်။

ကျွန်မ'မွေး'ကိုရေးပြီးစက ချီးကျူးသူတွေ၊ ကြိုက်သူတွေရှိသလို ခင်နှင်းယုသည် ဒေသန္တရစွဲကြီးသူ၊ ငါ့ဇာတိချက်မြှုပ်မြေမှအကောင်း ဟူ၍ ရေးသည်ဟု ဝေဖန်ခံရတာလည်းရှိပါသည်။

ကျွန်မ ဆိုလိုသည်က ကျွန်မ၏ဇာတိချက်မြှုပ်မြေသည် ကျွန်မမွေးဖွားရာ ကျွန်မကိုမွေးဖွားသော မိဘပဲဖြစ်သည်။ ထိုမိဘ၏ အလှနှင့်ဂုဏ်ကို မမြင်တတ်လျှင် မိဘကျေးဇူးမသိသူတည်း။ လောကတွင် မိဘကျေးဇူးမသိသူထက် မိုက်ကန်းသူ မရှိပါ။ တက္ကသိုလ်ဘုန်းနိုင်၏ စကားလုံး၊ 'ဤမြေမှသည်' စကားလုံးလိုပင် မွေးဖွားရာ ဇာတိချက်မြှုပ်မြေမှသည် တဖြည်းဖြည်း ကျွန်မတို့၏ အမိမြန်မာပြည်ကြီးကို ချစ်ခင်မြတ်နိုးဖွယ် အလှအပဂုဏ်တွေကို ကျွန်မတို့မြင်လာအောင် ဖွဲ့နွဲ့လာရမည်ဖြစ်သည်။ အမိနိုင်ငံဆိုကတည်းက အမိကျေးဇူးကို သိတတ်ရပါတော့မည်။

ဒီတော့လည်း ငါတို့မြေ၊ ငါတို့ပြည်၊ ဒါငါတို့မြေ ဟူသော 'ငါ'ကတော့ ပါရတော့မည်။

မည်သို့ပင်ဆိုစေ ကျွန်မတို့ အနုပညာသည်တွေ ကျင်လည်ရသောဘဝကိုက ပုထုဇဉ်အရိုင်းနယ်မြေပါပင်တည်း။ ဤမှာတွင် မွေးဖွား၍ ဤမှာပင် ခေါင်းချ ရမည်။ ဤမွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့ကြားဘဝကို ပုံဖော်ရသော ပန်းချီ၊ ကဗျာ၊ စာပေ အစရှိသော အနုပညာတို့သည် အတ္တနယ်မြေမှ ဘယ်သို့ လွတ်မြောက်နိုင်ပါအံ့နည်း။

သို့သော် အနုပညာရှင်တို့ထားအပ်သော စေတနာဖြင့် ပုထုဇဉ်အရိုင်းနယ်မြေကို စုပေါင်းထွန်ယက်စိုက်ပျိုးလျှင်တော့ သီးပွင့်မျိုးစုံနှင့် ချမ်းမြေ့သော လောကလှူဘောင်ကို တည်ဆောက်နိုင်ကောင်းပါရဲ့။

http://www.cherrythitsar.org



*(ဤဆောင်းပါးဖြစ်မြောက်အောင် အထောက်အကူပြုပါသော ဆရာ ဦးကျော်ထွန်း၊ ဆရာဦးသော်ဇင်၊ မြန်မာစာပါမောက္ခဒေါ်စီစီဝင်းနှင့် ကျွန်မ နှလုံးသားကို လှုံ့ဆော်ပေးသော ကဗျာရှင်တက္ကသိုလ်မင်းမော်တို့အား ကျေးဇူး တင်ပါ၏)*

[ချယ်ရီမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၈၅ ခုနှစ်]

# ပွင့်ဆဲ ကြွေဆဲ ဘဝလမ်းထဲ

"ခင်မောင်စုက ပြောလိုက်တယ်၊ တို့ကျောင်းကပွဲမှာ ပါခဲ့တဲ့ သူငယ်ချင်းတွေကို ထမင်းကျွေးချင်တယ်တဲ့။ မခင်ဝေရော၊ မလှရင်ရော၊ မရှင်ကိုပါ ခေါ်ခဲ့ပါတဲ့။ ပြီးတော့ မစုကိုလည်း ပြောလိုက်ပါတဲ့"

ထိုသတင်းစကားပါးလာသူမှာ ကျွန်မသူငယ်ချင်း မခင်နု ဖြစ်ပါသည်၊ ရေကြည်ရာ မြက်နုရာကိုရှာဖွေရင်း ကျွန်မတို့သူငယ်ချင်းတွေ ဝါးခယ်မြို့မှ ထွက်ခွာလာခဲ့ကြသည်မှာ နှစ်ပေါင်း ၄၀ နီးတော့မည်။

စိတ်ထဲမှာ တမ်းတမ်းတတရှိ၍ ဝါးခယ်မမြို့သို့ ကျွန်မပြန်ခဲ့သော်လည်း ဆရာမကြီး ဒေါ်ပိုက်မိမှလွဲ၍ ကျွန်မ၏သူငယ်ချင်းများ မရှိတော့ပါ။ တစ်ယောက်တည်း ဖြစ်နေသောအခါ ငယ်သူငယ်ချင်းများနှင့် နေခဲ့တုန်းကလို အရသာမရှိပါ။

ရန်ကုန်မှာနေတော့လည်း ကိုယ့်ကိစ္စ၊ သူ့ကိစ္စနှင့် တစ်ယောက်နှင့် တစ်ယောက် တွေ့ခဲလှပါသည်။ ယခုတလော ကျွန်မ ချမ်းမြေ့ရိပ်သာမှာနေစဉ် မခင်နုနှင့် မမြရှင် ခဏခဏလာကြသည်။ သူတို့သည် သူငယ်ချင်းပေါင်းစုံ အကြောင်း ပြောကြသည်။ မမြရှင်က ပိုသည်။ "ဝေလီကို တွေ့သေးလား၊ တင်မောင်အေး နေမကောင်းဘူးတဲ့၊ ဂျော်ဂျီရော ဘယ်မှာလဲ၊ စန်းထိန်တော့ မအူပင်ကပြောင်းသွားပြီ" စသဖြင့် သတင်းစုံကိုမေးသည်၊ ပြောသည်။ သာရေး နာရေးတွေ ကျွန်မထံ ယူလာသည်။ ကျွန်မမှာ ပြင်ပနှင့် အဆက်အသွယ်

http://www.cherrythitsar.org



မရှိသလို တခါးပိတ်နေမိသောကြောင့် သူငယ်ချင်းများအကြောင်းကို မသိပါ။ စိတ်ထဲမှာ ငယ်ငယ်တုန်းက ကျောင်းနေစဉ်ဘဝကို သတိရတတ်ပါသော်လည်း "သူတို့မှာ သားရေး၊ မယားရေး၊ လင်ရေးတွေနဲ့ ငါ သတိရသလို မရပါဘူး"ဟု ကိုယ့်စိတ်ကို ဖြေလိုက်ပါသည်။ မရှင်တို့နှင့်တွေ့လည်း ဒီလိုပဲပြောမိပါသည်။ မရှင်မေးသော ဝေလီခေါ် ကိုတင်လှိုင်ကိုတော့ တက္ကသိုလ်မှာ တွေ့ရပါသည်။ ကျွန်မ ဘီအေတက်စဉ် သင်တန်းတက်ဖို့အသွား စာသင်ခန်းထဲမှ သူပြေးထွက်လာကာ ကျွန်မကို ဝမ်းသာအားရ နှုတ်ဆက်ပါသည်။ သူသင်္ချာဌာနမှာ ဆရာဖြစ်နေသည်။

မရှင်က "တို့လည်း ဒီလိုပဲပေါ့ မိစုရယ်၊ သားကိစ္စ၊ လင်ကိစ္စတွေနဲ့ အားတယ်ကို မရှိဘူး၊ ကျောင်းနေတုန်းကဘဝကို သတိရလျက်ပါပဲ"ဟု ပြောတတ်ပါသည်။

သူတို့လည်း ကျွန်မလိုပဲ တမ်းတတတ် လွမ်းဆွတ်တတ်သူများဖြစ်သည်။ ယခု ကိုခင်မောင်စုက ကျွန်မတို့ကို တွေ့ချင်သည်ဆိုတော့ သူငယ်ချင်းများကို အထူးသတိရမိပြန်သည်။

"ဒါပေမဲ့ ငါကပြောလိုက်တယ်၊ သူတို့ကိုတွေ့ရင် ပြောလိုက်ပါ့မယ်လို့၊ အခုတော့ ထမင်းမစားပါရစေနဲ့ဦးလို့၊ ကိုယ့်အလုပ်ပဲကိုယ် စိတ်အေးလက်အေး လုပ်ပါလို့ ပြောရတယ်။ ခု သူက ကော့သောင်းသွားတဲ့ အောင်ဇေယျသင်္ဘောမှာ ထမင်းဆိုင်ကန်ထရိုက်ရလို့ သင်္ဘောဆင်းရမှာဆိုတော့ အလုပ်က ရှုပ်နေတာ၊ တို့ကို ထမင်းကျွေးချင်တယ်ဆိုတော့ သူတာဝန်များနေမှာစိုးလို့ နောက်မှကျွေးလို့ ပြောလိုက်တယ်။ မောင်စုရယ် ငယ်ငယ်ကနဲ့ ဘာမှမတူဘူး၊ အပိုးကိုကျိုးလို့၊ သူတစ်ယောက်တည်း ကုန်းလုပ်နေတာပဲ"

မခင်နုစကားကြားတော့ ကျွန်မပြုံးမိသည်။ ဟုတ်၏။ ကိုခင်မောင်စု တင်မဟုတ်၊ ကျွန်မတို့အားလုံးလိုလို ငယ်ငယ်တုန်းကနှင့် ဘာမှမတူတော့ပါ။ မိဘ၏ နိုသက်ခံစို့လာကြသောဘဝမှ ကိုယ့်ဝန်ကိုယ်ထမ်းကာ ကိုယ့်လမ်းကိုယ် လျှောက်လာခဲ့ကြရပြီ။ ကျောင်းသားဘဝတုန်းက ကျောင်းကပွဲ ဇာတ်ခုံပေါ်တွင် ကလာသူတို့၊ ယခုဘဝခုံပေါ်မှာ ကလာကြပြီ။ ကိုယ့်ဇာတ်လမ်းမှာတော့ ကိုယ်ဇာတ်လိုက်ပါပဲ။

ကျွန်မစိတ်ထဲတွင် ကိုခင်မောင်စုရည်ညွှန်းသော ကျောင်းကပွဲကို ပြန်လည်သတိရမိသည်။ သည်တုန်းက ဂျပန်ခေတ်ဖြစ်သည်။ ဝါးခယ်မမြို့၊ ဗမာ့ခေတ်သစ်

http://www.cherrythitsar.org



တန်းမြင့်ကျောင်းကြီး၊ ရန်ပုံငွေအတွက် ကျောင်းကပွဲတစ်ခုကျင်းပသည်။ အခန်းကဏ္ဍစုံစုံလင်လင် ပါဝင်သည်။ အတန်းငယ်ကျောင်းသားကျောင်းသူရော၊ အတန်းကြီးသားတွေပါ ပါဝင်ခဲ့ပါသည်။

ကျောင်းကပွဲမှာ ကပွဲအဖွင့်တွင် ဆရာဦးဘငြိမ်က...

"ကိုခင်မောင်စုရယ်၊ ကျောင်းသားတွေခေါ်ခဲ့ကွယ်၊ ဟိုတုန်းက မင်းဆောင်ရွက်တယ်၊ ခုတော့ ဒီမှာ တစ်ယောက်တည်းကွယ်"

ဟူ၍ သီချင်းဆိုရပါသည်။ ကိုခင်မောင်စုနှင့် ကျောင်းသားတွေက ထွက်လာကာ တစ်ဖန်...

"နုနု၊ ရင်ရင်၊ စုစု၊ ကျင်ကျင်၊ မမြရှင်ပါ မြန်မြန်လာ၊ ကျောင်းသားတွေဟာ မင်းတို့တွေကို ဝိုင်းကာကူကြမှာ"

စသဖြင့် သီဆိုကြပါသည်။ သည်တော့မှ ကျွန်မတို့ ကျောင်းသူတွေ ထွက်လာကြရပါသည်။ ကျင်ကျင်ဆိုသည်မှာ မခင်ဝေကိုဆိုလိုပါသည်။ မခင်ဝေ အမည်ရင်းမှာ မကျင်ပု ဖြစ်ပါသည်။

ကျွန်မတို့ကျောင်းသားကျောင်းသူများမှာ အင်္ဂလိပ်ခေတ်မှာလည်း နယ်ချဲ့ တော်လှန်ရေးတွင် ကျောင်းသားသမဂ္ဂနှင့် စည်းစည်းရုံးရုံးပါဝင်ခဲ့ကြ၍ ဂျပန်ခေတ်မှာလည်း အာရှလူငယ်နှင့် ဝန်ထမ်းအဖွဲ့များမှာ တစ်စည်းတစ်လုံးတည်း ပါဝင်ကြပါသည်။ ဝါးခယ်မမှာ အာရှလူငယ်နှင့် ဝန်ထမ်းညီညွတ်၍ တချို့က အံ့သြပါသည်။ တခြားမြို့များတွင် အာရှနှင့်ဝန်ထမ်း မတည့်ပါ။

ဦးဘိုးထင်၏ တိုင်းရင်းမြန်မာ နှစ်ဘာသာသင်ကျောင်းမှာ နေတုန်းကလည်း ကျွန်မတို့သည် ဗိုလ်အောင်ကျော်ခေတ်ကို ၇ တန်းမှာ ကြုံကြရပါသည်။ ကိုဘိုရင်၊ မလှရင်၊ မမြရင်၊ အစ်စွမ် (ယခု ကောင်းကင်ရန့်မုန့်တိုက်ပိုင်ရှင် ဦးရဲမြင့် ဖြစ်နေပါသည်) တို့နှင့်အတူ ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ကြပါသည်။ ဝါးခယ်မကျောင်းသားများအားလုံး သပိတ်မှောက်အောင် ဆော်သြကြရပါသည်၊

သပိတ်မှောက်ကျောင်းသားများကို စောင့်ရှောက်သူများမှာ တို့ဗမာအစည်းအရုံး သခင်များဖြစ်ကြပါသည်။ ဈေးထဲမှာဆိုလျှင် ကုန်စိမ်းသည် သခင်မကြီး ဒေါ်အုန်းဆိုင်၊ သစ်သီးရောင်းသူ သခင်မ ဒေါ်တင်မြတို့မှာ သပိတ်မှောက်ကျောင်းသားများအတွက် အစားအသောက်ကို အလှူခံပေးကြပါသည်။

ကျောင်းသားများ၏ ရင်ထဲမှာတော့ လွတ်လပ်ရေးအတွက် လှုပ်ရှားကြရ

http://www.cherrythitsar.org



ခြင်းဖြစ်၍ တက်တက်ကြွကြွရှိပါသည်။

ထိုစဉ်အခါက တို့ဗမာအစည်းအရုံးက ညွှန်ကြားလျှင် ကျွန်မတို့ကျောင်းသားများသည် ဘာမဆို ဝင်ရောက်ဆောင်ရွက်ခဲ့ကြသည်။ ဝါဒရေးရာတွေ ဘာတွေ နားမလည်၊ လွတ်လပ်ရေးအတွက်ပဲဟု ယူဆခဲ့ကြသည်။

သည်တုန်းက တစည်းတလုံး တညီတညွတ်တည်းပါဝင်ခဲ့သော ကျွန်မတို့ ကျောင်းသားအုပ်စုမှာ ယခု ဗမာ့ခေတ်သစ် တန်းမြင့်ကျောင်းကြီး ရောက်တော့လည်း ညီညွတ်ကြပါသည်။ ကျောင်းကပွဲတွင် ဆရာသမားတွေ တာဝန်ပေးသမျှ ဦးလည်မသုန် ဆောင်ရွက်ကြရပါသည်။

ကျောင်းကပွဲမှာ ကျွန်မတို့ တာဝန်ယူရသည်ကတော့ နာဂဆဒ္ဒန်ဇာတ်ထုပ်ကပြရန် ဖြစ်ပါသည်။ ၁၀ တန်းကျောင်းသူ ကျောင်းသားများ ပါဝင်ကြသည်။ ဆရာမကြီးဒေါ်ပိုက်မိက ကျွန်မကို လိုင်ထိပ်ခေါင်တင်လုပ်ရမည်ဟု ဆိုပါသည်။ ကျွန်မမှာ သီချင်းဆိုရန် ဝါသနာပါသော်လည်း စည်းဝါးတကျမဆိုတတ်ပါ။ လိုင်ထိပ်ခေါင်တင်သည် ပတ်ပျိုး၊ တေးထပ်၊ ဘောလယ်တို့ကို ကိုယ်တိုင်သီကုံးရေးသားစပ်ဆိုနိုင်သော အနုပညာ၌ထူးချွန်သည့် မင်းသမီးတစ်ပါး ဖြစ်ပါသည်။ ကျွန်မ လိုင်ထိပ်ခေါင်တင်လုပ်ရမည်ဆိုတော့ စိတ်ထဲမှာ ကြောက်ရွံ့မိပါသည်။

"ဖြစ်ပါ့မလား ဆရာမရဲ့၊ မစုက ရေချိုးခန်းထဲသာ သီချင်းအော်ဆိုတတ်တာ၊ ပတ်ပျိုးတွေ၊ ဘောလယ်တွေ၊ တေးထပ်တွေကို စည်းဝါးတကျမှ မဆိုတတ်ဘဲ"ဟု ငြင်းမိပါသည်။

"တကယ့်လိုင်ထိပ်ခေါင်တင်ကတော့ ဟုတ်တာပေါ့၊ ဒီကပွဲမှာတော့ မစု ဇာတ်အဖွင့်မှာ အမျှော်စိုက် တေးထပ်တစ်ပုဒ်ပဲဆိုရမယ်။ ကျန်အပိုင်းတွေမှာက မစုက လိုင်ထိပ်ခေါင်တင်နေနဲ့ သီချင်းရေးစပ်ရုံပဲ ရေးစပ်ရမှာ။ ဒီသီချင်းကို ယူသွားရမှာက အပျိုတော် ခင်အုံနဲ့ ခင်ဆုံ။ သူတို့က ကနောင်မင်းသားကို ရွှေနားတော်သွင်းရတော့ သီချင်းတကယ်ဆိုရမှာက သူတို့။ ဒီတော့ မစုက အပြောပိုင်ပိုင်နဲ့ ပြောတတ်ရင် ပြီးတာပဲ။ သီချင်းဆိုဖို့မှ မလိုဘဲ"

အမှန်တော့ ထိုစဉ်ကလည်း ဘာရယ်မဟုတ်၊ တို့ဆရာသမားတွေခိုင်းတာ ကျရာနေရာက တို့ဝင်လုပ်မှာပဲဟူသော စိတ်ဓာတ်နှင့် လုပ်ဆောင်ခဲ့ကြပါသည်။

ကိုခင်မောင်စုက ကနောင်မင်းသားလုပ်ပါသည်။ ကျွန်မက လိုင်ထိပ်ခေါင်တင်၊ ကိုခင်မောင်ထွန်း (ကိုခင်မောင်စု၏ညီ) က လူပျိုတော်သား မောင်မောင်ဘ၊ မမြရှင် (စန္ဒရားလှထွတ်၏ အစ်မ)က ခင်အုံလုပ်၍ မခင်နုက ခင်ဆုံလုပ်ပါသည်။

http://www.cherrythitsar.org



မခင်ဝေမှာ ကနောင်မင်းသား၏သမီးတော် စမ္ပာနဂိုရ်မင်းသမီးလုပ်ရသည်။ ဇာတ်သွားအတိုင်း စမ္ပာနဂိုရ်မင်းသမီးက မိထွေးဖြစ်သူ လှိုင်ထိပ်ခေါင်တင်ထံ ခေါင်းလိမ်းရန် စံပယ်ဆီလာ၍တောင်းသည်။ လှိုင်ထိပ်ခေါင်တင်ပေးသော စံပယ်ဆီတဲ ပိုးဟပ်သေက ပါသွားသည်။ စမ္ပာနဂိုရ်မင်းသမီးက အမေရင်း မဟုတ်၍ လုပ်ရက်လေခြင်းဟု စိတ်ခုကာ ခမည်းတော်ဖြစ်သူ ကနောင်မင်းသားကို ပိုးဟပ်သေပြ၍တိုင်သည်။

ကနောင်မင်းသားက လှိုင်ထိပ်ခေါင်တင်ကို အမျက်တော်ရှနေသည်။ အကျိုးအကြောင်း ဘာမှမသိသော လှိုင်ထိပ်ခေါင်တင်သည် စားတော်ခေါ်စဉ်တွင် လိုက်မြဲပွဲတော်အုပ်ကိုလိုက်သည်။ ကနောင်မင်းသားက သုန်သုန်မှုန်မှုန်လုပ်နေသောကြောင့် လှိုင်ထိပ်ခေါင်တင်က ပွဲတော်အုပ်ကိုမလိုက်ဘဲ ရပ်လိုက်သည်တွင် သူ့ကိုဆောင့်အောင့်သည်ဆို၍ ကနောင်မင်းသားက လှိုင်ထိပ် ခေါင်တင်ကို လက်သုံးတော်ဓားနှင့်ရွယ်သည်။

ကျွန်မတို့ တကယ်ပြဇာတ်ကသောအခါ ဆရာမက ပွဲတော်အုပ်မှာ တာဝန်ကြီးသည်ဆို၍ ကွမ်းရည်တော်ဆက်ရပါသည်။ ငွေကလပ်နှင့် ငွေကွမ်းအစ်ကို ကနောင်မင်းသားထံ လှိုင်ထိပ်ခေါင်တင်က ဆက်ရပါသည်။ ကနောင်မင်းသားက လက်သုံးတော်ဓားနှင့်ရွယ်၍ လှိုင်ထိပ်ခေါင်တင်သည် ဝမ်းနည်းကာအဆောင်တော်သို့ ပြန်လာခဲ့သည်။ ပြီးတော့မှ နာဂဆဒ္ဒန်ချီ ဘောလယ်ကို ကနောင်မင်းသားကို ရေးသား၍ ဆက်သွင်းသည်။ နာဂဆဒ္ဒန်ဘောလယ်ကို အပျိုတော်ခင်အုံနှင့် ခင်ဆုံက ကနောင်မင်းထံ ဆောင်ယူသွား၍ ရွှေနားတော်သွင်းပါသည်။ သည်တော့မှ ကနောင်မင်းက လှိုင်ထိပ်ခေါင်တင်အပေါ် အမျက်ပြေကာ "ဖူးပွင့်လက်တင်ချီဘောလယ်"ကို လုပျိုတော်သားမောင်မောင်ဘ ရေးသား၍ လှိုင်ထိပ်ခေါင်တင်ထံ ဆက်သွင်းတော့မှ ပြေလည်သွားကြသည်။ ဇာတ်လမ်းက တော့ ဒါပါပဲ။ ကျွန်မတို့အားလုံး ဆရာတွေညွှန်ကြားသလို ကပြပါသည်။ မမြရှင်မှာ အသံကောင်း၊ အဆိုကောင်းဖြစ်၍ ဘောလယ်ကို ပိုင်ပိုင်နိုင်နိုင် ဆိုတတ်ပါသည်။ ကန့်လန့်ကာအဖွင့်အပိတ်၊ ကန့်လန့်ကာဆွဲမှာ ကိုမြမောင် ဖြစ်ပါသည်။

ကျွန်မကတော့ ဆရာမ ခိုင်း၍သာ လှိုင်ထိပ်ခေါင်တင်ဖြစ်ရသည်။ စည်းဝါးတကျ သီချင်းမဆိုတတ်။ ပထမဆုံး ဇာတ်အဖွင့်မှာ လှိုင်ထိပ်ခေါင်တင်သည် အပျိုရံများနှင့် စံစားနေသောအခန်း ဖြစ်ပါသည်။ သလွန်တော်ပေါ်မှာ

http://www.cherrythitsar.org



တစ်ကိုယ်တည်း စံနေစဉ်...

"ဆံခွေကို ဖြန့်ကျင်းလို့ ပြတင်းက မယ်မျှော်"

ဟူသော အမျှော်စိုက်တေးထပ်ကို ဆိုရပါသည်။ တေးထပ်မှာ အလွန်အဆိုရခက်ပါသည်။ ဒါပေမဲ့ ကျွန်မက ဆိုတော့ဆိုပါသည်။ ဇာတ်စင်အောက် စန္ဒရားမှ တီးပေးသော အသံနှင့် ဘာမှမဝင်၊ ကြာတော့ အတီးအားလုံးရပ်ထားကာ ကျွန်မတစ်ယောက်တည်း ဆိုရပါသည်။ ထိုအခန်းမှလွဲ၍ ကျွန်မသီချင်းမဆိုရပါ။ ယခု သူငယ်ချင်းများက ကျွန်မကို တွေ့လျှင် သီချင်းတစ်ပုဒ် စည်းဝါးတကျမဆိုတတ်သည့်သူက စာရေးဆရာဖြစ်သတဲ့ဟု ပြောင်ကြပါသည်။ သီချင်းနှင့် စာရေးဆရာ ဆိုင်မဆိုင်တော့မသိပါ။

ကျောင်းကပွဲနောက်ဆုံးညကျတော့ ကျွန်မ အလွန်စိတ်ဆိုးပါသည်။

ကနောင်မင်းသားကို ကွမ်းရည်တော်ကပ်စဉ် ကနောင်မင်းသားက အမျက်တော်ရှ၍ လက်သုံးတော်ဓားနှင့် ရွယ်ပါသည်။ ကျွန်မသည် လက်အုပ်ချီ၍ ခစားရင်းမှ ဓားကိုရှောင်သည့်အနေနှင့် နောက်ဘက်သို့ ကိုယ်ကိုယိမ်းလိုက်စဉ်မှာ ကန့်လန့်ကာက ကျလာရမည်ဖြစ်ပါသည်။ ထိုညက ကန့်လန့်ကာက တော်တော်နှင့် ကျမလာ၊ ကနောင်မင်းသားကို ကျွန်မ အကြာကြီးရှိခိုးနေရသည်။ ကျွန်မစိတ်ထဲမှာ စိတ်ဆိုးလိုက်သည့်ဖြစ်ခြင်း။ တကယ့်ဇာတ်ထဲမှာလည်း ကြင်ယာတော် မောင်တော်ဘုရားက ဓားနှင့်ရွယ်၍ လှိုင်ထိပ်ခေါင်တင်က စိတ်ဆိုးသည်။ သရုပ်ဆောင်ရသူကျွန်မကလည်း ကိုခင်မောင်စုကို အကြာကြီးရှိခိုးနေရ၍ ဒေါသထွက်နေပါသည်။

ကန့်လန့်ကာလည်းချလိုက်ရော၊ ကျွန်မ ဘလာထဘီအနားစကို မချီဆွဲ၍ ဆရာမဆီ ပြေးတော့သည်။

"ဘာကောင်းလဲ ဆရာမ၊ ကိုခင်မောင်စုက သိပ်ဆိုးတာပဲ။ သူဘာလုပ်ထားလဲမသိဘူး။ ကန့်လန့်ကာချချိန်မှာ မချဘူး။ အကြာကြီးဆွဲထားတယ်။ ခင်မောင်စုကို အကြာကြီးရှိခိုးအောင် မစုကို တမင်လုပ်တာ"

ကျွန်မက ဆရာမကို တိုင်ပါသည်။

"ဟဲ့...မောင်စုအပြစ်မဟုတ်ပါဘူး၊ မြမောင်တစ်ယောက် ပြဇာတ်ကြည့်ရင်း ငေးနေမိလို့ ကန့်လန့်ကာမဆွဲမိတာ ဖြစ်မှာပါ။ စိတ်မဆိုးပါနဲ့ မစု"

ဆရာမက ပြေလည်အောင် အဖြေပေးပါသည်။ ကျွန်မကတော့ နည်းနည်းမှ မကျေနပ်။ သူငယ်ချင်းတစ်ယောက်က လာပြောသည်ကို ကြားရတော့ ပို၍

http://www.cherrythitsar.org



ဒေါသထွက်ပါသည်။

"မိစု၊ ခင်မောင်စုကလေ နင်ဟာ သိပ်မာနကြီးတယ်တဲ့။ အပြင်မှာလည်း စကားရည်လုပွဲကအစ၊ နင့်ကိုသူက အရှုံးပေးရတယ်တဲ့။ ဒီကျောင်းကပွဲ ဇာတ်ထဲမှာပဲ နင့်ကို သူက နိုင်ရတာတဲ့။ ကပွဲက နောက်ဆုံးညဆိုတော့ နောက် ညတွေ နင်ရှိုးတာ သူမခံရတော့ဘူးတဲ့။ ဒါကြောင့် ဒီညမှာ သူက လက်သုံး တော်ဓားနှင့် ရွယ်နေတုန်း နင်က ရှိုးနေဆဲ၊ ကန့်လန့်ကာကို မချသေးဘဲ ဆွဲထားဖို့ မြမောင်နဲ့ မောင်စု ညှိထားတာ၊ နင်ရှိုးတာ သူကြာကြာကြည့်ချင် လို့တဲ့"

သည်စကားကြားရတော့ ကျွန်မ သူတို့နှစ်ယောက်စလုံးကို ပို၍ စိတ်ဆိုး လိုက်သည့်ဖြစ်ခြင်း။ ကိုမြမောင်မှာ ကျွန်မတို့ကပြစဉ် ကန့်လန့်ကာဆွဲ၍ သူ ကိုယ်တိုင် ကပြသောအခါ ဒိုတီဝတ်၍ ဗုံလေးတီးပါသည်၊ သူ့နှမ နုနုက ကုလားမလို ကပါသည်။

နောက်တော့ ကိုခင်မောင်စုတို့ ဝါးခယ်မက ပြောင်းသွားသည်လို့ပဲ ကြား ရသည်။ ကိုမြမောင်ကလည်း တပ်မတော်ထဲလိုက်သွားသည်။ သူတို့နှစ်ယောက် မခွဲခင်က ဝါးခယ်မမှာ တတွဲတွဲနှင့်။

ဂျပန်ကို တော်လှန်စဉ်ကတော့ သခင်ဝတင်ကြီး ဝါးခယ်မ ဆင်းအလာ တွင် တော်လှန်ရေးအတွက် တိတ်တိတ်စည်းရုံးကြပါသည်။ တော်လှန်ရေး အတွက် ငွေကောက်ခံတော့ ဆရာမ ဒေါ်ပိုက်မိတို့၊ မခင်ဝေတို့ ငွေထည့်ကြ ပါသည်။ စစ်ပြီးတော့ ကျွန်မ ရန်ကုန်ထွက်လာပါသည်။ မခင်နုမှလွဲ၍ ငယ် သူငယ်ချင်းတွေနှင့် တွေ့ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်လောက်က မော်လမြိုင်သွားတော့ မော်လမြိုင်မှာ စစ်ဝန်ထမ်း တပ်ရင်းမှူးဖြစ်နေသော ကိုမြမောင်ကို တွေ့ရပါသည်။

ကျွန်မကို မော်လမြိုင်အနှံ့ သူလိုက်၍ပို့ပါသည်၊ ကိုမြမောင်တို့၊ ကိုခင် မောင်စု တို့လို ကျောင်းကပွဲမှာ အတူပါဝင်ခဲ့ခြင်း မရှိပါသော်လည်း ကျွန်မ အစဉ်သတိနေသူ ကျောင်းသားတစ်ယောက်ကတော့ မောင်သောင်း ဖြစ်ပါသည်။ သူသည် ဝါးခယ်မ အနောက်ပိုင်း သံကြိုးတိုင်ရပ်ကွက်မှာ နေထိုင်သည်။

သူနှင့်ကျွန်မတို့ ဆရာကြီးဦးဘိုးထင်ကျောင်း ၇ တန်းမှာ အတူစာသင် ရပါသည်။ ၇ တန်းပြဆရာ၊ ဆရာလေး ကိုဘစိန်မှာ ဘာသာစုံကို တစ်ယောက် တည်း ပြရ၍ အသင်အပြကောင်းသည်။ ၆ တန်းနှင့် ၇ တန်း နှစ်တန်းကိုင်ရ ပါသော်လည်း အောင်ချက်ကောင်းသည်။ ၇ တန်းအစိုးရစစ်တွင် တစ်ယောက်၊

http://www.cherrythitsar.org



နှစ်ယောက်ပဲ စာမေးပွဲကျတတ်ပါသည်။ သူ မြန်မာစာသင်ပုံမှာ စိတ်ဝင်စားစရာကောင်းပါသည်။ ထိုစဉ်က ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ တစ်ခု သင်ရသည်။ ကျွန်မတို့ ၇ တန်းနှစ်မှာ ဝေဿန္တရာဇာတ်တော်ကို သင်ရသည်။ ဆရာလေးသည် ကျောင်းသားများကို လူခွဲလိုက်ကာ "သိန်းဆိုင်က သိဥ္စည်းမင်းကြီးလုပ်၊ မခင်စုက ဖုဿတီမိဖုရားလုပ်၊ မလှရင်နဲ့ မရှင်က မဒ္ဒီမိဖုရား တစ်လှည့်စီလုပ်"ဟု ဆိုပါသည်။ ကိုယ်နှင့် ဆိုင်ရာစာများကို ကိုယ့်ဟာကိုယ် အလွတ်ကျက်ကြရသည်။ ထိုအချိန်မှာ မောင်သောင်းက ဝေဿန္တရာမင်းကြီး လုပ်ချင်ပါသည်ဟု ဆိုပါသည်။ စာသင်ချိန်မှာပင် ဝေဿန္တရာဇာတ်ကို ကိုယ့်အခန်းနှင့်ကိုယ် ပါဝင်ရွတ်ဆိုရ၍ စာလည်းကြေ၊ မေ့လည်းမမေ့၊ မျက်စိထဲမှာလည်း ကွင်းကွင်းကွက်ကွက် ပေါ်လာစေပါသည်။

မောင်သောင်းသည် ကျောင်းသားထဲမှာ ခပ်ပေါတောတော ဖြစ်ပါသည်။ ကပွဲမဟုတ်ပါသော်လည်း ကိုယ့်ဆိုင်ရာအပိုင်းကို မှင်နှင့်မောင်းနှင့် ရွတ်ဆိုကြရသည်။ ဖုဿတီလုပ်သူကလည်း သိဥ္စည်းမင်းကြီးကို သားတော်ကို တိုင်းပြည်မှ မနှင်သင့်ကြောင်း ဦးသြဘာသ စကားလုံးများအတိုင်း ရွတ်ဆိုလျှောက်တင်သည်။ မဒ္ဒီဒေဝီလုပ်သူကလည်း ဟိမဝန္တာချီးမွမ်းခန်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ လျှောက်တင်ရသည်။ မောင်သောင်းက ဝေဿန္တရာလုပ်ချင်သည်ဆိုတော့ ဆရာလေးက...

"ကဲ...မလှရင်က မဒ္ဒီဒေဝီလုပ်၊ မောင်သောင်းက ဒီကုလားထိုင်မှာထိုင်၊ ဝေဿန္တရာမင်းကြီးလုပ်၊ ကဲ...ကိုယ်ဆိုရမယ့် ကိုယ်ပြောရမယ့်စကားကိုယ်ပြောနော်"

အမှန်တော့ ဝေဿန္တရာမင်းကြီးက "မြောက်သားတော် မဒ္ဒီဒေဝီ"ဟု အစချီကာ ထီးဟန်နန်းဟန်နှင့် ယဉ်ယဉ်ကျေးကျေး ပြောရမည် ဖြစ်ပါသည်။ မောင်သောင်းသည် စပ်ဖြီဖြီးနှင့် ကုလားထိုင်ပေါ်ထိုင်ကာ...

"အဘယ် မဒ္ဒီဒေဝီ၊ ငါပေးထားတဲ့ ပိုက်ဆံတွေလည်း မင်းမှာ အများကြီးရှိတယ်၊ မင်းအဖေအမေတွေ ပေးထားတာတွေလည်း အများရှိတယ်"ဟု ပြောချလိုက်ရာ ကျွန်မတို့ ကျောင်းသားများမှာ ဣန္ဒြေမဆောင်နိုင်ဘဲ တဝါးဝါးနှင့် ပွဲကျသွားပါသည်။ ဆရာလေးကတော့ "ကဲ...ဝေဿန္တရာ၊ ကြွ...ကြွ၊ သည်စကားလုံးနဲ့တော့ ဝေဿန္တရာမဖြစ်သေးဘူး"ဟု ဆိုပါသည်။

တစ်နေ့ ကျောင်းစာသင်ခန်းထဲမှာ မောင်သောင်းတစ်ယောက် အမြှုပ်

http://www.cherrythitsar.org



တစီစီနှင့် ဘာဖြစ်သည်မသိ။ တော်ကြာတော့ ကျောင်းသားတွေကို လိုက်ရိုက်၍ ထွက်ပြေးရပါသည်။ ကျွန်မတို့လည်း ဆရာမကြီးအခန်းထဲ ဝင်ပြေးရသည်။ သူ့ရောဂါမှာ ဝက်ရူးပြန်ရောဂါဟု ဆိုပါသည်။ သွားရည်ထိလျှင် ကူးစက်တတ်သည်ဆို၍ သူ့ကို ကျောင်းထုတ်လိုက်ရပါသည်။ သူ့မိဘများမှာ သူ့ကို ဂရုစိုက်ကုသကြပါသည်။

မိုးဦးကျ တစ်နေ့မှာတော့...

"မောင်သောင်းတစ်ယောက် သူတို့ အိမ်ရှေ့က ခြေချင်းဝတ်လောက်ပဲ နက်တဲ့ ရေစပ်ထဲမှာ လဲကျပြီး သေသွားတယ်"ဟူသော သတင်းကို ဝမ်းနည်းစွာ ကြားရပါသည်။

ကျွန်မ ရန်ကုန်မှာ အခြေချ နေထိုင်သည့်တိုင်အောင် ကျောင်းသားဘဝကို တွေးမိတိုင်း ဝေဿန္တရာမင်းကြီး မောင်သောင်းကို သတိရနေတတ်ပါသည်။ သူဖြစ်ချင်သော ဝေဿန္တရာမင်းအဖြစ်ကို ဆရာလေးက ပေးပါသော်လည်း သူ မဖြစ်လိုက်ရ။ သူ့ဘဝက ရေကလည်းခန်း၊ မြက်ကလည်း ကြမ်းလှပါဘိ။

ဗိုလ်မှူးကျော်သောင်းဆုံးပြီးတော့ ကျွန်မလည်း ကျန်းမာရေးကြောင့်အပြင် သိပ်မထွက်။ စာပေဆွေးနွေးပွဲတွေ ဘာတွေ စိတ်ပြေလက်ပျောက် နားထောင်ချင်သည်။

တစ်နေ့တော့ ဂျူဗလီဟောမှာ စာတမ်းဖတ်ပွဲတစ်ခု ကျင်းပ၍ ကျွန်မ သွားရောက် နားထောင်ပါသည်။ ကျွန်မအနားမှာ အသိတစ်ယောက်မှမရှိဘဲ သူစိမ်းတွေသာရှိသည်။ စာတမ်းဖတ်ပွဲကလည်း မစသေး၊ ကျွန်မက ဂျူဗလီဟော အပေါ်ထပ်ကို ငေးနေစဉ် ကျွန်မဘေးကလူများ လှုပ်လှုပ်ရွရွဖြစ်သွားသည်။ အနီးကပ် ကုလားထိုင်မှ မိန်းကလေးတစ်ယောက်က ကျွန်မကို လက်ကုတ်၍ ဝန်ကြီး ဝန်ကြီးဟု ဆိုပါသည်။ ကျွန်မကြည့်လိုက်တော့ ကျွန်မရှေ့တန်းမှာ မတ်တတ်ရပ်နေသော ကိုမြမောင်ကို မြင်ရသည်။ သူသည် ငယ်ငယ်တုန်းက နှင့်မတူ။ ပုပုဝဝကြီးဖြစ်နေသည်။

"မစု၊ နင်ကလည်း ငါ့ခေါ်တာမကြားဘူးလား"

"ဟုတ်တယ်၊ မကြားဘူး၊ အားကနည်းတော့ နားလည်း လေးနေသလိုပဲ"

"အေး...နင် နေမကောင်းဘူးလို့ ငါကြားတယ်၊ ငါလည်း မလာနိုင်ဘူး"

သူသည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်နေသည်။

ကျွန်မတို့စကားနည်းနည်းပြော၍ သူ့နေရာသို့ သူပြန်သွားပါသည်။ စာပေ

http://www.cherrythitsar.org



ဆွေးနွေးပွဲ နားထောင်ရင်း ကျွန်မစိတ်ထဲမှာကတော့ ငယ်ငယ်တုန်းက ကျောင်းကပွဲကိုပဲ ပြန်လည်မြင်ယောင်မိပါသည်။

ယခုတော့ ကျွန်မတို့ဘဝဇာတ်ခုံမှာ ဆက်လက်ကပြနေကြသည်။ အံ့ဩစရာမကောင်းဘူးလား။ ကျောင်းကပွဲဇာတ်ခုံပေါ်မှာ လက်သုံးတော်ဓားကြီးတကားကားနှင့် ကနောင်မင်းသားကြီးလုပ်ခဲ့သော ကိုခင်မောင်စုက ယခုဘဝကပွဲတွင် အောင်ဇေယျာသဘော်ပေါ်မှာ ထမင်းဆိုင်ဖွင့်နေသတဲ့။

ကန့်လန့်ကာဆွဲခဲ့သူ ကန့်လန့်ကာနောက်မှ ဗုံတီးသမားလေး ကိုမြမောင်က ဝန်ကြီးဖြစ်သတဲ့။

ကျွန်မ၏ အပျိုတော်များကော ဘယ်အဆောင်မှာ ခစားနေကြပါလိမ့်။ သမီးတော် စမ္ပာနဂိုရ်မင်းသမီး မခင်ဝေကတော့ လူဝင်မှုကြီးကြပ်ရေးဌာနမှ ပင်စင်ယူပြီ။

သို့သော် ၁၉၈၀ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာတော့ ကန့်လန့်ကာဆွဲ ကိုမြမောင်သည် ဝန်ကြီးဇာတ်ထုပ်ကို ခင်းရင်း ကွယ်လွန်အနိစ္စရောက်သွားရှာပြီ။ ဘဝလမ်းထဲမှာ ပန်းတွေလည်း ပွင့်လိုက် ကြွေလိုက်နှင့် 'ဒီလိုပဲပေါ့လေ' စိတ်ကိုဖြေပါသော်လည်း ကျွန်မတို့ ကျောင်းနေဘက်သူငယ်ချင်းများ အကယ်၍ စုဝေးမိကြလျှင်၊ ထမင်းစားပွဲ၌ ကိုမြမောင်တစ်ယောက် မပါလာခဲ့ပါလျှင် သူ့ကို စိတ်မဆိုးတော့ကြောင်း ဘယ်သူ့ကို ပြောရပါမည်နည်း။ ကျွန်မ သူငယ်ချင်းများအားလုံးကို ရေကြည်ရာ မြက်နုရာ စားကျက်လွင်ပြင်ကို တွေ့ပါစေဟု ဆုတောင်းပါသော်လည်း ဘဝဆိုသည်က တစ်ခါတစ်ရံ ရေကလည်းနောက်၊ မြက်ကလည်း ခြောက်တတ်ပါသည်။

**[စံပယ်ဖြူမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၈၇ ခုနှစ်]**

# ဘာတွေမှားခဲ့သလဲ

ပြီးခဲ့သော ဇွန်လ စာစောင်များတွင် ကျွန်မအဖို့ စိတ်လှုပ်ရှားစရာသတင်း တစ်ခု ဖတ်ခဲ့ရသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း ရောဘတ်အက်စ်မက္ကနာမရား ထုတ်ဖော်ဝန်ခံချက်သတင်းပင် ဖြစ်သည်။

"နှစ်ပေါင်း ၃၀ ကျော်က မိမိတာဝန်ယူခဲ့ရသော ဗီယက်နမ်စစ်ပွဲကာလ အတွင်းတွင် သမ္မတကနေဒီနှင့် သမ္မတဂျွန်ဆင်တို့ဟာ ဗီယက်နမ်စစ်ပွဲနှင့် ပတ်သက်၍ သူတို့ဘာတွေလုပ်နေခဲ့သည်ကို နားလည်ခြင်းမရှိခဲ့ကြဘဲ မိမိတို့ အများကြီး မှားခဲ့ကြသည်"

ဟု သူရေးသော **(In Retrospect the Tragedy and lesson of Vietnam)** စာအုပ်ထဲမှာ ဖော်ပြဝန်ခံထားကြောင်း သတင်းကို ဖတ်ရှုရပါသည်။ သူ၏ အမှားဝန်ခံချက်မှာ နောင်တစ်ခေတ် အမေရိကန်လူငယ်တို့အတွက် သင်ခန်းစာတစ်ခု ဖြစ်နိုင်သည်။

## မမှားသူမရှိကြပါ

တစ်ဖန် ဂျပန်ဝန်ကြီးချုပ် မူရာရားမားက အရှေ့တောင်အာရှနှင့် တရုတ် ကိုးရီးယားတို့အပေါ် သူတို့ကျူးလွန်ခဲ့သော အမှားများကို ထုတ်ဖော်ဝန်ခံ ပြော

http://www.cherrythitsar.org



ကြားသည်ကိုလည်း ဖတ်ရှုရသည်။

တစ်ခေတ်က ခေါင်းဆောင်တို့၏ သမိုင်းတွင်ရစ်သော အမှားများသည် နောင်လာနောက်သားတို့ ခါးစည်းခံရသော အကျိုးဆက်များကို ဖြစ်ပေါ်စေပါသည်။

မစ္စတာမက္ကနာမရားနှင့် ဂျပန်ဝန်ကြီးချုပ် မူရာရားမားတို့ မိမိတို့အမှားများကို ထုတ်ဖော်ပြောကြားဖော်ရသည်ကို ကျွန်မတို့ အထူးကျေးဇူးတင်ရပေမည်။ မမှားသူမရှိကြပါ။ ဗုဒ္ဓ၏အဆုံးအမကိုလိုက်နာသော မြန်မာတို့ကတော့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ မြန်မာအပေါ် ကျူးလွန်ခဲ့သော ရက်စက်မှုများကို မေ့ပျောက်ခွင့်လွှတ်ပြီးဖြစ်သည်။

မက္ကနာမရား ဝန်ခံချက်ကို တွေ့ရသောအခါ ကျွန်မ စိတ်လှုပ်ရှားမိသည်က ကျွန်မတို့ သမိုင်းမှာကော 'ဘာတွေမှားခဲ့သလဲ' ဟူသော အတွေးကြောင့်ဖြစ်သည်။

## တွေးမိတိုင်း

ကျွန်မရင်ထဲတွင် ယနေ့ထက်တိုင် တွေးမိတိုင်း အခဲမကျေ နာကြည်းခံခက်သော အကြောင်းတစ်ချက်ရှိခဲ့သည်။

အနောက်တိုင်းတွင် စက်မှုတော်လှန်ရေး ပြီးသည့်နောက် အနောက်နိုင်ငံသားတို့သည် ကုန်ချောထုတ်လုပ်ရန်အတွက် ကုန်ကြမ်းရှာရန်နှင့် ကုန်ချောပစ္စည်းရောင်းချဖို့ ဈေးကွက်ရှာကြရင်းမှ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်တို့သည် အပြိုင်နယ်ချဲ့၍ ကိုလိုနီများကိုထူထောင်ကြကာ အရှေ့တောင်အာရှနိုင်ငံများနှင့် ထိတွေ့လာကြသည်။

နယ်ချဲ့သမားများတွင် အင်အားအကြီးဆုံးပြိုင်ဘက်ဖြစ်သည့် အင်္ဂလိပ်နှင့် ပြင်သစ်တို့ကို မြန်မာနှင့်ယိုးဒယားတို့ ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြရသည်။ ထိုကဲ့သို့ တွေ့ခဲ့ကြခြင်းအတူတူ ယိုးဒယားတို့က လွတ်လပ်ရေးမဆုံးရှုံးဘဲ ကျွန်မတို့ မြန်မာများ ဘာကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ပါသလဲ ဆိုသည်ကို ရင်ထဲမှာ တွေးရင်း တနုံ့နုံ့ဖြစ်ရပါသည်။ တရားနှင့်ဖြေသော်လည်း မပြေဟု ဆိုရပါမည်။

အလောင်းဘုရား ဦးအောင်ဇေယျ ထူထောင်ခဲ့သော ကုန်းဘောင်ဆက်ဘုရင်များလည်း မရှိကြပြီ။ ကာယကံရှင်များမရှိတော့ပြီဖြစ်၍ ထိုခေတ် ထိုအချိန်ကို သိမီသူတို့ ရေးမှတ်ထားသော မှတ်တမ်းမှတ်ရာတို့မှလွဲ၍ ကျွန်မတို့ မသိ

http://www.cherrythitsar.org



ရှိနိုင်ပါ။ လွတ်လပ်ရေးဆုံးရှုံးရခြင်းသည် ကုန်းဘောင်ခေတ် တစ်ခေတ်တည်းနှင့်သာ ဆိုင်သည်မဟုတ်၍ ခေတ်အဆက်ဆက်ကို ပြန်လည်လေ့လာရပေမည်။

မြန်မာ့သမိုင်းပညာရှင်များရော နိုင်ငံခြားသား သမိုင်းပညာရှင်များပါ မြန်မာတို့ အနောက်နိုင်ငံသားများနှင့် ထိတွေ့ကြပုံ၊ အထူးသဖြင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့ မြန်မာ့မြေပေါ်တွင် ခြေပြိုင်ကြပုံကို အတော်စုံစုံလင်လင် ရေးသားဖော်ပြခဲ့ကြသည်။ ထိုရေးသားချက်များကို နိုင်သရွေ့တော့ ကျွန်မ ဖတ်ရှုပြီးပါပြီ၊ မဖတ်ရသေးသည်များလည်း ကျန်ပါသေးသည်။

သမိုင်းပညာရှင်တချို့နှင့်လည်း တွေ့ဆုံဆွေးနွေးဆဲဖြစ်ပါသည်။ တစ်ဖက်မှလည်း ယိုးဒယားတို့၏သမိုင်းကို ဖတ်ရှုလေ့လာလျက်ရှိပါသည်။ ယိုးဒယားနှင့်မြန်မာကို နှိုင်းယှဉ်လေ့လာတိုင်း ပထဝီဝင်အနေအထားကိုလည်း လေ့လာပါသည်။ အရင်းရှင်နယ်ချဲ့သမားတို့ မျက်စိကျသော သယံဇာတရင်းမြစ် ကြွယ်ဝမှု၊ တိုင်းရင်းသားလူမျိုးစု မြို့တော်တည်နေရာ ရွေးချယ်ခြင်း၊ ဘုရင် တို့စိတ်ဓာတ်ပုံပြင်ပြောင်းလဲရေး၊ နိုင်ငံခြားနှင့်ဆက်ဆံရေး ဖတ်ရင်း ရှာရင်း တဖြည်းဖြည်းကျယ်ပြန့်လာပါသည်။

## စဉ်းစားစရာ

ကျွန်မ တက္ကသိုလ် ဝိဇ္ဇာတန်းတွင် ပညာသင်ယူခဲ့စဉ်က အရှေ့တိုင်းသမိုင်းနှင့် အနောက်တိုင်းခေတ်သစ် သမိုင်းဘာသာရပ်နှစ်ခုကို ယူခဲ့ပါသည်။ သမိုင်းကို ကျွန်မ အလွန်စိတ်ဝင်စားပါသည်။ ထိုစဉ်က ဆရာများ သင်ကြားပို့ချချက်တို့တွင် ကျွန်မ တစ်ခုသတိထားမိပါသည်။

“သမိုင်းဆိုင်ရာ အဖြစ်အပျက်တိုင်းမှာ **(Remote cause** နှင့် **Immediate cause)**လတ်တလောအဖြစ်အပျက်နှင့် အတိတ်ကဖြစ်ခဲ့သော အကြောင်းရင်းခံများကို လေ့လာမှ အမှန်ကိုတွေ့ရှိရမည်” ဟူသောအချက်ဖြစ်သည်။

မြန်မာတို့ သူ့ကျွန်ဖြစ်ခဲ့ရသော အင်္ဂလိပ်မြန်မာစစ်ပွဲ သုံးပွဲအကြောင်းကို မြန်မာသမိုင်းပညာရှင်များ တော်တော်ပင် စုံစုံလင်လင် ရေးသားထားသည်ကို တွေ့ရသည်။ အနောက်တိုင်းပညာရှင်များကလည်း ရေးသားခဲ့ကြသည်ပင်။

သို့သော် ထိုစစ်ပွဲများသည် လွတ်လပ်ရေးဆုံးရှုံးရသော လတ်တလော အကြောင်းအရာများသာဖြစ်ပြီး ထိုစစ်ပွဲများဖြစ်ပွားလာအောင် မည်သို့သော အကြောင်းအရာများက အခြေခံခဲ့ပါသလဲဟု စဉ်းစားစရာဖြစ်၍လာခဲ့ပါသည်။

http://www.cherrythitsar.org



## မဟာဗန္ဓုလ၏ သေနင်္ဂဗျူဟာ

အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ်တို့သည် အမြဲတမ်းစစ်တပ်၊ ရေတပ်၊ ခေတ်မီလက်နက်များ ရှိပြီးဖြစ်သည်။

ဘကြီးတော်ဘုရားနေရာတွင် အကယ်၍ မင်းတုန်းဘုရင်ကြီးသာဆိုလျှင် စစ်သေနင်္ဂဗျူဟာသည် တစ်မျိုးပြောင်းကောင်း ပြောင်းမည်။ မင်းတုန်းမင်းကြီးက မြန်မာ့ကာကွယ်ရေးကို ပြင်သစ်နှင့်တိုင်ပင်ချိန်တွင် "အင်္ဂလိပ်ကို အနိုင်တိုက်ချင်ပါက ပြောက်ကျားစစ်ကို သုံးရမည်" ဟု အကြံပေးခဲ့ဖူးပေသည်။ (ယခုခေတ်မှာ ဗီယက်နမ်တို့ ဒိန်ဗင်ဖူးခံတပ်မှ အောင်ပွဲခံခဲ့ကြသည်မှာ ပြောက်ကျားစနစ်ပင်ဖြစ်သည်) အင်္ဂလိပ်–မြန်မာ စစ်ပွဲများတွင် မြန်မာတို့က ဇာတိမာန်နှင့် သတ္တိက ဆိုဖွယ်ရာမရှိပါ။ အင်္ဂလိပ်–မြန်မာ ပထမစစ်တွင် စစ်သူကြီး မဟာဗန္ဓုလ၏ သေနင်္ဂဗျူဟာမှာ ယနေ့တိုင် လေ့လာဆန်းစစ်ရအောင်ကို ခေတ်မီပါသည်။

သို့သော် အင်္ဂလိပ်တို့တွင် အဝေးပစ်အမြောက်လက်နက်များနှင့် ရေတပ်ရှိနေပြီဖြစ်၍ လက်နက်ခြင်းမှာမယှဉ်သာပါ။ မြန်မာတို့မှာ ဓားနှင့်လှေ၊ သတ္တိပဲရှိလေသည်။

ထိုစစ်ပွဲသုံးခုကတော့ ကျွန်မတို့ သင်ခန်းစာတစ်ခုရသည်။ ခေတ်မီလက်နက်ဆန်းများ ပေါ်ထွက်လာချိန်မှာ ဇာတိမာန်နှင့် သတ္တိရှိရုံဖြင့် စစ်ပွဲကိုနိုင်နိုင်မည် မဟုတ်ဟူသော သင်ခန်းစာပင်ဖြစ်ပါသည်။

## ယိုးဒယားဘုရင်၏ နည်းပရိယာယ်

အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲစချိန် ၁၈၂၄ တွင် ယိုးဒယားမှာ ရာမဘုရင် (၃) အုပ်စိုးနေချိန်ဖြစ်သည်။ မြန်မာတို့နှင့် အင်္ဂလိပ် ပထမစစ် စတင်ဖြစ်ပွားသည်ကို ယိုးဒယားဘုရင် သိရှိသည်။ ထို့ကြောင့် အင်္ဂလိပ်တို့၏ ယိုးဒယားအားတိုက်ခိုက်လာမည်ကို ရာမဘုရင်သည် ကာကွယ်ရေးအတွက် အမိန့်ပြန်တမ်းထုတ်သည်။ မြို့တော်တွင်ရှိသော ပန်းပဲသမားများကိုဆင့်ခေါ်၍ ကြီးမားခိုင်ခံ့သော သံကွင်းကြီးများ ပြုလုပ်၍ ကျောက်ဖုရားမြစ်ဝမှာ ကန့်လန့်ဖြတ်ချထားရမည်။ အင်္ဂလိပ်ရေတပ် ချီတက်လာလျှင် ကျောက်ဖုရားမြစ်ဝကို ဆန်မတက်နိုင်အောင်ဖြစ်သည်။

ထိုအဖြစ်ကိုကြည့်လျှင် ထိုစဉ်က ယိုးဒယားတို့တွင်လည်း အင်္ဂလိပ်တို့ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်အောင် ခေတ်မီလက်နက်များမရှိသေးသည်ကို သိသာသည်။

မြန်မာနိုင်ငံမှာလည်း တတိယစစ်ပွဲတွင် အင်္ဂလိပ်တို့ ဧရာဝတီမြစ်ကို ဆန်တက်လာလျှင် တားဆီးဖို့ ကြီးမားသောသစ်လုံးချွန်များကိုတင်၍ မြစ်ပြင်တွင် လှေများမြှုပ်ထားရန် အစီအစဉ်ရှိခဲ့ဖူးသည်။

လက်နက်ချင်းသာယှဉ်တိုက်လျှင် အင်္ဂလိပ်တို့ကို ယိုးဒယားလည်း အရှုံးပေးရမည်သာဖြစ်သည်။

## ချူလာလောင်ကွန်နှင့် ဘကြီးတော်

သမိုင်းပညာရှင် အမျိုးသမီးကြီးတစ်ဦးက ကျွန်မကို ပြောဖူးသည်။

"မစုရယ်၊ ကျွန်မတို့မြန်မာမှာ လွတ်လပ်ရေးဆုံးရှုံးရတယ်၊ ယိုးဒယားမှာလည်း လွတ်လပ်ရေးသာမဆုံးရှုံးတယ်၊ ပြည်နယ်အတော်များများ အင်္ဂလိပ်နှင့် ပြင်သစ်ကို ပေးလိုက်ရပါတယ်"ဟု ဆိုသည်။ မှန်ပါသည်။

ယိုးဒယားဘုရင် ချူလာလောင်ကွန် (၁၈၆၈–၁၉၁၀) လက်ထက်တွင် ပြင်သစ်နှင့် အင်္ဂလိပ်တို့အား ယိုးဒယားတို့ အာဏာသက်ရောက်ရာ နယ်မြေထဲမှ တစ်ဝက်နီးနီးလောက် ပေးအပ်လိုက်ရသည်။ လောနိုင်ငံနှင့်ပတ်သက်၍ ပြင်သစ်နှင့် ဖြစ်ပွားသော ပြဿနာတွင် ပြင်သစ်တို့က ကျောက်ဖုရားမြစ်ဝတွင် လက်နက်တင် သင်္ဘောများချပြီး အရေးဆို၍ နောက်ဆုံး ၁၈၉၃ အောက်တိုဘာလမှာ ပြင်သစ်တို့ တောင်းဆိုသမျှ စာချုပ် ချုပ်ဆိုကာ နယ်မြေများ ပေးအပ်လိုက်ရသည်။

ချူလာလောင်ကွန်ဘုရင်ကြီးသည် ထိုစာချုပ် ချုပ်ဆိုပြီး စိတ်လက်မအီမသာ ကျန်းမာရေးပါထိခိုက်ခဲ့ရသည်။ လပေါင်းအတန်ကြာ မိမိတာဝန်များမှ အနားယူခဲ့ရသည်အထိ စိတ်ထိခိုက်ခဲ့ရသည်။

အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲတွင် တနင်္သာရီနှင့် ရခိုင်တို့ကို အင်္ဂလိပ်တို့အား ပေးအပ်ပြီးနောက် ဘကြီးတော်ဘုရားလည်း စိတ်ဝေဒနာကို ခံစားရသည်နှင့် အလားတူပင်ဖြစ်သည်။

ကျွန်မရင်ထဲမှာ တွေးမိပြန်သည်။ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲကို ရှောင်လွှဲနိုင်အောင် လုပ်လျှင်ကော မရနိုင်ဘူးလား။

## နန်းမွေဆက်ခံခွင့်

ထိုအချိန်တွင် မြန်မာ့နန်းတွင်းရေး၊ မြန်မာဘုရင်တို့ ခံယူချက်နှင့် ထိုစဉ်က ဘုရင့်အတိုင်ပင်ခံ မှူးမတ်သေနာပတိကြီးတို့၏ နိုင်ငံခြားရေးဝါဒ သို့မဟုတ်

http://www.cherrythitsar.org



နိုင်ငံခြားဆက်ဆံရေးသည် ကျွန်ုမ ပြန်လေ့လာလိုသော အချက်အလက်များ ဖြစ်လာပါသည်။

တချို့ပညာရှင်တို့အဆိုက ယိုးဒယားသည် သူတို့တိုင်းပြည်ကို **(Buffer State)**ကြားခံနယ်မြေအဖြစ် စစ်မပြုအောင် ပြုလုပ်နိုင်ခဲ့သည်။ ထိုအချက်သည် အရေးအကြီးဆုံးအချက်ဟုဆိုသည်။ ထိုလုပ်ဆောင်ချက်ကြောင့် အင်္ဂလိပ်နှင့် ပြင်သစ် ခြေပြိုင်မှုမှ လွတ်မြောက်ခဲ့ရသည်။

မြန်မာကရော ထိုစဉ်က **(Buffer State)**ဖြစ်အောင် ကြိုးစားခဲ့ပါသလား။ ကြိုးပမ်းသင့်သလောက် ကြိုးပမ်းခဲ့သော်လည်း ပြည်ထောင်အချင်းချင်း ဆက်သွယ်ရေးမှာ မြန်မာတို့ ဘာကြောင့် နှောင့်နှေးခဲ့သလဲ။ ဒီအကြောင်းရင်းကိုလည်း ရှာရပါမည်။

တချို့ လွယ်လွယ်ပြောသူတို့ကတော့ မြန်မာဘုရင်မှာ မိဖုရားများသောကြောင့် သားများပြီး ထီးမွေဆက်ခံခွင့်ဥပဒေ အတိအကျမရှိ၍ဟုဆိုသည်။

ယိုးဒယားမှာလည်း ထိုစဉ်က ထီးမွေဆက်ခံခွင့်ဥပဒေ အတိအကျမရှိပါ။ ယိုးဒယား ရှေးဘုရင်များလည်း မိဖုရားများကြပါသည်။ ထီးမွေဆက်ခံခွင့် အရှုတ်အရှင်းများရှိပါသည်။ မင်းတုန်းမင်းကြီးနှင့် နန်းပြိုင် ယိုးဒယားဘုရင်မှာ ရာမဘုရင် (၂) ၏သား မောင်းဂွတ်ဘုရင်ကြီးဖြစ်သည်။ ရာမဘုရင် (၂) နတ်ရွာစံခါနီးတွင် ထီးမွေဆက်ခံရေးပြဿနာများကြောင့် မောင်းဂွတ်မင်းသားအား ထိခိုက်လာမည် စိုးသည်။ ထိုဘေးရန်မှ ကာကွယ်ရန် ခမည်းတော် ရာမ (၂) ဘုရင်ကြီးသည် သားတော်ကို ပဉ္စင်းခံပေး၍ ဘုန်းကြီးဝတ်နေစေသည်။ မိဖုရားများ၍ နန်းမွေဆက်ခံခွင့် အရှုပ်အရှင်း ဖြစ်တတ်သည်မှာလည်း မြန်မာနှင့် ယိုးဒယား အတူတူပင်။

## ရာမဘုရင် (၃) ၏ မှာတမ်း

တချို့ကလည်း **(Xenophobia)**ခေါ် နိုင်ငံခြားသားကို ရွံရှာမုန်းတီးစိတ် မြန်မာဘုရင်တွေက များသည်ဟု ဆိုသည်။ ယိုးဒယားဘုရင် ဖရာနရဲ လက်ထက်တွင် ယိုးဒယားလူမျိုးတို့သည် နိုင်ငံခြားသားမုန်းတီးစိတ်ဖြင့် နန်းတော်တွင်းမှာ တွင်ကျယ်နေသော ဂရိလူမျိုး ဖော်လကွန်ကိုသတ်ဖြတ်၍ မြိတ်တွင်လည်း အင်္ဂလိပ်လူမျိုး အများအပြားကို အစုလိုက်အပြုံလိုက် သတ်ပစ်ခဲ့ဖူးသည်။ ယိုးဒယားတို့လည်း နိုင်ငံခြားသားတို့ စွက်ဖက်မှုကို မလိုလားကြပါ။ မြန်မာတို့

http://www.cherrythitsar.org



သည် အင်္ဂလိပ်တို့ကို မလိုလားသော်လည်း စစ်မဖြစ်ပွားဘဲ အင်္ဂလိပ်လူမျိုးများကို အစုလိုက် အပြုံလိုက် မသတ်ဖူးပါ။

ရာမဘုရင်(၃) ဆိုလျှင် သူ၏သလွန်တော်ပေါ်တွင် နောက်ဆုံး နတ်ရွာစံခါနီးဆဲဆဲ အချိန်မှာပင် အနောက်နိုင်ငံသားတို့အပေါ် သူထားရှိသောသဘောထားကို မင်းသားကြီး စူရီရဝေါင်အား အောက်ပါအတိုင်း ပြောကြားခဲ့ပေသည်။

**"There will be no more wars with Vietnan and Burma. We will have them only with the West. Take care, do not lose any opportunities to them. Anything that they propose should be held up to close scrutiny before acepting it. Do not blindly trust them."**

"ကျွန်ုပ်တို့သည် မြန်မာ–ဗီယက်နမ်တို့နှင့် နောက်ထပ် စစ်ဖြစ်ပွားစရာအကြောင်းမရှိတော့ပါ။ အနောက်တိုင်းသားတို့နှင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။

သတိပြုပါ။ မည်သည့်အခွင့်အရေးမှ မဆုံးရှုံးပါစေနှင့်။ သူတို့တင်ပြတောင်းဆိုသော အရာများကို လက်မခံမီ သေချာစေ့ငုစွာ စဉ်းစားသင့်ပါသည်။ သူတို့အပေါ် မယုံလွယ်ပါနှင့်"

ထိုစကားကို ထောက်ရှုလျှင် ယိုးဒယားဘုရင်တို့သည်လည်း အနောက်နိုင်ငံသားတို့အပေါ် ယုံကြည်စိတ်နည်းပါးခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။

## နာကြည်းခံခက်စရာ

တချို့သောပညာရှင်များကလည်း ဆိုပြန်သည်။ မြန်မာဘုရင်တို့သည် အနောက်တိုင်းသားတို့နှင့် ဆက်ဆံရေးမှာ မာန်မလျှော့။ ခမ်းနားကြီးကျယ်လွန်းသည်။ မြန်မာဝန်ကြီးများ ဘုရင့်ထံ ခစားလျှင် ဖောင်းတော်ချွတ်ရန်မလို။ အင်္ဂလိပ် သံတမန်များကိုဦးထုပ်ချွတ်ခိုင်းသည်။ ဖိနပ်ချွတ်ခိုင်းသည်ဟု ဆိုသည်။

ဆိုစရာလည်းဖြစ်ခဲ့သည်။

ရာမမင်းဆက်(၄) မောင်းကွတ် (၁၈၅၁–၁၈၆၈)ဘုရင်ကြီးလက်ထက် ဟောင်ကောင်ဘုရင်ခံချုပ် ဆာဂျွန်ဘိုးရင်းခေါင်းဆောင်သောသံအဖွဲ့ကို လက်ခံတွေ့ဆုံရာ၌ ဘုရင်ကြီးကိုယ်တိုင် မိမိအတွင်းဆောင်တော်အတွင်းမှာ သူ့လက်နှင့် ဆေးလိပ်တည်၊ အရက်များတိုက်သည်ဟု မှတ်တမ်းများတွင် ဖတ်ရှုရသည်။

မောင်းကွတ်ဘုရင်ကြီးနှင့် ထီးပြိုင်နန်းပြိုင် မြန်မာဘုရင် မင်းတုန်းမင်းကြီးသည်လည်း နိုင်ငံခြားသားများနှင့် တွေ့ဆုံဆက်ဆံရသည်။ နိုင်ငံခြားသားများနှင့် တွေ့ဆုံဆက်ဆံရေးသည် နိုင်ငံတော်အတွက် အလွန်အရေးပါသောကိစ္စတစ်ရပ်

http://www.cherrythitsar.org



ဖြစ်သည်ကို မင်းတုန်းမင်းကြီး သဘောပေါက်နားလည်ခဲ့သည်။ ၁၈၅၅၊ ၁၈၆၂၊ ၁၈၆၆၊ ၁၈၆၇ သံအဖွဲ့များရောက်လာသည်ကို လက်ခံတွေ့ဆုံ၍ ကောင်းမွန်စွာ ဆက်ဆံဧည့်ခံပါသည်။ သို့သော် မောင်းဂွတ်ဘုရင်ကြီးလိုတော့ ကိုယ်တော်တိုင် ဆေးလိပ်မတည်၊ အရက်မတိုက်ပါ။

တစ်ခုကလည်း ကျွန်မထင်သည်။ မောင်းဂွတ်ဘုရင်ကြီးထံလာသော ဆာဂျွန်ဘိုးရင်းတို့ သံအဖွဲ့သည် ဗြိတိသျှနိုင်ငံခြားရေးရုံး၏ ကိုယ်စားလှယ် အဖြစ် လာရောက်ခြင်းဖြစ်သည်။ မင်းတုန်းဘုရင်ထံလာရောက်သော သံအဖွဲ့များ ဖြစ်သည့် ၁၈၅၅ ဖယ်ရာခေါင်းဆောင်သော အဖွဲ့မှသည် ၁၈၆၇ ဖိုက်ချ် ခေါင်း ဆောင်သောအဖွဲ့အထိ သံအဖွဲ့များသည် အိန္ဒိယဘုရင်ခံ၏ ကိုယ်စားလှယ်များ သာဖြစ်သည်။ မြန်မာဘုရင်သည် အင်္ဂလိပ်ဘုရင်မနှင့်သာ တန်းတူရည်တူ ဆက်ဆံလိုသည်။ အိန္ဒိယရှိ အင်္ဂလိပ်နှင့် ရန်ကုန် အင်္ဂလိပ်တို့၏ ညစ်ပတ်မှု ကြားမှ တိုးထွက်၍ ကင်းဝန်မင်းကြီး၏ သံအဖွဲ့ကိုစေလွှတ်ကာ အင်္ဂလန်နှင့် တိုက်ရိုက်ဆက်ဆံခွင့်ရအောင် ကြိုးစားခဲ့သည်။ ထိုသံအဖွဲ့ကို အိန္ဒိယနှင့် ရန်ကုန် အင်္ဂလိပ်တို့က အမျိုးမျိုးအနှောင့်အယှက်ပေးခဲ့ကြသည်။ အင်္ဂလန်ကို ရောက် သည့်အခါတွင်တောင်မှ လန်ဒန်အိန္ဒိယရုံးက ရန်ကုန်အင်္ဂလိပ်နှင့် အိန္ဒိယအင်္ဂလိပ် တို့က အကြံပေးချက်ကိုသာလိုက်နာသည်။ အရေးပိုင်ဟောင်း ဖယ်ရာနှင့် တိုင်ပင် ပြီးမှ မြန်မာကိုဆက်ဆံသည်ဆိုတော့ မြန်မာတို့ဘက်ကလည်း နာကြည်းခံခက် စရာ ကောင်းလှသည်။

တစ်ခုကလည်း မြန်မာသံအဖွဲ့ကို ၁၈၅၄ ခုနှစ်က အိန္ဒိယသို့စေလွှတ်ကာ "ဖြစ်ခဲ့သမျှ ပြည်ဖုံးကားချ၍ မဟာမိတ်စစ်စစ်အနေနှင့် ဆက်ဆံရေးအသစ် စလိုကြောင်း၊ ဖြစ်နိုင်လျှင် လျှော်ကြေးယူ၍ အောက်မြန်မာနိုင်ငံက အင်္ဂလိပ်တို့ ထွက်ပေးပါရန်" မြန်မာဘုရင် မင်းတုန်းမင်းကြီးက တောင်းဆိုခဲ့သည်။

အိန္ဒိယဘုရင်ခံ ဒါလဟိုဇီက "နေမင်းထွန်းပနေသမျှ ဒီနယ်တွေ အဝမင်း လက်ကို ပြန်ပေးလိမ့်မည်မဟုတ်"ဟု မောက်မာစော်ကားစွာ ပြန်ကြားခဲ့သည်။ ထိုစကားကို သံတို့ ပြန်လည်လျှောက်ထားချိန်တွင် မင်းတုန်းဘုရင်ကြီးသည် တစ်စုံတစ်ရာ ပြန်မပြောခဲ့ဟု မှတ်တမ်းများတွင် တွေ့ရပါသည်။ ကျွန်မ ထင် ပါသည်။ ဘာမှပြန်မပြောသော်မှ ဘုရင်တစ်ပါး၏ ဇာတိမာန်ကို အစော်ကား ခံရလေခြင်းဟု ရင်ထဲမှာတော့ နာကြည်းမည်ဖြစ်ပါသည်။

http://www.cherrythitsar.org



## ဒေါက်တာသန်းထွန်းအဆို

နောက်ဆုံး ဖိုက်ချ်တို့ သံအဖွဲ့နှင့် စာချုပ်ပြီးညှိခံရာတွင် မြန်မာဝန်ရှင်တော်မင်းကြီးများက ဘီယာ၊ ရှယ်ရီ အရက်ပုလင်းတို့နှင့် ဧည့်ခံရာ အင်္ဂလိပ်တို့က ဘုရင်နှင့် တစ်ဆင့်တက်၍ ရင်းနှီးစွာတွေ့ဆုံရလိမ့်မည်ဟု မျှော်လင့်သည်။

သို့သော် နောက်ပိုင်း၌ မင်းတုန်းမင်းကြီးသည် အင်္ဂလိပ်သံများ အခစားဝင်ရာတွင် ဖိနပ်မချွတ်လိုဟူသော စကားကြောင့် ၁၈၇၅ ခုနှစ်မှစ၍ အင်္ဂလိပ်များနှင့် လုံးဝအတွေ့မခံတော့ပေ။

ကျွန်ဖြစ်ရခြင်းအကြောင်းတွင် ထိုကိစ္စများ ထည့်သွင်းစဉ်းစားစရာတော့ ကောင်းပါသည်။ 'ဖိနပ်ပြဿနာ' နောက်ပိုင်းမှာ တစ်စုံတစ်ခုတော့ ရှိရမည်။ ကင်းဝန်မင်းကြီးကို လန်ဒန်သို့စေလွှတ်ပြီး ပြန်အလာ အနောက်နိုင်ငံမင်းတို့ သံတို့အား ဆက်ဆံပုံကို သိရှိပြီးသော မင်းတုန်းဘုရင်ကြီးအဖို့ 'ဖိနပ်ပြဿနာ' ရှေ့တန်းကို တမင်တင်လေသလားဟု စဉ်းစားစရာပင်။

အင်္ဂလိပ်တို့သည် ယိုးဒယားဘုရင်တို့နှင့်တွေ့တွေ့၊ မြန်မာဘုရင်နှင့်ပဲ တွေ့တွေ့ သူတို့တင်ပြတောင်းဆိုချက်များမှာ ကုန်သွယ်ရေးလွတ်လပ်ခွင့်၊ သူတို့လူမျိုးများ အခြေစိုက်ခွင့်၊ အကောက်အခွန်ကိစ္စတို့နှင့်တကွ တရားဉပဒေဆုံးဖြတ်ခွင့် စသည်များကိုပါ တစ်ရစ်ပြီးတစ်ရစ်တင်ကာ တောင်းဆိုကြသည်။

ယိုးဒယားဘုရင်ကြီး မောင်းကွတ်နှင့် ဆာဂျွန်ဘိုးရင်း ချုပ်ဆိုသော စာချုပ်မှာလည်းကောင်း၊ မင်းတုန်းမင်းလက်ထက် ဖိုက်ချ်နှင့်ချုပ်ဆိုသော စာချုပ်မှာလည်းကောင်း **(Extrateritorial Right)** ခေါ်သည့် နယ်လွန်တရားဆုံးဖြတ်ခွင့် အချက်တစ်ချက် ပါခဲ့သည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက "သူများနိုင်ငံ နယ်မြေမှာ သူတို့ဉပဒေကိုလာပြီးကျင့်သုံးတဲ့ နယ်လွန်တရားဆုံးဖြတ်ခွင့်ကို တောင်းဆိုခဲ့ကြတာမှာ မြန်မာသာမဟုတ်ဘူး၊ တရုတ်ရော၊ ဂျပန်ပါ ၁၉ ရာစု ဉရောပသားများ ဒီလိုစော်ကားတာကို ခံခဲ့ရတယ်"ဟု ရေးသားခဲ့သည်။

ဆရာပြောသလို အစော်ကားခံခဲ့ရပေါင်း များတော့လည်း မင်းတုန်းဘုရင်ကြီးသည် နာကြည်းဟန်တူပါသည်။

မည်သို့ပင်ဆိုစေ ၁၈၂၄–၁၈၅၂ ခုနှစ်များတွင် အင်္ဂလိပ်တို့နှင့် နှစ်ကြိမ်စစ်ဖြစ်ပွား၍ မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့အား ပေးအပ်ရသည်။ အသက်ရှူပေါက်ကို ဆို့ပိတ်ခံထားရသော မင်းတုန်းဘုရင်ကြီးအဖို့ အတတ်နိုင်ဆုံး နိုင်ငံခြားဆက်ဆံရေးကို ကြိုးပမ်းသော်လည်း အောင်မြင်သင့်သလောက်

http://www.cherrythitsar.org



မအောင်မြင်ခဲ့ပါ။

"မင်းတုန်းဘုရင်ကြီးသာ အချိန်စောစွာ နန်းတက်ခွင့်ရခဲ့လျှင် မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်တို့သိမ်းနိုင်လိမ့်မည်မဟုတ်"ဟု သမိုင်းပညာရှင် ဒီဗီဆင်းဂါးက ဆိုခဲ့သည်။

## ကျွန်မ မသေခင်တော့

မည်သို့ပင်ဆိုဆို ၁၈၈၅၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်မှာ မြန်မာတို့ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်။ ယိုးဒယားနှင့် မြန်မာ့သမိုင်းကိုလေ့လာရင်း စာအုပ်ပုံကြီးများသည် ကျွန်မစားပွဲတွင် ပြည့်၍ ပြည့်၍ လာခဲ့သည်။

အစတစ်စဆွဲလိုက်လျှင် မပြီးပြတ်နိုင်အောင် အကြောင်းအရာတွေ တစ်ပြုံကြီး ပါလာသည်။ နယ်ချဲ့သမားကလည်း နယ်ချဲ့သမားပီပီ အစွမ်းကုန် ပရိယာယ်ကို သုံးမည်။ အင်အားကိုလည်းသုံးမည်။ ကောက်ကျစ်စဉ်းလဲမှုကိုလည်း လုပ်မည်ဖြစ်သည်။ ဝံပုလွေနှင့် သိုးငယ်လို "နင်မဟုတ် နင့်အဘိုး" ဖြစ်ရမည်ဆိုသောအကြောင်းအမျိုးမျိုးပြ၍ ဝါးမျိုမည်သာဖြစ်သည်။

သူတို့ဘက်က မောက်မာကောက်ကျစ်မှုတွေကို တွေ့အောင်ရှာသလို ကျွန်မတို့ မြန်မာဘက်က အမှားတွေကိုလည်း တွေ့အောင်ရှာရမည်ဖြစ်သည်။ ကိုယ့်ဘုရင်များကို အပြစ်တင်လို၍မဟုတ်၊ စာရေးဆရာဆိုသည် အုပ်ချုပ်သူ လူတန်းစားနှင့် အုပ်ချုပ်ခံလူတန်းစားတို့အလယ်မှာ မဏ္ဍိုင်သဖွယ်ရပ်တည်၍ ဝေဖန်ထောက်ပြရမည်သာဖြစ်သည်။ သမိုင်းဆရာတို့မှာလည်း ဇာတိမာန်ထိန်းချုပ်၍ အမှားအမှန်ဘက်မလိုက်ဘဲ သမိုင်းကိုထုတ်ဖော်ရမည်ဖြစ်သည်။ သို့မှသာ နောင်တစ်ခေတ် လူငယ်တို့အတွက် သင်ခန်းစာပေးနိုင်မည်ဖြစ်သည်။

## ကံကြမ္မာဟု ဆိုရမည်လား

မြန်မာတို့သည် သွေးနှင့် ချွေးနှင့် အသက်ကိုရင်းနှီးကာ လွတ်လပ်ရေးကို အရယူခဲ့ခြင်းဖြင့် ၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်ပါသည်။

လွတ်လပ်ရေးရပြီးစ လွတ်လပ်ရေး၏အရသာကိုမှ မခံစားရခင် သောင်းကျန်းမှုတွေနှင့် ၁၀ နှစ် ၁၀ မိုးလုံးလုံး သွေးချောင်းစီးခဲ့ရသည်။ တစ်ဖန် ကံကြမ္မာဟု ဆိုရမည်လားမသိ။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း

http://www.cherrythitsar.org



အမှူးရှိသော ခေါင်းဆောင်ကြီးများ သွေးအိုင်ထဲမှာ ကျဆုံးရသည်။

ကျွန်မတို့၏လွတ်လပ်ရေးသည် သွေးသံရဲရဲနှင့် စခဲ့သည်ဆိုလျှင် မမှားပါ။ ဗေဒင်ယုံသူတို့က ဇန်နဝါရီလ ၄ ရက်နေ့ မနက် မိနစ် ၂၀ ကို လွတ်လပ်ရေး ကြေညာဖို့ အခါတော်ရွေးသည်ကိုက မှားသည်ဟု ဆိုသည်။

ဘယ်သို့ပင်ဆိုစေ လွတ်လပ်ရေးရပြီး ၁၀ နှစ်လုံးလုံး တိုင်းပြည်ထူထောင်ရေးအတွက် ဘာမှမလုပ်ရဘဲ အချိန်တွေကုန်ခဲ့ရ၊ လူတွေသေရ၊ အိုးအိမ်များ ပျက်စီးခဲ့ရသော ဤပြည်တွင်းသောင်းကျန်းမှုကြီးသည် လွတ်လပ်ရေးရပြီး မြန်မာတို့ ခံစားရသော မဟာအမှားကြီးတစ်ခုဖြစ်သောကြောင့် 'ဘာတွေမှားခဲ့သလဲ' ဆောင်းပါးကို ကျွန်မရေးလိုခြင်းဖြစ်သည်။ ထိုအမှားကို ယခုထက်တိုင် ကျွန်မတို့ ခါးစည်းခံနေရသည်မှာ မငြင်းနိုင်ပေ။ ပြီးခဲ့တာတွေ ပြီးခဲ့ပါပြီ။ နောက်ကြောင်း ပြန်မလှန်ပါနှင့်ဟု ဆိုကောင်းဆိုကြမည် ဖြစ်သော်လည်း ဤအမှားသည် သမိုင်းတွင်ရစ်သောအမှားဖြစ်၍ အကြောင်းရင်းကို ရှာသင့်ပါသည်။

**[မိုးဂျာနယ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ ၁၉၉၅ ခုနှစ်]**

# ရွှေထုပ်သည့် မြပဝါ

"ဆရာကောင်းတို့၏ စာသင်ခန်းများသည် ဆရာ၏ သင်ကြားပို့ချသံမှ ငြိမ်ဆိတ်နေ၏။ ကျောင်းသူကျောင်းသားများ၏အာရုံကို မပျံ့လွင့်အောင် ထိန်းသိမ်းထားတတ်ကြ၏။

ကလေးတို့၏အာရုံကို ထိန်းသိမ်းရာတွင် စာသင်ခန်းဖွဲ့စည်းမှု စနစ်ကျရန်လည်း အရေးကြီးသည်။ ဖြစ်နိုင်လျှင် စာသင်ခန်း တစ်ခုနှင့်တစ်ခု အသံချင်း မကူးစက်ရန် လိုအပ်သည်"

အထက်ပါစာပိုဒ်များမှာ လယ်တွင်းသားစောချစ်ရေးသော "ကျောင်းဆရာနှင့် စာသင်ခန်း"ဟူသော ဆောင်းပါးမှ စာပိုဒ်တစ်ပိုဒ်ဖြစ်သည်။ ဆရာသည် ၁၉၉၁ ခု၊ အောက်တိုဘာလထုတ် နွယ်နီမဂ္ဂဇင်းမှာ ထိုဆောင်းပါးကို ရေးထားခြင်းဖြစ်သည်။

ဆရာ၏ ဖြစ်စေချင်သော စေတနာနှင့် ဖြစ်ထိုက်သော အခြေအနေကို ရေးထားဟန်ရှိပါသည်။

ကျွန်မအဖို့တော့ ထိုဆောင်းပါးကို ဖတ်ရင်း ကျွန်မငယ်ငယ်က နေခဲ့ရသော ဦးဘိုးထင် အလယ်တန်းကျောင်းကို သတိရစေပါသည်။ ဆရာ့ဆောင်းပါးထဲပါသော စာသင်ခန်းဖွဲ့စည်းမှုနှင့် ကျွန်မ၏ကျောင်းကို နှိုင်းယှဉ်မိပါသည်။

ဆရာကြီး ဦးဘိုးထင်ကျောင်းသည် လေးပင်သုံးခန်း နှစ်ထပ်အိမ်ဖြစ်၍ မီးဖိုချောင်နှင့် အပေါ်ထပ် အိပ်ခန်းတစ်ခုပဲ ဆရာကြီးတို့မိသားစုယူ၍ ကျန်သော

နေရာများမှာ စာသင်ခန်းဖြစ်သည်။ ကျွန်မတို့ကျောင်းကို အစိုးရအထောက်အပံ့ခံ တိုင်းရင်းမြန်မာ အလယ်တန်းကျောင်းဟူ၍ အမည်တပ်ပါသည်။

သူငယ်တန်းမှ ငါးတန်းအထိ ကျောင်းအောက်ထပ်မှာရှိကာ ခြောက်တန်းနှင့် ခုနစ်တန်းမှာ အပေါ်ထပ်မှာရှိသည်။ တစ်တန်းနှင့်တစ်တန်းအကြား ကာရံတားဆီးထားခြင်းမရှိပါ။ ဟင်လင်းပွင့်အခန်းကြီးဖြစ်သည်။ အောက်ထပ်အခန်းကျယ်ကြီးကို အလယ်မှ လမ်းလျှောက်သာသောနေရာ ချန်ထားပါသည်။ ခေါင်းရင်းဘက်တွင် သူငယ်တန်း (ကကြီးခကွေးတန်း)၊ ပထမတန်းနှင့် ဒုတိယတန်းရှိသည်။ ကကြီးခကွေးတန်းနှင့် သူငယ်တန်းမှာ ကြမ်းပြင်ပေါ်မှာထိုင်၍ ရှေ့မှာ စာရေးရန် ခုံတန်းရှည် ချထားပါသည်။ ခြေရင်းဘက်မှာ သုံးတန်းနှင့် လေးတန်း ရှိသည်။ ငါးတန်းမှာ ကျောင်း၏ခေါင်းရင်းဘက် ဖိနပ်ချွတ်မှာဖြစ်သည်။ သုံးတန်းမှ ခုနစ်တန်းထိ ကျောင်းသားများ ကုလားထိုင်နှင့်စားပွဲရှိပါသည်။ ခြေရင်းဘက် ဖိနပ်ချွတ်မှာ ကျောင်းသားတွေ ရေသောက်ရန် ရေအိုးစင် ထားရှိသည်။

သူငယ်တန်းကို သင်ကြားသော ဆရာကြီးကတော် ဒေါ်မြမေ၏အသံနှင့် ပထမတန်းနှင့် ဒုတိယတန်းကို သင်ကြားပေးသော ဆရာမလေး ဒေါ်လှတင် အသံတို့မှာ ညင်သာသိမ်မွေ့သော်လည်း အခြားအတန်းများကို ပျံ့လွင့်လျက်ရှိသည်။ သုံးတန်းနှင့် လေးတန်းကို သင်သော ဆရာလေး ဦးထွန်းတင်၏ အော်သံငေါက်သံတွေကလည်း သူ့စာသင်ခန်းကိုကျော်၍ အခြားအတန်းများကို လွှမ်းမိုးလာသည်။ ငါးတန်းကိုတော့ ကျောင်းအုပ်ဆရာကြီး ဦးဘိုးထင်ကိုယ်တိုင် ပြသည်။

ကျောင်းသားများကိုထိန်းဖို့ ဆရာ ဆရာမများအသံမှာ မြင့်တင်ထားသော်လည်း ကျွန်မတို့သည် ကိုယ့်ဆရာမသင်သော သင်ခန်းစာမှလွဲ၍ တခြားကို ပျံ့လွင့်ခြင်းမရှိ။ အာရုံစူးစိုက်မှုရှိ၍သာ ကျွန်မတို့ သင်ခန်းစာများကို တတ်မြောက်ကြခြင်းဖြစ်သည်။ စာသင်ခန်း တစ်ခန်းနှင့် တစ်ခန်း ကာဆီးထားခြင်းမရှိ၍ ဆရာလယ်တွင်းသားစောချစ်အဆိုအရ ကျွန်မတို့ကျောင်းကို စာသင်ခန်းဖွဲ့စည်းမှု စနစ်မကျသောကျောင်းဟု ဆိုက ဆိုနိုင်ပါသည်။

သို့သော် ကျွန်မတို့ ဆရာများသည် ဆရာကောင်းပီသသည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် ခန်းမကြီးတစ်ခုတည်းတွင် ပေါင်းထားသော အတန်းများရှိ ကျောင်းသူကျောင်းသားများ၏အာရုံကို မပျံ့လွင့်အောင် ကိုယ့်အတန်း

နှင့် ကိုယ့်တပည့်များကို ထိန်းသိမ်းတတ်ကြသောကြောင့်တည်း။

ခြောက်တန်းနှင့် ခုနစ်တန်းမှာ အပေါ်ထပ်မှာရှိကြ၍ ဆရာလေး ဦးဘစိန် တစ်ယောက်တည်း သင်သည်။ ခြောက်တန်းကိုသင်စဉ် ခုနစ်တန်းကို လေ့ကျင့်ခန်း တစ်ခုခု လုပ်ခိုင်းထားတတ်သလို၊ ခုနစ်တန်း သင်စဉ်တွင်လည်း ခြောက်တန်းကို လေ့ကျင့်ခန်းတစ်ခုခု လုပ်ခိုင်းထားတတ်သည်။

အတန်းနှစ်တန်းကို ဆရာတစ်ယောက်ကျ ကိုင်ရသလို ဖြစ်နေသည်။ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအုပ်ဆရာကြီးကတော်ပဲ တစ်တန်းစီကိုင်သည်။

သူငယ်တန်းကို ဆရာကြီးကတော် ဒေါ်မြမေ၊ ပထမတန်းနှင့် ဒုတိယတန်းကို ဆရာမလေး ဒေါ်လှတင်၊ တတိယတန်းနှင့် စတုတ္ထတန်းကို ဆရာလေး ဦးထွန်းတင်၊ ငါးတန်းကို ကျောင်းအုပ်ဆရာကြီး ဦးဘိုးထင်၊ ခြောက်တန်းနှင့် ခုနစ်တန်းကို ဆရာလေး ဦးဘစိန်၊ အတန်းတိုင်းမှာ ဆရာတစ်ယောက်တည်း ဘာသာစုံသင်ပြရသည်။ ထိုစဉ်က လေးတန်းနှင့် ခုနစ်တန်းမှာ အစိုးရစစ်ဖြစ်သော်လည်း ကျွန်မတို့ကျောင်းက အစိုးရစစ်များတွင် အောင်ချက်နှုန်းကောင်းသည်။ တစ်ခါတစ်ရံ တန်းလုံးကျွတ်အောင်သည်။

လခကလည်း သူငယ်တန်းမှ လေးတန်းအထိ တစ်မတ်၊ ငါးတန်းမှ ခုနစ်တန်းအထိ ငါးမူး။ အဖိတ်နေ့တိုင်း ရေဖိုး တစ်ယောက်တစ်ပြား ထည့်ရသည်။ တချို့ကျောင်းသားများ မှန်မှန်မပေး၍ ဆရာကြီးက အဖိတ်နေ့တရားပွဲတွင် ရေဖိုးပေးဖို့ မေတ္တာရပ်ခံရသည်။

ဆရာကြီးသည် ကျောင်းအုပ်ချုပ်ရေးတာဝန်ကိုသာမက အဖိတ်နေ့နံနက်တိုင်း မနက် ခုနစ်နာရီမှ ကိုးနာရီထိ ကျောင်းသားများအားလုံးကို တရားဟောသော တာဝန်ကိုပါ ယူရသည်။ မင်္ဂလသုတ်ကိုဟောလျှင် သက်ဆိုင်ရာ ဝတ္ထုပုံပြင်များကိုပါ ထည့်ဟောသည်။ ငါးရာ့ငါးဆယ်နိပါတ်တော်ထဲမှ ထုတ်ယူ၍လည်း ပုံပြင်များကို ဟောပြောတတ်ပါသည်။

မိုးဥတု၏ ပျော်ရွှင်ဖွယ်ရာနေ့များကို ကျွန်မ သတိရနေပါသည်။ မိုးသည်းထန်စွာ ရွာနေလျှင် ဆရာကြီးသည် ကျောင်းမလွှတ်။ ကိုယ့်အတန်းပိုင်ဆရာများနှင့်အတူ ကျောင်းသားများအားလုံး ကိုယ့်နေရာမှာ မတ်တတ်ရပ်ကာ မင်္ဂလသုတ်ကို အစအဆုံးရွတ်ကြရသည်။ မိုးသံတွေထဲမှာ အော်၍ရွတ်ကြရသည်ကို ကလေးဘဝ ပျော်မိသည်။ မိုးစဲတော့မှ ကျွန်မတို့ မိုးရေထဲကိုဖြတ်ကာ အိမ်ကို ပျော်ရွှင်စွာ ပြန်ကြရသည်။ မင်္ဂလသုတ်ကို တစ်ကျောင်းလုံးရသည်။ အဘယ့်

http://www.cherrythitsar.org



ကြောင့် ဆိုသော် ထိုစဉ်က ဗုဒ္ဓဘာသာသင်ခန်းစာဟူ၍ တစ်ဘာသာသင်ရသည်တွင် ဒုတိယတန်းမှာ ကျွန်မတို့ မင်္ဂလသုတ်သင်ရသောကြောင့် တစ်ကျောင်းလုံး မင်္ဂလသုတ်ကို နှုတ်တက်ရနေကြပါသည်။ တတိယတန်း၊ စတုတ္ထတန်းများမှာလည်း လောကနီတိ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းတို့ကို သင်ရသည်။

ဆရာလေး ဦးထွန်းတင်မှာ သချာၤအသင်အပြတော်၍ လေးတန်းရောက်လျှင် သူ့တပည့်များသည် သချာၤတော်လာကြသည်။ သူနေမကောင်းလျှင် ကျောင်းကိုတော့ ရောက်အောင်လာသည်။ သုံးတန်းကို ပုစ္ဆာများ တွက်ခိုင်းထားစဉ် လေးတန်းကို အိန္ဒိယမြေပုံကြီးချကာ မြို့များကို ရှာဖွေခိုင်းသည်။ ကျောင်းသားတစ်ယောက်ပြောသော မြို့နာမည်ကို ကျန်ကျောင်းသားများက မြေပုံပေါ်မှာ ရှာဖွေရသည်။ ထိုအချိန်ပင် သူ့စားပွဲမှာ ခေတ္တနားသည်။ ထိုစဉ်က ပထဝီဝင်ဘာသာသည် အတန်းတိုင်းမှာသင်ရသည်။

ဒုတိယတန်းနှင့် တတိယတန်းမှာ မြန်မာပြည်အကြောင်း၊ စတုတ္ထတန်းမှာ အိန္ဒိယပြည်အကြောင်း၊ ပဥ္စမတန်းမှာ ဥရောပတိုက်နှင့် ဆဋ္ဌမတန်းနှင့် သတ္တမတန်းမှာ တောင်အမေရိက၊ မြောက်အမေရိက၊ အာဖရိကနှင့် ဩစတြေးလျတိုက်တို့အကြောင်း သင်ရသည်။ အထူးသဖြင့် ဩစတြေးလျတိုက်အကြောင်းကို အသေးစိတ် သင်ရသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က မိန်းကလေးတစ်ယောက်က တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ခုနစ်နှစ်ဖြေသော်လည်း မအောင်၍ စိတ်ညစ်နေသည်။ ပြီးခဲ့သောစာမေးပွဲမှာ စစ်ကိုင်းအကြောင်းမေးသည်ကို သူက စစ်ကိုင်းသည် စစ်တွေမြို့အောက်တွင်ရှိသည်ဟု ဖြေခဲ့သည်ဆို၏။

သူစာမေးပွဲကျသည်ကို ကျွန်မ မအံ့ဩပါ။ ဒါပေမဲ့ တခြားတိုင်းပြည်အကြောင်းမဟုတ်။ ကိုယ့်မြန်မာပြည်အကြောင်း ကိုယ်မသိရကောင်းလားဟု ကျွန်မကရဏာဒေါသောဖြစ်မိပါသည်။ ကျွန်မတို့ စာသင်ရစဉ်က ၁၀ တန်းလည်းအောင်ရော ကမ္ဘာပေါ်ရှိ တိုက်ကြီးများအကြောင်းကို အသေးစိတ် သင်ကြားခဲ့ရပြီးဖြစ်သည်။ ထိုမိန်းကလေးကို ပထဝီဝင် မသင်ရဘူးလားဟု ကျွန်မမေးတော့...

"ကျွန်မ မသင်ခဲ့ရဘူး၊ ပထဝီဝင်အစား သမဝါယမယူခဲ့တယ်"

ဟု ဆိုသည်။ ဒီတော့မှ ကျွန်မတို့စနစ်နှင့်မတူကြောင်း ကျွန်မ သတိပြုမိသည်၊ နောက်နှစ်မှာ သမဝါယမကိုပဲဖြေဖို့ အကြံဉာဏ်ပေးခဲ့ရပါသည်။

http://www.cherrythitsar.org



လေးတန်းမှာ ဆရာလေး ဦးထွန်းတင်တော်သလို ခြောက်တန်းနှင့် ခုနစ်တန်း ရောက်တော့လည်း ဆရာလေး ဦးဘစိန်က အလွန်တော်သည်။ သူ မြန်မာစာသင်ပုံကို ကျွန်မ မမေ့။ ခုနစ်တန်းတွင် ဇာတ်ကြီးဆယ်ဘွဲ့မှ တစ်ခုခုကို ပြဋ္ဌာန်းသည်။ ကျွန်မတို့ ခုနစ်တန်းနှစ်က ဝေဿန္တရာဇာတ်တော်ကို ပြဋ္ဌာန်းပါသည်။

ဆရာလေးသည် ဦးသြဘာသ၏ အဖွဲ့အနွဲ့ကို သင်ရုံမက ကျောင်းသားကျောင်းသူများအားလုံး မြန်မာစာသင်ချိန်မှာ ဝေဿန္တရာဇာတ်ကို ခင်းရသည်။ မဒ္ဒီဒေဝီက ဟိမဝန္တာချီးမွမ်း ဖွင့်ရသောကြောင့် မဒ္ဒီဒေဝီကို ကျောင်းသူများ အလှည့်နှင့် လုပ်ရသည်။

သိဋ္ဌည်းမင်းကြီးအဖြစ် မောင်သိန်းဆိုင် (ဗိုလ်မှူးသိန်းဆိုင်) ကွယ်လွန်က သရုပ်ဆောင်ရသည်။ ကျွန်မက ဖုဿတီမိဖုရားကြီး၊ မလှရင်နှင့် မမြရင်က မဒ္ဒီဒေဝီအဖြစ် တစ်လှည့်စီ၊ ဝေဿန္တရာမင်းကြီးက ကိုတင်မောင်၊ အလှူခံ ဇူဇကာပုဏ္ဏားက ကိုစန်းထိန်။ ကျောင်းသားတိုင်း ကိုယ်သရုပ်ဆောင်ရမည့် သက်ဆိုင်ရာဇာတ်ကောင်များ ပြောဆိုရမည့်စကားကို ကျေညက်အောင် ကျက်ထားကြရသည်။ ထိုသရုပ်ဖော်ခန်းလေးမှာ ပျော်ရွှင်စရာလည်းကောင်း၍ ကြည့်နေသော ကျောင်းသူကျောင်းသားများရော၊ သရုပ်ဆောင်ပါဝင်ရသော ကျောင်းသူကျောင်းသားများပါ သင်ခန်းစာကို စိတ်ဝင်စားကြပါသည်။ သူတို့ နှလုံးသည်းပွတ်ထဲ စိမ့်ဝင်အောင် သင်ကြားပေးသော ဆရာလေး ဦးဘစိန်၏ ခေတ်မီသော စာသင်နည်း ဖြစ်ပါသည်။

ကျန်ကျောင်းသူကျောင်းသားများလည်း အလှည့်ကျပါဝင်ရ၍ စာမှာ အလိုလိုကျက်ပြီးသား ဖြစ်ပါသည်။ ကျွန်မနှလုံးသားမှာ ကဗျာမျိုးစေ့လေး ရှင်သန်ခဲ့သည်မှာ ဆရာကြီးဦးဘိုးထင်ကျောင်းမှဖြစ်သည်။ ခုနစ်တန်းရောက်တော့ ကဗျာစပ်နည်းကို ကျွန်မတို့သင်ကြားရသည်။

သင်္ချာသုံးဘာသာတွင်လည်း ရိုးရိုးသင်္ချာရော၊ အက္ခရာသင်္ချာ၊ ဂျော်မက်ထရီတို့မှာ တချို့ကျောင်းသားများမလိုက်နိုင်။ ဆရာလေးဦးဘစိန်သည် ကျောက်သင်ပုန်းကို တဘုန်းဘုန်းထုကာ အသေးစိတ်ရှင်းလင်း၍ သက်ဆိုင်ရာပုံများကို ဆွဲကာ ကျောင်းသားတစ်ယောက်ချင်း နားလည်သည်အထိ စိတ်ရှည်လက်ရှည် သင်ကြားရသည်မှာ တကယ့်ကို ပါးစပ်က အမြှုပ်တစီစီထွက်ပါသည်။ ကျန်းမာရေးကြောင့် ဉာဏ်ရည်မမီသော မောင်သောင်းလို တပည့်မျိုးကိုပင် ဆရာလေး

http://www.cherrythitsar.org



သည် ခက်ခဲသောပုစ္ဆာများကို နားလည်အောင်ရှင်းပြသည်။

ကျူရှင်မလို၊ ကျူရှင်ဆိုတာကို ကျွန်မတို့နားမလည်။ စာမေးပွဲ နီးကပ်လာသည့် တစ်ပြိုင်နက် အောက်တိုဘာလ ကျောင်းဖွင့်ရက်ပြီးလျှင် ညကျောင်းအချိန်ပိုသင်တန်းများကို စပါသည်။

ည ခုနစ်နာရီမှ ၈ နာရီထိ ညကျောင်းတက်ရသည်။ မိန်းကလေးကျောင်းသူများကို အုပ်ထိန်းသူများက ညဘက်တွင် လာကြိုသည်။ မနက် လေးနာရီ ကျောင်းသူကျောင်းသားတိုင်း ကိုယ့်အိမ်ရှေ့ ဖိနပ်ချွတ်ထွက်ကာ စာကြည့်ရသည်။ အချောင်ခို၍ မကြည့်ဘဲ မနေပါနှင့်။ တစ်ခါတစ်ရံ အချို့ကျောင်းသားများက အိမ်ရှေ့ကပြင်တွင် မီးခွက်ပဲထွန်းထားကာ အထဲဝင်အိပ်နေသည်။

မနက် ကျောင်းတက်သောအခါ ဆရာလေးဦးဘစိန်သည် မနက်ထ စာမကြည့်ဘဲ မီးခွက်သာထွန်းထားသော ကျောင်းသားနာမည်ကို ခေါ်ပါတော့သည်။ ထိုကျောင်းသားကို ကျောင်းသားများရှေ့တွင် ကြိမ်စာကျွေးပါသည်။ သူ၏ကျောင်းသား စာကြည့်မကြည့် မနက်အစောကြီးထကာ မြို့လုံးပတ်သော ဆရာလေး ဦးဘစိန်၏ ဝီရိယကို ကျွန်မ အံ့သြ၍မဆုံးပါ။

ခုနစ်တန်းမှာ တန်းလုံးကျွတ်အောင်သည်သာများသည်။ ကျလျှင်လည်း တစ်ယောက် နှစ်ယောက်သာကျသည်။ ဟိုတုန်းက အောင်သည်မှာ မထူးဆန်း၊ ကျသည်မှာ ထူးဆန်းသည်။

ကျွန်မတို့ ဆရာများ တော်သည်၊ ဝီရိယရှိသည်။ ခိုကတ်ခြင်းမရှိ။ ရင်ပွင့်အောင် သင်သည်။ ဒါပေမဲ့ တိုင်းရင်းမြန်မာကျောင်းဆရာဖြစ်လေတော့ မျက်နှာငယ်ပါသည်။ ရရှိသော လခမှာ တစ်လမှ ကျပ် ၄၀၊ နည်းပါးလှသည်။

ဦးဘိုးထင်ကျောင်း ထူးခြားသည်က တခြားကျောင်းများလို ကျောင်းကပွဲ၊ တန်ဆောင်တိုင်ပွဲများမရှိ။ ဦးဘိုးထင်ကျောင်းအတွက် တစ်နှစ်မှာတစ်ခါ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တိုင်း တစ်ကျောင်းလုံး ကျောင်းသူကျောင်းသား ဆရာဆရာမများ တန်းစီကာ ပန်းမျိုးစုံ၊ ဆီမီးမျိုးစုံ ကိုင်ဆောင်၍ သကျမဟာသီရိဘုရားကြီးကို သွားရောက်ကန်တော့ရပါသည်၊ ပျော်ရွှင်စရာဆို၍ ဤဘာသာရေးဆိုင်ရာ အခမ်းအနားတစ်ခုပဲ ကျင်းပပါသည်။ မှတ်မှတ်ရရ တစ်ခါ ကျွန်မတို့ကျောင်းက ဘုန်းကြီးပျံပွဲမှာ ဝင်ပါရဖူးသည်။ ကွမ်းခြံကုန်းကျောင်း ဆရာတော် ပျံလွန်တော်မူစဉ်က အလောင်းတော်ကို မြစ်ထဲတွင် ကရဝိက်ဖောင်နှင့်ဆွဲ၍ ဆရာတော်ဘုရားကြီးအား ပူဇော်ပွဲတွင် ကျွန်မတို့ကျောင်းက ကျောင်းသူများ

http://www.cherrythitsar.org



တက်ခုတ်ယိမ်းနှင့် ပူဇော်ကြရသည်။

ကစားစရာလည်း ကျွန်မတို့ကျောင်းလေးမှာ ကစားကွင်းဟူ၍ သတ်သတ်မှတ်မှတ် နေရာမရှိပါသောကြောင့် ကျောင်းရှေ့လမ်းမကြီးမှသည် ချစ်တီးဘုရားကျောင်းအထိ ကျွန်မတို့၏ကစားကွင်းဖြစ်ပါသည်။

ဝါးခယ်မ အရှေ့ပိုင်းမှအေဘီအမ်ကျောင်း၊ ဦးဘိုကြီးကျောင်းနှင့် အနောက်ပိုင်းမှ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် အထက်တန်းကျောင်းတို့နှင့်စာလျှင် ကျွန်မတို့ကျောင်းလေးသည် ခံ့ညားထည်ဝါခြင်းမရှိလှပါ။

ဒါပေမဲ့ ကျွန်မ တစ်ခုတော့ ဂုဏ်ယူမိသည်။

ဆိုလိုသည်က ဦးဘိုးထင်ကျောင်းသည် အဆောက်အအုံအားဖြင့် ခေတ်မမီ၊ ငယ်သော်လည်း ဘာသာရေးမှာ လေးလေးစားစား ရှိသေကိုင်းရှိုင်းသည်။ အမျိုးသားရေးမှာလည်း တက်တက်ကြွကြွ ပါဝင်သည်။ ပညာရေးကျတော့လည်း အရည်အချင်းပြည့်မီသည်ကို ကျွန်မ ဂုဏ်ယူမိပါသည်။

ဆရာကြီးဦးဘိုးထင် ကျောင်းသူကျောင်းသားများ မည့်သည်ကို ဂျပန်ခေတ်ရောက်တော့ သိသာထင်ရှားပါသည်။ ဂျပန်ခေတ်မှာ အင်္ဂလိပ်စာမသင်ရပါ။ ဝါးခယ်မအနောက်ပိုင်း ဗမာ့ခေတ်သစ် အထက်တန်းကျောင်းမှာ အားလုံးစုပေါင်းသင်ရသည်။ ကျွန်မတို့တိုင်းရင်းမြန်မာကျောင်းသားကျောင်းသူများရော၊ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာသင် ကျောင်းသူကျောင်းသားများရော ယူရိုပီယံကုတ် **(European Court)**ခေါ် အင်္ဂလိပ်လိုချည်း ဘာသာရပ်တိုင်း သင်ကြားသောကျောင်းမှ ကျောင်းသားများ စုပေါင်းမိကြသည်။

နှစ်စတွင်ပင် ကျွန်မတို့ မြန်မာကျောင်းသူအုပ်စုနှင့် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းမှ ကျောင်းသူတချို့က အတူမထိုင်လိုဟုဆိုသည်။ ကျွန်မတို့ကလည်း ရှေ့ဆုံးထိုင်ခုံမှာ နေရာယူလိုက်ကြသည်။

စာသင်နှစ် ကုန်ခါနီးတော့ ကျွန်မတို့နှင့် အတူမထိုင်လိုသော ကျောင်းသူက ဖွင့်ဟဝန်ခံပါသည်။

"တိုင်းရင်းမြန်မာကျောင်းကထွက်တဲ့ လူတွေက အင်္ဂလိပ်စာ မသင်ရလို့သာ၊ မြန်မာစာနဲ့ သင်္ချာမှာ တော်တယ်။ ယူရိုပီယံကုတ်ကထွက်တဲ့လူတွေကလည်း သင်္ချာမှာ တော်တယ်။ ကျွန်မတို့ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းက ဟိုလိုလိုဒီလိုလိုနဲ့ ဘာမှ ထူးထူးချွန်ချွန်မတော်ဘူး" ဟု ပြောပြပါသည်။ အခြေအနေကိုသဘောပေါက်သူမို့ ကျွန်မတို့ သူ့ကို ခွင့်လွှတ်ပါသည်။

http://www.cherrythitsar.org



ဂျပန်ခေတ်က ဆရာကြီး ဦးဘိုးထင်ကျောင်း ဖျက်လိုက်ရသည်။ ဆရာကြီးနှင့်တကွ ဆရာမကြီး၊ ဆရာမလေး၊ ဆရာလေး ဦးဘစိန်နှင့် ဦးထွန်းတင်တို့ပါ ကွယ်လွန်သွားကြပြီ။

ကျွန်မ၏ မွေးရပ်မြေ ဝါးခယ်မကို ပြန်ရောက်တိုင်း ဦးဘိုးထင်ကျောင်းရှိရာ လမ်းကို ဖြတ်သန်းသွားမိပါသည်။ မည်းမည်းမှောင်မှောင်နှင့် အိုမင်းသော အိမ်တစ်ခုအဖြစ် (ကျွန်မတို့၏ တစ်ခါက စာသင်ခဲ့ရသောကျောင်း) ကို မြင်ရသောအခါ ကျွန်မ ဝမ်းနည်းမိပါသည်။

အင်မတန် ကျောင်းသူများကို မိန်းမပီသစေချင်သော ဆရာမကြီးနှင့် ဆရာမလေးတို့၏ သိမ်မွေ့သောအမူအရာ၊ ညင်သာသောစကားများကို ကျွန်မ ကြားယောင်မိပါသည်။

သူတို့မွေးထုတ်ခဲ့သော တပည့်များသည် ကျရာနေရာမှာ တာဝန်ထမ်းဆောင်နေကြသော ရွှေထုပ်သည့်မြပဝါများ ဖြစ်သည်ကို တမလွန်မှနေ၍ ကြည်နူးဝမ်းသာနိုင်ကြပါလိမ့်မည်။

**[စံပယ်ဖြူမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၉၄ ခုနှစ်]**

# ကျွန်တော့်တံခါး

တူးတူးရေ...

အန်တီစုကို (Fashion Image) မဂ္ဂဇင်းမှာ ဝတ္ထုတွေ လစဉ်ရေးဖို့ပြော တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အန်တီစုက လုံးခြင်းဝတ္ထုတစ်ပုဒ် ရေးနေလို့ တူးတူးဆန္ဒ မဖြည့်နိုင်ခဲ့ဘူး။

လောလောဆယ် အန်တီစုရေးချင်တာလေး ရေးပါရစေ။ အန်တီစုဟာ ၁၉၉၈ ခုနှစ်လောက်က 'ကျွန်မတို့ ဘာလုပ်ကြမလဲ' ခေါင်းစဉ်နဲ့ မြန်မာအမျိုး သမီးတွေအကြောင်း 'မြားနတ်မောင်' မဂ္ဂဇင်းမှာရေးခဲ့တယ်။ အဲဒီဆောင်းပါး ကိုပဲ ရာပြည့်စာအုပ်တိုက်က 'အတွေးအမြင်' စာအုပ်မှာ ထည့်သွင်းခဲ့တယ်။ တစ်ခါ ကမာရွတ်လှည်းတန်းက ဦးဝင်းနိုင်တို့ အင်္ဂလိပ်စာသင်တန်းက အန်တီစု ကို ဟောပြောပွဲဖိတ်တော့ ဒီအကြောင်းကိုပဲ 'မြင်းမိုရ်တောင်ကို တိုက်ခတ်သော လေကို လက်ဝါးနဲ့ကာခြင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ အန်တီစု ဟောပြောခဲ့တယ်။ တစ်ခါ စာပေဗိမာန်ထုတ် 'အမျိုးသမီးကြေးမုံ' မှာလည်း ဒီဆောင်းပါးပါတယ်။

ဦးကျော်ခင်မြင့် (မြောင်းမြမောင်ရင့်ကျူး) ဖိတ်ခေါ်လို့ 'အမျိုးသမီးရေးရာ ယဉ်ကျေးမှုသင်တန်း' မှာ ဒီခေါင်းစဉ်နဲ့ပဲ ဒီအကြောင်းကို ဟောပြောခဲ့တယ်။

ဒီဆောင်းပါးဟာ ဂယက်ရိုက်ပြီး အတော်ဝေဖန်ကြပါတယ်။ အပြုသဘော ပါပဲ။ ဦးဝင်းနိုင်ကျောင်းတုန်းကလည်း ကျောင်းသားတွေ ဝေဖန်ဆွေးနွေးတဲ့ အလှည့်မှာ ကျောင်းသားတစ်ယောက်က 'နိုင်ငံခြားမှာ ကောင်းတာတွေရှိတယ်၊

http://www.cherrythitsar.org



မပစ်ပယ်သင့်ဘူး’လို့ ပြောပါတယ်။

အန်တီစု ဟောပြောတဲ့အထဲမှာကိုက အရပ်ရှစ်မျက်နှာက လေတွေတိုက်ခတ်လာပါပြီ။ ဒါပေမဲ့ လေနီကြမ်းတွေ၊ လေမုန်တိုင်းတွေကိုတော့ ကာကွယ်ရမယ်။ မြန်မာ့လယ်မြေမှာ ဆန်စပါးသီးနှံတွေ အထွက်များစေတဲ့ မုတ်သုံလေတိုက်ခတ်မှုမျိုးကိုတော့ လက်ခံကြိုဆိုရမှာပဲလို့ အန်တီစု ပြောခဲ့ပါတယ်။

အဲဒီဟောပြောပွဲအပြီးမှာ ညစာစားပွဲလုပ်တော့ ကျောင်းမှာ ဟောပြောပွဲလုပ်တုန်းက မမေးရဲလို့ မိန်းကလေးတစ်ယောက်က ထမင်းစားပွဲမှာ ထမေးတယ်။ အဲဒီပွဲမှာ ဆရာမြသန်းတင့်တို့၊ ဆရာအောင်သင်းတို့လည်းပါတယ်။ အဲဒီကျောင်းသူက ပြောတယ်၊ သူတို့ဟာ ‘ဘဝနာ’လို့ အပြင်စီးပွားရေးမှာ ဝင်ရောက်လုပ်ကိုင်နေကြရပါတယ်။ အန်တီစုပြောသလို ဖြတ်လမ်းလိုက်အမျိုးသမီးမဟုတ်ဘူး။ အန်တီစုပြောတဲ့ စီးပွားရေးမှာ ဖြတ်လမ်းလိုက်ပြီး ကိုယ်ကျင့်တရားမစောင့်ထိန်းတဲ့ မိန်းကလေးတွေ တကယ်ရှိရဲ့လားတဲ့။

သူ့ခမျာ အင်မတန်ရိုးသားပုံရပါတယ်။ အန်တီစု မဖြေခင် ဆရာအောင်သင်းက ဖြေပါတယ်။ အန်တီဟောပြောတဲ့နေ့က ဒီဇင်ဘာလ ခရစ်စမတ်ပွဲပြီးချိန်ကိုး။ ဆရာအောင်သင်းက “မေးခွန်းမေးတဲ့ ကျောင်းသူလို အမျိုးသမီးလေးတွေ အမြောက်အမြားရှိပါတယ်။ အဲဒီလို အမျိုးသမီးတွေရှိသလို ခရစ်စမတ်အချိန်တုန်းက **(Mark II)** ကားနဲ့ ညဥ့်နက်သန်းခေါင်ကျော် အပျော်ကျူးလို့ ကားလည်း ဟက်တက်ကွဲ၊ လူလည်း အသက်ဆုံးရတဲ့ မိန်းကလေးမျိုးတွေလည်း ရှိတယ်။ စီးပွားရေးလောကမှာ ကိုယ်ကျင့်တရားမစောင့်ထိန်းတဲ့ အမျိုးသမီးတွေ ရှိပါတယ်”လို့ ဆရာက ဖြေပါတယ်။

အန်တီစုက စီးပွားရေးတံခါးဖွင့်ဝါဒကို ကြိုဆိုပါတယ်။ တံခါးပိတ်ဝါဒကို အန်တီစုမကြိုက်ပါဘူး။ မြန်မာနိုင်ငံအပါအဝင် အာရှအရှေ့နိုင်ငံတွေမှာ များသောအားဖြင့် ပဒေသရာဇ်တွေလက်ထက်တုန်းက တံခါးပိတ်ဝါဒ ကျင့်သုံးခဲ့လို့ ခံစားရတဲ့ ဒဏ်ရာဒဏ်ချက် သင်ခန်းစာတွေ အမြောက်အမြားရှိခဲ့ပါတယ်။

တစ်ခါတစ်ခါ ‘တို့မြန်မာဘုရင်တွေဟာ စောစောကသာ တံခါးဖွင့်ဝါဒ ကျင့်သုံးခဲ့ပြီး ပြုပြင်ပြောင်းလဲရေးတွေလုပ်ခဲ့ရင် တို့လွတ်လပ်ရေးဆုံးရှုံးမှာ မဟုတ်ဘူး’လို့ စဉ်းစားမိတယ်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်ရောက်တော့ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ပေမဲ့လည်း အနောက်က သမိုင်းဆရာတွေ ရေးသလို

http://www.cherrythitsar.org



**("Too late and too slow")**ဖြစ်နေပြီလေ။ အောက်မြန်မာနိုင်ငံတစ်ခုလုံးကို အသိမ်းခံရလေတော့ သူများနှာခေါင်းပေါက်နဲ့ အသက်ရှူရသလို နိုင်ငံခြားရေး ဆက်ဆံမှုတွေမှာ ဒီအင်္ဂလိပ်သိမ်းထားတဲ့ အောက်မြန်မာပြည်ကို ဖြတ်သန်းရလေတော့ သူတို့အင်္ဂလိပ်တွေသဘောမတူရင် ဘာမှ လုပ်မဖြစ်တဲ့ဘဝ။

ဒါကြောင့် လွတ်လပ်ရေးရတော့လည်း အန်တီစုစိတ်ထဲမှာ တံခါးပိတ်ပြီး အထီးကျန်ဝါဒကျင့်သုံးတာ မကြိုက်ပါဘူး။ ကိုယ့်ထက် သိပ္ပံပညာရပ်တွေ၊ လူနေမှုစနစ်တွေ တိုးတက်နေတဲ့ နိုင်ငံတွေက ယူသင့်ယူထိုက်တဲ့ နည်းပညာတွေ ယူရမှာပေါ့။ ခုခေတ်က အထီးကျန်ဝါဒနဲ့ တစ်ကိုယ်တော်လမ်းစဉ်ကို ကျင့်သုံးလို့ မရဘူး။ ပြီးတော့ မြန်မာနိုင်ငံဟာ ပထဝီဝင်အနေအထားအရ လူဦးရေရော သိပ္ပံနည်းပညာတွေပါ အင်အားကြီးတဲ့ အိန္ဒိယနဲ့ တရုတ်ပြည်ကြီး နှစ်ပြည်ကြားမှာ နေရတဲ့အပြင် အရှေ့တောင်အာရှရဲ့ အချက်အချာဗဟိုကျတဲ့နေရာမှာ တည်ရှိလေတယ်။

ဒါပေမဲ့ စီးပွားရေးတံခါးဖွင့်ဝါဒကို အစိုးရက ကျင့်သုံးတယ်ဆိုတာနဲ့ တချို့လူတွေက အတွေးအမြင်တစ်မျိုးပေါက်ကြတယ်။ အန်တီစုကို လာပြောတယ်။

'စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးနေမှတော့ နိုင်ငံခြားသာတွေ ဝင်ထွက်သွားလာမှာပဲ။ မြန်မာအမျိုးသမီးတွေက နိုင်ငံခြားသားတွေနဲ့ ဆက်ဆံတဲ့နေရာမှာ မြန်မာ့ယဉ်ကျေးမှုတွေ၊ ဣန္ဒြေတွေ ဘာတွေနဲ့ ထိန်းချုပ်ထားလို့ မဖြစ်ဘူးတဲ့လေ။ စီးပွားရေးတံခါးဖွင့်ထားသလို ဣန္ဒြေတံခါးကိုလည်း ဖွင့်ရမယ်။ နိုင်ငံခြားသားတွေလာဖို့ အမျိုးသမီးတွေက ဆွဲဆောင်ရမယ်ပေါ့' သူ့စကားကြားလို့ အန်တီစု ထိတ်လန့်သွားတယ်။ တစ်ယောက်ကလည်း ပြောသေး...

'အိမ်နီးချင်းနိုင်ငံတစ်ခုလို **(Sex Trade)** လုပ်ရမယ်တဲ့။ ဒါမှ နိုင်ငံခြားသားတွေ မြန်မာပြည်ကို စိတ်ဝင်စားမှာတဲ့' ဘယ်လောက်တိမ်တဲ့ အတွေးအခေါ်တွေလည်း မသိဘူး။ အမျိုးသမီးတွေကို ဖျော်ဖြေရေးကုန်ပစ္စည်းတစ်ခုအနေနဲ့ ရောင်းချဖို့ ကြိုးစားနေတယ်ထင်ပါရဲ့။

တကယ်လေ့လာကြည့်ရင် အဲဒီ **(Sex Trada)** လုပ်တဲ့ နိုင်ငံက အမျိုးသမီးတွေ တခြားနိုင်ငံခြားတိုင်းပြည်တွေကိုသွားရင် ငယ်ရွယ်သူ၊ အရွယ်ရှိသူတွေကို သူတို့သွားချင်တဲ့တိုင်းပြည်က ဝင်ခွင့်မပြုဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနိုင်ငံမှာ ဒီအမျိုးသမီးက ကိုယ်နဲ့ရင်းပြီး စီးပွားရှာရင် အေအိုင်ဒီအက်စ်

http://www.cherrythitsar.org



ရောဂါ သူတို့နိုင်ငံသားတွေကို ကူးပွားမှာစိုးလို့ **(Sex Trade)**နိုင်ငံက အမျိုးသမီးငယ်တွေကို ဝင်ခွင့်မပြုဘူး။ ဘယ်လောက်ရက်ဖို့ကောင်းလဲ။ တချို့က **(Sex Trade)**တိုင်းပြည်က မိန်းကလေးတွေ ကိုယ်နဲ့မြူဆွယ်လို့ နိုင်ငံခြားသားတွေ သူတို့တိုင်းပြည်အလာများပြီး ခရီးသွားလာရေးလုပ်ငန်းက ဝင်ငွေများတယ် ဆိုကြတယ်။ ဒီမိန်းကလေးတွေကြောင့်ထက် အဲဒီတိုင်းပြည်က သူတို့တိုင်းပြည်ကိုလာကြတဲ့ နိုင်ငံခြားသားတွေကို ညှော်ခံကြိုဆို ညှော်ဝတ်ပြုတဲ့နေရာမှာ ခရီးသွာလာရေး အဆင်ပြေဖို့၊ တည်းခိုနေထိုင်ရေး အဆင်ပြေအောင် အပန်းဖြေခရီးတွေမှာရော၊ ပြုစုစောင့်ရှောက်တဲ့နေရာမှာရော ခရီးသွားသူတွေကို စိတ်ချမ်းသာအောင် လုပ်ပေးလို့ပါပဲ။ အခါခပ်သိမ်း **(Sex)** ကြောင့်ဆိုတာ မမှန်ပါဘူး။

ကိုယ်ကိုယ်တိုင်ပဲ အပန်းဖြေခရီးထွက်ရင် သွားလာရေးကလည်း ခက်ခဲ၊ တည်းခိုရတာလည်း အဆင်မပြေ၊ တယ်လီဖုန်းတစ်ခါတစ်ခါဆက်ရတာလည်း မလွယ်ကူတဲ့တိုင်းပြည်ကို ဘယ်သူမှမသွားချင်ဘူး။

**(Sex Trade)** ကျင့်သုံးတဲ့နိုင်ငံက အမျိုးသမီးပါလီမန်အမတ်က ပြောတယ်။ **'**သူတို့နိုင်ငံ အမျိုးသမီးတွေ ပျက်စီးရတာဟာ အမျိုးသားတွေကြောင့်တဲ့။ ရှင်တို့ ဆင်ခြင်ပါ**'**လို့ အမျိုးသားတွေကို ပြောပြတယ်။ သူက အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို ခေါင်းဆောင်နေသူဖြစ်တယ်။

ဒါကြောင့် မြန်မာပြည်မှာ စီးပွားရေးတံခါးဖွင့်ဝါဒကျင့်သုံးတာနဲ့ မြန်မာအမျိုးသမီးတွေ ဣန္ဒြေတံခါးပါ စည်းမဲ့ကမ်းမဲ့ ဖွင့်ရမယ်ဆိုတဲ့စကားကတော့ အတော်တုံးတာပဲ။ မြန်မာပြည်ဟာ တခြားတိုင်းပြည်တွေနဲ့ ကူးလူးဆက်ဆံနေတော့ တခြားတိုင်းပြည်တွေရဲ့ ဓလေ့ထုံးစံ၊ လူနေမှုစနစ်တွေလည်း တွေ့ကြုံရမှာပဲ။ အဲဒါတွေကို ဘယ်ဟာက လက်ခံသင့်တယ်၊ ဘယ်ဟာက လက်မခံသင့်ဘူးဆိုတာ စိစစ်ရွေးချယ်ပိုင်ခွင့် မြန်မာအမျိုးသမီးတွေမှာ ရှိပါတယ်။

စီးပွားရေးတံခါးဖွင့်တာ အကြောင်းပြပြီး စီးပွားရေးမှာ ဝိသမလောဘတိုက်၊ လူမှုရေးမှာ ကာမဂုဏ်လွန်ကျူးသူတစ်စုရဲ့ အတွေးအခေါ်ကြောင့် မြန်မာအမျိုးသမီးတွေရဲ့ ဣန္ဒြေတံခါးကိုတော့ အချုပ်အချယ်မရှိ မဖွင့်သင့်ပါဘူး။

မြန်မာအမျိုးသမီးတွေကလည်း တစ်ခါတစ်ခါ တော်တော်အံ့သြဖို့ကောင်းတယ်။ ကုန်းဘောင်ခေတ်၊ သီပေါဘုရင်လက်ထက် အပျိုတော် ငါးဦးလောက်ကို သာသနာပြု စာသင်ကျောင်းမှာ စာသင်ဖို့အပ်လိုက်ပါတယ်။ ပြန်ရောက်တော့ ဂါဝန်မချွတ်တော့ဘူး။ ဆံပင်ဖြတ်၊ နန်းတွင်းယဉ်ကျေးမှု အမူအရာတွေအားလုံး

http://www.cherrythitsar.org



ပျောက်ပြီး နန်းတော်သူတွေကို အင်္ဂလိပ်လိုလက်ဆွဲနှုတ်ဆက်ပြီး ဘိုလိုမှတ်တယ်လို့ ကြားဖူးတယ်။ ဘယ်ဟာကို လက်ခံသင့်တယ်၊ ဘယ်ဟာကို ပယ်သင့်တယ် ဆိုတာ မရွေးချယ်တတ်ကြဘူး။ ခုခေတ်မှာလည်း နိုင်ငံခြားသားတွေ ဘောင်းဘီဝတ်တာမြင်တာနဲ့ မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းကိုလာတဲ့ မြန်မာမိန်းကလေးက ဘောင်းဘီဝတ်လာတယ်။ ဘုန်းကြီးကျောင်းမှာ 'မြန်မာအမျိုးသမီးများ ဘောင်းဘီဝတ်မလာရ' လို့ ဆိုင်းဘုတ်ကို ဆွဲထားရတဲ့အဖြစ်ရောက်တယ်။ မြန်မာဟာ သည်းရမယ်ဆိုရင် နှစ်ယောက်မရှိ၊ ကဲရမယ်ဆိုရင် နှစ်ယောက်မရှိလို့ ပြောရမလိုဖြစ်နေတယ်။ အားကစားတဲ့နေရာမှာ ဘောင်းဘီရှည်ဝတ်ရမှာပေါ့။ ဘုန်းကြီးကျောင်းလိုနေရာမှာ မဝတ်သင့်တာ ဗုဒ္ဓဘာသာ အမျိုးသမီးလေးတွေ အနေနဲ့ သိသင့်တယ်။

မြန်မာမဟာ မြန်မာမပဲ။ အခွင့်အရေးအားဖြင့် တခြားတိုင်းပြည်က အမျိုးသမီးတွေထက် ပိုပြီး လွတ်လပ်တဲ့အခွင့်အရေးတွေ ရကြတာ မှန်ပေမဲ့ တစ်ဖက်က ယဉ်ကျေးမှုဓလေ့ထုံးစံက မြန်မာအမျိုးသမီးကို ပြန်လည်ထိန်းချုပ်ထားတယ်ဆိုတာ သတိပြုသင့်တယ်။ ဓလေ့ထုံးစံဆိုတာ ဥပဒေမဟုတ်ပါဘူး။

မြန်မာဆိုတဲ့လူမျိုးထဲမှာလည်း ခုန အန်တီစုပြောသလို **(Sex Trade)** ကြိုက်ပြီး အမျိုးသမီးတွေကို ဇိမ်ခံပစ္စည်းလို ရောင်းချစေချင်တဲ့လူတွေရှိသလို မြန်မာအမျိုးသမီးဆိုတာ ဘယ်လိုပဲ နိုင်ငံခြားနဲ့ဆက်သွယ်နေနေ၊ သီးခြား ယဉ်ကျေးမှုပုံစံနဲ့နေတာကို ကြိုက်တဲ့ အများစုလူတွေ ရှိနေပါတယ်။

ဥပမာ...အခု တီဗွီကြော်ငြာတွေ ခေတ်စားလာလို့ ရုပ်ရှင်မင်းသမီးတွေ မော်ဒယ်လ်ဂဲလ်တွေ ဝင်ရောက်ပြီး ကြော်ငြာမင်းသမီး ဝင်လုပ်ကြတယ်။ တချို့ အမျိုးသမီးတွေဟာ လုပ်သင့်တာထက်ပိုလုပ်တော့ ကာယိန္ဒြေပျက်သလိုပဲ။ ဒါကို မြန်မာ့ပတ်ဝန်းကျင်က လက်မခံဘူး။ ကာတွန်းဆွဲကြ၊ စာရေးကြနဲ့ ရှုတ်ချကြတယ်။

မဂ္ဂဇင်းတစ်ခုထဲက အင်တာဗျူးမှာ ခိုင်သင်းကြည်ဆိုတဲ့ ကြော်ငြာမင်းသမီးလေးက ပြောတဲ့ စကားကို ကြည့်ပါ။

'သူကြော်ငြာတဲ့အခါ ကြော်ငြာမှာ တီးလုံးသီချင်းသားအလိုက် လှုပ်ခါရတာပါ။ ဒါပေမဲ့ အဲဒီသိပ်လှုပ်တာကို ပရိသတ်က မသင့်တော်ကြောင်း အပြောများလာလို့ သူလှုပ်တာကို ဆင်ခြင်ပါတယ်' တဲ့။

သူဟာ ပရိသတ်ကိုလေးစားတဲ့ မိန်းကလေးဖြစ်တယ်။ ပတ်ဝန်းကျင်

http://www.cherrythitsar.org



ပရိသတ်က သိပ်လှုပ်တာမကြိုက်ဘူးလို့ အော်သံကျယ်လာတော့ သူလည်း ပြုပြင်တယ်။ ပရိသတ်ကို သူ လေးစားလာရတယ်။

မြန်မာပရိသတ်၊ မြန်မာပတ်ဝန်းကျင်ကလည်း မြန်မာအမျိုးသမီးတွေ ခေတ်နဲ့အလိုက် ကြော်ငြာတွေရိုက်တယ်ဆိုပေမဲ့ လိုအပ်တာထက် မိန်းကလေးတွေ ပိုလှုပ်တာကို မကြိုက်ဘူးဆိုတာ ပြနေတာပါပဲ။

မြန်မာအမျိုးသမီးတွေဟာ လှုပ်ချင်တိုင်းလှုပ်လို့မရဘူး။ လှုပ်မရအောင်လည်း မြန်မာ့ပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံက တစ်ဖက်က ထိန်းထားတယ်ဆိုတာ အမျိုးသမီးတွေ သတိပြုသင့်တယ်။ အဲဒါဟာ အခွင့်အရေးဆုံးရှုံးတာ မဟုတ်ဘူး။ မိန်းကလေးတွေကို ပိုမိုလေးစားခံရအောင် မြန်မာ့ယဉ်ကျေးမှုက ထိန်းသိမ်းထားတာ။ မြန်မာအမျိုးသမီးဟာ အရောင်းခံ ဓိမ်ခံကုန်ပစ္စည်း မဟုတ်ဘူးဆိုတာ ကိုယ့်ဘာသာကိုယ် သတိပြုရမယ်။

ဖက်ရှင်ရှိုး **(Fashion Show)**တွေ လာကြတော့မယ်။ အန်တီစု နိုင်ငံခြားမှာ ဖက်ရှင်ပြပွဲတွေကြည့်ရင် မိန်းကလေးတွေကို သနားတယ်။ ကိုယ်လုံးကိုယ်ပေါက်ကအစ လှပသွယ်ပျောင်းကြတယ်။ ပုံစံအမျိုးမျိုး အဝတ်အစားတွေကို ဝတ်ပြီး တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြတယ်။ ဖက်ရှင်ထွင်ထားတဲ့ အဝတ်တွေကလည်း ဆန်းသလားမမေးနဲ့။ လူပုံလယ် စင်မြင့်ပေါ်မှာ တစ်လှမ်းချင်း လျှောက်လာတယ်။ အင်္ကျီက လည်ပင်းအောက်က စခွဲလာတာ ချက်ကို ထိမတတ်ဘဲ။ အပေါ်ကဖော်ထားလိုက်တာလည်း ရင်သားတစ်ခြမ်းစီကို မြင်နေရတယ်။ လမ်းလျှောက်တော့ ခါးကိုနွဲ့၊ ခုံမြင့်ဖိနပ်ကိုစီး၊ ခြေက တစ်ခုနဲ့တစ်ခု ထပ်မတတ် လျှောက်လှမ်းတဲ့အခါ ရင်သားတွေက လှုပ်တုပ်လှုပ်တုပ်၊ တင်ပါးကလည်း ဟိုနွဲ့ဒီနွဲ့၊ နောက်လှည့်လိုက်တော့ အောက်က ဂါဝန်အကွဲကလည်း ပေါင်ရင်းထိ၊ ခန္ဓာကိုယ်ကိုလုံခြုံအောင်ထွင်တဲ့ ဖက်ရှင်အဝတ်အစားကနည်းတယ်။ ဩော်...အဝတ်အစားပြတာမှုဟုတ်ရဲ့လား မိန်းကလေးတို့ရယ်။ တကယ်တော့ ကိုယ်လုံးဖော်ပြကြတာပဲ။ ကုန်သည်တွေရဲ့ ရောင်းကုန်တွေ စွံအောင် ဒီမိန်းကလေးတွေ အရှက်ကုန်မတတ် လှစ်ပြနေကြရှာတယ်။

မြန်မာပြည်မှာတော့ ဖော်သင့်သလောက်ပဲဖော်၊ လှုပ်သင့်သလောက်ပဲ လှုပ်ကြပါ။ ဦးကြင်ဥရဲ့ 'ဒေဝဂုမ္ဘာန်'ပြဇာတ်ထဲက စကားနဲ့ဆိုရင် မင်းသမီးကို အမွှမ်းတင်တဲ့နေရာမှာ 'ပေါကုန် ရှုံးကုန် ငါတို့ကုန် ရောင်းကုန်မဟုတ်'ဆိုတဲ့ စကားလုံး သုံးထားတယ်။ အဲဒီလိုပဲ မြန်မာမိန်းကလေးတွေ အလှကြိုက်ကြတယ်။

http://www.cherrythitsar.org



အဝတ်အစားအဆန်း ထွင်ကြတယ်။ အမျိုးသမီးသဘာဝပါ။ ဒါပေမဲ့ ခုန ဦးကြင်ဥပြောသလို ရောင်းကုန်ပစ္စည်းတစ်ခုမဟုတ်ပါဘူးဆိုတာကတော့ သတိပြုသင့်တယ်။ ကွန်မြူနစ်တွေစကားနဲ့ဆိုရရင် အရင်းရှင်ကြီးတွေရဲ့ အမြတ်အစွန်း ရရှိမှုအတွက် မိန်းကလေးတို့ရဲ့ ခန္ဓာကိုယ်ဟာ အသုံးချခံ ဖိမ်ခံပစ္စည်းဖြစ်ရတာကတော့ ကြေကွဲဖို့ကောင်းပါတယ်။

စီးပွားရေးတံခါးဖွင့်တယ်ဆိုတာ ကျယ်ပြောလှပါတယ်။ လုပ်စရာတွေလည်း အများကြီး၊ လုပ်ငန်းတွေလည်း အများကြီးပါ။ သက်ဆိုင်ရာတွေနဲ့ အမျိုးသမီး အရွယ်ရောက်စကအစ သက်ကြီးအထိ ပညာတတ်တွေရော၊ ပညာမတတ်ဘဲ လုပ်ငန်းခွင် ဝင်နေသူတွေရော မျက်နှာစုံညီတွေ့ရှိပြီး ဆွေးနွေးသင့်ကြပါတယ်။ မိန်းကလေးတွေရဲ့ခံစားမှုကို သိရှိကြတဲ့အခါ အမြင်ချင်းဖလှယ်နိုင်တာပေါ့။ ဖော်ပြ၊ ချွတ်ပြ၊ လှုပ်ပြတာတွေဟာ စီးပွားရေးလားဆိုတာ ဆွေးနွေးသင့်ကြတဲ့ အချိန် ရောက်ပါပြီ။

မြန်မာအမျိုးသမီးတွေဟာ အစွမ်းထက်ကြပါတယ်။ ဖော်တဲ့ လှုပ်တဲ့ကိစ္စကို ရေးကြီးခွင်ကျယ် လုပ်မနေစေချင်ဘူး။ ဟိုတလောက ဘရူနိုင်းမှာကျင်းပတဲ့ အရှေ့တောင်အာရှအားကစားပွဲမှာ မြန်မာအမျိုးသမီး လေ့လှော်အသင်းက ရွှေတံဆိပ်ဆုနှစ်ခု၊ တခြားပွဲတွေမှာ ငွေတံဆိပ်တွေ၊ ကြေးတံဆိပ်တွေ ဆွတ်ခူးပေးပြီး တိုင်းပြည်ဂုဏ်ကို မြှင့်တင်ခဲ့တယ်။ အဲဒီလိုလုပ်ငန်းတွေ အများကြီးပါ။

ရုပ်ရှင်ဇာတ်သဘင် ဖျော်ဖြေရေးတွေမှာလည်း ကြည့်ပါ။ စီးပွားရေးအရ အသက်မွေးဝမ်းကျောင်းကြောင့် ရုပ်ရှင်ဇာတ်သဘင်မှာ ပါဝင်ကြရပေမဲ့ ဣန္ဒြေစောင့်ထိန်းတဲ့ အမျိုးသမီးနဲ့ မစောင့်ထိန်းသူ ဂုဏ်သရေချင်း ကွာသွားပါတယ်။

အန်တီစု ခဏခဏပြောခဲ့ဖူးတယ်။ ရုပ်ရှင်မင်းသမီးမှာဆိုရင် မေရှင်။

သူဟာ ရုပ်ရှင်သရုပ်ဆောင်အနေနဲ့ သဘာဝကျကျ သရုပ်ဆောင်ခဲ့လို့ နာမည်ကြီးခဲ့တယ်။ သီချင်းလည်းဆိုခဲ့တယ်။ အပြင်မှာ သူ့ဣန္ဒြေကို ထိန်းသိမ်းခဲ့လို့ ခုထိ 'မေရှင်'ဆိုတဲ့ နာမည်ဟာ ဂုဏ်သရေရှိစွာ ထင်ရှားဆဲ။

ဒီလိုပဲ ဇာတ်သဘင်လောကမှာ 'ကောလိပ်စိန်'ဟာ အန်တီစုတို့ ဝါးခယ်မနားက ထီးမနန်းရွာသူ။ အန်တီစု ဦးကြီးရဲ့ဇနီးနဲ့ ညီအစ်မဝမ်းကွဲတော်သူ။ ဇာတ်သဘင်မှာ မမမာအဆိုအရ ပြည်သူချစ်သော အနုပညာသည်တစ်ယောက်ပဲ။

ဂရိတ်ဦးဖိုးစိန်ဆိုတဲ့ ဇာတ်မင်းသားကြီးနဲ့ ကောလိပ်စိန် တွဲကခဲ့ရတယ်။ ဦးဖိုးစိန်ဟာ သူနဲ့ရတွဲကတဲ့ ဇာတ်မင်းသမီးတွေကို များသောအားဖြင့် 'တော်'

http://www.cherrythitsar.org



ကောက်တယ်။ ကောလိပ်စိန်နဲ့ကျတော့ လက်မြှောက်ရတယ်။ နှစ်ပါးသွား သစ္စာထားတွေမှာ ဖိုးစိန်ကြီးနဲ့ သားပြော မယားပြော ပြောရ၊ သဘာဝကျကျ သစ္စာတိုင်သီချင်းတွေ ဆိုကကြရပေမဲ့ အပြင်ကျတော့ သူ့ဣန္ဒြေနဲ့သူနေလို့ ဖိုးစိန်ကြီးက ကောလိပ်စိန် မာနကြီးကြောင်း သီချင်းစပ်ဆိုခဲ့ဖူးတယ်။ ဖိုးစိန်ကြီး 'တော်'ကောက်တာမခံဘဲ ဝါးခယ်မမြို့ အရှေ့ပိုင်းမှာ သေတဲ့အထိ အပျိုကြီးဘဝနဲ့ တရားဘာဝနာအားထုတ်သွားတယ်။ ဖိုးစိန်ကြီးတို့ မိသားစုကလည်း လေးစား စွာနဲ့ အဝေးကနေ စောင့်ရှောက်ပါတယ်။

အဲဒီအမျိုးသမီးကြီးတွေအတိုင်း ရုပ်ရှင်၊ ဇာတ်သဘင်တွေမှာ ပါဝင်ကြတဲ့ အမျိုးသမီးတွေ အပျိုကြီးလုပ်ရမယ်လို့ အန်တီစု မဆိုလိုပါဘူး။ တစ်သက်မှာ တစ်ခါ ချစ်တဲ့သူတွေ့ရင် ယူရမှာပါပဲ။ သို့သော် လုပ်ငန်းက လုပ်ငန်းတခြား၊ ကိုယ့်ဣန္ဒြေကို ကိုယ်စောင့်စည်းရမှာ ကိုယ့်တာဝန်ပဲ။

အယ်လီဇဘက်တေလာတောင် အသက် ၆၀အတွင်းမှာ လင် ၇ယောက် ယူသေးတာပဲ။ မွန်ရိုးဆိုလည်း တွဲချင်တဲ့သူနဲ့ တွဲတယ်ဆိုတဲ့ ဟိုးလီးဝုဒ်ရှိတဲ့ နေရာက အမေရိက အမေရိကန်ပရိသတ်၊ မြန်မာပြည်က မြန်မာပရိသတ် ဖြစ် တယ်။

မြန်မာရုပ်ရှင်မင်းသမီးနှစ်ဦး နာမည်လည်းကြီး၊ တော်လည်းတော်ပါတယ်။ အိမ်ထောင်သည်တွေ။ ဒါပေမဲ့ သူတို့ ကာမပိုင်ရှိလျက်နဲ့ တခြားလူနဲ့တွဲတော့ အနံ့ထွက်လာတာပဲ။ ဘယ်နေရာမှာ ဘာပဲလုပ်လုပ် ကိုယ်ကျင့်သိက္ခာနဲ့ ပတ် သက်တဲ့ ရနံ့ဟာ အမြဲရှိတယ်။ ကောင်းတာလုပ် ကောင်းတဲ့ရနံ့မွှေးလာသလို မကောင်းတာလုပ်ရင် မကောင်းတဲ့ရနံ့ 'နံ'လာမှာပဲ။ ပတ်ဝန်းကျင်ကို အနံ့ထွက်ပြီး အထင်သေးလာတယ်။ ဆိတ်ကွယ်ရာ မရှိဘူး။ နံရံတိုင်းမှာ နားရှိတယ်ဆိုတဲ့ စကား ကြားဖူးမှာပေါ့။

အန်တီစုတို့လည်း အသက် ၇၀ကျော်ပြီး အုတ်ဂူနားကို တဖြည်းဖြည်း နီးလာပြီ။ ဒါပေမဲ့ အန်တီစုမှာ အုပ်ထိန်းခြင်းမကင်းသေးဘူးလို့ဆိုရင် တူးတူး တို့က ရယ်မှာပဲ။ ဟုတ်တယ်၊ မြန်မာအမျိုးသမီးက မွေးစကနေ လင်ယူတဲ့အထိ မိဘကအုပ်ထိန်းတယ်။ လင်သည် သေရင်ဖြစ်ဖြစ် ကွဲရင်ဖြစ်ဖြစ် ယဉ်ကျေးမှု ဓလေ့ထုံးစံကို အမြဲလေးစားရပါတယ်။

ပုထုဇဉ်တွေပဲ မမှားဘူးလို့ အန်တီစု မဆိုလိုပါဘူး။

ဘုရားမှာ အန်တီစု ဆုတောင်းပါတယ်။ 'အမှားကိုလုပ်မိရင် မှားမှန်း

http://www.cherrythitsar.org



သိပါရစေ ဘုရား၊ မှန်တာလုပ်ရင်လည်း မှန်တာကို သိပါရစေဘုရား'လို့ ဆုတောင်းတယ်။ ဒီဆုတောင်းကို ဘုရားက ဖြည့်မှာမဟုတ်ဘူး။ ကိုယ့်ကိုယ်ကို သတိပေးတဲ့အနေနဲ့ နေ့တိုင်းရွတ်ဆိုရတာ။ တစ်ခါတစ်ခါ မှားတာလုပ်နေပေမဲ့ မှားမှန်းမသိတဲ့လူတွေ ရှိတယ်။ ကိုယ်လုပ်တာမှားနေတာ ကိုယ်သိမှ မြင်နိုင်တယ်။

အန်တီစုတို့ မြန်မာအမျိုးသမီးတွေဟာ အရပ်ရှစ်မျက်နှာက တိုက်ခတ်လာတဲ့ လေတွေကို မလွဲမသွေကို ရင်ဆိုင်နေကြရပါပြီ။

မြန်မာအမျိုးသမီးသမိုင်းမှာ စီးပွားရေးလောကကို သန့်ရှင်းစင်ကြယ်စွာနဲ့ ဦးဆောင်လာခဲ့တဲ့ အစဉ်အလာ မြန်မာအမျိုးသမီးတွေမှာရှိခဲ့တာကို မမမာ (လူထုဒေါ်အမာ) ရေးတဲ့ 'ကျွန်မတို့မန္တလေး'စာအုပ်မှာ ဖတ်ကြည့်ပါ။

အန်တီစုတို့ အခုလက်ထက်ကြခါမှ မြန်မာအမျိုးသမီးတွေ စီးပွားရေးကြောင့် ဣန္ဒြေတံခါးကို ရိုက်ချိုးရပါတယ်ဆိုတဲ့အဖြစ်မျိုး မရောက်ပါရစေနဲ့။

အန်တီစုရဲ့ 'မြင်းမိုရ်တောင်ကို တိုက်ခတ်လာသောလေကို လက်ဝါးနှင့်ကာခြင်း'ဆိုတဲ့ ဆောင်းပါးမှာပါတဲ့ 'မယားပြိုင်'အကြောင်း ရေးပါဦးမယ်။

**[Fashion Image၊ နိုဝင်ဘာလ၊ ၁၉၉၉ ခုနှစ်]**

# မယားပြိုင်

တူးတူးရေ…

ဒီလ အန်တီစု ကတိခံထားတဲ့အတိုင်း 'မယားပြိုင်'ကိစ္စကို ဆက်ရေးပါဦးမယ်။ 'အမျိုးသမီးကြေးမုံ'စာအုပ်မှာပါတဲ့ အန်တီစုဆောင်းပါးကိုဖတ်ရတဲ့ စာဖတ်သူအမျိုးသမီးတစ်ယောက်က အန်တီစုကို စာလှမ်းရေးတယ်။ အမှန်တော့ သူ့စာက ၁၉၉၈ ခုနှစ်ကတည်းက ရေးခဲ့တာပါ။ အန်တီစု နိုင်ငံခြားထွက်တာနဲ့ စာမပြန်ဖြစ်ဘူး။ စာပြန်ရအောင်လည်း သူက လိပ်စာထည့်မပေးတော့ မပြန်နိုင်ဘူး။

သူ့စာထဲမှာပါတဲ့ အချက်အလက်တွေကိုဖော်ပြရင်း အန်တီစု ဆွေးနွေးသွားရင် **(Fashion Image)**မဂ္ဂဇင်းပရိသတ်အတွက် အကျိုးရှိမယ်ထင်လို့ အန်တီစု ရေးသားဖော်ပြတာပါ။

ဒီအမျိုးသမီးက ဗဟုသုတအတော်စုံတဲ့ ခေတ်ပညာတတ် အမျိုးသမီးဖြစ်ပုံရတယ်။ သူလို အမျိုးသမီးသမီးတွေ ဥပဒေနယ်ပယ်၊ ပညာရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်နဲ့ စာပေနယ်ပယ်၊ ကျန်းမာရေးခေါ်တဲ့ ဆေးနယ်ပယ်မှာ အများကြီးရှိမှာပါ။ သူတို့က အန်တီစုတို့လို စာရွက်ပေါ်မှာ ချမရေးပေမဲ့ သူတို့ရင်မှာ ခံစားမှုရော၊ ဗဟုသုတရော အပြည့်ရှိတယ်လို့ အန်တီစု ယူဆတယ်။ သူတို့ ကနေ့အမျိုးသမီးတွေနဲ့ သက်ဆိုင်မယ့် အကြောင်းတွေ တစ်လတစ်ခါ ဝင်ရောက်ဆွေးနွေးကြရင် မဂ္ဂဇင်းပရိသတ်အတွက် အတော်အကျိုးရှိမယ် ထင်ပါတယ်။

http://www.cherrythitsar.org



အမျိုးသမီးက ရေးတဲ့စာမှာ...

အစ်မကြီးဆောင်းပါးမှာပါတဲ့ မယားပြိုင်ကိစ္စကို တင်ပြပါရစေ။

၁၉၆၈–၆၉ ခုနှစ်လောက်က ခရစ်ယာန်တရုတ် ဦးစိန် မယားကြီးရှိလျက်နဲ့ယူတဲ့ ဒေါ်ကြည်ကြည်ကိစ္စက စတယ်ဆိုတာ အစ်မကြီး သိမှာပါ။ အဲဒီခေတ်က ဒေါ်ကြည်ကြည်ကို အနိုင်ပေးချင်တာနဲ့ သူယူတုန်းက ဗုဒ္ဓဘာသာထုံးစံအရ ယူတာမို့ ဦးစိန်ဟာ ခရစ်ယာန်ဖြစ်သော်လည်း ဗုဒ္ဓဘာသာဥပဒေအရ ဒေါ်ကြည်ကြည်လည်း တခြား ခရစ်ယာန်မိန်းမကြီးနဲ့အတူပဲ အခွင့်အရေးရရမယ်ဆိုပြီး **(1st Time)**'မယားပြိုင်'ဆိုတဲ့စကား ပေါ်လာတာပါပဲ။

သတင်းစာတွေထဲ အင်္ဂလိပ်မြန်မာသတင်းစာတွေမှာ ဆတ်ဆတ်ခါနာကြတဲ့မယားကြီးတွေဖြစ်မှာပေါ့။ 'တောင်နန်းစံ'တို့ 'မဟာဒေဝီ'တို့ စတဲ့ နာမည်တွေနဲ့ ကန့်ကွက်စာတွေ ရေးကြတာ၊ အယ်ဒီတာက ဒီ 'မယားပြိုင်'ကိစ္စ မရေးကြပါနဲ့တော့ ဆိုပြီး ပိတ်ရတဲ့အထိဖြစ်တာ အစ်မကြီးအသိပါ။

ကျွန်မရဲ့ခင်ပွန်း အနှစ် (၃၇)နှစ်ကျော် သစ္စာရှိရှိပေါင်းလာပေလို့ပဲ။ သူသာရှုပ်ရင် ဒီဥပဒေကြီးကို ဘယ်လောက် ကျွန်မ စိတ်နာမလဲ။ အစ်မကြီးဆို ဘယ်လိုခံစားရမလဲ။ အစ်မကြီးရယ်၊ မယားပြိုင်ထားနိုင်တယ်ဆိုတာ ကျွန်မတို့ မြန်မာအမျိုးသမီးတွေရဲ့ အခွင့်အရေးမဟုတ်ပါဘူး။ မြန်မာအမျိုးသမီး ဇနီးကြီးတွေရဲ့ ဘဝ မလုံခြုံကြောင်း ပြနေတာပါလို့အဲဒီလို ရေးထားတယ်။

အန်တီစုရေးတဲ့ဆောင်းပါးမှာပါတဲ့ 'မယားပြိုင်'ကိစ္စနဲ့ပတ်သက်လို့ မယားကြီးတွေဘက်က သူတော်တော်စိတ်ထိခိုက်ပြီး မခံမရပ်နိုင်ဖြစ်တယ်ထင်ပါတယ်။ သူ့ထင်မြင်ချက်ကို အန်တီစုဆီရေးလိုက်တယ်။ မယားကြီးတွေဘက်က တွေးရင် ဒီလိုပဲခံစားရမှာပါ။ အန်တီစုရဲ့ 'မြင်းမိုရ်တောင်'ဆောင်းပါးမှာပါတဲ့ စာပိုဒ်ကို ပြန်လည်ဖော်ပြပါရစေ။

'မြန်မာပြည်တွင် ရာဂလွန်ကျူးသော ယောကျ်ားတချို့ကြောင့် မယားငယ်ယူမှုများ များလာသောအခါ မယားငယ်ကို ကာကွယ်သောအနေဖြင့် မယားငယ်ဟူ၍ မရှိ၊ မယားပြိုင်သာရှိရမည်။ အမွေဆက်ခံပိုင်ခွင့်မှာ မယားပြိုင်သည် မယားကြီးနှင့်တန်းတူရည်တူ အမွေဆက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ဤဥပဒေသည်လည်း မိန်းမများ မယားငယ်ဖြစ်ချင်လာအောင် အားပေးသော ဥပဒေမဟုတ်ပါ။ ဖောက်ပြန်သောယောကျ်ားတို့၏ ဆွဲဆောင်မှုကြောင့်ဖြစ်စေ၊ အခြေအနေအရပ်ရပ်ကြောင့် မလွှဲမရှောင်သာဘဲ မယားငယ်ဖြစ်ရသော

http://www.cherrythitsar.org



မိန်းမများကို ကာကွယ်ခြင်းဖြစ်သည်’လို့ အန်တီစု ဆောင်းပါးမှာ ဖော်ပြထားလို့ အန်တီစု စေတနာကိုလည်း သိလောက်ပါပြီ။

## စီရင်ထုံးနှင့်ဥပဒေ

အန်တီစုဆီရေးတဲ့အမျိုးသမီးရော အန်တီစုပါ ဒီမယားပြိုင်ကိစ္စကို ဥပဒေလို့ သုံးနှုန်းထားမိတယ်။ အမှန်တော့ မယားပြိုင်ကိစ္စဟာ တရုတ်အမျိုးသား ဦးစိန်ခရစ်ယာန်က မြန်မာအမျိုးသမီး ဒေါ်ကြည်ကြည်ကို မယားကြီးရှိလျက်ယူစဉ်က အဆုံးအဖြတ်ဖြစ်လာတဲ့ ‘မယားပြိုင်’စီရင်ထုံးပါပဲ။

ဒီစီရင်ထုံးဟာ ဘယ်ဥပဒေပေါ်မှာတည်ပြီး စီရင်ဆုံးဖြတ်သလဲဆိုရင် ဖဆပလအစိုးရလက်ထက် ‘ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်း ဥပဒေ’ကို အခြေခံပြီး ဆုံးဖြတ်ခြင်းဖြစ်တယ်။ ဒီဥပဒေကလည်း နိုင်ငံခြားသား သို့မဟုတ် မြန်မာပြည်ဖွား ဘာသာခြားအမျိုးသားများက မြန်မာအမျိုးသမီးများကိုယူရင် အကာအကွယ်ပေးတဲ့ ဥပဒေပဲဖြစ်တယ်။

ဒီဥပဒေဟာ မယားငယ်ထားချင်တဲ့ မြန်မာအမျိုးသားတွေအတွက်လည်း အဟန့်အတားဖြစ်လာပါတယ်။

အန်တီစုအနေနဲ့ကတော့ မယားပြိုင်ကိစ္စဟာ မယားငယ်ထားလိုသူ ယောကျ်ားသားတွေကြောင့် ဖြစ်ပေါ်လာရလို့ မယားကြီးတွေအပေါ်မှာလည်း စာနာစိတ်နဲ့သနားသလို၊ မယားငယ်ဆိုသူတွေအပေါ်မှာလည်း စိတ်မကောင်းမိဘူး။ ဘာဖြစ်လို့စိတ်မကောင်းဖြစ်ရသလဲဆိုရင် မယားကြီး မယားငယ် ဆိုသူတွေဟာ အန်တီစုတို့နှင့်ဘဝတူ အမျိုးသမီးချင်းဖြစ်ကြလို့ စိတ်မကောင်းဖြစ်ရ၊ စာနာသနားမိရတာပါ။

အန်တီစုရေးတဲ့ ‘ပိုးခန်းဆီးနောက်မှ ငရဲခန်းများ’ ဝတ္ထုမှာဆိုရင် ရာဂလွန်ကျူးရုံတင်မက ရက်စက်တဲ့ယောကျ်ားသားတစ်ယောက်ကြောင့် မယားကြီးရော မယားငယ်ရော ယောကျ်ားတွေရဲ့ တဏှာရာဂ ယဇ်ပလ္လင်မှာ စတေးခံရတဲ့ ငရဲခန်းကို ရေးထားပါတယ်။

## ဥပဒေပြုသူ၏ စေတနာ

မယားပြိုင်စီရင်ထုံးကို ပြန်ဆွေးနွေးပါရစေ။ မစုတို့ တချို့ မြန်မာတွေကလည်း အင်္ဂလိပ်အုပ်ချုပ်ခံဘဝကနေ ခုထိပါပဲ။ လူမျိုးခြား၊ ဘာသာခြားကို

http://www.cherrythitsar.org



ယူကြတယ်။ အင်္ဂလိပ်ခေတ် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုမှာ မြန်မာတို့ဘဝကို သရုပ်ဖော်တဲ့ သီချင်းတစ်ပုဒ်တောင် ရှိခဲ့ဖူးတယ်။

'ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်။ အမျိုးပျောက်မှာ စိုးကြောက်လှပါသည်'ဆိုတဲ့ သီချင်းပါပဲ။

များသောအားဖြင့် မြန်မာမတွေဟာ တရုတ်၊ ကုလားကို ယူကြတယ်။ စားရေးသောက်ရေး မဖူလုံတာကို အကြောင်းပြကြတယ်။ စီးပွားရေးကြောင့် ယူရတယ်ပေါ့။ အိန္ဒိယသားတွေကိုယူတဲ့ မိန်းမတွေ ဘယ်လောက် ဒုက္ခရောက်ကြသလဲဆိုတာ ပညာဝန်ထောက် ဦးဖိုးကျားရေးတဲ့ ကိုယ်တွေ့ဝတ္ထု 'မယ်မြ' မှာလည်း ဖတ်ကြည့်ပါ။ တကယ် အပြင်မှာလည်း မြန်မာအမျိုးသမီးတွေကို ကုလားတွေကယူ၊ စိန် ရွှေ အပြည့်ဆင်ပြီး အိန္ဒိယခေါ်သွား၊ ဟိုလည်းရောက် ဒီစိန် ရွှေတွေ ချွတ်ပြီး အိမ်မှာ ကျွန်လိုထားတယ်။ ယောက္ခမ၊ ယောက်မတွေက နှိပ်စက်လိုက်၊ မယားကြီးက နှိပ်စက်လိုက်နဲ့ တချို့မြန်မာမတွေ သေရတယ်။ ကုလားလင်သားကတော့ မြန်မာပြည်က စိန်၊ ရွှေတွေ ခိုးထုတ်ချင်လို့ မြန်မာမကို မယားအဖြစ် ခတုံးလုပ်တာပါပဲ။ မြတ်နိုးလို့ ချစ်လို့ မဟုတ်ဘူး။

တရုတ်ကိုယူတဲ့ မြန်မာမယားငယ်တွေလည်း မယားကြီးနှိပ်စက်သမျှ ခံရတယ်။ ဒါကြောင့် မြန်မာအမျိုးသမီးကိုယူရင် ဗုဒ္ဓဘာသာထုံးစံအတိုင်း ယူတဲ့ အတွက် မြန်မာမကို မယားကြီးနဲ့တန်းတူ အခွင့်အရေးပေးရမယ်ဆိုတဲ့သဘော နဲ့ 'ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းဥပဒေ'ဟာ ပေါ် လာရတာပါ။

ဒီနေရာမှာ ဥပဒေပြုတဲ့သူကလည်း 'ယောကျ်ားတွေ မယားငယ်များများယူ၊ မိန်းမတွေလည်း မယားငယ်လုပ်ကြလို့ အားပေးချင်တဲ့ ရည်ရွယ်ချက်သဘောနဲ့ လုပ်တယ်'လို့ အန်တီစု မယူဆဘူး။

မြန်မာမတွေ နိုင်ငံခြားသားယူတဲ့အခါ အခွင့်အရေး မဆုံးရှုံး မနစ်နာစေ ချင်တဲ့သဘောနဲ့ မြန်မာမတွေကို အကာအကွယ်ပေးရအောင် ဒီဥပဒေပြဋ္ဌာန်း ထားတာပါ။

ဥပဒေဆိုတာကလည်း အင်္ဂလိပ်ဆေးသုံးရသလို **(Side Effect)** ဆိုတာ ရှိတတ်တယ်။ ဒါကြောင့် ဒီဥပဒေကို အခြေခံပြီး စီရင်တဲ့ မယားပြိုင်စီရင်ထုံးဟာ မယားကြီးတွေ လုံခြုံမှုကို ထိခိုက်လို့ မယားကြီးတွေ မခံမရပ်နိုင်ဖြစ်ကြတယ် ဆိုတာကိုလည်း အပြစ်မဆိုသာပါဘူး။

စကားစပ်မိလို့ ပြောရဦးမယ်။ အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက မြန်မာမတွေပဲ နိုင်ငံခြားသားယူရင် အနှိမ်ခံရတာမဟုတ်ဘူး။ မြန်မာအမျိုးသားတွေကိုလည်း ဥပဒေနဲ့နှိမ်ထားတယ်။ မြန်မာအမျိုးသားတစ်ယောက်ဟာ ဘာသာကွဲ အမျိုးသမီးကိုချစ်မိလို့ နှစ်ဦးသဘောတူ ခိုးယူပေါင်းသင်းရင် အဲဒီမြန်မာအမျိုးသားကို 'ဘာသာဖျက်မှု'နဲ့ ဖမ်းဆီးတရားစွဲဆိုပြီး ထောင်ချ အပြစ်ပေးခံရပါတယ်။ မြန်မာအမျိုးသမီးကို ဘာသာခြားနဲ့လူမျိုးက ဘယ်လောက်ယူယူ ယူနိုင်တယ်။ သူတို့သမီးကျတော့ မြန်မာအမျိုးသားက လက်ဖျားနဲ့ မထိရဘူး၊ ဘာသာဖျက်ဥပဒေနဲ့ ကာကွယ်ထားတယ်။

မြန်မာပြည်မှာ ဘာသာခြားနဲ့ လူမျိုးခြားကို မနှိမ်ပါဘူး။ ဘာသာခြားတွေက မြန်မာအမျိုးသမီးကို လက်ထပ်ပြီး အခွင့်အရေးမပေးတဲ့အတွက် မြန်မာအမျိုးသမီးတွေအတွက် လိုအပ်လို့ မြန်မာအမျိုးသမီးများကို ကာကွယ်ဖို့ အစိုးရဥပဒေပြဋ္ဌာန်းရတာပါပဲ။

## နှစ်ဦးနှစ်ဖက်

မယားငယ်ကိစ္စမှာတော့ တစ်ဖက်တည်းပြောလို့ မရဘူး။ ယောကျ်ားတွေဘက်ကလည်း တစ်လင်တစ်မယားစနစ်ကို လေးစားပြီး ကာမဂုဏ်လွန်ကျူးမှုကို ထိန်းချုပ်နိုင်မယ်ဆိုရင် မယားငယ်ကိစ္စ မပေါ်နိုင်ပါဘူး။ တချို့ယောကျ်ားတွေက ငွေပေါတော့ မြူးဝက ငါးစောင့်ဖမ်းသလို ငွေထောင်ချောက် ထောင်ထားပြီး မိန်းကလေးတွေကို ဖမ်းပြီး မယားငယ်လုပ်ကြတယ်။ တချို့မိန်းကလေးတွေဟာ စီးပွားရေးမပြေလည်လွန်းလို့ မိသားစုအတွက် အနစ်နာခံပြီး မယားငယ်ဘဝ သက်ဆင်းရတယ်။

တချို့အမျိုးသမီးကျတော့ ယောကျ်ားအပြစ်မရှိဘူး၊ ငွေကြေးလည်းချမ်းသာတယ်၊ ပညာတတ် အထက်တန်းလွှာမှာ အလုပ်အကိုင် အခြေတကျရှိပါလျက်နဲ့ ကာမပိုင်ရှိတဲ့ယောကျ်ားနဲ့ မယားငယ်လို့သာ အမည်မခံတာ၊ တိတ်တိတ်ပုန်း သဘောတူ ပေါင်းသင်းတဲ့ မိန်းမများရှိတယ်။

ခုခေတ် ကုမ္ပဏီမှာ နိုင်ငံခြားသားရော မြန်မာကုမ္ပဏီပိုင်ရှင် **(Boss)**ဆိုသူတွေနဲ့ မန်နေဂျာရဲ့ အတွင်းရေးမှူးလုပ်တဲ့ အမျိုးသမီးတချို့ဟာ သူတို့ ဝင်ငွေနဲ့မမျှတဲ့ အဝတ်အစားအမျိုးမျိုးထည်လဲဝတ်၊ ကုမ္ပဏီပိုင်ရှင်ကို မျက်နှာချိုသွေး၊ ခြေတော်တင်ခံ၊ ငွေချူပြီး မြန်မာအချင်းချင်း လုပ်ဖော်ကိုင်ဘက်တွေကို

http://www.cherrythitsar.org



ပါဝါပြသူတွေလည်း ရှိတယ်။

ကိုယ့်ဝင်ငွေနဲ့ကိုယ် မျှတအောင်မနေဘဲ လောဘနောက်ကို လိုက်နေတာက တော့ မဖြစ်သင့်တာတွေပဲ။ ယောကျ်ားတွေကိုချည်း အပြစ်ဖို့လို့မရဘူး။ နှစ်ဦးနှစ်ဖက် လွန်ကျူးမှ ဖြစ်တဲ့ကိစ္စ။

မိန်းမတွေ တကယ်လည်လာတော့ သူတစ်ပါးလင်သားကိုလည်း မြူဆွယ်ပြီး သူ့ဘက်ပါအောင်လုပ်တယ်၊ ယောကျ်ားကို မယားကြီးနဲ့ကွာခိုင်းပြီး ပြောင်ပြောင်တင်းတင်းပဲ အဲဒီလူကိုယူလိုက်တယ်။ လူကိုရော၊ ပစ္စည်းကိုရော လက်ဝါးကြီးအုပ် အပိုင်စီးလိုက်တော့ အဲဒီယောကျ်ားခံသွားရတာပဲ။ မိန်းမအနေနဲ့ မယားငယ်မဟုတ်တော့ဘူး။ မယားကြီးကို တရားဝင်ကွာရှင်းထားလို့ ဒုတိယမယားဘဲဖြစ်တော့တယ်။ ဒီကိစ္စတွေ မျက်နှာကြီးပိုင်းမှာကိုရှိတယ်။ ကျွမ်းကျင်လိမ္မာစွာနဲ့ မယားငယ်ဆိုသူက အပိုင်စီးလိုက်တာပါပဲ။

## ကံ

စောစောကပြောခဲ့သလို စီးပွားရေးကျပ်တည်းလို့ ကာမဂုဏ်လွန်ကျူးတဲ့ယောကျ်ားတွေ ထောင်ချောက်မှာ အမိခံရတဲ့ မိန်းကလေးတွေ၊ ဘာသာခြားယောကျ်ားကို ယူမိတဲ့မိန်းကလေးတွေ၊ ကံအကြောင်းမလှလို့ မယားငယ်ဖြစ်ရတဲ့မိန်းကလေးတွေအတွက် အစိုးရကလည်း ဥပဒေပြုပေးရတယ်။

ကံဆိုတာလည်း မယုံမရှိနဲ့၊ အမွှာပါလီကိုကြည့်ပါ။ ဆွေကောင်းမျိုးကောင်း၊ ငွေကြေးပြည့်စုံပြီး အသိပညာရှိပေမဲ့ အတိတ်ကံကြောင့် ပြည့်တန်ဆာဖြစ်ရတယ်။

လူမတန် ကံကိုချည်းမချပါနဲ့ဆိုချင်လည်းဆို၊ တစ်ခါတစ်ရံ အတိတ်ကံက ဖန်တီးလာရင် ဘာမှမတတ်နိုင်ဘူး။

အန်တီစုငယ်ငယ်က မေမေက ပြောဖူးတယ်။

"သမီးရယ်၊ မယားငယ်ဖြစ်ရတဲ့ မိန်းကလေးတွေကိုတွေ့ရင် ပက်ပက်စက်စက် သူများလင်ခိုးတယ်၊ ဘာတယ် မပြောပါနဲ့။ ဘယ်သူမှ အငယ်မဖြစ်ချင်ဘူး။ ကိုယ့်လင်သားကို ပြောင်ပြောင်တင်းတင်း မယားကြီးအဖြစ်ပဲ ချစ်ချင်ကြတယ်။ ဝိပါကဝဋ်ပါလာရင် မရှောင်လွှဲနိုင်ဘူး။ ဒီလိုပဲ ကိုယ်နဲ့ရင်းစားရတဲ့မိန်းမတွေ တွေ့ရင်လည်း **'xxx'** ဘာညာနဲ့ မပြောပါနဲ့။ သူတို့လည်း ဝါသနာပါလို့ ဖြစ်တာတွေရှိသလို၊ စီးပွားရေးကြောင့်နဲ့ အတိတ်ကံကြောင့် ဒီဘဝသက်ဆင်းရတာတွေ ရှိတယ်တဲ့" မေမေက စာနာစိတ်နဲ့ပြောတာပါ။

http://www.cherrythitsar.org



မေမေ့ဝါဒကို လက်ခံလိုမှ လက်ခံကြပါလိမ့်မယ်။ ခုခေတ်မှာ လူတွင်ပါလို့ နွားကျားကိုက်ကြတဲ့အဖြစ်တွေ တွေ့ရပါများတော့လည်း ကိုက်ဆွဲသတ်ဖြတ်တဲ့ တိရစ္ဆာန်နဲ့ 'ကျား'သတ္တဝါကို ရန်သူလို့ မမြင်ဘဲ လူအချင်းချင်း အပြစ်ဖို့ကြတယ်။ အဲဒီလိုပဲ မယားကြီး၊ မယားငယ်ပြဿနာမှာလည်း ကာမဂုဏ်လွန်ကျူးတဲ့ လူသားစား 'ကျား'(လူသားယောကျ်ား) ဟာ ဘုံရန်သူဖြစ်ရမှာကို မေ့ပြီး မိန်းမချင်း မုန်းတီးပြီး ရန်သူလို ဖြစ်နေတယ်။

## လင်တူမယား

စီးပွားရေး အခက်အခဲကြောင့်ပဲဖြစ်စေ၊ ယောကျ်ားဆိုသူတွေရဲ့ လော်မာမှုကြောင့်ပဲဖြစ်စေ၊ မိန်းကလေးတွေကိုယ်တိုင်က ဖောက်ပြန်လို့ပဲဖြစ်စေ 'မယားငယ်' ဆိုတဲ့ပြဿနာပေါ်လာရင် မယားကြီးလည်း စိတ်မချမ်းသာရ၊ သူများအချစ်ကို တိတ်တိတ်ခိုးယူတဲ့ မယားငယ်လုပ်သူလည်း စိတ်မချမ်းသာရပါဘူး။

နှစ်ဦးနှစ်ဖက်လုံး စိတ်ဆင်းရဲရတယ်။ အမျိုးသမီးတွေမှာ မည်သည့်ဆင်းရဲဟာ အဆင်းရဲဆုံးလဲဆိုတာ ဇာတ်တော်မှာ သာဓကတစ်ခု ရှိခဲ့ဖူးတယ်။

ဗာရာဏသီမင်းကြီးဟာ ပြည့်ရှင်ဘုရင် မဖြစ်ခင်ကတည်းက အိမ်ရှေ့စံဘဝမှာ ကြင်ယာရှိခဲ့တယ်။ ခမည်းတော်နတ်ရွာစံလို့ ထီးနန်းစံတဲ့အခါ အိမ်ရှေ့စံ ဘဝက ကြင်ရာတော်ကိုပဲ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်တယ်။

မိဖုရားကြီးဟာ တစ်နေ့မှာ သမီးတော်လေးတစ်ပါး ဖွားမြင်လာတယ်။ ဘုရင်ကြီးဟာ သမီးတော်လေးကို အလွန်ချစ်မြတ်နိုးလို့ သမီးတော်ကို မွေးဖွားပေးတဲ့ မိဖုရားကြီးကိုလည်း အထူးမြှောက်စားတယ်။ သမီးတော် အရွယ်ရောက်တော့ အင်မတန်လှပါတယ်။ အဲဒီအချိန်မှာ ဘုရင်ကြီးက မိဖုရားခေါင်ကြီးကို မေးတယ်။

"မိဖုရားကြီး၊ အမျိုးသမီးတို့တွင် မည်သည့်ဆင်းရဲသည် အကြီးမားဆုံးဆင်းရဲဖြစ်ပါသနည်း"လို့ မေးတယ်။ မိဖုရားကြီးက...

"ဘုရင်မင်းမြတ်၊ ကျွန်ုပ်တို့ အမျိုးသမီးများတွင် 'လင်တူမယား'တို့နှင့် အတူနေရခြင်းသည် အလွန်တရာပင်ပန်းဆင်းရဲလှပါ၏"လို့ ပြန်ဖြေတယ်။ မိဖုရားကြီးအဖြေကြောင့် ဘုရင်ကြီးက အမျိုးနိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ သူ့သမီးတော်တစ်ယောက်တည်းကိုသာ သတ်သတ်မှတ်မှတ်ပေါင်းသင်း၍ စိတ်ချမ်းသာစွာထားနိုင်မယ့် ယောကျ်ား

http://www.cherrythitsar.org



ကောင်း ယောကျ်ားမြတ်ကိုရှာပြီး သမီးတော်နဲ့ ပေးစားတယ်။ ဒီဇာတ်အရ မိန်းမတို့ရဲ့ ဆင်းရဲတကာ့ဆင်းရဲကို သိလောက်ပါပြီ။

## မယားငယ်ကို အားမပေးပါ

အန်တီစုပြောပြခဲ့တဲ့ 'မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်း ဥပဒေ'ဟာ နိုင်ငံခြားသားနဲ့ မြန်မာပြည်ပေါက် ဘာသာခြားများကိုယူတဲ့ မြန်မာအမျိုးသမီးတွေကို ကာကွယ်တဲ့ဥပဒေအဖြစ် ပြဋ္ဌာန်းထားတာပါ။ အဲဒီဥပဒေဟာ မြန်မာအမျိုးသားများကိုပါ သက်ရောက်တဲ့အတွက် မြန်မာအမျိုးသမီး မယားကြီးတွေ မခံမရပ်နိုင် မဖြစ်စေချင်ဘူး။

ယခု ရုံးတော်မှာ စီရင်ထုံးဥပဒေတစ်ခုရှိသေးတယ်။ အမျိုးသမီး တစ်ယောက်က ယောကျ်ားကွာချင်ရင် လင်ယောကျ်ားသည် ပေါင်းသင်းနေသော မယားကြီးအား 'စိတ်ဓာတ်ရေးရာအရ ညှဉ်းဆဲနှိပ်စက်ခြင်း **(Mental Torture)**ဖြစ်စေ၊ ခန္ဓာကိုယ်ကို ရိုက်ပုတ်ညှဉ်းဆဲနှိပ်စက်သည်ဖြစ်စေ **(Physical Torture)**ပြုလုပ်လျှင် ဒီယောကျ်ားကို ကွာပိုင်ခွင့်' စီရင်ထုံးမှာ ရှိပါတယ်။

မယားငယ်နေခြင်းဟာ မယားကြီးရဲ့စိတ်ကို ပူပန်စေတယ်။ နှလုံးသားကို နာကျင်စေတဲ့အတွက် **(Mental Torture)**ဖြစ်ပါတယ်။ ဒါကြောင့် မယားငယ်ထားခြင်းကို အားမပေးဘူးဆိုတာ ပြသနေတာပါပဲ။ ဗုဒ္ဓဘာသာအရ မိမိလင်သား၊ မိမိဇနီးမယားရှိလျက်နဲ့ သူတစ်ပါးသားမယားကို ပြစ်မှား ကျူးလွန်ခြင်းကို ခွင့်မပြုပါဘူး။

## ဘာသာရေးနှင့် ဥပဒေက တားသော်လည်း

ကုသိုလ်၊ အကုသိုလ်ကို ဖွင့်ဆိုတဲ့နေရာမှာလည်း မိမိရဲ့ ကိုယ်နှုတ်နှလုံး သုံးပါးလုံး အပြုအမူဟာ သူတစ်ပါးကို ထိခိုက်နာကျင်စေရင် ဒါဟာ အပြစ်၊ မကောင်းမှုအကုသိုလ်ဖြစ်တယ်။ မိမိရဲ့ ကိုယ်နှုတ်နှလုံး သုံးပါးလုံး အပြုအမူဟာ သူတစ်ပါးကို ထိခိုက်နာကျင်မှုမဖြစ်ဘူးဆိုရင် ကောင်းမှုကုသိုလ်ဖြစ်တယ်။

မိမိရဲ့လင်သား သူတစ်ပါးကို စိတ်ညွတ်တယ်ဆိုရင် ဒီမိန်းမနှလုံးသားဟာ လောင်ကျွမ်းပူတာမှာ ပြာကျနိုင်လို့ ဒီလို သားကြီးမယားကြီး စိတ်နှလုံးပူပန်အောင် ယောကျ်ားကလည်း မလုပ်သင့်သလို၊ မိန်းကလေးတွေအနေနဲ့ သူတစ်ပါး ယောကျ်ားကိုချစ်မိရင် ကိုယ့်နှလုံးသား သာယာစေဖို့ ဆန္ဒပြည့်ဖို့ သူတစ်ပါး

http://www.cherrythitsar.org



နှလုံးသားကို ပြာမချသင့်ဘူး။ ချစ်မိရင်တောင် နောက်ဆုတ်သင့်ပါတယ်။ အမျိုးသမီးချင်း စာနာရမှာပေါ့။

ဗုဒ္ဓဘာသာအရ ငါးပါးသီလမှာ ကာမေသုမိစ္ဆာစာရကံဆိုတာ ရှိပါတယ်။ သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ကြတာ များပါတယ်။

ချမ်းမြေ့ဆရာတော်ဘုရား ဖွင့်ဆိုချက်ကတော့ 'ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း'လို့ ဖွင့်ဆိုပါတယ်။ ဆရာတော်ဘုရား ဖွင့်ဆိုချက်က ပိုပြီးပြည့်စုံတယ် ထင်တယ်။ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းဆိုတော့ ယောကျ်ားမှာ သားကြီးမယားကြီး၊ မိန်းမတွေမှာလည်း လင်သားရှိပါလျက်နဲ့ လွတ်လပ်သူနဲ့ဖြစ်စေ၊ မလွတ်လပ်သူနဲ့ဖြစ်စေ သူတစ်ပါးနဲ့ ဖောက်ပြန်တာဟာ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းပဲ။

ဥပဒေသတွေ ဘယ်လိုပြဋ္ဌာန်းပြဋ္ဌာန်း၊ ဘာသာရေးပညတ်ချက်တွေ ဘယ်လောက်ပဲရှိရှိ၊ လူဆိုတဲ့ပုထုဇဉ်ဟာ လက်တစ်လုံးခြား ဝိနည်းရှောင် ချိုးဖောက်ကြတာပါပဲ။ အမေရိကန်သမ္မတ ကလင်တန်ကြည့်၊ ဘုရားရှိခိုးကျောင်းဘုန်းကြီးရှေ့ လက်ထပ်ပြီး အိုနာကျိုးကန်း သေသည်အထိ ဟီလာရီကို သစ္စာရှိစွာ ပေါင်းသင်းပါ့မယ်လို့ ကတိသစ္စာပြုပြီး ပေါင်းသင်းခဲ့ပေမဲ့ ဘုရင်ခံဘဝက သမ္မတဖြစ်သည်အထိ သူ့ရဲ့ချိုးဖောက်မှုတွေက အထင်အရှားပါပဲ။ ကလင်တန်လိုလူမျိုးတွေ အများကြီးပါ။

အမေရိကန်ဖြစ်ဖြစ်၊ အင်္ဂလိပ်ဖြစ်ဖြစ်၊ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ်၊ အမျိုးသမီးတွေဟာ ယောကျ်ားတွေ သစ္စာဖောက်ခံရခြင်းကို 'ကမ္ဘာနာ'လို ခံစားရတာပါပဲ။

အိမ်ထောင်ရေးမှာတော့ ဒေးလ်ကာနက်ဂျီပြောတဲ့ စကားကို သတိရတယ်။

'အိမ်ထောင်ဘက်ရှာရာမှာ လူကောင်းကိုချည်း မရှာနဲ့၊ ကိုယ်ကိုယ်တိုင်ကောင်းဖို့လည်း လိုသေးတယ်'တဲ့။

အဲဒီလိုပဲ နှစ်ဦးနှစ်ဖက်ကောင်းဖို့လိုပါတယ်။ အမျိုးသမီးတွေအနေနဲ့ အချစ်ဆိုတာ 'ဤအရာကား တားဆီး၍မရပါ'ဆိုတဲ့ စကားလုံးလေးလိုပဲ တစ်နေ့နှလုံးသားမှာပေါ်လာမြဲပါ။ အချိန်တန်လို့ လင်သားတစ်ယောက် ယူခြင်းဟာ အပြစ်မဟုတ်ပါဘူး။ သို့သော် ကိုယ့်နှလုံးသားဆန္ဒပြည့်ဖို့ သူတစ်ပါးနှလုံးသားကို နင်းခြေပြာကျအောင် အပူမပေးသင့်ပါဘူး။ ကိုယ်ချစ်နေသူဟာ မယားကြီးရှိ

http://www.cherrythitsar.org



မှန်းသိရင် နောက်ဆုတ်ရမှာပေါ့။

အမျိုးသမီးရော အမျိုးသားရော တစ်ဦးနှလုံးသားကို တစ်ဦး နာကျင်အောင် မလုပ်ရင် 'မယားငယ်'တို့၊ 'မယားပြိုင်'တို့ပြဿနာပေါ်စရာမရှိပါဘူး။ အိမ်ထောင်ရေးဘဝ သာယာကြမှာပါ။

*(ဤဆောင်းပါးရေးဖြစ်အောင်ကူညီသော ဥပဒေပညာရှင် ဦးကျော်ညွန့်အား ကျေးဇူးတင်ပါ၏)*

**[Fashion Image ဒီဇင်ဘာလ၊ ၁၉၉၉ ခုနှစ်]**

# မယားကြီး

တူးတူးရေ...

မယားပြိုင်ကိစ္စကို ရေးခဲ့ပြီးပြီ။ အန်တီစုက ဥပဒေရေးရာ မကျွမ်းကျင်လေတော့ ဥပဒေပညာရှင်နဲ့ တိုင်ပင်ဆွေးနွေးပြီး ရေးပါတယ်။ အမှားပါရင် အန်တီစု ချို့ယွင်းချက်ပဲဖြစ်ပါတယ်။

ခု မယားကြီးပြဿနာကို ရေးချင်တာပါ။ ပြီးခဲ့တာမှာ အန်တီစု ရေးခဲ့တယ်။ မယားကြီးတွေအတွက် ဥပဒေသရှိခဲ့တယ်။

မိန်းမတစ်ယောက်အပေါ်မှာ လင်သားက စိတ်နှလုံးကို ဆင်းရဲနာကျင်အောင် ညှဉ်းပန်းနှိပ်စက်သည်ဖြစ်စေ၊ ခန္ဓာကိုယ်ကို ရိုက်ပုတ်ညှဉ်းပန်းသည်ဖြစ်စေ (ကိုယ်စိတ်ပေါ့)၊ မယားကြီးသည် ဒီယောကျ်ားကို ကွာရှင်းပိုင်ခွင့်ရှိတယ်။ မယားငယ်ယူတာဟာ မယားကြီးရဲ့စိတ်ကို ပူပန်ညစ်နွမ်းစေလို့ လင်ယောကျ်ားကို ကွာနိုင်တယ်ဆိုတဲ့ ဥပဒေသဟာ မယားငယ်ယူခြင်းကို တစ်နည်းအားဖြင့် တားမြစ်ခြင်းပဲ၊ အားမပေးခြင်းဘဲဖြစ်တယ်လို့ ရေးခဲ့ပါတယ်။

## ဥပဒေရှိသော်လည်း

ဒါပေမဲ့ မြန်မာအမျိုးသမီး မယားကြီးတွေအတွက်က ခက်သားလား၊ ကိုယ့်လင်သား မယားငယ်နေတာကို လက်ဆုပ်လက်ကိုင်တွေ့တာတောင်

http://www.cherrythitsar.org



ကျိတ်မှိတ်သည်းခံပြီး ဣန္ဒြေမပျက်နေကြတယ်။ ရှက်တာလည်းပါတယ်။ ငွေရေး ကြေးရေး မခိုင်လုံ မတောင့်တင်းလေတော့ လင်က ပစ်သွားရင် ကျန်ရစ်တဲ့ သားသမီးကို မိန်းမက တစ်ယောက်တည်း တာဝန်မယူနိုင်လေတော့ တွယ်ကပ်ပေါင်းနေရတာပဲ။

တချို့ကလည်း ချစ်ကိုချစ်လို့ မခွဲနိုင်လို့ ပေါင်းနေကြရတယ်။ တချို့ကျတော့လည်း ယောကျ်ားမရှိလည်း စီးပွားရေးတောင့်တင်းပေမဲ့ သားသမီးတွေ ဖခင်မေတ္တာ ခံယူနိုင်ပါစေ၊ ဖခင်အရိပ်ကို ခိုလှုံနိုင်ပါစေဆိုတဲ့သဘောနဲ့ မယားငယ်ယူတဲ့ ယောကျ်ားကို သည်းခံပေါင်းသူတွေ ရှိပါတယ်။

စိတ်ကို ညှဉ်းဆဲရုံမက ခန္ဓာကိုယ်ကို ညှဉ်းဆဲတာတောင် 'အရိုးကွဲအောင် ရိုက်မှ အသည်းစွဲအောင်ချစ်တယ်'ဆိုတဲ့ စကားအတိုင်း လင်သည် တဘုံးဘုံး ရိုက်နေတဲ့ကြားက မကွာနိုင်ကြတာတွေ ပြည့်လို့ပါ။ လင်သားက အိမ်ထောင်ရေး ဖောက်ပြန်လို့ ကွာရှင်းပြတ်စဲတယ်ဆိုတဲ့ မိန်းမဟာ ၁၀၀ မှာ ၂၅ ရာခိုင်နှုန်း လောက်ပဲ ရှိတယ်။ ကျန်တဲ့ ၇၅ ရာခိုင်နှုန်းက မကွာဘဲ ကျိတ်မှိတ်ပေါင်းကြပါတယ်။

တွေ့ဖူးတဲ့ အမျိုးသမီးတစ်ယောက်ကတော့ သူ့ခင်ပွန်းဟာ အိမ်ထောင်ရေး ဖောက်ပြန်တယ်။ အပြင်မှာ အမျိုးသမီးအမျိုးမျိုးနဲ့တွဲပြီး ရှုပ်ပွေနေတော့ ဇနီးသည်က သည်းမခံနိုင်တော့ဘူး။ ရုံးတော်မှာ လျှောက်ထားပြီး ကွာရှင်းခွင့် တောင်းတယ်။ ယောကျ်ားက ကွာမပေးဘူး။ အမှုကိုဆွဲထားတယ်။ နောက်ဆုံးတော့ ယောကျ်ားက တောင်းဆိုတယ်။

'သူနဲ့ သူ့ဇနီး လက်ထက်ပွား ပစ္စည်းများကို ဇနီးက ဘာတစ်ခုမှ မယူဘူးဆိုရင် ဒီဇနီးကို သူကွာရှင်းခွင့်ပေးမယ်'လို့ ပြောတယ်။ အမျိုးသမီးက ဘာတစ်ခုမှမယူဘူး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သမီးနှစ်ယောက် လက်ဆွဲပြီး ဆင်းလာတယ်။ ရုံးတော်မှာ ကွာရှင်းခွင့်အမိန့်ချတဲ့နေ့မှာ သူ့ယောကျ်ားကို ပါးရိုက်ခဲ့တယ်။ သူကတော့ သတ္တိခဲပဲ။ သူ့သမီးနှစ်ယောက်ကိုလည်း သူ တစ်ယောက်တည်း တာဝန်ယူခဲ့တယ်။ အဲဒီအမျိုးသမီးမျိုးက ၂၅ ရာခိုင်နှုန်းလောက်ပဲ ရှိတယ်။ ကျန် ၇၅ ရာခိုင်နှုန်း မယားကြီးတွေဟာ လင်ရဲ့ အိမ်ထောင်ရေး ဖောက်ပြန်မှုကို ခေါင်းငုံ့ခံကြရပါတယ်။ ဥပဒေက ကွာနိုင်တယ်ဆိုပေမဲ့ မကွာကြဘူး။

http://www.cherrythitsar.org



**စာဖတ်သူများထံမှစာ**

အန်တီစုက စာရေးဆရာဆိုတော့ စာဖတ်ပရိသတ်ဆီက စာတွေလာတယ်၊ ရင်ဖွင့်ကြတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးတွေပေါ့။ အန်တီစုက သူတို့ရေးတဲ့ စာတွေ ဖတ်ပြီး အံ့ဩမိတယ်။ တချို့က မယုံနိုင်လောက်အောင်ကို ထူးဆန်းတဲ့အကြောင်းတွေ၊ အန်တီစုအနေနဲ့ ထူးဆန်းပေမဲ့ အပြင်မှာတော့ ရိုးချင်ရိုးနေမှာပေါ့။

တချို့မိန်းကလေးတွေကျတော့လည်း ဘာသာရေး၊ လူမှုရေးအရ ခွင့်မပြုတာတောင် 'အန်တီ သမီးပြဿနာက အထက်အရာရှိမှာ မယားကြီးရှိမှန်းသိပေမဲ့ ကျွန်မ ချစ်နေမိပြီ'လို့ ပါလာတယ်။ အန်တီအံ့ဩတယ်။

နောက်အမျိုးသမီးကြီးတစ်ယောက်ကတော့ 'သူ့ယောကျ်ားဟာ မယားငယ်တော့ မယူဘူး၊ ခေတ်ပညာတတ် ငွေကြေးချမ်းသာတဲ့ အပျိုကြီးတစ်ယောက်နဲ့ တိတ်တိတ်ပုန်းပေါင်းသင်းနေတာ (၁၀) နှစ်ရှိပြီ'တဲ့။

မယားကြီးတစ်ယောက်ဆီကတော့ 'သူ့ယောကျ်ားဟာ သမီးအရွယ် မိန်းကလေးနဲ့ အပျော်အပျော်ဆိုပြီး တွဲနေတယ်။ Date လုပ်တယ်ပေါ့။ သားသမီးတွေကလည်း မကျေနပ်ဘူး။ ယောကျ်ားက ငါ မယားငယ်မယူဘူး၊ အပျော်ဆက်ဆံတာလို့ ပြောတယ်တဲ့။ ဒီမိန်းကလေးက အပျို၊ မိဘတွေနဲ့နေတယ်။ အပျိုတစ်ယောက်ဟာ ကိုယ့်ရည်းစားကိုတောင် လက်မထပ်ခင် ခန္ဓာကိုယ်ကို ပုံအပ်တဲ့ မြန်မာမိန်းကလေး ရှားတယ်။ သူ့ယောကျ်ားလို အဖေအရွယ်လောက်ကို ခေါ်ရာလိုက်ပြီး တိတ်တိတ်ပုန်းညားနေတာ အပျိုအတုကြီးများလားတဲ့။ သူ့ယောကျ်ားဟာ လည်လွန်းတဲ့ဘီး ချေးသင့်မှာ သူစိုးသတဲ့'

သူကလည်း သူ့ယောကျ်ားကို မကွာနိုင်တဲ့အပြင် စိုးရိမ်ရှာသေးတယ်။

အန်တီစုက ဒီစာတွေဖတ်ပြီး စိတ်မကောင်းဘူး။ တစ်ခုလည်း တွေးမိတယ်။ ပြည့်တန်ဆာပြဿနာကမှ ဖြေရှင်းရ လွယ်ကူသေးတယ်။ ဒီအလုပ်က တရားဝင်မဟုတ်တော့ ပြစ်မှုကျူးလွန်ရင် ဖမ်းဆီးအပြစ်ပေး ဒဏ်တပ်ပေါ့။ ထောင်ကလွတ်တော့လည်း အသက်မွေးဝမ်းကျောင်းသင်ပေးတဲ့ အမျိုးသမီး စောင့်ရှောက်ရေး ဂေဟာတွေကနေ ဒီအမျိုးသမီးလေးတွေကိုပြုပြင်ပေး၊ စီးပွားရေးပြေလည်ဖို့ ကောင်းရောင်းကောင်းဝယ် ရှာစားနိုင်အောင်လုပ်ပေးပေါ့။ ဒီအလုပ်ကို ဝါသနာပါလို့လုပ်တဲ့ မိန်းကလေးတွေကလွဲလို့ ကျန်မိန်းကလေးတွေကို ပြည့်တန်ဆာဘဝ ပြန်မရောက်အောင် တားဆီးကာကွယ်နိုင်တယ်။ ဥပဒေအရရော၊

အသင်းအပင်းတွေ အကူအညီနဲ့ရော အကာအကွယ်ပေးနိုင်တယ်။

အန်တီစုဆီ စာရေးတဲ့ မိန်းကလေးတွေကိစ္စကျတော့ ဘယ်လိုလုပ်ရပါ့၊ ငွေကြေးချမ်းသာ၊ ပညာတတ်၊ မိဘလည်း အုပ်ထိန်းလျက်က တိတ်တိတ်ပုန်း မယားငယ်လုပ်တာပေါ့နော်။ မိဘတွေရော သိပါသလား၊ သိလျက်နဲ့ လွှတ်ပေးသလားမသိ။

အန်တီစုမိတ်ဆွေတချို့ကပြောတော့ ဒီလိုမိန်းကလေးတွေဟာ ငွေရေးကြေးရေး ကျပ်တည်းလို့ လူကြီးလူကောင်းအမည်ခံ လူကြီးတွေနောက် ကြေးကြီးယူပြီး လိုက်တာလို့ ပြောတယ်။ စီးပွားရေးကျပ်တည်းလို့ဆိုတဲ့ အကြောင်းပြချက် တစ်ခုတည်းနဲ့ ခိုင်လုံပါ့မလားလို့ အန်တီစု တွေးမိတယ်။

လူကြီးလူကောင်းဆိုသူတချို့ကလည်း 'မယားငယ်မယူဘူး'လို့ အသံကောင်းလွှင့်ကြတယ်။ ခေတ်စကားအရ သူတို့တွဲတာ **lover** လို့ခေါ်တယ်တဲ့။ အနက်ဖွင့်ဆိုတယ်လေ။ အန်တီစုအနေနဲ့ကတော့ မိမိသားမယားရှိပါလျက်နဲ့ တခြားအမျိုးသမီးတစ်ယောက်နဲ့ ဖောက်ပြန်ကျူးလွန်ရင် အင်္ဂလိပ်စကားလုံးအရ **(Lover, Keeping, Lesser wife)** ဘယ်လိုခေါ်ခေါ် မယားငယ်ယူတာပဲ။ သူတို့က လူလည်ကြီးတွေဆိုတော့ တရားဝင် မယားငယ်ယူရင် အခု မယားပြိုင် ဥပဒေအရ စီးပွားရေးစကားပြောလာတော့မှာ။ မယားငယ်အနေနဲ့ အဆင့်အတန်း၊ အခွင့်အရေး တန်းတူမပေးလိုတော့ အပျိုဆိုသူ မိန်းကလေးတွေကို ဖောက်သည်ဝယ်ယူပြီး စားနေကြနေတာပေါ့။

တချို့မိန်းမတွေက ပြောကြတယ်။ သူတို့ယောကျ်ားတွေဟာ အရွယ်ကြီးလာရင် မြက်နုကြိုက်တော့ လမ်းဘေးပြည့်တန်ဆာတွေဆီမသွားဘူး။ ရောဂါရမှာစိုးတယ်။ အခုလို ကောင်မလေးသန့်သန့်နဲ့တွဲတော့ ရောဂါမရဘူး၊ ပိုက်ဆံကတော့ ကြေးကြီးတာပေါ့။ ဒါ သူတို့ရဲ့ထင်မြင်ချက်ကို အန်တီ့ဆီ ပြောကြတယ်လေ၊ စာရေးကြတယ်လေ။

ငွေကြေးလည်းရှိ၊ ပညာလည်းရှိသူ (သူများကိုတောင် ပညာပေးနိုင်တဲ့သူ) အမျိုးသမီးတွေ ဘာကြောင့် အတိအလင်း ယောကျ်ားတစ်ယောက်ကိုမယူဘဲ မယားကြီးရှိသူနဲ့ (၁၀) နှစ် (၁၀) မိုး ပေါင်းနေသလဲဆိုတာ အန်တီစုတော့မတွေးတတ်ဘူး။ အမျိုးသမီးတွေက ဒီလိုလိုက်လျောနေတော့ လူလည် ကာမဂုဏ်ကျူးတဲ့ ပုဂ္ဂိုလ်တွေကို အပြစ်တင်ရင် သူတို့က မိန်းကလေးတွေကိုက အလိုတူလို့ သူတို့ဆက်ဆံတာ၊ သူတို့မှာအပြစ်မရှိလို့ ပြောမှာပဲ။ သူတို့ပေးရတာကလည်း

http://www.cherrythitsar.org



ငွေကြေး၊ လက်ဝတ်လက်စား၊ အဝတ်အစား အစုံပေးရတာ ကြေးတော်တော်ကြီးတယ်။ ခုနေခါ မိန်းကလေးတွေဝတ်တဲ့ အဝတ်အစားတစ်စုံကလည်း သောင်းဂဏန်းခိုက်နေတော့ ကိုယ့်အဆင့်အတန်းနဲ့အညီ တော်ရုံသင့်ရုံ မဝတ်ချင်တဲ့ မိန်းကလေးတွေဟာ ငွေအပိုရှာတယ်ထင်ပါရဲ့။ အလှအပပြင်တဲ့ ပစ္စည်းဆိုရင်လည်း ဈေးမနည်းဘူး။ အန်တီစုတို့ငယ်ငယ်က အဒေါ်၊ မိကြီး၊ မိထွေးတွေပြောတဲ့စကား ကြားဖူးတယ်။

"တို့ ကျောက်ပျဉ်တစ်ချပ်၊ သနပ်ခါးတစ်တုံးနဲ့ပဲ လင်တစ်ယောက် ယူခဲ့တာ" တဲ့။ ဟုတ်မှာပဲ။ သူတို့ခေတ်က သနပ်ခါးနံ့မွှေးမွှေးနဲ့၊ ပင်ကိုနှုတ်ခမ်းနဲ့ အလှပြင်ကြတာကိုး။ ခုခေတ်တော့ နှုတ်ခမ်းနီဆိုးဆေး၊ လက်သည်းခြေသည်းဆိုးဆေး၊ မိတ်ကပ်၊ မျက်တောင်၊ မျက်လုံး၊ ပေါင်ဒါ၊ ဆံသရတာတွေ ကုန်ကျတဲ့ စာရင်းကလည်း သောင်းဂဏန်းပဲ။ တတ်နိုင်တဲ့လူကလုပ်ပေါ့။ မတတ်နိုင်တဲ့ မိန်းကလေးတွေက ဖားတုလို့ခရုခုန်တော့ အိုင်ပျက်ရတာပဲ။ မိန်းကလေးတွေအလှကလည်း သဘာဝပင်ကိုမရှိ။ အားလုံးဟာ အတုတွေနဲ့ ချယ်သထားကြတော့ မိန်းကလေးတွေအလှဟာ ခုခေတ်စကားနဲ့ဆို 'အင်'ကြီး ဖြစ်နေတော့တယ်။

အန်တီစုကတော့ တချို့ အမျိုးသမီး ငွေကြေးပညာရှိလျက်နဲ့ သူများပစ္စည်း တိတ်တိတ်ခိုးစားသူတွေအတွက် မဖြေရှင်းတတ်ဘူး။ ဒါပေမဲ့ လူ့လောကမှာ ဝတ္ထုပစ္စည်း၊ ငွေကြေးကိုတောင် ခိုးယူလျှင် အပြစ်ရှိသေးတာ၊ ကာမဂုဏ်ကို ခိုးယူတာကတော့ ဘယ်သူသိသိ မသိသိ အပြစ်ကတော့ရှိတာပဲ။

အပျိုဆိုတဲ့ မိန်းကလေးတွေကို လူလည်အဘိုးကြီးတွေက သူတို့နဲ့လိုက်ဖို့ ခေါ်တဲ့နေရာမှာ အမျိုးမျိုးသွေးဆောင်ရမှာပဲ။ ခုနပြောသလို ငွေကြေး၊ လက်ဝတ်လက်စား၊ အဝတ်အစားတွေပေးပြီး မြူဆွယ်သွေးဆောင်မှ ဒီမိန်းကလေးတွေက ပါမှာ။ ပြည့်တန်ဆာလို ပေါ့ပေါ့မရဘူး။

အဲဒီကိစ္စအတွက် မြက်နုစားလို့ပဲဖြစ်ဖြစ်၊ မိန်းမပျိုလေးတွေကို သွေးဆောင်ချင်သူ လူငယ်တွေပဲဖြစ်ဖြစ် တွေးကြည့်စေချင်တယ်။

'ငါ့နှမ၊ ငါ့သမီး၊ ငါ့မြေးလေးတွေ အပျိုစင်ကို ယောကျ်ားတွေဟာ လူကြီးလူကောင်းလို ဆက်ဆံရာက အဲဒီငွေကြေးပစ္စည်းတွေနဲ့ ဆွဲဆောင်ပြီး တိတ်တိတ်ပုန်း ပေါင်းသင်းနေရင် ငါဘယ်လိုခံစားရမလဲ' လို့ စာနာစိတ်နဲ့ တွေးခေါ်ကြည့်စေချင်တယ်။

http://www.cherrythitsar.org



# အချစ်ရေလျှံခြင်း

အဲဒီခေါင်းစဉ်နဲ့ အန်တီစု ဝတ္ထုတစ်ပုဒ် ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ ရေးခဲ့တယ်။ အန်တီစုရည်ရွယ်ချက်ကတော့ မယားကြီးတစ်ယောက်ရဲ့ဘဝကို ရေးတာပါပဲ။ အဲဒီဝတ္ထုကို 'မယားပြိုင်'ကိစ္စ (ဆောင်းပါးရှေ့တွင် ဖော်ပြပြီး) ဆွေးနွေးတဲ့အမျိုးသမီးကပဲ အန်တီစုကို ဝေဖန်ဆွေးနွေးတာ တော် တော်ကောင်းလို့ ဒီဆောင်းပါးမှာ ဖော်ပြပါတယ်။

"အစ်မကြီးရယ်၊ လင်သားက ဖောက်ပြန်စွန့်ပစ်ခံရတဲ့ မိန်းမဘဝကို ဒီနေရာမှာ 'အချစ်သရောကြီးခိုင်းတယ်'ဆိုတဲ့ စကားသုံးဟာ တကယ် အံဝင် ခွင်ကျလို့ သဘောကျလိုက်တာ"

ဒီအပိုဒ်က သူသဘောကျတဲ့အပိုင်းကို ဖော်ပြတယ်။ နောက်တစ်ပိုဒ်မှာ တော့...

"မယားကြီးက မယားငယ်ရဲ့ လက်ဝေခံဘဝကို ကျေကျေနပ်နပ်ကြီးနဲ့ အချစ်မိုးကြီး ရွာတယ်လို့ သုံးလိုက်တာ သင့်တော်ပါရဲ့လား၊ ပြန်စဉ်းစားပေးပါ"

ဆရာလုပ်တာတော့မဟုတ်ဘူး၊ ဖော်ပြစေချင်တဲ့ **(Theme)**က ဒီလိုဖြစ် သည်။ ဟိုကလည်း ဟိုမှာ ပျော်အောင်လုပ်ကျွေး၊ ဒီကလည်း ဒီမှာပျော်အောင် အစွမ်းကုန်ကြိုးစားကြ။ မယားပြိုင်ထားခြင်းဖြင့် ယောကျ်ားတွေ အသာစီးပိုရ လေလေ၊ မယားတွေမှာ လူဖြစ်ရှုံးလေဆိုတာ ခုခေတ်အမျိုးသမီးတွေကို ပညာ ပေးသင့်တယ်။

ခုတော့ "ကားပါ၊ အိမ်ပါ၊ ရာထူးပါ **(Ready Made)**ရရင် ပြီးတာပဲ။ မယားကြီးတွေဆိုတာ ကိုယ်သနားမှ မျှရတာလို့ ကလေးမတွေကို အစ်မကြီး ဝတ္ထုက အားပေးရာများ ကျနေမလားလို့ ကျွန်မ မဝံ့မရဲတွေးမိတာ အစ်မကြီး ပြန်စဉ်းစားပေးပါ"တဲ့။

သူ့အမြင်ကို ရေးသားဖော်ပြတယ်။ သူ့စိတ်ထဲမှာ မယားကြီးတွေဘက် က အတော်ခံပြင်းတယ် ထင်ပါတယ်။ ဒါကြောင့် ကရုဏာဒေါသောနဲ့ ရေး လိုက်တာပါပဲ။ အန်တီစုတို့ စာရေးဆရာက ဝတ္ထုတစ်ပုဒ်ကို သူ့ရင်ထဲက ပြောချင်တဲ့၊ ပေးချင်တဲ့သဘောကို ရေးချလိုက်တာပဲ။ စာဖတ်သူက ကိုယ့်ရှု ထောင့်ကနေ ကိုယ်လက်ခံပြီး ကြိုက်သလို ဝေဖန်နိုင်တယ်။ ထောက်ခံနိုင်တယ်။ လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်ရှိပါတယ်။

http://www.cherrythitsar.org



ခုခေတ်မှာ သူပြောတာလည်း ဟုတ်တာပဲ။ 'သွားမပါချင်နေ ကားပါရင် ပြီးရော'ဆိုတဲ့ ကာတွန်းဖတ်မိရင် ခုခေတ်မိန်းကလေးတွေသဘောကို သိနိုင်ပါတယ်။

အန်တီစုက 'အချစ်ရေလျှံခြင်း'ဝတ္ထုမှာ ယောကျ်ားက မယားငယ်ယူပြီးနောက် မယားကြီးကို ပြန်ပေါင်းတာကို 'အချစ်မိုးကြီးရွာတယ်'လို့ ရေးတာ တမင်ယောကျ်ားတွေအချစ်ကို သရော်တာပါ။ သူတို့ လျစ်လျူရှုရင်လည်း မိန်းမတွေဟာ အချစ်သရောကြီးခိုင်းကြရော။ သူတို့ အချစ်မိုးတွေရွာလာရင်လည်း တောင်နန်း မြောက်စနန်းစံတွေ၊ ရံရွှေတော် ခြေတော်တင်တွေနဲ့ အချစ်မိုးသည်းတတ်တယ်။ မယားကြီးက မယားငယ်ရဲ့ လက်ဝေခံအဖြစ် ကျေကျေနပ်နပ် လက်ခံတယ်လို့တော့ ဘယ်ဟုတ်မလဲ။ ကိုယ့်လင်သားယူသွားတာ ဘယ်ကျေနပ်နိုင်ပါ့မလဲ။ အခြေအနေအရ ကလေးတွေတာဝန်ကို ဆရာမတစ်ယောက်အနေနဲ့ မယူနိုင်လေတော့ လင်သည်ပြန်လာတာ လက်ခံရတာပေါ့။ ခွဲတန်းနဲ့ချစ်ရပေမဲ့လည်း လင်သားကိုပြုစုရတာပဲ။ မပြုစုရင် သူတို့ယောကျ်ားတွေက အပြုအစုမကောင်းလို့ မယားငယ်ယူရတယ်လို့ အပြစ်ရှာဦးမယ်လေ။

ဝတ္ထုထဲမှာ မယားကြီး သူငယ်ချင်းတွေက 'အချစ်ရေလျှံတုန်း၊ ဆည်တွေ တာတမံတွေ ဆောက်ပြီး အချစ်ကို သိုလှောင်ထား၊ မိုးခေါင်တဲ့အခါ သုံးဖို့' လို့ တမင် အရွဲ့တိုက်ပြောကြတာပါ။

ဒီဝတ္ထုကို ရုပ်ရှင်တေးကဗျာ ၈–၉၈ ထုတ်မှာ ဖတ်ကြည့်နိုင်ပါတယ်။ ဖတ်ပြီးရင် အန်တီစုဆိုလိုချက်ကို သိလိမ့်မယ်လို့ ထင်ပါတယ်။

## အေးအတူ ပူအမျှ

အမှန်တော့ ပုထုဇဉ်တို့ဘဝမှာ ယောကျ်ားနဲ့မိန်းမ လက်တွဲပြီး ဘဝတည် ဆောက်ကြရမှာပါပဲ။ ကျောက်ခေတ်ဂူထဲနေကြကတည်းက ယောကျ်ားက အမဲလိုက် အစားအစာရှာ၊ မိသားစုလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ကြတယ်။ မိန်းမက ယောကျ်ားရှာလာသမျှကို စုဆောင်းထိန်းသိမ်းပြီး မိသားစုကို ကျွေးမွေးရတယ်။ သားသမီးကို မွေးမြူစောင့်ရှောက်ရတယ်။ အိမ်ထောင်ကို သာယာအောင် ဖန်တီးရတယ်ဆိုရမှာပေါ့။

ကျောက်ခေတ်ကနေ ခုခေတ်ထိပဲ။ စီးပွားရေးပြဿနာကြောင့် ခုခေတ်မှာ မိန်းမတွေဟာ မိသားစုတာဝန် အိမ်ထောင်ထိန်းသိမ်းရေးအပြင် စီးပွားရေးကိုပါ

http://www.cherrythitsar.org



ဝင်လာကြရပြီ။ ယောကျ်ားနဲ့မိန်းမှာ ဦးနှောက်ကအစ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်မှုချင်း မတူကြတော့ သဘာဝနဲ့ တာဝန်ထမ်းဆောင်ရတာလည်း မတူပါဘူး။ အခွင့်အရေးတန်းတူတာ မတူတာကို ပြောတာမဟုတ်ဘူးနော်။

ဥပမာ...ယောကျ်ားက သားသမီးမွေးလို့မရဘူး။ သားသမီးအပေါ် သူတို့ချစ်ပေမဲ့ မိခင်မေတ္တာလို သူတို့မပေးနိုင်ဘူး။ ဒါဟာ သဘာဝပဲ။

အစိုးရတစ်ဖွဲ့လိုပဲ မိသားစုဆိုတဲ့ **(Cabinet)** ကဲဘိနက်အစိုးရအဖွဲ့မှာ ယောကျ်ားဟာ ဘဏ္ဍာရေး၊ ကာကွယ်ရေးကို တာဝန်ယူရသလို မိန်းမက ပြည်ထဲရေး၊ ကျန်းမာရေး၊ ဝါဒဖြန့်ချိရေးဌာနအပါအဝင် ယဉ်ကျေးမှုကိုလည်း တာဝန်ယူရတယ်။ အိမ်ထောင်တစ်ခုမှာ သားသမီး ယဉ်ကျေးသိမ်မွေ့မှု ရှိမရှိမိခင်ကို ကြည့်ရင် သိတယ်။

အဲဒီမိသားစုအစိုးရအဖွဲ့မှာ ဟန်ချက်ညီညီ လက်တွဲမလုပ်နိုင်ရင် ဒီအစိုးရလုပ်ငန်းတွေ ဘယ်အောင်မြင်ပါ့မလဲ။ ဒီမိသားစုက မွေးဖွားလာတဲ့ ကလေးတွေရော ကြီးပွားတိုးတက်ပါ့မလား။ ယောကျ်ားနဲ့မိန်းမဟာ ရန်သူတွေမှမဟုတ်ဘဲ လက်တွဲပြီး ဘဝခရီးကို ဖြတ်သန်းရမှာ။

မယားကြီးက ရောဂါသည်မို့ အိမ်ထောင်ရေးသုခ မပေးနိုင်တာ၊ မချစ်ဘဲယူရတဲ့ အိမ်ထောင်ရေးမို့ အဆင်မပြေတာ၊ မယားကြီးကိုယ်နှိုက်က လိမ္မာကျွမ်းကျင်စွာနဲ့ မိသားစုကို ပျော်ရွှင်စွာမထားနိုင်လို့ မယားငယ်ယူကြတဲ့ကိစ္စတွေရှိသလို ငွေပုံပေါ်ထိုင်ပြီး မိန်းမတွေကို အရက်နဲ့မြည်းပြီး သွေးဆောင်ဖျက်ဆီးတဲ့ ကာမဘီလူးတွေလည်းရှိတယ်။ သူတို့က **(Womanizer)** တွေဆိုတော့ အပျိုကို ဘယ်လိုဆွဲဆောင်ရမယ်၊ အအိုကို ဘယ်လိုဆွဲဆောင်ရမယ်၊ တစ်ခုလပ် မုဆိုးမကို ဘယ်လိုမြူဆွယ်ရမယ်ဆိုတာ ကျွမ်းကျင်ပြီးသား။

တချို့ဘာသာတွေမှာ တစ်လင်တစ်မယားသာရှိရမယ်လို့ အတိအလင်းပြဋ္ဌာန်းလည်း လက်ထပ်ပြီး ပွေကြတာပါပဲ။ ယောကျ်ားရော၊ မိန်းမရောပါပဲ။ အန်တီစု ရေးခဲ့ပြီးပါပြီ။

အင်မတန်တိုတောင်းတဲ့ လူ့ဘဝမှာ ပျော်ရွှင်စွာနဲ့ ဟန်ချက်ညီညီ လက်တွဲနိုင်ကြဖို့ မိန်းမနဲ့ယောကျ်ားဟာ ကြိုးစားသင့်တာပဲ။ ပျော့ညံ့ချက်တွေကတော့ ရှိကြတာပဲပေါ့။ ဒေးလ်ကာနက်ဂျီပြောသလို 'အိမ်ထောင်ဘက်ရှာရာမှာ လူကောင်းချည်း မရှာနဲ့၊ ကိုယ်ကိုယ်တိုင်ကောင်းဖို့လည်း လိုသေးတယ်'တဲ့။

အေးအတူ ပူအမျှ၊ အပေးအယူညီကြတဲ့ အိမ်ထောင်ရေးဆိုရင် မယားကြီး၊

http://www.cherrythitsar.org



မယားငယ်၊ မယားပြိုင်ပြဿနာတွေ မရှိနိုင်ပါဘူး။ ဒီလိုအိမ်ထောင်တွေဖြစ်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ကြိုးပမ်းဖို့သင့်ပြီပေါ့။ ဆွေးနွေးသင့်ကြပြီ။

**[Fashion Image မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၀ ခုနှစ်]**

# ယမကာမြစ်

မင်္ဂလာတရားမှာ သူတစ်ထူး၏ ပြုဖူးသောကျေးဇူးကို သိခြင်းသည် မင်္ဂလာတစ်ပါးဟု ဆိုခဲ့သည်။

မေမေကတော့ "သမီး သစ်ပင်ရိပ်တစ်ခုအောက်မှာ ဝင်ရောက်ပြီး အရိပ်ခိုလှုံခဲ့ရင်တောင်မှ ဒီသစ်ပင်ရဲ့ ကျေးဇူးတရားကို မမေ့ရဘူး"ဟု ဆိုခဲ့ပါသည်။ သက်မဲ့သစ်ပင်၏ ကျေးဇူးတရားကို မမေ့ရဘူးဆိုလျှင် သက်ရှိသတ္တဝါတို့၏ ကျေးဇူးတရားကိုမူ သာ၍မမေ့သင့်ပါ။

ကွယ်လွန်သူ သခင်သာခင်ကတော့ "မိစု၊ လူတစ်ယောက်ရဲ့ ကျေးဇူးတရားရှိခဲ့ဖူးရင် ကာယကံမြောက် ပြန်ဆပ်ပါ။ မဆပ်နိုင်ရင် ဝစီကံမြောက် ပါးစပ်ကနေ ကျေးဇူးရှိကြောင်း ပြောပြပါ။ ပါးစပ်က ဖွင့်မပြောနိုင်လျှင် စိတ်ထဲမှသူ၏ကျေးဇူးကို အစဉ်သတိရနေပါ။ မမေ့ပါနှင့်"ဟု ဆိုခဲ့သည်။ ဗုဒ္ဓနှင့်တကွ မေမေ၊ သခင်သာခင်တို့၏ အဆုံးအမအရ ကျွန်မအပေါ် သူတထူး၏ ပြုခဲ့ဖူးသော ကျေးဇူးတရားတို့ကို သတိအမြဲရနေသည်။ ဆပ်နိုင်သလောက် ကာယကံမြောက်လည်း ပေးဆပ်ခဲ့သည်။ ကျွန်မ ဆရာနှစ်ယောက်နှင့်ပတ်သက်၍ ကျေးဇူးတရားကို ပြန်လည်သတိရတိုင်း နှလုံးသားနာကျင်မှု ဖြစ်ခဲ့ရပါသည်။

၁၉၉၈ ခု မတ်လထုတ် ချယ်ရီမဂ္ဂဇင်းမှာ နန္ဒာမိုးကြယ်၏ 'ကြေကွဲရသောပုံရိပ်များ' ဆောင်းပါးကို ပြန်လည်ဖတ်ရှုမိသောအခါ နှလုံးသား နာကျင်မှုဝေဒနာက ပြန်လည်နိုးကြားလာကာ "ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ"ဟူသော

http://www.cherrythitsar.org



မေးခွန်းကို ထပ်ခါ ထပ်ခါ မကျေမနပ်မေးမိသည်။

သတ္တဝါတစ်ဦး၏ကံကြမ္မာကို တစ်ဦးက မဖန်တီးနိုင်၊ မိမိ၏ ကောင်းမှု၊ မကောင်းမှုကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်တကားဟူသော ဗုဒ္ဓ၏ ဥပေက္ခာသဘောကို နှလုံးမသွင်းနိုင်၊ မပိုင်စိုးပါသော အနတ္တသဘောကို မေ့လျော့ကာ "ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ"ဟူသော မကျေနပ်ခြင်း၏ ပွင့်အန်မှုအဖြစ် ဒီစကားလုံးများကို အတ္တလွန်ကဲစွာ ရေရွတ်မိသည်။

အမှန်တော့ ဆရာ့ကိုတွေ့ဖို့ ကိုသန်းဆွေက အဆက်အသွယ်လုပ်ပေးခြင်းဖြစ်ပါသည်။ တွေ့သည်ဆိုရာ၌ ဆရာနှင့် စာအဆက်အသွယ်ပြုရခြင်း ဖြစ်ပါသည်။ ဆရာ့ဝတ္ထုများမှာ ထိုစဉ်က ရှုမဝတွင် လျှမ်းလျှမ်းတောက်ကာ နှုတ်ခမ်းနီ ပါးနီတို့၏ အသည်းစွဲဟု ဆိုကြပါသည်။

ကျွန်မက စာရေးဆရာ မဖြစ်သေး၊ ၁၉၄၆–၄၇ ပတ်ဝန်းကျင်မှာ ဖဆပလ သတင်းစဉ်တွင် ဆောင်းပါးများရေးနေသော လက်ထောက်အတွင်းရေးမှူးသာ ဖြစ်သည်။ ပါတီအသင်းအဖွဲ့တစ်ခု၏ အသံဖြစ်သော ဖဆပလသတင်းစဉ်မှာ မူဝါဒဘောင်နှင့် ကွပ်ကဲထိန်းသိမ်းမှုအောက်တွင်ရှိနေသည်။ ကျွန်မက လွတ်လပ်သော သတင်းစာဆရာ သို့မဟုတ် ဝတ္ထုရေးဆရာဖြစ်ချင်သည်။ အဝိုင်းနှင့် လေးထောင့် အံမကျသောဘဝတွင် ကျွန်မသည် ထွက်ပေါက်ရာရင်း ဝတ္ထုတိုလေးများကို စတင်ရေးပါသည်။

ရှုမဝမဂ္ဂဇင်းကြီးသည် ထိုစဉ်က ပြိုင်ဘက်မရှိ စောင်ရေအများဆုံး မဂ္ဂဇင်းကြီး ဖြစ်ခဲ့သည်။ ကျွန်မ ရှုမဝမှာ ဝတ္ထုတိုလေးများ ရေးသားပေးပို့ရင်း "ကျွန်မဝတ္ထုများကို မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါက ပြန်လည်ပေးပို့ပါရန် လိပ်စာနှင့်တကွ တံဆိပ်ခေါင်းအပြည့်အစုံထည့်ပေးပါသည်။ ရှုမဝက ဝတ္ထုတိုများကို ကျွန်မထံပြန်လည်ပေးပို့ပါသည်။ ဝတ္ထုတိုတစ်ပုဒ်တွင် ခေါင်းစဉ်မတပ်မိ "သင့်လျော်သောခေါင်းစဉ်တပ်၍ ထည့်သွင်းဖော်ပြပါရန်"ဟု ရေးခဲ့မိသည်။

"ဝတ္ထုရေးသော အတတ်အညာတွင် ခေါင်းစဉ်တပ်ခြင်းသည် အရေးကြီးသော အတတ်ပညာတစ်ခုဖြစ်၍ မိမိဘာသာ ခေါင်းစဉ်တပ်နိုင်အောင် ကြိုးစားပါ၊ ကြီးမောင်"ဟူသော လက်မှတ်ထိုး၍ မှတ်ချက်နှင့်တကွပြန်ပို့ပါသည်။ ကြီးမောင်မှာ ဆရာငွေဥဒေါင်းဖြစ်ကြောင်း ကျွန်မ နောက်မှသိရပါသည်။ တခြားဝတ္ထုတိုများတွင်မူ ဆရာက လက်မှတ်ထိုး၍ မှတ်ချက်နှင့်တကွ ပြန်ပို့ပါသည်။

"မခင်ယု

http://www.cherrythitsar.org



တယ်လည်း စိတ်မြန်သကိုး၊ ဝတ္ထုဟာ ဆက်လက်ရေးသားနိုင်မယ့် အကြောင်းတွေ ရှိပါလျက်နဲ့ တုံးတိကြီး ဖြတ်ပစ်လိုက်တယ်” ဟူသော မှတ်ချက်နှင့်အတူ . . .

“မခင်ယုက တယ်လည်း လျှို့ဝှက်တာကိုး၊ မနုနု ဖဆပလ ငွေစာရင်းဌာနမှ တစ်ဆင့်ဆိုပြီး လိပ်စာကိုပေးထားတယ်၊ မနုနုက အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်း မျက်လုံးမှေးမှေး တရုတ်ကပြားမျက်နှာ။ မခင်ယုက အသားညိုတယ်၊ မျက်လုံး မျက်ခုံးကောင်းကောင်း၊ မျက်နှာသွယ်တယ်၊ ဆရာ မယုကို သိပါတယ်။ ဝါဒဖြန့်ချိရေးဌာနမှာ လုပ်တယ်”

ဆရာက အောက်မှ လက်မှတ်ရေးထိုးပေးပို့သောစာကို ဖတ်ရ၍ ကျွန်မ အံ့သြမိပါသည်။ ဆရာ၏ ကျွန်မဝတ္ထုများအပေါ် ဖတ်ရှု၍ အသေးစိတ်ဝေဖန်ကာ မှတ်ချက်ရေးပေးသည်မှာ အလွန်ကို ကျွန်မအဖို့ ကံကောင်းပါသည်။ ဝတ္ထုရေးနည်း စာပေးစာယူသင်တန်းတက်သည်နှင့် တူပါသည်။ စာပေနယ်တွင် ကျွန်မ ခြေလှမ်းချနိုင်ဖို့ အောက်ဆုံးလှေကားထစ်ကို ဆရာက လမ်းညွှန်ပေးနေခြင်း ဖြစ်သည်။

ဒါပေမဲ့ ကျွန်မဝတ္ထုတိုများကို မဂ္ဂဇင်းတွင် မသုံးဘဲ ပြန်လည်ပေးပို့တိုင်း စာမူကို စာတိုက်က ပြန်လာခြင်းမဟုတ်၊ ကိုသန်းဆွေက လာပို့ခြင်းဖြစ်သည်။ ကျွန်မအဖြစ်က ကိုသန်းဆွေကိုလည်း စာရေးဆရာ ကိုသန်းဆွေမှန်းမသိပါ။

ကျွန်မ၏ချစ်သူ အစ်ကိုကြီးက ပြောပြမှ ကိုသန်းဆွေကို ကျွန်မသိသည်။ မျက်နှာဝိုင်းဝိုင်း၊ နှာတံပြားပြား၊ နှုတ်ခမ်းထူသည်၊ အသားကတော့ ဖြူပါသည်။ လူက ခပ်ပုပု ဖြစ်ပါသည်။ ကိုသန်းဆွေထံမှ ဆရာနေမကောင်း၍ ဆေးရုံတက်နေကြောင်း သိရ၍ ဆရာ့စာထဲမှာလည်း သူဆေးရုံတက်နေကြောင်း ရေးထားသည်။ ကျွန်မကတော့ ဆရာ့ကို ဆေးရုံသွားမကြည့်မိပါ။

ကျွန်မ ‘နွေနှောင်းရွက်ကျန်’ဝတ္ထုကို ရေးစဉ်က မေမေ့ကို ဆေးရုံမှာ စောင့်ရင်း ရေးဖြစ်သည်။ **(Private Ward)**ဖြစ်၍ မေမေအိပ်ချိန် တိတ်ဆိတ်စွာ စာရေး၍ရသည်။ ကျွန်မ၏ချစ်သူမှာ ဗိုလ်သင်တန်းတက်နေ၍ လက်မထပ်ရသေး၊ စေ့စပ်ကြောင်းလမ်းထားသည်မှာ တစ်နှစ်နီးလာပါပြီ။ ကျွန်မတို့ လက်ထပ်ပြီးတော့ ကျွန်မ ‘နွေနှောင်းရွက်ကျန်’ဝတ္ထုမှာလည်း ထုတ်ဝေသူနှင့် အဆင်မပြေ၍ မထုတ်ဝေရသေး။ တစ်နေ့ ကိုသန်းဆွေ ရောက်လာသည်။

“မယုမှာ ရေးပြီးဝတ္ထုတစ်ပုဒ် ရှိတယ်ဆို”

"ဟုတ်တယ်"ဟု ကျွန်မက ဖြေကာ မထုတ်ဖြစ်ပုံကို ပြောပြပါသည်။

"ကျွန်တော် ရှုမဝမှာသုံးရင် ခွင့်ပြုမလား"ဟု မေးပါသည်။ ကျွန်မက 'နွေနှောင်းရွက်ကျန်ဝတ္ထု'စာမူကို ကိုသန်းဆွေကို ပေးလိုက်ပါသည်။ 'နွေနှောင်းရွက်ကျန်ဝတ္ထု' ရှုမဝမှာ ပါလာတော့လည်း ကျွန်မ ဆရာ့ကို မမြင်ဖူးသေးပါ။ ဆရာ့လက်ရာ ဝတ္ထုများ၊ ဆောင်းပါးများကိုသာ တဝကြီး ရှုမဝမဂ္ဂဇင်းမှာ ကျွန်မ ဖတ်ဖြစ်ပါသည်။ ဆရာသည် ဝတ္ထုလိုင်းတွင် တော်ရုံမဟုတ်၊ ပန်းချီ၊ ဂီတ၊ နိုင်ငံရေး၊ ဘာသာပြန်ဆောင်းပါးများကို ကလောင်နာမည်အမျိုးမျိုးနှင့် ရေးသောအခါမှာလည်း စေ့စပ်သေချာလွန်း၍ စွယ်စုံတော်သောဆရာဟု ကျွန်မ ရင်ထဲမှာ အသိအမှတ်ပြုမိပါသည်။ မည်မျှ သုစာဖတ်၍ လေ့လာထားသည်ကို သူ့ဆောင်းပါးများ၊ ဝတ္ထုများတွင် တွေ့ရသည်။ အမှန်တော့ ရှုမဝမဂ္ဂဇင်း၏ လက်ရုံးတစ်ဆူပါပဲ။

ဒါပေမဲ့ ဆရာနှင့်ကျွန်မ မတွေ့ကြသေး။ တကယ်တော့ ရင်နာစရာကောင်းလိုက်တာ။ "ကိုယ့်ကို စာရေးဆရာတစ်ယောက်ဖြစ်အောင် မြေတောင်မြှောက်ပေးသော လက်ဦးဆရာတစ်ယောက်ကို ကျွန်မ တွေ့ဖို့မကြိုးစားခြင်းမှာ ကျွန်မ၏ ချို့ယွင်းချက်ဟု ဆိုရမည်လား"

ကိုသန်းဆွေနှင့်တော့ ရင်းရင်းနှီးနှီးဆက်ဆံကြသည်။ စာပေအကြောင်း ဆွေးနွေးကြသည်။ စာရေးဆရာတွေနှင့် ကျွန်မဆရာအကြောင်းလည်း ပြောဖြစ်ကြသည်။

အမှန်တော့ စာပေနယ်၏ အောက်ဆုံးလှေကားထစ်ကို ခြေချနိုင်အောင် လမ်းညွှန်သည်က ဆရာဖြစ်၍ ကာယကံမြောက် လှေကားထစ်ရှိရာကို လက်တွဲပို့ပေးသူက ကိုသန်းဆွေဖြစ်၍ ကျွန်မသည် သူတို့နှစ်ဦးကို ကျေးဇူးရှင် ဆရာများအဖြစ် အသိအမှတ်ပြုထားခြင်းဖြစ်သည်။

အစ်ကိုကြီးက သူ့တပ်အလုပ်နှင့်သူ အလုပ်ရှုပ်သူဖြစ်၍ ကျွန်မကိုအဖော်မလုပ်နိုင်။ စာပေနှင့်ပတ်သက်၍ အခမ်းအနားများသွားစရာရှိလျှင် ထိုစဉ်က အမျိုးသားစာရေးဆရာများ ယခုလိုမများသေး။ မမလေး(ဂျာနယ်ကျော် မမလေး) ကိုသာ အဖော်ပြုရသည်။ ဒါပေမဲ့ နောက်ပိုင်းတွင် အစ်မကြီးကို အားနာလွန်း၍ ကျွန်မ ဒုက္ခမပေးတော့ပါ။

"အချို သွားစရာရှိရင် ကိုသန်းဆွေနဲ့သွား၊ ဒီလူက အဖော်လုပ်လို့ကောင်းတယ်၊ စိတ်ကောင်းလည်းရှိတယ်၊ လူတော်"

http://www.cherrythitsar.org



ကျွန်မ၏ချစ်သူ အစ်ကိုကြီးက မှတ်ချက်ချပါသည်။ ကျွန်မ စာပေဆိုင်ရာ ပွဲလမ်းသဘင်များကို တက်ခဲ၍၊ တက်ပါလျှင်လည်း ကိုသန်းဆွေနှင့်ပဲသွားသည်။ သူသည် အခမ်းအနားသွားလျှင် များသောအားဖြင့် ပင်နီတိုက်ပုံအင်္ကျီကို ဝတ်၍ လာတတ်သည်။

ကိုသန်းဆွေသည် လူအေးဖြစ်ရုံမက သိမ်မွေ့၍ စိတ်သဘောထားဖြူစင်သူတစ်ဦးဖြစ်သည်။ အစ်ကိုကြီးကိုလည်း သူက အစ်ကိုဟုခေါ်သည်။ သူတို့နှစ်ယောက် စာပေအကြောင်းကို ဆွေးနွေးနေကျ။

သူ မမစိန်နှင့် လက်မထပ်ခင် ကမာရွတ် စံပယ်ခြံလေးရှိ သူ့မိဘများနှင့် နေထိုင်သောအိမ်ကို တနင်္ဂနွေနေ့ အားလပ်ရက်များတွင် သမီးကို လက်ဆွဲ၍ အစ်ကိုကြီးက သွားလည်တတ်သည်။ စံပယ်နှင့် ကင်ပွန်းပင်များ ဝိုင်းနေသော ကိုသန်းဆွေအိမ်လေးကို ကျွန်မ သဘောကျသည်။

စာပေနယ်မှ စာရေးဆရာများ၏ သတင်းများ၊ စာပေအကြောင်းများကို ကျွန်မတို့ ဆွေးနွေးမိကြသည်။

"ကျွန်တော်ဗျာ ကြည်အေးတစ်ယောက်၊ မစုတစ်ယောက်ကို မိန်းကလေးတွေ မဖြစ်စေချင်ဘူး။ ယောကျ်ားလေးတွေဖြစ်ရင်ကောင်းမှာ" ကိုသန်းဆွေက ပြောသည်။

"ဘာဖြစ်လို့လဲ"

ကျွန်မ မေးသောအခါ သူပြန်ပြောသည်မှာ အံ့သြစရာ။

"ယောကျ်ားလေးအချင်းချင်းဆိုတော့ ဒါထက် ရင်းရင်းနှီးနှီး ဆက်ဆံနိုင်တာပေါ့ဗျာ"

"ကျွန်မကလည်း ကိုသန်းဆွေကို ဘာဖြစ်လို့ အခုလို အဖော်လုပ်တာလဲ သိလား"

"မသိဘူး"

"ကိုသန်းဆွေ အရက်မသောက်တတ်လို့။ မစုမှာ ပင်ကိုဗီဇဆိုပေမဲ့ ချို့ယွင်းချက်လို့ ဆိုမလား၊ အရက်ကို ကြောက်ကိုကြောက်တာ၊ အစ်ကိုကြီးက စစ်ဗိုလ်ဆိုတော့ သူငယ်ငယ်က ဘီဒီအေ၊ ဘီအိုင်အေမှာ ပါဝင်ခဲ့တုန်းက အရက်သောက်ချင်သောက်မယ်။ မစုနဲ့လက်ထပ်ပြီးတော့ မစု တောင်းပန်တယ်။ အရက်မသောက်ပါနဲ့၊ အစ်ကိုကြီးလခ မစုကို မအပ်ချင်နေ၊ မစုကပဲ ပြန်ရှာကျွေးရပေစေ၊ အရက်ကိုတော့ မသောက်ပါနဲ့လို့ မစု တားခဲ့တယ်"

http://www.cherrythitsar.org



ကျွန်မက ကျွန်မ အရက်ကြောက်ပုံကို ကိုသန်းဆွေကို ပြောပြခဲ့သည်။ တပ်တွင်းသို့ တစ်ခါတစ်ရံ လိုက်သွား၍ **(Mess night, Gess night)** များတွင် စစ်ဗိုလ်များ အရက်ဖန်ခွက်ကိုင်၍ ကျွန်မအနား စကားလာပြောလျှင် ကျွန်မ မျက်စိမျက်နှာပျက်ပါသည်။ အစ်ကိုကြီးက…

"အချိုကလည်း ဒါက ပေါင်းသင်းဆက်ဆံရေး၊ မျက်နှာမပျက်စေနဲ့၊ ဣန္ဒြေဆောင်ဦးမှပေါ့"

သူက တိုးတိုးတိတ်တိတ်သတိပေးမှ ကျွန်မ မျက်နှာပြင်ရပါသည်။

"အခုလည်း ကိုသန်းဆွေ မပြောပေမဲ့ ကျွန်မဆရာအကြောင်း ကျွန်မသိတယ်။ မစု ဘာလို့ ခုထိ ဆရာနဲ့ မတွေ့ဖူးတာလဲ သိလား"

ကိုသန်းဆွေက ကျွန်မကို အံ့အားသင့်သလိုကြည့်နေသည်။

"ဆရာ အရက်သောက်လို့၊ ဆရာဟာ အရက်သိပ်သောက်သတဲ့။ ဦးကျော်က မဂ္ဂဇင်းတိုက်မှာသောက်တာတော့ ခွင့်မပြုဘူး၊ အလုပ်ဆင်းလို့ ဘား သွားသောက်တာတော့ ခွင့်ပြုတယ်တဲ့"

ကိုသန်းဆွေသည် ကျွန်မဆရာအကြောင်း ဘာမှမပြောပါ။ တိတ်တိတ်နေသည်။ မမစိန်ကို သူခိုးမယ်လုပ်တော့ မမစိန်နှင့်တော်သော အပေါ်အင်္ကျီ၊ ဘော်လီများ ကျွန်မ မမတင်ဦးကိုယ်နှင့်တိုင်းကာ ချုပ်ဖို့ သူ လာခိုင်းသည်။

"မမစိန်က မမလိုပဲ ပိန်ပိန်ပါးပါးလေး"ဟု ကိုသန်းဆွေက ပြောပါသည်။

နောက်အပတ်မှာ ကိုသန်းဆွေအိမ်လာသောအခါ ပိန်ပိန် ဖြူဖြူနွဲ့နွဲ့နှင့် ကိုသန်းဆွေလိုပဲ အောက်နှုတ်ခမ်းလေးထူထူနှင့် ပြုံးနေသော မမစိန်ကို ကျွန်မတို့ ကိုသန်းဆွေနောက်ပါးမှာ တွေ့ရသည်။ မမစိန်သည် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် အိမ်ကဆင်း၍ ကိုသန်းဆွေနောက် လိုက်လာခြင်းဖြစ်သည်။ ကျွန်မ ဒီအကြောင်းများကို ကိုသန်းဆွေဆုံးပြီးနောက် "ခယောင်းတောမှ ရတ်ခြည်းထ၍" ခေါင်းစဉ်နှင့် ရှုမဝမဂ္ဂဇင်းမှာ ဆောင်းပါးရေးခဲ့ပါသည်။

တစ်နေ့ အစ်ကိုကြီးက ပြောပါသည်။

"စာရေးဆရာတွေဟာ တော်ကြပါတယ်။ များသောအားဖြင့် အရက်နဲ့ မကင်းကြဘူး။ ကိုကြီးလည်း အရက်သောက်ပေမဲ့ အခုဖြတ်လို့ရတယ်။ စိတ်ပါပဲ။ အချိုရဲ့ဆရာက အရက်သိပ်သောက်တာပဲ၊ သူ့ဘဝကို ထိခိုက်မှာ ကိုကြီး စိုးရိမ်တယ်။ စာပေမှာ လူတော်တစ်ယောက် မဆုံးရှုံးစေချင်ဘူး။ အချို သတင်း တစ်ခုကြားလား"

http://www.cherrythitsar.org



“ဘာသတင်းလဲ”

“အချိုရဲ့ဆရာက စာရေးဆရာမတစ်ယောက်ကို ဘားခေါ်သွားပြီး သူက အရက်သောက်ပြီး အဲဒီမိန်းကလေးကို နမ်းလို့ မိန်းကလေးက ဆရာ့ပါးကို ရိုက်တယ်တဲ့”

ကျွန်မ ကိုကြီးစကားကို ဆက်နားမထောင်ချင်၊ ကိုကြီးထံမှစကားတွေ မကြားခင်ကတည်းက ကျွန်မ ဆရာ့သတင်းတွေ၊ ကျွန်မ မကြားချင်အဆုံး၊ ထိုခေတ်ကလည်း စာရေးဆရာဖြစ်ချင်သူ အမျိုးသမီးတွေ များပါသည်။ ဆရာ့ စာတွေဖတ်၍ အသည်းစွဲကာ မိတ်ဆက်စာရေးသူ မိန်းကလေးတွေ များပါသည်။ ဒီအထဲ ကိုယ်တိုင်လာရောက်မိတ်ဆက်သူ အမျိုးသမီးလေးတချို့နှင့် ဆရာ နှစ်ပါးသွားပုံတွေကို ကျွန်မ သတင်းကြားရသည်မှာကြာပြီ။

ဒီလို အရက်၊ မိန်းမ သတင်းတွေကြားလေလေ၊ ဆရာနှင့်ကျွန်မ မတွေ့ ဖြစ်ကြလေပါပဲ။ ဘယ်လိုမှ စရိုက်ချင်းမတူသော ဆရာနှင့်တပည့်၊ တစ်ခါက ကျွန်မက ဆောင်းပါးရေးဖူးပါသည်။ ကျွန်မနှင့် ဆရာမှာ နေနှင့်လ ဟူ၍ ဖြစ်သည်။

ကျွန်မ ယူဆသော ‘နေနှင့်လ’ သဘောက မင်္ဂလာဆောင်မှာ ဘိတ်သိက် ဆရာများ ယူဆသော နေနှင့်လ ရွှေနှင့်မြ လိုက်ဖက်သောသဘောကို မဆောင်ပါ။

ကျွန်မ ယူဆချက်က ဆရာနှင့် ကျွန်မသည် ကောင်းကင်စာပေနယ်မှာ ကောင်းကင်ခရီးသွား စာပေသမားများဖြစ်သော ဆရာက နေ၊ ကျွန်မက လ ဖြစ်သည်။ နေထွက်လာချိန် လမရှိတော့၊ လထွက်လာချိန်တွင် နေမရှိတော့။ ကောင်းကင်မှာ ခရီးသွားကြပေမဲ့ မဆုံမိကြခြင်းသဘောအဖြစ် ကျွန်မ ယူဆ ချက်ကို ရေးခဲ့ပါသည်။

ကျွန်မက ရုရှားက ကဗျာဆရာကြီး ပွတ်ရှကင်ကို သတိရသည်။ သူ့ အကြောင်းဖတ်ရသမျှ သူ၏ စာပေသြဇာသည် ရုရှားလူမျိုးတို့ နှလုံးသားပေါ်မှာ သြဇာလွှမ်းမိုး၍ သက်ရောက်ချယ်လှယ်နိုင်စွမ်းရှိသည်မှာ ယခုထိပါပဲ။ ၁၉၉၉ မေလ ၂၈ ရက်ကပင် ရုရှားသံရုံးမှာ ကဗျာဆရာကြီး ပွတ်ရှကင်မွေးနေ့ ကျင်းပသွားသေးသည်။ ပွတ်ရှကင်သည် သူ့ခေတ်က သက်ဦးဆံပိုင် ဇာဘုရင် စနစ်ကို သရော်ကာ တွန်းလှန်တိုက်ခိုက်ခဲ့သူဖြစ်၍ သူ၏ တော်လှန်ရေးကဗျာ များသည် ရုရှားတို့၏ ခေတ်အဆက်ဆက်တွင် စနစ်တစ်ခုကို ဆန့်ကျင်လို

http://www.cherrythitsar.org



တိုင်း အသုံးချ၍ရအောင် ဆီလျော်သော ခေတ်မီသော လက်နက်ကောင်းများ ဖြစ်လာခဲ့ကြသည်။ ထိပ်တန်းဘဲလေးကဇာတ်များမှ ထင်ရှားသော ဇာတ်လမ်း ၂၀ လောက်မှာ ပွတ်ရုကင်ကဗျာများမှ ပေါက်ဖွားလာခဲ့သည်ဟု ဖတ်ဖူးသည်။

သို့သော် ပွတ်ရုကင်သည် စာရေးအား၊ စာဖတ်အား ကောင်းသလောက် မိန်းမပွေသည်။ အရက်သောက်သည်။ အပျိုဖြစ်ဖြစ် အအိုဖြစ်ဖြစ် စည်းမထားဘဲ ကျူးလွန်ခဲ့သည်။ အသက် ၁၈ နှစ်သားကတည်းက ပြဇာတ်မင်းသမီးများ နောက်ကို တကောက်ကောက်လိုက်ခါ နောက်ပိုးခဲ့သော ပွတ်ရုကင်သည် အသက် ၂၇ နှစ်မှာ ၁၁၃ ယောက်သော ချစ်သူများ ရရှိခဲ့ပြီးဖြစ်သည်။ သူ လက်ထပ်သော 'နာတာရှာ ဂွတ်ရုဂိုမာ'သည် သူ၏ ၁၁၃ ယောက်မြောက် တွေ့ခဲ့သော ချစ်သူဖြစ်သည်။ (တစ်နှစ်မှာ ချစ်သူ ၁၂ ယောက်နှုန်းလောက် တွေ့ခဲ့သည်။)

ပွတ်ရုကင်က စာကြောင်းရေ ၃၇၂ ကြောင်းရှိသော "နယ်စားကြီးနျူလင်" အမည်ရှိ စာအုပ်ကို ၄၈ နာရီ (၄ ရက်) အတွင်း အပြီးရေးသည်ဟု သုတေသီ တို့က ရေးခဲ့သည်။

ကျွန်မဆရာသည်လည်း ရှုမဝမဂ္ဂဇင်းတွင် စက်တင်ရိုက်နေဆဲ စာမူကို အမှီရေးပေးသည်ဟု ဆိုသည်။ ပြီးတော့လည်း တစ်ပုဒ်တည်းရေးသည်မဟုတ်။ ကျွန်မပြောခဲ့သလို ပန်းချီ၊ ဂီတ၊ ဘာသာပြန်၊ နိုင်ငံရေးအကြောင်းများကိုလည်း ကဏ္ဍအလိုက် တာဝန်ယူ၍ ရေးခဲ့သူဖြစ်သည်။

ဆရာ၏ဝတ္ထုများကို ဖတ်ရသည်မှာ တူရိယာငါးပါးကို တစ်ပြိုင်နက် တီးသောအခါ သာယာညှင်းပျောင်း၍ နားဝင်ချိုသော ရသကို ခံစားရသလို၊ အဖွဲ့အနွဲ့ သိပ်သည်းစုံလင်ပါသည်။

ဒါပေမဲ့ ကျွန်မနှင့်ဆရာ မတွေ့ဖြစ်သေးပါ။

ဆရာ အင်္ဂလန်ထွက်သွားသည်ဟု ကြားရသည်။ အင်္ဂလန်အတွေ့အကြုံ များကို ဆရာသည် ရှုမဝမှာ အဆက်မပြတ် စိတ်ဝင်စားဖွယ် ရေးသားဖော်ပြသည်။

နေ့တစ်နေ့မှာ ကိုသန်းဆွေက ပြောလာသည်။

"မစုကို ဆရာက တွေ့ချင်တယ်တဲ့"

ကျွန်မက အံ့အားသင့်သွားသည်။ ဆရာ အင်္ဂလန်က ပြန်ရောက်ပြီကို ကျွန်မ မသိ။ ကျွန်မသည်လည်း ခင်နှင်းယုဟူသော ကလောင်တစ်ခုကို ပိုင် ဆိုင်ပြီးဖြစ်ပေမဲ့ ကျေးဇူးရှင်ဆရာကို မတွေ့ဖြစ်သေး။

http://www.cherrythitsar.org



"တွေ့တာပေါ့ ကိုသန်းဆွေ"

ကျွန်မ ထိုစဉ်က ဆူးလေဘုရားလမ်းတိုက်မှာ နေပါသည်။ ဝွတ္တာလစ်ခြံကို မပြောင်းသေး။

ဆရာ့ကို တွေ့သောနေ့က ကျွန်မ စိတ်မကောင်း။ ဆရာသည် အသားညိုညို၊ မျက်လုံးပြူးသယောင်ရှိသည်။ အရပ်ကတော့ မနိမ့်မမြင့်ပါပဲ။ အမှန်တော့ ဆရာ မချောပါ။

စာများထဲတွင်ဖတ်ခဲ့ရသော သေးသေးညှက်ညှက်နှင့် အသားညိုညို၊ ဆံပင်ကောက်ကောက်၊ အောက်မေးအနည်းငယ်ချွန်သော ရှုရှားကဗျာဆရာ ပွတ်ရှကင်ကို ကျွန်မ မြင်ယောင်လာသည်။ ပွတ်ရှကင်လည်း မချောပါ။

ကျွန်မဆရာနှင့် ကျွန်မ ပထမဆုံးတွေ့ချိန်မှာ ကျွန်မ စိတ်လှုပ်ရှားမိပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတောင်းသောအကူအညီကို ကျွန်မ မပေးနိုင်၍ ဖြစ်ပါသည်။ ဆရာ့ကိစ္စကို ကျွန်မ ဖွင့်မပြောလိုတော့ပေမဲ့ ရင်ထဲမှာ နာကျင်နေပါသည်။

ဒုတိယအကြိမ် တွေ့ချိန်မှာတော့ ဝွတ္တာလစ်ခြံကို ကျွန်မ ပြောင်းလာပါသည်။ ဆရာ ရောက်လာသည်။ ဘာအကြောင်းနှင့်လာမှန်း မမှတ်မိတော့။ သူ့ကို တစ်ယောက်က တွဲလာသည်။ ဆရာ လမ်းကောင်းကောင်းလျှောက်နိုင်ပုံမရ။ ကုလားထိုင်ပေါ်မှာထိုင်စဉ် ဆရာ လက်တွေတုန်နေသည်။ ဆရာ့မျက်လုံးကလည်း ယမကာအခိုးနှင့် ရီဝေနေသည်ဟု ကျွန်မထင်သည်။

ကျွန်မက ငွေ ရာတန်တစ်ရွက်ကို ဆရာ့ရှေ့ချကာ ကန်တော့ပါသည်။

"သမီး...ကျေးဇူးတင်လိုက်တာကွယ်"

ဆရာ့အသံက တုန်ရီနေသလို ကျွန်မမျက်လုံးမှ မျက်ရည်များ သွန်ကျမလာအောင် မနည်းထိန်းရသည်။ ကျွန်မကို 'သမီး'ဟု ခေါ်ခြင်းကို ကျွန်မ စိတ်ထိခိုက်မိခြင်းပါ။ ဆရာပြန်သွားပါသည်။

ထိုအချိန်သည် ဆရာနှင့် နောက်ဆုံးတွေ့ခြင်းပါပဲ။

ခင်နှင်းယုရေးသော ဝတ္ထုစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ထွက်လာတိုင်း "ဆရာ၊ မစု စာပေနယ်မှာ မှတ်တိုင်တစ်တိုင် စိုက်နိုင်ပြီ"ဟု ပြောမိသည်။ ဆရာ့ကျေးဇူးတရားတွေကို ဆောင်းပါးအနေနှင့် ထုတ်ဖော်ရေးသည်မှလွဲ၍ ဆရာ့ကျေးဇူးကို ကျွန်မ မဆပ်နိုင်။ ကိုသန်းဆွေမဆုံးခင် ကျွန်မတို့ ဝွတ္တာလစ်ခြံကို ပြောင်းလာပါပြီ။ အစ်ကိုကြီးက ပြောသည်။

http://www.cherrythitsar.org



"ကိုသန်းဆွေတစ်ယောက် ခုတလော ကိုကြီးတို့အိမ်ကို မလာဘူးနော်၊ ဘာဖြစ်လို့လဲမသိ"

ကျွန်မက စဉ်းစားရင်းမှ ကျွန်မအထင်ကို အစ်ကိုကြီးကို ပြောလိုက်မိသည်။

"သူ အရက်သောက်နေလားမှမသိ၊ အချို အရက်သောက်တာမကြိုက် မှန်း သူသိတော့ အချိုဆီ မလာရဲဘူးထင်တယ်"

၁၉၆၄ ဧပြီလ ၁၄ ရက်၊ သင်္ကြန်အတွင်းမှာ ကျွန်မ မော်ဘီ ဗိုလ်သင်တန်း ကျောင်းဝင်းအတွင်း အိမ်မှာရှိနေဆဲ၊ အစ်ကိုကြီးတပည့်တစ်ယောက်က ကိုသန်း ဆွေ ရေနစ်၍ ဆုံးသွားကြောင်း သတင်းလာပေးသည်။

ဆရာကတော့ ရီးရီးပဲ ကွယ်လွန်ပေမဲ့ ကျွန်မ ဆရာ့ အသုဘကိုတောင် လိုက်မပို့။

ဦးနုမွေးနေ့ ထာဝရရန်ပုံငွေပွဲမှာ ကွယ်လွန်သူ စာရေးဆရာ ကိုသန်းဆွေ ဇနီးအဖြစ် မမစိန်ကို ကျွန်မ ကန်တော့ခဲ့သည်။

ကျွန်မ ဆရာနှစ်ယောက်၏ကျေးဇူးကို ကျွန်မသည် ထိုက်ထိုက်တန်တန် မပေးဆပ်နိုင်သေးပါ။ အရက်သည် ကျွန်မဆရာ ကိုသန်းဆွေအသက်ကို သတ် လိုက်၍၊ အရက်သည် ကျွန်မ၏ဆရာ (စာရေးဆရာ ခင်နှင်းယုဖြစ်လာအောင် မြေတောင်မြှောက်ပေးသူ)၏ ဘဝကို ဖျက်ဆီးလိုက်သည်။ ဆရာ့ကို မေ့သွားကြ ပြီ။ စာပေနယ်တွင် ဆရာ့အသံ ဆိတ်သွားသည်။ ဘယ်သူကမှ ဆရာ့နာမည်ကို ရွတ်ဆိုပြောကြားသံ မကြားရတော့။

ကျွန်မကတော့ ကျွန်မ မကြိုက်သော အရက်ကို ပို၍ နာကြည်းမိ၏။ ဆရာ၏ပညာစွမ်းရည်ကို နှမြောတသမိ၏။

ကျွန်မနှင့် စာပေကျေးဇူးရှင်နှစ်ယောက်ကြားမှာ ယမကာမြစ်ခြား၍ အသက်ရှင်စဉ်တွင် အနေဝေးခဲ့သည်။ ယခုတော့ မရဏမြစ်ခြားကာ ဘယ်တော့မှ ပြန်လည်တွေ့ဆုံကြတော့မည် မဟုတ်ပါ။

ကျွန်မ တစ်ဖက်စွန်းများရောက်နေသလား၊ ကျွန်မအကြောင်းကို ကျွန်မ ၏ချစ်သူနှင့် ကိုသန်းဆွေတို့ ဝေဖန်ကြသောအခါ "ကျွန်မသည် တစ်ခါတစ်ရံ တစ်ဖက်စွန်းရောက်နေတတ်သည်တဲ့။ လောကကို အညီအမျှမရှုတတ်"ဟုဆို သည်။

ယခုလည်း ခင်နှင်းယုဟူသော ကလောင်နာမည်တစ်ခုကို ပေးခဲ့ပါသော ကျေးဇူးရှင်ဆရာနှစ်ယောက်နှင့် ဝေးဝေးနေခဲ့သည်။ ကိုသန်းဆွေ၏ နောက်ဆုံး

http://www.cherrythitsar.org



ခရီးကို ကျွန်မ လိုက်ပို့၍ "ခယောင်းတောမှ ရတ်ခြည်းထ၍" ဆောင်းပါးဖြင့် ကန်တော့ခဲ့သည်။ ဆရာ၏နောက်ဆုံးခရီးကိုတော့ လိုက်မပို့သော ကျွန်မသည် တစ်ဖက်စွန်းရောက်လွန်း၍ ကျေးဇူးမဲ့ရာကျနေပြီလား။

ဆရာတို့နောက် ခင်မင်ရင်းနှီးခဲ့သော စာပေ ရေးဖော်ရေးဖက်များသည် လည်း တချို့ ယမကာမြစ်တွင် စုန်းစုန်းနစ်၍ တချို့က မြုပ်လိုက် ပေါ်လိုက်။ သက်ရှိ ကျေးဇူးရှင် ဆရာတချို့အပါးမှလည်း ကျွန်မ အရက်ကြောင့် အဝေး သို့ ရှောင်ခဲ့သည်။

အရက်သည် လူ့အသိုင်းအဝိုင်းကို ထိုးဖောက်ဝင်ရောက်လာခဲ့၍ အမျိုးသမီး စာရေးဆရာတချို့ပင် အရက်ဖန်ခွက် ကိုင်လာပြီဟု သိရသောအခါ ကျွန်မ ထိတ်လန့်မိသည်။

သူတို့က အသိုင်းအဝိုင်းနှင့်၊ သူတို့ပတ်ဝန်းကျင်မှ နောက်ဆုတ်လာသော ကျွန်မသာ စည်းအပြင်ဘက်ကိုရောက်နေသော တစ်ယောက်တည်းသူလား။

ကျေးဇူးရှင် ဆရာနှစ်ယောက်နှင့် "ယမကာမြစ်ခြား" ဇာတ်လမ်းက ကျွန်မ ကို ငယ်စဉ်က ကျောင်းမှာသင်ခဲ့ရသော ပုံပြင်ကလေးကို သတိရစေပါသည်။

တောအုပ်ထဲတွင် မိုးအခါ မိုးရွာ၍ ရေတင်နေသော သစ်ခေါင်းတစ်ခု သစ်ပင်တစ်ပင်မှာရှိသည်။ ငှက်ကလေးများက စပါးနှံ၊ ပန်းဝတ်ဆံနှင့် သစ်သီး များ သစ်ကိုင်းထက်တွင် စားသောက်ရင်း စပါးနှံနှင့် အကြွင်းအကျန်များ သစ်ခေါင်းထဲသို့ကျသည်။ နေရောင်က သစ်ခေါင်းထဲက အရည်ပေါ်သို့ ကျ ရောက်သောအခါ နေအပူရှိန်နှင့်ချက်သောအရည် ဖြစ်လာသည်။ ငှက်ကလေး များနှင့် မျောက်များ ထိုအရည်ကို သောက်ကြသောအခါ မူးဝေ၍ မြေပြင်သို့ ကျသည်။ အတန်ကြာမှ လိုရာသို့သွားနိုင်ကြသည်။

ထိုအဖြစ်ကို ရသေ့ကြီးတစ်ပါးမမြင်ခဲ့ပါလျှင် ကျေးဇူးရှင် ဆရာနှစ်ယောက် နှင့် ကျွန်မကြား ယမကာမြစ် မခြားတော့ပါ။

**[ချယ်ရီမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၀ ခုနှစ်]**

# မုဆိုးကြီးနှင့် ရသေ့ကြီး

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလထုတ်ချယ်ရီမဂ္ဂဇင်းတွင် ‘ယမကာမြစ်’ ဆောင်းပါးကို ကျွန်မ ရေးခဲ့သည်။ ဆောင်းပါးနိဂုံးတွင် ထိုအဖြစ်ကို ‘ရသေ့ကြီးတစ်ပါး မမြင်ခဲ့ပါလျှင် ကျေးရူးဆရာနှစ်ယောက်နှင့် ကျွန်မကြား ယမကာမြစ် မခြားတော့ပါ’ ဟု ကျွန်မရေးခဲ့သည်။

ယမကာဟူသော စကားလုံးအဓိပ္ပာယ်ကို သောက်စရာ၊ အဖျော်ရည်အဖြစ်များသောအားဖြင့် သုံးစွဲကြသည်။ အဖျော်ယမကာဟူ၍လည်း တွဲ၍ သုံးတတ်ကြသည်။ သို့သော် မူးယစ်မေ့လျော့စေတတ်သော အရက်ကိုလည်း ‘ယမကာလေး သုံးဆောင်ထားတော့’ ဟူ၍လည်း ပြောဆိုတတ်ကြသည်။

ယမကာ သို့မဟုတ် အရက်အကြောင်းကို ဖွင့်ဆိုရာ၌ ၅၅၀ နိပါတ်တော် ကုမ္ဘဇာတ်တွင် ပြည့်စုံပါသည်။ ကျွန်မက ‘ရသေ့ကြီး’ ဟု ဖော်ပြ၍ အကျဉ်းချုပ် အရက်အကြောင်းကို ရေးခဲ့ပါသည်။ အမှန်တော့ ဇာတ်တော်အလာမှာ အရက်ကို စတင်တွေ့ရှိသူမှာ သုရာအမည်ရသော မုဆိုးကြီးဖြစ်ပါသည်။ ‘အရက်’ ဆိုသည်မှာ အာရာဗစ်စကားဖြစ်၍ သုရာဆိုသော မူးယစ်စေသောအရည်မှာ စတင်တွေ့ရှိသူ သုရာမုဆိုးကို အစွဲပြု၍ခေါ်ခြင်းဖြစ်သည်။ မုဆိုးကြီးတစ်ယောက်တည်းမဟုတ်၊ အဖော်ဖြစ်သူ ဝရုဏဟူသော ရသေ့ကြီးလည်း ပါခဲ့သည်။ အရက် သို့မဟုတ် သုရာကို တွေ့ရှိပုံက စိတ်ဝင်စားစရာကောင်းပါသည်။

http://www.cherrythitsar.org



ကုမ္ဘဇာတ်တွင် မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်က ဟောခဲ့ပါသည်။ ဝိသာခါ၏ မိတ်ဆွေဖြစ်သော မိန်းမငါးရာတို့မှာ သေသောက်ပွဲကျင်းပချိန်တွင် အထူးသောက်ပွဲကျင်းပ၍ သူတို့လင်သားများနှင့် သောက်ကြရန်စီစဉ်သည်။ ဝိသာခါကိုခေါ်တော့ ဝိသာခါက သုရာကို မသောက်ဟုဆိုကာ မြတ်စွာဘုရားထံသွား၍ အလှူပေးသည်။

အမျိုးသမီးသူငယ်ချင်းများက သေသောက်ကြူးကာ ဝိသာခါဆီရောက်လာလျှင် ဝိသာခါသည် အလှူပေးပြီး တရားနာရန် ထိုအမျိုးသမီးများ ခြံရံ၍ ဘုရားကို ကန်တော့ရန် ပန်းနံ့သာများ စွဲကိုင်၍ မြတ်စွာဘုရားထံလာကြသည်။ ခေတ်စကားနှင့်ဆိုရလျှင် သေသောက်ကြူးသော ဝိသာခါ၏ မိတ်ဆွေ အမျိုးသမီးများမှာ 'လွတ်'ကုန်ကြသည်၊ ဘုရားရှေ့မှာ ကကြ ခုန်ကြ သီချင်းအော်ဆိုကြနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ကြသည်။ သေရည်မူးနေ၍ အထိန်းအချုပ်မရှိကြတော့။

မြတ်စွာဘုရားသည် ဣန္ဒြေထိန်းချုပ်မှုမရှိ သတိလက်လွတ်နေသော မိန်းမများကို ကြောက်ရွံ့ထိတ်လန့်စေရန် မျက်မှောင်တော်အမွေးမှ ညိုသော ရောင်ခြည်တို့ကို လွှတ်တော်မူ၏။

ညိုသောရောင်ခြည်ကြောင့် ရုတ်တရက် မှောင်ကျသွားသောအခါ သေသောက်ကြူး၍ ယစ်မူးနေသော မိန်းမများမှာ အမူးပြေကာ သေရတော့မည်ထင်၍ ကြောက်ရွံ့ထိတ်လန့်ကြသည်။

မြတ်စွာဘုရားသခင်သည် ပလ္လင်တော်ပေါ်မှကွယ်၍ မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူပြီး ဥဏ္ဏာလုံးမွေးရှင်တော်မှ ရောင်ခြည်တို့ကို လွှတ်တော်မူ၏။ လတစ်ထောင်၊ နေတစ်ထောင်ကဲ့သို့ အလင်းရောင်ကို ဖြစ်စေသည်။ မြတ်စွာဘုရားသည် မြင်းမိုရ်တောင်ထိပ်မှနေ၍ ထိုမိန်းမတို့ကို "အသိတရားတည်းဟူသော အလင်းရောင်ကိုပေးသည့် ပညာကိုမရှာဘဲ မောဟတည်းဟူသော အမှောင်တိုက်တွင် ရာဂလွှမ်းကျူး၍ အဘယ်ကြောင့် ပျော်မြူးနေကြပါသနည်း" အစရှိသော တရားကို ဟောတော်မူသည်။

မြတ်စွာဘုရား တရားဟောပြီးသောအခါ ထိုအရက်မူးသော မိန်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြသည်။ မြတ်စွာဘုရားသခင်သည် ကျောင်းတော်ကို ပြန်ကြွလာ၍ ဂန္ဓကုဋီအရိပ်မှာ နေတော်မူစဉ် ဝိသာခါက "အရက်အကြောက်ကို ဖျက်ဆီးတတ်သော ဤသေသောက်ခြင်းသည် အဘယ်ကာလမှ စတင်ဖြစ်ပေါ်လာပါသနည်း"ဟု မေးလျှောက်ရာတွင် မြတ်စွာဘုရားသည် ထိုသေရည်

http://www.cherrythitsar.org



အကြောင်းကို ဟောတော်မူခြင်းဖြစ်သည်။

အကျဉ်းချုပ်ရေးပြရလျှင်...

"ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး အုပ်စိုးနေစဉ် ကာသိတိုင်း၌ နေသော မုဆိုးတစ်ယောက်သည် ဆင်စွယ်သားမြီး စသည် ရယူရန် ဟိမဝန္တာ တောသို့ သွားသည်။

ဟိမဝန္တာတောထဲတွင် မုဆိုးသည် သစ်ပင်တစ်ပင်ကိုမြင်သည်။ ထိုသစ်ပင် သည် လူတစ်ရပ်လောက်ရှိသောနေရာတွင် ခက်မသုံးခု ဖြာထွက်၍ ခက်မသုံးခု ကြားတွင် စရည်းအိုးပမာဏလောက်ရှိသော သစ်ခေါင်းတစ်ခု ဖြစ်ပေါ်နေသည်။ ထိုသစ်ခေါင်းမှာ မိုးရွာသောအခါ ရေပြည့်နေသည်။ ထိုသစ်ပင်အနီးတွင် သဖန်း ခါး၊ ရှစ်ရှား၊ ငရုတ်ချုပ်ပင်တို့ရှိသည်။ ထိုအပင်တို့မှ အသီးများ မှည့်ကြွေလျှင် ထိုသစ်ခေါင်းထဲသို့ကျသည်။ ထိုသစ်ပင်အနီးတွင် သလေးစပါးခင်းတို့လည်း ရှိသည်။ ကျေးငှက်တို့သည် သလေးခင်းမှ သလေးနှံတို့ကို ချိုယူ၍ ထိုသစ်ပင်ပေါ် မှာ စားကြသည်။ သလေးစပါးနှံထဲမှ အကြွင်းအကျန် သလေးစပါးနှံများမှာ ထိုသစ်ခေါင်းထဲသို့ ကျရောက်ကြသည်။ ထိုသစ်ခေါင်းထဲမှရေသည် နွေအခါ နေရောင်ဖြင့် ကျိုချက်သလိုဖြစ်ကာ အရည်မှာ နီ၍နေသည်။ နွေအခါ ရေငတ် သော ငှက်များမှာ ထိုအရည်ကို သောက်သောအခါ မူးယစ်၍ သစ်ပင်ရင်း၌ ကျသည်။ ခဏတာအိပ်ပျော်သွားပြီး မကြာခင် ပျော်ရွှင်မြူးထူး၍ ထွက်သွား ကြသည်။ သစ်ပင်ထက်ရောက်သော မျောက်များ၊ ရွှေးများမှာလည်း ဤအရည် ကို သောက်မိလျှင် ငှက်များကဲ့သို့ ဖြစ်ကြသည်။

မုဆိုးကြီးသည် ငှက်နှင့် မျောက်များ၏အဖြစ်ကို မြင်တွေ့ရ၍ တွေးမိသည်။

"ဤအရည်သည် အဆိပ်ဖြစ်ပါအံ့၊ သောက်သုံးသူ ငှက်၊ မျောက်စသော သတ္တဝါတို့မှာ သေကြေမည်ဖြစ်သည်။ ယခုမူ ထိုသတ္တဝါတို့မှာ သောက်သုံးပြီး ခေတ္တအိပ်ပျော်ကာ လိုရာသို့သွားကြသည်။ ဤအရည်သည် အဆိပ်မဟုတ်နိုင်" ဟုတွေးကာ ထိုအရည်ကို သောက်ကြည့်၏။ မူးယစ်သောအရသာကို ခံစားရရုံမက အမြည်းကိုပါ လိုချင်လာသည်။ သစ်ပင်ရင်း၌ ကျနေသော ကြက်၊ ငှက်၊ ခါ စသည်များကို သတ်၍ မီးကျီး၌ကင်ကာ ထိုအရည်နှင့် မြည်းတော့သည်။

ထိုသစ်ပင်နားမှာ တစ်ရက်၊ နှစ်ရက်နေပြီး မုဆိုးသည် အနီးအနားတွင် ရှိသော သူ့မိတ်ဆွေ ဝရုဏမည်သော ရသေ့ကြီးထံသွားသည်။ မုဆိုးသည် သစ်ခေါင်းမှ သေရည်ကို ဝါးကျည်တောက်နှင့်ထည့်၍ အမဲကင်များနှင့်အတူ

ရသေ့ကြီးကျောင်းသခ်မ်းသို့သွား၍ နှစ်ယောက်အတူ သေရည်နှင့် အမဲကင်များကို စားသောက်၍ ယစ်မူးကြသည်။

ဇာတ်တော်တွင် “ဤသို့လျှင် သုရာမည်သော မုဆိုးသည်လည်းကောင်း၊ ဝရုဏမည်သော ရသေ့သည်လည်းကောင်း မြင်သည်ဖြစ်သောကြောင့် ထိုအဖျော်အား သုရာဟူ၍လည်းကောင်း၊ ဝရုဏဟူ၍လည်းကောင်း အမည်သည် ဖြစ်၏”

ဟု မြတ်စွာဘုရားသခင်က သေရည်အရက် ဖြစ်ပေါ်လာပုံကို ဝိသာခါအား ဤသို့ ဟောပြောပြသပါသည်။ အမှန်တော့ ဇာတ်တော်သည် ဤတွင် မဆုံးသေး။ သုရာနှင့်ဝရုဏတို့က သေရည်ကို တခြားမင်းတစ်ပါးကိုလည်း ဆက်သသည်။ ထိုမင်းက ကြိုက်လွန်း၍ တောသို့ ခဏခဏသွားယူရသဖြင့် နောက်ဆုံး ထိုသေရည်ကိုဖြစ်စေသော ပစ္စည်းများကိုယူကာ ခေတ်စကားနှင့်ဆိုလျှင် ထိုမြို့မှာ သေရည်ချက်ကြ၍ တိုင်းသူပြည်သားများ သောက်စားယစ်မူးကြသည်။ မူးယစ်မေ့လျော့ကာ ဘာမှမလုပ်ဘဲ ဆင်းရဲကုန်ကြသောကြောင့် သုရာနှင့် ဝရုဏသည် တခြားမြို့ကို ထွက်ပြေးကြသည်။

သူတို့နှစ်ယောက်သည် ဗာရာဏသီ၊ သာကေတ၊ သာဝတ္ထိ စသည်တို့သို့ တစ်ပြည်ပြီးတစ်ပြည်သွားရောက်ကာ သေရည်ချက်နည်းပေး၍ မင်းနှင့်တကွ ပြည်သူတို့ကို သောက်စေပါသည်။ သူတို့နှစ်ယောက် ဇာတ်သိမ်းခန်းကလည်း စိတ်ဝင်စားစရာကောင်းသည်။ သူတို့ သေရည်ချက်နည်းပေး၍ သေရည်ချက်ကာ သောက်သော ပြည်သူပြည်သားများမှာ ပျက်စီးဆင်းရဲကြရသည်။

ထိုပြည်သူတို့ကို ပျက်စီးစေသော သုရာနှင့် ဝရုဏသည် ဝဋ်လည်တော့ သည်။

သာဝတ္ထိပြည်မှာ သဗ္ဗမိတ္တမင်း မင်းပြုနေစဉ် သုရာနှင့် ဝရုဏ ရောက်လာကြသည်။ ဘုရင်ကို သေရည်ချက်နည်းပြ၍ လိုအပ်သောပစ္စည်းကို ဘုရင်ကပေး၍ စရည်းအိုးကြီးငါးရာနှင့် သေအရက်ချက်ကြသည်။ သေရည်အပြည့်ရှိသော အိုးများကို ကြွက်များက လာသောက်မည်စိုး၍ အိုးတစ်လုံး တစ်လုံးမှာ ကြောင်တစ်ကောင်စီ ချည်ထားသည်။ ထိုကြောင်များမှာ သေရည်အိုးထဲမှ သေရည်များကျက်၍ အပေါ်သို့ ဝေကျကာ ဖိတ်လျှံလာသောအခါ သောက်ကြ၍ မူးယစ်ကာ အိပ်ပျော်သွားကြသည်။ ထိုအခါ ကြွက်များက လာကာ ကြောင်တို့၏ နား၊ နှာခေါင်း၊ အမြီးတို့ကို စား၍ ထွက်သွားကြသည်။ မူးလဲနေသော ကြောင်တို့ကိုမြင်သော မှူးမတ်တို့က “ကြောင်တို့သည် သေရည်သောက်၍ သေ

ကုန်ကြပြီ”ဟု ဘုရင်မင်းကြီးအား လျှောက်ထားကြသည်။ မင်းကြီးက “မုဆိုးနှင့် ရသေ့တို့သည် အဆိပ်ကိုလုပ်သောသူများဖြစ်သည်။ ဦးခေါင်းကိုဖြတ်စေ”ဟူ၍ အမိန့်တော်ချမှတ်သည်။

သုရာနှင့် ဝရုဏာသည် မသေခင် “အရှင်မင်းကြီး ထိုအရည်သည်အလွန်ချိုမြိန်၏”ဤနောက်ဆုံးစကားပြောကာ ခေါင်းဖြတ်ခံ၍ သေသွားကြသည်။ သူတို့ဘဝနိဂုံးက မလှပပါ။

ဘုရင်ကြီးက သေအိုးများကိုပါ ခွဲစေဟု အမိန့်ချစဉ် ကြောင်များက အမူးပြေကာ ထ၍ကစားနေကြသည်ကို မှူးမတ်များက မြင်ပြန်သောအခါ ဘုရင်ကို လျှောက်ကြသည်။ ဘုရင်ကြီးက “အဆိပ်သာဖြစ်လျှင် ကြောင်များ သေကြမည်၊ ယခုမူ ထိုသူတို့ပြောသကဲ့သို့ အလွန်ချိုမြိန်သောအရည် ဖြစ်သောကြောင့် ကြောင်များမသေ၊ ငါကိုယ်တိုင် ထိုအရည်ကို ပွဲတော်တည်မည်”ဟူ၍ မိန့်ကြားကာ မဏ္ဍပ်ကို အကြီးအကျယ်ဆောက်ကာ သေရည်သောက်ဖို့ ပြင်ဆင်နေသည်။

သိကြားမင်းက လူ့ပြည်ကိုကြည့်စဉ်တွင် “ဤသဗ္ဗမိတ္တမင်းသည် သေရည်ကိုသာ သောက်ပါက တခြားတိုင်းပြည်မှ မင်းနှင့်ပြည်သူကဲ့သို့ မူးယစ်မေ့လျော့ကာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး သေသောက်ခြင်းဖြင့် ပျက်စီးလတ္တံ့။ ထိုမင်း သေမသောက်အောင် ငါပြုလတ္တံ့”ဟု ကြံစည်လိုက်သည်။ သိကြားမင်းသည်ဗြာဟ္မဏပုဏ္ဏားသဏ္ဍာန် ဖန်ဆင်း၍ မင်းကြီးရှေ့ ကောင်းကင်မှာရပ်ကာ အိုးတစ်လုံးကို ကိုင်ဆောင်၍ထား၏။

မင်းကြီးက ကောင်းကင်မှာရပ်နိုင်သော ဗြာဟ္မဏပုဏ္ဏားအား အံ့သြ၍ ဘယ်အရပ်မှ ဘာကိစ္စနှင့်လာသနည်းဟု မေးသည်။ ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းက သူ့လက်ထဲတွင် ကိုင်ဆောင်ထားသော သေရည်အိုးကို ဝယ်ပါဟူ၍ ထိုသေရည်သောက်ခြင်း၏ အပြစ်တို့ကို မင်းကြီးအား ပြောပြသည်။ ထိုအိုးမှ အရည်ကိုသောက်၍ အမူးလွန်လျှင်...

“ချောက်ကမ်းပါးကိုပင်မမြင် ကျ၍သေတတ်သည်။ တိရစ္ဆာန်ကဲ့သို့ အသိတရားကင်းမဲ့ကာ စိတ်ကို အစိုးမရဖြစ်တတ်သည်။

အဝတ်အစားမကပ် ကျွတ်လွတ်ကာ အရှက်ကင်းမဲ့တတ်သည်။

ထိုသေရည်သောက်၍ အအိပ်လွန်သောကြောင့် ဝီရိယပျက်ပြားကာ အလုပ်မလုပ် ဆင်းရဲတတ်သည်။ စည်းစိမ်ဆုတ်ယုတ်တတ်သည်။

အန်ဖတ်ဆို့ကာ အန်ဖတ်များနှင့် လိမ်းကျံ၍ မတင့်မတယ် ရွံစရာဖြစ်

တတ်သည်။

စကားပြောဆို ငြင်းခုံမှုများ၍ ခိုက်ရန်ဖြစ်ပွားကာ အန္တရာယ်များသည်။

အများမရှိသေကာ ဂုဏ်သိက္ခာကျရသည်” စသည်ဖြင့် သိကြားမင်းက သေရည်သောက်ခြင်း၏အပြစ်ကို ဟောပြောကာ “သူသည် ဗြာဟ္မာဏပုဏ္ဏား မဟုတ်၊ တာဝတိံသာမှ သိကြားမင်းဖြစ်သည်”ကို ပြောပြသောအခါမှ သဗ္ဗမိတ္တ မင်းသည် သတိတရားရကာ သေမဏ္ဍပ်ကိုဖျက်၍ အရက်မသောက်တော့ပါ။ ဇာတ်တော်မှာ သေရည်၏အပြစ်ကို သိကြားမင်းဟောသည်မှာ အတော်များပါ သည်။ ကျွန်မက အကျဉ်းချုပ်ဖော်ပြပါသည်။ မြတ်စွာဘုရားက သဗ္ဗမိတ္တမင်း သည် ယခု အာနန္ဒာဖြစ်၍ ငါဘုရားသည် သိကြားမင်းဖြစ်သည်ဟု ဝိသာခါအား ဟောကြားကာ ဇာတ်ပေါင်းပါသည်။

ကျွန်မစိတ်ထဲမှာ “ယမကာမြစ်”ရေးရင်း ထိုဇာတ်တော်ကို ဖတ်ရသော အခါ သုရာမည်သော မုဆိုးနှင့် ဝရုဏမည်သော ရသေ့တို့မှာ ယခုအခါ လူဝင် စားများဖြစ်ကာ အရက်ချက်နေကြသည်ဟုထင်သည်။ ဂျော်နီဝပ်ကား၊ ဘလက် လေဘယ်၊ ကော့ညက်၊ ဗောဒကာ၊ ဆာကေး အစရှိသည့်ပြင် အရက်ပေါင်းစုံ သာမက မူးယစ်ဆေးဝါးတွေကိုပါ ချက်လုပ်ရောင်းချနေကြသည်။ တစ်ကမ္ဘာ လုံးသည် အရက်သမား များပြားလာသည်။

ကျွန်မမှာလည်း ကျွန်မ ခင်မင်လေးစားရသူများ၊ ကျေးဇူးရှင်များနှင့် ယမကာမြစ်ခြားရသောအဖြစ်ကို ရောက်ခဲ့ရပါပြီ။ နောင်ကိုလည်း ရင်းနှီးလေးစား သူတွေနှင့် ဝေးရတော့မည် ထင်ပါရဲ့။ အဘယ်ကြောင့်ဆိုသော် ကျွန်မ ခင်မင် လေးစားသော ပုဂ္ဂိုလ်များထဲမှာပင် အခြားဘက်တွေတော်ပေမဲ့ အရက်ကို မဖြတ်နိုင်။

ကျွန်မ လေးစားသူတစ်ယောက်က ကျွန်မကို “အရက်ဆိုတာ သောက်တတ် လျှင်ဆေး၊ မသောက်တတ်လျှင်ဘေး”ဟု အကြောင်းပြကာ သူသည် အရက် အကောင်းစားကို လူကြီးလူကောင်း သောက်နည်း သောက်သည်ဟု ဆိုခဲ့သည်။ ဒါပေမဲ့ အရက်သည် အရက်ပဲဖြစ်သည်။ နည်းနည်းများများ သူ့ဓာတ်က သောက်သူဝမ်းထဲမှာ စုဍ်လာသောအခါ အသည်းကို ခိုက်လာသည်။ အသည်းက အစာခြေဖို့အရည်များထုတ်ပေးရန် မတတ်နိုင်၊ ချို့ယွင်း၍လာသည်။ စားသမျှ အစာမခြေနိုင်၍ အန်ပစ်ရသည်။ ငယ်ကတည်းက သောက်လာသော အရက်က ယခုအရွယ်ထောက်လာချိန်တွင် ဒုက္ခပေးလာပြီး အစာကို အားရပါးရ မစား

http://www.cherrythitsar.org



နိုင်၍ အင်အားချိနဲ့လာရသည်။

လမ်းဘေးထိုးလဲအောင် အလွန်အကျွံသောက်မှ ဒုက္ခပေးသည်၊ လူကြီးလူကောင်းလို အဖိုးတန်အရက်သောက်၍ ဒုက္ခမပေးဟု ယူဆ၍ မရပါ။ အရက်သည် အရက်ပဲ။ သူ၏ ဆိုးကျိုးအစွမ်းတွေ ဝမ်းထဲမှာ စုလာသောအခါ လူကို ဒုက္ခပေးမြဲဖြစ်သည်။ တစ်လောက တီဗွီကြည့်ရာတွင် နိုင်ငံခြားမှ သတင်းတစ်ခုပါလာသည်။ အမေရိကန်ပြည် ဟားဗတ်ယူနီဗာစီတီမှ ပရော်ဖက်ဆာများက သုတေသနလုပ်၍ ကြေညာစာတမ်းထုတ်ပါသည်။

ယခုတစ်လော ယောကျ်ားများတွင် ဆီးကျိတ်အဖြစ်များ၍ ခွဲစိတ်ကုသခံကြရသည်။ ဆီးကျိတ်သည် ခွဲစိတ်ပြီးလျှင် များသောအားဖြင့် ကင်ဆာ ဖြစ်တတ်ပါသည်။ ထို့ကြောင့် ယောကျ်ားများ ဆီးကျိတ်မဖြစ်အောင် အရက်မသောက်ပါနှင့်၊ ရေကို များများသောက်ပါဟူ၍ ပြောကာ ရေကို သောက်ပြကြသည်။ သူတို့နိုင်ငံများမှာ ရေငတ်လျှင် အရက်သောက် ဘီယာမော့ကြသည်။ ဒါကြောင့် ရေကိုသာများများသောက်ဖို့ ပရော်ဖက်ဆာများက တိုက်တွန်း နှိုးဆော်ကြခြင်း ဖြစ်သည်။ တချို့က ဘီယာသည် ရေပဲဟု ပြောကြသည်။ ဒီလိုဆို ပိုက်ဆံအကုန်ခံ၍ ဘီယာမသောက်ဘဲ ရေပဲသောက်ကြပါလား။ ဘာကြောင့် ဘီယာသောက်ပါသနည်း။ တချို့ကလည်း အရက်မသောက်လည်း ဆီးကျိတ်ဖြစ်သူများရှိသည်ဟု ဆင်ခြေတက်ကာ အကြောင်းပြကြသည်။ အရက်မသောက်ဘဲ ဆီးကျိတ်ဖြစ်သူများလည်း ရှိကြပါသည်။ နည်းပါသည်။ သို့သော် သုတေသနပညာရှင်များက သေချာစွာ သုတေသနလုပ်ပြီးမှ ထုတ်ပြန်ခြင်းဖြစ်၍ အရက်သောက်လျှင် ဆီးကျိတ်ဖြစ်လွယ်သည်ကို ကြေညာကြခြင်း ဖြစ်ပါသည်။ ရေများများသောက်ခြင်းဖြင့် ဆီးကျိတ်ကာကွယ်ဖို့ အကြံဉာဏ်ပေးသည်ကို လိုက်နာသင့်ကြပါသည်။ ဒါက ကျန်းမာရေးအတွက်ဖြစ်သည်။ လူမှုရေးတွင် စာရေးဆရာဖြစ်ရန် ကျွန်မကို ကျေးဇူးပြုခဲ့သူ ဆရာနှစ်ယောက်အကြောင်း ကျွန်မရေးခဲ့ပြီ။ ကျွန်မ၏ ဘဝတစ်လျှောက် အဆွေခင်ပွန်းသဖွယ် အားကိုးရသော မိတ်ဆွေကြီးမှာလည်း ပညာအလုပ်အကိုင် ဂုဏ်သရေနှင့် ပြည့်စုံပါသည်။ ရုပ်ရည်ကလည်း တင့်တယ်ပါသည်။ ဒါပေမဲ့ သူ့ပါးစပ်ထဲ အရက်ဝင်လျှင် ကျွန်မစိတ်ထဲမှာ ထင်သည်။ သူ၏ တင့်တယ်သောရုပ်မှာ ကျက်သရေမရှိတော့ပါ။ သူ့ကိုလေးစားမိသမျှ အကြည်ညိုလျော့ပါးလာရသည်။ ဒီအဖြစ်အတွက် ကျွန်မ ဝမ်းနည်းကြေကွဲမိသည်။ အဆွေခင်ပွန်းအဖြစ်မှ ပျက်ပြားရတော့မည်ထင်ပါရဲ့။ ပညာများ

http://www.cherrythitsar.org



ဘယ်လောက်တတ်နေပါစေ အရက် ဝင်လာလျှင် အတွေးအခေါ်မမှန်တော့ပါ။ ကွယ်လွန်သူ စာရေးဆရာကြီး လူထု ဦးလှမှာ လာမည့် ဇန်နဝါရီလ (၁၉) ရက်မှာ အသက်ထင်ရှားရှိလျှင် (၉၀) ပြည့်ပေမည်။ သူသည် အရက်သမား အမှား တစ်ထောင်နှင့် အရက်သမား အမှားနှစ်ထောင်တို့ကို ရေးခဲ့သည်။

ယခု ကျွန်မ မန္တလေးကို ခရီးထွက်စဉ်က လမ်းတစ်လျှောက် မြို့ရွာဆိုင်တိုင်းမှာ မြန်မာဘီယာအရက်ကြော်ငြာဆိုင်းဘုတ်များ တွေ့ရသည်။ အမျိုးသမီးများလည်း သောက်ကြသည်။ ဦးလှသာ ယခု အသက်ထင်ရှားရှိနေလျှင် အရက်သမား အမှားတစ်ကုဋေဟူသောအကြောင်း ရေးမည်ထင်ပါသည်။

ဆရာသခင်ကျေးဇူးရှင်များ၊ အဆွေခင်ပွန်းကောင်းများ၊ ကျွန်မ၏ ရေးဖော် ရေးဖက်များနှင့် ကျွန်မကြားတွင် တသွင်သွင်စီး၍ ပိုင်းခြားထားပါသော ယမကာမြစ်ကြီးသည် တိမ်ကောခန်းခြောက်သွားပါစေဟူ၍ ကျွန်မ ဆုတောင်းမိပါသည်။

ကိန္နရီချောင်းခြားဇာတ်က ပြန်လည်ပေါင်းစည်းဖို့ အခြေအနေရှိပါသော်လည်း ယမကာမြစ်ခြားလျှင်တော့ ပြန်လည်ပေါင်းစည်းကြဖို့ လမ်းမမြင်တော့ပါ။

**[ချယ်ရီမဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၀ ခုနှစ်]**

# ဖြစ်ချင်တာလည်း မဖြစ်ရပါ

ဖြစ်ချင်တာနှင့် ဖြစ်နေခြင်းမှာ တခြားစီဖြစ်နေကြသော ဘဝများကို တွေ့ရတိုင်း ကျွန်မ၏ချစ်သူကို သတိရမိပါသည်။ ယခုလို မဂ္ဂဇင်းများ အတော်များများ ထွက်လာကြချိန်တွင် သူ့ကို ပိုမိုသတိရစရာဖြစ်လာပါသည်။ အဘယ်ကြောင့် ဆိုသော် မဂ္ဂဇင်းအများစု၏ အယ်ဒီတာချုပ်များကို ကြည့်လိုက်လျှင် များသော အားဖြင့် တပ်မတော်မှာ အမှုထမ်းလာသူများ၊ တိုင်းပြည်ချောက်ထဲကျရန် လက်နှစ်လုံးလောက်အလိုတွင် ပါဝင်တိုက်ခိုက်ခဲ့သူများ ဖြစ်သောကြောင့်တည်း။ ဥပမာ...ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမြလှိုင်မှာ တစ်ခါက ကျွန်မချစ်သူ ဒုတိယဗိုလ်မှူးကြီးကျော်သောင်းနှင့်အတူ စစ်ရဲတပ်ရင်း (၄)တွင် ပါဝင် တိုက်ခိုက်ခဲ့သူဖြစ်သည်။ ချယ်ရီမဂ္ဂဇင်း အယ်ဒီတာချုပ်မှာ ဗိုလ်မှူးကြီးတင်မောင် (မြတ်ထန်)ဖြစ်၍ မဟေသီမဂ္ဂဇင်းအယ်ဒီတာချုပ်မှာ ဗိုလ်မှူးကြီးစောမြင့်(ဗိုလ်မှူး သမိန်)တို့ဖြစ်ကြသည်။ သူတို့သည်လည်း တပ်မတော်တွင် အမှုထမ်းစဉ်က အစဉ်အလာနှင့် သမိုင်းကြောင်းနှင့် လာခဲ့ကြသူများဖြစ်၍ သူတို့အကြောင်းကို အထူးထုတ်ဖော်ပြောကြားရန်မလိုပါ။ သို့သော် သူတို့ ဆုတောင်းပြည့်ကြသည်။ တိုင်းပြည်တာဝန်ကို လက်နက်စွဲကိုင် ထမ်းရွက်ပြီးနောက် အနားယူချိန်တွင် သူတို့ချစ်သောကလောင်ကိုစွဲကိုင်ကာ တိုင်းပြည်ကို အကျိုးပြုနိုင်သည့် အခွင့် အရေးကို ရကြသည်။

ကျွန်မ၏ချစ်သူ ဒုတိယဗိုလ်မှူးကြီးကျော်သောင်းသည် ဗိုလ်ကြီးအဖြစ်နှင့် တာဝန် တန်းဆောင်ခဲ့စဉ်က မြဝတီမဂ္ဂဇင်း အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်း

http://www.cherrythitsar.org



ဆောင်ခဲ့ဖူးပါသည်။ သို့သော် သူသည် ၁၉၇၀ ပြည့်၊ စက်တင်ဘာလ ၅ ရက်တွင် လက်မှာ သေနတ်စွဲကိုင်ရင်း ကွယ်လွန်ခဲ့၏။ ကျွန်မတို့ လက်မထပ်ခင် ၁၉၅၀ ပြည့်နှစ် မတိုင်ခင်ကမူ သူ့ရည်ရွယ်ချက်သည် ကျွန်မဖော်ပြခဲ့သော တပ်မတော်သား အယ်ဒီတာချုပ်များကဲ့သို့ ကလောင်ကိုစွဲ၍ ဘဝခရီးကို လျှောက်လိုသည်ဟု သိခဲ့ရသည်။ ထို့ကြောင့်ပင် တပ်မတော်သား စာပေသမားများ ကို တွေ့ရတိုင်း သူ့ကို သတိရစရာဖြစ်ခဲ့ရပါသည်။

"ကိုကြီးသာ တက္ကသိုလ်မှာ ဆက်နေသွားဖြစ်ရင် အင်္ဂလိပ်စာကို တောက်လျှောက် တစ်သမတ်တည်းလိုက်ခွင့်ကြုံမှာ။ မြဝတီမဂ္ဂဇင်းမှာ ဝင်လုပ်ကြည့်တာကတော့ စာရေးကြီးအလုပ်ဆန်တဲ့ စီးပွားရေးပိုင်းတို့၊ လုပ်ငန်းပိုင်းတို့ဆိုတာတွေကို ကိုယ်ဦးစီးအုပ်ချုပ်ရမှာမို့ ကျွမ်းကျင်အောင် လေ့လာတာပါ။ အချို့ကို မတွေ့ခင် ကျောင်းနေစဉ်ကတည်းက ကိုကြီးရဲ့ရည်ရွယ်ချက်က အဂ္ဂါစနိုးပဲဖြစ်ချင်တယ်။ ကမ္ဘာလှည့်သတင်းထောက်လုပ်၊ သူ့လိုပဲ လွတ်လွတ်လပ်လပ်သွား၊ သူ့လိုပဲ လွတ်လွတ်လပ်လပ်ရေးချင်တယ်။ အဲဒီဆန္ဒ ဘယ်တော့ဖြစ်မယ်မသိဘူး။ အချို့ကို ဖဆပလ ဝါဒဖြန့်ချိရေးဌာနမှာ စတွေ့တုန်းက အဲဒီရည်ရွယ်ချက်နဲ့ ရအောင် ယူမယ်လို့ စိတ်ပိုင်းဖြတ်လိုက်တာ တကယ်သာအောင်မြင်ခဲ့ရင် ဘယ်လောက်များ ပျော်စရာကောင်းမလဲ မိချို။ တို့များနှစ်ယောက် တိုင်းပြည်တွေအနှံ့ လျှောက်သွား၊ စာတွေဖတ်၊ စာတွေရေး စိတ်တူသဘောတူပေါ့နော်"

သူ၏ **(Idea Home)** စိတ်ကူးယဉ်အိမ်မက်လေးမှာ လွတ်လပ်ခြင်း၊ အေးမြခြင်းနှင့် ပြည့်ဝနေပါသည်။ တစ်ခါတစ်ရံ ငွေရေးကြေးရေးကို ထည့်တွက်သော်လည်း ပူပင်ဟန်တော့မတူပါ။

"ပိုက်ဆံဆိုတာ အရေးမကြီးပါဘူးနော်။ ဒါပေမဲ့ ခုချိန်ထိတော့ အဂ္ဂါစနိုးမဖြစ်ဘဲ အဂ္ဂါစနိုးစနောင့်ကြီးဖြစ်နေတယ်။ ဟဲမင်းဝေးကြီးဆိုလည်း တစ်ဖက်က သေနတ်ကိုင်ထားပေမဲ့ တစ်ဖက်က သူ့ကလောင်နဲ့ စာရေးသွားလိုက်တာ မြူးနေတာပဲ။ အချို ကြိုးစားနော်၊ ကိုကြီးလည်း သေနတ်ကို တစ်ဖက်က ကိုင်ထားပေမဲ့ ဒီသတင်းစာပညာတို့၊ သတင်းထောက်ပညာတို့ကို စိတ်မကုန်ဘူး။ တကယ်တော့ အဲဒီပညာရပ်တွေဟာ မလွယ်ဘူး"

သူသည် တစ်ခါတစ်ခါ ကျွန်မတို့နောင်ရေးကို ဆွေးနွေးတိုင်ပင်ကြတိုင်း သူ့ဆန္ဒကို ထုတ်ဖော်ခဲ့သည်။ ကျွန်မတို့လက်ထပ်ပြီးနောက် သူ စီမံကိန်းချမှတ်ထားသည့်အတိုင်း ကျွန်မအတွက် သီးသန့် အင်္ဂလိပ်စာပြရန် ဆရာချက်ပ်မင်း

http://www.cherrythitsar.org



ကို ခေါ်ယူပေးပါသည်။ ရန်ကုန်မှာ နားနေရချိန်တွင်လည်း သူပါရော၍ သင်ပါသည်။ သတင်းစာခေါင်းကြီးနှင့် သတင်းများကို အင်္ဂလိပ်လိုရေးနိုင်အောင်ဟု ဆိုပါသည်။ ဆရာချက်ပ်မင်းက အင်္ဂလိပ်စာစီစာကုံး ရေးခိုင်းလျှင် သူ့စာစီစာကုံးမှာ ဖျက်ရာခြစ်ရာမရှိ၊ ကျွန်မ စာစီစာကုံးမှာတော့ မင်နီတွေ ဗရပွနှင့် သူကျွန်မထက် အင်္ဂလိပ်စာတော်ပါသည်။ ကျွန်မကိုလည်း အင်္ဂလိပ်စာတွေဖတ်ဖြစ်အောင် အမျိုးမျိုးဝယ်ပေးပါသည်။ ကျွန်မတို့ခေတ်က အိုင်အေတွင် အင်္ဂလိပ်စာကိုးအုပ် ကိုင်ရပါသည်။ ကျွန်မသည် အိုင်အေအောင်ပြီးမှ သူဝယ်ပေးသော ဆမ်းမားဆက်မောန်၊ သောမတ်ဟာဒီ၊ ဒက်ဖနီဒူမောရေးတို့ကို စတင်ဖတ်ဖြစ်ပါသည်။

"မိန်းမဆိုတာ မိန်းမပီသလွန်းရင်မကောင်းဘူး၊ ကိုကိုလာမှ ထမင်းစားမယ်ဆိုပြီး သနပ်ခါး ခြေဆုံးခေါင်းဆုံးလူးပြီး ထိုင်စောင့်နေမယ့်မိန်းမမျိုး ကိုကြီးမလိုချင်ဘူး။ ကိုကြီးနဲ့အတူ စာဖတ်ရမယ်၊ ကိုကြီးဆွေးနွေးချင်တာကို ဆွေးနွေးနိုင်ရမယ်။ ဒီလိုမိန်းမမျိုးရရင် ကိုကြီးကျေနပ်ပြီ။ အားလပ်ချိန် အတင်းထိုင်ပြော၊ သန်းရှာရင်း အချိန်ကုန်မယ့်မိန်းမမျိုး ကိုကြီး မလိုချင်ဘူး"

သူပြောသည့်အတိုင်းပင် ကျွန်မကို စာအုပ်များ ရှာပေး၊ စာဖတ်ခိုင်းရုံမက စာပါသင်စေပါသည်။ မိန်းမတစ်ယောက် အိမ်ထောင်တာဝန်တစ်ဖက်၊ ဝမ်းရေးအတွက် တစ်ဖက်နဲ့ အလုပ်ရှုပ်ရုံမက တစ်ဖက်က ပညာရေးအတွက်ပါ သင်ရသည်မှာ မလွယ်ပါ။ သူသည် သူချထားသောပုံစံကို ဝင်နိုင်အောင် သူ့ဘက်က ကျွန်မကို ခွင့်လွှတ်ထားတာတွေ ရှိပါသည်။ ကျွန်မမှာ အလုပ်တစ်ဖက်လုပ်၊ စာလည်းရေး၊ ကျောင်းလည်းတက်ဆိုတော့ အိမ်ရှင်မတာဝန်မကျေပါ။ သူ၏ယူနီဖောင်းများ သန့်ပြန့်ဖို့၊ ဖိနပ်တိုက်ဖို့ စသည်များကိုတော့ ကျွန်မ တတ်ကျွမ်းပါသည်။ ဟင်းချက်တော့မတတ်ပါ။ ငယ်စဉ်ကတည်းကနှင့် အပျိုဘဝတစ်လျှောက်လုံး အိမ်တွင် ကျွန်မယူရသောတာဝန်မှာ အဝတ်လျှော်၊ မီးပူတိုက်၊ တံမြက်လှည်း၊ ကြမ်းတိုက်ဖြစ်သည်။ မီးဖိုချောင်ကို မနိုင်သော ကျွန်မ၏လက်ရာဟင်းကို စိတ်ထဲမတွေ့လျှင် ဘာမှမပြော။

"လာကြဟေ့"ဟု သားမက်နှင့် သမီးကိုပြောကာ ချိုင့်ဆွဲ၍ လေဟာပြင်ကို ကားမောင်းထွက်သွားသည်။ သူတို့ကြိုက်တာစားပြီး ကျွန်မဖို့ပါ ဝယ်လာတတ်ပါသည်။ သူလိုချင်သောပုံကို ရရှိရန်အတွက် တစ်ဖက်က လျှော့လိုက်ခြင်းပင်။

သူ့ကို ကျေးဇူးတင်ရပါသေးသည်။ သူ၏ တိုက်တွန်းမှုကြောင့်ပင် ချာချီ၏ ဒုတိယကမ္ဘာစစ် စသော စာအုပ်များကို ဖတ်ဖြစ်ပါသည်။ ဒီတော့လည်း စာအုပ် ဖတ်ဖို့လွယ်အောင် မူရင်း ချာချီပင်ကိုရေး အင်္ဂလိပ်ဘာသာနှင့် စာအုပ်ရော၊ မိတ္ထီလာဗိုလ်အေးမောင်၏ မြန်မာဘာသာပြန်ကိုရော ပူးတွဲဝယ်ပေးပါသည်။ နောက်တော့ ကျွန်မသည် ရီမယ်စာအုပ်၊ အဂ္ဂါစနိုး၏ **(Red Star Over China)** တရုတ်ပြည်ပေါ်မှ ကြယ်နီ စသော စာအုပ်များနှင့် ဂန္ထဝင်သာစတိန်းရေးသော စာအုပ်များပါ ဖတ်ဖြစ်ပါသည်။ ကျွန်မက အင်္ဂလိပ်စာ ဖတ်တတ်လာသောအခါ စကားပြေဝတ္ထုများကိုလည်း ကြိုက်ပါသည်။ သို့သော် အင်္ဂလိပ် ကဗျာများကို ပိုကြိုက်ပါသည်။

ရုပ်ရှင်ဆိုလည်း နိုင်ငံခြားရုပ်ရှင်များကို နှစ်ယောက်အတူနေလျှင် အတူ အကြည့်များသည်။ ဟဲမင်းဝေး၏ဇာတ်ကားများကို သူ အထူးကြိုက်သည်။ **(Farewell To Arms)** ကို သဘောကျသည်။ ဒါပေမဲ့ တစ်ခုခက်သည်က ရုပ်ရှင်တစ်ခုကြည့်ပြီးလျှင် တော်တော်နှင့်မအိပ်။ ကော်ဖီတစ်ကရား ဖျော်ခိုင်းကာ ဆွေးနွေးပါတော့သည်။ အနုပညာရှုထောင့်၊ နိုင်ငံရေးရှုထောင့်၊ ရုပ်ရှင်ရှုထောင့်၊ ထောင့်အထွေထွေမှ သူဆွေးနွေးပါသည်။ ကျွန်မကလည်း ရှော်တော့ ရုပ်ရှင် တစ်ခုကိုကြိုက်လျှင် ကြိုက်သည်ဆိုသည်ကလွဲ၍ ဘာမှမပြောတတ်။ ဒီတော့ သူဝေဖန်ပြသမျှ ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

(နောင် ကျွန်မဝတ္ထုများ ရုပ်ရှင်ရိုက်သောအခါ ဒါရိုက်တာများကို ကျွန်မ ဘာမှမပြောတတ်။ သူကပဲပြောသည်။ ဝတ္ထုတွေကလည်း ပိတ်ကားပေါ်မှာ အောင်မြင်သည်လည်းရှိ၊ မအောင်မြင်တာတွေလည်း ရှိပါသည်။ ကျွန်မက စာရေးဆရာပဲ၊ ကျွန်မဇာတ်ကောင်ကို ကလောင်နှင့်သာ ချယ်လှယ်တတ်သည်။ ရုပ်ရှင်မှာမူ ဒါရိုက်တာ၏သဘောပေပဲ။ ဗိုလ်မှူးကမူ ရုပ်ရှင်အကြောင်း နားလည်သေးတယ်ဟု ကျွန်မ ဝတ္ထုများကို ရုပ်ရှင်အရိုက်များသော ဦးချစ်ခင်က ဆိုဖူးပါသည်)

ပြီးတော့လည်း မြန်မာအငြိမ့်နှင့် သီချင်းများကို ကျွန်မအား သူစတင် မိတ်ဆက်ပေးသည်ဆိုလျှင် မမှားပါ။ ကျွန်မက ဘိုမကြီးဖြစ်နေ၍ မဟုတ်ပါ။ သီချင်းကို ကြိုက်သည်၊ ကြိုက်၍ဆိုသည်။ ခံစားတတ်သည်ကလွဲ၍ တေးသား သံစဉ်အကြောင်းကို နားမလည်။ သူသည် မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်၊ ဆရာထာ၊ အငြိမ့်မင်းသမီး မမြရင် စသည်တို့၏ သီချင်းများကို သေသေ

http://www.cherrythitsar.org



ချာချာ စေ့စေ့စပ်စပ် တင်ပြဆွေးနွေးသည်မက ကျကျနနဆိုပြပါသည်။ ကျွန်မ ကတော့ သီချင်းတစ်ပုဒ်ကို အော်ဆိုသည်ကလွဲ၍ စည်းကျဝါးကျ မဆိုတတ်သောကြောင့် ခုနစ်သံလည်းမဟုတ်၊ ခြောက်ပေါက်သံလည်းမဟုတ်ဟု ခဏခဏ ပြောပါသည်။

"ဘာလဲ၊ စာရေးဆရာလုပ်ပြီး မြန်မာအငြိမ့်ကို အရသာမခံတတ်ဘူးတဲ့ ဗျာ"

ကျွန်မကို ဝေဖန်ပါသည်။ ကျွန်မကလည်း ပြုံး၍ပင် နားထောင်မိပါသည်။ မှန်ပါ၏။ ထိုစဉ်က ကျွန်မသည် အငြိမ့်ကိုရော၊ ဇာတ်ကိုရော အရသာမခံတတ် ရုံမက ကြည့်လည်းမကြည့်ပါ။ ဇာတ်ကိုမကြည့်သည်က မိုးလင်းထိ အိပ်ရေးပျက် မခံနိုင်၍ဖြစ်သည်။ ရှင်းပြရပါဦးမည်။ အငြိမ့်များတွင် ပြက်လုံးများက ညစ်ညမ်း၍ မင်းသမီးများကသည်ကလည်း ဝုန်းဒိုင်းဝုန်းဒိုင်းနှင့် ကျွန်မ အရသာ ခံ၍မရ။ ဒီတုန်းက ကျွန်မတို့ ဆူးလေဘုရားလမ်းအိမ်တွင် နေရသောကြောင့် စနေနေ့တိုင်း ဗန္ဓုလပန်းခြံတွင် ကပြသော အငြိမ့်များကို ကြည့်ရပါသည်။ ငယ်ငယ်ကတည်းက မေမေ့ကို အငြိမ့်ပြက်လုံးများကို ကျွန်မ အဓိပ္ပာယ်နားမလည် ၍ မရယ်ရကြောင်း ပြောပြမိပါသည်။ မေမေက ကျွန်မနားမလည်သော ပြက်လုံးများအကြောင်း ရှင်းပြသောအခါ အဓိပ္ပာယ်များ ညစ်ညမ်းနေသောကြောင့် ကျွန်မ အငြိမ့်ကို စိတ်ကုန်သွားပါသည်။

သို့သော် ကျွန်မတူမ စမ်းစမ်းနု လက်ထပ်သောနေ့ ဖြစ်ပါသည်။

"ကဲ...မိရွှေချို၊ ခင်ဗျားတို့အောက်သူတွေ အနုပညာအရသာကို အပြည့် အဝ မခံစားတတ်ဘူး။ ခင်ဗျားတို့ကြည့်ရတာကလည်း ရန်ကုန်အငြိမ့်တွေဆိုတော့ အငြိမ့်ကို အထင်သေးတယ်။ အခု ဝန်ကြီး ဗိုလ်ခင်မောင်လေးက မန္တလေးက ရွှေမန်းရီရီအငြိမ့်ကို စန်းစန်းနုလက်ထပ်ပွဲမှာ ကပြဖို့ စီစဉ်ပေးလိမ့်မယ်။ သွား ကြည့်။ ဒီတော့မှ မိချို စွဲသွားမယ်။ အငြိမ့်ဟာ ဘုရင့်ရှေ့တော်မှာ ငြိမ့်ငြိမ့် ညောင်းညောင်း ကပြရတာ၊ မိချိုတို့ ကြည့်ရတဲ့ ဝုန်းဒိုင်းအငြိမ့်တွေကြောင့်တော့ အငြိမ့်လောကကို အထင်မသေးနဲ့"

သူပြောသည့်အတိုင်းပင် ရွှေမန်းရီရီကိုကြည့်ရသောအခါ ကျွန်မ အငြိမ့်ကို စွဲသွားပါသည်။ နွဲ့နှောင်းပြေပြစ်သော မြန်မာအငြိမ့်အရသာကို ကျွန်မ ခံစား တတ်ပါသည်။ လူရွှင်တော် ဦးတောင်ကြီးတို့ ပျက်သွားသည့် ပြက်လုံးများက လည်း ယဉ်ယဉ်လေးနှင့် ရယ်ရသည်မှာ အူတက်မတတ်။ ဖွင့်ဟဝန်ခံရပါလျှင်

http://www.cherrythitsar.org



ဒီတော့မှ မြန်မာအငြိမ့်ကို လေးစားအထင်ကြီးမိပါသည်။ တစ်ချိန်တည်းတွင်ပင် မခင်စိန်၊ အမာစိန်တို့က ပန်တျာကျောင်းမှ မြန်မာ့သဘင်ကို မြေဝိုင်းဇာတ်မှသည်၊ ခေတ်သစ်ဇာတ်နှစ်ပါးသွားအထိ သရုပ်ဖော်ပြသသွားကြသည်မှာ အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။ သည်တုန်းက မခင်စိန်နှင့် အမာစိန်တို့မှာ အပျိုဖော်တောင်ဝင်ကြသေးဟန်မတူပါ။

"အမာစိန်က ပညာကလည်းအခံရှိ၊ ရုပ်ရည်ကလည်းရှိတော့ ဇာတ်ခုံပေါ်မှာ စွံတယ်။ မခင်စိန်က ရုပ်ရည်မချောပေမဲ့ ပညာသားပါတယ်"ဟု သူက ဝေဖန်သည်။ မှန်၏။ မခင်စိန်သည် ဒါကြောင့် ပန်တျာကျောင်းတွင် ဆရာမအဖြစ် လုပ်နေဆဲဖြစ်ပါသည်။ သူ့ကဟန်များကို ကျွန်မ ကြိုက်ပါသည်။

နောက်တော့ အမာစိန်အငြိမ့်ကို လေ့လာရင်းမှ စွဲလမ်းသွားကာ နှလုံးသားတွင် "ပန်းပန်လျက်ပါ"ဝတ္ထုကို သန္ဓေတွယ်ခဲ့ရသည်အထိ ဖြစ်ပါသည်။

မြန်မာဇာတ်သဘင်ကိုလည်း သူ အတင်းကြည့်ခိုင်းပါသည်။ ရွှေမန်းတင်မောင်၏ ညဝက်ဇာတ်များ ကျွန်မ ကြည့်ဖြစ်သည်။ သူ၏ အသည်းစွဲ ရွှေမန်းတင်မောင်၏ အဟဲ၊ အဟစ်နှင့်အပြောကို ချီးကျူးပြရလျှင် မိုးလင်းပေစေ ပြောမဆုံးတော့ပါ။ ရွှေမန်းတင်မောင်၏ လည်ချောင်းထဲတွင် အသံချဲ့စက်ထက်သာသော စိန်တုံးကြီးရှိသည်ဟု ပြောတတ်ပါသည်။

သိမ်ဖြူကွင်းတွင် ကပြသော ဖွားတော်မူခန်းနှင့် သီပေါမင်းအရေးတော်ပုံတို့တွင် ရွှေမန်းတင်မောင်၏ အနုပညာ အလေးအနက်ကို ကျွန်မ လေ့လာခွင့်ရပါတော့သည်။ သည်ကတည်းက မြန်မာဇာတ်သဘင်ကိုလည်း ကျွန်မ လေးစားသွားသည်ဟု ဆိုနိုင်ပါသည်။ တူနှစ်ကိုယ် ကလောင်လက်စွဲ၍ စာပေတဲအိုလေးမှာပဲ နေရနေရဟူသော ရည်ရွယ်ချက်နှင့် ကျွန်မတို့နှစ်ယောက် လက်ထပ်ဖြစ်ခဲ့ကြပါသည်။

သူသည် လမင်းကြီးလို ကျွန်မ၏ ဘဝလမ်းခရီးတွင် အေးမြသောအလင်းရောင်ကိုပေး၍ စေးပျစ်၊ ဆူးချုံတို့နှင့်ထူပြောသော တော၏အန္တရာယ်မှ ကာကွယ်ခဲ့ပါသည်။ သူ့လက်ကိုတင်းတင်းဆွဲ၍ မကြောက်မရွံ့ လိုက်ပါလာခဲ့ပါသည်။ တောလမ်းက ကြမ်းတမ်းသည်ဆိုသော်လည်း တော၏လေသည် လတ်ဆတ်၍ သစ်ပင်ရိပ်သည် အေးမြသည်။ ပတ်ဝန်းကျင်သည် လွတ်လပ်သည်။ ကျွန်မက စာပေ၏အရသာမှာ နစ်မွန်းတတ်သည်။ နစ်မြောမိလျှင် အားလုံးကို မေ့၍ သတိလက်လွတ်တတ်သည်။ တော၏အန္တရာယ်ကို သတိမမူမိ။

http://www.cherrythitsar.org



သည်တော့လည်း ကျွန်မကို လမ်းပြသော လမင်းကြီးက…

"မိချို တစ်ခါတလေရေးတာ အန္တရာယ်များလွန်းတယ်"

ဟု ဆိုပါသည်။ သွားရာလမ်းကို ချောမွတ်ပြေပြစ်စေချင်၍ ဆိုပါသော်လည်း ကျွန်မက တစ်ခါတစ်ခါ ခေါင်းမာပါသည်။

ကျွန်မ စာပေများကို မဂ္ဂဇင်းအယ်ဒီတာများလက်မရောက်ခင် သူအလျင်ဖတ်သည်။ ဝေဖန်သင့်သည်ကို ဝေဖန်သည်။ ပြီးတော့ မသင့်တော်သည်ဟု သူ့စိတ်ကထင်လျှင် ခြစ်ပစ်သည်။ ကျွန်မစာများကိုလည်း ကျွန်မက အသည်းနှလုံးက ချွေသည်ကများသည်။ သည်တော့ သူက စာကြောင်းများကို ခြစ်၍ ခြစ်၍ ပစ်တိုင်း ကျွန်မရင်ထဲတွင် နင့်၍နင့်၍ သွားတတ်သည်။ စကားနှင့်လည်း ပြန်မဆိုတတ်။ မျက်ရည်လည်ရွဲနှင့် သူ့ကိုကြည့်မိသည်။ ကျွန်မ သူ့ကို လေးစားကြည်ညိုပါသည်။ ရဲဘော်တစ်ယောက်လို သူ့အမိန့်ကို နာခံပါသော်လည်း စာပေနှင့်ပတ်သက်လာလျှင် ကျွန်မ၏ ပင်ကိုစိတ်ရင်းက မျက်လုံးတွင် ဝင်းဝင်းတောက်လာသည်။

"မိချို မျက်လုံးကြီးက ဝင်းဝင်းတောက်နေတာပဲ။ အစာကိုစုန်အုပ်တော့မယ့်ကျားမကြီးလိုပဲ။ မသင့်တော်လို့ ကိုကြီးဖြုတ်ပစ်တာ" သူက ကျွန်မကို ဟောက်သည်။ တစ်ခါကလည်း ကဥ္စနစာအုပ်တိုက်ကထုတ်သော စာအုပ်တစ်အုပ်တွင် သူမကြိုက်သော စာပိုဒ်ပါသည်။ ကျွန်မကလည်း ဖြုတ်မပေးဟု ပေ၍ခံနေသည်။ ကဥ္စနစာအုပ်တိုက်မှ ဒေါ်သန်းစိန်က…

"မစုရယ်၊ ဗိုလ်မှူးမကြိုက်ရင် ဖြုတ်ပေးလိုက်ပါ၊ လာပါ လိုက်ခဲ့ပါ"ဟု အတင်းပင် ပုံနှိပ်တိုက်သို့ခေါ်သွားကာ သူမကြိုက်သော စာပိုဒ်များကို ဖြုတ်ပေးခဲ့ပါသည်။

တစ်ခါက ထိုအကြောင်းများကို စကားစပ်မိကြ၍ ဆရာဇော်ဂျီရှေ့တွင် ကျွန်မ ပြောမိပါသည်။

"ဟုတ်တာပေါ့ မစု၊ သူက မင်းထက်ကြီးတယ်။ ရှေ့နောက် အမြော်အမြင် ဆင်ခြင်တုံတရားရှိတော့ မင်း သူ့စကားနားထောင်ရမှာပေါ့"ဟု ဆရာက ပြောပါသည်။

ယခုတော့ လမင်းကြီးကွယ်လေပြီ။ ကျွန်မတစ်ဦးတည်း လမိုက်သောညများကို ခရီးထွက်ရသည်မှာ လုံခြုံမှုအတွက် သောကမကင်းရပါတကား။ ရာဘင်ဒြာနတ်တဂိုးရေးသားသော **(To Day I Gain You Truely)** ဆိုသော

http://www.cherrythitsar.org



ကဗျာလေးကိုပင် ကျွန်မ ရေရွတ်မိပါသည်။ သို့သော် အချိန်က နှောင်းခဲ့ပြီ။ တဂိုးက ထိုကဗျာတွင်...

"မင်း၏ တန်ဖိုးကို ငါသိရသောအချိန်မှာ ငါ့အပါးမှာ မင်းမရှိတော့ပြီ။ ဝမ်းနည်းရခြင်း၏တန်ဖိုးကို မင်းချသွားတဲ့ခြေရာက ဖုန်မှုန့်ကိုနမ်း၍ ငါ ပေးဆပ်ပါ၏"

ဟု တဂိုးက ရေးခဲ့ပါသည်။ ကျွန်မ ကဗျာရေးတတ်ပါလျှင် သူချသွားသော ခြေရာမှ သဲပွင့်များကို ကုံးသီ၍ ကျွန်မဆံထုံးတွင် ရစ်ခွေပန်ဆင်ကာ သူ့ အချစ်၏ တန်ဖိုးကို ပေးဆပ်လိုပါသည်။

သူ့ကို စတွေ့ချိန်က ဖဆပလသတင်းစဉ်တွင် သူက ညဥ့်အယ်ဒီတာ ဖြစ်ပါသည်။ တစ်နေ့ခင်းလုံးလည်း သတင်းထောက်လုပ်၍ သတင်းလိုက်ရပါ သေးသည်။ ကျွန်မက တာဝန်ခံအယ်ဒီတာ။ သူ့သတင်းများရသည့် ညဥ့်အထိ မစောင့်နိုင်။ ရုံးက ညနေ ၅ နာရီ ဆင်းပါသည်။ လိုအပ်သောသတင်းများကို ပြင်ဆင်တည်းဖြတ်၍ သူ့ကိုလွှဲပြောင်းပေးအပ်ကာ ကျွန်မက အလုပ်ဆင်းသွား တတ်သည်။ ကျွန်မကို သူချစ်နေသည်ကိုလည်း လုံးဝမရိပ်မိ။ လက်ထပ်ပြီးချိန်တွင် သူက ပြောပြပါသည်။

"တို့များနှစ်ယောက် စတွေ့ကတည်းက နေနဲ့လကျနေတာပဲ။ ဘိသိက် ဆရာတွေပြောတဲ့ နေနဲ့လ၊ ရွှေနဲ့မြကိုပြောတာမဟုတ်ဘူး။ နေနဲ့လဟာ ကောင်း ကင်ဆိုတဲ့ ခရီးလမ်းမှာ ခရီးသွားဖော်သွားဖက်ဖြစ်တယ်လို့ ထင်ရပေမဲ့ နေမင်း ကြီးထွက်လာရင် လမင်းကြီးက မသာတော့ဘူး။ လမင်းကြီးသာတော့ နေမင်း ကြီးက ကွယ်ရော၊ စတွေ့စက ရုံးချိန်မှာ မိချိုနဲ့အတူတူ အလုပ်လုပ်ရမယ် အောက်မေ့တယ်။ သူက ကလောင်တစ်ချောင်းနဲ့ လူများကို အမိန့်တွေပေးပြီး ရုံးဆင်းသွားရော၊ မိချိုမရှိမှ ကိုကြီးက ရုံးတက်ရတယ်။ စာပေနယ်ခရီးမှာ နှစ်ယောက်အတူသွားရမယ်လို့ စိတ်ကူးပေမဲ့ တကယ်တော့ မဆုံကြဘူး"

မှန်၏။ ကျွန်မသာ စာပေနယ်မှာ ကျန်ရစ်သည်။ သူက ကလောင်ကို ချထားကာ သေနတ်ကိုင်စွဲ၍ တိုက်ပွဲဝင်နေရသည်။ သူ ကျွန်မကိုပေးသော ပထမဆုံး ဓာတ်ပုံမှာ အရပ်ဝတ်အရပ်စားနှင့်ဖြစ်၍ ကျောဘက်တွင် ကဗျာကို လက်နှိပ်စက်နှင့် ရိုက်ထားသည်။

http://www.cherrythitsar.org



## Invictus

Out of the night that covers me,
Black as the pit from pole to pole,
I thank whatever gods may be,
For my unconquerable Soul,
In the fell clutch of circumstance,
I have not wineed nor cried aloud,
Under the bludgeoning of chance,
My head is bloody, but unbowd.

ခတ်ပုံနှင့်အတူပါလာသော သူ့စာထဲတွင် ထိုကဗျာ၏ မြန်မာပြန်ကို ရေးသားဖော်ပြထားပါသည်။

"ငါ့အား ဖုံးလွှမ်းထားသော ညလယ်သန်းခေါင် ဣမှောင်မိုက် အတွင်းမှနေ၍ အနိုင်မခံအရှုံးမပေးတတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ် သိကြားတို့အား ငါကျေးဇူးဆိုပါ၏။

လောကဓံတရား၏ လက်ဆုပ်တွင်းသို့ ဘယ်လိုပင်ကျရောက်နေသော်လည်း ငါမူကား မတုန်လှုပ် မငိုကြွေး။ ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့် ငါ၏ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ ညွတ်ကား မညွတ်"

"ကိုကြီးရဲ့ ခတ်ပုံနောက်ကျောက အင်္ဂလိပ်ကဗျာဟာ ကိုကြီးတို့ရဲ့ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရွတ်လေ့ရွတ်ထရှိတဲ့ ကဗျာ၊ သူကိုယ်တိုင် မြန်မာကဗျာပြန်တာကို ကိုကြီးရဲ့စာထဲမှာ ထည့်သွင်းဖော်ပြလိုက်ပါတယ်"

သူ၏မေတ္တာစာတွေကလည်း စာပေကို မြတ်နိုးသည့် တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်များနှင့် ယှဉ်တွဲလျက် ဖော်ပြပါသည်။

'ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပလေး'ဆိုသော အချစ်ဘွဲ့များနှင့် ယှဉ်လျှင်တော့ သူ့စာများသည် မေတ္တာစာ စာပေသစ်ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။

အမှန်တော့လည်း မိန်းမသားတစ်ယောက်အဖို့ ကိုယ့်ကို သစ္စာရှိစွာနှင့် ဦးဆောင်နိုင်သော ယောကျ်ားကောင်းတစ်ယောက်ရဖို့ မလွယ်လှပေ။

http://www.cherrythitsar.org



သူ့ကလောင်ကို သိုသိပ်ထားခဲ့ရပါသော်လည်း ကျွန်မစာပေခရီးမှာ ချော မောစွာ သွားနိုင်အောင် သူသည် အစဉ်ဦးဆောင်၍ လမ်းထွင်ပေးခဲ့သည်။

မွေးဝတ္ထုရေးစဉ်က ကျွန်မသည် အစ တစ်ခန်းလောက်ပဲရေးပြီး ဆက်မရေး တော့ပါ။ သူသည် စာမူတစ်ဝက်တစ်ပျက်ကိုဖတ်ရင်း . . .

"အချို ဒီဝတ္ထုကိုဘာလို့ဆက်မရေးတာလဲ"

ဟု မေး၏။

"တီဘီအကြောင်းလည်းဖြစ်၊ တချို့အကြောင်းတွေက အချိုရဲ့ ကိုယ်ရေး ကိုယ်တာတွေ ဖြစ်နေတော့ လူတွေက ဘယ်စိတ်ဝင်စားမလဲ"

ကျွန်မက ဖြေ၏။

"ဟာ မဟုတ်တာ၊ ကိုကြီး အခု စာဖတ်ပရိသတ်အနေနဲ့ ဖတ်ကြည့်တာ စိတ်ဝင်စားစရာပဲ။ အချို ဆက်ရေး"

သူတိုက်တွန်းမှုကြောင့် ကျွန်မ 'မွေး'ကို ရေးဖြစ်ပါသည်။ ကိုးကြိမ်တိုင် ပြန်လည်ရိုက်ထုတ်ရတော့မှ သူ၏စာပေအပေါ် အကဲခတ်တတ်ခြင်းကို ကျွန်မ နားလည်ပါသည်။

သူသည် သူမြတ်နိုးလှသော စာပေအတွက် စာဖတ်သည်မှလွဲကာ အချိန် မပေးနိုင်တိုင်း သူ့စိတ်ရှိသမျှ ကျွန်မနှလုံးသားတွင် ဝင်ပူးကာ မြေတောင် မြှောက်ပေးခဲ့ပုံရပါသည်။ ဒါကြောင့် သူနှင့်လက်ထပ်ပြီးမှ ကျွန်မ စာပေများမှာ တော်တော်နေရာများများယူနိုင်ခဲ့ပါသည်။

စာပေရော၊ ရုပ်ရှင်၊ ဓာတ်သဘင် အနုပညာကိုပါ လေ့လာလိုက်စား အရသာခံတတ်သော သူသည် သူလိုလားသည့် စာရေးဆရာရော၊ သတင်းစာ ဆရာရော၊ သတင်းထောက်ရော ဘာမှဖြစ်မလာပါ။

ကျွန်မ ဖဆပလဌာနချုပ်မှ ဝင်ဒါမီယာကို ပြောင်းလာချိန်တွင် သူ ဖဆပလသတင်းစဉ်တွင် ကျန်ရစ်ပါသည်။ ဘယ်လိုက ဘယ်လိုဖြစ်၍ ကျွန်မအား **(I Love You)** ဟူသော စကားသုံးခွန်းပြောချိန်တွင် စစ်ရဲတပ်ရင်း (၄)ကို ပြောင်းကာ ဒုတိယတပ်ရင်းမှူး ဖြစ်နေသည်ကို ကျွန်မ မသိပါ။

"ကိုယ်နှစ်သက်တဲ့ သတင်းစာပညာမှာ ကလောင်စွဲပြီး ပျော်မွေ့နေချင်ပေမဲ့ တိုင်းပြည်မှာ အရေးအကြောင်းဖြစ်လာတော့ ကိုယ်တို့သူငယ်ချင်း ကျောင်းသား တွေနဲ့အတူ ကိုကြီး လက်နက်ကို ပြန်ကိုင်ရတော့တာပဲ"

ဟု ပြောလေ့ပြောထရှိပါသည်။

http://www.cherrythitsar.org



သူ့ရည်ရွယ်ချက်အတိုင်း ကလောင်တစ်ဖက်ကိုင်၍ တစ်ဖက်မှ သေနတ်ဆွဲကာ ဟဲမင်းဝေးတို့လို စာရေးဆရာဖြစ်လျှင်လည်း သူ့ဆန္ဒပြည့်မှာပင်။

တစ်ခါကလည်း ကျွန်မနောင်ရေးကို စိတ်ပူဟန်ရှိပါသည်။

"မိချို၊ ပုံနှိပ်စက်ထောင်မလား"

ဟု မေးပါသည်။ ကျွန်မက ခေါင်းခါပြပါသည်။

"ကိုကြီးဝါသနာပါရင် မြို့ထဲမှာ စာပုံနှိပ်စက်ထောင်၊ စာအုပ်ထုတ်ဝေရေးလုပ်ချင်လုပ်၊ သဘောပဲ။ ခြံထဲမှာတော့မလုပ်ပါနဲ့။ စာပုံနှိပ်စက်အသံကိုတောင်နားမထောင်ချင်ဘူး။ မိချို စာရေးတာကလွဲလို့ ဘာမှမလုပ်ချင်ဘူး။ ပုံနှိပ်စက်တို့ စာအုပ်တို့ ထုတ်ဝေရရင် ကုန်သည်ဆန်လာတော့မယ်။ မချမ်းသာချင်နေ၊ ကုန်သည်ဆန်ရမယ့်အလုပ်၊ စာရင်းကိုက်အင်းကိုက် စေ့စေ့စပ်စပ်အုပ်ချုပ်ရမဲ့အလုပ်တွေဆို အချို မလုပ်ချင်ဘူး"

ဟု ကျွန်မ ငြင်းခဲ့ပါသည်။

မှန်၏။ ကိုယ်ပိုင်စာပုံနှိပ်စက်ထောင်၍ စာအုပ်များ၊ ဂျာနယ်များ၊ သတင်းစာများ ထုတ်ဝေကြသည့် ဒဂုန်ဒေါ်ခင်ခင်လေး၊ ဂျာနယ်ကျော်မမလေး၊ ဒေါ်အမာတို့နှင့် ယခုခေတ် ဒေါ်ကလျာ၊ မလေးလုံ၊ ခင်ဆွေဦးတို့ကို ကျွန်မ ချီးကျူးမိပါသည်။ သူတို့သည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ မိန်းမပီသမှုတွင် တော်ကြ၍လားမသိ အောင်မြင်ကြပါသည်။

ကျွန်မကတော့ ပုံနှိပ်စက်တို့ ထုတ်ဝေခြင်းတို့ကို စိတ်မပါ။ ကျွန်မစိတ်မပါပေမဲ့ ကျွန်မချစ်သူသည် အငြိမ်းစားယူလျှင် စာပေနယ်ထဲကိုဝင်ဖြစ်လိမ့်မည်ဟု ကျွန်မ ထင်ခဲ့ပါသည်။ သူစာပေနယ်ဝင်လျှင် သူ့နောက်ပါးက ကျွန်မ ပါရမည်။

သို့သော် သူကွယ်လွန်ပြီးသည့်နောက် သူ၏ကိုယ်ရေးဒိုင်ယာရီကို စစ်ရုံးကြီးမှ ကျွန်မကိုပေးပါသည်။ ဒိုင်ယာရီကို ကျွန်မဖွင့်ဖတ်လိုက်တော့ သူသည်အကယ်၍ ပင်စင်ရသည့်တိုင် သူ့မှာ ပြောင်းလွဲသွားသော ဦးတည်ချက်တစ်ခုရှိသည်ကို တွေ့ရပါသည်။

"၁၉၇၀၊ စက်တင်ဘာလ ၃၀ ရက်နေ့ရောက်လျှင် သက်ဆိုင်ရာ အထက်အရာရှိများကို တောင်းပန်၍ ပင်စင်ပေးဖို့တောင်းမည်။ ပင်စင်ရလျှင် ရာသက်ပန်ရဟန်းဝတ်တော့မည်"

ဟု ရေးထားပါသည်။ ထိုစာရွက်ကြားတွင်ညှပ်၍ တွေ့ရသည်က စာပေ

http://www.cherrythitsar.org



ဖိမာန်ဆုရသော ကျွန်မ၏ 'ကြေးမုံရိပ်သွင်' စာအုပ်၏ နောက်ကျောတွင် ပါသည့် ကျွန်မ၏ ကိုယ်တစ်ပိုင်းပုံ ပို့စကတ်ဆိုက်ဓာတ်ပုံ ဖြစ်ပါသည်။

ဇနက္ကမင်းသားသည် သီဝလိဒေဝီအား မြက်ပင်ကိုဖြတ်ပြခြင်းဖြင့် သံသရာဓာတ် ရှင်းခဲ့ပါသည်။ ယခုလည်း သူသည် မြက်ပင်ကို အရင်လက်ဦးအောင် ဖြတ်၍သွားခဲ့သည်။ သူ စောစီးစွာ ကျွန်မကို ခွဲခွာရမည်ကို ကြိုများသိနေလေသလားမသိ။

"မိချို၊ တပ်မတော်သားတစ်ယောက်ရဲ့မိန်းမဟာ **(mobile)**ဖြစ်နေရမယ်၊ **(Flexible)**ဖြစ်ရမယ်။ တပ်မတော်က ရဲဘော်တွေလိုပဲ အရေးကြုံရင် သက်လုံကောင်းရမယ်။ ဘယ်သူမရှိလို့ အလုပ်လုပ်မဖြစ်ဘူးဆိုတာ မရှိရဘူး။ မိချိုလည်း ကိုကြီးမရှိပေမဲ့ ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားရမယ်။ ကျောက်ချထားသလို ဘဝကို တစ်သမတ်တည်း တွက်ဆထားလို့မဖြစ်ဘူး"

ဟု ကျွန်မကို ခဏခဏပြောတတ်သည်။

ပြီးတော့ ကျွန်မ တစ်ခါတစ်ခါ တွေးရခက်သည်က သူသည် ကျွန်မကို လက်မထပ်ခင်တွင် သူရေးသောစာများထဲ၌ မက်လုံးမပေးပါ။

"ခုချိန်ထိတော့ ကျွန်တော့်မှာ အချို့အတွက် ဘာအာမခံမချက်မှ မပေးနိုင်ဘူး။ စီးပွားရေးကိုဆိုလိုတာ၊ ကျွန်တော် စစ်ရဲတပ်ရင်း (၄) ဒုတိယတပ်ရင်းမှူး ဆိုပေမဲ့ လခထုတ်လာရင် ကျွန်တော်ရေးပေးတဲ့ **(Cheque)** ချက်ကို ရဲဘော်တွေက ထုတ်၊ ထမင်းလခနဲ့ လက်ဖက်ရည်ဖိုး ကျွန်တော့်အတွက် ချန်ရစ်ပြီး သူတို့ ဝေမျှစားကြတယ်။

စစ်ဆင်ရေးက အနားယူခွင့်ရလာတဲ့ ကျွန်တော့်ရဲဘော်လေးတွေဟာ ညသန်းခေါင်မှာ ကျွန်တော့်နားမှာ အိပ်ပျော်နေကြတယ်။ စစ်ဆင်ရေးဆိုလို့ ဖီးမာရှယ်မောင်ဂိုမာရီတို့၊ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်တို့လို လူ၊ လက်နက်၊ ရိက္ခာ အပြည့်အစုံနဲ့ စစ်ဆင်နေရတာမဟုတ်ဘူး။။ ရှေ့တန်းပြေးရ၊ လက်နက်ရှာရ၊ ငွေရှာရနဲ့ ကျွန်တော့်ရဲဘော်လေးတွေဟာ အသားကျရဲဘော်များလည်း မဟုတ်ကြဘူး။ ချက်ချင်း ယူနီဖောင်းဝတ်၊ လက်နက်တပ်ပြီး စစ်သင်တန်း ချက်ချင်းပေးရတယ်။ ရှေ့တန်းကို အမြန်ဆုံးပို့ရတယ်။ အရဏ်တက်ချိန် ရုံးကိစ္စ၊ စစ်ဆင်ရေးကိစ္စ ခေတ္တနားချိန်မှာမှ အချို့ဆီကို စာရေးအားတယ်။

ကျွန်တော်ဆိုလိုတာက လက်ထပ်ပြီးရင် ကျွန်တော့်ရဲဘော်လေးများနဲ့ ခွဲဝေမျှစားနိုင်ရင်တော့ အဆင်ပြေနိုင်ပါတယ်။ ကျွန်တော် အချို့ကိုတော့ဓားပြ

http://www.cherrythitsar.org



တိုက်မကျွေးနိုင်ပါဘူး။ လက်မထပ်ခင် ကြိုတင်ကတိတွေလည်း မပေးနိုင်ပါဘူး။ ကျွန်တော်ကတိပေးနိုင်တာတစ်ခုပဲ၊ သစ္စာရှိစွာနဲ့ ကျွန်တော်တို့ ဦးတည်ချက် စာပေခရီးကို လက်တွဲသွားမယ်ဆိုတာပါပဲ”

သူ့စာပါအတိုင်း ကျွန်မ လက်ထပ်ပြီးတော့လည်း ငါ့ဟာငါလုပ်ရမယ်၊ ငါ့ဘာသာကြိုးစားရမယ်၊ သူက ဦးဆောင်မှုတစ်ခုပဲ ငါ့ကိုပေးနိုင်တာဟူ၍ နှလုံးသွင်းကာ ကျွန်မဘဝအတွက် ပြင်ဆင်ခဲ့ပါသောကြောင့် သူခွဲခွာသွားချိန်တွင် ကျွန်မ၌ စီးပွားရေးဖရိုဖရဲ မဖြစ်ခဲ့ပါ။ ဘဝကို အမှန် အမှန်အတိုင်းသိအောင် သူလေ့ကျင့်ပေးခဲ့သောကြောင့် ကျွန်မ ရပ်တည်ရာရခဲ့ရသည်။

သို့သော် ကျွန်မအနေနှင့်မူ ယူကျုံးမရစရာတစ်ခု ရှိခဲ့သည်။ ကျန်မဘာသာ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများကို စိတ်မဝင်စားသော်လည်း သူသာ စာပေနယ်မှာ သတင်းစာဆရာတစ်ယောက်ဖြစ်ခဲ့လျှင် ကျွန်မ သူ့နောက်ပါးမှ အဆင်သင့်လိုက်ရန် ကြိုတင်ပြင်ဆင်ထားခဲ့ပါသည်။

သို့သော် သူသည် သတင်းစာဆရာလည်း မဖြစ်လိုက်ရ၊ နောက် သူအလွန်လေးစားသော ထာဝရ ရဟန်းဘောင်သို့လည်း မဝင်ဖြစ်။ (ဒုလ္လဘရဟန်းတော့ ခံသွားပါသည်)

သူ့ဒိုင်ယာရီထဲတွင် သတ်မှတ်ထားသော ရဟန်းခံဖို့ရက် စက်တင်ဘာ ၃၀ ရက်သို့ မရောက်ခင် ၂၅ ရက်အလို၊ မိုးအလွန်သည်းထန်သော ၁၉၇၀ ပြည့်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် သူ သံသရာခရီးကို ဆက်လက်ထွက်ခွာသွားခဲ့ပါသည်။ ဘာလိုလိုနှင့် ၁၆ နှစ်ပြည့်တော့မည်။

နိဗ္ဗာန်မရောက်မီစပ်ကြား ဖြစ်ချင်တာကို ဖြစ်ရသောဘဝ သူ ရရှိပါစေ။

အဏ္ဏဝါရှင်၊ အိုသခင်ငဲ့
သခင့်အင်အား၊ ကြီးမားပြန့်ကျယ်
အံ့သြဖွယ်တည့်။
ကျွန်းကိုရစ်ဝိုင်း၊ ရေငန်လှိုင်းလည်း
အတိုင်းမသိ၊ မျှော်ကြည့်မဆုံး
မိုးစပ်ကုန်းသို့
ထိဖုံးအသွင်၊ အကျွန်မြင်၏။
အကျွန့်တွက်မူ
သက်ဆက်ကြည်လင်၊ မီခိုရှင်ကား

http://www.cherrythitsar.org



ငယ်ပင်ငယ်စွ၊ 'ဤ' ကျွန်းမ၏
ချမ်းမြသန့်ရှင်း၊ ရေချိုတွင်းတည့်။

**[စပယ်ဖြူမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၈၆ ခုနှစ်]**

# အချစ်နှင့်ကြွေးမြီ

၁၉၈၆ မတ်လတုန်းက ကျောက်မဲမြို့ကို ရောက်ခဲ့ပါသည်။ လားရှိုးမှ အပြန်တွင် ကျောက်မဲမှာ စာပေဆွေးနွေးပွဲတစ်ခု ပြုလုပ်ပါရန် ဒေါက်တာ ခင်အောင်ချို့နှင့် ဦးရဲလွင်တို့က ကျွန်မကို ဖိတ်ကြားခဲ့ပါသည်။

ချမ်းမြေ့ဆရာတော်က ကျောက်မဲတွင် ညဘက် တရားဟောကြား၍ နေ့လယ်ဘက်တွင် ကျွန်မနှင့် ကျောက်မဲ စာပေဝါသနာရှင်များ စာပေဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ကြပါသည်။ ထိုစာပေဆွေးနွေးပွဲနှင့် ကျောက်မဲမြို့အကြောင်း စာရေးမည် စိတ်ကူးပေမဲ့ အခွင့်မသာခဲ့ပါ။ တစ်နေ့တော့ မြန်မာ့ရာဇဝင်ဂြိုဟ် အမည်နှင့် ရေးမည်ဟူ၍ ရည်ရွယ်ထားပါသည်။

လောလောဆယ်တော့ ကျွန်မ အစဉ်သတိရနေသော စာပေဆွေးနွေးပွဲ အကြောင်းကို တစ်စစီ တစ်စစီ နည်းနည်း နည်းနည်း ရေးမိသွားပါသည်။ ကျွန်မတို့ဆွေးနွေးပွဲမှာ လူမများလှပါ။ သို့သော် ကျွမ်းကျွမ်းဝင်ဝင် ပွင့်ပွင့်လင်းလင်း ရင်ထဲရှိသမျှ ဆွေးနွေးဖလှယ်နိုင်ကြ၍ ဤဆွေးနွေးပွဲလေးကို ကျွန်မ အစဉ်သတိရနေခြင်း ဖြစ်ပါသည်။

နောင် အခွင့်သာမှ အပြည့်စုံရေးနိုင်အောင် ကြိုးစားရပါမည်။ ယခုတော့ သူတို့မေးသော မေးခွန်းထဲမှ မေးခွန်းတစ်ခုကို ကျွန်မ အထူးသတိရမိသည်။ မေးသူက ဦးရဲလွင် ဖြစ်ပါသည်။

http://www.cherrythitsar.org



"ဆရာမကြီး ပေဖူးလွှာနဲ့ တွေ့ဆုံဆွေးနွေးခန်းမှာ အချစ်အကြောင်းကို ကိုဝင်းငြိမ်းက မေးခဲ့ပါတယ်။ 'အချစ်အပေါ်မှာ ဆရာမကြီး ဘယ်လိုသဘောထားလဲ'ဆိုတော့ ဆရာမကြီးက ငွေချေးသလိုပဲ သဘောထားပါတယ်လို့ ဖြေခဲ့ပါတယ်။ အဲဒါ ထပ်မံရှင်းပြပါဦး"

မှန်ပါ၏။ ထိုစဉ်က ကျွန်မသည် ဒီလိုပဲဖြေခဲ့ပါသည်။ ဦးရဲလွင်ကို ငွေချေးသလို သဘောထားကြောင်း ကျွန်မ ထပ်မံပြောခဲ့ပါသည်။

ကျွန်မ ယခုပြန်တွေးမိ၏။ ချစ်မေတ္တာနှင့် လူ့ဘောင်သည် ဖွဲ့စည်းနေသည်ဖြစ်၍ သတ္တဝါတွေအဖို့ အချစ်သည် အမှန်တော့ အလွန်လျှင် မွန်မြတ်သော အရာဖြစ်ပါသည်။ အလေးအနက်ထားအပ်သောအရာဖြစ်ပါသည်။ အင်္ဂလိပ်စကားလုံးတွင် အချစ်ကိုလည်း **(Love)** ဟူ၍ပဲသုံးသည်။ မေတ္တာတရားကိုလည်း **(Love)** ဟူ၍ပဲ သုံးသည်။ ထို့ကြောင့် **(Where love is god is)** ဟု သုံးခဲ့ပါသည်။ ထာဝရဘုရားသခင်သည် အဆုံးမရှိသော မေတ္တာတော်ရှင်ဖြစ်၍ အချစ်ရှိသောနေရာမှာ ဘုရားသခင်ရှိ၏ဟု သုံးခဲ့ပါသည်။ အချစ်သည် ကမ္ဘာတစ်ခုလုံးကို လွှမ်းခြုံစိုးမိုးသင့်သော သဘောတစ်ခုဖြစ်သည်။

မြန်မာတို့အနေနှင့် အချစ်ဟူ၍ လွယ်လွယ်ကူကူသုံးပေမဲ့ တစ်ခါတစ်ရံ ချစ်မေတ္တာဟူသော စကားလုံးကို တွဲ၍ သုံးတတ်ပါသည်။ သို့သော် မြန်မာတို့၌ အချစ်နှင့်မေတ္တာသည် သီးသန့်အဓိပ္ပာယ်ရှိသည်ဟူ၍ ကျွန်မ ယူဆပါသည်။

သမီးရည်းစားဖြစ်စေ၊ မောင်ချစ်၊ နှမချစ်၊ မိဘနှင့် သားသမီးများ အချစ်ကိုလည်း အချစ်ဟူ၍ သုံးစွဲတတ်သည်။ တစ်ခါတစ်ရံ သမီးရည်းစား စာမှာလည်း မေတ္တာရှိသည်ဟူ၍ သုံးတတ်ပါသည်။ မိဘမေတ္တာဟူ၍လည်း သုံးတတ်ပါသည်။ ကုန်းဘောင်ခေတ် မြန်မာစာပေတွင် မင်းဆရာတော်များက ဘုရင်မင်းမြတ်အား ပေးအပ်သော စာများကိုလည်း မေတ္တာစာဟူ၍ ခေါ်ဆိုခဲ့ပါသည်။ 'ဆရာတော်မေတ္တာဖြင့် သိစေအပ်ပါသည် ဒကာတော် ရေမြေ့ရှင်'ဟူ၍ သုံးနှုန်းသည်ကို တွေ့ခဲ့ရပါသည်။

ဦးပုညမေတ္တာစာမှာတော့ လူတန်းစားအသီးသီးသို့ ညွှန်း၍ ရေးပါသည်၊ ကန်တော်မင်းကျောင်းမေတ္တာစာမှာတော့ ဘုရင်ကိုသာ သီးသန့်ညွှန်း၍ ရေးသားခဲ့ပါသည်။ အကြောင်းအရာမှာတော့ လူတိုင်းလိုက်နာသင့်သောအကြောင်းများဖြစ်သည်။

"ကန်တော်မင်းကျောင်း၊ မေတ္တာလောင်းသော၊ ဘုန်းပေါင်းကျက်သရေ၊

ပရမေသီရီ၊ ကိတ္တိဂုဏဝန်၊ ယနံသိတေဇာ၊ အချာလူထိတ်၊ နှိပ်လျက်စိုးသော၊ ဝှန်းဖြိုးရတနာ၊ ရွှေဂူဒါယကာ မဟာဓမ္မရာဇ်” ဟူ၍ ရေးသားခဲ့သည်ကို တွေ့ရပါသည်။

များသောအားဖြင့်တော့ မိဘနှင့် သားသမီး၊ မောင်နှင့်နှမ၊ ဆွေမျိုးသားချင်း၊ ဆရာဒါယကာတို့ ချစ်ကြခြင်းကို မေတ္တာဟု သုံးကြသည်ကို တွေ့ရတတ်၍ သမီးရည်းစား၊ လင်မယားအချစ်ကို အချစ်ဟူ၍ သုံးစွဲတတ်ကြသည်။ ဂဏန်းအရေအတွက်အားဖြင့် တဏှာပေမအချစ်ကို ၁၅၀၀ ကိလေသာအချစ် ဟူ၍ ဖော်ပြတတ်ကြလျက် ကျန်အချစ်များကို ၅၂၈ သွယ်သော မေတ္တာဟု ဖော်ပြတတ်ကြပါသည်။

ကျွန်မအနေနှင့် ကျွန်မ တွေးသည်ကတော့ စိတ်ကို အလယ်ကထား၍ ကိလေသာ တပ်မက်ခြင်းဘက်ကို ယိမ်းယိုင်လိုက်ပါလျှင် အချစ်ဖြစ်၍ အေးမြသန့်စင်သောဘက်ကို ယိုင်လိုက်လျှင် မေတ္တာဖြစ်မည်ဟု ထင်ပါသည်။ ဘယ်လောက်အထိ မှား၍ ဘယ်လောက်မှန်သည်ကိုတော့ မသိပါ။ ကိလေသာသည် လက်ခံထားသောသူကကို ပူလောင်စေတတ်သောအရာကို ကိလေသာဟူ၍ ခေါ်သည်။ ဘယ်သူ့ကို ချစ်သည်ဖြစ်စေ ကိုယ့်ရင်မှာ ပူပန်စိုးရိမ်သောကကို ဖြစ်စေလျှင် ထိုစိတ်သည် အချစ်ပင်ဖြစ်သည်ဟု ကျွန်မယူဆပါသည်။ မေတ္တာကတော့ သက်ရောက်စေသူကိုလည်းကောင်း၊ မေတ္တာကို ရင်ဝယ်ပိုက် သိမ်းပိုက်ထားသူက ကာကယ်ရှင်ကိုလည်းကောင်း အေးမြချမ်းသာခြင်း ဖြစ်စေသော စိတ်ကို မေတ္တာဟု ကျွန်မ ဆိုလိုပါသည်။

ချမ်းမြေ့ဆရာတော်ဘုရား၏ ယူဆချက်ကို ကျွန်မဖော်ပြလိုပါသည်။

“မေတ္တာဆိုသည်မှာ သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောစိတ်၊ သတ္တဝါတို့ကို ချမ်းသာစေသောစိတ်ပင်ဖြစ်သည်။ သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားလျက် ချစ်ခင်သောစိတ်ဟုလည်း ဆိုနိုင်၏။ (အဘိဓမ္မာ၌ မေတ္တာသည် စေတသိက်ဖြစ်၏။ ဤမေတ္တာသည် ဘာဝနာ၌မူ ထိုမေတ္တာစေတသိက်နှင့်ယှဉ်သော စိတ်ကို မေတ္တာဟုဆိုရသည်)

တစ်စုံတစ်ယောက်အပေါ်၌ ငြိတွယ်လျက် ချစ်ခင်သောစိတ် (တဏှာရာဂ) သည် မေတ္တာမဟုတ်ပေ။ ငြိတွယ်ခြင်းကင်းလျက် ချမ်းသာစေလိုသောသဘော သက်သက်ဖြင့် ချစ်ခင်သောစိတ်သည်သာ မေတ္တာအစစ်ဖြစ်၏။

မိမိက တဏှာရာဂချစ်ဖြင့် ငြိတွယ်လျက် ချစ်ခင်နေသူတစ်ယောက်နှင့်

http://www.cherrythitsar.org



ခွဲခွာ၍ တစ်ရပ်တစ်ကျေး၌ သွားရောက်နေထိုင်သည့်အခါ ထိုသူ ထိုအရပ်၌ မည်မျှပင် ချမ်းချမ်းသာသာနေရစေကာမူ ထိုသူ့ကို မမြင်မတွေ့ရသဖြင့် မိမိမှာ စိတ်ဆင်းရဲရ၏။ ထို့ကြောင့် ငြိတွယ်လျက်ချစ်သော တဏှာချစ် ရာဂချစ်သည် ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။

ဤငြိတွယ်လျက်ချစ်သော အချစ်မျိုးသည် မိဘနှင့် သားသမီး၊ မောင်နှင့်နှမ၊ ဆွေမျိုးတစ်ဦးနှင့်တစ်ဦး၊ မိတ်ဆွေတစ်ဦးနှင့်တစ်ဦးတို့၏ အကြား၌ပင် များစွာဖြစ်တတ်သေး၏။ ဇနီးခင်ပွန်းတို့အကြား၌ကား ပြောဖွယ်မလိုတော့ပေ”

ဟု မေတ္တာစစ်နှင့်အချစ်ကို ရှင်းလင်းဖော်ပြခဲ့ပါသည်။ ဆရာတော်၏ အဆိုအမိန့်ကို ကြည့်ပါလျှင်လည်း လူပုဂ္ဂိုလ်သတ္တဝါဟူ၍ သက်ရောက်သူတို့အပေါ်ကို၊ သို့မဟုတ် စိတ်ညွှတ်သူအပေါ်ကိုလိုက်၍ အချစ်နှင့်မေတ္တာကို မခွဲခြားပေ။ ဘယ်သူ့အပေါ် ချစ်လျှင်မေတ္တာ၊ ဘယ်သူ့အပေါ်ချစ်လျှင် ရာဂအချစ်ဟူ၍ မခွဲခြားခဲ့ပါ။ ပူလောင်စေသောသဘောနှင့် အေးမြချမ်းငြိမ်းစေသော သဘောအားဖြင့် မေတ္တာနှင့် ရာဂအချစ်ကို ခွဲခြားပြခဲ့ပါသည်။

မိဘနှင့်သားသမီးအချစ်တွင်ပင် ပူပင်သောကကို ဖြစ်စေပါက တဏှာရာဂအချစ်ပင် ဖြစ်တော့သည်။ မေတ္တာထားသည်ဟူ၍ မဆိုနိုင်တော့ပေ။

သို့သော် အချစ်နှင့် မေတ္တာသည် စကားသုံးရာ၌ နေရာမရွေး ရောထွေးလျက်ရှိပါသည်။

ပေဖူးလွှာတွင် အချစ်ကို ငွေချေးသလိုသဘောထားသည်ဟု ကျွန်မ ဖြေဆိုစဉ်ကလည်း အချစ်နှင့်မေတ္တာကို ခွဲခြား၍မပြခဲ့။ ရောထွေး၍ ဖြေဆိုခဲ့ပါသည်။ တွယ်တာတပ်မက်ပါသော အချစ်ကြောင့် သံသရာစခဲ့ကြရသည်။ ထိုမျှအရှိန်အဟုန်ကြီးမားသော အချစ်အပေါ် ကျွန်မက ငွေချေးသလိုသဘောထားသည်ဆိုလိုက်တော့ သေးသိမ်သလို၊ ပေါ့ဆသလို ဖြစ်ကောင်း ဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ဦးရဲလွင်က ထိုမေးခွန်းကို ပြန်၍မေးခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်မတို့သည် ချစ်မိသည့်တစ်ပြိုင်နက် ကိုယ့်ချစ်သူနှင့် သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း ကွေကွင်းရသည့်ခါ ဆင်းရဲဖြစ်လာသည်။ ကွဲကွာနေရသော ကိုယ့်ချစ်သူတွေ ချမ်းသာနေပေမဲ့လည်း ကိုယ်နှင့်မခွဲမခွာနေလိုသောစိတ်ကြောင့် ပူပန်ဆင်းရဲဖြစ်လာရပြန်သည်။ ထို့ကြောင့် သစ္စာလေးပါးတွင် သမုဒယသစ္စာကို ဆင်းရဲဖြစ်ကြောင်း အမှန်တရားဟူ၍ မဟာစည်ဆရာတော်ဘုရားက ပွင့်ဆိုခဲ့ပါသည်။ သမုဒယဟူသော နှစ်သက်တာ

http://www.cherrythitsar.org



တွယ်စွဲလမ်းမှုကြောင့် ဒုက္ခတွေဆင့်လာခဲ့ကြရသည်။ တစ်ဘဝတည်းမှာင် တာတွယ်စွဲလမ်း၍မပြီး။ နောက်တစ်ဘဝကိုပါ စွဲလမ်း၍ တဖြစ်လဲလဲ သံသရာ လည်ခဲ့ကြရပါသည်။

ကြီးကြီးမားမားဘဝတွေ စည်းစိမ်ဥစ္စာတွေကို မဆိုထားနှင့်၊ သာမန်ပစ္စည်း လေးတစ်ခုကို လိုချင်လာလျှင်တောင် ရအောင်ယူလို၍ ကြိုးစားရ၊ ကြံဖန်ရ၍ ဆင်းရဲသည်။ မရပြန်တော့လည်း ဆင်းရဲသည်။ ထို့ကြောင့် မြတ်စွာဘုရားက 'အကြင်လိုချင်ခြင်းသည်ရှိ၏။ ထိုလိုချင်ခြင်းကိုမရ၍ ထပ်ခါထပ်ခါ တောင့်တ ရခြင်းသည်လည်း ဒုက္ခပင်ဖြစ်၏'ဟု ဓမ္မစကြာတွင် ဆိုခဲ့ပါသည်။

သို့သော် ဆင်းရဲကို ဆင်းရဲဟု မသိသောအခါ ကျွန်မတို့သည် တာတွယ် တပ်မက်စွဲလမ်းနေရသည်ကိုပဲပျော်သည်၊ သို့မဟုတ် ချစ်နေရသည်ကိုပဲပျော် သည်။ ချစ်ရသူနှင့် ကွေကွင်းရသော ဆင်းရဲကိုပဲ တမြည့်မြည့်ခံစားနေချင်သည်။ ဤသို့နှင့် အချစ်သည် အရှိန်အဟုန်ကြီးမားစွာနှင့်သတ္တလောကမှာ နေရာယူလာခဲ့ ပါသည်။

အချစ်သည် ကိုးကွယ်ပသ ပူဇော်အပ်သော အရာဟု ယူဆခဲ့ကြပါသည်။ အချစ်၏ ယဇ်ပလ္လင်တွင် ကျွန်မတို့၏ အသက်ကို စတေးခဲ့ကြသည်။ မီးကို တိုးရသော ပိုးဖလံကလည်း မီးတိုးရခြင်းကို စွန့်စားခန်းတစ်ရပ်လို ဂုဏ်ယူသည်။ ပတ်ဝန်းကျင်က ပိုးဖလံများကလည်း ချီးကျူးသည်။ သည်အတွက် အပြစ်တင် စရာမလိုပါ။ မြက်ခြောက်ကိုပင် မျက်မှန်စိမ်းနှင့်ကြည့်လျှင် စိမ်းမြနေသည်ပဲ ဖြစ်သည်။ အရိယာတို့သည်သာ အမှန်ကို အမှန်အတိုင်း မြင်ကြသည်။

တကယ်တော့ ပေဖူးလွှာနှင့် ဆွေးနွေးခန်းတွင် အချစ်သည် မွန်မြတ် လေးစားတန်ဖိုးထားအပ်သောအရာ ဖြစ်ပါလျက်နှင့် ငွေရေးကြေးရေး အသပြာ နှင့် ဥပမာနှိုင်း၍ ငွေချေးခြင်း ကြွေးမြီသဘောနှင့် ကျွန်မ နှိုင်းယှဉ်ဖြေဆိုခဲ့ပါသည်။

ကျွန်မဆိုလိုသည်က ငွေကြေးလိုသူက ငွေလာ၍ချေးခဲ့သော် အတိုင်းအတာ ပမာဏ၊ ကိုယ်မည်မျှချေးနိုင်သည်ကို ကျွန်မတို့ တွက်ဆရပါမည်။ မည်မျှ အဆုံးရှုံးခံနိုင်မည်ကိုလည်း တွက်ဆရပါမည်။ ငွေချေးသူသည် ကျွန်မချေးသော ငွေအား ပြန်လည်ဆပ်လိမ့်မည်ဟု တစ်ထစ်ချတွက်၍မရ။ မဆပ်နိုင်လျှင် ဆုံးရှုံးကောင်း ဆုံးရှုံးတတ်ပါသည်။ ဒီတော့ ငွေချေးလျှင် ကိုယ်ပေးနိုင်သလောက် ပေးလိုက်၍ သူပြန်ဆပ်လိမ့်မည်မဟုတ်ဟု တွက်ဆထားလိုက်လျှင်၊ သို့မဟုတ် ဆပ်လိမ့်မည်ဟု မျှော်လင့်မထားလျှင် စိတ်နလုံး ဒုန်းဒုန်းချ၍ အေးအေးဆေး

http://www.cherrythitsar.org



ဆေး နေနိုင်ပါသည်။ ပြန်မဆပ်တော့လည်း အစကတည်းက ပြန်ရလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့် မရ၍ မပူတော့ပါ။

အလှူပေးသလိုပင် သဘောထားလိုက်၍ ကုသိုလ်ရသည်။ အေးမြချမ်းသာသည်။ စတင်ချေးကတည်းက ပြန်ရလိမ့်မည်ဟု မျှော်လင့်ထားလျှင် မရခဲ့သော် 'ငါ့ငွေကို ပြန်မပေးသေး'ဟူ၍ မျှော်တလင့်လင့်ဖြစ်ရသည်။ ပြန်မရသောအခါမှာလည်း စိတ်ဆိုး၊ စိတ်ညစ်ရနှင့် ကိုယ့်ငွေနှင့်ကိုယ် ဒေါသဖြစ်ရပါသောကြောင့် ငရဲဖြစ်နိုင်ပါသည်။

အချစ်မှာလည်း လင်သား၊ ရည်းစား၊ မောင်နှမ၊ မိဘဆွေမျိုးတွေအပေါ် ကိုယ်ချစ်နိုင်သလောက် ချစ်ဖို့က ကိုယ့်တာဝန်ဟု ကျွန်မယူဆသည်။ ကျွန်မချစ်သောကြောင့် ကျွန်မကိုပြန်ချစ်ရမည်ဟု ယူဆလိုက်လျှင် သူတို့က ပြန်ချစ်လျှင် ဝမ်းမြောက်၍ မချစ်လျှင် စိတ်သောကရောက်ရမည်။ 'ငါကတော့ ချစ်လိုက်ရတာ၊ သူတို့က မချစ်လေခြင်း"ဟု ဝမ်းနည်းကြေကွဲရသည်။ လင်သားဖြစ်စေ၊ သားသမီးဖြစ်စေ ကျွန်မတို့ချစ်သလို သူတို့ဆီက အချစ်ကို ပြန်ရလိမ့်မည်ဟု ယူဆခြင်းမှာ မဟာအမှားတော်ပုံပင်ဖြစ်၏။ ရေပေါ်မှာ ပန်းချီဆွဲသလို မရေရာလှပါ။ ကိုယ်မျှော်လင့်ထားသလို အချစ်ကို ပြန်မရသောအခါ ပူပန်သောက ရောက်ရသည်။ ပူပန်ဆွေးမြည့် ငိုကြွေးခြင်းဖြစ်လာလျှင် ထိုအချစ်သည် ကိလေသာပင်တည်း။ အပါယ်ကိုလားနိုင်ပါသည်။

"ငါချစ်နိုင်သလောက် ချစ်မည်၊ သူတို့မချစ်လည်းနေပေ့ါ။ သူတို့ ကောင်းကျိုးချမ်းသာဖြစ်နေလျှင် ငါ စိတ်ချမ်းသာပြီ"ဟု စိတ်ကိုထားနိုင်လျှင် ကိုယ့်မှာလည်း အေးချမ်းပါသည်။ သူတို့ချမ်းသာစွာနှင့် တိုးတက်ကြီးပွားနေသည်ကို ကြည့်ရင်း ဝမ်းမြောက်ကြည်နူးရသည့်အဖြစ်ကိုက ငြိမ်းချမ်းပါသည်။ ကုသိုလ်ရပါသည်။ သူတို့ကြီးပွားနေ၍ ကိုယ့်ကို တစ်ပြားမှမပေးလည်း ကျေနပ် နှစ်သိမ့်နိုင်ပါသည်။

"ငါ ဒါလောက်ချစ်ပါလျက်နှင့် သူတို့ကမချစ်၊ ပြန်မကြည့်" ဟူသော စိတ်လည်း မရှိတော့ပါ။ ပြီးတော့မှ တစ်ဆင့် သူတို့မှာ ချို့တဲ့နေပါလျှင် ကြီးပွားတိုးတက်ပါစေဟု မေတ္တာထားနိုင်ပါသည်။ "ငါ့မချစ်တဲ့သူတွေ ဒုက္ခရောက်နေတာပဲကောင်းသေး" ဟူသော စိတ်မဖြစ်လာတော့ပါ။

အမှန်တော့ အချစ်သည် သံသရာကိုလည်စေ၍ မေတ္တာသည် ဘဝကို ငြိမ်းချမ်းစေသည်ဆိုလျှင် သင့်လျော်မည်ဟု ထင်ပါသည်။ မေတ္တာသည် 'အပြန်'၊

http://www.cherrythitsar.org



သို့မဟုတ် ပြန်ရကောင်းစေဆိုသည့် ကိုယ့်ဘက်ညွတ်သည့် ရမ္မက်ဆန္ဒ မပါသော ကြောင့်ဖြစ်သည်။ အသွားတစ်တိုင်ရှိလျှင် အပြန်တစ်တိုင်ရှိသည်ဆိုသော စကား မှာ ခရီးသွားသူအဖို့ ပုံမှန်သော်လည်း အချစ်ခရီးသည်အတွက် ပုံသေတွက်၍ မရပါ။

ချမ်းမြေ့ဆရာတော်ဘုရားကလည်း ကိလေသာအချစ်နှင့် မေတ္တာအပေါ် ထိုကဲ့သို့ပင် ပိုင်းခြားပြခဲ့ပါသည်။ သို့သော် ကျွန်မက အချစ်ကို ငွေကြေးနှင့် နှိုင်းလိုက်တော့ စကားလုံးရိုင်းသွားပါသည်။

ဒါပေမဲ့ ဇာတ်တော်လာ ကေဒါရကျေးမင်း၏ ဝတ္ထုကို ကျွန်မ သတိရ မိပါသည်။

ကေဒါရကျေးမင်းကို ဘုရင်ကြီးက ဖမ်းမိသွားသောအခါ . . .

"အရှင် ကျေးမင်းသည် တခြားကျေးများကဲ့သို့ မိမိဝမ်းဝအောင် စားရုံ နှင့်မပြီး၊ ဘာကြောင့် စပါးနှံအပိုများကို ကိုက်ချီ၍ ပျံသွားရပါသလဲ"ဟုမေးခဲ့ ပါသည်။

ကေဒါရကျေးမင်း ဖြေဆိုပုံကိုကြည့်ပါ။

"မင်းကြီး . . .ငါ၌ ကြွေးဟောင်းမြီဟောင်းကိုလည်း ဆပ်ရပါ၏။ ကြွေးသစ် မြီသစ်ကိုလည်း ချရပါ၏။ ရွှေအိုးကိုလည်း မြှုပ်နှံရပါ၏"ဟု ဖြေခဲ့ပါသည်။

ကြွေးဟောင်း၊ မြီဟောင်းဆိုသည်မှာ ဘဝသံသရာက တင်ခဲ့ပါသော မိဘ တို့၏ အချစ်ကြွေးနှင့် ယခုဘဝတွင် ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့ပါသော မိဘ တို့၏ အချစ်ကြွေးကို ပြန်လည်ပေးဆပ်ခြင်းကို ကြွေးဟောင်းမြီဟောင်းကို ဆပ် သည်ဟု ဖြေခဲ့ပါသည်။ မိဘများကို လုပ်ကျွေးရန် အစာရှာပေးရသောကြောင့် စပါးနှံများကို အပိုကိုက်ချီသွားပါသည်ဟု ဆိုလိုပါသည်။

ကြွေးသစ်မြီသစ် ချရပါသည်ဆိုသည်က သားသမီးများကို ရှာကျွေးရခြင်းကို ဆိုလိုပါသည်။ မိဘများအတွက် သားသမီးများကို ကျွေးမွေးပြုစုရခြင်းသဘောမှာ ကြွေးသစ်မြီသစ်ပေးသလို ဖြစ်ပါသည်။ သားသမီးများအတွက် စပါးနှံအပိုကို ကိုက်ချီသွားရခြင်းကို ကျေးမင်း ဆိုလိုပါသည်။

ရွှေအိုးကို မြှုပ်နှံရခြင်းဆိုသည်မှာ အစားအစာရှာဖွေမစားနိုင်သော နာ မကျန်းဖြစ်နေသော၊ အိုမင်းနေသော၊ မစွမ်းကျေးအိုများအတွက် စပါးနှံများ ကိုက်ချီယူသွားရခြင်းကို ဆိုလိုပါသည်။ ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ မတော်စပ် သည်ဖြစ်စေ အိုမင်းမစွမ်း၊ နာဖျားမကျန်းမာသူတို့ကို ပြုစုကျွေးမွေးခြင်းဖြင့်

http://www.cherrythitsar.org



ကုသိုလ်ပြုခြင်းကို ရွှေအိုးမြှုပ်နှံသည်ဟု ကေဒါရကျေးမင်း ဆိုခဲ့ပါသည်။

ကေဒါရကျေးမင်းသည် မိဘ၊ သားသမီးတို့နှင့်တကွ နာဖျား မကျန်းမာသော သူအိုတို့အပေါ်ပါ၊ သို့မဟုတ် ပတ်ဝန်းကျင်အပေါ်မှာ အတိုင်းအတာမရှိသော မဟာကရုဏာကိုသာ ရှိနိုင်ခဲ့ပါသည်။

သူ၏မေတ္တာတရားမှာ သူ့ပတ်ဝန်းကျင်ကို သာယာစိုပြည်စေခဲ့ပါသည်။ သူသည် သူ၏ပတ်ဝန်းကျင်အပေါ်၌ ထားရှိအပ်သော မေတ္တာကို ကြွေးမြီနှင့်လည်းကောင်း၊ ရွှေအိုးနှင့်လည်းကောင်း နှိုင်းယှဉ်ပြောဆိုခဲ့ပါသည်။

ကျွန်မသည်လည်း ကေဒါရကျေးမင်း၏ စကားကိုယူ၍ အချစ်အပေါ်ငွေချေးသလို သဘောထားသည်ဟု ဆိုခြင်းဖြစ်ပါသည်။ နှိုင်းယှဉ်ချက် မှန်မမှန်ကိုတော့ မိမိသဘောအလျောက် ဆုံးဖြတ်နိုင်ကြပါသည်။ အချစ်ကြောင့်ပူပန်သောကများကို ငွေချေးသလို သဘောထားလိုက်ခြင်းဖြင့် အေးမြချမ်းငြိမ်းသွားပါသည်။

အမှန်တော့ ချစ်၍ပဲ ကြွေးဟောင်းမြီဟောင်းကို ပြန်ဆပ်လိုကြပါသည်။ မိဘကိုမချစ်လျှင် ရာကျွေးချင်စိတ်မရှိပါ။ ထို့အတူ သားသမီးကိုချစ်၍လည်း ပြန်ရမရ မသေချာဘဲနှင့် ကျွန်မတို့သည် ကျွန်မတို့၏ ကြွေးသစ်မြီသစ် ချကြရသည်၊ ဒီတော့ ကျွန်မတို့ ကြွေးဟောင်းတွေ၊ မြီဟောင်းတွေဆပ်၊ ကြွေးသစ်၊ မြီသစ်တွေချရင်းနှင့် ဒီသံသရာလည်ခဲ့ကြရလေတော့ အချစ်နှင့် ကြွေးမြီသည် မည်သို့သဘောဆောင်ကြပါသလဲ။

**[ပေဖူးလွှာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၈၆ ခုနှစ်]**

http://www.cherrythitsar.org

# ဘဝ၏ညများ

ပြာညိုညို့ကောင်းကင်ကို ပြတင်းအပြင်မှာ မြင်နေရသည်။ သစ်ရွက်စိမ်း အရွက်ဖားဖားများသည် နေခြည်ကို ကာကွယ်ထားသလို ဖြစ်နေ၍ အနောက်ကနေ၏ စူးရှပြင်းပြခြင်းကို ကျွန်မ၏ ဧည့်ခန်းလေးက မခံစားရပါ။ ပကတိအေးချမ်းငြိမ်သက်လျက်ရှိသည်။ တစ်ချက်တစ်ချက် လေအေးများ တိုက်ခတ်လာလျှင် သစ်ကိုင်းကြီးများ ငှေ့ရမ်းသွားကြသည်။ သစ်ပင်က သပြေပင်ကြီးပင်ဖြစ်သည်။ သစ်ကိုင်းများပေါ် စာငှက်ငယ်များ ခုန်ပျံနေသည်။

တစ်ခါတစ်ရံ ဒေါသဖြင့် တိုက်ခိုက်နေကြပုံရ၍ တစ်ခါတစ်ရံ ချစ်ကြည်နူးစွာ နှစ်ကောင်တွဲ၍ တွတ်တွတ်တာတာပြောကြရင်း လည်များ ငုံ့လိုက် မော့လိုက်နှင့် ချစ်စရာသွင်ပြင်ကိုတွေ့ရသည်။ တချို့ကောင်လေးတွေ စကားများလှသည်။ ကျီကျီချပ်ချပ်နှင့် သံမျိုးစုံဟစ်ကြွေးကာ အကိုင်းတွေပေါ်မှာ ပြေးလွှားဆော့ကစားနေကြသည်။

အမှန်တော့ ထိုနေ့က နေသာပါသည်။ ကျနေသည် စူးရှပြင်းပြပါသည်။ သစ်ရွက်စိမ်းဖားဖားကြီးများကြောင့် သစ်ရိပ်၏ အေးမြခြင်းအောက်မှာ စာကလေးများ ပျော်နေကြခြင်းဖြစ်သည်။

ကျွန်မ ဒီပြတင်းဘေးမှာ ယခုတလော နေ့တိုင်းထိုင်ဖြစ်သည်။ ငှက်ကလေးများကိုကြည့်ကာ ကြည်နူးသလို ကောင်းကင်ညိုညို့ကို ကြည့်နေရခြင်းမှာလည်း စိတ်သက်သာပါသည်။

http://www.cherrythitsar.org



ပုပြင်းသောမေလ၏ နွေရာသီတွင် ဘာကြောင့် ကောင်းကင်သည် ညိုမှိုင်းနေပါသလဲ။ ကျွန်မ မျက်လုံးမှ နေရောင်ကာမျက်မှန်သည် ကျွန်မအမြင်ကို လှည့်စားထားသည်။ ဒါကြောင့် နွေကောင်းကင်ပြာတောက်တောက်ကို ညိုညို့မှိုင်းမှိုင်း မြင်နေရခြင်းဖြစ်သည်။ မျက်စိ ကျိန်းစပ်လောက်အောင် တောက်ပနေသော နေရောင်ခြည်ကို မျက်မှန်နက်က ကာကွယ်ထားသည်။

မေလ ၈ ရက်နေ့က ကျွန်မ၏ ဘယ်ဘက်မျက်လုံးကို ခွဲစိတ်ကုသခဲ့သည်။ အဝေးမှုန်သည်မှာ ကြာခဲ့ပြီ။ စာကြည့်မျက်မှန်နှင့် စာကြည့်လျှင် ဇက်ကြောတက်လာသည်။ ကျွန်မ စာရေးသက် ကြာမြင့်ခဲ့ပေမဲ့ စာရေးလျှင် ဘာကြောင့်တက်သလဲ သိလို၍ မင်္ဂလာဈေးဟောင်းရှိ မေတ္တာဦးဆေးခန်းမှာ ဒေါက်တာရဲနိုင်နှင့် ပြသခဲ့သည်။ သူက စမ်းသပ်၍ တိမ်ရှိပါသည်။ သူ၏ဆရာကြီး ဒေါက်တာ ညွန့်လှိုင်နှင့် ခွဲစိတ်ကုသပါရန် အကြံဉာဏ်ပေးပါသည်။

ဒေါက်တာညွန့်လှိုင်နှင့်ပြတော့ သူက ပြောပါသည်။ "လူအမျိုးမျိုးရှိတယ်လေ၊ မမစုက မျက်စိနဲ့ အလုပ်လုပ်နေတဲ့သူဆိုတော့ အချိန်ဆိုင်းမထားစေချင်ဘူး။ ခုမခွဲလည်း နောက်ခွဲရမယ့်အတူတူ ခွဲလိုက်ပါ"ဟု အကြံဉာဏ်ပေးပါသည်။

ကျွန်မကလည်း ခွဲစိတ်ရန် သဘောတူပါသည်။ ပြည်လမ်းရှိ မေတ္တာဦးမှာ ခွဲစိတ်ကုသ ခံယူပါသည်။ ညဘက်မှာ ညီမနုနုဆွေ စောင့်အိပ်၍ နေ့ဘက်မှာ ကလျာ (အဝင်း) လာပါသည်။ ထမင်းကိုလည်း ဒေါက်တာ ထားကြည်ဆွေနှင့် 'အောင်'တို့က တစ်လှည့်၊ ကလျာက တစ်လှည့် ပို့ပါသည်။ အားလုံး အဆင်ပြေသည်။

အခန်းက သပ်ရပ်သန့်ပြန့်ပါသည်။ တစ်နေ့ကို ၅၅၀၀ ကျပ် ပေးရသည်။ အထူးသူနာပြု ဒေါ်တူးတူးက ပြုစုပါသည်။

ခွဲစိတ်ရမည့်နေ့က ကျွန်မအပါးမှာ ညီမ နုနုဆွေနှင့် အဝင်း(ကလျာ) တို့က စောင့်နေသည်။ ကျွန်မကို မျက်တောင်ညှပ်ခြင်း၊ ဆေးခတ်ခြင်းများ လုပ်ပေး၍ ခွဲစိတ်ခန်းတွင်ဝတ်ရမည့် အဝတ်များ ဝတ်ပေးထားသည်။

ခွဲစိတ်ခန်းဝတွင် ကျွန်မအလှည့်ကိုစောင့်နေစဉ်ကတည်းက ကျွန်မ တရားပဲရှုမှတ်နေသည်။ ခွဲစိတ်ခန်းကို ခဏခဏဝင်လာရပါများသော ကျွန်မအဖို့ တရားရှုမှတ်မှုသည် အကျင့်ဖြစ်နေသည်။

တစ်ခါ မင်္ဂလာဒုံစစ်ဆေးရုံမှာ ခွဲစိတ်ခါနီး ကျွန်မကိုယ်မှာ သွေးများနှင့်

http://www.cherrythitsar.org



နစ်နေသည်။ ခွဲစိတ်ခန်းဝတ် အဝတ်ကို နှစ်ခါလဲရသည်။ ကျွန်မသိပေမဲ့ မျက်စိကိုမဖွင့်၊ သွေးများကိုမြင်သော် ကြောက်စိတ်ကြောင့် ကျွန်မ ဒုက္ခရောက်နိုင်သည်။ ထို့ကြောင့် ကျွန်မ မျက်စိမှိတ်ကာ တရားကိုပဲ စူးစိုက်မှတ်နေပါသည်။

အသေးအဖွဲ ခွဲစိတ်မှုများ ခဏခဏလုပ်ရစဉ်ကလည်း ကျွန်မ တရားပဲ ရှုမှတ်သည်။

ယခုလည်း မျက်စိ ခွဲရဦးမည်။ ကျွန်မ အလှည့်ရောက်၍ ခွဲစိတ်ခန်းထဲ ဝင်ရပြီ။ အခန်းပြင်မှာ အသင့်စောင့်နေသော ဆရာမလေးက သန့်စင်ထားသော အဝတ်ဖိနပ်ဖြင့် ခြေထောက်ကို ချည်ထားသည်။ ဆံပင်ကိုလည်း အုပ်ထားလိုက်သည်။ သူ့နောက်ကို လိုက်ခဲ့ပါရန် အတွင်းခန်းသို့ တွဲခေါ်သွားသည်။

ကျွန်မ ဘယ်သူ့မှမကြည့်၊ ခွဲစိတ်ခုံပေါ် လှဲသည်အထိ တရားပဲ ရှုမှတ်သည်။ ဆရာမတွေက အဝတ်များ ကျွန်မကိုယ်ပေါ် ဖုံးလွှမ်းပေး၍ မျက်နှာကိုလည်း အုပ်လိုက်သည်။

"မျက်လုံးပေါ်မှာ ရေတွေဖျန်းပေးလိမ့်မယ်နော်။ ဘာမှ ကြောက်စရာ မရှိဘူး" ဆရာမကြီးတစ်ယောက်အသံ ကြားရပြီး မကြာခင် ခွဲစိတ်မည့်ဆရာဝန်ကြီး ဒေါက်တာညွှန့်လှိုင်အသံ ကြားရသည်။

"ထုံဆေး ထိုးမယ်နော်" ဟု ဆိုကာ ထုံဆေးထိုးပြီး ဆရာမတစ်ယောက်က မျက်လုံးကို ပွတ်ပေးနေသည်။ ကျွန်မက မျက်စိမှိတ်ထားရင်း တရားရှုမှတ်ရာမှ ဘယ်လိုဖြစ်မှန်းမသိ၊ ဆရာကြီး ဒဂုန်တာရာကို သွားသတိရသည်။

"မစုရယ်၊ ကိုဌေးမြိုင်ကလေ မျက်စိခွဲစိတ်ဖို့ ခွဲစိတ်ခန်းထဲရောက်ပြီး သူ့မျက်နှာကို ဆေးကြောတဲ့အခါကျတော့မှ မခွဲတော့ဘူးဆိုပြီး ထွက်သွားရောဗျာ"

ဆရာမြသန်းတင့် မျက်စိခွဲစိတ်ပြီးစက ကျွန်မကို ပြောပြသည်ကို သတိရလာသည်။

"ဆရာ ဘာကြောင့်များ ခွဲစိတ်ကုသမှုကို မခံယူလိုပါလိမ့်"

ချက်ချင်းပဲ ကျွန်မ စိတ်ပျံ့လွင့်သွားသည်ကို သတိရပြီး တရား ဆက်ရှုမှတ်နေသည်။

တစ်ခါတစ်ခါ တစ်စုံတစ်ယောက် ကျွန်မလက်ကို သွေးစမ်းသည်ကို သိသည်ကလွဲ၍ ကျွန်မ ဘာမှ ခံစားမှုမရှိ။ ခွဲစိတ်ပြီးသည်အထိ နာကျင်မှုဝေဒနာလည်းမရှိ၊ ဆရာကြီး ဘာလုပ်မှန်းပင် ကျွန်မ မသိပါ။

ခွဲစိတ်ပြီးမှပင် ဆင်ခြင်ရ၊ လိုက်နာရမည့် စည်းကမ်းများက စလာသည်။

http://www.cherrythitsar.org



ဘယ်ဘက်လှည့် မအိပ်ရ၊ အားစိုက်၍ ဘာမှမလုပ်ရ၊ ခေါင်းမငုံ့ရ၊ မျက်နှာမသစ်ရ၊ သွားတိုက်သောအခါ ခေါင်းမလှုပ်ရ၊ အစားမာတာ မစားရ၊ ခေါင်းမလျှော်ရ၊ ရေချိုးလျှင် ခေါင်းကိုမထိရ။

လိုက်နာရသည့် စည်းကမ်းများက များလှပါသည်။ အတိအကျ ကျွန်မ လိုက်နာပါသည်။ ဆေးခန်းမှာ ငါးရက်နေ၍ ဆင်းလာခဲ့ပါသည်။ မျက်လုံး အုပ်သည့် ကော်ခွက်လေးပေးထားကာ ညဘက် အုပ်၍ အိပ်ရသည်။ ခေါင်းအုံး အပျော့လေးတစ်ခု မျက်နှာဘယ်ဘက်မှာ ပါးနှင့်ကပ်ထားသည်။ ဘယ်ဘက်ကို မလှည့်ဖြစ်အောင် လုပ်ထားခြင်း ဖြစ်ပါသည်။ နေရောင်စူးစူးကို မကြည့်မိစေရန် အပြင်ကိုကြည့်လျှင် နေကာမျက်မှန်အနက်ကို တပ်ထားရပါသည်။ တစ်နေ့တစ်နေ့ ဧည့်ခန်းပြရင်းနားမှာထိုင်ကာ ကောင်းကင်ပြင်နှင့် ပြင်ပလောကကို ငေးကြည့်နေမိသည်။

ဒါကြောင့် မေလ၏ ကောင်းကင်ပြာတောက်တောက် ပူလောင်လောင်ကို ပြာညို့ညို့ အေးမြနေသည့်အနေနှင့် မြင်နေရခြင်းဖြစ်သည်။

မျက်မှန်အဟောင်းနှင့် စာကြည့်ဖို့ တီဗွီကြည့်ဖို့ ဆရာဝန်ကြီးက ပြောပေမဲ့ ကျွန်မ ကြောက်၍ မကြည့်။ ခွဲသည့်မျက်လုံးကို အုပ်ထားပြီးမှ တီဗွီကြည့်သည်။

သမီး မိကျော်သောင်းက စင်ကာပူမှ ဖုန်းဆက်သည်။ "စုမေ၊ ဆရာဝန်စကားနားထောင်၊ သူတို့က ကြည့်ဆိုကြည့်"ဟု ပြောပါသည်။

နှစ်လဆိုသောအချိန်ကို ကျွန်မ ဘယ်လိုဖြတ်သန်းရမလဲ၊ အသန့်အလွန်ကြိုက်သူက မျက်နှာမသစ်ရ။ **(Snow towel)**မျက်နှာသုတ်ပဝါ ရေခဲစိမ်နှင့်ပဲ မျက်နှာကို သုတ်ရသည်။ ရေက ကိုယ်အောက်ပိုင်းချိုးရ၍ တော်ပါသေး၏။ ခေါင်းကိုအရှုံးဆုံးပါပဲ။ ဆရာဝန်ပြောသလို လိုက်နာ၍ မျက်စဉ်းလည်း မှန်မှန်ခတ်ပါသည်။

ဆရာဝန်ကြီးက စာဖတ်နိုင်ပြီ ဆိုပေမဲ့ မျက်မှန်အဟောင်းနှင့် ဖတ်၍မရ။

ဘယ်လိုလုပ်ရပါ့မလဲ။ ယခင်က မနက်မိုးလင်းလျှင် လုပ်နေကျက နံနက်စောစာ စားပြီး ဘုရားခန်းဝင်၊ ဘုရားရှိခိုး၊ ပရိတ်ရွတ်ပြီး ၉ နာရီလောက်က စ၍ စာရေးသည်။ ၁၂ နာရီလောက်မှာ ရေချိုး ထမင်းစား၊ နေ့လယ် တစ်ရေးအိပ်၊ ခေတ္တနားပြီး ၃ နာရီလောက်မှာ စာဖတ်သည်။ စာမဖတ်ရ၊ စာမရေးရလျှင် မနေတတ်သူက ဒီနှစ်လဆိုသောခရီးကို ဘယ်လိုဖြတ်ကျော်ရပါ့။ စိတ်ထဲမှာ ခရီးရှည်ကြီးလို့ ထင်သည်။

နောက်တော့မှ သတိရသည်။ ကျွန်မမှာ ဝိပဿနာတရား ရှုမှတ်မှုရှိသားပဲ။ မနက်စာ စားပြီးကတည်းက ၈နာရီလောက်မှစ၍ ၁၁နာရီထိ တရားထိုင်၊ နေ့ခင်းနားပြီး နှစ်ချက်တီးမှ စ၍ ညနေ ၅နာရီအထိ တရားထိုင်၊ ဒီတော့မှပဲ နေလို့ရသွားပါသည်။ တရားရှုမှတ်ဖို့ အခွင့်အရေး ရသွားပါသည်။

အားလပ်ချိန်ကျမှ စဉ်းစားမိသည်။ ကျွန်မ မျက်လုံး ကွယ်သွားသည်မဟုတ်၊ ဘယ်ဘက်တစ်လုံးတည်း ခွဲရသည်။ နှစ်လဆိုသော ကာလအတွက် စာမကြည့်၊ စာမဖတ်ဘဲ နေရသည်ကို အိမ်မြှောင်အမြီးပြတ် မနေတတ်ဖြစ်ခဲ့ရသည်။ တရားထိုင်မှပဲ စိတ်ငြိမ်တော့သည်။ ကျန်အချိန်များမှာလည်း မျက်မှန်အနက်ဖြင့် လောကအလှကို ကြည့်နိုင်သေးသည်။

မိုးသောက်ယံမရှိ၊ ဘဝ၏ညများတွင် ထာဝရနေရသော မျက်စိနှစ်ကွင်း အလင်းမရသူတွေ၊ သူတို့ ဘယ်လိုများ လောကကို ဖြတ်သန်းပါလိမ့်။ မျက်မမြင်ကျောင်းမှာတော့ မျက်မမြင်စာရှိသည်။ ဒါပေမဲ့လည်း ကျွန်မတို့ မျက်စိကောင်းသူတွေလိုတော့ ဖတ်ရ ရေးရတာ အားရပါးရရှိမည်မဟုတ်။

ကျွန်မ ဒီတော့မှ အမှောင်ထဲတွင် သူတို့နေရသည်ကို ယခင်ကထက် ပိုမို၍ စာနာမိပါသည်။

အထူးသဖြင့် ဆရာကြီးဒဂုန်တာရာကိုပဲ သတိရမိသည်။ ဆရာ ရန်ကုန်ရောက်တိုင်းလိုလို ကျွန်မနှင့် အဝင်း(ကလျာ) သွားကန်တော့ကြသည်။ ဟိုတစ်နှစ်ကလည်း ကလောမှာ သွားတွေ့သည်။ သူသည်လည်း သူစွဲလမ်းခဲ့သော စာပေကို မစွန့်လွှတ်နိုင်။ သူအသံသွင်းထားသော ကက်ဆက်ခွေလေးတွေကို ထုတ်ပြရင်း အဝင်းကိုပေးသည်။ မှန်မမှန် ကက်ဆက်ထဲပြန်သွင်း၍ စစ်ဆေးသည့်အခါလည်း ရှိသည်။ ဆရာကြီးကိုကြည့်ရင်း ကျွန်မ ရင်မောလာပါသည်။

သူသည် စာအလွန်ဖတ်၍ စာလည်းအလွန်ရေးခဲ့သူတစ်ယောက်။ ယခုတစ်စုံတစ်ယောက်ကဖတ်ပြမှ သူသည် မဂ္ဂဇင်းစာစောင်များမှာပါသောအကြောင်းအရာများကို သိရတော့သည်။ သူက ပြန်ရေးချင်တော့လည်း အသံသွင်းထားရ၊ ထိုအသံသွင်းထားသော ကက်ဆက်ကို တခြားလူက ပြန်ကူးပြီးမှ ဆောင်းပါး၊ ကဗျာ တစ်ခုခု ဖြစ်လာရသည်။

သူ့ဘဝကို သူနည်းသူ့ဟန်နှင့် ဖြတ်သန်းနေခြင်းပါ။ ဆရာသာ ဝါသနာပါ၍ စိတ်ဝင်စားလျှင်တော့ ဝိပဿနာကို အားထုတ်ကြည့်ပါလားဟု တိုက်တွန်းချင်ပါသည်။ ကျွန်မအတွက်မှာတော့ မစိုးမပိုင်ပါသော ကျွန်မ ခန္ဓာကိုယ်ကို

http://www.cherrythitsar.org



ဝေဒနာဖိစီးလာတိုင်း ဝိပဿနာကို အဖော်ပြုရသည်။ နေ့စဉ် အားထုတ်သော အချိန်ပိုင်းက နည်းသည်။ ဝေဒနာခံစားရသောအခါ ဝေဒနာကို ကျော်ဖြတ်ရသော အချိန်ကို ဝိပဿနာနှင့် ကျော်ဖြတ်ရလေတော့ တော်ရုံတန်ရုံ ဝေဒနာကို သည်းခံနိုင်သည်။

ဝိပဿနာတရားသာမရှိလျှင် ဝေဒနာဖြစ်လာတိုင်း ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဟု မကျေမနပ် ဒေါသစိတ်နှင့် 'အနတ္တ'သဘောကို မေ့လျော့တတ်ပါသည်။

နှစ်လမြောက်၍ မျက်မှန်အသစ်ပေးရန် စမ်းသပ်သောနေ့က ဆရာကြီးက အဝေးမှ စာလုံးများကို ဖတ်ခိုင်းသည်၊ အနီးကြည့်လည်း ဖတ်ခိုင်းသည်။ အားလုံးကို မြင်ရသည်။ "မမစု စာရေးပေတော့၊ အားလုံးလုပ်လို့ရပြီ"ဟု ဆရာကြီး ဒေါက်တာညွန့်လှိုင် ပြောသောနေ့က ကျွန်မ ဝမ်းသာလိုက်တာ။

မျက်မှန်ရ၍ စမ်းသပ်ခန်းမှထွက်တော့ အဝင်းက ကျွန်မကို ပြောသည်။

"မမစုရယ်၊ မမစုက စာတွေဖတ်ပြတော့ ကျွန်မ ဝမ်းသာလိုက်တာ၊ အကုန်မြင်ရတယ်"

ကျွန်မ စမ်းသပ်ခန်းထဲသို့ဝင်တိုင်း အဝင်းက အဖော်လုပ် လိုက်ပါလာသည်။

"အဝင်းကလည်း မျက်မှန်ပေးလိုက်ပြီပဲ၊ မြင်ရတာပေါ့"

ကျွန်မစိတ်ထဲမှာ ခပ်ပေါ့ပေါ့ပဲ ဖြေလိုက်ပါသည်။

"ဘယ်ဟုတ်မလဲ မမစုရဲ့၊ မျက်လုံးကို ခွဲစိတ်တိုင်း အောင်မြင်တယ်ထင်လို့လား။ ကျွန်မအဒေါ်ကြီးဟာ ခွဲပြီး မမြင်ဘူး"

သူ့ပြောသံကြားတော့မှ ကျွန်မ အံ့အားသင့်သွားသည်။

"ခွဲစိတ်တဲ့လူတိုင်း အောင်မြင်တယ်လို့ မစုထင်နေတာ၊ အဝင်းပြောမှ ကြောက်လိုက်တာ။ မစုစိတ်ထဲမှာ ခွဲရမယ်ဆိုကတည်းက စပြီး ခွဲစဉ်မှာရော၊ အခုထိ ကြောက်စိတ်မရှိဘူး။ ခု အဝင်းပြောမှ ကြောက်လိုက်တာ"

ကျွန်မက အထိတ်တလန့် သူ့ကို ပြောမိပါသည်။ ဒီတော့မှ ကိုယ့်ကံကြမ္မာကိုရော၊ ခွဲစိတ်ကုသပေးသူ ဆရာဝန်ကြီး ဦးညွန့်လှိုင်ကိုပါ ပိုမို၍ ကျေးဇူးတင်မိပါသည်။

တလောက ဆောင်းပါးတစ်ခုထဲမှာဖတ်ရပါသည်။ "ဆရာကြီး ဒဂုန်တာရာ ရေးသော ဆောင်းပါးများမှာ ၁၃၀၀ ပြည့် အရေးတော်ပုံက မတက်၊ ထပ်နေသည်"ဟု ဆိုပါသည်။ ကျွန်မ ဒီစာဖတ်ပြီး စိတ်မကောင်းပါ။ ကျွန်မတို့ စာရေးရေး၊ ကဗျာစပ်စပ် လက်ရှိပတ်ဝန်းကျင် အခြေအနေများနှင့် ထိတွေ့

http://www.cherrythitsar.org



နေရသည်။ ကမ္ဘာအပြောင်းအလဲများကိုလည်း မျက်ခြည်မပြတ် သိအောင်စာပေဖတ်ရှုရသည်။ ဒါမှလည်း ကျွန်မတို့ စာများ လက်ရှိခေတ်နှင့် စပ်ဟပ်မိသည်။

ဆရာကြီးဒဂုန်တာရာမှာ သူ့ကြိုးပမ်းမှု လျော့နည်း၍မဟုတ်၊ မျက်စိနှစ်ကွင်း အလင်းမရသည့်ဒုက္ခက သူများဖတ်ပြမှ သိရသည်။ သူများပြောမှကြားရသည်။ ကက်ဆက်နှင့် စာရေးနေခြင်းဖြစ်သည်။ ကျွန်မတို့လို ရေးပြီးဆောင်းပါး ပြန်ဖတ်၊ မကြိုက်ဖျက်၊ အသစ်ပြန်ရေးဆိုသော အလုပ်မှာ ဆရာ့အတွက် မလွယ်ကူပါ။

ဘာပဲဖြစ်ဖြစ် ဆရာ့အရေးအသားမှာ ချို့ယွင်းချက် ရှိကောင်းရှိမည်။ သို့သော် သူ့လိုသာ အမှောင်တွင်းမှာနေရသော် ကိုယ့်ကိုယ်နှင့် နှိုင်းကြည့်လျှင် ဘဝ၏ ညများတွင် ထာဝရနေရသော မျက်စိအလင်းမရသူအားလုံးအတွက် စာနာနိုင်မည် ဖြစ်ပါသည်၊

စာမရေး၊ စာမဖတ် နှစ်လနေတော့မှ အမှောင်၏ဒုက္ခကို ပိုမိုသဘောပေါက်နားလည်မိပါသည်။ အလင်းရအောင် ခွဲစိတ်ကုသပေးသော ဆရာဝန်ကြီးများ၏တန်ဖိုးကိုလည်း အဖိုးမဖြတ်နိုင်လောက်အောင် လေးစားမိပါသည်။

**[ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၁ ခုနှစ်]**

# ချမ်းမြေ့ပါ၏လော

ချမ်းမြေ့၏ ပတ်ဝန်းကျင်သည် ကျွန်မအတွက်မစိမ်းပါ။ သို့သော် ယခုတစ်ကြိမ် လာရောက်ခြင်းသည် ခေတ္တခဏလာသည်မဟုတ်။ ဝေယျာဝစ္စတာဝန်တစ်ခုခု ယူကာ ချမ်းမြေ့တွင်နေရန် လာရောက်ရခြင်း ဖြစ်ပါသည်။

ကျွန်မသည် မေမေ့ရင်ခွင်မှ ခွဲခွာလာစဉ် အသက် ၂၂ နှစ်က ဖဆပလ ဌာနချုပ်၏ ပတ်ဝန်းကျင်တွင် ကျင်လည်ခဲ့ရသည်။ အသက် ၂၄ နှစ်မှာ ဝန်ကြီး ချုပ်၏ အတွင်းရေးအတွင်းဝန်အဖြစ် ဝင်ဒါမီယာပတ်ဝန်းကျင်ကို ရောက်ပါ သည်။ ထိုပတ်ဝန်းကျင်များတွင် ကျင်လည်ရစဉ်က အတွေ့အကြုံများကို ကျွန်မ မဂ္ဂဇင်းများတွင် ရေးတန်သလောက် ရေးသားပြီးဖြစ်၍ ကျွန်မ၏ စာဖတ် ပရိသတ်သည် ကျွန်မပတ်ဝန်းကျင်ကို သူတို့ တီးခေါက်မိပြီး သိရှိပြီး ဖြစ်ကြ ပါသည်။

ကျွန်မသည် "စာပေခရီးအစ ကျွန်မဘဝ" ဆောင်းပါးတွင် ကျွန်မ စာရေး ဆရာ ဖြစ်လာခြင်း၏ ကျေးဇူးတရားကို ဆင်ခြင်သည်ရှိသော် ဖဆပလနှင့် ဝင်ဒါမီယာ ပတ်ဝန်းကျင်တွင် ကျွန်မ ကျင်လည်ခြင်း မပြုမိခဲ့ပါက လူ့ဘဝကို နှံ့နှံ့စပ်စပ်သိမြင်နိုင်သော စာရေးဆရာတစ်ယောက် ဖြစ်လာမည် မဟုတ်ပါဟု ဖဆပလနှင့် ဝင်ဒါမီယာ၏ ကျေးဇူးတရားကို ကျွန်မ ထုတ်ဖော်ခဲ့ပါ၏။

ကွန်မြူနစ်တို့၏ ပဋိပက္ခရှိမှ တိုးတက်မှုရှိသည် ဟူသော အဆိုအမိန့်လိုပင်

ကျွန်မသည် ဖဆပလမှာလည်း ခြသေ့ပိုးဆောင်းပါးဖြင့် စာပေနယ် ဝင်ခဲ့ရ၏။ အတိုက်အခံတွေ တစ်ပုံတစ်ပင် ဝင်ဒါမီယာမှာလည်း ထိုတစ်ခေတ် အတွင်းဝန်များရုံး (ဝန်ကြီးများရုံး) ပတ်ဝန်းကျင်အကြောင်းကို ရေးသားခဲ့ပါ၏။ အားနွဲ့သူပါရှင်နှင့် ပိုးခန်းဆီးနောက်မှ ငရဲခန်းများ မဂ္ဂဇင်းဝတ္ထုရှည်နှစ်ပုဒ်ကို ဖတ်ဖူးကြပေလိမ့်မည်။ တစ်ဖန် ဝင်ဒါမီယာနှင့် ဝန်ကြီးချုပ်အကြောင်းကို ကျွန်မ ချောင်းကလေးဆောင်းပါးနှင့် သရုပ်ဖော်ခဲ့ပါသည်။ ချောင်းကလေးဆောင်းပါးမှာ အမြတ်ထွက်ခဲ့ပါသည်။ သောင်းကျန်းသူများ အဆိုးရွားဆုံးအချိန်တွင် ဝန်ကြီးချုပ်အိမ်တော်တစ်ဖွဲ့လုံးကို လူလေးယောက်ပဲ ခန့်ထားခဲ့ပါသည်။ ဝန်ကြီးချုပ်သည် ထိုဆောင်းပါးကိုဖတ်ရှုပြီးမှ တာဝန်နှင့်လူမမျှ ဖတ်ဖတ်မောအောင် ဆောင်ရွက်နေရပါသော သူ့ရုံးအဖွဲ့အဖြစ်ကိုသိရှိကာ လူများတိုးချဲ့ခန့်ထားသည်မှာ စုစုပေါင်း ၃၀ ဖြစ်ပါသည်။

ရုံးအဖွဲ့ကို အသစ်မဖွဲ့ခင်က ကိုယ်ရံတော်ဗိုလ်မှူးတစ်ယောက်၊ အတွင်းရေး အတွင်းဝန် နှစ်ယောက်နှင့် ရဲအရာရှိတစ်ယောက်၊ ဒီလေးယောက်ပဲရှိသည်။ သံအမတ်များလာချိန် ကားတံခါးဖွင့်သည်ကအစ ကိုယ်ရံတော်ဗိုလ်မှူးကလည်း ဖွင့်ရသည်၊ အတွင်းရေးအတွင်းဝန်ကလည်း ဖွင့်ရသည်၊ ကြုံလျှင်ကြုံသလို သူ့အလုပ်၊ ငါ့အလုပ် မခွဲနိုင်ပါ။ လုပ်ကြရသည်။ ဖုန်လည်းသုတ်ရသည်။ တယ်လီဖုန်းကိုလည်း ကြုံသလိုကိုင်ရသည်။ အော်ပရေတာမခန့်ထားပါ။ နောက်မှ အော်ပရေတာ၊ မင်းစေ၊ ဧည့်သည်တော်များ ကာတံခါးကိုဖွင့်ပေးဖို့ ဂေါ်ရခါး အစောင့်များ ခန့်ထားလိုက်၍ နေရာတကျ ရှိပါတော့သည်။ ချောင်းကလေး ဆောင်းပါး၏ ကျေးဇူးတရားပင် ဖြစ်ပါသည်။

ဝင်ဒါမီယာကို ခွဲခွာရမည့်အခါက နှုတ်ဆက်ဝတ္ထုခေါ်ရပါမည်။ မျက်နှာကလည်း ပြောင်ပြောင်ကို ရေးသားခဲ့ပါသည့်။ နိုင်ငံရေးအကွဲအပြဲတွင် သာသည့်ဘက်ကို ယိမ်းမည့် အရာရှိကတော်တွေ၏ မျက်နှာပြောင်ပုံ ပတ်ဝန်းကျင်ကို ကျွန်မရေးသားခဲ့ပါသည်။ ထိုဝတ္ထုမှာတော့ ကျွန်မကို တော်တော် မျက်စောင်းထိုးကြပါသည်၊ မိန်းမတို့မျက်စောင်းဆိုတော့ နဂါးတို့မျက်စောင်းထက် ထက်လေမည်လား။

ယခုတော့ ဘဝသံသရာရေလှိုင်းခရီး၏ လှိုင်းအပုတ်တွင် ကျွန်မသည် ချမ်းမြေ့ရိပ်သာ၏ ငွေသောင်ယံပေါ် လာ၍တင်လေပြီ။

ကျွန်မ ချမ်းမြေ့တွင်နေရန် လျှောက်ထားချိန်တွင် ချမ်းမြေ့ဆရာတော်က

http://www.cherrythitsar.org



မိန့်ကြားပါသည်။

မြတ်စွာဘုရားသခင်လက်ထက်က မြတ်စွာဘုရားက အရှင်အနုရုဒ္ဓါ၊ အရှင်ကိမိလနှင့် အရှင်ဘဒ္ဒိယတို့ကို ဝါးကျောင်းလေးတစ်ခုမှာ အတူတကွနေစေတယ်။ တစ်နေ့တော့ အဲဒီရဟန်းသုံးပါး သီတင်းသုံးတဲ့ဆီကို မြတ်စွာဘုရားကိုယ်တိုင် ကြွသွားတယ်။

"ချစ်သားရဟန်းတို့၊ နေရေးထိုင်ရေးအဆင်ပြေကြရဲ့လား"လို့မေးတယ်။

ဒီတော့ အရှင်အနုရုဒ္ဓါက ဖြေတယ်။

"အဆင်ပြေပါတယ်ဘုရား၊ တပည့်တော်သည် ဤကျောင်း၌ သီတင်းသုံးရာတွင် တပည့်တော်စိတ်ဖြင့်မနေ၊ တခြားရဟန်းနှစ်ပါးစိတ်ဖြင့် နေပါသည်"ဟု လျှောက်ထားတယ်။

အရှင်ကိမိလကလည်း "အရှင်ဘုရား၊ တပည့်တော်သည် တပည့်တော်စိတ်နှင့် မနေ၊ တခြားရဟန်းနှစ်ပါးစိတ်နှင့်နေပါသည်"ဟု အရှင်အနုရုဒ္ဓါ ဖြေသလိုပဲ ဖြေတယ်။ အရှင်ဘဒ္ဒိယကလည်း အရှင်ကိမိလတို့၊ အရှင်အနုရုဒ္ဓါတို့ ဖြေသလိုပဲ ဖြေတယ်။ ဒါပါပဲ ဒါယိကာမကြီး"

ဆရာတော်ဘုရားလည်း ဒါပဲမိန့်ကြားပါသည်။ ကျွန်မကတော့ ဆရာတော်ဘုရား ဘာကိုဆိုလိုသည်ကို သိရှိပြီးဖြစ်ပါသည်။

ကျွန်မစိတ်ထဲတွင် မေမေ့ကို သတိရမိပါသည်။ ဝင်ဒါမီယာ ဝန်ကြီးချုပ်ထံတွင် အတွင်းရေးအတွင်းဝန် လုပ်ရမည်ဆိုတော့...

"သမီး၊ သမီးဟာ စိတ်ထက်တယ်၊ မာန်ကြီးတယ်၊ စိတ်လည်းမြန်တယ်၊ လွတ်လွတ်လပ်လပ်နေတတ်တယ်။ သမီးရဲ့ပင်ကိုမူလစိတ်ကို မေမေကလွဲလို့ ဘယ်သူမှ နားလည်မှာမဟုတ်ဘူး။ သမီးငယ်စိတ်အတိုင်း ဝင်ဒါမီယာမှာနေရင် ပတ်ဝန်းကျင်ကပြောမှာပဲ။ သူ့အစ်ကို ဝန်ကြီးချုပ်ဖြစ်လို့ မာနကြီးတယ်၊ မောက်မာတယ်လို့ထင်မယ်။ ဒီတော့ ဝင်ဒါမီယာမှာ သမီး အလုပ်စဝင်ရင် 'ခြေသုတ်ပုဆိုးမြွေဖွယ်ကျိုးသို့'ဆိုတဲ့ စကားကို အမြဲနှလုံးသွင်းထားပါ"ဟု မေမေက ကျွန်မကို မှာပါသည်။

မေမေ့စကားကို အစဉ်သတိရ၍ ကိုယ့်ကိုယ်ကို သတိပေးနေရပါသည်။ လူပေါင်းစုံ၊ အလွှာပေါင်းစုံနှင့် ဆက်ဆံရသောအခါ တစ်ခါတစ်ရံ သည်းမခံနိုင်လောက်အောင် အကြောင်းများ တွေ့ရသောအခါ ထခုန်မိမတတ် ဒေါသဖြစ်စိတ်တိုမိပါသည်။ ရှိုက်ကြီးတငင်လည်း ငိုကြွေးမိပါသည်။ 'ထမင်းတစ်လုတ်

http://www.cherrythitsar.org



အတွက် ငါ ဒါလောက်အောက်ကျတဲ့အလုပ်ကို လုပ်နေရလေခြင်း'ဟု ခဏခဏ တွေးမိကာ အလုပ်ထွက်ဖို့ ကြိုးစားမိပါသည်။

သူများတွေအဖို့တော့ ဝန်ကြီးချုပ်၏ အတွင်းရေးအတွင်းဝန်အလုပ်မှာ အလွန်ဂုဏ်ရှိသော၊ မက်မောဖွယ်ကောင်းသော အလုပ်တစ်ခု ဖြစ်ကောင်းဖြစ်မည်။ ကျွန်မကတော့ စိတ်ပျက်လွန်း၍ သန့်ရှင်းပြန်အနိုင် ဝန်ကြီးချုပ်က ပြန်လည်လုပ်ဖို့ ခေါ်ယူချိန်တွင် ငြင်းပယ်ခဲ့ပါသည်။

နောက်အနည်ထိုင်တော့ မေမေ့ကို ပြောမိပါသည်။ "မေမေရာ၊ မေမေ က ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ နေရမယ်ဆိုလို့ နေလိုက်တာ သမီးမှာအစွယ် တွေ ကျိုးရုံမက သွားတွေပါကျိုးလို့ ခုတော့သွားဖုံးပဲရှိတော့တယ်"ဟု ပြောမိ ပါသည်။ မေမေကတော့ ရယ်ပါသည်။

ယခုတော့ ကျွန်မသည် ၂၀ ကျော်အရွယ်မဟုတ်၊ ရှေ့စက်တင်ဘာလ ၇ ရက်နေ့တွင် ၆၁ နှစ် (ခြောက်ဆယ့်တစ်နှစ်) ပြည့်တော့မည်။

တွေ့ရမည့်ပတ်ဝန်းကျင်ကလည်း ဝင်ဒါမီယာလို၊ ဖဆပလလို ပတ်ဝန်း ကျင်မဟုတ်။

သူတော်စင် တရားမွေ့သူတို့နှင့် အတူနေရပါတော့မည်။ ဒီလိုဆိုတော့ ဝင်ဒါမီယာလို၊ ဖဆပလလို ပတ်ဝန်းကျင်က လူမျိုးတွေနှင့် မတွေ့ရတော့ဘူး လားဟု မေးစရာရှိပါသည်။ တွေ့ရပါသည်။ အများကြီးပဲတွေ့ရပါသည်။ ဒါဖြင့်ရင် သူတို့နှင့်တွေ့လေတော့ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါရဲ့လားဟု ကိုယ့် ကိုယ်ကို မေးမိသည်။

ပထမဆုံးတွေ့ရသည်က အမှုဆောင်အစည်းအဝေးတွင် အမှုဆောင်များကို တွေ့ရသည်။ လတစ်လ၏ ဒုတိယပတ် တနင်္ဂနွေနေ့တိုင်း အစည်းအဝေးရှိပါ သည်။

ဒုတိယက ရုံးခန်းတွင်ကူချိန် အလှူရှင်များ၊ ဧည့်သည်အမျိုးမျိုးများကို တွေ့ရပါသည်။

တတိယက ကျွန်မ အဆောင်မှူးအဖြစ် တာဝန်ယူရသော အမျိုးသမီးယောဂီ ဆောင်ရှိ ယောဂီများ။

လူများက ကျွန်မ ယခင်တွေ့ခဲ့ရသော ဖဆပလ၊ ဝင်ဒါမီယာတို့ထက် အလွှာပေါင်းစုံသည်။ စရိုက်လည်းမျိုးစုံသည်။ ဒါပေမဲ့ ကုသိုလ်ကောင်းမှု ပြု လုပ်ရန်ဟူသော ရည်ရွယ်ချက်နှင့်သာလာကြ၍ ကောင်းသောလာခြင်းဖြင့် လာ

http://www.cherrythitsar.org



ကြသူများ ဖြစ်ပါသည်။

အစည်းအဝေးမှာဖြစ်ဖြစ်၊ တချို့ဧည့်သည်များ၊ ယောဂီများကိုဖြစ်ဖြစ် တစ်ခါတစ်ခါတော့ စိတ်မရှည်ချင်။ ယခုတွေ့ရသော ပတ်ဝန်းကျင်သည် အလွှာသစ်တစ်ခုဟု ကျွန်မထင်ပါသည်။ တွေ့ခဲ့ကြုံခဲ့ဖူးသော အတွေ့အကြုံတို့ကြောင့် လောကအကြောင်း ငါသိသင့်သလောက် သိသည် ဟူသော အထင်များကတော့ လျော့ပါးသွားပါသည်။

ကျွန်မ ဝတ္ထုတစ်ပုဒ် 'မင်းမသိတာတွေရှိသေးတယ်' ရေးခဲ့ပါသည်။ ယခုလည်း ရေးခွင့်များကြုံလျှင် 'မင်းမသိတာတွေအများကြီး' ဟူ၍ ရေးချင်ပါသည်။

သို့သော် အစည်းအဝေးမှာဖြစ်ဖြစ်၊ ဧည့်သည်တွေတွေ့တွေ့၊ ယောဂီများနှင့်ပဲကြုံကြုံ၊ ချမ်းမြေ့ဆရာတော်၏ မိန့်မှာချက်ကို ကျွန်မမှာ ဦးခံကာ ရွတ်ဆိုနှလုံးသွင်းရသည်။

တစ်စုံတစ်ခုပြောမည်ကြံလျှင်...

(မလုပ်ခင်) ငါ သူတစ်ပါး နှစ်ဦးသားတွင် ဘယ်သူ့များထိမည်လဲ

(လုပ်ဆဲ) ငါ သူတစ်ပါး နှစ်ဦးသားတွင် ဘယ်သူ့များ ထိသလဲ

(လုပ်ပြီး) ငါ သူတစ်ပါး နှစ်ဦးသားတွင် ဘယ်သူ့များ ထိပြီလဲ

ဆင်ခြင်ရမည်ဟု ဆိုပါသည်။ ဆင်တော့ ဆင်ခြင်ပါသည်။ ဆင်ခြင်သည့်ကြားထဲက အစည်းအဝေးတွင် ကျွန်မအသံက ထွက်ထွက်သွားပါသည်။

ဒါပေမဲ့ တစ်ခါတစ်ခါ ဆင်ခြင်နေမိသောကြောင့် 'ငါ ဒီစကားပြောလျှင် ဘယ်သူ့ကို ထိခိုက်သွားတော့မှာပဲ' ဟု မျိုသိပ်လိုက်ရသောကြောင့် အလုပ်မပြီးသည့်အခါလည်း တွေ့ရပါသည်။ သူတစ်ပါးထိခိုက်မည်စိုး၍ ပြောသင့်သည်ကို မပြောသောကြောင့် ကျွန်မကို ပြန်ပတ်သည်လည်း တွေ့ရသည်။

ကြာလာတော့လည်း 'သူတစ်ပါးစိတ်နဲ့ ငါနေရမှာလေ' ဟု သတိနှင့်ပြန်လည်ထိန်းချုပ်ကာ 'ကိုယ့်စိတ်' ကလေးကို နှလုံးသားထဲ ပြန်လည်သိုဝှက်ထားရပြန်သည်။

မြတ်စွာဘုရားဂုဏ်တော်တွင် သုဂတော ကျိုးရှိဟုတ်မှန် နှစ်တန်သော စကားကိုသာ ဆိုတော်မူသော မြတ်စွာဘုရား (ဝါ) ကျိုးရှိဟုတ်မှန် သူခံသာသော စကားနှင့် ကျိုးရှိဟုတ်မှန် သူမခံသာသော စကားကိုသာ မြွက်ကြားတော်မူသော မြတ်စွာဘုရားဟု ချမ်းမြေ့ဆရာတော် ဖွင့်ဆိုသည်ကို တွေ့ခဲ့ရပါသည်။

ဤနေရာ၌ ကျိုးရှိဟုတ်မှန် သူမခံသာသောစကား ဆိုသည်မှာ မြတ်စွာဘုရားတို့အရာပင် ဖြစ်ပေလိမ့်မည်ဟု ကျွန်မ ယူဆမိ၏။ မှန်၏။ တစ်ခါတစ်ရံ ကျိုးရှိဟုတ်မှန်သော်လည်း သူမခံသာသောစကားကို ကျွန်မတို့ဆိုမိလျှင် 'ဝွမ်' ခနဲ ကွဲတတ်သည်ကို ကျွန်မ သဘောပေါက်နားလည်မိပါသည်။

ကျွန်မအဖို့ အထိန်းရအခက်ဆုံး သီလကတော့ သီချင်းဆိုခြင်းပါ။ ရှစ်ပါးသီလ ဆောက်တည်လျှင်တော့ နိစ္စ၊ ဂီတပုဒ်ဖြစ်၏။ ဆရာတော် အနက်ဖွင့်သည်က သာသနာတော်နှင့် မလျော် ဆန့်ကျင် ကြောင့်ကျင်းသဖွယ်ဖြစ်သော ကခြင်း၊ သီဆိုခြင်းဟူ၍ ဆိုထားပါသည်။ ကျွန်မကတော့ ကျန်းမာရေးကြောင့် ငါးပါးသီလစောင့်ထိန်းရပါသည်။ ကျွန်မ သီချင်းဆိုနိုင်ပါသည်။ ဒါပေမဲ့ ကျွန်မဆိုသံကို ယောဂီများကြားပါက အနှောင့်အယှက်ဖြစ်သောကြောင့် ဆင်ခြင်ရပါသည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်ဖြစ်သော်လည်း သူတစ်ပါးထိခိုက်မည်စိုးသောကြောင့် ထိန်းချုပ်ရပါသည်။

ကျွန်မက ရေချိုးခန်းမင်းသမီး၊ ပြီးတော့ စည်းဝါးတကျသာ မဆိုတတ်ရှိ ရမည်။ သီချင်းတညည်းညည်းနှင့် အလုပ်လုပ်တတ်သည်။

'ကျွန်မ၏ချစ်သူ' စာအုပ်ထဲ ကျွန်မ ရေးခဲ့ပါသည်။ တစ်ခါက ဖဆပလတွင် ကျွန်မအစ်ကိုကြီး ဦးနုနှင့်အတူ နေရပါသည်။ ကျွန်မသည် လသာသောညများတွင် ဦးနုအိပ်ခန်း ဝရန်တာနားတွင် သီချင်းဆိုနေတတ်ပါသည်။

"အသည်းထောင့်မှာ အချစ်ကြောင့်လေးတွေ စူးနေ၊ ဘဝင်မှာ တဖျပ်ဖျပ်နဲ့ အသက်မက မောင့်ကိုရှူးမတတ် ချစ်မိပေ"

ဒိုင်းခနဲ ကျွန်မနောက်မှ အိပ်ခန်းတံခါးက ပွင့်သွားပါသည်။ ဦးနုသည် တံခါးဝမှ မားမားကြီးပေါ်လာပါသည်။

"ဟေ့…မိခင်စု၊ ဘာဘာ…အသည်းထောင့်မှာ ဘာစူးနေတယ်"

ကျွန်မသည် ဖျတ်ခနဲမတ်တတ်ရပ်လိုက်ကာ လက်ပိုက်၍ "အချစ်ကြောင့်လေးတွေ"ဟု ဖြေလိုက်ပါသည်။

"မိစု၊ သီချင်းအော်ဆိုရင် မင်းရင်ထဲမှာ စိတ်ညစ်စရာတွေ ပျေါ့သွားသလား"

"ဟုတ်ကဲ့၊ ပေါ့သွားပါတယ် ကိုကိုကြီး"

"အေး…ဆိုစမ်း၊ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ"

ကျွန်မမှာ အောင့်သက်သက်နှင့် ဗုဒ္ဓေါတွေ ဆိုလိုက်ရသည်မှာ…

နောက်ညများ မအိပ်ခင်မှာတော့ ကိုကိုကြီးညွှန်ကြားချက်အတိုင်း ကျွန်မ

http://www.cherrythitsar.org



သည် ဓမ္မစကြာကို အမြဲရွတ်ဖတ် အိပ်ရပါသည်။ အိပ်ခန်းချင်းကပ်နေသော အာရှလူငယ်များမှာ နားငြီးရှာပေလိမ့်မည်။

ပြီးခဲ့သောမတ်လက လားရှိုးမှ နမ်းခမ်းအသွား ခရီးတွင်လည်း ဆရာတော်က ကားတစ်စီး၊ ကျွန်မနှင့် အပျိုကြီးများဖြစ်သော ဒေါ်မြရှိန်၊ ဒေါ်ကြင်မွှာ၊ ဒေါ်လှကြည်တို့က ကားတစ်စီး သွားကြရပါသည်။

ညိုမှောင်သော တောင်တန်း

စိမ်းမြသော တောရဂုံ

အေးမြသော လေပြည်တို့က ကျွန်မကို ဖမ်းစားလေပြီ။ အထူးသဖြင့် ကင်းစခန်းများတွင် တပ်မတော်ရဲဘော်များကို တွေ့ရလေတော့ နှလုံးသားထဲမှ "သူ့အလွမ်း"များသည် ခုန်ထွက်လာကြပါသည်။ ကျွန်မသည် သီချင်းတအေးအေး သီဆိုလာသောအခါ အပျိုကြီးများလည်း မနေကြတော့။ သူတို့ပါ မြတ်လေးငုံ၊ မြပန်းခွေတို့ကို လိုက်ဆိုကြသည်။ တရိပ်ရိပ်ပြေးနေသော ကားအရှိန်နှင့် သီချင်းသံများနှင့် ကျွန်မတို့သည် ငယ်ရွယ်ပျိုမျစ်သွားကြပါသည်။

ယခုလည်း ရေချိုးခါနီး ယောဂီများမရှိလျှင် တိုးတိုးသာသာ တေးညည်းမိပါသည်။ ဆိုပြီးပြန်တော့လည်း သီချင်းဆိုတာ သာသနာတော်နှင့်မလျော်ဆန့်ကျင်ဘူးတဲ့ဟု နှလုံးသွင်းမိပြန်ပါသည်။

ဒါပေမဲ့ တက္ကသိုလ်များ ဓမ္မာရုံတွင် ဆရာတော်တရားဟောခဲ့စဉ်က ကခြင်း၊ သီဆိုခြင်းနှင့်ပတ်သက်သော မေးခွန်းကို ကျောင်းသားများမေးသည့်အတွက် ဖြေဆိုခဲ့ပါသည်။

လောကဝတ္တအနေနှင့် ကခြင်း၊ သီဆိုခြင်းတို့မှာ အပြစ်မရှိပါ။ လောကုတ္တရာအနေနှင့်တော့ မလျော်ကန်ပါဟု ဖြေဆိုခဲ့၍ ကျွန်မ စိတ်သက်သာပါသည်။ တစ်ခါတစ်ခါတော့လည်း အလုပ်လုပ်ရင်း မေတ္တာပို့ကာ သီချင်းအစား မေတ္တာဘာဝနာပွားပါသည်။ တစ်ခါတစ်ခါတော့ မရပါ။ ကျွန်မ သီချင်းဆိုသည်ကို ကြားမိသူတို့ကတော့...

"အဘွားကြီးတစ်ယောက် သီချင်းဆိုနေတယ် ကလေးကလား"ဟု မှတ်ချက်ချကောင်း ချပေလိမ့်မည်။

အမြဲလည်း နှလုံးသားသည် ရှစ်ပါးသီလနှင့် ထုံမွှမ်းမနေ၊ အနာဂါမ်လည်း မဟုတ်လေတော့ သီချင်းသီဆိုရင်း ကျွန်မနှလုံးသားကို လွတ်လပ်ခွင့်ပေးရပါသည်။

http://www.cherrythitsar.org



ဝေယျာဝစ္စလုပ်ဆဲမှာတော့...

"ငါယူထားရတဲ့တာဝန်ဟာ သူများတွေ ယူထားတာထက်စာရင် အသက်သာဆုံးပဲ"ဟု နှလုံးသွင်းမိပါသည်။ ထိုကဲ့သို့ နှလုံးသွင်းမိသောအခါ ကျွန်ဝေယျာဝစ္စလုပ်သူများကို ကြည်ညိုလေးစားစိတ် ဝင်လာပါသည်။ ကျွန်မ ပထမဆုံးရေးသော ဝတ္ထုတိုမှာ ပဒေသာမဂ္ဂဇင်းတွင်ပါသော 'အရိုင်း'ဖြစ်ပါသည်။ ကျွန်မသည်လည်း တောရိုင်းတိရစ္ဆာန်လို လွတ်လပ်ခြင်း၊ အေးမြခြင်းနှင့် တော၏ သာယာမှုကို နှစ်သက်ပါသည်။ သို့သော် လူ့ဘောင်လောကတွင်တော့ ထိန်းချုပ်မှုသည် အမြဲလိုရှိနေရသည်။ လောကုတ္တရာနယ်မြေမှာတော့ ကိုယ်စိတ်နှစ်ပါးကို သတိနှင့် စောင့်ရှုနေရသောကြောင့် ထိန်းချုပ်မှုမှာ အထွတ်အထိပ်ရောက်နေပေပြီ။

ယခုတော့ ကျွန်မလိုအရိုင်းနှင့် ချမ်းမြေ့ရိပ်သာ တွေ့ကြပေပြီ။ နောက်တစ်ခုမှာ ကျွန်မတို့သည် ဗုဒ္ဓဘာသာကို ရိုသေကိုင်းရှိုင်းသောမိဘများမှ ဆင်းသက်လာသော်လည်း ကျွန်မတို့ငယ်စဉ်က ဆရာဘုန်းတော်ကြီးများ အိမ်သို့ကြွလာလျှင် မိန်းကလေးများဖြစ်၍ ဝေးဝေးကနေရသည်။ ထို့ကြောင့် ဦးချရှိခိုးပြီး လုပ်စရာရှိသည် လုပ်ပေးရုံပဲ တတ်ပါသည်။ စကားလည်းမပြောရပါ။ ထို့ကြောင့် ဘုန်းတော်ကြီးများကို ဝိနည်းနှင့်အညီ မလျှောက်ထားတတ်ပါ။ တစ်ခါတစ်ရံ အရပ်သုံးစကားနှင့်ရော၍၊ မှား၍သုံးတတ်ပါသည်။ တချို့ကျတော့ သိကိုမသိပါ။

ဥပမာ...ဆရာတော်များကို နာမည်ဘွဲ့တပ်၍မသုံးရ။ ဥပမာ... မဟာစည်ကျောင်းထိုင်ဆရာတော်ဖြစ်၍ မဟာစည်ဆရာတော်ဟူ၍ပဲ ခေါ်ဝေါ် သုံးနှုန်းရမည်။ ချမ်းမြေ့ရိပ်သာကျောင်းထိုင်ဆရာတော်ဖြစ်၍ ချမ်းမြေ့ဆရာတော် ဟူ၍ပဲ ခေါ်ဝေါ်သုံးနှုန်းရမည်။ အရှင်ဇနကာဘိဝံသဟူ၍ မခေါ်ရကြောင်းများကို လုံးဝမသိပါ။ ဝါကြီးသူ ဆရာတော်များကို "အရှင်ဘုရား"ဟု မလျှောက်ထားရ။ ဆရာတော်ဘုရားဟုသာ ပြောရမည် ဆိုသည်ကိုလည်း မသိပါ။

ဒါတွင်မက ဘာသာရေးဆိုင်ရာအသုံးအနှုန်း ဓလေ့ထုံးစံများကို အသေးအဖွဲပင်ဖြစ်သော်လည်း ဆရာတော်ဘုရား တရားပွဲများတွင် ဟောပြော ပြသသွားတော့မှ ကျွန်မ သိရှိရပါသည်။ ဆရာတော်များကအစ ကိုရင်များအထိ စကားပြောလျှင် လက်ဟန်ခြေဟန်မပါရ။ လက်အုပ်ချီ၍ စကားပြောရသည်။ ချမ်းမြေ့ရိပ်သာထဲ ဘယ်သွားသွား ဘုန်းတော်ကြီး၊ ဦးပဉ္ဇင်း၊ ကိုရင်တို့က မလွတ်၊ လမ်းမှာတွေ့ကြသည်ပဲဖြစ်တော့ လက်အုပ်ချီမြဲချီကာ ကိုယ်ကိုညွတ်ကာ

http://www.cherrythitsar.org



နှင့် သွားမိတော့သည်။ ကြာတော့ လူတွေ့ရင်ပဲ ရှိခိုးချင်သလို ဖြစ်လာသည်။

တစ်ခါတလေတော့လည်း ရွာသူတို့လေ့ အငွေ့မပြယ်တတ်သော ကျွန်မအား ဆရာတော်က...

"ဒါယိကာမကြီး၊ ဒါ၀န်ကြီးချုပ်ရုံးမဟုတ်ဘူး၊ အေးအေးသာသာလုပ်ပါ။ စိတ်ကိုလည်း အေးအေးထား၊ ဒါမှ မျက်နှာက ကြည်လင်အေးချမ်းမယ်"ဟု ဆိုပါသည်။ ကျွန်မမှာ ကျွန်မကိစ္စတွေနှင့် ရှုပ်ထွေးကာ ဆရာတော်ကိုလည်း ဖွင့်မပြောရက်၊ မပြောသင့်သောအကြောင်းများရှိလာလျှင် ကျွန်မရင်ထဲ ခံစားချက်က ကျွန်မမျက်နှာတွင်ပေါ်လာတတ်ပါသည်။ ဒါကြောင့် ဆရာတော်က သတိပေးခြင်း ဖြစ်ပါသည်။

ပြီးတော့ ကျွန်မလိုလူက ငယ်ငယ်က ဂျပန်ခေတ် ၀န်ထမ်းသင်တန်းတက်ရာတွင် ကျွန်မခေါင်းဆောင်သောအဖွဲ့သည် ကစားခုန်စားမှာ ပထမစွဲ၍ မိန်းမပီသမှု စည်းကမ်းရှိမှုမှာ နောက်ဆုံးက အမှတ်ရခဲ့ရပါသည်။ ဒီလိုတော ပျော် အရိုင်း မိန်းမကိုမှ ဆရာတော်က အဆောင်မှူးလုပ်ခိုင်းလေတော့ အဝိုင်းနှင့် လေးထောင့်ပေပဲ။ ပေးအပ်သောတာ၀န်ကို ဦးလည်မသုန် ဆောင်ရွက်သည် ကလွဲ၍ အရည်အချင်းကတော့ ပြည့်မီမည်မထင်ပါ။ အမှန်တော့ ယူသော်ရ၏ ဟူသော စကားလုံးလိုပင် နံနက် အရုဏ်တက်မှ မျက်စိနှစ်လုံး ပိတ်ချိန်အထိ ယူတတ်လျှင် ချမ်းမြေ့ရိပ်သာသည် ကုသိုလ်အပြည့်ရမည့်နေရာဖြစ်သည်။

ဘာပဲဖြစ်ဖြစ်ပေါ့၊ "ကမ်းမမြင် ပတ်ချုပ်၊ လှိုင်းကပုတ်သနဲ့၊ သမုဒ္ဒရာကူးသောအခါ၌"ဆိုသော စကားလုံးများလိုပင် သံသရာပင်လယ်ပြင်တွင် လှိုင်းပုတ်ခံရသောကြောင့် ချမ်းမြေ့ရိပ်သာ ငွေသောင်ယံပေါ်သို့ ကျွန်မ ရောက်ခဲ့ပါသည်။

"သည်သောင်ယံက မခွာရက်တယ်" တေးကိုလည်း ညည်း၍မဖြစ်သေး။ ဘာမှမမြဲသော လောကတွင် တစ်နေ့တော့ သည်သောင်ယံက ခွာရပေလိမ့်မည်။ သို့သော် နေဆဲကာလတွင် ချမ်းမြေ့အောင်နေတတ်မှ ကျွန်မ ချမ်းမြေ့ပါလိမ့်မည်။

**[ချယ်ရီမဂ္ဂဇင်း၊ သြဂုတ်လ၊ ၁၉၈၆ ခုနှစ်]**

[illegible]



[illegible]

http://www.cherrythitsar.org

စိတ်ကူးချိုချိုအနုပညာ

ခင်နှင်းယု

# ဗိဝရိုးစံအိမ်

စာရေးသူကိုယ်တိုင် မကွယ်လွန်မီစုစည်းစီစဉ်ခဲ့သော လက်ရွေးစင်အတွေးဖွဲ့ဆောင်းပါးစု

